မှတ်ရန် ။**အထက်ပါအကြောင်းပြနှင့် သာဓကတို့ကို ထောက်ဆ၍ စိတ်ပျံ့လွင့်မှု, ရူးသွပ်မှု သက်သက်ဖြင့် အပါယ်မကျနိုင်ဟုသတိပြုပါ။**

ဥဒ္ဓစ္စစေတနာ ပဋိသန္ဓေအကျိုး မပေးခြင်းအကြောင်း

ပဋိသန္ဓေအကျိုးကိုပေးနိုင်သည့် နာနာကွဏိကကမ္မသတ္တိ မရှိသည့်အတွက် အရဟတ္တမဂ် (ရဟန္တာဖြစ်)မှသာလျှင် ဥဒ္ဓစ္စသဟဂုတ်စိတ်ကို ပယ်ရှားခြင်းကို ထောက်ဆ၍ ဥဒ္ဓစ္စသဟဂုတ်စိတ် စေတနာသည် နာနာကွဏိကကမ္မသတ္တိ မရှိသောကြောင့် ပဋိသန္ဓေအကျိုး ကိုမပေးဟုမှတ်ရပါမည်။

http://www.dhammadownload.com

မှတ်ရန် ။နာနာက္ခဏိကာ စေတနာ ကမ္မာဘိနိဝေတ္တာနံ နာမရူပါနံ ကမ္မဝသေန ဟူသောပစ္စည်းပိုင်းပါဠိနှင့် ကမ္မဋ္ဌာန်းပိုင်း ပုဂ္ဂလဘေဒပါဠိများကိုထောက်ဆ၍ ရေးသားသည်ဟုမှတ်ပါ။

မောဟမူစိတ်သည် သခ်ါရဝိမုတ်

(စိတ်ပိုင်း) လောဘမူ, ဒေါသမူစိတ်တို့၌သာ အသခ်ါရိက သသခ်ါရိက တို့ကိုပြဆို၍ မောဟမူစိတ်၌ မပြဆိုသောကြောင့်၄င်း၊ (စေတသိက်ပိုင်း) အကုသိုလ်စိတ် သဂ်ဟနည်း၌ လောဘမူ, ဒေါသမူစိတ်တို့ကိုသာ သခ်ါရအမည်ဖြင့် ပြဆို၍ မောဟမူစိတ်ကို သခ်ါရ အမည်ဖြင့် မပြဆိုသောကြောင့်၄င်း၊ မောဟမူစိတ်သည် သခ်ါရဝိမုတ်သာ ဖြစ်ပါသည်။

သာဓက ။အကုသိုလ်စိတ်၁၂-ပါး၊ပါဠိများနှင့် စေတသိက်စာပိုဒ်-၄၈ သဂ်ဟနည်း။

အကုသိုလ်စိတ် ဖြစ်ပုံအခြေအနေသဘော

ပုဂ္ဂိုလ်သတ္တဝါ၏ စိတ်အစဉ်၌ လောဘရမ္မက် အစွန်းထွက်ခြင်း၊ ဒေါသ အမျက် အစွန်းထွက်ခြင်း၊ တွေဝေမိုက်မှားအသိဉာဏ်နည်းပါးမှု, မောဟအခက်အစွန်းထွက်ခြင်း တစ်မျိုးမျိုး ယှဉ်တွဲ၍ဖြစ်ပွားနေခြင်းသည် အကုသိုလ်စိတ်ဖြစ်ပုံ အခြေအနေ၏ သဘောဖြစ်ပါသည်။

သာဓက ။လောဘော ဒေါသောစ မောဟောစ၊ ဟေတူ အကုသလာ တယော။
ပကိဏ်းစာပိုဒ်-၁၆။

အကုသိုလ်စိတ်ဖြစ်မှု၏ မူလများ

လောဘမူအကုသိုလ်စိတ်ဖြစ်မှု၏ အခြေခံမူလကား လောဘတည်း။ ဒေါသမူ အကုသိုလ်စိတ်ဖြစ်မှု၏ အခြေခံမူလကား ဒေါသတည်း။ မောဟမူ အကုသိုလ်စိတ်ဖြစ်မှု၏ အခြေခံမူလကား မောဟတည်း။

သာဓက ။လောဘော ဒေါသောစ မောဟောစ၊ ဟေတူ အကုသလာ တယော။
ပကိဏ်းစာပိုဒ်-၁၆။

http://www.dhammadownload.com

ဝေဒနာဒီဃကျင်းဖြင့် ဝေဘန်ခြင်း

အကုသိုလ်စိတ် (၁၂) ပါးသည် **ဝေဒနာအားဖြင့်** သောမနဿ, ဒေါမနဿ, ဥပေက္ခာ-ဟု (၃) ပါးသာရှိ၏။

သာဓက ။**ပကိဏ်းစာပို့ဒ်-၅၊ ၆၊ ၇**။

ဟိတ်အားဖြင့် လောဘ, ဒေါသ, မောဟ-ဟု (၃) ပါးသာရှိ၏။ ထိုတွင် လောဘမူစိတ် (၈) ပါးသည် လောဘဟိတ်, မောဟဟိတ်၊ ဒေါသမူစိတ် (၂) ပါးသည် ဒေါသဟိတ်, မောဟဟိတ်-ဟုဟိတ် (၂) ပါးစီရှိသောကြောင့် ဒွိဟိတ်စိတ်တည်း။

သာဓက ။**ပကိဏ်းစာပို့ဒ်-၁၄**။

မောဟမူစိတ်သည် မောဟဟိတ် (၁) ပါးတည်းသာရှိသောကြောင့် ဧကဟိတ်စိတ်မည်၏။

သာဓက ။**ပကိဏ်းစာပို့ဒ်-၁၃**။

ကိစ္စအားဖြင့် အကုသိုလ်စိတ် (၁၂) ပါးသည် ဇောကိစ္စတပ်၏။

သာဓက ။**ပကိဏ်းစာပို့ဒ်-၂၅**။

ဒွါရအားဖြင့် အကုသိုလ်စိတ် (၁၂) ပါးသည် (၆) ဒွါရလုံးဌဖြစ်၏။

သာဓက ။**ပကိဏ်းစာပို့ဒ်-၄၄**။

အာရုံအားဖြင့် အကုသိုလ်စိတ် (၁၂) ပါးသည် လောကုတ္တရာကြဉ်အလုံးစုံကို အာရုံပြု၏။

သာဓက ။**ပကိဏ်းစာပို့ဒ်-၅၃**။

ဝတ္ထုအားဖြင့် အကုသိုလ်စိတ် (၁၂) ပါးတို့တွင် ဒေါသမူဒွေးသည် ဟဒယဝတ္ထုကို ကောန်မှီ၏။

သာဓက ။**ပကိဏ်းစာပို့ဒ်-၇၀**။

လောဘမူစိတ်, မောဟမူစိတ်တို့သည် ဟဒယဝတ္ထုကို အနေကန်မှီ၏။

သာဓက ။**ပကိဏ်းစာပို့ဒ်-၇၁**။

အကုသိုလ်စိတ်ဆိုင်ရာ ပြီးပြီ။

* * * * * *

http://www.dhammadownload.com

အဟိတ်ဓီတ်ဆိုင်ရာများ

အဟိတ်စိတ်

(သေးနုတ်သိမ်ငယ်လွန်းသောကိစ္စဌာနရှိသဖြင့်၎င်း၊ ဇနကကဲ့ အားမသန်လွန်းသဖြင့်၎င်း) ယှဉ်ဖော်ယှဉ်ဖက် သမ္မယုတ်ဟိတ်မရှိသောကြောင့် ပဉ္စဒ္ဓါရာဝဇ္ဇန်းစသောစိတ် တို့သည် အဟိတ်စိတ်မည်ပါသည်။

သာဓက ။**ပကိဏ်းစာပိုဒ်-၁၁**။

ဇာတိဘေဒနည်းအရ အဟိတ်စိတ်သရုပ်

အကုသလဝိပါက်စိတ် (၇) ပါး၊ အဟိတ်ကုသလဝိပါက်စိတ် (၈) ပါး၊ အဟိတ်ကြိယာစိတ် (၃) ပါးအားဖြင့် ဇာတိဘေဒနည်းအရ အဟိတ်စိတ် (၁၈) ပါးဖြစ်ပါသည်။

သာဓက ။**စိတ်စာပိုဒ်-၁၃**။

ဝေဒနာဘေဒနည်းအရ အဟိတ်စိတ်သရုပ်

သောမနဿ (၂) ပါး၊ ဥပေက္ခာ (၁၄) ပါး၊ ဒုက္ခ (၁) ပါး၊ သုခ (၁) ပါးအားဖြင့် ဝေဒနာဘေဒနည်းအရ အဟိတ်စိတ် (၁၈) ပါးဖြစ်ပါသည်။

ဆောင် ။ **သောမနဿ၌၊ ဆယ့်လေးဉ၊ ဒုက်သုတစ်စီ အဟိတ်ခွဲ။**

သာဓက ။ **စိတ်စာပိုဒ်-၁၃။**

မှတ်ရန် ။ **ဝီထိမုတ်ပိုင်း ကမ္မစတုက္ကဌ် အဟိတ်စိတ်ကို အသခ်ီရိုက, သသခ်ီရိုက (၂) မျိုးလုံး၏ အကျိုးဌ်ပြထားသောကြောင့် သခ်ီရဝိမုတ်ဟုမှတ်။**

စက္ခုဝိညာဏာဒရဒျင်းအထူး

စိတ်ပိုင်း (ပကိဏ်းပိုင်း) ၌ပါသော စက္ခုဝိညာဏသဒ္ဒါ၏အရ စက္ခုဝတ္ထုကိုမှီသော စက္ခုဝိညာဏ် (၂) ပါးကိုသာ ယူရမည်။ ဝီထိပိုင်းဝိညာဏဆက္ကဌ်ပါသော စက္ခုဝိညာဏသဒ္ဒါအရ စက္ခုဒ္ဒါရဌ် ဖြစ်သောစိတ် (၄၆) ပါးကိုယူရမည်။

မှတ်ရန် ။ **စိတ်ပိုင်း၊ ပကိဏ်းပိုင်း စက္ခုဝိညာဏသဒ္ဒါကို စက္ခုသို့ နိဿိတဲ့ ဝိညာဏ် စက္ခုဝိညာဏ် . ဟု၄င်း၊ ဝီထိပိုင်း စက္ခုဝိညာဏသဒ္ဒါကို စက္ခုသို့ ပဝတ္တဲ့ ဝိညာဏ် စက္ခုဝိညာဏ် . ဟု၄င်း၊ မဂ္ဂလောပသတ္တမီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟုမှတ်ပါ။**

http://www.dhammadownload.com

စက္ခုဝိညာဏ်ဒွေဟု ခေါ်ဆိုရခြင်းအကြောင်း

အကုသလဝိပါက် စက္ခုဝိညာဏ်၊ အဟိတ် ကုသလဝိပါက် စက္ခုဝိညာဏ် အားဖြင့် စက္ခုဝိညာဏ် နှစ်ပါးရှိသောကြောင့် ယင်းစိတ်နှစ်ပါးကို စက္ခုဝိညာဏ်ဒွေဟု ခေါ်ဆိုရပါ သည်။ (မျက်စိနှစ်လုံးရှိသောကြောင့် စက္ခုဝိညာဏ် ဒွေဟု ခေါ်ဆိုသည် မဟုတ်ပါ)

သာဓက ။ဥပေက္ခာသဟဂတံ စက္ခုဝိညာဏံ။
ဥပေက္ခာသဟဂတံ ကုသလ ဝိပါကံ စက္ခုဝိညာဏံ။

မှတ်ရန် ။သောတဝိညာဏ်ဒွေ စသည်တို့ကိုလည်း ဤနည်းအတိုင်း မှီ၍မှတ်ပါ။

ပုဂ္ဂိုလ်တစ်ဦးတည်း၌ပင် အမြင်ချင်းမတူဖြစ်နိုင်ပုံ

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏မျက်စိသည် မကောင်းသောအနိဋ္ဌာရုံကို ကြည့်ရှုမြင်တွေ့သောအခါ အကုသလဝိပါက် စက္ခုဝိညာဏ်ဖြစ်၍, ကောင်းသော ကျင့်ဌာရုံကို ကြည့်ရှုမြင်တွေ့သောအခါ ကုသလဝိပါက် စက္ခု ဝိညာဏ် ဖြစ်သောကြောင့် ပုဂ္ဂိုလ်တစ်ဦး တည်း၌ပင် အမြင်ချင်းမတူ ဖြစ်နိုင်ပါသည်။

သာဓက ။ဝိထိစာပိဒ်-၂၅၊ ၂၆။

လူချင်းတူသော်လည်း အသက်ရှူခြင်းကွဲပုံ

ဃာနဝိညာဏ် (နှာခေါင်း) သည် မကောင်းသော အနိဋ္ဌာရုံကို ရှုရှိုက်သောအခါ အကုသလဝိပါက် ဃာနဝိညာဏ်ဖြစ်၍, ကောင်းသော ကျင့်ဌာရုံကို ရှုရှိုက်သောအခါ ကုသလ ဝိပါက် ဃာနဝိညာဏ် ဖြစ်သောကြောင့် ပုဂ္ဂိုလ်တစ်ဦးတည်း၌ပင် အသက်ရှူချင်းမတူ ဖြစ်နိုင်ပါသည်။ (လူချင်းတူသော်လည်းအသက်ရှူခြင်းကွဲပါသည်။)

သာဓက ။ဝိထိစာပိဒ်-၂၅၊ ၂၆။

မှတ်ရန် ။အကြားချင်းမတူဖြစ်နိုင်ပုံစသည်တို့ကိုလည်း ဤနည်းမှီ၍ သိပါ။

http://www.dhammadownload.com

ကာယဝိညာဏ် နှစ်ခုအထူး

အကုသလဝိပါက် ကာယဝိညာဏ်သည် ဒုက္ခဝေဒနာနှင့် ယှဉ်၏။ အဟိတ်ကုသလဝိပါက် ကာယဝိညာဏ်သည် သုခဝေဒနာနှင့် ယှဉ်၏။ ဤသို့ထူးပါသည်။

အကုသလဝိပါက်ကို ပဋိသန္ဓေပဝတ္တိဖြင့် ဝေဖန်ပုံ

အကုသလဝိပါက် (၇)ပါးတို့တွင် သန္တီရဏစိတ်သည် ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးနှစ်မျိုးလုံးဖြစ်နိုင်သည်။ ကြွင်းသောစိတ်ခြောက်ပါးတို့ကား ပဝတ္တိအကျိုးသာ ဖြစ်နိုင်ပါသည်။

သာဓက ။ **ဝိထိမုတ် စာပို၌ -၁၆၊ ၆၉။**

မှတ်ရန် ။ **အကုသလ၊ ဝိပါကဆုံး၊ ထိုနိဂုံးဝယ်၊ ပယ်ချတွယ်ရိပ်၊ သဟိတ်ဝိပါက်၊ မရှိတွက်ကြောင့်၊ ထည့်စွက်သမှု၊ အဟေတုက၊ ထူး-မပြု၊ သဒ္ဒထုံးစံတည်း-ဟု အဟေတုက သဒ္ဒါမထည့်ခြင်းအကြောင်းကိုမှတ်။**

ကုသလဝိပါက နှစ်ခုအထူး

ကုသလဝိပါက် စက္ခုညာဏ်၌ပါသော ကုသလဝိပါကသဒ္ဒါကား စက္ခုဝိညာဏ် စသည်တို့သည် ကုသိုလ်၏အကျိုးတည်းဟု ညွှန်ပြသော ဂုဏ်ဝါစကဂုဏ် ဟောဝိသေသနပုဒ် ဖြစ်သည်။

ကုသလဝိပါကာဟေတုကစိတ္တာနိ၌ပါသော ကုသလဝိပါကသဒ္ဒါကား ကုသိုလ်၏ အကျိုးဖြစ်သော စက္ခုဝိညာဏ် စသော စိတ်(၈)ပါးတို့၏ စုပေါင်းအမည်ကိုဟောသော နာမဝါစကပုဒ် ဖြစ်သည်။ ဤသို့ထူး၏။

အဟိတ်ကုသလဝိပါက်ကို ပဋိသန္ဓေပဝတ္တိဖြင့် ဝေဖန်ပုံ

အဟိတ်ကုသလ ဝိပါက် (၈)ပါးတို့တွင် ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်သည် ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးနှစ်မျိုးလုံး ဖြစ်နိုင်သည်။ ကြွင်းသောစိတ် (၇) ပါးတို့ကား ပဝတ္တိအကျိုးသာဖြစ်နိုင်သည်။

သာဓက ။ **ဝိထိမုတ် စာပို၌-၁၇၊ ၇၀။**

မှတ်ရန် ။ **ကုသလဝိပါက်၊ နိဂုံးထွက်မှာ၊ တစ်ဖြာသဟိတ်၊ ဝိပါက်စိတ်တွေ၊ မပါစေဘို့၊ အဟေတုက၊ ထည့်စွက်ပြ၊ ဆရာ့သုံးဟန်တည်း . . . ဟုသဟေတုက သဒ္ဒါထည့်ရခြင်းအကြောင်းကိုမှတ်။**

http://www.dhammadownload.com

ဆင်ပြောင်ကြီးနှင့် တူသောစိတ်

များပြားကျယ်ပြန့်သော အာရုံရှိသောကြောင့် မနောဒွါရာဝဇ္ဇန်းကို ဆင်ပြောင်ကြီးနှင့်တူသော (မဟာဂဇ) စိတ်ဟုခေါ်နိုင်ပါသေးသည်။

သာဓက ။ပကိဏ်းစာပိုဒ်-၅၉။

သဗ္ဗညုတဉာဏ်နှင့်တူသော စိတ်

အာရုံမှန်သမျှ (အလုံးစုံ) ကို အာရုံပြုနိုင်သောကြောင့် မနောဒွါရာဝဇ္ဇန်းကို (သဗ္ဗညုတဉာဏ် မဟုတ်ဘဲလျက်) သဗ္ဗညုတဉာဏ်နှင့် တူသော စိတ်ဟု ခေါ်ဆိုနိုင်ပါသေးသည်။

သာဓက ။ပကိဏ်းစာပိုဒ်-၅၉။

ဇောအတူ

မနောဒွါရာဝဇ္ဇန်းသည် ပရိတ္တာရုံ ဝီထိ၌ ဝုဋ္ဌောကိစ္စတပ်ခိုက် (ဇောမဟုတ် ဘဲလျက်) ဇောအရာ၌ တည်သောကြောင့် ဇောစိတ်အတုဟူသော အမည်ကို ရနိုင်ပါသေးသည်။

သာဓက ။ဝီထိ စာပုဒ်-၃၃။

ဝုဋ္ဌော

မနောဒွါရာဝဇ္ဇန်းစိတ်ကိုပင် ပဋ္ဌဒွါရ၌ ဖြစ်ခိုက် (အာရုံ အသီးသီးပိုင်း ခြားတတ်သောကြောင့်) ဝုဋ္ဌောဟုလည်း ခေါ်နိုင်ပါသေးသည်။

သာဓက ။ ပကိဏ်း စာပိုဒ်-၂၄။

ကာမပုထုဇဉ်ဖြစ်နိုင်သော ကြိယာ

ပုထုဇဉ်တို့သည် ဇောထိုက်သောကြိယာစိတ်များကိုမရနိုင်သောကြောင့် ကာမ ပုထုဇဉ်၏ သန္တာန်၌ (ဇောမထိုက်သော) ဥပေက္ခာသဟဂုတ် ပဋ္ဌဒွါရာဝဇ္ဇန်းနှင့် မနောဒွါရာ ဝဇ္ဇန်းဟူသော အဟိတ်ကြိယာနှစ်ပါးသာ ဖြစ်နိုင်ပါသည်။

သာဓက ။ပကိဏ်းစာပိုဒ်-၂၅၊ ဝီထိစာပိုဒ်-၄၄။

http://www.dhammadownload.com

ဇောမထိုက်သော ကြိယာ

အာဝဇ္ဇန်းဒွေးသည် ကြိယာဖြစ်လျက် ဇောမထိုက်သော စိတ်ဖြစ်ပါသည်။

သာဓက ။**စိတ်စာပို၌-၁၁၊ ပကိဏ်းစာပို၌-၂၅**။

ဘူရား ရဟန္တာတို့စိတ် အသောဘနတွင် ပါဝင်နေရခြင်းအကြောင်း

ဟသိတုပ္ပါဒ်စိတ်သည် (ဘုရားရဟန္တာတို့ သန္တာန်၌သာ ရကောင်းသောစိတ်အထူး ဖြစ်သော်လည်း) တင့်တယ်သောဂုဏ်ကိုဆောင်တတ်သည့် သဒ္ဓါစသော သောဘနစေတသိက် တို့နှင့် မယှဉ်သောကြောင့်၎င်း၊ အလောဘအစရှိသော အပြစ်ကင်းသောဟိတ် (၃) ပါးတို့နှင့် မယှဉ်သောကြောင့်၎င်း အသောဘနစိတ်တွင် ပါဝင်နေရခြင်း ဖြစ်ပါသည်။

သာဓက ။**စေတသိက်စာပို၌-၁၁၊ ၅၃၊ ပကိဏ်းစာပို၌-၁၁**။

ဝေဒနာဒိဆင်္ကြဖြင့်ဝေဘန်ခြင်း

အဟိတ်စိတ် (၁၈) ပါးသည် **ဝေဒနာအားဖြင့်** သုခ, ဒုက္ခ, သောမနဿ, ဥပေက္ခာ-ဟု (၄) ပါးတည်း။

သာဓက ။**ပကိဏ်းစာပို၌-၄၊ ၅၊ ၇**။

အဟိတ်ဖြစ်သောကြောင့် ဟိတ်ကားမရှိ။

သာဓက ။**ပကိဏ်းစာပို၌-၁၁**။

ကိစ္စအားဖြင့် စက္ခုဝိညာဏ်ဒွေးသည် ဒဿနကိစ္စ၊ သောတဝိညာဏ်ဒွေးသည် သဝနကိစ္စ၊ ဃာနဝိညာဏ်ဒွေးသည် ဃာယနကိစ္စ၊ ဇိဟ္ဝါဝိညာဏ်ဒွေးသည် သာယနကိစ္စ၊ ကာယဝိညာဏ်ဒွေး သည် ဖုသနကိစ္စ၊ သမ္ပဋိစ္ဆိုင်းဒွေးသည် သမ္ပဋိစ္ဆနကိစ္စ၊ သန္တီရဏ (၃) ခုသည် သန္တီရဏကိစ္စ၊ မနောဒ္ဓါရာဝဇ္ဇန်းသည် (ပဥ္စဒ္ဓါရ၌) ဝုဋ္ဌောကိစ္စ၊ ဟသိတုပ္ပါဒ်သည် ဇောကိစ္စ၊ သန္တီရဏ (၃) ခုသည် တဒါရုံကိစ္စ၊ ဥပေက္ခာသဟဂုတ်သန္တီရဏသည် ပဋိသန္ဓေ ကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ၊ အာဝဇ္ဇန်းဒွေး သည် အာဝဇ္ဇန်းကိစ္စ အားဖြင့် (၁၄) ကိစ္စရ၏။

သာဓက ။**ပကိဏ်းစာပို၌-၂၀ မှ ၂၆ အထိ**။

ဒ္ဓါရအားဖြင့် သောမနဿသဟဂုတ်သန္တီရဏ, ဝုဋ္ဌော, ဟသိတုပ္ပါဒ် တို့သည် (၆) ဒ္ဓါရ၌ ဖြစ်၏။

သာဓက ။**ပကိဏ်းစာပို၌-၄၄**။

http://www.dhammadownload.com

ဥပေက္ခာ သန္တီရဏ (၂) ပါးသည် သန္တီရဏ, တဒါရုံကိစ္စတပ်ခိုက်(၆) ဒွါရ၌ဖြစ်၏။ ပဋိသန္ဓေ, ဘဝင်, စုတိ ကိစ္စတပ်ခိုက် (၆) ဒွါရမှ လွတ်၏။

သာဓက ။**ပကိဏ်းစာပိုဒ်-၄၅**။

ဒွေပဉ္စဝိညာဏ် (၁၀) တို့သည် ပဉ္စဒွါရ၌ ယထာရဟအားဖြင့် (၁) ဒွါရစီဖြစ်ကုန်၏။

သာဓက ။**ပကိဏ်းစာပိုဒ်-၃၉၊ ၄၂**။

သမ္ပဋိစ္ဆိုင်းဒွေး, ပဉ္စဒွါရာဝဇ္ဇန်း ဟူသောမနောဓာတ် (၃) ပါးသည် ပဉ္စဒွါရ၌ဖြစ်၏။

သာဓက ။**ပကိဏ်းစာပိုဒ်-၄၃**။

အာရုံအားဖြင့် ဒွေပဉ္စဝိညာဏ် (၁၀) တို့သည် အစဉ်အတိုင်း ရူပါရုံစသော ပဉ္စာရုံတို့တွင် တစ်ပါးစီ တစ်ပါးစီကို ဧကန်အာရုံပြုကုန်၏။

သာဓက ။**ပကိဏ်းစာပိုဒ်-၅၄**။

မနောဓာတ် (၃) ပါးတို့သည် ပဉ္စာရုံကို အာရုံပြုကုန်၏။

သာဓက ။**ပကိဏ်းစာပိုဒ်-၅၅**။

သန္တီရဏ (၃) ပါး၊ ဟသိတုပ္ပါဒ်တို့သည် ကာမကို အာရုံပြုကုန်၏။

သာဓက ။**ပကိဏ်းစာပိုဒ်-၅၆**။

မနောဒွါရာဝဇ္ဇန်းဟူသော ဝုဋ္ဌောသည် အလုံးစုံကို အာရုံပြုနိုင်၏။

သာဓက ။**ပကိဏ်းစာပိုဒ်-၅၉**။

ဝတ္ထုအားဖြင့် ဒွေပဉ္စဝိညာဏ် (၁၀) တို့သည် အစဉ်အတိုင်း ပဉ္စဝတ္ထုကိုဧကန် မှီကုန်၏။

သာဓက ။**ပကိဏ်းစာပိုဒ်-၆၈**။

မနောဓာတ် (၃) ပါး, သန္တီရဏ (၃) ပါး, ဟသိတုပ္ပါဒ် တို့သည် ဟဒယဝတ္ထုကို ဧကန်မှီကုန်၏။

သာဓက ။**ပကိဏ်းစာပိုဒ်-၆၉၊ ၇၀**။

မနောဒွါရာဝဇ္ဇန်းသည် ဟဒယဝတ္ထုကို အနေကန် မှီ၏။

သာဓက ။**ပကိဏ်းစာပိုဒ်-၇၁**။

အဟိတ်စိတ်မြင်ကွင်း ပြီးပြီ။

* * * * * * *

http://www.dhammadownload.com

သောဘနဓီတိ မြင်ကွင်း

သောဘနစိတ်

ကောင်းမွန်တင့်တယ်သောဂုဏ်ကိုဆောင်တတ်သော သဒ္ဓါစသည့် သောဘန စေတသိက်တို့နှင့် ယှဉ်သောကြောင့်၎င်း၊ အလောဘအစရှိသော အပြစ်မရှိသော ဟိတ်တို့နှင့် ယှဉ်သောကြောင့်၎င်း၊ မဟာကုသိုလ်စသောစိတ်တို့ကို သောဘန စိတ်ဟုခေါ်ပါသည်။

သာဓက ။**စေတသိက်စာပိုဒ်-၁၁၊ ပကိဏ်းစာပိုဒ်-၁၆**။

သောဘနစိတ်အကျဉ်း/ အကျယ်သရုပ်

ကာမာဝစရသောဘနစိတ် (၂၄) ပါး၊ ရူပါဝစရစိတ် (၁၅) ပါး၊ အရူပါဝစရစိတ် (၁၂) ပါး၊ လောကုတ္တရာစိတ် (၈) ပါးအားဖြင့် သောဘနစိတ်အကျဉ်း (၅၉) ပါးဖြစ်ပါသည်။

ကာမာဝစရသောဘနစိတ် (၂၄) ပါး၊ ရူပါဝစရစိတ် (၁၅) ပါး၊ အရူပါဝစရစိတ် (၁၂) ပါး၊ လောကုတ္တရာစိတ်အကျယ် (၄၀) အားဖြင့် သောဘနစိတ်အကျယ် (၉၁) ပါးဖြစ် ပါသည်။

သာဓက ။**စိတ်စာပိုဒ်-၁၄**။

အလယ်တည့်တည့်သောဘနစိတ်

သောဘနစိတ်အကျဉ်း (၅၉) ပါးတို့တွင် ရူပါဝစရဝိပါက် ပထမစျာန်စိတ်သည် အလယ်တည့်တည့်စိတ်ဖြစ်ပါသည်။

သောဘနစိတ်အကျယ် (၉၁) ပါးတို့တွင် အရူပါဝစရဝိပါက် အာကိဉ္စညာယတန စိတ်သည် အလယ်တည့်တည့်စိတ်ဖြစ်ပါသည်။

အသောဘနစိတ်အဓိပ္ပါယ်

လောဘအစရှိသော အပြစ်နှင့်တကွဖြစ်သည့် မတင့်တယ်သော ဟိတ်တို့နှင့်ယှဉ် သောကြောင့် အကုသိုလ်စိတ်တို့ကို အသောဘနစိတ်ဟုခေါ်နိုင်ပါသည်။

သာဓက ။**စေတသိက်စာပိုဒ်-၅၁၊ ပကိဏ်းစာပိုဒ်-၁၆**။

http://www.dhammadownload.com

အလောဘအစရှိသော အပြစ်မရှိသော၊ တင့်တယ်သော ဟိတ်တို့နှင့်မယှဉ်သော ကြောင့် အဟိတ်စိတ်တို့ကို အသောဘနစိတ်ဟုခေါ်နိုင်ပါသည်။

သာဓက ။**စေတသိက်စာပို့ဒ်-၅၈၊ ၅၉၊ ပကိဏ်းစာပို့ဒ်-၁၁**။

အသောဘနစိတ် သရုပ်

အကုသိုလ်စိတ် (၁၂) ပါး၊ အဟိတ်စိတ် (၁၈) ပါးအားဖြင့် အသောဘနစိတ် (၃၀) ပါး ဖြစ်ပါသည်။

သာဓက ။**စိတ်စာပို့ဒ်-၁၄ ကို ဗျတိရေကနည်းအားဖြင့်ထောက်**။

ဝေဒနာဘေဒနည်းအရ အသောဘနစိတ်သရုပ်

သောမနဿ (၆) ပါး၊ ဥပေက္ခာ (၂၀) ပါး၊ ဒေါမနဿ (၂) ပါး၊ ဒုက္ခ (၁) ပါး၊ သုခ (၁) ပါးအားဖြင့် ဝေဒနာဘေဒနည်းအရ အသောဘနစိတ် (၃၀) ဖြစ်ပါသည်။

ဆောင် ။**သောမဓြောက်ခု၊ နှစ်ဆယ်ဥပါ၊ ဒေါနှစ်ဖြာထား၊ ဒုက်သုမျှားမှာ၊ တစ်စီသာ၊ ခွဲပါအသောဘနတည်း**။

ပါဝင်ဆင်အရ

အကုသိုလ်စိတ်တို့သည် အပါယ်ဘုံစသော ဆင်းရဲသို့ရောက်စေတတ် သောကြောင့် ပါပါဟေတုက မုတ္တာနိဿ ပါဝင်အရ အကုသိုလ်စိတ်တို့ကို ယူရပါမည်။

သာဓက ။**ဇတ္ထာကုသလကမ္မ . . . (ပ) . . . ဇနေတိ**။
ဝိထိမုတ် စာပို့ဒ်-၆၉။

အဟေတုကဝါ အရ

ပဉ္စဒွါရာဝဇ္ဇန်း၊ ဒွေပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌေ၊ ဟသိတုပ္ပါဒ် တို့သည် ဟိတ်တို့နှင့်မယှဉ်သောကြောင့် ထိုပဉ္စဒွါရာဝဇ္ဇန်း စသော စိတ် ၁၈-ပါး တို့ကို အဟေတုကဝါအရ ယူရပါမည်။

သာဓက ။**ပကိဏ်းစာပို့ဒ်-၁၁**။

http://www.dhammadownload.com

ပါပါဟေတုကမုတ္တာနိဒ္ဒ မုတ္တာအရစိတ်

မုတ္တာအရစိတ်များကား ကာမဝစရသောဘနစိတ် (၂၄) ပါး၊ မဟဂ္ဂုတ် စိတ် (၂၇)ပါး၊ လောကုတ္တရာစိတ်အကျဉ်း (၈) ပါး၊ (တစ်နည်း) လောကုတ္တရာစိတ်အကျယ် (၄၀) အားဖြင့် အကျဉ်း (၅၉) ပါး၊ အကျယ် (၉၁) ပါးဖြစ်ပါသည်။

သာဓက ။စိတ်စာပို၌-၁၄။

* * * * * * *

ကာမာဝစရ သောဘနစိတ် မြင်ကွင်း

ဇာတိဘေဒနည်းအရ ကာမာဝစရသောဘနစိတ်သရုပ်

မဟာကုသိုလ်စိတ် (၈) ပါး၊ မဟာဝိပါက်စိတ် (၈) ပါး၊ မဟာကြိယာစိတ် (၈) ပါး အားဖြင့် ဇာတိဘေဒနည်းအရ ကာမာဝစရသောဘနစိတ် (၂၄) ပါးဖြစ်ပါသည်။

သာဓက ။စိတ်စာပို၌-၁၈။

ဝေဒနာဒိဘေဒနည်းအရ ကာမာဝစရသောဘနစိတ်သရုပ်

ကာမာဝစရသောဘနစိတ်သည် ဝေဒနာဘေဒအားဖြင့် သောမနဿ (၁၂) ပါး၊ ဥပေက္ခာ (၁၂) ပါးတည်း။ သခ်ါရဘေဒအားဖြင့် အသခ်ါရိက (၁၂) ပါး၊ သသခ်ါရိက (၁၂) ပါးတည်း။ ယောဂဘေဒအားဖြင့် ဉာဏသမ္ပယုတ် (၁၂) ပါး၊ ဝိပ္ပယုတ် (၁၂) ပါးတည်း။

ဆောင် ။ဆယ့်နှစ်စီရ၊ ဥ, သောမ၊ အ, သ, သမ်, ဝိပ်နည်းတူခွဲ။

ကာမာဝစရသောဘနစိတ် (၂၄) ပါးပြားခြင်းအကြောင်း

ကာမာဝစရကုသိုလ်၊ သဟိတ်ကာမာဝစရဝိပါက်၊ သဟိတ်ကာမာဝစရစိတ် (၃) မျိုးတို့သည် သောမနဿ, ဥပေက္ခာဟု ဝေဒနာအားဖြင့် ပြားသောကြောင့်၄င်း၊ ဉာဏသမ္ပယုတ်,

http://www.dhammadownload.com

ဉာဏဝိပ္ပယုတ်ဟု ဉာဏ်အားဖြင့် ပြားသောကြောင့်၄င်း၊ အသခ်ါရိက, သသခ်ါရိကဟု သခ်ါရအားဖြင့် ပြားသောကြောင့်၄င်း၊ ကာမာဝစရ သောဘနစိတ် (၂၄) ပါးပြားရပါသည်။

သာဓက ။**စိတ်စာပို၌-၁၉**။

ကုသိုလ်၏သဘောလက္ခဏာ

အပြစ်မရှိခြင်း၊ ကောင်းသောအကျိုးကိုပေးခြင်းသည် ကုသိုလ်၏သဘောလက္ခဏာဖြစ်ပါသည်။

သာဓက ။**စေတသိက်စာပို၌-၂၈၊ ပကိဏ်းစာပို၌-၁၆၊ ဝိထိမုတ်စာပို၌-၇၀၊ ၈၈။ စိတ်စာပို၌-၃၄၊ ဝိထိစာပို၌-၃၅**။

အပြစ်မရှိပုံ

လောကီ, လောကုတ္တရာကုသိုလ်စိတ်တို့သည် သဒ္ဓါ, သတိစသော သောဘနစေတသိက်ကောင်းများနှင့် ယှဉ်တွဲဖြစ်လေ့ရှိသောကြောင့် အပြစ်မရှိဟုဆိုပါသည်။

သာဓက ။**စေတသိက်စာပို၌-၂၈၊ ပကိဏ်းစာပို၌-၁၆**။

ကောင်းသောအကျိုးကိုပေးပုံ

ကာမကုသိုလ်ကံ (၈) ပါးသည် ကာမသုဂတိဘုံ၌ ပဋိသန္ဓေအကျိုးကိုပေးသောကြောင့်၄င်း၊ ကာမဘုံ, ရူပဘုံတို့၌ ကွဋ္ဌာန်ကိုမြင်သိစိတ်စသော အဟေတုကကုသလဝိပါက်စိတ် (၈) ပါးနှင့် မဟာဝိပါက်စိတ် (၈) ပါးဟူသော ပဝတ္တိအကျိုးကို ထိုက်သင့်သလိုပေးသော ကြောင့်၄င်း၊ မဟဂ္ဂုတ်ကုသိုလ်ကံ (၉) ပါးသည် ရူပ, အရူပဖြစ်ဘုံတို့၌ ပဋိသန္ဓေပဝတ္တိအကျိုးကို ပေးသောကြောင့်၄င်း၊ လောကုတ္တရာ ကုသိုလ်ကံ (၄) ပါးသည် လောကုတ္တရာဝိပါက်ဟူသော ဖိုလ် (၄) ပါးအကျိုးကိုပေးသောကြောင့်၄င်း၊ ကုသိုလ်စိတ်သည် ကောင်းသောအကျိုးကို ပေးခြင်းလက္ခဏာရှိသည်ဟုဆိုပါသည်။

သာဓက ။**ဝိထိမုတ်စာပို၌-၇၀၊ ၈၈၊ စိတ်စာပို၌-၃၄၊ ဝိထိစာပို၌-၃၅**။

ကုသိုလ် သောဘနဟူသည် စေတသိက်၏နာမည်

အလောဘစသော ဟိတ်ကောင်း, သဒ္ဓါစသော စေတသိက်ကောင်းတို့နှင့် ယှဉ်သောစိတ်ကို ကုသိုလ်, သောဘနဟုခေါ်ရသောကြောင့် ကုသိုလ်, သောဘနဟူသည်

http://www.dhammadownload.com

စိတ်၏နာမည်မဟုတ်။ အလောဘ, သဒ္ဓါ စသော စေတသိက်တို့၏ နာမည်သာဖြစ်၏။
သာဓက ။**စေတသိက်စာပို့ဒ်-၁၁၊ ပကိဏ်းစာပို့ဒ်-၁၆**။

ကုသိုလ်စိတ် ဖြစ်ပုံအခြေအနေသဘော

ပုဂ္ဂိုလ်သတ္တဝါ၏ စိတ်အစဉ်၌ စွန့်လွှတ်နိုင်ခြင်း၊ ကောင်းကျိုးလိုလားမေတ္တာထားခြင်း၊ အနည်း ဆုံး ကံ, ကံ၏အကျိုးတရားကို ယုံကြည်မှုကမ္မသကတာဉာဏ်ကိုအခြေခံ၍ ကောင်းမှုပြုလိုခြင်းတစ်မျိုးမျိုးယှဉ်တွဲ၍ ဖြစ်ပွားနေမှုသည် ကုသိုလ်စိတ်ဖြစ်ပုံအခြေအနေ၏ သဘောဖြစ်ပါသည်။
သာဓက ။**အလောဘာဒေါသာမောဟော၀၊ ကုသလာဗျာကတာ တထာ**။

မဟာကုသိုလ်ဟူ မဟာသဒ္ဓါဖြင့် ဆို့ရှင်းအကြောင်း

ကာမာဝစရကုသိုလ်သည် မြင့်မြတ်သော ဘုရားအလောင်း၏ ပဋိသန္ဓေအပါအဝင် ကာမသုဂတိဘုံ၌ ပဋိသန္ဓေ အကျိုးကိုပေး၍ မဟာဝိပါက်ဟူသော ပဝတ္တိအကျိုးကိုလည်း ကာမသုဂတိ ဘုံ၌ အကျိုးပေး၏။ အဟိတ်ကုသလဝိပါက်ဟူသော ပဝတ္တိအကျိုးကား ကာမဘုံအသညသတ်ကြဉ်သော ရူပဘုံတို့၌ ထိုက်သင့်သည့်အားလျော်စွာ အကျိုးပေး၏။ ဤသို့အကျိုးပေးပုံသည် မြင့်မြတ်သော ဘုရားအလောင်း၏ ပဋိသန္ဓေအကျိုးကိုပင် ပေးသောကြောင့်၄င်း၊ မဟဂ္ဂုတ်လောကုတ္တရာကုသိုလ်တို့ထက် ကာမာဝစရကုသိုလ်က အကျိုးပေးအရာကျယ်သောကြောင့်၄င်း၊ ပုထုဇဉ် အနွယ်ကိုလွှမ်းမိုး၍ အရိယာအနွယ်ကိုဖြစ်စေတတ်သည့် ဂေါတြဘုစိတ်ခါတ်မျိုးဖြစ်နိုင်သောကြောင့်၄င်း၊ မဟာသဒ္ဓါ တပ်၍ မဟာကုသိုလ်ဟု **ခေါ်** ဆိုကြပါသည်။
သာဓက ။**ဝိထိစာပုဒ်-၂၁၊ ဝိထိမုတ်စာပို့ဒ်-၁၈၊ ၇၀**။
မှတ်ရန် ။**မဟာကုသိုလ်၏အကျိုးဖြစ်သောကြောင့် မဟာဝိပါက်၊ မဟာကုသိုလ် သည်ပင် ရဟန္တာတို့၏ သန္တာန်၌ဖြစ်ခိုက် အကျိုးမပေးဘဲပြုကာမတ္တသာ ဖြစ်သောကြောင့် မဟာကြိယာဟုမှတ်**။

အဆိုးထဲမှ အကောင်း၊ အရှုံးထဲမှ အမြတ်ဟူ ဆို့အပ်သည့်စိတ်ဓါတ်

ဘုံစိတ် (၄) မျိုးရှိရာ ကာမာဝစရစိတ်သည် ညံ့သောအမျိုးအစား ဟီနစိတ်ဖြစ်သော်လည်း၊ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်စသော ကာမာဝစရသောဘနစိတ်တို့သည် သုဂတိဘုံသို့ ရောက်ခြင်းစသော အကျိုးကို ပေးနိုင်စွမ်းရှိသောကြောင့် အဆိုးထဲမှ အကောင်း၊ အရှုံးထဲမှ အမြတ်ဟု ဆိုရိုးပြုသင့်သော စိတ်သဘောများဖြစ်ပါသည်။
သာဓက ။**စိတ်စာပို့ဒ်-၁၅၊ ဝိထိမုတ်စာပို့ဒ်-၇၀**။

http://www.dhammadownload.com

ကာမာဝစရစိတ်ကိုမှီခြင်းနှင့် ယေဘုယျခွဲပုံ

ကာမစိတ် ၅၄-ပါးတို့တွင် ဒေါသမူစိတ်၊ ဃာနဝိညာဏ်၊ ဇိဇ္ဈာဝိညာဏ်၊ ကာယဝိညာဏ်၊ မဟာဝိပါက်အားဖြင့် ၁၆-ပါးသော စိတ်တို့သည် ကာမဘုံ၌သာ ဖြစ်သောကြောင့် **မုချကာမာဝစရ** စိတ်မည်၏။

ကြွင်းသော ကာမစိတ် ၃၈-ပါးတို့သည်ကား ကာမဘုံ၌များသောအားဖြင့် သာဖြစ်ပြီး ရှုပဘုံ၊ အရူပဘုံတို့၌လည်း ဖြစ်နိုင်သေးသောကြောင့် ယေဘုယျ ကာမာဝစရစိတ်မည်၏။

သာဓက ။**ဝိဏိစာပိဒ်-၄၉၊ ၅၀၊ ၅၁၊ ၅၂**။

ဇာတိဘေဒနည်းအရ ကာမာဝစရစိတ် (၅၄) ပါး

ဝိပါက်စိတ် (၂၃) ပါး၊ ကုသိုလ် အကုသိုလ်စိတ် (၂၀) ပါး၊ ကြိယာစိတ် (၁၁) ပါးအားဖြင့် ဇာတိဘေဒနည်းအရ ကာမာဝစရစိတ် (၅၄) ပါးဖြစ်ပါသည်။

သာဓက ။**စိတ်စာပိဒ်-၂၀**။

ဝေဒနာဘေဒနည်းအရ ကာမစိတ်သရုပ်

သောမနဿ (၁၈) ပါး၊ ဥပေက္ခာ (၃၂) ပါး၊ ဒေါမနဿ (၂) ပါး၊ ဒုက္ခ (၁) ပါး၊ သုခ (၁) ပါးအားဖြင့် ဝေဒနာဘေဒနည်းအရ ကာမစိတ် (၅၄) ပါးဖြစ်ပါသည်။

ဆောင် ။**ဥသုံးဆယ့်နှစ်၊ သောဆယ့်ရှစ်၊ ဒေါနှစ်, ဒုက်, သု တစ်စီရေး**။
ကာမစိတ်မှာ၊ ဝေဒနာ၊ ခွဲရာအမြဲတွေး။

ယောဂဘေဒနည်းအရ ကာမစိတ်သရုပ်

သမ္မယုတ် (၂၀) ပါး၊ ဝိပ္ပယုတ် (၁၆) ပါး၊ သမ္မယုတ် ဝိပ္ပယုတ် မဟုတ်သောစိတ် (၁၈) ပါးအားဖြင့် ယောဂဘေဒနည်းအရ ကာမစိတ် (၅၄) ပါးဖြစ်ပါသည်။

ဝေဒနာဒိဆက္ကဖြင့် ဝေဘန်ခြင်း

ကုသိုလ်, ဝိပါက်, ကြိယာ (၃) ပါးလုံးတို့သည် **ဝေဒနာအား**ဖြင့် သောမနဿ, ဥပေက္ခာဟူ (၂) ပါးတည်း။

သာဓက ။**ပကိဏ်းစာပိဒ်-၅၊ ၇**။

http://www.dhammadownload.com

ဟိတ်အားဖြင့် ဉာဏသမ္ပယုတ် (၁၂) ပါးတို့သည် အလောဘ, အဒေါသ, အမောဟ-ဟု တိဟိတ်တည်း။ ဉာဏဝိပ္ပယုတ် (၁၂) ပါးတို့သည် အလောဘ, အဒေါသ-ဟု ဒွိဟိတ်တည်း။

သာဓက ။**ပကိဏ်းစာပို၌-၁၄၊ ၁၅**။

ကိစ္စအားဖြင့် ကုသိုလ် ကြိယာတို့သည် ဇောကိစ္စတပ်ကုန်၏။

သာဓက ။**ပကိဏ်းစာပို၌-၂၅**။

မဟာဝိပါက်စိတ်သည် ပဋိသန္ဓေ ကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, တဒါရုံကိစ္စတပ်၏။

သာဓက ။**ပကိဏ်းစာပို၌-၂၈**။

ဒွါရအားဖြင့် ကုသိုလ်ကြိယာစိတ်တို့သည် (၆) ဒွါရလုံး၌ ဖြစ်ကုန်၏။

သာဓက ။**ပကိဏ်းစာပို၌-၄၄**။

ဝိပါက်စိတ်သည် ပဋိသန္ဓေ, ဘဝင်, စုတိ, ကိစ္စ တပ်သောအခါ (၆) ဒွါရမှ လွတ်၍ တဒါရုံကိစ္စ တပ်သောအခါ (၆) ဒွါရ၌ ဖြစ်၏။

သာဓက ။**ပကိဏ်းစာပို၌-(၃၉၊ ၄၀၊ ၄၁) ၄၅**။

အာရုံအားဖြင့် ဉာဏဝိပ္ပယုတ် ဖြစ်သော ကုသိုလ်နှင့် ကြိယာတို့သည် လောကုတ္တရာကိုကြဉ်၍ အလုံးစုံကို အာရုံပြုကုန်၏။

သာဓက ။**ပကိဏ်းစာပို၌-၅၃**။

ဉာဏသမ္ပယုတ်ကုသိုလ်ကား အရဟတ္တမဂ် အဲရဟတ္တဖိုလ်ကြဉ်၍ အလုံးစုံကို အာရုံပြုနိုင်၏။

သာဓက ။**ပကိဏ်းစာပို၌-၅၈**။

ဉာဏသမ္ပယုတ်ကြိယာသည် အလုံးစုံကို အာရုံပြုနိုင်၏။

သာဓက ။**ပကိဏ်းစာပို၌-၅၉**။

ဝိပါက်သည် ကာမကိုသာ အာရုံပြု၏။

သာဓက ။**ပကိဏ်းစာပို၌-၅၆**။

ဝတ္ထုအားဖြင့် ကုသိုလ်ကြိယာတို့သည် ဟဒယဝတ္ထုကို အနေကန်မှီကုန်၏။

သာဓက ။**ပကိဏ်းစာပို၌-၆၁**။

ဝိပါက်သည် ဟဒယဝတ္ထုကို ဧကန်မှီ၏။

သာဓက ။**ပကိဏ်းစာပို၌-၆၀**။

ကာမာဝစရသောဘနစိတ်မြင်ကွင်း ပြီးပြီ။

* * * * * *

http://www.dhammadownload.com

ရူပါဝစရစီတ် မြင်ကွင်း

ဈာန်၊ ဈာန်အင်္ဂါဟူသည် စေတသိက်တို့၏ နာမည်

ဝိတက်, ဝိစာရအစရှိသော စေတသိက်တို့နှင့် ယှဉ်သောစိတ်ကို ဈာန်ဟုဆိုရသောကြောင့် ဈာန်, ဈာန်အင်္ဂါဟူသည် စိတ်၏နာမည်မဟုတ်။ ဝိတက်, ဝိစာရစသော စေတသိက်တို့၏ နာမည်သာ ဖြစ်သည်။

သာဓက ။စိတ်စာပို၌-၁၆ စသည်နှင့် စေတသိက်စာပို၌-၃။

ဇာတိဘေဒနည်းအရ ရူပါဝစရစိတ်သရုပ်

ကုသိုလ် (၅) ပါး၊ ဝိပါက် (၅)ပါး၊ ကြိယာ (၅) ပါးအားဖြင့် ဇာတိဘေဒနည်းအရ ရူပါဝစရစိတ် (၁၅) ပါး ဖြစ်ပါသည်။

သာဓက ။စိတ်စာပို၌-၂၄။

ဈာနဘေဒနည်းအရ ရူပါဝစရစိတ်သရုပ်

ပထမဈာန် (၃) ပါး၊ ဒုတိယဈာန် (၃) ပါး၊ တတိယဈာန် (၃) ပါး၊ စတုတ္ထဈာန် (၃) ပါး၊ ပဉ္စမဈာန် (၃) ပါးအားဖြင့် ဈာနဘေဒနည်းအရ ရူပါဝစရစိတ် (၁၅) ပါးဖြစ်ပါသည်။

ဝေဒနာဘေဒနည်းအရ ရူပါဝစရစိတ်သရုပ်

ပထမဈာန်မှ စတုတ္ထဈာန်အထိ သောမနဿ (၁၂) ပါး၊ ပဉ္စမဈာန် ဥပေက္ခာ (၃) ပါးအားဖြင့် ဝေဒနာဘေဒနည်းအရ ရူပါဝစရစိတ် (၁၅) ပါးဖြစ်ပါသည်။

ရူပါဝစရစိတ်ပြားရခြင်းအကြောင်း

ပထမဈာန်၌ ဈာန်အင်္ဂါ (၅) ပါး၊ ဒုတိယဈာန်၌ ဈာန်အင်္ဂါ (၄) ပါး၊ တတိယဈာန် ၌ (၃) ပါး၊ စတုတ္ထဈာန်နှင့် ပဉ္စမဈာန်၌ မတူသော ဈာန်အင်္ဂါ (၂) ပါးစီအားဖြင့် ဈာန်အင်္ဂါတို့နှင့် ယှဉ်ပုံ (၅) မျိုးကွဲပြားသောကြောင့် သာမညအားဖြင့် ရူပါဝစရစိတ် (၅) ပါးပြားရပါသည်။

ကုသိုလ်, ဝိပါက်, ကြိယာအားဖြင့် (၃) မျိုးထပ်မံ၍ ကွဲပြားပြန်သောကြောင့် ဝိသေသအားဖြင့် ရူပါဝစရစိတ် (၁၅) ပါးပြားရပါသည်။

သာဓက ။စိတ်စာပို၌-၂၅။

http://www.dhammadownload.com

အနည်းဆုံးနှစ်ပါးပေါင်းလျှင် စျာန်ဟူပင်ခေါ်နိုင်

စတုတ္ထစျာန်၊ ပဥ္စမစျာန်တို့၌ စျာန်အင်္ဂါ နှစ်ပါးစီသာ ရှိသောကြောင့် ဝိတက် စသော စျာန်အင်္ဂါတရား ငါးပါးလုံးပေါင်းမှစျာန်ဟု ခေါ်နိုင်သည်မဟုတ်။ အနည်းဆုံး စျာန်အင်္ဂါ နှစ်ပါးပေါင်းလျှင် စျာန်ဟုပင် ခေါ်နိုင်ပါသည်။

သာဓက ။**သုခေကဂ္ဂတာ သတိတံ စတုတ္ထဇ္ဈာန ကုသလစိတ္တံ။**
ဥပေက္ခေကဂ္ဂတာ သတိတံ ပဥ္စမဇ္ဈာန ကုသလစိတ္တံ။

မှတ်ရန် ။**ဝိတက် စသော စျာန်အင်္ဂါ ငါးပါးအပေါင်းသည် စျာန်မည်၏ဟု**
ဋီကာကျော်ဆိုခြင်းသည် ပထမစျာန်အခိုက်ကို ရည်ရွယ်၏။

ရူပဝစရစိတ်သည် အာလမ္ဗဏပဘေဒ မဖြစ်နိုင်

ရူပါဝစရ အထက်အထက်စျာန်နှင့် အောက်အောက်စျာန်တို့သည် ပညတ်အာရုံချင်းတူသောကြောင့် ရူပါဝစရစိတ်သည် အရူပစိတ်ကဲ့သို့ အာရုံမပြား နိုင်၊ အာလမ္ဗဏပဘေဒ မဖြစ်နိုင်ပါ။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ်-၂၁ မှ ၂၄ထိ။**

ရူပါဝစရစိတ် စျာနဘေဒဖြစ်ပုံ

ရူပါဝစရ ပထမစျာန်သည် ကာမစ္ဆန္ဒစသော နီဝရဏတို့၏ ဆန့်ကျင်ဘက် ဖြစ်သော ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ တည်းဟူသော စျာန်အင်္ဂါ ငါးပါး နှင့် ယှဉ်၏။

ဒုတိယစျာန်သည် ပထမစျာန်အခိုက်မှာထက်ပို၍ သိမ်မွေ့သော ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတည်းဟူသော စျာန်အင်္ဂါ လေးပါးနှင့် ယှဉ်၏။

တတိယစျာန်သည် ဒုတိယစျာန်အခိုက်မှာထက် ပို၍သိမ်မွေ့သော ပီတိ, သုခ, ဧကဂ္ဂတာ တည်းဟူသော စျာန်အင်္ဂါသုံးပါးနှင့် ယှဉ်၏။

စတုတ္ထစျာန်သည် တတိယစျာန်အခိုက်မှာထက် ပို၍သိမ်မွေ့သော သုခ, ဧကဂ္ဂတာ တည်းဟူသော စျာန်အင်္ဂါနှစ်ပါးနှင့် ယှဉ်၏။

ပဥ္စမစျာန်သည် စတုတ္ထစျာန်အခိုက်မှာထက်ပို၍သိမ်မွေ့သော ဥပေက္ခာ, ဧကဂ္ဂတာ တည်းဟူသော စျာန်အင်္ဂါနှစ်ပါးနှင့် ယှဉ်၏။

ဤကား ပဥ္စမာ စျာနဘေဒေန၊ ရူပါဝစရ မာနသံ ဟူသော စကား၌ ရူပါဝစရစိတ်၏ စျာနဘေဒဖြစ်ပုံတည်း။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ် ၃၂၊ ၃၃**။

http://www.dhammadownload.com

ရူပါဝစရစိတ်ကို မုချနှင့် ယောဘုယျခွဲပုံ

ရူပါဝစရစိတ် ၁၅-ပါးတို့တွင် ရူပဝိပါက် ငါးပါးသည် ရူပဘုံ၌သာ ဖြစ်သောကြောင့် မုချရူပါဝစရစိတ်မည်၏။

ကြွင်းသော ရူပကုသိုလ် ငါးပါး၊ ရူပကြိယာ ငါးပါးတို့သည်ကား ရူပဘုံ၌ များသော အားဖြင့်သာ ဖြစ်ပြီး ကာမဘုံတို့၌လည်း ဖြစ်နိုင်သေးသောကြောင့် ယောဘုယျ ရူပါဝစရစိတ်မည်၏။

သာဓက ။**ဝိထိစာပိုဒ်-၄၉၊ ၅၀**။

ဝေဒနာဒိဆက္ကဖြင့် ဝေဘန်ခြင်း

ရူပါဝစရ စိတ် (၁၅) ပါးသည် **ဝေဒနာအားဖြင့်** ပထမစျာန်မှ စတုတ္ထစျာန်အထိ သောမနဿ, ပဉ္စမစျာန်သည် ဥပေက္ခာ-ဟု (၂) ပါး သာလျှင်တည်း။

သာဓက ။**ပကိဏ်းစာပိုဒ်-၅၊ ၇**။

ဟိတ်အားဖြင့် အလောဘ, အဒေါသ, အမောဟ-ဟု တိဟိတ်သာလျှင်တည်း။

သာဓက ။**ပကိဏ်းစာပိုဒ်-၁၅**။

ကိစ္စအားဖြင့် ကုသိုလ်, ကြိယာတို့သည် ဇောကိစ္စသာလျှင်တည်း။

သာဓက ။**ပကိဏ်းစာပိုဒ်-၂၅**။

ဝိပါက်သည် ပဋိသန္ဓေ, ဘဝင်, စုတိ, ကိစ္စအားဖြင့် (၃) ကိစ္စတပ်နိုင်၏။

သာဓက ။**ပကိဏ်းစာပိုဒ်-၂၀**။

ဒွါရအားဖြင့် ကုသိုလ်, ကြိယာ တို့သည် မနောဒွါရ၌သာ ဖြစ်ကုန်၏။

သာဓက ။**ပကိဏ်းစာပိုဒ်-၄၀**။

ဝိပါက်သည် အခါခပ်သိမ်း (၆) ဒွါရမှ လွတ်၏။

သာဓက ။**ပကိဏ်းစာပိုဒ်-၄၆**။

အာရုံအားဖြင့် ရူပါဝစရစိတ် (၁၅) ပါးလုံးသည် ပညတ်ကို အာရုံပြု၏။

သာဓက ။**ပကိဏ်းစာပိုဒ်-၆၁**။

(ဤ၌အာရုံပြုရာတွင် အထူးသတိပြုရန်ကား) . . . သက်သက်သော ပဉ္စမစျာန်စိတ်သည် ကသိုဏ်း (၁၀) ပါး၊ အာနာပါနဿတိ, ဥပေက္ခာ ဗြဟ္မဝိဟာရအားဖြင့် (၁၂) ပါးသော ပညတ်တို့ကို အာရုံပြု၍ဖြစ်၏။

သာဓက ။**ပကိဏ်းစာပိုဒ်-၆၁**။

http://www.dhammadownload.com

အဘိညာဉ်ကိစ္စတပ်ပါမူကား ကုသိုလ်ပဋ္ဌမစျာန်သည် အရဟတ္တမဂ်, အရဟတ္တဖိုလ် ကြဉ်သော အလုံးစုံကို အာရုံပြု၏။

သာဓက ။ပကိဏ်းစာပို ဒ်-၅၈။

အဘိညာဉ်ကြိယာပဋ္ဌမစျာန်သည်ကား အလုံးစုံသော တရားတို့ကိုအာရုံပြုနိုင်၏။

သာဓက ။ပကိဏ်းစာပို ဒ်-၅၉။

ဝတ္ထုအားဖြင့် ရူပါဝစရစိတ်တို့သည် ဟဒယဝတ္ထုကို ကေန်မှီကုန်၏။

သာဓက ။ပကိဏ်းစာပို ဒ်-၇၀။

ရူပါဝစရစိတ်မြင်ကွင်း ပြီးပြီ။

* * * * * *

အရူပါဝစရစိတ် မြင်ကွင်း

ဇာတိဘေဒနည်းအရ အရူပါဝစရစိတ်သရုပ်

ကုသိုလ် (၄)ပါး၊ ဝိပါက် (၄) ပါး၊ ကြိယာ (၄) ပါးအားဖြင့် ဇာတိဘေဒနည်းအရ အရူပါဝစရစိတ် (၁၂) ပါးဖြစ်ပါသည်။

သာဓက ။စိတ်စာပို ဒ်-၂၉။

အရူပစိတ်သည် စျာနဘေဒမဖြစ်နိုင်

အရူပစိတ်ကို ပဋ္ဌမစျာန်၌ သွင်းယူထား၍ ဥပေက္ခာ ဇောဂတာစျာန် အင်္ဂါတူနေသောကြောင့် အရူပစိတ်သည် ရူပစိတ်ကဲ့သို့ စျာန်အင်္ဂါ မပြားနိုင်၊ စျာနဘေဒ မဖြစ်နိုင်ပါ။

သာဓက ။**အာရုပ္ပဌာပိ ပဋ္ဌမေ၊ ဥပေက္ခေကဂ္ဂတာသဟိတံ ပဋ္ဌမဇ္ဈာန ကုသလစိတ္တံ**။

အရူပါဝစရစိတ်ပြားရခြင်းအကြောင်း

ကောင်းကင်ပညတ်အာရုံစသည်ဖြင့် အာရုံ (၄) မျိုးပြားသောကြောင့် သာမညအားဖြင့် အရူပါဝစရ စိတ် (၄) ပါး ပြားရပါသည်။

http://www.dhammadownload.com

ကုသိုလ်, ဝိပါက်, ကြိယာအားဖြင့် (၃) မျိုးထပ်မံ၍ ကွဲပြားပြန်သောကြောင့် ဝိသေသအားဖြင့် အရှုပါဝစရစိတ် (၁၂) ပါးပြားရပါသည်။

သာဓက ။**စိတ်စာပို ဒ်-၃၀**။

အရှုပစိတ်သည် ပဋ္ဌမစျာန်

အရှုပစိတ်သည် ဥပေက္ခာ, ဧကဂ္ဂတာ ဟူသော စျာန်အင်္ဂါ နှစ်ပါးနှင့်သာ ယှဉ်သည် ဖြစ်၍ ရှုပပဋ္ဌမစျာန်နှင့် စျာန်အင်္ဂါချင်း တူညီသောကြောင့် ပဋ္ဌမစျာန်၌ သွင်းယူရေတွက်ရ ပါမည်။

သာဓက ။**အာရုပ္ပဋ္ဌာပိ ပဋ္ဌမေ**။

အရှုပစိတ် (၁၂) ပါးသည် ဥပေက္ခာသာဖြစ်ရခြင်းအကြောင်း

ရှုပဝစရပဋ္ဌမစျာန်နှင့် အလားတူစွာ ဥပေက္ခာ, ဧကဂ္ဂတာဟူသော စျာန်အင်္ဂါ (၂)ပါးနှင့်သာ ယှဉ်သောကြောင့် အရှုပစိတ်(၁၂)ပါးသည်ဥပေက္ခာသဟဂုတ်သာဖြစ်ရ ပါသည်။

သာဓက ။**အာရုပ္ပဋ္ဌာပိ ပဋ္ဌမေ၊ ဥပေက္ခေကဂ္ဂတာသဟိတံ ပဋ္ဌမဇ္ဈာန ကုသလစိတ္တံ**။

အရှုပစိတ်သည် စျာန်အင်္ဂါချင်းတူသော်လည်း စိတ်ထားချင်း ထူးခြားပုံ

(အရှုပစိတ်သည် ဥပေက္ခာ, ဧကဂ္ဂတာဟူသော စျာန်အင်္ဂါ (၂) ပါးစီချင်းတူသော် လည်း) ပထမာရုပ္ပစျာန်ကို ရလိုလျှင် ကောင်းကင်ပညတ်ကို အာရုံပြုလျက် အာကာသော အနန္တော, အာကာသော အနန္တော-ဟု စီးဖြန်းမှု ပရိကံပြုရသည်။

ဒုတိယာရုပ္ပစျာန်ကိုရလိုလျှင် ပထမာရုပ္ပဝိညာဏ်ကို အာရုံပြုလျက် ဝိညာဏံ အနန္တံ, ဝိညာဏံ အနန္တံ-ဟု စီးဖြန်းမှု ပရိကံပြုရသည်။

တတိယာရုပ္ပစျာန်ကိုရလိုလျှင် ပထမာရုပ္ပဝိညာဏ်၏ မရှိခြင်း နတ္ထိဘောပညတ်ကို အာရုံပြုလျက် နတ္ထိ ကိဉ္စိ, နတ္ထိ ကိဉ္စိ-ဟု စီးဖြန်းမှုပရိကံ ပြုရသည်။

စတုတ္ထာရုပ္ပစျာန်ကိုရလိုလျှင် တတိယာရုပ္ပဝိညာဏ်ကို အာရုံပြုလျက် သန္တမေတံ, ပဏီတမေတံ-ဟု စီးဖြန်းမှု ပရိကံပြုရသည်။

ဤသို့ ဘာဝနာအလုပ် ပွားများအားထုတ်ပုံချင်း ထူးခြားသောကြောင့် ရှေးရှေး အရှုပစိတ်ထက်, နောက်နောက်အရှုပစိတ်က ပို၍ထူးခြားမွန်မြတ်ပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပို ဒ်-၃၆၊ ၃၇၊ ၃၈၊ ၃၉**။

http://www.dhammadownload.com

ပဋ္ဌာနိုင်ချင်းအထူး

ရူပပဋ္ဌမစျာန် လောကုတ္တရာပဋ္ဌမစျာန်တို့သည် မုချ ပဋ္ဌမစျာန်တည်း။ အရူပ ပဋ္ဌမစျာန်တို့သည် သဒိသူပစာပဋ္ဌမစျာန်တည်း။ ဤသို့ထူးပါသည်။

မှတ်ရန် ။**စျာန်ဟူသောနာမည်သည်ကားမုချ၊ ပဋ္ဌမဟူသောနာမည်သည်သာ သဒိသူပစာ-ဟု သေသေချာချာသတိထား၍ ခွဲမှတ်ပါ**။

အရူပစိတ်၏ အာလမ္ဗဏပဘေဒဖြစ်ပုံ

ပထမာရုပ္ပသည် ကောင်းကင်ပညတ်ကို အာရုံပြုရသည်။ ဒုတိယာရုပ္ပသည် ပထမာရုပ္ပဝိညာဏ်ကို အာရုံပြုရသည်။ တတိယာရုပ္ပသည် နတ္ထိဘောပညတ်ကို အာရုံပြုရသည်။ စတုတ္ထာရုပ္ပသည် တတိယာရုပ္ပဝိညာဏ်ကို အာရုံပြုရသည်။ ဤကား အာလမ္ဗဏ ပဘေဒေန၊ စတုဓာရုပ္ပမာနသံဟူသော စကား၌ အရူပစိတ်၏ အာလမ္ဗဏပဘေဒ ဖြစ်ပုံတည်း။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ် ၃၆ မှ ၃၉ အထိ**။

အရူပါဝစရစိတ်ကို မုချနှင့် ယောဇုယျခွဲပုံ

အရူပါဝစရစိတ် ၁၂-ပါးတို့တွင် အရူပဝိပါက်လေးပါးသည် အရူပဘုံ၌ သာဖြစ်သော ကြောင့် မုချအရူပါဝစရစိတ် မည်၏။ကြွင်းသော အရူပါဝစရ ကုသိုလ်လေးပါး၊ အရူပါဝစရ ကြိယာလေးပါးတို့သည် အရူပဘုံ၌ များသောအားဖြင့်သာဖြစ်ပြီး ကာမဘုံ၊ ရူပဘုံတို့၌ လည်း ဖြစ်နိုင်သေးသောကြောင့် ယောဇုယျ အရူပါဝစရစိတ်မည်၏။

သာဓက ။**ဝိထိစာပိုဒ် ၄၉၊ ၅၀၊ ၅၁**။

ဝေဒနာဒိဆက္ကဖြင့် ဝေဘန်ခြင်း

အရူပါဝစရစိတ်တို့သည် **ဝေဒနာအားဖြင့်** ဥပေက္ခာဝေဒနာသာလျှင်တည်း။

သာဓက ။**အာရုပ္ပစ္ဆာပိ ပဋ္ဌမေနှင့် ပကိဏ်းစာပိုဒ်-၇**။

ဟိတ်အားဖြင့် အလောဘ, အဒေါသ, အမောဟ-ဟူသော တိဟိတ်သာလျှင်တည်း။

သာဓက ။**ပကိဏ်းစာပိုဒ်-၁၅**။

http://www.dhammadownload.com

ကိစ္စအားဖြင့် ကုသိုလ် ကြိယာတို့သည် ဇောကိစ္စသာလျှင် တပ်နိုင်ကုန်၏။

သာဓက ။**ပကိဏ်းစာပို၌-၂၅**။

ဝိပါက်သည် ပဋိသန္ဓေ, ဘဝင်, စုတိ, ကိစ္စအားဖြင့် (၃) ကိစ္စတပ်နိုင်၏။

သာဓက ။**ပကိဏ်းစာပို၌-၂၀**။

ဒွါရအားဖြင့် ကုသိုလ်, ကြိယာ တို့သည် မနောဒွါရ၌သာ ဖြစ်ကုန်၏။

သာဓက ။**ပကိဏ်းစာပို၌-၄၀**။

ဝိပါက်သည် အခါခပ်သိမ်း (၆) ဒွါရမှ လွတ်၏။

သာဓက ။**ပကိဏ်းစာပို၌-၄၆**။

အာရုံအားဖြင့် ဒုတိယာရုပ္ပ, စတုတ္ထာရုပ္ပတို့သည် မဟဂ္ဂုတ်ကို အာရုံပြုကုန်၏။

သာဓက ။**ပကိဏ်းစာပို၌-၆၁**။

ပထမာရုပ္ပ, တတိယာရုပ္ပတို့သည် ပညတ်ကို အာရုံပြုကုန်၏။

သာဓက ။**ပကိဏ်းစာပို၌-၆၁**။

ဝတ္ထုအားဖြင့် အရူပကုသိုလ်ကြိယာတို့သည် ဟဒယဝတ္ထုကို အနေကန်မှီကုန်၏။

သာဓက ။**ပကိဏ်းစာပို၌-၇၁**။

အရူပဝိပါက်သည် ဟဒယဝတ္ထုကို မမှီမူ၍ဖြစ်၏။

သာဓက ။**ပကိဏ်းစာပို၌-၇၂**။

မဟဂ္ဂုတ်ကို အာရုံမပြုသော မဟဂ္ဂုတ်စိတ်အထူး

ရူပစိတ် (၁၅) ပါး နှင့် ပဌမာရုပ္ပ (၃) ပါး, တတိယာရုပ္ပ (၃) ပါးတို့သည် ပညတ်ကိုသာ အာရုံပြုသောကြောင့်၊ မဟဂ္ဂုတ်ကိုအာရုံမပြုသော မဟဂ္ဂုတ်စိတ်အထူး(၂၁) ပါးရှိပါသည်။

သာဓက ။**ပကိဏ်းစာပို၌-၆၀၊ ၆၁**။

ရူပစျာန်နှင့် အရူပစျာန်တို့၏အထူး

ရူပစျာန်သည် စျာန်အင်္ဂါအားဖြင့် ပြားရသောကြောင့် စျာန်အင်္ဂါကို လွန်ကြောင်းဖြစ်သော အင်္ဂါတိက္ကမစျာန်မျိုးတည်း။

အရူပစျာန်သည် အာရုံအားဖြင့် ပြားရသောကြောင့် အာရုံကိုလွန်ကြောင်း ဖြစ်သော အာရမ္မဏာတိက္ကမစျာန်မျိုးတည်း။ ဤသို့ ထူးပါသည်။

သာဓက ။**ပဌမာ စျာနဘေဒေန၊ ရူပါဝစရမာနသံ**။

ဒုတိယာလမ္ဗဏ ပဘေဒေန၊ စတုမာရုပ္ပမာနသံ။

http://www.dhammadownload.com

ဘူမိဘေဒနည်းအရ မဟဂ္ဂုတ်အမည်ရသောစိတ်သဂျပ်

စေတသိက်ပိုင်း သင်္ဂဟနည်းပြရာ၌ ရူပါဝစရ, အရူပါဝစရစိတ်တို့ကို ပေါင်းပြီး မဟဂ္ဂုတ်စိတ် ၂၇-ခု၌ သင်္ဂဟ ငါးနည်းရှိကြောင်းကို ပြဆိုထားသောကြောင့် ရူပါဝစရစိတ် (၁၅) ပါးနှင့် အရူပါဝစရစိတ် (၁၂) ပါးတို့ကို ဘူမိဘေဒနည်းအရ မဟဂ္ဂုတ်အမည်ရသော စိတ်များ ဟုမှတ်သား ရပါမည်။

သာဓက ။စေတသိက် စာပိုဒ်-၃၈။

ဇာတိဘေဒနည်းအရ မဟဂ္ဂုတ်သဂျပ်

ကုသိုလ် (၉) ပါး၊ ဝိပါက် (၉) ပါး၊ ကြိယာ (၉) ပါးအားဖြင့် ဇာတိဘေဒနည်းအရ မဟဂ္ဂုတ်စိတ် (၂၇) ပါးဖြစ်ပါသည်။

ဈာနဘေဒနည်းအရ မဟဂ္ဂုတ်သဂျပ်

ပထမဈာန် (၃)ပါး၊ ဒုတိယဈာန် (၃) ပါး၊ တတိယဈာန် (၃) ပါး၊ စတုတ္ထဈာန် (၃) ပါး၊ ပဉ္စမဈာန် (၁၅) ပါးအားဖြင့် ဈာနဘေဒနည်းအရ မဟဂ္ဂုတ်စိတ် (၂၇) ပါးဖြစ်ပါသည်။

ဝေဒနာဘေဒနည်းအရ မဟဂ္ဂုတ်သဂျပ်

ပထမဈာန် မှ စတုတ္ထဈာန်အထိ သောမနဿ (၁၂) ပါး၊ ပဉ္စမဈာန် ဥပေက္ခာ (၁၅) ပါးအားဖြင့် ဝေဒနာဘေဒနည်းအရ မဟဂ္ဂုတ်စိတ် (၂၇) ပါးဖြစ်ပါသည်။

အလယ်တည့်တည့်မဟဂ္ဂုတ်

မဟဂ္ဂုတ်စိတ် (၂၇) ပါးတို့တွင် ရူပါဝစရကြိယာ စတုတ္ထဈာန်စိတ်သည် အလယ်တည့်တည့် ဖြစ်ပါသည်။

ဘူမိဘေဒနည်းအရ လောကီဖိတ်သဂျပ်

ကာမစိတ် (၅၄) ပါး၊ ရူပစိတ် (၁၅) ပါး၊ အရူပစိတ် (၁၂) ပါးအားဖြင့် ဘူမိဘေဒနည်းအရ လောကီစိတ် (၈၁) ပါးဖြစ်ပါသည်။

http://www.dhammadownload.com

ဇာတိဘေဒနည်းအရ လောကီစိတ်သရုပ်

အကုသိုလ်စိတ် (၁၂) ပါး၊ ကုသိုလ်စိတ် (၁၇) ပါး၊ ဝိပါက်စိတ် (၃၂) ပါး၊ ကြိယာစိတ် (၂၀) အားဖြင့် ဇာတိဘေဒနည်းရ လောကီစိတ် (၈၁) ပါးဖြစ်ပါသည်။

ဝေဒနာဘေဒနည်းအရ လောကီစိတ်သရုပ်

သောမနဿသဟဂုတ် (၃၀) ပါး၊ ဥပေက္ခာသဟဂုတ် (၄၇) ပါး၊ ဒေါမနဿ သဟဂုတ် (၂) ပါး၊ ဒုက္ခသဟဂုတ် (၁) ပါး၊ သုခသဟဂုတ် (၁) ပါးအားဖြင့် ဝေဒနာဘေဒ နည်းအရ လောကီစိတ် (၈၁) ပါးဖြစ်ပါသည်။

ဆောင် ။**သောမသုံးဆယ်၊ ဥလေးဆယ့်ခွန်၊ ဒေါလွန်နှစ်ပါး၊ ဒုက်သုမျှားသည်၊ တစ်ပါးစီ၊ ရသည်လောကီစိတ်။**

အလယ်တည့်တည့်လောကီစိတ်

လောကီစိတ် (၈၁) ပါးတို့တွင် မဟာဝိပါက် သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသခ္ခါရိကစိတ်သည် အလယ်တည့်တည့်ဖြစ်ပါသည်။

အရှုပါဝစရစိတ်ဆိုင်ရာပြီးပြီ။

* * * * * *

လောကုတ္တရာစိတ်ဆိုင်ရာမြင်ကွင်း

လောကုတ္တရာ၏ အဓိပ္ပါယ်

ဥပါဒါနက္ခန္ဓာဟူသော သခ္ခါရလောကမှ (၀ါ) လောက (၃) ပါးမှ လွန်မြောက်တတ် သောကြောင့် လောကုတ္တရာဟုခေါ်ပါသည်။

မှတ်ရန် ။**ရှေးနည်းကား ဋီကာကျော်နည်း၊ နောက်နည်းကား ပရမတ္ထဒီပနီစသည်တည်း။**

http://www.dhammadownload.com

ဇာတိဘေဒနည်းအရ လောကုတ္တရာစိတ်အကျဉ်းသရုပ်

မဂ်ကုသိုလ် (၄) ပါး၊ ဖိုလ်ဝိပါက် (၄) ပါးအားဖြင့် ဇာတိဘေဒနည်းအရ လောကုတ္တရာစိတ် (၈) ပါးဖြစ်ပါ သည်။

သာဓက ။**စိတ်စာပို ဒ်-၃၃**။

မဂ်ကုသိုလ်စိတ် (၄) ပါးပြားရခြင်းအကြောင်း

သောတာပတ္တိမဂ်စသည်ဖြင့် အရိယာမဂ်(၄) မျိုးပြားသောကြောင့် လောကုတ္တရာကုသိုလ်မဂ်စိတ် (၄) ပါးပြားရပါသည်။

သာဓက ။**စတုမဂ္ဂပ္ပဘေဒေန၊ စတုဓာ ကုသလံ။ စိတ်စာပို ဒ်-၃၄**။

ဖိုလ်ဝိပါက်စိတ် (၄) ပါးပြားရခြင်းအကြောင်း

ဖိုလ်ဝိပါက်စိတ်သည်လည်း မဂ်ကုသိုလ်စိတ်၏ အကျိုးဖြစ်သောကြောင့် လောကုတ္တရာဖိုလ်ဝိပါက်စိတ် (၄) ပါးပြားရပါသည်။

သာဓက ။**တထာ ပါကံ တဿ ဖလတ္ထာ**။ **စိတ်စာပို ဒ်-၃၄**။

သတ္တလောကမှ လွှန်မြောက်ပုံ

သောတာပတ္တိပန်သည် ပုထုဇဉ်လောကမှ, သကဒါဂါမ်သည် သောတာပန် လောကမှ, အနာဂါမ်သည် သကဒါဂါမ်လောကမှ, အရဟတ္တ (ရဟန္တာ) သည် အနာဂါမ် လောကမှ လွှန်မြောက်သောကြောင့် လောကုတ္တရာစိတ်သည် သတ္တလောကမှ လွှန်မြောက်သည်ဟုဆိုနိုင်ပါသည်။

သာဓက ။**ဝိထိ-၄၇၊ ကမ္မဋ္ဌာန်း-၅၇၊ ၅၈**။

ဩကာသလောကမှ လွှန်မြောက်ပုံ

သောတာပတ္တိပန်သည် အပါယ်သို့မလားသောကြောင့် အပါယ်ဘုံလောကမှလွှန်မြောက်သည်။ သကဒါဂါမ်သည် ကာမသုဂတိဘုံ၌ (၂) ဘဝထက်အလွန် ပဋိသန္ဓေမနေသောကြောင့် ကာမသုဂတိဘုံလောက (၁) စိတ်ကိုလွှန်မြောက်သည်။ အနာဂါမ်သည် ကာမဘုံ၌ ပဋိသန္ဓေမနေ တော့သောကြောင့် ကာမဘုံလောကအားလုံးမှ လွှန်မြောက်သည်။

http://www.dhammadownload.com

အရဟတ္တ (ရဟန္တာ) သည် နောက်ထပ်ပဋိသန္ဓေလုံးဝမနေ တော့သောကြောင့် ဘဝဘုံလောက အားလုံးမှ လွန်မြောက်သည်။

သာဓက ။ဒီထိ-၄၃၊ ပစ္စည်း-၁၃၊ ကမ္မဋ္ဌာန်း-၆၈၊ ၆၉၊ ၇၀၊ ၇၁။

သခ်ါရေလာကမှ လွန်မြောက်ပုံ

သောတာပတ္တိပန်သည် ဒိဋ္ဌဂတသမ္မယုတ်, ဝိစိကိစ္ဆာသမ္မယုတ်, စိတ္တုပ္ပါဒ်ဟူသော သခ်ါရလောကကို ပယ်သောအားဖြင့် လွန်မြောက်သည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ်-၆၈**။

သကဒါဂါမ်သည် ရုန့်ရင်းသောကာမရာဂ, ဗျာပါဒနှင့် စပ်သည့် ဒိဋ္ဌဂတဝိပ္ပယုတ် ဒေါမနဿသဟဂုတ် စိတ္တုပ္ပါဒ်ဟူသော သခ်ါရလောကကို တနုကရပယ်သောအားဖြင့် လွန်မြောက်သည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ်-၆၉**။

အနာဂါမ်သည် သိမ်မွေ့သော သဘောနှင့်တကွဖြစ်သော ကာမရာဂ, ဗျာပါဒနှင့် စပ်သော ဒိဋ္ဌဂတဝိပ္ပယုတ်, ဒေါမနဿသဟဂုတ် စိတ္တုပ္ပါဒ်ဟူသော သခ်ါရလောကကို ပယ်သောအားဖြင့် လွန်မြောက် သည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ်-၇၀**။

အရဟတ္တ(ရဟန္တာ) သည် ရူပရာဂ, အရူပရာဂနှင့် စပ်သော ဒိဋ္ဌဂတဝိပ္ပယုတ်, ဥဒ္ဓစ္စသဟဂုတ်, စိတ္တုပ္ပါဒ်ဟူသော သခ်ါရလောကကို ပယ်သောအားဖြင့် လွန်မြောက်ပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ်-၇၁**။

မှတ်ရန် ။**ဤကား အဋ္ဌသာလိနီအဋ္ဌကထာ, ပရမတ္ထ ဒီပနီ, အဘိဓမ္မာဝတာရ ဋီကာ စသောကျမ်းများ အလိုအရ သင်္ဂဟသာဓကနှင့် ညှိနှိုင်းပြခြင်းဖြစ်သည်**။

လောကုတ္တရာစိတ် (၈) ပါးကို ဝေဒနာဖြင့် ဝေဖန်ပုံ

လောကုတ္တရာစိတ်ကို စျာနဘေဒအားဖြင့် အကျယ်ပြဆိုရာတွင် သောမနဿ ဥပေက္ခာဝေဒနာ နှစ်မျိုးလုံးပါဝင်သောကြောင့် လောကုတ္တရာစိတ် (၈)ပါးသည် ပ, ဒု, တ, စတုတ္ထစျာန်တို့နှင့် ယှဉ်ခိုက် သောမနဿဝေဒနာ ဖြစ်ထိုက်ပါသည်။ပဥ္စမစျာန်နှင့်ယှဉ်ခိုက် ဥပေက္ခာဝေဒနာဖြစ်ထိုက်ပါသည်။

သာဓက ။ ပကိဏ်းစာပိုဒ် ၅၊ ၇။

http://www.dhammadownload.com

သဗ္ဗညုတညာဏ်ထက် အရဟတ္တမဂ်ညာဏ်က ပို့မြတ်

သဗ္ဗညုတညာဏ်ဟူသည် အာရုံမှန်သမျှကို မကြွင်းမကျန်အောင် အာရုံပြုနိုင်သော မဟာကြိယာညာဏသမ္ပယုတ်ဟူသော လောကီစိတ်မျိုးသာ ဖြစ်ပြီးအရဟတ္တမဂ်ညာဏ် ဟူသည်ကား လောကုတ္တရာ စိတ်မျိုးဖြစ်သောကြောင့် (လောကုတ္တရာအရာဌ) သဗ္ဗညုတညာဏ်ထက် အရဟတ္တမဂ်ညာဏ်က ပို၍ မြင့်မြတ်ပါသည်။

သာဓက ။ **ပကိဏ်းစာပို့ဒ်-၅၉။ စိတ်ပိုင်းစာပို့ဒ်-၃၁။**

လောကုတ္တရာတရား ကိုးပါး

လောကုတ္တရာတရား ၉-ပါးဟူသည်ကား မဂ်စိတ် ၄-ပါး၊ ဖိုလ်စိတ် ၄-ပါး၊ နိဗ္ဗာန်တို့ ဖြစ်ပါသည်။

သာဓက ။ **စိတ်စာပို့ဒ် ၃၄ နှင့်၊ ရူပ်ပိုင်း နိဗ္ဗာန် ပန လောကုတ္တရသခ်ီတံ။**

လောကုတ္တရာစိတ်၌ ကြိယာမရှိခြင်းအကြောင်း

စင်စစ်အားဖြင့် ကြိယာဟူသည် အကျိုးမပေးတော့သော ကုသိုလ်ပင်ဖြစ်၍ ပုဂ္ဂိုလ် တစ်ယောက်သန္တာန်၌ မဂ်ကုသိုလ်ကား အကြိမ်ကြိမ်အဖန်ဖန်ထပ်၍ ဖြစ်ရိုးထုံးစံမရှိ, မဂ်စိတ်တို့ မည်သည် (၁) ကြိမ်သာ ဖြစ်သောကြောင့် ကြိယာဟူသောအမည်ဖြင့် တစ်ဖန်မဖြစ်နိုင်တော့သဖြင့် လောကုတ္တရာ၌ ကြိယာစိတ်မရှိနိုင်တော့ပါ။

သာဓက ။**ဝိထိစာပို့ဒ်-၃၅ နှင့် မဂ္ဂါဘိညာ သကီ မတာ။**

ဝေဒနာဒိဆက္ကဖြင့်ဝေဘန်ခြင်း

လောကုတ္တရာစိတ်တို့သည် **ဝေဒနာအားဖြင့်** ပထမစျာန်မှ စတုတ္ထစျာန် ဖြစ်ခိုက်အထိ သောမနဿတည်း။ ပဉ္စမစျာန်ဖြစ်ခိုက် ဥပေက္ခာတည်း။

သာဓက ။**ပကိဏ်းစာပို့ဒ်- ၅၊ ၇။**

ဟိတ်အားဖြင့် အလောဘ, အဒေါသ, အမောဟ-ဟု တိဟိတ်သာလျှင်တည်း။

သာဓက ။**ပကိဏ်းစာပို့ဒ်- ၁၅။**

ကိစ္စအားဖြင့် ဇောကိစ္စသာလျှင်တည်း။

သာဓက ။**ပကိဏ်းစာပို့ဒ်- ၂၅။**

http://www.dhammadownload.com

ဒွါရအားဖြင့် မနောဒွါရသာလျှင်တည်း။ သာဓက ။**ပကိဏ်းစာပို၌- ၄၀။**
အာရုံအားဖြင့် နိဗ္ဗာန်သာတည်း။ သာဓက ။**ပကိဏ်းစာပို၌- ၆၂။**
ဝတ္ထုအားဖြင့် သောတာပတ္တိမဂ်သည် ဟဒယဝတ္ထုကို ၎ကန်မှီ၏။
သာဓက ။**ပကိဏ်းစာပို၌- ၇၀။**
အထက်မဂ် (၃) ခုနှင့် ဖိုလ် (၄) ခုတို့သည် ဟဒယဝတ္ထုကို အနေကန်မှီကုန်၏။
သာဓက ။**ပကိဏ်းစာပို၌- ၇၁။**

လောကုတ္တရာစိတ်မြောင်ကွင်း ပြီးပြီ။

****

ဘူမိဘေဒစိတ်ကို မုချာဓာရ, ဥပစာဓာရ ခွဲပုံ

လောကီစိတ် (၈၁) ပါးသည် တည်ရာဌာနရကောင်းသော ကာမရူပ, အရူပဘုံတို့၌ ဖြစ်သောကြောင့် မုချာဓာရဘူမိဘေဒစိတ်တည်း။ လောကုတ္တရာစိတ် (၈) ပါးသည် တည်ရာဌာနမရကောင်းသော အဝတ္ထာဘုံ၌ဖြစ်သောကြောင့် ဥပစာဓာရဘူမိဘေဒစိတ်တည်း။

စိတ်အကျဉ်း ၈၉ ပါးပြားရခြင်းအကြောင်း

ကုသိုလ်စသော ဇာတ်, ကာမ စသောဘုံတို့ ပြားသောကြောင့် ပရမတ္ထတရားစိတ် တစ်ပါးတည်းက ၈၉-ပါး ပြားလာရပါသည်။
သာဓက ။ **စိတ်စာပို၌-၃၇။**

ဇာတိဘေဒနည်းအရ စိတ်အကျဉ်း (၈၉) ပါးသရုပ်

အကုသိုလ် (၁၂) ပါး၊ ကုသိုလ် (၂၁) ပါး၊ ဝိပါက် (၃၆) ပါး၊ ကြိယာ (၂၀) ပါး အားဖြင့် ဇာတိဘေဒနည်းအရ စိတ်အကျဉ်း (၈၉) ပါးဖြစ်ပါသည်။
သာဓက ။**စိတ်စာပို၌-၃၅။**

ဘူမိဘေဒနည်းအရ စိတ်အကျဉ်း (၈၉) ပါးသရုပ်

ကာမစိတ် (၅၄) ပါး၊ ရူပစိတ် (၁၅) ပါး၊ အရူပစိတ် (၁၂) ပါး၊ လောကုတ္တရာစိတ် (၈) ပါးအားဖြင့် ဘူမိဘေဒနည်းအရ စိတ်အကျဉ်း (၈၉) ပါးဖြစ်ပါသည်။
သာဓက ။**စိတ်စာပို၌-၃၆။**

http://www.dhammadownload.com

အလယ်တည့်တည့် စိတ်အကျဉ်း

စိတ်အကျဉ်း (၈၉) ပါးတို့တွင် မဟာဝိပါက်၊ ဥပက္ခောသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်သည် အလယ်တည့်တည့်ဖြစ်ပါသည်။

အလယ်တည့်တည့်ကုသိုလ်စိတ်

ကုသိုလ်စိတ်အကျဉ်း (၂၁) ပါးတို့တွင် ရူပါဝစရကုသိုလ် တတိယစျာန်စိတ်သည် အလယ်တည့်တည့်ဖြစ်ပါသည်။

ကုသိုလ်စိတ်အကျယ် (၃၇) ပါးတို့တွင် သောတာပတ္တိမဂ် ဒုတိယစျာန်စိတ်သည် အလယ်တည့်တည့်ဖြစ်ပါသည်။

စိတ်တစ်ပါးကအများအပြားဖြစ်လာပုံ

အာရုံကိုသိခြင်း အာရမ္မဏဝိဇာနနလက္ခဏာအားဖြင့် တစ်ပါးတည်းသာ ဖြစ်သော စိတ်သည် ကုသိုလ်စသော ဇာတိဘေဒအားဖြင့်၄င်း၊ ကာမစသော ဘူမိဘေဒအားဖြင့်၄င်း ကွဲပြားသောကြောင့် အများအပြားဖြစ်လာရပါသည်။

သာဓက ။ စိတ်စာပို၌-၃၅၊ ၃၆၊ ၃၇။

ပုဂ္ဂိုလ်တစ်ယောက်တည်း၌ သောတာပတ္တိမဂ်စိတ် ငါးမျိုးလုံးစုံအောင်မဖြစ်နိုင်

မဂ်စိတ်သည် တစ်ကြိမ်တည်းသာ ဖြစ်သောကြောင့် ပုဂ္ဂိုလ်တစ်ယောက်တည်း၌ ပထမစျာန်စသော သောတာပတ္တိမဂ်စိတ် ငါးမျိုးလုံးစုံအောင် မဖြစ်နိုင်ပါ။ ပုဂ္ဂိုလ်တစ်ယောက်မှာ တစ်မျိုးသာ ဖြစ်နိုင်ပါသည်။

သာဓက ။ **ဝိထိစာပို၌-၃၅၊၃၉။**

မှတ်ရန် ။ **သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်တို့အတွက် လည်းကျိုနည်းအတိုင်းမှတ်။**

မဂ်စိတ်အကျယ် (၂၀) သရုပ်

သောတာပတ္တိမဂ်စိတ် (၅) ပါး၊ သကဒါဂါမိမဂ်စိတ် (၅) ပါး၊ အနာဂါမိမဂ်စိတ် (၅) ပါး၊ အရဟတ္တမဂ်စိတ် (၅) ပါးအားဖြင့် မဂ်စိတ်အကျယ် (၂၀) ဖြစ်ပါသည်။

သာဓက ။**စိတ်စာပို၌-၃၈၊ ၃၉။**

http://www.dhammadownload.com

ဖိုလ်စိတ်အကျယ် (၂၀) သရုပ်

သောတာပတ္တိဖိုလ်စိတ် (၅) ပါး၊ သကဒါဂါမိဖိုလ်စိတ် (၅) ပါး၊ အနာဂါမိဖိုလ်စိတ် (၅) ပါး၊ အရဟတ္တဖိုလ်စိတ် (၅) ပါးအားဖြင့် ဖိုလ်စိတ်အကျယ် (၂၀) ဖြစ်ပါသည်။

သာဓက ။တထာ ဖလစိတ္တာနိ စ။

မဂ်စိတ်အကျဉ်းမှ အကျယ်ဖြစ်လာရခြင်းအကြောင်း

မဂ်စိတ်အကျဉ်း (၄) ပါးကို ဈာန်အင်္ဂါအပြားအားဖြင့် မြောက်ပွားလိုက်လျှင် သောတာပတ္တိမဂ်စိတ်၊ သကဒါဂါမိမဂ်စိတ်၊ အနာဂါမိမဂ်စိတ်၊ အရဟတ္တမဂ်စိတ်တို့ (၅) မျိုးစီဖြစ်သောကြောင့် မဂ်စိတ်အကျဉ်း (၄) ပါးမှ အကျယ် (၂၀) ဖြစ်လာရပါသည်။

သာဓက ။စိတ်စာပို၌-၄၁။

မှတ်ရန် ။ဖိုလ်စိတ်အကျယ်ဖြစ်လာရခြင်းအကြောင်းကိုလည်း ဤနည်းမှီ၍ သိပါ။

လောကုတ္တရာစိတ်အကျယ်ဖြစ်လာရခြင်းအကြောင်း

လောကုတ္တရာစိတ် တစ်ပါးတစ်ပါးလျှင် ဈာန်အင်္ဂါတို့နှင့်ယှဉ်သောအပြားအားဖြင့် (၅) မျိုးစီပြားသောကြောင့် လောကုတ္တရာစိတ် အကျဉ်း (၈) ပါးမှ အကျယ်(၄၀)ပါးဖြစ်လာရပါသည်။

သာဓက ။စိတ်စာပို၌-၄၁။

ဈာနဘေဒနည်းအရ လောကီလောကုတ္တရာဈာန်စိတ်သရုပ်

ပထမဈာန် (၁၁) ပါး၊ ဒုတိယဈာန် (၁၁) ပါး၊ တတိယဈာန် (၁၁) ပါး၊ စတုတ္ထဈာန် (၁၁) ပါး၊ ပဉ္စမဈာန် (၂၃) ပါးအားဖြင့် ဈာနဘေဒနည်းအရ လောကီလောကုတ္တရာဈာန်စိတ်ပေါင်း (၆၇) ပါး ဖြစ်ပါသည်။

သာဓက ။စိတ်စာပို၌-၄၂။

http://www.dhammadownload.com

ဝေဒနာဘေဒနည်းအရ လောကီလောကုတ္တရာစျာန်စိတ်သရုပ်

သောမနဿ (၄၄) ပါး၊ ဥပေက္ခာ (၂၃) ပါးအားဖြင့် ဝေဒနာဘေဒနည်းအရ လောကီလောကုတ္တရာစျာန် စိတ်ပေါင်း (၆၇) ပါး ဖြစ်ပါသည်။

ဆောင် ။**လေးလေးသောဝု၊ နှစ်သုံးဥ၊ စျာန်ဂ္ဂဝေဒနာ**။

အလယ်တည့်တည့် စျာန်စိတ်

လောကီလောကုတ္တရာစျာန်စိတ်ပေါင်း (၆၇) ပါးတို့တွင် သကဒါဂါမိမဂ် ဒုတိယ စျာန်စိတ်သည် အလယ်တည့်တည့်စျာန်စိတ်ဖြစ်ပါသည်။

ပထမစျာန်စသည်တို့ (၁၁) ပါးစီပြားရခြင်းအကြောင်း

လောကုတ္တရာစိတ်ကို ရူပါဝစရစိတ်ကဲ့သို့ ပထမစျာန်စသော အပြားအားဖြင့် ရေတွက်သောကြောင့် ပထမစျာန်စသည်တို့ (၁၁) ပါးစီပြားရပါသည်။

သာဓက ။**ယထာစ ရူပါဝစရံ၊ ဂယှတာနုတ္တရံ တထာ၊ ပဌမာဒိဇ္ဈာနဘေဒေ**။

ပဉ္စမစျာန် (၂၃) ပါးပြားရခြင်းအကြောင်း

လောကုတ္တရာစိတ်ကို ရူပါဝစရစိတ်ကဲ့သို့ ပဉ္စမစျာန်၌သွင်းယူရေတွက်သောကြောင့် ပဉ္စမစျာန် (၂၃) ပါးပြားရပါသည်။

သာဓက ။**အာရုပ္ပဥ္စာပိ ပဉ္စမေ၊ စိတ်စာပိုဒ်-၄၂**။

စိတ်အကျယ် (၁၂၁) ပါး ပြားရခြင်းအကြောင်း

မဂ်စိတ်-၂၀၊ ဖိုလ်စိတ်-၂၀ ပြား၍ လောကုတ္တရာစိတ် အကျယ် ၄၀ ပြားသောကြောင့် စိတ်အကျယ် ၁၂၁ ပါးပြားလာရပါသည်။

သာဓက ။ **စိတ်စာပိုဒ် ၃၈၊ ၃၉၊ ၄၀**။

(တစ်မျိုး) ကုသိုလ်စိတ် (၃၇) ပါး၊ ဝိပါက်စိတ် (၅၂) ပါးပြားသောကြောင့် စိတ်အကျယ် (၁၂၁) ပါးပြားလာရပါသည်။

သာဓက ။ **စိတ်စာပိုဒ် ၄၃**။

http://www.dhammadownload.com

သတ္တတိံသဝိဓံ ပုညံဠ် သတ္တတိံသအရ

မဟာကုသိုလ် (၈) ပါး၊ မဟဂ္ဂုတ်ကုသိုလ် (၉) ပါး၊ လောကုတ္တရာကုသိုလ်အကျယ် (၂၀) ပါးအားဖြင့် သတ္တတိံသအရ ကုသိုလ်အကျယ် (၃၇) ပါးဖြစ်ပါသည်။

ဒွိပညာသဝိဓံဠ် ဒွိပညာသအရ

ကာမဝိပါက် (၂၃)ပါး၊ မဟဂ္ဂုတ်ဝိပါက် (၉) ပါး၊ လောကုတ္တရာဝိပါက်အကျယ် (၂၀) ပါးအားဖြင့် ဒွိပညာသ အရ ဝိပါက်အကျယ် (၅၂) ပါးဖြစ်ပါသည်။

ဇာတိဘေဒနည်းအရ စိတ်အကျယ် (၁၂၁) ပါး

အကုသိုလ် (၁၂) ပါး၊ ကုသိုလ် (၃၇) ပါး၊ ဝိပါက် (၅၂) ပါး၊ ကြိယာ (၂၀) ပါး အားဖြင့် ဇာတိဘေဒနည်းအရ စိတ်အကျယ် (၁၂၁) ဖြစ်ပါသည်။

သာဓက ။**စိတ်စာပိုဒ်-၄၃**။

ဘူမိဘေဒနည်းအရ စိတ်အကျယ် (၁၂၁) ပါး

ကာမစိတ် (၅၄) ပါး၊ ရူပစိတ် (၁၅) ပါး၊ အရူပစိတ် (၁၂) ပါး၊ လောကုတ္တရာစိတ် အကျယ် (၄၀) ပါးအားဖြင့် ဘူမိဘေဒနည်းအရ စိတ်အကျယ် (၁၂၁) ပါးဖြစ်ပါသည်။

ဝေဒနာဘေဒနည်းအရ စိတ်အကျယ် (၁၂၁) ပါး

သောမနဿသဟဂုတ် (၆၂) ပါး၊ ဥပေက္ခာသဟဂုတ် (၅၅) ပါး၊ ဒေါမနဿ သဟဂုတ် (၂) ပါး၊ ဒုက္ခသဟဂုတ် (၁) ပါး၊ သုခသဟဂုတ် (၁) ပါးအားဖြင့် ဝေဒနာဘေဒနည်းအရ စိတ် အကျယ် (၁၂၁) ပါးဖြစ်ပါသည်။

ဆောင် ။**သောခြောက်ဆယ့်နှစ်၊ ငါးငါးဖြစ်၌၊ ဒေါဠနှစ်ပါး၊ ဒုက်သုမျှားမှာ၊ တစ်စီသာ၊ ခွဲပါဖိတ်အကျယ်**။

http://www.dhammadownload.com

ယောဂဘေဒနည်းအရစိတ်အကျယ် (၁၂၁) ပါး

သမ္မယုတ် (၂၀) ပါး၊ ဝိပ္ပယုတ် (၁၆) ပါး၊ သမ္မယုတ် ဝိပ္ပယုတ်မဟုတ်သော စိတ် (၈၅) ပါးအားဖြင့် ယောဂဘေဒနည်းအရ စိတ်အကျယ် (၁၂၁) ပါးဖြစ်ပါသည်။

သခ်ါရဘေဒနည်းအရစိတ်အကျယ် (၁၂၁) ပါး

အသခ်ါရိက (၁၇) ပါး၊ သသခ်ါရိက (၁၇) ပါး၊ အသခ်ါရိက သသခ်ါရိက မဟုတ်သောသခ်ါရဝိမုတ်စိတ် (၈၇) ပါးအားဖြင့် သခ်ါရဘေဒနည်းအရ စိတ်အကျယ် (၁၂၁) ပါးဖြစ်ပါသည်။

ဈာနဘေဒနည်းအရစိတ်အကျယ် (၁၂၁) ပါး

ပထမဈာန်စိတ် (၁၁) ပါး၊ ဒုတိယဈာန်စိတ် (၁၁) ပါး၊ တတိယဈာန်စိတ် (၁၁) ပါး၊ စတုတ္ထဈာန်စိတ် (၁၁) ပါး၊ ပဉ္စမဈာန်စိတ် (၂၃) ပါး၊ ဈာန်မဟုတ်သောစိတ် (၅၄) ပါးအားဖြင့် ဈာနဘေဒနည်းအရ စိတ်အကျယ် (၁၂၁) ပါးဖြစ်ပါသည်။

အလယ်တည့်တည့်စိတ်အကျယ်

စိတ်အကျယ် (၁၂၁) ပါးတို့တွင် ရူပါဝစရဝိပါက် ဒုတိယဈာန်စိတ်သည် အလယ်တည့်တည့်ဖြစ်ပါသည်။

အကျဉ်းအကျယ် ရှိစိတ်/ မရှိစိတ်

ပါဒကဈာန်စသည်တို့၏အစွမ်းဖြင့် အရေအတွက်တိုးခြင်းသည် ကုသိုလ်နှင့် ဝိပါက်တို့ ၌သာဖြစ်ထိုက်သောကြောင့် ကုသိုလ်နှင့်ဝိပါက်တို့သည် အကျဉ်းအကျယ်ရှိသော စိတ်များတည်း။

အကုသိုလ်နှင့် ကြိယာတို့သည် အကျဉ်းအကျယ်မရှိသောစိတ်များတည်း။

သာဓက ။စိတ်၀၁ပိုဒ်-၄၃။

http://www.dhammadownload.com

အကြောင်းစိတ် အကျိုးစိတ်ခွဲခြားပုံ

ကုသိုလ်စိတ်အကျဉ်း (၂၁) ပါး, အကျယ် (၃၇) ပါးနှင့် အကုသိုလ်စိတ် (၁၂) ပါးတို့သည် အကြောင်းဖြစ်သောစိတ်များ တည်း။ ဝိပါက်စိတ် အကျဉ်း (၃၆) ပါး၊ အကျယ် (၅၂) ပါးတို့သည် အကျိုးဖြစ်သောစိတ်များတည်း။ ကြိယာစိတ် (၂၀) ပါးတို့သည် အကြောင်းအကျိုး (၂) မျိုးမှ လွတ်သောစိတ်များတည်း။

သင်္ဂြိဟ်ပထမပိုင်းဖြင့် ဝေဖန်ပြသော ပရမတ္ထတရား

သင်္ဂြိဟ်ပထမပိုင်းဖြင့် စိတ်ဟုဆိုအပ်သော ပရမတ္ထတရားတစ်မျိုးကိုသာဝေဖန်ပြဆိုပါသည်။

သာဓက ။ကုသလာဒိဘေဒတော စိတ္တံ ဧကဝိဓံ ဘဝတိ။

စိတ်ပိုင်းဆိုင်ရာ မြင်ကွင်းပြီးပြီ။

* * * * * *

http://www.dhammadownload.com

စိတ်ပိုင်းသရုပ်ခွဲအခြေခံလမ်းညွှန်ဇယား

	ဇာတိဟေတု				လေနာဟေတု					သမ္မယောဂ		သဒ္ဓါရုဟေတု		စာနဟေတု				
စိတ်အမျိုးအစား	အ ကု	ကု	ဝိ	ကြိ	သု	ဒု	ဟော	ဒေါ	ဥ	သမ္မ	ဝိပ္ပ	အ သဒ္ဓါ	သ သဒ္ဓါ	ပ	ဒု	တ	စ	မ
အကုသိုလ်	၁၂						၄	၂	၆	ဂ	၄	၅	၅					
အဟိတ်			၁၅	၃	၁	၁	၂		၁၄		၁ဂ							
ကာ–သောဘန		ဂ	ဂ	ဂ			၁၂		၁၂	၁၂	၁၂	၁၂	၁၂					
ကာမ	၁၂	ဂ	၂၃	၁၁	၁	၁	၁ဂ	၂	၃၂	၂ဂ	၃၄	၁ဂု	၁ဂု					
ရူပါဝစရ		၅	၅	၅			၁၂		၃	၁၅				၃	၃	၃	၃	၃
အရူပါဝစရ		၄	၄	၄					၁၂	၁၂								၁၂
မဟဂ္ဂုတ်		၉	၉	၉			၁၂		၁၅	၂ဂု				၃	၃	၃	၃	၁၅
လောကီ	၁၂	၁ဂု	၃၂	၂ဂ	၁	၁	၃ဂ	၂	၄ဂု	၄ဂု	၃၄	၁ဂု	၁ဂု					
ကုတ်ကျဉ်း		၄	၄				ဂ											
။ ကျယ်		၂ဂ	၂ဂ				၃၂	ဂ	၄ဂ					ဂ	ဂ	ဂ	ဂ	ဂ
စိတ်ကျဉ်း	၁၂	၂၁	၃၆	၂ဂ	၁	၁	၃ဂ	၂	၄ဂု	၄ဂု	၃၄							
။ ကျယ်	၁၂	၃ဂု	၅၂	၂ဂ	၁	၁	၆၂	၂	၅၅	ဂဂု	၃၄	၁ဂု	၁ဂု	၁၁	၁၁	၁၁	၁၁	၂၃

http://www.dhammadownload.com

ဓေါဟာရလမ်းညွှန်

သောမနဿ = နှစ်သက်ဝမ်းမြောက်စွာ၊

ဥပေက္ခာ = ဝမ်းမြောက်မှု,စိတ်ဆိုးမှုမပါ (မျှတစွာ)၊

ဒိဋ္ဌဂတသမ္ပယုတ် = သံသရာအပြစ်မရှိဟုယူဆ (အမြင်အကြားနိမိတ်ကိုယုံကြည်)၊

ဒိဋ္ဌဂတဝိပ္ပယုတ် = သံသရာပြစ်ရှိမှန်းသိ (အမြင်အကြားနိမိတ်ကိုမယုံ)၊

အသင်္ခါရိက = တိုက်တွန်းမှုမဖက်(ပင်ကိုယ်သဘောအားဖြင့်အားတက်သရောရှိ)၊

သသင်္ခါရိက = တိုက်တွန်းမှုကြောင့်ပြုရ (အားတက်သရောမရှိလှ)၊

ဉာဏသမ္ပယုတ် = ကံ, ကျိုးသိမြင် ဉာဏ်နှင့်ယှဉ်၊

ဉာဏဝိပ္ပယုတ် = ကံ, ကျိုးမမြင် ဉာဏ်မယှဉ်၊

စိတ်ပိုင်းဓေါဟာရလမ်းညွှန်ဆိုင်ရာပြီးပြီ။

http://www.dhammadownload.com

စေတသိကဝိုဂ်း

စိတ်ယှဉ်စေတသိက်ယှဉ်လက္ခဏာ

သက်ဆိုင်ရာစိတ်နှင့် စေတသိက်တို့ ယှဉ်တွဲမှုဖြစ်နိုင်ရန် လိုအပ်သော စေတသိက် (သမ္မယောဂ + စေတောယုတ္တ) လက္ခဏာများကား. . .

(၁) စိတ်နှင့်ပြိုင်တူဖြစ်ခြင်း၊ (၂) စိတ်နှင့်ပြိုင်တူချုပ်ခြင်း၊ (၃) စိတ်နှင့်အာရုံတစ်ခုတည်းတူခြင်း၊ (၄) စိတ်နှင့်မှီရာတစ်ခုတည်းတူခြင်း တို့ဖြစ်ပါသည်။

သာဓက ။ **စေတသိက်စာပို၌-၁။**

ကမ္မဇရုပ်, စိတ္တဇရုပ်တို့ စေတသိက်မမည်ခြင်းအကြောင်း

ကမ္မဇရုပ်, စိတ္တဇရုပ်တို့သည် စိတ်နှင့်ပြိုင်တူ ဖြစ်သော်လည်း စိတ်နှင့် ပြိုင်တူမချုပ်ဘဲ စိတ္တက္ခဏ (၁၇) ချက်ကြာမှ ချုပ်ကြသောကြောင့် ဧကနိရောဓ မဖြစ်၍ စေတောယုတ္တမဖြစ်နိုင်, စေတသိက်မမည်နိုင်ပါ။

သာဓက ။ **စေတသိက်စာပို၌-၁ နှင့် ဝိထိစာပို၌-၉။**

ဝိညတ်ဒွေးစေတသိက်မမည်ခြင်းအကြောင်း

ဝိညတ်ဒွေးသည် စိတ်နှင့်ပြိုင်တူဖြစ်, ပြိုင်တူချုပ်သော်လည်း အာရုံကိုမယူနိုင်သည့် အနာရမ္မဏတရားဖြစ်သောကြောင့် ဧကာလမ္ဗဏမဖြစ်၍ စေတောယုတ္တမဖြစ်နိုင်, စေတသိက်မမည်နိုင်ပါ။

သာဓက ။ **စေတသိက်စာပို၌-၁ နှင့် သဗ္ဗဥ္ဉူ ပနေတံ ရူပံ (ပ) အနာရမ္မဏံ၊ ရူပ်စာပို၌-၁၈။**

စေတသိက်မည်ပုံ

စိတ်၌ယှဉ်ကပ်တွဲစပ်၍ (စိတ်ကိုခြယ်လှယ်လျက်) ဖြစ်တတ်သောကြောင့် စေတသိက်မည်ပါသည်။ သရုပ်အားဖြင့် (၅၂) ပါးရှိပါသည်။

သာဓက ။ **စေတောယုတ္တာ ဒွိပညာသ၊ ဓမ္မာ စေတသိကာ မတာ်ာ။**

http://www.dhammadownload.com

စိတ်နှင့် ဖြစ်ပျက်တူနာမ်

စိတ်နှင့် အဖြစ်လည်းတူ, အပျက်လည်းတူသောနာမ်တရားကား စေတသိက်ဒွေး ပညာသ ဖြစ်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၁။**

အမှီခံနာမ်နှင့်အမှီနာမ်

မှီအပ်သော အမှီခံနာမ်ကား စိတ်ဖြစ်ပါသည်။ မှီတတ်သော အမှီနာမ်ကား စေတသိက် ဖြစ်ပါသည်။

သာဓက ။ **စေတောယုတ္တာ ဒွိပညာသ၊ ဓမ္မာ စေတသိကာ မတာ။**
တေသံ စိတ္တာဝိယုတ္တာနံ။

စေတသိက် လက္ခဏာ လေးပါးကို နိယတ,အနိယတခွဲခြားပုံ

မှီရာဝတ္ထုရုပ်ရှိသော ကာမရူပ (ပဉ္စဝေါကာရ) ဘုံတို့၌သာ စေတသိက်လက္ခဏာ လေးပါးလုံးပြည့်စုံနိုင်သည်။

မှီရာဝတ္ထုရုပ် မရှိသောအရူပ(စတုဝေါကာရ)ဘုံ၌ကား ဧကုပ္ပါဒ စသော ရှေးလက္ခဏာ သုံးပါးနှင့်သာ ပြည့်စုံနိုင်ပြီး ဧကဝတ္ထုက လက္ခဏာမဖြစ်နိုင်ပါ။

ထိုကြောင့် ဧကုပ္ပါဒ စသော ရှေးလက္ခဏာသုံးပါးသည် နိယတလက္ခဏာ၊ ဧကဝတ္ထုက လက္ခဏာသည် အနိယတလက္ခဏာဟု ခွဲခြားရပါမည်။

သာဓက ။ **ပဏာမ်း စာပိုဒ် ၆၅၊ ၆၆၊ ၆၇။**

သမ္မယောဂ လက္ခဏာ လေးပါးလုံးပင် မဖြစ်နိုင်သောဘုံ

အသညသတ် (ဧကဝေါကာရ) ဘုံ၌ စိတ်မရှိသောကြောင့် စိတ်၌ယှဉ်ကပ် တွဲစပ်၍ ဖြစ်ရသော စေတသိက်များသည်လည်း မဖြစ်နိုင်၍ အသညသတ်ဘုံ၌ သမ္မယောဂလက္ခဏာ လေးပါးလုံးပင် မဖြစ်နိုင်ပါ။

သာဓက ။ **စေတသိက် စာပိုဒ် -၁၊ ဝိထိ စာပိုဒ်-၅၃။**

http://www.dhammadownload.com

လူနတ် ဗြဟ္မာတို့၏ သန္တာန်၌ သဒ္ဓါစသော သမ္မယောဂ လက္ခဏာချင်း မတူညီနိုင်

ပဉ္စဝေါကာရဘုံတို့၌ မှီရာဝတ္ထုရုပ်များ ရှိပြီး စတုဝေါကာရဘုံတို့၌ကား မှီရာဝတ္ထုရုပ် မရှိ၍ ပဉ္စဝေါကာရဘုံတွင် ပါဝင်သော လူ,နတ်နှင့် (အသညသတ် ကြဉ်သော)ရူပဗြဟ္မာတို့၌ ဖြစ်သော သဒ္ဓါစသော တရားတို့သည် ဧကဝတ္ထုက သမ္မယောဂ လက္ခဏာမဖြစ်နိုင်ပါ။ ထိုကြောင့် လူ, နတ်, ဗြဟ္မာတို့၏ သန္တာန်၌ ဖြစ်သော သဒ္ဓါစသော တရားတို့၏ သမ္မယောဂလက္ခဏာချင်း မတူညီနိုင်ဟု မှတ်ရပါမည်။

သာဓက ။ **ပကိဏ်း စာပိုဒ်-၆၅၊ ၆၆၊ ၆၇။**

လူသေကောင်မှာ သရဏဂုံတင်၍မရပါ

စေတသိက်တို့သည် စိတ်နှင့်ကင်း၍ မဖြစ်နိုင်သောကြောင့် စိတ်မရှိတော့သော လူသေကောင်၌ ယုံကြည်မှုသဒ္ဓါ၊ အောက်မေ့ အမှတ်ရမှုသတိ (စေတသိက်) တို့ကို အခြေခံသော သရဏဂုံတင်မှု မပြုနိုင်ပါ။ သရဏဂုံ တင်၍မရပါ။

သာဓက ။ **စေတောယုတ္တာ ဒ္ဝိပညာသ၊ ဓမ္မာ စေတသိကာ၊ တေသံ စိတ္တာ ဝိယုတ္တာန်။ ဝစနဝသေန ပစ္စုပ္ပန္နဘဝပရိယောနဘူတံ စုတိစိတ္တံ ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈတိ။ ဝိထိမုတ် စာပိုဒ် -၉၁။**

မှတ်ရန် ။ **ဗုဒ္ဓဘာသာဝင်တို့၏ သရဏဂုံတင်မှုကား သေသူအတွက်ရည်စူး၍ ပြုသော ကုသိုလ်ဇောထက်သန်ရန် ကျန်ရစ်သူကုသိုလ်ရှင်များအပေါ် သရဏဂုံတင်ခြင်းသာဖြစ်သည်ဟု အထူးသတိပြုမှတ်ပါ။**

စေတသိက်ပင်မအုပ်စု ရာသီသုံးခု

ကောင်းစိတ်, မကောင်းစိတ်နှစ်မျိုးလုံးနှင့် လိုက်လျောညီထွေ ယှဉ်တွဲဖြစ်ပေါ်လေ့ရှိသော အညသမာန်းစေတသိက် (၁၃) ပါး၊ မကောင်းစိတ်နှင့်သာ ယှဉ်တွဲဖြစ်ပေါ်လေ့ရှိသော အကုသိုလ်စေတသိက် (၁၄) ပါး၊ ကောင်းစိတ်နှင့်သာ ယှဉ်တွဲဖြစ်ပေါ်လေ့ရှိသော သောဘန စေတသိက် (၂၅) ပါးဟူ၍ စေတသိက်ပင်မအုပ်စု (ရာသီ) သုံးခုရှိပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၉၊ ၁၁။**

* * * * * * *

http://www.dhammadownload.com

အညသမာနိုးဧဒေတသိက်မြင်ကွင်း

သဗ္ဗစိတ္တသာဓါရဏ ဧစေတသိက်တို့၏ဥပမာနှင့်လက္ခဏာများ

ဖဿ = ချဉ်သီးစားသည်ကိုမြင်၍ သွားရည်ယိုခြင်းစသည်ကဲ့သို့ အာရုံကိုတွေ့ထိခြင်းသဘော။

ဝေဒနာ = အရသာကောင်းကို အစိုးတရခံစားသော မင်းကဲ့သို့အာရုံ၏(အခြင်းအရာ)အရသာကို ခံစားခြင်းသဘော၊

သညာ = လက်သမားခဲမှတ်ကဲ့သို့ အာရုံ၏သဘောကိုမှတ်သားခြင်း, အမှတ်ပြု၍သိခြင်းသဘော၊

စေတနာ = တပည့်ကြီး, လက်သမားကြီး, လယ်ပိုင်ရှင်, ဗိုလ်မှူးတို့ကဲ့သို့ အာရုံ၌ သမ္မယုတ်တရားတို့ကို စေ့စပ်သေချာအောင် နှိုးဆော်ခြင်းသဘော၊

ဧကဂ္ဂတာ = လေငြိမ်သောအရပ်၌ရှိသည့် မီးတောက်မီးလျှံကဲ့သို့ တစ်ခုတည်း သောအာရုံရှိသည်ဖြစ်၍ တည်ကြည်ခြင်း, မပျံလွင့်ခြင်းသဘော၊

ဇီဝိတိန္ဒြေ = ကြာစသည်ကိုစောင့်ရှောက်သော ရေကဲ့သို့ ယှဉ်ဘက်နာမ်တရားတို့ကိုစောင့်ရှောက်ခြင်း, အစိုးရခြင်းသဘော၊

မနသိကာရ = အာဇာနည်မြင်းတို့ကို ယှဉ်စပ်ပေးသော ရထားထိန်းကဲ့သို့ စိတ်ထဲ၌အာရုံပေါ်လာအောင်ပြုပေးခြင်း, အာရုံ၌နှလုံးသွင်းခြင်းသဘော၊

ပကိဏ်းဧစေတသိက်တို့၏ ဥပမာနှင့် လက္ခဏာများ

ဝိတက္က = မင်းထံပို့ပေးသော မင်းကျွမ်းဝင်သူ, ဦးစွာမြည်သော ခေါင်းလောင်းသံ, ကောင်းကင်ပျံတက်သော ငှက်၏အတောင်ခတ်ခြင်းကဲ့သို့ သမ္မယုတ်တရားတို့ကို အာရုံသို့ ရှေ့ရွှေတင်ပေးခြင်း, ကြံစည်ခြင်းသဘော၊

ဝိစာရ = ဆက်လက်မြည်သော ခေါင်းလောင်းငြီးသံ, ကောင်းကင်ပျံတက်သော ငှက်၏ အတောင်ဆန့်တန်းရစ်ဝဲခြင်းကဲ့သို့ အာရုံ၌ သမ္မယုတ်တရားတို့ကို သုံးသပ်စေခြင်းသဘော၊

http://www.dhammadownload.com

အဓိမောက္ခ = မြဲခိုင်သောတံခါးတိုင်, ကျောက်စာတိုင်ကဲ့သို့ အာရုံကိုဆုံးဖြတ်ခြင်းသဘော၊

ဝီရိယ = အိမ်အိုကိုကျားကန်ပေးသောထောက်တိုင်, နွားလားဥသဘကဲ့သို့ အားထုတ်ခြင်း, ကြိုးစားခြင်းသဘော၊

ပီတိ = ခရီးပန်းနေသူအား အရိပ်နှင့်ရေကိုတွေ့ရ၍ ချမ်းသာမခံစားရမီ ရှေးဦးနှစ်သက်ခြင်းကဲ့သို့ အာရုံကိုနှစ်သက်သဘောကျခြင်းသဘော၊

ဆန္ဒ = ပစ်ဘို့မြားကို နှိုက်ယူသော လေးသမားကဲ့သို့ ပြုလိုကာမျှ ဖြစ်သောသဘော၊

ဆောင် * **တွေ့ထိတရား၊ ဖဿထား‌လော့၊ ခံစား-ဝေဒနာ၊ မှတ်-သညာတည်း၊ စေတနာတွက်၊ စေ့ဆော်ချက်နှင့်၊ ဧကဂ္ဂတာ၊ တည်ငြိမ်စွာသား၊ မကွာနာမ်သက်၊ ဇီဝိန်ဆက်၍၊ မပျက်မပြုန်း၊ နှလုံးသွင်းကို၊ မနသိဆို၏၊ ထိထိကြုံစည်၊ ဝိတက်မည်ရှင့်၊ အလီလီသုံးသပ်၊ ဝိစာရမှတ်လော့၊ ဆုံးဖြတ်-ဓိမောက်၊ ရဲစွမ်းရောက်က၊ ဝီရိယဟု၊ အားရနှစ်သက်၊ ပီတိဆက်၍၊ သက်သက်အာရုံ၊ ပြုလိုရုံမျှ၊ ဆန္ဒသဘော၊ ကောင်း, ဆိုးရောသည်၊ မှတ်လော တစ်ဆယ့်သုံးပါးတည်း။**

သဗ္ဗစိတ္တသာဓာရဏာစေတသိက်မည်ပုံ

စိတ်အားလုံးနှင့် ယှဉ်နိုင်, စိတ်ဖြစ်တိုင်းပါဝင်နိုင်သောကြောင့် သဗ္ဗစိတ္တသာဓာရဏာစေတသိက်မည်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၂၊ ၁၂ နှင့် သတ္တ သဗ္ဗတ္ထ ယုဇ္ဇန္တိ။**

ပကိဏ်းစေတသိက်မည်ပုံ

စိတ်အားလုံးနှင့် မယှဉ်ဘဲ သောဘနစိတ်၌တစ်ချို့တစ်ဝက်, အသောဘနစိတ်၌ တစ်ချို့တစ်ဝက် ရောပြွမ်းလျက် ယှဉ်တတ်သောကြောင့် ပကိဏ်းစေတသိက်ဟုခေါ်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၃၊ ၁၃ စသည်နှင့် ယထာယောဂံ ပကိဏ္ဏကာ။**

http://www.dhammadownload.com

အညသမာန်းစေတသိက်မည်ပုံ

သောဘနစိတ်၌ယှဉ်ခိုက် အသောဘနစိတ်မှတစ်ပါး သောဘနစိတ်နှင့် တူသည်၏အဖြစ်, အသောဘနစိတ်၌ ယှဉ်ခိုက် သောဘနစိတ်မှတစ်ပါး အသောဘနစိတ်နှင့် တူသည်၏အဖြစ် (အကောင်းအဆိုးနှစ်မျိုးလုံးနှင့် လိုက်လျောညီထွေ ဖြစ်လေ့ရှိသော) ကြောင့် အညသမာန်း စေတသိက်မည်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၄နှင့် သတ္တ သဗ္ဗတ္ထ ယုဇ္ဇန္တိ၊ ယထာယောဂံပကိဏ္ဏကာ။**

အညသမာနာဒ္ဓ အပါဒါန်နှင့် အပါဒါနိ

သောဘနစိတ်၌ယှဉ်ခိုက် အသောဘနစိတ်သည် အညသမာနာဒ္ဓ အညဓ၏အပါဒါန်တည်း။ သောဘနစိတ်သည် အပါဒါနိဖြစ်သောအညဓ၏အရုတည်း။ အသောဘနစိတ်၌ ယှဉ်ခိုက် သောဘနစိတ်သည် အညသမာနာဒ္ဓ အညဓ၏အပါဒါန်တည်း။ အသောဘနစိတ်သည် အပါဒါနိ ဖြစ်သော အညဓ၏အရုတည်း။

မှတ်ရန် ။ **ပုဂံပြည် နရသီဟပတေ့မင်းလက်ထက် အသက် (၆၀) ကျော်မှ စာသင်သော ဦးကျည်ပွေ့ကို စာတတ်, မတတ် စုံစမ်းမေးမြန်းကြသော ကျမ်းဂန်တတ် ဆရာတော်တို့အား အညသမာန်းစေတသိက်၌ အညဓ၏ အပါဒါန်ခံပြကြရန် ဦးကျည်ပွေ့က ပြန်၍လျှောက်ထားရာ မခံတတ်ဘဲရှိသဖြင့် အရှက်ကွဲကြဘူး လေသည်ဟု ဂဏ္ဌိ၌ဆိုထား၏။**

ခံစားမှုဝေဒနာကိုယ်စီရှိကြပါသည်

ဝေဒနာသည် စိတ်အားလုံးနှင့် ယှဉ်နိုင်သော သဗ္ဗစိတ္တသာဓာရဏစေတသိက် ဖြစ်သောကြောင့်၄င်း၊ အမြဲယှဉ်သော နိယတယောဂီ စေတသိက်ဖြစ်သောကြောင့်၄င်း၊ အသည်သတ် ဖြတ်မှုတစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါတိုင်း၏ စိတ်အစဉ်မှာ ခံစားမှုဝေဒနာကိုယ်စီ ရှိကြပါသည်။

သာဓက ။ **စေတသိက်စာပိုဒ် -၃၂၊ ၃၃၊ ၃၄။**

http://www.dhammadownload.com

အကုသိုလ်စေတသိက်မြင်ကွင်း

အကုသိုလ်စေတသိက်တို့၏ ဥပမာနှင့် သဘောလက္ခဏာများ

မောဟ = အမိုက်မှောင်ကဲ့သို့ အာရုံ၏သဘောမှန်ကို ဖုံးလွှမ်းခြင်း, မိုက်မဲတွေဝေခြင်း သဘော၊

အဟိရိက = မစင်စားရမှာ မရှက်သော ရွာဝက်ကဲ့သို့ ဒုစရိုက်မှမရှက်ခြင်းသဘော၊

အနောတ္တပ္ပ = မီးကိုမကြောက်လန့်သော ပိုးဖလံကဲ့သို့ ဒုစရိုက်မှ မကြောက်လန့်ခြင်းသဘော

ဥဒ္ဓစ္စ = ကျောက်ခဲပစ်ချမှုကြောင့် လွှင့်တက်သောပြာမှုန့်, လေတိုက်သော တံခွန်ကဲ့သို့ စိတ်မငြိမ်သက်ခြင်း, ပျံ့လွှင့်ခြင်းသဘော၊

လောဘ = မျောက်နှဲစေးကဲ့သို့ လောကီအာရုံကာမဂုဏ်၌ လိုချင်တပ်မက်ခြင်းသဘော၊

ဒိဋ္ဌိ = မျက်စိလည်, လမ်းမှားသူကဲ့သို့ အယူမှားခြင်းသဘော၊

မာန = အလံ, တံခွန်, မှန်ကင်းကဲ့သို့ ထောင်လွှားတက်ကြွဘဝင်မြင့်ခြင်းသဘော၊

ဒေါသ = ပုတ်ခတ်ခံရသောမြွေ,တောမီးကဲ့သို့ ကြမ်းတမ်းခက်ထန်ပူလောင်ခြင်းသဘော၊

ကွသာ = မီးတောက်, မီးလျှံကဲ့သို့ သူတစ်ပါးစည်းစိမ်ချမ်းသာကို ငြူစူခြင်း, မနာလို မရှုစိမ့်ခြင်းသဘော၊

မစ္ဆရိယ = ခဲ၊, စပ်သောအရသာကဲ့သို့ မိမိစည်းစိမ်ကို နှမြောဝန်တိုလျှို့ဝှက်ခြင်းသဘော

ကုက္ကုစ္စ = တာဝန်မကျေပွန်သဖြင့် ပူပန်နေသူကဲ့သို့ပြုအပ်ပြီးသော ဒုစရိုက်, မပြုလိုက်မိသော သုစရိုက်တို့ကို အာရုံပြု၍ အဖန်တလဲလဲစိုးရိမ်ခြင်း, ဝမ်းနည်းတသနောင်တရခြင်းသဘော၊

ထိန = နေထိသောကြာ, ပျင်းရိသူကဲ့သို့ စိတ်မရွှင်လန်းခြင်း, လေးလံထုံထိုင်းခြင်းသဘော၊

မိဒ္ဓ = မီးထိသောကြာ, အားအင်ခိုနဲ့သူလူမမာကဲ့သို့ ယှဉ်ဘက်စေတသိက်များမရွှင်လန်းခြင်း, ငေးငိုင်မှိုင်းတိုင်းတိုင်းဖြစ်ခြင်းသဘော၊

ဝိစိကိစ္ဆာ = လမ်းဆုံ, လမ်းခွရောက်နေပြီး မဝေခွဲနိုင်သူကဲ့သို့ ဘုရား, တရားစသော အာရုံ၌ ယုံမှားသံသယဖြစ်ခြင်းသဘော၊

http://www.dhammadownload.com

ဆောင် * မသိတတ်ဘိ၊ မောဟသိလေ့၊ အဟိရိက၊ မရှက်စွတည့်၊ နောတ္တပ္ပမူ၊ မလန့်ဟူ၏၊ မှတ်ယူပုံ့လျက်၊ မငြိမ်သက်ထ၊ ဥဒ္ဓစ္စနှင့်၊ လောဘသဘော၊ လိုချင်ဟော၍၊ မှားသောအမြင်၊ ဒိဋ္ဌိတွင်သား၊ မာနကားမူ၊ ထောင်လွှားကြွတက်၊ ဒေါသတွက်ကြောင့်၊ ခက်ခက်ထန်ထန်၊ ကျသာလျှံမူ၊ လွန်ဥူစူ၏၊ ပြောထူ မစ္ဆေ၊ ဝန်တိုလေသတဲ့၊ တစ်ထွေမှတ်ကြ၊ ကုက္ကုစ္စကား၊ နောင်တတစ်ဖန်၊ ပူပန်ထန်ပြင်း၊ ထိုင်းခြင်း-ထိန၊ မှိုင်း-မိဒ္ဓနှင့်၊ ဗုဒ္ဓစသည့်၊ ယုံမှားဘိမူ၊ ဝိစိကိစ္ဆာ၊ ဆယ့်လေးဖြာသည်၊ မှန်စွာအကုသိုလ်ချည်းတည်း။

အကုသိုလ်စေတသိက်မည်ပုံ

အကုသိုလ်စိတ်တို့၌သာလျှင် ယှဉ်တွဲဆက်ဆံလေ့ရှိသောကြောင့် မောဟစသည်တို့သည် အကုသိုလ်စေတသိက်မည်ပါသည်။

သာဓက ။ (လုံရင်း) စုဒ္ဓသာကုသလေသွေဝ။ (အကျယ်) စေတသိက်စာပိုဒ်-၂၇။

* * * * * * *

သောဘနစေတသိကပြဋိကထာ

သောဘနသာဓါရဏစေတသိက်တို့၏ ဥပမာနှင့် လက္ခဏာများ

သဒ္ဓါ = ရေကိုကြည်စေတတ်သော ပတ္တမြား, လက်, ဥစ္စာ, မျိုးစေ့တို့ကဲ့သို့ ရတနာသုံးတန် ကံ, ကံ၏အကျိုးတရားတို့ကို ယုံကြည်ခြင်းသဘော၊

သတိ = တံခါးစောင့်, ဘဏ္ဍာစိုးကဲ့သို့ ဘုရားစသော ကောင်းသောအာရုံကို အောက်မေ့အမှတ်ရခြင်းသဘော၊

ဟိရီ = မိမိဂုဏ်ကိုထိန်းသော အမျိုးကောင်းသမီးကဲ့သို့ ဒုစရိုက်မှ ရှက်ခြင်းသဘော၊

ဩတ္တပ္ပ = ကိုယ်ဝန်တည်မှာကိုကြောက်သော ပြည့်တန်ဆာမကဲ့သို့ ဒုစရိုက်မှ ကြောက်လန့်ခြင်းသဘော၊

အလောဘ = ရေမတင်သော ပိန်းကြာဖက်, ကိလေသာမှလွတ်ပြီးသော ရဟန္တာကဲ့သို့ လောကီအာရုံကာမဂုဏ်ကို မလိုချင်, မတပ်မက်ခြင်းသဘော၊

အဒေါသ = လိုက်လျောတတ်သောမိတ်ဆွေ, အေးမြသောစန္ဒကူးနှံ့သာရေကဲ့သို့ မကြမ်းတမ်း, မခက်ထန်ခြင်းသဘော၊

http://www.dhammadownload.com

တတြမဇ္ဈတ္တတာ = အညီအမျှသွားနေသောမြည်းများအပေါ်၌ ကြောင့်ကြမစိုက်, လျစ်လျူရှုနေ သောရထားထိန်းကဲ့သို့ ထိုထိုအာရုံ၌ သမ္မယုတ်တရားတို့ကို လျစ်လျူရှုခြင်း သဘော၊

ကာယပဿဒ္ဓိ = စမ်းရေ၌ချထားအပ်သောငါးကဲ့သို့ စေတသိက်အပေါင်း၏ ငြိမ်းအေးခြင်း သဘော၊

စိတ္တပဿဒ္ဓိ = စမ်းရေ၌ချထားအပ်သောငါးကဲ့သို့ စိတ်၏ ငြိမ်းအေးခြင်းသဘော၊

ကာယလဟုတာ (စိတ္တလဟုတာ) = လေ၌လွင့်သောဝါဂွမ်းကဲ့သို့ ဇေတသိက်အပေါင်း (စိတ်) ၏ပေါ့ပါးလျင်မြန် ခြင်းသဘော၊

ကာယမုဒုတာ (စိတ္တမုဒုတာ) = အညစ်အကြေးကင်းအောင် မိုက်ထုတ်ပြီးသောရွှေစင်ကဲ့သို့ စေတသိက် အပေါင်း (စိတ်) ၏ နူးညံ့ခြင်းသဘော၊

ကာယကမ္မညတာ (စိတ္တကမ္မညတာ) = လက်ဝတ်တန်ဆာလုပ်ရန် အဆင်သင့်ဖြစ်အောင် အပူပေးထားသော ရွှေ စင်ကဲ့သို့ စေတသိက်အပေါင်း (စိတ်) ၏ကောင်းမှုဒ္ဓိခန့်ညားခြင်းသဘော၊

ကာယပါဂုညတာ (စိတ္တပါဂုညတာ) = ရေနက်ထဲရောက်နေသော မိကျောင်းကဲ့သို့ စေတသိက်အပေါင်း (စိတ်) ၏ နာကျင်မှုမှ လွတ်ငြိမ်းခြင်း, ကျန်းမာခြင်းသဘော၊

ကာယုဇုကတာ (စိတ္တုဇုကတာ) = လေးသမားကောင်းပစ်အပ်သော မြားကဲ့သို့ စေတသိက်အပေါင်း (စိတ်)၏ ဖြောင့်မတ်ခြင်းသဘော၊

သောဘနသာဓာရဏစေတသိက်မည်ပုံ

သောဘနစိတ်အားလုံးတို့၌ ယှဉ်တွဲဆက်ဆံလေ့ရှိသောကြောင့် သဒ္ဓါစသည်တို့သည် သောဘနသာဓာရဏစေတသိက်မည်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၆၊ ၂၈။**

ရိုးသားဖြောင့်မတ်သူများပေါ်ထွန်းရေးနည်းလမ်း

ကာယုဇုကတာ, စိတ္တုဇုကတာ စေတသိက်တို့သည် ကုသိုလ်စိတ်နှင့် အမြဲယှဉ်တွဲဖြစ်ပေါ်လေ့ရှိသောကြောင့် လူ့လောကဝန်းကျင်၌ ကိုယ်ရောစိတ်ပါ ရိုးသားဖြောင့်မတ်သူများပေါ်ထွန်းလာရေးအတွက် ကုသိုလ်ရေးဘက်၌ ဆောင်ရွက်လိုစိတ် ရှိသူများဖြစ်လာအောင် ကာယုဇုကတာ, စိတ္တုဇုကတာစေတသိက်များ ဖြစ်ပွားဘို့ ဦးစားပေးဆောင်ရွက်သင့် ပါသည်။

သာဓက ။ **ကာယုဇုကတာ, စိတ္တုဇုကတာလက္ခဏာနှင့် စေတသိက်စာပိုဒ်-၂၈။**

http://www.dhammadownload.com

တရားအားထုတ်ခြင်းသည် ကျန်းမာရေးကို အထောက်အကူပြု

ကာယပါဂုညတာ, စိတ္တပါဂုညတာ စေတသိက်တို့သည် ကုသိုလ်စိတ်နှင့် အမြဲယှဉ်တွဲဖြစ်ပေါ်လေ့ရှိသောကြောင့် ကုသိုလ်ကောင်းမှုပြုလုပ်တရားအားထုတ်ခြင်းသည် ကိုယ်ရောစိတ်ပါ ကျန်းမာမှုအတွက် အထောက်အကူဖြစ်စေနိုင်ပါသည်။

သာဓက ။ **ကာယပါဂုညတာ, စိတ္တပါဂုညတာလက္ခဏာနှင့် စေတသိက်စာပိုဒ်-၂၈။**

ဘိုးတော်စသည်ကိုယုံကြည်ခြင်းသည် သဒ္ဓါအတု

ရတနာသုံးတန်အစစ်အမှန်နှင့် ကံ, ကံ၏အကျိုးတရားကို ယုံကြည်ခြင်းသည်သာ သဒ္ဓါအစစ်ဖြစ်သောကြောင့် ဘုရားတု, ဘုရားယောင်၊ ဘိုးတော်၊ ဗေဒင်၊ နတ်ကတော် စသည်တို့ကို အားကိုးယုံကြည်ခြင်းသည် သဒ္ဓါအစစ်မဟုတ်။ မှားယွင်းစွာဆုံးဖြတ်မှု မိစ္ဆာဓိမောက္ခခေါ် သဒ္ဓါအတုသာဖြစ်ပါသည်။

မင်းစကားကို ငါယုံတယ်ဆိုရာ၌ ဖြစ်ထိုက်သော စေတသိက်

မင်းစကားကို ငါယုံတယ်ဟုဆိုရာ၌ ပြောစကားကိုယုံသင့်, မယုံသင့် ဆုံးဖြတ်သောအဆင့်မျှသာဖြစ်သောကြောင့် သဒ္ဓါမဖြစ်ထိုက်ပါ။ အဓိမောက္ခစေတသိက်သာ ဖြစ်ထိုက်ပါသည်။

ဝိရတိစေတသိက်တို့၏ ဥပမာနှင့် လက္ခဏာများ

သမ္မာဝါစာ = သံတွေခဲရဲရဲကြီးကို မကိုင်ဝံ့သူကဲ့သို့ အသက်မွေးဝမ်းကျောင်းနှင့် မသက်ဆိုင်သော ဝစီဒုစရိုက် (၄) ပါးမှရှောင်ကြဉ်ခြင်းသဘော၊

သမ္မာကမ္မန္တ = မစင်ပေသောအရာကို မကိုင်ဝံ့သူကဲ့သို့ အသက်မွေးဝမ်းကျောင်းနှင့် မသက်ဆိုင်သော ကာယဒုစရိုက် (၃) ပါးမှရှောင်ကြဉ်ခြင်းသဘော၊

သမ္မာအာဇီဝ = အဆိပ်သီးကိုမစားဝံ့သူကဲ့သို့ အသက်မွေးဝမ်းကျောင်းနှင့် သက်ဆိုင်သော ဝစီဒုစရိုက် (၄) ပါး၊ ကာယဒုစရိုက် (၃) ပါးမှရှောင်ကြဉ်ခြင်းသဘော၊

http://www.dhammadownload.com

ဝိရတီစေတသိက်မည်ပုံ

ဝိရမိတဗ္ဗဝတ္ထုဟူသော မကောင်းမှုဒုစရိုက်တရားမှ ရှောင်ရှားတတ်သောကြောင့် သမ္မာဝါစာ စသည်တို့သည် ဝိရတီစေတသိက်မည်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၇၊ ၂၉။**

အပွမညာနှင့် ပညိန္ဒြေစေတသိက်တို့၏ ဥပမာနှင့် လက္ခဏာများ

ကရုဏာ = ရောဂါရနေသော သားကို မြင်ရသည့်မိဘကဲ့သို့ ဒုက္ခိသတ္တဝါပညတ်ကို အာရုံပြု၍ သနားခြင်းသဘော၊

မုဒိတာ = သားသမီး၏အောင်မြင်ပြည့်စုံမှုကို ဝမ်းမြောက်နေသော မိဘကဲ့သို့ သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော၊

ပညိန္ဒြေ = အလင်းရောင်, ဆီမီးရောင်စသည်ကဲ့သို့ အနိစ္စစသော အစွမ်းဖြင့် ထိုးထွင်း၍ သိမြင်ခြင်း, ပိုင်နိုင်စွာသိခြင်းသဘော၊

ဆောင် * **ကောင်းသည့်အာရုံ၊ အဖုံဖုံဝယ်၊ ယုံကြည်တတ်လေ့၊ သဒ္ဓါငွေ့တည်း၊ အောက်မေ့-သတိ၊ ဒုစရိုက်၊ ဟီရိ-ရှက်စ၊ လန့်-ဩတ္တပ္ပနှင့်၊ အလောဘလျှင်၊ မလိုချင်တည်း၊ ထို့ပြင်တစ်ဝ၊ အဒေါသထွက်၊ မခက်မထန်၊ ပညာဉာဏ်မူ၊ အမောဟဟူ၏၊ မှတ်ယူချစ်ငြား၊ မေတ္တာပွား၍၊ သနား-ကရုဏာ၊ ဝမ်းသာ-မုဒိ၊ ရှုသည့်လျစ်လျူ၊ ပေကွာပြုလေ့၊ သုံးခုသမွာ၊ ဝါစာ-ကမ္မ၊ အာဇီဝကာ၊ ကာယ, ဝစီ၊ မသတီပေါင်း၊ ရှောင်ကြဉ်ကြောင်းသည့်၊ စိတ်ကောင်းဖြစ်ရန် စေတသိက်တည်း။**

အပွမညာစေတသိက်မည်ပုံ

မည်သည့်သတ္တဝါဟု သတ်မှတ်ချက်မရှိလောက်အောင် ကျယ်ပြန့်သော သတ္တဝါပညတ်ကို အာရုံပြုသောကြောင့် ကရုဏာ, မုဒိတာတို့သည် အပွမညာစေတသိက်မည်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၈နှင့် အပွမညာ သတ္တပညတ္တိယံ ပဝတ္တန္တီ၊ ကမ္မဋ္ဌာန်းစာပိုဒ်-၃၅။**

http://www.dhammadownload.com

သောဘနစေတသိက်မည်ပုံ

လောဘစသော အပြစ်ကင်းသည့် သောဘနစိတ်တို့၌သာလျှင် ယှဉ်ထိုက်သည့်အား လျော်စွာ ယှဉ်တွဲဆက်ဆံလေ့ရှိသောကြောင့် သဒ္ဓါအစ ပညာန္ဒြေအဆုံးရှိသော စေတသိက် တို့သည် သောဘနစေတသိက်မည်ပါသည်။

သာဓက ။ **သောဘနေသ္ဌေ သောဘနာ။**

* * * * * * *

သမ္မယောဂနည်း မြင်ကွင်း

ဇာတိဘေဒနည်းအရ သမ္မယောဂနည်း (၄) နည်း

(၁) သဗ္ဗစိတ္တသာဓါရဏစေတသိက် (၇) ခုတို့သည် စိတ်အားလုံးတို့၌ယှဉ်ပုံ ၁ နည်း၊

(၂) ပကိဏ်းစေတသိက် (၆) ခုတို့သည် စိတ်အားလုံးတို့၌ ယှဉ်ထိုက်သည်အား လျော်စွာ ယှဉ်ပုံ ၁နည်း။

(၃) အကုသိုလ်စေတသိက် (၁၄) ခုတို့သည် အကုသိုလ်စိတ် (၁၂) ခုတို့၌သာလျှင် ယှဉ်ထိုက်သည်အားလျော်စွာ ယှဉ်ပုံ ၁ နည်း။

(၄) သောဘနစေတသိက် (၂၅) ခုတို့သည် သောဘနစိတ်တို့၌သာလျှင် ယှဉ်ထိုက်သည့် အားလျော်စွာ ယှဉ်ပုံ ၁ နည်းအားဖြင့် ဇာတိဘေဒနည်းအရ သမ္မယောဂနည်း အကျဉ်းချုပ် ၄ နည်းဖြစ်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၁၁။**

နာမ်ကလာပ်

စိတ္တကွဏ (၁) ခု, (၁) ခုအတွင်း၌အတူယှဉ်လျက် ဖြစ်ပေါ်ကြသော စိတ်, စေတသိက် နာမ်တရားတို့ကို နာမ်ကလာပ် (၁) ခုဟု ခေါ်နိုင်ပါသည်။ (**ဝိသုဒ္ဓိမဂ္ဂ မဟာဋီ-၃ ၂၃၅**)

* * * * * * *

http://www.dhammadownload.com

အညသမာန်းစေတသိကိသမ္ပယောဂနည်း

အညသမာန်းသမ္ပယောဂနည်း (၇) နည်းစေ့ပြီး

		ပကိဏ်းစေတသိက်					
ယှဉ်ရာစိတ်	သင်္ဂဟစိတ္တ	ဝိတက်	ဝိစာရ	အဓိမောက္ခ	ဝီရိယ	ပီတိ	ဆန္ဒ
အကုသိုလ် ၁၂	။	၁၂	၁၂	ဝိစိကြွင်း၁၁	၁၂	သော-၄	၁၀
အဟိတ် ၁၈	။	ပဉ္စဝိညာဉ် ကြွင်း ၈	ပဉ္စဝိညာဉ် ကြွင်း ၈	ပဉ္စဝိညာဉ် ကြွင်း ၈	မနောဒွါ ဟသိ ၂	သော-၂	
ကာ-သော ၂၄	။	၂၄	၂၄	၂၄	၂၄	သော-၁၂	၂၄
ရူပါဝစရ ၁၅	။	ပစ္စာန် ၃	ပစ္စာန် ၃, ဒုစ္စာန် ၃	၁၅	၁၅	ပ,ဒု,တ, သောဠ	၁၅
အရူပါဝစရ ၁၂	။			၁၂	၁၂		၁၂
လောကုတ္တရာ၈/၄၀	။	ပစ္စာန် ၈	ပ-၈, ဒု-၈	၈	၈	၂၄	၈
ယှဉ်- ၈၉/၁၂၁	။	၅၅	၆၆	၇၈	၇၃	၅၁	၆၉
မယှဉ်	။	၆၆	၅၅	၁၁	၁၆	၇၀	၂၀

သာဓက ။ **စေတသိက်စာပိုဒ်-၁၂ မှ ၁၈အထိ။**

စိတ်အမျှားဆုံးယှဉ်သော စေတသိက်

သင်္ဂဟစိတ္တ သာမာရဏာ စေတသိက် (၇) ပါးတို့သည် စိတ်အားလုံးတို့၌ ယှဉ်နိုင်သောကြောင့် စိတ်အမျှားဆုံးယှဉ် (စိတ်ဖြစ်တိုင်းပါဝင်) သော စေတသိက်များဖြစ်ကြပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၁၂။**

စိတ်မပါဝဲ မှတ်သားမှုမဖြစ်နိုင်

ဧစေတသိက်မှန်သမျှ စိတ်နှင့်ကင်း၍ မဖြစ်နိုင်သောကြောင့် စိတ်မပါဘဲ မှတ်သားမှု သညာစေတသိက် မဖြစ်နိုင်၍ မှတ်သားဆိုလို့သာ မှတ်လိုက်ရသည် စိတ်ကတော့မပါဟု ဆိုသော စကားသည် အမှားသာဖြစ်သည်။

သာဓက ။ **တသဲ့ စိတ္တာဝိယုတ္တာနံ။**

http://www.dhammadownload.com

စေတောပရိယညာဏ်သည် စေတသိက်ကိုပါ အာရုံပြု

စေတသိက်မှန်သမျှ စိတ်နှင့်ကင်း၍မဖြစ်နိုင်သောကြောင့် စိတ်ကိုပိုင်းခြား၍ သိတတ်သော စေတောပရိယညာဏ်သည် စိတ်ကိုသာမက စေတသိက်ကိုပါ အာရုံပြုသည်။

သာဓက ။ **တေသံ စိတ္တာ ဝိယုတ္တာနံ။**

စေတနာရှိသည့်ဆိုတိုင်း အကောင်းချည်းဟု မမှတ်ရ

စေတနာသည် စိတ်အားလုံးနှင့် ယှဉ်နိုင်သော သဗ္ဗစိတ္တသာဓာရဏ စေတသိက်ဖြစ်သောကြောင့် ကုသိုလ်စိတ်နှင့်ယှဉ်သော (ရည်ရွယ်ချက်) စေတနာရှိခြင်းသည်သာ ကောင်းမွန်သော စေတနာဖြစ်ပြီး၊ အကုသိုလ်စိတ်နှင့်ယှဉ်သော (ရည်ရွယ်ချက်)စေတနာရှိသည်ကား မကောင်းသော စေတနာဆိုးဖြစ်၍ စေတနာရှိသည်ဆိုတိုင်း အကောင်းချည်းသာဖြစ်သည်ဟု သတ်မှတ်၍မရပါ။

သာဓက ။ **စေတသိက် စာပိုဒ် ၁၂။**

မှတ်ရန် ။ **စေတနာကောင်း, စေတနာဆိုးကို ခွဲခြားမှတ်သားပြီး၊ ကျန်သော သဗ္ဗစိတ္တသာဓာရဏစေတသိက်တို့နှင့် ပတ်သက်ရာတို့၌လည်း ဤနည်းအတိုင်းသာ ကြံပါ။**

စိတ္တာပ္ပါဒ၏အရ

တေသံ (စိတ္တ ဝိယုတ္တာနံ) ဟူသောသမ္ဗန်ပုဒ်ဖြင့် စေတသိက်တို့ကို ကောက်ယူပြီး ဖြစ်သောကြောင့် (စေတသိက်ပိုင်း၌ပါသော) စိတ္တာပ္ပါဒေသုံ၌ စိတ္တာပ္ပါဒေ၏အရ စိတ်ကိုသာ ကောက်ယူရပါသည်။

သာဓက ။ **စေတသိက် စာပိုဒ် -၁။**

ကြံစည်မှုရှိလျှင် ဝေဖန်သုံးသပ်မှုပါရှိ

ကြံစည်မှု ဝိတက်ယှဉ်သော စိတ်မှန်သမျှ၌ ဝေဖန်သုံးသပ်မှု ဝိစာရ ယှဉ်နိုင်ဖြစ်နိုင်သော ကြောင့် ကြံစည်မှု ဝိတက်ရှိလျှင် ဝေဖန်သုံးသပ်မှု ဝိစာရပါရှိ၏။
(ကြံစည်မှုသာရှိ၍ ဝေဖန်သုံးသပ်မှု မရှိဟူသော စကားမမှန်။)

သာဓက ။ **စေတသိက် စာပိုဒ် -၁၃၊ ၁၄။**

http://www.dhammadownload.com

လူမှုန်လျှင် ကြံရင်းသေသည်

ကြံစည်မှု ဝိတက်သည် လူစသော ကာမသုဂတိ ခုနစ်ဘုံသားတို့၏ စုတိစိတ်ဟု ဆိုအပ် သော ကုသလဝိပါက် ဥပက္ခာသဟဂုတ် သန္တီရဏာဒ္ဒါရဏ်၊ မဟာဝိပါက်စိတ် ရှစ်ပါးဒ္ဒါရဏ်း အမြဲယှဉ်သော နိယတယောဂီ စေတသိက်ဖြစ်သောကြောင့် (ဌာက်မှန်လျှင် ပျံရင်းသေသည်။ လူမှုန်လျှင်ကြံရင်းသေသည်ဟု ပြောကြရာတွင်)လူမှုန်လျှင် ကြံရင်းသေသည်ဟူ သော စကားသည် အဘိဓမ္မာနည်းအရ မုချမှန်ပါသည်။

သာဓက ။ **စေတသိက် စာပိုဒ် -၁၃၊ ၃၃၊ ၃၄ နှင့် ဝိထိမုတ်ပိုင်း စာပိုဒ်-၁၇၊ ၁၈။**

အကြံမရှိသောအခါ

ကြံစည်မှု ဝိတက်သည် ဒွေပဉ္စဝိညာဏ် ၁၀ နှင့် ဒု၊ တ၊ စတုတ္ထစျာန် စိတ်တို့၌ မယှဉ်သော ကြောင့် မြင်သိစိတ်စက္ခုဝိညာဏ်စသော ဒွေပဉ္စဝိညာဏ် စိတ်တစ်မျိုးမျိုး ဖြစ်သောအခါ၌ ၎င်း၊ ဒု၊ တ၊ စတုတ္ထစျာန်စိတ်တို့ ဖြစ်သောအခါ၌၎င်း၊ ပုဂ္ဂိုလ်သတ္တဝါတို့၏ သန္တာန်၌ ကြံစည်မှု ဝိတက် မရှိပါ။

သာဓက ။ **စေတသိက်စာပိုဒ် -၁၃။**

မှတ်ချက် ။ **ဝေဖန် သုံးသပ်မှု-ဝိစာရ၊ ဆုံးဖြတ်မှု- အဓိမောက္ခ၊ ကြိုးစားအားထုတ်မှု-ဝီရိယ၊ နှစ်သက်မှု ပီတိ၊ ပြုလိုမှုဆန္ဒတို့နှင့် ပတ်သက်ရာတို့၌လည်း ဤနည်းကိုမှီ၍ကြံပါ။**

နှစ်သက်မှုနှင့် အချစ်ပျက်မှု ပြိုင်တူမဖြစ်

ပီတိစေတသိက်သည် ဒေါသမူဒွေးနှင့် မယှဉ်သောကြောင့် နှစ်သက်သဘောကျခြင်းနှင့် အချစ်ပျက်ဒေါထခြင်းတို့ ပုဂ္ဂိုလ်တစ်ဦးတည်း၌ ပြိုင်တူမဖြစ်နိုင်ပါ။

သာဓက ။ **စေတသိက် စာပိုဒ် -၁၇။**

ပကိဏ်း ၆–ပါးလုံး ယှဉ်စိတ်, မယှဉ်စိတ်

ပကိဏ်း စေတသိက် ၆-ပါးလုံး ယှဉ်သော စိတ်များကား အကုသိုလ် သောမနဿ၄-ပါး၊ ကာမာဝစရ သောဘန သောမနဿ ၁၂-ပါး၊ ပထမစျာန်စိတ် (၁၁) ပါးတို့ ဖြစ်ပါသည်။

ပကိဏ်းစေတသိက် ၆-ပါးလုံး မယှဉ်သောစိတ်ကား ဒွေပဉ္စဝိညာဏ် (၁၀) ဖြစ်ပါသည်။

သာဓက ။ **စေတသိက် စာပိုဒ် ၁၃ မှ ၁၈ အထိ။**

http://www.dhammadownload.com

သုခသဟဂုတ်စိတ်ကို သပ္ပိတိက, နိပ္ပိတိကအခွဲ

လောဘမူသောမနဿသဟဂုတ် (၄) ပါး၊ အဟိတ်သောမနဿသဟဂုတ် (၂) ပါး၊ ကာမာဝစရသောဘနသောမနဿသဟဂုတ် (၁၂) ပါး၊ ပထမစျာန် (၁၁)၊ ဒုတိယစျာန် (၁၁) ပါး၊ တတိယစျာန် (၁၁) ပါးအားဖြင့် (၅၁) ပါးသောစိတ်တို့သည် ပီတိစေတသိက်နှင့်ယှဉ်သော သပ္ပိတိကသုခသဟဂုတ်စိတ်များဖြစ်ပါသည်။

သုခသဟဂုတ်ကာယဝိညာဏ်စိတ် (၁) ပါး၊ စတုတ္ထစျာန်စိတ် (၁၁) ပါးအားဖြင့် (၁၃) ပါးသောစိတ်တို့သည် ပီတိစေတသိက်နှင့်မယှဉ်သော နိပ္ပိတိကသုခသဟဂုတ်စိတ်များဖြစ်ပါသည်။

သာဓက ။ **စေတသိက် စာပိုဒ် -၁၇၊ ပကိဏ်းစာပိုဒ်-၄၊ ၅**။

ဆန္ဒမပါဘဲ ပြုံးရယ်စိတ်နှင့် ပြုံးရယ်သူ

ဆန္ဒစေတသိက်သည် ဘုရားရဟန္တာတို့၏ သန္တာန်၌သာဖြစ်လေ့ရှိသော ဟသိတုပ္ပါဒ် အဟိတ်ကြိယာစိတ်၌ မယှဉ်သောကြောင့် ဆန္ဒမပါဘဲပြုံးရယ်သောစိတ်ထားကား သောမနဿသဟဂုတ်ဟသိတုပ္ပါဒ်ဇောစိတ်ဖြစ်ပါသည်။ ဆန္ဒမပါဘဲ ပြုံးရယ်နိုင်သူကား ဘုရားရဟန္တာဖြစ်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၁၈၊ ဝိထိစာပိုဒ်-၄၃၊ ၄၄၊ ရူပ်စာပိုဒ်-၃၂**။

ပကိဏ်းစေတသိက်ကို အကျဉ်းအကျယ်ယှဉ်ပုံအခွဲ

ဝိတက်, ဝိစာရ, ပီတိတို့သည် စျာနင်ထိုက်သောကြောင့် စျာနနိယာမအားဖြင့် ပြားလာသော စိတ်အကျယ်၌ ထိုက်သင့်သလိုယှဉ်ကြပါသည်။

အဓိမောက္ခ, ဝီရိယ, ဆန္ဒတို့သည် စျာနင်မထိုက်သောကြောင့် စိတ်အကျဉ်း၌သာ ထိုက်သင့်သလိုယှဉ်ကြပါသည်။

မှတ်ရန် ။ **ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိ, ဆန္ဒ ဟူသော ပကိဏ်းစေတသိက်အစဉ်အားလျော်စွာ (ကျယ်, ကျယ်, ကျဉ်း, ကျဉ်း၊ အကျယ်,ကျဉ်း၊ ယှဉ်ခြင်းပကိဏ်းခြောက်). ဟုအကျယ်အကျဉ်းယှဉ်မှုကို ယထာက္ကမ သင်္ကေတစဉ်၍မှတ်ပါ**။

* * * * * * *

http://www.dhammadownload.com

အကုသိုလ်စေတသိက် သမ္မယောဂနည်း

အကုသိုလ်သမ္မယောဂနည်း (၅) နည်းဇယား

ယှဉ်ရာစိတ်			ယှဉ်သောအကုသိုလ် စေတသိက်အမျိုးအစား							
			၁		၂		၄	၅	၅	ပေါင်း
			မောစတုက်	လောဘ	ဒိဋ္ဌိ	မာန	ဒေါစတုက်	ထိနမိဒ္ဓ	ဝိစိကိစ္ဆာ	
လောဘမူ	ဒိဋ္ဌိ-သံ	၄	။	။	။			သသင် ၂		၂၀
၈	ဒိဋ္ဌိ-ဝိဝ်	၄	။	။		။		သသင် ၂		၂၀
ဒေါသမူ		၂	။				။	သသင် ၁		၂၂
မော-၂	ဝိစိ-သဟဂုတ်	၁	။						။	၁၅
	ဥဒ္ဓစ္စသဟဂုတ်	၁	။							၁၅
ယှဉ်-စိတ်ပေါင်း-၁၂			၁၂	၈	၄	၄	၂	၅	၁	

သာဓက ။ စေတသိက်စာပိုဒ်-၂၀ မှ ၂၆ အထိ။

အကုသိုလ်ဖြစ်တိုင်းပါဝင်သောစေတသိက်

မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စအားဖြင့် စေတသိက်လေးပါးတို့သည် အကုသိုလ်စိတ်မှန်သမျှတို့၌ ယှဉ်နိုင်သောကြောင့် (မည်သည့်အကုသိုလ်ပဲဖြစ်ဖြစ်) အကုသိုလ်ဖြစ်တိုင်းပါဝင်ကြပါသည်။

သာဓက ။ စေတသိက်စာပိုဒ် -၂၀။

လောဘဖြင့်သေလျှင် ပြိတ္တာဖြစ်နိုင်

လောဘစေတသိက် ယှဉ်တွဲသော လောဘမူစိတ်သည် အပါယ်ပဋိသန္ဓေကို ဖြစ်စေနိုင်သောကြောင့် သားသမီး၊ ပစ္စည်းဥစ္စာစသော အာရုံများကို ငမ်းငမ်းတက် စွဲမက်ခင်မင်ပြီး လောဘကြီးစွာ သေဆုံးခဲ့ပါသော် ပြိတ္တာဘုံ၌ ဖြစ်သည်ဟုဆိုသောစကားသည် အဘိဓမ္မာတရားနှင့် ညီပါသည်။

သာဓက ။ စေတသိက် စာပိုဒ် ၂၁၊ ဝိထိမုတ်စာပိုဒ်-၆၉။

http://www.dhammadownload.com

အပြစ်ကင်းသော ချစ်ခြင်းနှင့် အပြစ်မကင်းသောချစ်ခြင်း

တဏှာဟုဆိုအပ်သော လောဘ၏ယှဉ်ရာ အကုသိုလ်စိတ်သည် အပါယ်ပဋိသန္ဓေကို အကျိုးပေးနိုင်သောကြောင့် (အနှစ်သာရမပါ အကာနှင့်တူသော) အပြစ်မကင်းသော ချစ်ခြင်းဟူသည် တဏှာချစ် (လောဘ) ဖြစ်ပါသည်။

သာဓက ။ **စေတသိက် စာပိုဒ် -၂၁၊ ဝိထိမုတ်စာပိုဒ်-၆၉။**

မေတ္တာချစ်ဟုဆိုအပ်သော အဒေါသ၏ယှဉ်ရာ သောဘနစိတ်သည် ကာမသုဂတိပဋိသန္ဓေကို အကျိုးပေးနိုင်သောကြောင့် (ကောင်းကျိုးရမည့် အနှစ်ပြည့်တင်း) အပြစ်ကင်းသော ချစ်ခြင်းဟူသည် မေတ္တာချစ် (အဒေါသ) ဖြစ်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၂၈၊ ဝိထိမုတ် စာပိုဒ်-၇၀။**

မိစ္ဆာဒိဋ္ဌိ အယူရှိသူများ အပါယ်လားနိုင်

ဒိဋ္ဌိစေတသိက် ယှဉ်သောဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခုသည် အပါယ်ပဋိသန္ဓေကို ဖြစ်စေနိုင်သောကြောင့် (ဗုဒ္ဓအယူဝါဒနှင့် ဆန့်ကျင်အပ်သည့် မိစ္ဆာဒိဋ္ဌိရှိသူများသည်) အပါယ်ဘုံသို့ လားရောက်နိုင်ပါသည်။

သာဓက ။ **စေတသိက် စာပိုဒ် -၂၂၊ ဝိထိမုတ် စာပိုဒ်-၆၉။**

အဝိဇ္ဇာမကင်းသမျှ အကုသိုလ်နှင့်မကင်း

အဝိဇ္ဇာ၏ တရားကိုယ်ဖြစ်သော မောဟသည် အကုသိုလ်စိတ်အားလုံးနှင့် ဆက်ဆံသော သဗ္ဗာကုသလသာဓရဏစေတသိက်ဖြစ်သောကြောင့်၄င်း၊ အမြဲယှဉ်သော နိယတယောဂီ စေတသိက်ဖြစ်သောကြောင့်၄င်း၊ အဝိဇ္ဇာမကင်းသမျှ အကုသိုလ်နှင့် မကင်းပါ။

သာဓက ။ **စေတသိက်စာပိုဒ် -၂၀၊ ၃၃၊ ၃၄။**

မာနကြီးသူ အပါယ်လားနိုင်

မာနစေတသိက်ယှဉ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးခုသည် အပါယ်ပဋိသန္ဓေကို ဖြစ်စေ နိုင်သောကြောင့် (ငါသာလျှင် ပညာရှိ စသည်ဖြင့် ဘဝင်မြင့်ပြီး) မာနကြီးသူများသည် အပါယ်ဘုံသို့ လားရောက်နိုင်ပါသည်။

သာဓက ။ **စေတသိက်ပိုင်းစာပိုဒ် -၂၃၊ ဝိထိမုတ်စာပိုဒ်-၆၉။**

http://www.dhammadownload.com

နောင်တရခြင်းသည် ကောင်းသောသဘောမဟုတ်

ဒုစရိုက်ကျူးလွန်မိ၍ နောင်တတစ်ဖန် ပူပန်ခြင်းသည်၄င်း၊ ကောင်းကျိုးရမည့် လုပ်ငန်းစဉ်ကို မပြုခဲ့မိ၍ နောင်တစ်ဖန်ပူပန်ခြင်းသည်၄င်း၊ ကုက္ကုစ္စစေတသိက် သဘောဖြစ်၍ ဒေါသမူစိတ်၌ ယှဉ်ခြင်းကြောင့် နောင်တရခြင်းသည် အဘိဓမ္မာနည်းအရ မုချအားဖြင့် ကောင်းသောသဘော မဟုတ်ပါ။

သာဓက ။ **စေတသိက် စာပိုဒ် - ၂၄။**

မှာတမ်း ။ **နောင်တမရခင် အသိတရားအလျှင်ဝင်ပါ။**

စိတ်ဓာတ်ကျခြင်း, ပျင်းရိခြင်း, အာလိပ်မက်ခြင်းသည် မကောင်း

ထိနမိဒ္ဓတို့သည် အကုသိုလ် သသင်္ခါရိကစိတ်တို့၌သာ ယှဉ်ပြီး, စျာန်အစ ရှိသော ကုသိုလ်တရားများကို တားမြစ်ပိတ်ပင်တတ်သော နီဝရဏ၌လည်း ပါဝင်သောကြောင့် (ထိနမိဒ္ဓသဘာဝ) စိတ်ဓာတ်ကျခြင်း၊ ထကြွလုံ့လဝီရိယမရှိ ပျင်းရိခြင်း, အာလိပ်မက်ခြင်းတို့သည် အပြစ်မကင်းသော မကောင်းမှု သဘောသာဖြစ်ပါသည်။

သာဓက ။ **စေတသိက် စာပိုဒ် - ၂၅။ သမုစ္စည်းပစ္စည်း-၈။**

စိတ်အနည်းဆုံးယှဉ်သော စေတသိက်

ဝိစိကိစ္ဆာ စေတသိက်သည် ဝိစိကိစ္ဆာသဟဂုတ်စိတ်တစ်ပါး၌သာ သာလျှင် ယှဉ်နိုင်ဖြစ်နိုင်သောကြောင့် စိတ်အနည်းဆုံး ယှဉ်သော စေတသိက်ဖြစ်ပါသည်။

သာဓက ။ **စေတသိက် စာပိုဒ် - ၂၆။**

* * * * * * *

http://www.dhammadownload.com

သောဘနစေတသိကသမ္ပယောဂနည်း

သောဘနသမ္ပယောဂနည်း (၄) နည်းဇယား

ယှဉ်ရာစိတ်အမျိုးအစား			ယှဉ်သောစေတသိက်အမျိုးအစား					
			သော-သာ-ဓာ ၁၉	ဝိရတီ-၃	အပ္ပမညာ-၂ပညာ ၁		ပေါင်း	
					သမာနဝါဒ	ကေစိဝါဒ		
ကာမ	မဟာကုသိုလ်	၈	။	။	၈	သော-၄	သံ-၄	၃၈
သော	မဟာဝိပါက်	၈	။				သံ-၄	၃၃
ဘန	မဟာကြိုယာ	၈	။		၈	သော-၄	သံ-၄	၃၅
မဟဂ်	ရူပါဝစရ	၁၅	။		ပဋ္ဌမစျာန်ကြဉ် ၁၂		၁၅	၃၅
-၂၇	အရူပါဝစရ	၁၂	။				၁၂	၃၀
	လောကုတ်	၈/၄၀	။	။			၈/၄၀	၃၆
ယှဉ်ရာစိတ်ပေါင်း			၅၉/၉၁	၁၆/၄၈	၂၈	၂၀	၄၃/၃၉	

သာဓက ။ **စေတသိက်စာပိုဒ်-၂၈ မှ ၃၁ အထိ။**

သောဘနေသု၏ အရ

သောဘန သာဓာရဏဟူသော နိဒ္ဓါရဏီယပုဒ်၏အရ သဒ္ဓါ စသော စေတသိက်တို့ကို အရကောက်သောကြောင့် သောဘနေသုဟူသော နိဒ္ဓါရဏပုဒ်၏အရ သောဘနစိတ်, စေတသိက်နှစ်မျိုးတွင် စေတသိက်ကိုသာ ကောက်ယူရပါမည်။

သာဓက ။ **စေတသိက် စာပိုဒ် -၂၈။**

ကုသိုလ်ဖြစ်တိုင်းပါဝင်သော စေတသိက်

သဒ္ဓါ, သတိ စသော သောဘနသာဓာရဏစေတသိက် (၁၉) ပါးတို့သည် ကုသိုလ်ဖြစ်တိုင်း ပါဝင်သော စေတသိက်များဖြစ်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၂၈။**

စျာန်စိတ်အားလုံးနှင့် ယှဉ်နိုင်သော စေတသိက်

သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇) ပါး၊ ဆန္ဒ, အဓိမောက္ခ, ဝီရိယ ဟူသော ပကိဏ်းစေတသိက် (၃) ပါး၊ သောဘနသာဓာရဏစေတသိက် (၁၉) ပါး၊ ပညာအားဖြင့် (၃၀) ပါးဖြစ်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၁၂၊ ၁၅၊ ၁၆၊ ၁၈၊ ၃၁။**

http://www.dhammadownload.com

ကိလေသာထက် မေတ္တာက ပို၍အင်အားကြီး

လောဘ, ဒေါသစသော ကိလေသာတို့၏ယှဉ်တွဲဖြစ်ပေါ်ရာကား အကုသိုလ်စိတ် (၁၂) ပါးမျှသာဖြစ်ပြီး, မေတ္တာဟူသော အဒေါသ၏ ယှဉ်တွဲဖြစ်ပေါ်ရာကား သောဘနစိတ် (၅၉) ပါး ဖြစ်သောကြောင့် ကိလေသာထက်မေတ္တာက ပို၍အင်အားကြီးမားသာလွန်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၂၇၊ ၂၈။**

တဏှာချစ်ထက် ဖေတ္တာချစ်ကပို၍ အင်အားကြီး

တဏှာချစ်ဟူသော လောဘ၏ယှဉ်တွဲဖြစ်ပေါ်ရာကား လောဘမူစိတ် (၈) ပါးမျှသာဖြစ်ပြီး မေတ္တာချစ်ဟူသော အဒေါသ၏ယှဉ်တွဲဖြစ်ပေါ်ရာကား သောဘနစိတ် (၅၉) ပါးဖြစ်သောကြောင့် တဏှာချစ်ထက် မေတ္တာချစ်က ပို၍အင်အားကြီးမားသာလွန်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၂၁၊ ၂၈။**

အိပ်ချင်မူးတူးဖြင့် မေတ္တာပို့လျှင် မရောက်နိုင်, မရနိုင်

အိပ်ချင်မူးတူး၏တရားကိုယ်ဖြစ်သော (စိတ်စေတသိက်တို့၏ လေးလံထိုင်းမှိုင်းခြင်း) ထိနမိဒ္ဓတို့သည် မေတ္တာ၏တရားကိုယ်ဖြစ်သော အဒေါသ၏ယှဉ်ရာ သောဘနစိတ်တို့၌ မယှဉ်နိုင်သောကြောင့် အိပ်ချင်မူးတူးဖြင့် မေတ္တာပို့လျှင် မရောက်နိုင်, မရနိုင်ပါ။

သာဓက ။ **စေတသိက်စာပိုဒ်-၂၅၊ ၂၈။**

ရတနာသုံးပါးကြည်ညိုရုံမျှဖြင့် သူဂတိဘဝသို့ ရောက်နိုင်

သဒ္ဓါစေတသိက်၏ ယှဉ်ရာစိတ်တွင် ပါဝင်သော မဟာကုသိုလ်စိတ်သည် ကာမသုဂတိပဋိသန္ဓေကိုဖြစ်စေနိုင်သောကြောင့် ရတနာ (၃) ပါးကို ကြည်ညိုလေးစား (ဘုရားမှန်မှန်ရှိခိုး) ရုံမျှဖြင့် လူ့ပြည်စသော ကာမသုဂတိဘဝသို့ ရောက်နိုင်ပါသည်။

သာဓက ။ **စေတသိက် စာပိုဒ် -၂၈ ။ဝိထိမုတ် စာပိုဒ်-၇၀။**

မှတ်ရန် ။ **ကျန်သော သတိ-ဟ်ရီ စသည်တို့နှင့် ပတ်သက်ရာ၌လည်းဤနည်းအတူ ကြံပါ။**

http://www.dhammadownload.com

ရှိခိုးခြင်း၏ အာနိသင်

ဘုရားစသောကောင်းသောအာရုံကို ကြည်ညိုမှု(သဒ္ဓါ)၊ ဘုရားစသော ကောင်းသော အာရုံကို အောက်မေ့အမှတ်ရမှု (သတိ) တို့သည် ကာမာဝစရ ကုသိုလ်စသော သောဘနစိတ် တို့၌သာယှဉ်နိုင်ပြီး၊ ထိုကာမာဝစရစသောကုသိုလ်ကံတို့သည်လည်း သုဂတိဘုံဘဝ၌သာ ပဋိသန္ဓေ အကျိုးကိုပေးနိုင်သောကြောင့် ဘုရားရှိခိုးခြင်းစသည်တို့သည် အပါယ်စသော ဘေးဒုက္ခများမှ လွတ်မြောက်နိုင်ခြင်း စသော ကောင်းကျိုးအာနိသင်တို့ကို ရနိုင်ပါသည်။

သာဓက ။ **စေတသိက် စာပိုဒ်-၂၈။ ဝီထိမုတ် စာပိုဒ်-၇၀။**

ဝိရတိစေတသိက်တို့၏ ယှဉ်ပုံချင်အထူး

သမ္မာဝါစာစသော ဝိရတိစေတသိက် (၃) ပါးတို့သည် လောကုတ္တရာစိတ် (၈) ခုတို့၌ အမြဲတမ်း, တစ်ပြိုင်နက်ယှဉ်ကြပါသည်။ သမ္မာဝါစာစသော ဝိရတိစေတသိက် (၃) ပါးတို့သည် မဟာကုသိုလ်စိတ် (၈) ခု၌ တစ်ရံတစ်ခါ, အသီးအသီး တစ်ပါးစီ တစ်ပါးစီ ယှဉ်ကြပါသည်။ ဤသို့ထူး၏။

သာဓက ။ **စေတသိက် စာပိုဒ်-၂၉။**

ဝိရတိနှစ်မျိုးအထူး

လောကုတ္တရာစိတ်၌ ယှဉ်သော ဝိရတိသည် (နိဗ္ဗာန်ကို အာရုံပြု၍) ဒုစရိုက်, ဒုရာဇိဝ ဟူသမျှကို အကုန်အစင် အမြဲတမ်းပင် တစ်ပြိုင်နက်ရှောင်ကြဉ်ပယ်ရှားနိုင်သည်။ လောကီမဟာ ကုသိုလ်စိတ်၌ယှဉ်သော ဝိရတိသည် (ဇီဝိတိန္ဒြေစသော ဝိတိက္ကမိတဗ္ဗဝတ္ထုကိုအာရုံပြု၍) ဒုစရိုက်, ဒုရာဇိဝတို့ကို တစ်စိတ်တစ်ဒေသမျှ တစ်ရံတစ်ခါ, တစ်ပါးစီသာရှောင်ကြဉ် ပယ်ရှားနိုင်သည်။ ဤသို့ထူး၏။

သာဓက ။ **စေတသိက် စာပိုဒ် -၂၉။**

အနိယတယောဂီဖြစ်ပါလျက် နိယတယောဂီ ဖြစ်နိုင်ခွင့်ရှိသော စေတသိက်

ဝိရတီ စေတသိက်တို့သည် မဟာကုသိုလ်စိတ်၌ ရံခါသာယှဉ်၍ လောကုတ္တရာစိတ်၌ အမြဲယှဉ်သောကြောင့် အနိယတယောဂီဖြစ်ပါလျက် နိယတယောဂီ ဖြစ်နိုင်ခွင့်ရှိသော စေတသိက် များဖြစ်ကြသည်။

http://www.dhammadownload.com

သာဓက ။ စေတသိက် စာပိုဒ် - ၂၉။

မှတ်ရန် ။ ဝိရတီယှဉ်သော လောကီမ်တ်ကား (၂၉) ကိုပင်ထောက်၍ မဟာကုသိုလ်စိတ် ၈-ပါးဟုမှတ်။

သီလဆောက်တည်ခြင်း၏ အကျိုးအာနိသင်

သီလဆောက်တည်ကျင့်သုံးခြင်း၊ သီလစောင့်ထိန်းခြင်းဟူသည် ကာယဒုစရိုက်၊ ဝစီဒုစရိုက်များမှ ရှောင်ရှားမှုသဘောဖြစ်၍ ဝိရတီစေတသိက်နှင့် ယှဉ်နိုင်သော ကာမာဝစရကုသိုလ်စိတ်မျိုးကို သီလ၏တရားကိုယ်အဖြစ်အရ ကောက်ယူရသောကြောင့်၎င်း၊ ထို ကာမာဝစာရကုသိုလ်သည် ကာမာသုဂတိဘုံ၌ ပဋိသန္ဓေကို ဖြစ်စေတတ်သောကြောင့်၎င်း၊ သီလဆောက်တည်ကျင့်သုံးခြင်း၊ သီလစောင့်ထိန်းခြင်းသည် အပါယ်ဒုဂ္ဂတိဘေးမှ လွတ်အောင်နိုင်သည့် ကုသိုလ်မျိုးကို ရရှိပါသည်။

သာဓက ။ စေတသိက်စာပိုဒ်-၂၉၊ ဝိထိမုတ် စာပိုဒ်-၆၃၊ ၆၄၊ ၇၀။

အရိယာတို့သည် တမင်ကကာသီလဆောက်တည်ဘို့မလို

အရိယာတို့၏လောကုတ္တရာစိတ်ထား၌ယှဉ်သော ဝိရတီသည် နိယတယောဂီဖြစ်သောကြောင့် သောတာပန်စသော အရိယာတို့သည် (၅) ပါးသီလကို သီးသန့်တမင်တကာ ဆောက်တည်ဘို့မလိုပါ။ (အရိယာတို့သည် အမြဲသီလတည်သူတို့တည်း။)

သာဓက ။ စေတသိက်စာပိုဒ်-၂၉။

သနားတတ်လျှင် ကုသို့လဲ့ရ

ကရုဏာ စေတသိက်၏ ယှဉ်ရာစိတ်များတွင် မဟာကုသိုလ်စိတ် ပါဝင်သောကြောင့် ဒုက္ခရောက်နေသူကို (တတ်နိုင်လျှင် ကူညီချင်သော သဘောထားဖြင့်) တကယ်သနားတတ်လျှင် ကုသိုလ်ရပါသည်။

သာဓက ။ စေတသိက်စာပိုဒ်-၃၀။

'ကရုဏာ ဒေါသော' ဟူသောစကား သဘာဝမကျ

ကရုဏာစေတသိက်သည် ဒေါသမူစိတ်၌မယှဉ်နိုင်သောကြောင့် ကရုဏာဒေါသောပြောမိသည်ဆိုပါက သဘာဝမကျ, မဖြစ်နိုင်ပါ။

သာဓက ။ စေတသိက်စာပိုဒ်-၃၀။

http://www.dhammadownload.com

မဟာဂ္ဂတ်ပဋ္ဌမစျာန်၌ အပွမညာ မယှဉ်ခြင်းအကြောင်း

အပွနာဝီထိ၌ဖြစ်သော အပွမညာသည် ပ၊ ဒု၊ တ၊ စတုတ္ထဟူသော စျာန်လေးပါးတို့၏ အာရုံဖြစ်၍ စင်စစ်အားဖြင့် သောမနဿနှင့် ကင်း၍မဖြစ်နိုင်သောကြောင့် ဥပေက္ခာသာဖြစ်သော မဟဂ္ဂတ် ပဋ္ဌမစျာန်၌ အပွမညာ မယှဉ်နိုင်ပါ။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ်-၂၃။**

ပညာရှိ သတ်ဖြစ်ခဲဟူသော စကားအမှား

ပညာစစ် ပညာမှန်၏ ယှဉ်ရာဖြစ်ရာ ကာမာဝစရ ဉာဏသမ္ပယုတ် စသောဇဝဉပါးသော စိတ်တို့၌ သတိစေတသိက်သည် (နိယတယောဂီဖြစ်၍) အမြဲပင် ယှဉ်နိုင်ဖြစ်နိုင်သောကြောင့် ပညာရှိ သတိဖြစ်ခဲဟူသော စကားသည် အမှားသာဖြစ်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၂၈၊ ၃၁၊ ၃၄။**

ပညာချင်း ထူးခြားမှု

ပုထုဇဉ်တို့၏ သန္တာန်၌ ဖြစ်လေ့ရှိသော ပညာသည် မဟာကုသိုလ် မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် (နှင့် မဟဂ္ဂတ် ကုသိုလ်ဝိပါက်စိတ်) တို့၌သာယှဉ်နိုင် ၏။ ဘုရားရဟန္တာတို့၏ သန္တာန်၌ဖြစ်လေ့ရှိသော ပညာသည် မဟာဝိပါက်မဟာကြိယာဉာဏသမ္ပယုတ်စိတ်နှင့် (မဟဂ္ဂတ်ဝိပါက် မဟဂ္ဂတ်ကြိယာ) အရဟတ္တဖိုလ်စိတ်တို့၌သာ ယှဉ်၏။ ဤသို့ထူးပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၃၁၊ ဝိထိစာပိုဒ်-၄၃၊ ၄၄၊ ၄၇။**

မှတ်ရန် ။ **စျာန်ကိုမရ သာမညပုထုဇဉ်စသည်ဖြင့် သာမည (သာမန်) ဟူသော စကား တို့ကိုထည့်မေးခဲ့သော် မဟဂ္ဂတ်စိတ် ဆိုင်ရာတို့ကို ချန်၍ ရေးပါလေ။**

နျူးကလီးယားလက်နက် စသည်ကို တီထွင်မှု ပညာတူ

ပညာစေတသိက်သည် ကာမာဝစရဉာဏသမ္ပယုတ်နှင့် မဟဂ္ဂုတ်, လောကုတ္တရာဟူသော အပြစ်မထိုက်ရာ သောဘနစိတ်တို့၌သာ ယှဉ်ခြင်းကြောင့် အပြစ်ကင်းသောအရာ၌ ကျွမ်းကျင် လိမ္မာသိမှသည်သာ ပညာအစစ်ဖြစ်နိုင်ပြီး၊ တိုက်ခိုက်ရေးတွင် အသုံးဝင်သော **နျူးကလီးယား** လက်နက်စသည်ကို တီထွင်ခြင်း စသည်တို့သည် ပညာအစစ် မဖြစ်နိုင်ပါ။ အကုသိုလ်ဝိတက်၏ ထက်မြက်မှု စွမ်းအင်မျှသာ ဖြစ်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၃၁။**

http://www.dhammadownload.com

ကြွယှ မစ္ဆေရ ကုက္ကုစ္စ ဝိရတီ ကရုဏာဒယော၌ ဝိရတီအရ

လောကုတ္တရာ ဝိရတီသည် နိယတယောဂီဖြစ်၍ လောကီဝိရတီသည်သာ အနိယတယောဂီ ကဒါစိ ဝိသုံဝိသုံ (နာနာ) ဖြစ်နိုင်သောကြောင့် အနိယတယောဂီတို့ကိုပြဆိုရာ ကြွယှ မစ္ဆေရ ကုက္ကုစ္စ ဝိရတီ ကရုဏာဒယော၌ ဝိရတီ၏အရ လောကီဝိရတီကိုသာ ယူရပါမည်။

သာဓက ။ **စေတသိက်စာပိုဒ်-၂၉။**

အနိယတယောဂီစေတသိက် (၁၁) ပါးသရုပ်

ကြွယှ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတီ, အပ္ပမညာတို့သည် (ကဒါစိ) ရံခါ, (နာနာ) အသီးသီး ယှဉ်ကုန်၏။ မာနသည် (ကဒါစိ) ရံခါ ယှဉ်သည်၊ ထိန, မိဒ္ဓသည် (ကဒါစိ) ရံခါ, (သဟ) အတူတကွ ယှဉ်သည်။ ထို့ကြောင့် ကြွယှ, မစ္ဆရိယစသော ဤ (၁၁) ပါးသော စေတသိက်တို့သည် ယှဉ်ပုံယှဉ်ဟန်မမြဲသောကြောင့် အနိယတယောဂီစေတသိက်မည်ပါသည်။

ဆောင် ။ **ကြွသ်, မစ်, ကုက်, ဝိ၊ ဒွိပမညာ၊**
ရံခါသီးသီး၊ မာနရံခါ၊
ထိနမိဒ္ဓ၊ တကွရံခါ၊
အနိယ၊ မှတ်ကြဆယ့်တစ်ဖြာ။

သာဓက ။ **စေတသိက်စာပိုဒ်-၃၃။**

နိယတယောဂီစေတသိက် (၄၁) ပါးသရုပ်

ယှဉ်ပုံယှဉ်ဟန်မြဲသော နိယတယောဂီစေတသိက်များကား အညသမာန်းစေတသိက် (၁၃) ပါး၊ မောစတုက် (၄) ပါး၊ လောဘ, ဒိဋ္ဌိ, ဒေါသ, ဝိစိကိစ္ဆာဟူသော စေတသိက် (၄) ပါး၊ သောဘနသာဓာရဏစေတသိက် (၁၉) ပါး၊ ပညာ (၁) ပါးအားဖြင့် (၄၁) ပါးဖြစ်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ် -၃၄။**

သေသ၏အပါဒါန်နှင့် အပါဒါနီ

သေသာနိယတယောဂီနော၌ သေသ၏အပါဒါန်ကား ကြွသာစသော အနိယတယောဂီ စေတသိက် (၁၁) ပါးတို့တည်း။ အပါဒါနီဖြစ်သော သေသ၏အရကား အညသမာန်းစေတသိက် (၁၃) ပါးစသော နိယတယောဂီစေတသိက် (၄၁) ပါးတို့တည်း။

သာဓက ။ **စေတသိက်စာပိုဒ် -၃၃။**

http://www.dhammadownload.com

မနာလိုမှုနှင့် သဝန်တိုမှု ပြုင်တူမဖြစ်နိုင်

ကျွဿာနှင့် မစ္ဆရိယတို့သည် အသီးအခြား တစ်ပါးစီသာလျှင်ယှဉ်သော နာနာစေတသိက်များဖြစ်သောကြောင့် မနာလိုမှုနှင့် သဝန်တိုမှုတို့သည် ပြိုင်တူ မဖြစ်နိုင်ပါ။

သာဓက ။ **ကျွဿာ မစ္ဆေရ ကုက္ကုစ္စ ဝိရတီ ကရုဏာဒယောနာနာ။**
ကျွဿာ မစ္ဆေရ ကုက္ကုစ္စာနိ ပနေတ္ထ ပစ္စေက မေဝ ယောဇေတဗ္ဗာနိ။
စေတသိက်စာပိုဒ်-၃၃၊ ၄၇။

လောကုတ္တရာ စတုတ္ထဈာန်နှင့် ပဉ္စမဈာန်တို့၌ယှဉ်သော စေတသိက်အထူး

စတုတ္ထဈာန်နှင့်ယှဉ်သော စေတသိက် ၃၃-ပါးသည် သုခဝေဒနာနှင့်တကွ ဖြစ်ပါသည်။ ပဉ္စမဈာန်နှင့်ယှဉ်သော စေတသိက် ၃၃-ပါးသည် ဥပေက္ခာဝေဒနာနှင့် တကွ ဖြစ်ပါသည်။ ဤသို့ထူး၏။

သာဓက ။ **စတုတ္ထဈာနိက စိတ္တေသု (ပ) သင်္ယုတ္တိ ဟူသော စေတသိက်စာပိုဒ် ၃၆ နှင့် စိတ်စာပိုဒ် ၃၈။ ပကိဏ်းစာပိုဒ် ၅၊ ၇။**

သမ္မဋ္ဌယောဂနည်းနှင့် သင်္ဂဟနည်းတို့၏ အထူး

(စေတသိက်တို့၏ ယှဉ်ရာစိတ်ကို ပိုင်းခြားသတ်မှတ်ပြလို၍) စေတသိက်တို့၏ စိတ်တို့၌ အသီးအသီး ယှဉ်ပုံယှဉ်ဟန်ကို ပြဆိုသောနည်းသည် သမ္မယောဂနည်း မည်၏။

ဆောင် ＊ **ယှဉ်ရာစိတ်ဓာတ်၊ ပိုင်းဖြတ်လိုရိပ်၊ စေတသိက်၏၊ စိတ်၌ယှဉ်ဟန်၊ မိန့်သည်မှန်၊ နည်းသမ္မယောဂ. သောဠသ။**

သာဓက ။ **စေတသိက်စာပိုဒ်-၁၀။**

(ထိုထိုစိတ်၌ ယှဉ်ထိုက်သမျှ စေတသိက်တို့ကို ပိုင်းခြားသတ်မှတ်ပြလို၍) စိတ်တစ်မျိုး တစ်မျိုး၌ ယှဉ်ထိုက်သမျှသော စေတသိက်တို့ကို ပေါင်းယူ ရေတွက်ပြသောနည်းသော သင်္ဂဟနည်း မည်၏။

ဆောင် ＊ **ယှဉ်သည့်စေတသိက်၊ ပိုင်းဖြတ်ရိပ်ကြောင့်၊ စိတ်၌ပေါင်းရုံး၊ ရေတွက်ကျူး၊ နည်းထုံးသင်္ဂဟ. တေတ္တိံသ။**

သာဓက ။ **စေတသိက်စာပိုဒ်-၃၅။**

http://www.dhammadownload.com

သင်္ဂဟနည်း မြင်ကွင်း

လောကုတ္တရာစိတ်သင်္ဂဟနည်း (၅) နည်းဇယား

စိတ်အမျိုးအစား	အညသမာန်း. စေ ၁၃	သောဘန. စေ ၂၅	ပေါင်း
ပထမစျာန်စိတ် ၈	။ ၁၃	အပွမညာကြဉ် ၂၃	၃၆
ဒုတိယ ။ ၈	တက်-ကြဉ် ၁၂	။ ၂၃	၃၅
တတိယ ။ ၈	တက်,စာ-ကြဉ် ၁၁	။ ၂၃	၃၄
စတုတ္ထ ။ ၈	တက်,စာ,ပီ-ကြဉ် ၁၀	။ ၂၃	၃၃
ပဉ္စမ ။ ၈	။ ၁၀	။ ၂၃	၃၃

သာဓက ။ **စေတသိက်စာပိုဒ်-၃၆။**

လောကုတ္တရာစိတ်၌ အပွမညာမယှဉ်ခြင်းအကြောင်း

အပွမညာတို့သည် သတ္တဝါပညတ်ကို အာရုံပြုသည်၊ လောကုတ္တရာစိတ်သည် နိဗ္ဗာန်ကို အာရုံပြုသည်။ ဤသို့ အာရုံကွဲပြားသောကြောင့် လောကုတ္တရာစိတ်၌ အပွမညာမယှဉ်ပါ။ (ဋီ ၁၁၈)

ဆောင် ＊ **အပွမညာ၊ အာရုံမှာကား၊ သတ္တဝါပညတ်၊ လောကုတ်မြတ်မူ၊ နိဗ္ဗာန်ဟူ၏၊ မတူကွဲပြား၊ အာရုံပြားသဖြင့်၊ မှတ်သားဖွယ်ရိပ်၊ လောကုတ်စိတ်တွင်၊ အပွမည၊ ကြဉ်ဖယ်ရသည်၊ မှတ်ကြလွယ်ဖို့ ကဗျာတည်း။**

ဒုက္ခိတ သတ္တဝါကို သနားမှုရှိမှ မဂ်ဖိုလ်ရနိုင်သည် ဆိုသောစကားမမှန်

လောကုတ္တရာစိတ်၌ အပွမညာ စေတသိက်များ မယှဉ်နိုင်သောကြောင့် ဒုက္ခိတသတ္တဝါကို သနားမှုသဘောပါရှိမှ မဂ်, ဖိုလ် ရနိုင်သည်ဆိုသော စကားသည် မမှန်ပါ။

သာဓက ။ **လောကုတ္တရေသု (ပ) ဆတ္တိသ ဓမ္မာသင်္ဂဟံ ဂစ္ဆန္တိ။**

မှတ်ရန် ။ **သုခိတ သတ္တဝါကို အာရုံပြု၍ ဝမ်းသာမှုရှိမှ မဂ်, ဖိုလ် ရနိုင်သည်ဆိုသော စကားသည်လည်း အထက်ပါ အကြောင်းပြ ပါဠိသာဓကတို့ကို ထောက်ဆ၍ မမှန်။**

http://www.dhammadownload.com

အမြဲတမ်းစေတသိက် အမျှားဆုံးယှဉ်ရာစိတ်

အမြဲတမ်းစေတသိက် အမျှားဆုံးယှဉ်ရာစိတ်ကား လောကုတ္တရာပထမစျာန်စိတ်ဖြစ်ပါသည်။

မှတ်ရန် ။ မဟာကုသိုလ်ပထမဒွေးဌ် စေတသိက် (၃၈) ပါးယှဉ်ခွင့်ရှိသော်လည်း ဝိရတီ, အပွမညာတို့က (၁) ပါးစီသာ ယှဉ်ခွင့်ရသောကြောင့် တစ်ပြိုင်နက်အမျှားဆုံး (၃၄) ပါးသာယှဉ်နိုင်သည်။ လောကုတ္တရာစိတ်၌ကား . . . (၃၆) လုံး တစ်ပြိုင်နက်ယှဉ်နိုင်သောကြောင့် တစ်ပြိုင်နက်အယှဉ်အားဖြင့် လောကုတ္တရာပထမစျာန်စိတ်၌ စေတသိက်အမျှားယှဉ်သည်ဟုမှတ်။

* * * * * * *

မဟဂ္ဂုတ်သဒ်ဟနည်း (၅) နည်းဇယား

စိတ်အမျိုးအစား	အညသမာန်း. စေ ၁၃	သောဘန. စေ ၂၅	ပေါင်း
ပထမစျာန်စိတ် ၃	။ ၁၃	တီ ကြဉ် ၂၂	၃၅
ဒုတိယ ။ ၃	တက်-ကြဉ် ၁၂	။ ၂၂	၃၄
တတိယ ။ ၃	တက်,စာ-ကြဉ် ၁၁	။ ၂၂	၃၃
စတုတ္ထ ။ ၃	တက်,စာ,ပီ-ကြဉ် ၁၀	။ ၂၂	၃၂
ပဉ္စမ ။ ၁၅	။ ၁၀	တီ,အပွကြဉ် ၂၀	၃၀

သာဓက ။ စေတသိက်စာပိုဒ်-၃၈။

မဟဂ္ဂုတ်စိတ်၌ ဝိရတီမယှဉ်ခြင်းအကြောင်း

သီလစင်ကြယ်သည်၏ အစွမ်းအားဖြင့် ကောင်းစွာသုတ်သင်အပ်ပြီးသော ကာယ, ဝစီ ပယောဂရှိသော ပုဂ္ဂိုလ်အား သက်သက် စိတ်တည်ကြည်ကာမျှဖြင့် မဟဂ္ဂုတ်စျာန်များဖြစ်နိုင်ခြင်း ကြောင့် မဟဂ္ဂုတ်စိတ်၌ ဝိရတီမယှဉ်ပါ။ (ဋီ ၁၁၈)

http://www.dhammadownload.com

ဆောင် ＊ **ဒုစ္စရိတ၊ ဒုဋ္ဌိဝကို၊ သီလခေါ်ဘိ၊ ဝိသုဒ္ဓိအား၊ စွမ်းပကားဖြင့်၊ ပယ်ရှားပြီးလတ်၊ ယောဂီမြတ်တို့၊ ရအပ်ဈာန်ဝယ်၊ ပယ်ဖွယ်ဒုစရိ၊ လျှင်းမရှိ၍၊ ဝိရတီတွက်၊ မဟဂ္ဂုတ်မှာ၊ မယှဉ်သာသည်၊ ဦကာမိန့်ခွန်း ကဗျာတည်း။**

ပစ္စေကစေတသိက်များ

မိမိယှဉ်ရာစိတ်၌ တစ်ပါးစီသာယှဉ်နိုင်သော ပစ္စေကစေတသိက်များကား သမ္မာဝါစာ၊ သမ္မာ ကမ္မန္တ၊ သမ္မာအာဇီဝဟူသော လောကီဝိရတီ (၃) ပါး၊ ကရုဏာ၊ မုဒိတာဟူသော အပ္ပမညာ (၂) ပါး၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စဟူသော အကုသိလ်စေတသိက် (၃) ပါးအားဖြင့် (၈) ပါးဖြစ်ပါ သည်။

သာဓက ။ **ကရုဏာမုဒိတာ ပနေတ္ထ ပစ္စေကမေဝ ယောဇေတဗ္ဗာဒ**
အပ္ပမညာ ဝိရတိယော ပနေတ္ထ ပဥ္စပိ ပစ္စေကမေဝ ယောဇေတဗ္ဗာ။
ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စာနိ ပနေတ္ထ ပစ္စေကမေဝ ယောဇေတဗ္ဗာနိ။

ပစ္စေကစေတသိက်တို့၏ အာရုံအခွဲ

လောကီဝိရတီသည် ဝိတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြု၏။ အပ္ပမညာ (၂) ပါးသည် ဒုက္ခိတ, သုခိတ သတ္တဝါပညတ်အသီးအသီးကို အာရုံပြု၏။ ဣဿာသည် သူတစ်ပါးစည်းစိမ်တည်းဟူသော ဗဟိဒ္ဓကို အာရုံပြု၏။ မစ္ဆရိယသည် မိမိစည်းစိမ်တည်းဟူသော အဇ္ဈတ္တကို ယေဘုယျအားဖြင့် အာရုံပြု၏။ ကုက္ကုစ္စသည် ပြုအပ်ပြီးသော ဒုစရိုက်, မပြုလိုက်မိသော သုစရိုက်ကို အာရုံပြု၏။

အမျှားဆုံး, တစ်ပြိုင်နက်, အမြဲတမ်း, စေတသိက်ယှဉ်ပုံ မတူသောစိတ်များ

မဟဂ္ဂုတ်ပထမ, ဒုတိယ, တတိယ, စတုတ္ထစျာန်စိတ်တို့၌ အပ္ပမညာဒွေးဟူသော ပစ္စေက စေတသိက်ယှဉ်သောကြောင့်၄င်း၊ ကာမာဝစရသောဘဏ္ဍာမဟာကုသိလ်စိတ်၌ ဝိရတီနှင့် အပ္ပမညာဒွေးဟူသော ပစ္စေကစေတသိက်ယှဉ်သောကြောင့်၄င်း၊ မဟာကြိယာစိတ်၌ အပ္ပမညာဒွေးဟူသော ပစ္စေကစေတသိက်ယှဉ်သောကြောင့်၄င်း၊ ဒေါသမူအကုသိလ်စိတ်၌ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စဟူသော ပစ္စေကစေတသိက်ယှဉ်သောကြောင့်၄င်း၊ အမျှားဆုံး, တစ်ပြိုင်နက်, အမြဲတမ်းယှဉ်သောစေတသိက်ချင်း မတူညီနိုင်ပါ။

http://www.dhammadownload.com

အများဆုံး, တစ်ပြိုင်နက်, အမြဲတမ်း, စေတသိက်ယှဉ်ပုံ့ တူသောစိတ်များ

မဟဂ္ဂုတ် ပဥ္စမစျာန်စိတ်, ကာမာဝစရသောဘဏမဟာဝိပါတ်စိတ်, လောဘမူ, မောဟမူ, အကုသိုလ်စိတ်တို့၌ ယှဉ်သောစေတသိက်တို့တွင် ပစ္စေက (အနိယတယောဂီ) စေတသိက်များမပါဝင်သောကြောင့်၄င်း၊ လောကုတ္တရာစိတ်၌ ဝိရတီစေတသိက်ယှဉ်သော်လည်း အမြဲတမ်း, တစ်ပြိုင်နက်အားဖြင့်ယှဉ်သောကြောင့်၄င်း၊ သက်ဆိုင်ရာစိတ်အလိုက် အများဆုံး, အမြဲတမ်း, တစ်ပြိုင်နက် ယှဉ်သောစေတသိက်ချင်း တူညီသည်သာဖြစ်ပါသည်။

အများဆုံး, တစ်ပြိုင်နက်, အမြဲတမ်း, စေတသိက်ယှဉ်ပုံ့ တွက်ဟန်ပုံသေနည်း

သင်္ဂဟနည်းအရ သက်ဆိုင်ရာယှဉ်ဘက်စေတသိက်တို့၌ ပစ္စေကစေတသိက်များပါခဲ့သော် (၁) အများဆုံးကိုသိလိုလျှင် ယှဉ်ရာစေတသိက်တို့၌ (သက်ဆိုင်ရာ) ပစ္စေကအားလုံးကို ထည့်ပါ။ (၂) တစ်ပြိုင်နက်ကိုသိလိုလျှင် ယှဉ်ရာစေတသိက်တို့၌ (သက်ဆိုင်ရာ) ပစ္စေကတစ်ပါးပါးကိုထည့်ပါ။ (၃) အမြဲတမ်းကိုသိလိုလျှင် ယှဉ်ရာစေတသိက်တို့မှ (သက်ဆိုင်ရာ) ပစ္စေကအားလုံးကို နှုတ်ပယ်ပါ။

ဆောင် * **ပစ္စေကအားလုံး၊ ထည့်ကာသုံး၊ အများဆုံးယှဉ်ရာထွက်။**
* **ပစ္စေကတစ်ချက်၊ ထည့်ကာတွက်၊ တစ်ပြိုင်နက်ယှဉ်ရာထွက်။**
* **ပစ္စေကစွမ်း၊ နုတ်ကြည့်စမ်း၊ အမြဲတမ်းယှဉ်ရာထွက်။**

မဟဂ္ဂုတ်စိတ်၌ စေတသိက်ယှဉ်ပုံ့များ

မဟဂ္ဂုတ်	ပစျာန်	ဒုစျာန်	တစျာန်	စစျာန်	ပဥ္စမစျာန်
အများဆုံး	၃၅	၃၄	၃၃	၃၂	၃၀
တစ်ပြိုင်နက်	၃၄	၃၃	၃၂	၃၁	၃၀
အမြဲတမ်း	၃၃	၃၂	၃၁	၃၀	၃၀

ဒုစရိုက်, ဒုရာဇိဝတို့ကို ရှောင်ကြဉ်မှု သဘောမပါသော်လည်း မဟဂ္ဂုတ်စျာန်ရနိုင်

မဟဂ္ဂုတ်၌ ဒုစရိုက်၊ ဒုရာဇိဝမှရှောင်ကြဉ်မှု ဝိရတီ စေတသိက်များ မယှဉ်သောကြောင့် ဒုစရိုက်၊ ဒုရာဇိဝတို့မှ ရှောင်ကြဉ်မှု သဘောမပါရှိသော်လည်း မဟဂ္ဂုတ်စျာန်ကို ရနိုင်ပါသည်။

သာဓက ။ **မဟဂ္ဂတေသု (၀) ပဥ္စတိ သ ဓမ္မာ သင်္ဂဟံ ဂစ္ဆန္တိ။**

* * * * * * *

http://www.dhammadownload.com

ကာမာဝစရသောဘနသင်္ဂဟနည်း (၁၂) နည်းဇယား

စိတ်အမျိုးအစား	အညသမာန်း. စေ ၁၃	သောဘန. စေ ၂၅	ပေါင်း
မဟာကုသိုလ်စေ ၂	။ ၁၃	။ ၂၅	၃၈
။ ဒုတိယစေ ၂	။ ၁၃	ဉာဏ်ကြွင် ၂၄	၃၇
။ တတိယစေ ၂	ဝီတိ-ကြွင် ၁၂	၂၅	၃၇
။ စတုတ္ထစေ ၂	။ ၁၂	ဉာဏ်ကြွင် ၂၄	၃၆
မဟာကြိုယစေ ၂	၂ ၁၃	တီ-ကြွင် ၂၂	၃၅
။ ဒုတိယစေ ၂	၁၃	တီ,ဉာဏ်ကြွင် ၂၁	၃၄
။ တတိယစေ ၂	ဝီတိ-ကြွင် ၁၂	တီ-ကြွင် ၂၂	၃၄
။ စတုတ္ထစေ ၂	။ ၁၂	တီ, ဉာဏ်ကြွင် ၂၁	၃၃
မဟာဝိပါကစေ ၂	၁၃	တီ, အပွဲကြွင် ၂၀	၃၃
။ ဒုတိယစေ ၂	၁၃	သောဘနသာဓာရဏ ၁၉	၃၂
။ တတိယစေ ၂	ဝီတိ-ကြွင် ၁၂	တီ, အပွဲကြွင် ၂၀	၃၂
။ စတုတ္ထစေ ၂	။ ၁၂	သောဘနသာဓာရဏ ၁၉	၃၁

သာဓက ။ စေတသိက်စာပိုဒ်-၄၀။

ကရုဏာ, မုဒိတာတို့ အတူတကွ မယှဉ်နိုင်ခြင်းအကြောင်း

ကရုဏာသည် ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၏, မုဒိတာသည် သုခိတသတ္တဝါပညတ် ကို အာရုံပြု၏။ ဤသို့ အာရုံကွဲပြားသောကြောင့် အတူတကွ မယှဉ်နိုင်ပါ။

ဆောင် * ဒုက္ခိတနှင့်၊ သုခိတတစ်ဖြာ၊ သတ္တဝါပညတ်၊ စွဲမှတ်လေတုံ့၊ အာရုံယူလျှင်း၊ မတူခြင်းကြောင့်၊ ယင်းကရုဏာ၊ မုဒိတာတို့၊ နှစ်ဖြာဆိုင်လျက်၊ တစ်ပြိုင်နက်၊ ဆက်ဆက်မယှဉ်ကြ။

သနားမှုနှင့် ဝမ်းသာမှု ပြိုင်တူမဖြစ်

ကရုဏာနှင့် မုဒိတာတို့သည် အသီးအခြား တစ်ပါးစီသာလျှင်ယှဉ်သော နာနာ

http://www.dhammadownload.com

စေတသိက်များဖြစ်သောကြောင့် သနားမှုနှင့် ဝမ်းသာမှု ပြိုင်တူ မဖြစ်နိုင်ပါ။

သာဓက ။ **ဣဿာ မစ္ဆေရ ကုက္ကုစ္စ ဝိရတီ ကရုဏာဒယော နာနာ။**
ကရုဏာ မုဒိတာ ပနေတ္ထ ပစ္စေကမေဝ ယောဇေတဗ္ဗာ။

မဟာကုသိုလ်စိတ်၌ စေတသိက်ယှဉ်ပုံများ

မဟာကုသိုလ်	ပဒွေး	ဒုဒွေး	တဒွေး	စဒွေး
အများဆုံး	၃၈	၃၇	၃၇	၃၆
တစ်ပြိုင်နက်	၃၄	၃၃	၃၃	၃၂
အမြဲတမ်း	၃၃	၃၂	၃၂	၃၁

မဟာကုသိုလ်၌ အပ္ပမညာဝိရတိတို့ အသီးအသီးယှဉ်ခြင်းအကြောင်း

အပ္ပမညာသည် သတ္တဝါပညတ်ကို အာရုံပြုသည်၊ ဝိရတီသည် ဝီတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြုသည်။ ဤသို့အာရုံ၊ ကွဲပြားသောကြောင့် အသီးသီးယှဉ်ကြပါသည်။ (ဋီ ၁၁၉)

ဆောင် ✱ **အပ္ပမညာ၊ အာရုံမှာကား၊ သတ္တဝါပညတ်၊ စွဲမှတ်လေဘိ၊ ဝိရတီမူ၊ ဝီတိက္က**
မိတဗ္ဗ၊ ဝတ္ထုကၡဏ်၊ စွဲရလေတုံ့၊ အာရုံမညီ၊ အလိလိကြောင့်၊ ဝိရတီတေး၊ ပမဉ်
ဒွေးတို့၊ လုံးထွေးဆိုင်လျက်၊ တစ်ပြိုင်နက်၊ ဆက်ဆက် မယှဉ်ကြ။

ပျော်ပျော်ရွှင်ရွှင် လမ်းပြင်, တံတားခင်းမှု ကုသိုလ်ပြုသူ၏စိတ်စေတသိက်များ

ပျော်ပျော်ရွှင်ရွှင်ဖြင့် အသိဉာဏ်ဝင်၍ လမ်းပြင်, တံတားခင်းမှု ကုသိုလ်ပြုသူ၏ သန္တာန်၌ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် မဟာကုသိုလ် ပထမဒွေးစိတ်နှင့် အညသမာန်း စေတသိက် ၁၃-ပါး၊ ဝိရတီ အပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၀ အားဖြင့် စေတသိက် ၃၃-ပါးတို့ ဖြစ်နိုင်ပါသည်။

သာဓက ။ **ကာမာဝစရ သောဘနေသု ပန ကုသလေသု (၀) ယောဇေတဗ္ဗာ။**

ယှဉ်ခွင့်စေတသိက် အများဆုံးစိတ်

သာမန်ယှဉ်ခွင့်စေတသိက် အများဆုံးစိတ်ကား ယှဉ်ခွင့်ရှိသမျှ စေတသိက်အမျိုးအစား (၃၈) ပါးအထိရှိသော မဟာကုသိုလ်ပထမဒွေးဖြစ်ပါသည်။

http://www.dhammadownload.com

မဟာဝိပါက်၌ အပွမညာ, ဝိရတီတို့မယှဉ်နိုင်ခြင်းအကြောင်း

မဟာဝိပါက်စိတ်သည် ကာမကို အာရုံပြုသောကြောင့်၎င်း၊ အပွမညာတို့သည် သတ္တဝါပညတ်ကို ဧကန်အာရုံပြုသောကြောင့်၎င်း၊ ဝိရတီတို့သည် ဧကန်ကုသိုလ်ဖြစ်သောကြောင့်၎င်း၊ မဟာဝိပါက်စိတ်၌ အပွမညာ, ဝိရတီမယှဉ်ပါ။ (ဋီ ၁၁၉)

ဆောင် * **ဝိပါကာနံ၊ ကာမမှန်လျှင်၊ ဧကန်ပရိတ္တ၊ အာလမ္ဗကြောင့်၊ သတ္တပညတ်၊ အာရုံ ကပ်သည့်၊ အပွမညာ၊ ထိုနှစ်ဖြာ၊ မှန်စွာမယှဉ်ထိုက်။**

* **ဝိရတီနံ၊ လောကီမှန်လျှင်၊ ဧကန်ကုသလ၊ သဘာဝကြောင့်၊ ဗျာကတဇာတ်၊ အရပ်ရပ်၊ မှတ်လေ မယှဉ်နိုင်။**

မဟာကြီယာစိတ်၌ ဧစေတသိက်ယှဉ်ပုံများ

မဟာကြီယာ	ပဒွေး	ဒုဒွေး	တဒွေး	စဒွေး
အများဆုံး	၃၅	၃၄	၃၄	၃၃
တစ်ပြိုင်နက်	၃၄	၃၃	၃၃	၃၂
အမြဲတမ်း	၃၃	၃၂	၃၂	၃၁

ဆင်္ဂီသက် သုဘေ၌ သုဘ၏အရ

သုဘသဒ္ဒါသည် သောဘနအားလုံးနှင့် သက်ဆိုင်သော်လည်း ကာမာဝစရ အရာသာဖြစ် သောကြောင့်၎င်း၊ ဝိပါက်နှင့် ကြိယာတို့ကို ရှောင်ခြင်အသီးအခြား ဆိုမည်ဖြစ်သောကြောင့်၎င်း ဤနေရာ၌ပါသော သုဘ၏အရ ကာမာဝစရသောဘန မဟာကုသိုလ်စိတ် (၈) ပါးကိုသာ ကောက်ယူရပါမည်။

သာဓက ။ **စေတသိက် စာပိုဒ်-၄၁ ရှိ နှစ်ဂါထာ။**

ထို့ထို့သောဘနစိတ်၌ မယှဉ်နိုင်သော သောဘနစေတသိက်များ

မဟာကြီယာစိတ် (၈) ခု၊ မဟဂ္ဂုတ်စိတ် (၂၇) ခုတို့၌ ဝိရတီမယှဉ်နိုင်ပါ။ မဟဂ္ဂုတ် ပဋိပဒာနှစ်စိတ်နှင့် လောကုတ္တရာစိတ် (၈) ခုတို့၌ အပွမညာဒွေးမယှဉ်နိုင်ပါ။ မဟာဝိပါက်စိတ် (၈) ခုတို့၌ ဝိရတီ (၃) ခု၊ အပွမညာ (၂) ခုတို့ မယှဉ်နိုင်ပါ။

သာဓက ။ **စေတသိက်စာပိုဒ်-၄၂ ပထမဂါထာနှင့် ပဋိပဒာနိကစိတ္တေသု ပန ပန္နရသသု အပွမညာယော နာ လဗ္ဘန္တိ။ (စေတသိက်စာပိုဒ်-၃၈၊ ဆဋ္ဌမဝါကျ။)**

http://www.dhammadownload.com

ဝိသေသက စေတသိက်မည်ပုံ

(မိမိယှဉ်ရာစိတ်စုကို မိမိယှဉ်ရာမဟုတ်သောစိတ်များနှင့်) စိတ်ချင်းကွဲပြားထူးခြားအောင် ပြုတတ်သောကြောင့် ဝိတက်စသော စေတသိက်တို့သည် ဝိသေသကစေတသိက်မည်ပါသည်။

ဆောင် * **ယှဉ်ရာစိတ်စု၊ သီးသန့်ပြုလျက်၊ ယှဉ်မှုတစ်ခြား၊ ကြွင်းစိတ်များနှင့်၊**
ကွဲပြားစေမှု၊ ထူးအောင်ပြု၊ မှတ်ရှုဝိသေသကတည်း။

ဝိသေသကစေတသိက် (၁၀) ပါးသရုပ်

ဝိတက်, ဝိစာရ, ပီတိ, သုခဝေဒနာဟူသော စျာန်တရား (၄) ပါး၊ ကရုဏာ, မုဒိတာဟူသော အပွမညာ (၂)ပါး၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသော ဝိရတီ (၃) ပါး၊ ပညာဉာဏ် (၁) ပါးအားဖြင့် ဝိသေသကစေတသိက် (၁၀) ပါးဖြစ်ပါသည်။

ဆောင် * **တက်, စာ, ပီ, သု၊ လေးခုစျာန်၊**
အပွမညာဒွေး၊ မုတ်ရေးတဖန်၊
ဝိရတီသုံး၊ တစ်လုံးဉာဏ်၊
ဝိသေသ၊ မှတ်ကြဉ်ဆယ်တန်။

သာဓက ။ **အနုတ္တရေ စျာနဓမ္မာ၊ အပွမညာ စ မဇ္ဈိမေ။**
ဝိရတီ ဉာဏ ပီတီ စ၊ ပရိတ္တေသု ဝိသေသကာ။

အနိယတယောဂီနှင့် ဝိသေသက စက်လှည့်

အနိယတယောဂီသာဖြစ်၍ ဝိသေသကမဖြစ်သောစေတသိက်များကား ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, မာန, ထိန, မိဒ္ဓ အားဖြင့် (၆) ပါးတို့တည်း။ ဝိသေသကသာဖြစ်၍ အနိယတယောဂီမဖြစ်သော စေတသိက်များကား ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ပညာအားဖြင့် (၅) ပါးတို့တည်း။ (၂) ပါးစုံဖြစ်သောစေတသိက်များကား ဝိရတီ, အပွမညာအားဖြင့် (၅) ပါးတို့ တည်း။ (၂) ပါးစုံမဖြစ်သောစေတသိက်များကား ဆိုခဲ့ပြီးသည်တို့မှ ကြွင်းသော စေတသိက် (၃၆) ပါးတို့တည်း။

http://www.dhammadownload.com

အနုတ္တရေ စျာနဓမ္မာဌ် ဧကဂ္ဂတာကို့ယူထို့က်/မယူထို့က်

ဧကဂ္ဂတာသည် စျာနင်ထို့က်သော်လည်း စျာန်စိတ်တိုင်းနှင့်ယှဉ်နေ၍ မိမိနှင့်ယှဉ်ရာ စိတ်ချင်းကွဲပြားထူးခြားအောင် မပြုနိုင်, (ဝိသေသကမဟုတ်) သောကြောင့် ဝိသေသကဆိုင်ရာ အနုတ္တရေစျာနဓမ္မာဌ် စျာနဓမ္မာအရ ဧကဂ္ဂတာကို မယူထို့က်ဘဲ ဝိတက်, ဝိစာရ, ပီတိ, သုခ ဝေဒနာတို့ကိုသာ ယူရမည်။

သာဓက ။ **စိတ်စာပို ဒ်-၃၈။**

ဝိသေသျစိတ်တို့ကို ဆိုင်ရာ ဝိသေသကစေတသိက်တို့နှင့် တွဲပုံ

လောကုတ္တရာစိတ်၌ ဝိတက်, ဝိစာရ, ပီတိ, သုခဟူသောစျာန်တရား (၄) ပါးတို့က စိတ်ချင်းကွဲပြားထူးခြားအောင် ပြုကြသည်။ မဟဂ္ဂုတ်စိတ်၌ စျာန်တရား (၄) ပါးနှင့် အပွမညာ (၂) ပါးတို့က စိတ်ချင်းကွဲပြားထူးခြားအောင် ပြုကြသည်။ ကာမာဝစရသောဘနစိတ်၌ ပီတိ, အပွမညာ (၂) ပါး, ဝိရတီ (၃) ပါးနှင့် ပညာဉာဏ်တို့က စိတ်ချင်းကွဲပြားထူးခြားအောင် ပြုကြသည်။

သာဓက ။ **အနုတ္တရေ စျာနဓမ္မာ၊ အပွမညာ စ မဒ္ဓိမေ။**
ဝိရတီ ဉာဏ ပီတိ စ၊ ပရိတ္တေသု ဝိသေသကာ။

အဝိသေသကစေတသိက် (၄၂) ပါး

ဝိတက်, ဝိစာရ, ပီတိ, သုခ, ဝေဒနာကြဉ်သော အညသမာန်းစေတသိက် (၉) ပါး၊ အကုသိုလ်စေတသိက် (၁၄) ပါး၊ ဝိရတီ, အပွမညာ, ပညာကြဉ်သော သောဘန(သာဓာရဏ) စေတသိက် (၁၉) ပါးအားဖြင့် မိမိယှဉ်ရာစိတ်ချင်းထူးခြားကွဲပြားအောင်မပြုနိုင်သော အဝိသေသက စေတသိက် (၄၂) ပါးဖြစ်ပါသည်။

အပွမညာ စ မဒ္ဓိမေဌ် မဒ္ဓိမ၏အရ

ယုတ်ညံ့သော ကာမစိတ်နှင့် အမြင့်မြတ်ဆုံးသော လောကုတ္တရာစိတ်တို့၏ အလယ်၌ဖြစ် သော မဟဂ္ဂုတ်စိတ်ကို မဒ္ဓိမ၏အရယူရပါမည်။

ပရိတ္တေသု ဝိသေသကာဌ် ပရိတ္တ၏အရ

နည်းသော အာနုဘော် (အစွမ်း) ရှိသော ကာမာဝစရ သောဘနစိတ်ကို ပရိတ္တ၏အရ ယူရပါမည်။

* * * * * * *

http://www.dhammadownload.com

အကုသိုလ်စိတ်သင်္ဂဟနည်း (၇) နည်းဇယား

စိတ်အမျိုးအစား	အညသမာန်း ၁၃	မောစတုက်	လောဘြိ	ဒေါစတုက်	ထိနမိဒ္ဓ	ဝိစိကိစ္ဆာ	ပေါင်း	သင်္ဂဟ
(လော)ပအသခ်ါ	။ ၁၃	၄	လော,ဒိဋ္ဌိ				၁၉	၁
။ ဒု ။	။ ၁၃	၄	လော,မာန				၁၉	
။ တ ။	ပီတိကြဉ် ၁၂	၄	လော, ဒိဋ္ဌိ				၁၈	၁
။ စ ။	။ ၁၂	၄	လော, မာန				၁၈	
(ဒေါ)ပဋိမ ။	။ ၁၂	၄		၄			၂၀	၁
(လော)ပသသခ်ါ	၁၃	၄	လော,ဒိဋ္ဌိ		၂		၂၁	၁
။ ဒု ။	၁၃	၄	လော,မာန		၂		၂၁	
။ တ ။	ပီတိကြဉ် ၁၂	၄	လော, ဒိဋ္ဌိ		၂		၂၀	၁
။ စ ။	။ ၁၂	၄	လော,မာန		၂		၂၀	
(ဒေါ)ပဋိမ ။	။ ၁၂	၄		၄	၂		၂၂	၁
(မော)ဥဒ္ဓစ္စသဟဇာတ်စိတ်	ဆန္ဒ, ပီတိဩ် ၁၁	၄					၁၅	၁
။ဝိစိကိစ္ဆာသဟဇာတ်စိတ်	ဆန္ဒ, ပီတိ, အဓိ-ဩ် ၁၀	၄				၁	၁၅	

သာဓက ။ စေတသိက်စာပိုဒ်-၄၃ မှ ၅၀ အထိ။

ပဋိမအသခ်ါရိကစိတ်၌ ကြ်ဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့ ပစ္စေကယှဉ်ခြင်းအကြောင်း

ကြ်ဿာသည် သူတစ်ပါးစည်းစိမ်ကို အာရုံပြု၏။ မစ္ဆရိယသည် မိမိစည်းစိမ်ကို အာရုံပြု၏။ ကုက္ကုစ္စသည် ပြုအပ်ပြီးသောဒုစရိုက်, မပြုလိုက်မိသော သုစရိုက်တို့ကို အာရုံပြု၏။ ဤသို့အာရုံကွဲပြားသောကြောင့် ကြ်ဿာ, မစ္ဆရိယ, ကုက္ကုစ္စ (၃) ပါးတို့ အသီးသီးယှဉ်ကြသည်။

ဆောင် * သူများစည်းစိမ်၊ ကိုယ့်စည်းစိမ်တည်း၊ ပြုပြီးဒုစရိုက်၊ မပြုလိုက်မိ၊ သုစရိဟု၊ အာရုံပြုရာ၊ ကွဲသည့်တာကြောင့်၊ ကြ်ဿာမစ္ဆရ၊ ကုက္ကုစ္စတို့၊ တကွဆိုင်လျက်၊ တစ်ပြိုက်နက်၊ ဆက်ဆက် မယှဉ်ကြ။

http://www.dhammadownload.com

ဒေါသမူစိတ်၌ စေတသိက်ယှဉ်ပုံများ

ဒေါသမူစိတ်	အသင်္ခါရိက	သသင်္ခါရိက
အများဆုံး	၂၀	၂၂
တစ်ပြိုင်နက်	၁၈	၂၀
အမြဲတမ်း	၁၇	၁၉

သဗ္ဗာကုသလသာဓာရဏနှင့် သဗ္ဗာကုသလယောဂီ စေတသိက်တို့၏အထူး

အကုသိုလ်စိတ်မှန်သမျှ၌ ယှဉ်ပုံချင်းတူကြသော်လည်း သဗ္ဗာကုသလသာဓာရဏဟူသည် အကုသိုလ်စိတ်အားလုံးနှင့်သာ ယှဉ်တွဲဆက်ဆံသော မောစတုက် (၄) ပါးတို့၏အမည်တည်း။

သဗ္ဗာကုသလယောဂီဟူသည် အကုသိုလ်စိတ်အားလုံးနှင့်သာ ယှဉ်တွဲဆက်ဆံသော မောစတုက် (၄) ပါးနှင့် အကုသိုလ်စိတ်သာမက အခြားသောစိတ်တို့နှင့်ပါယှဉ်တွဲဆက်ဆံသော ဆန္ဒ, ပီတိ, အဓိမောက္ခကြဉ်သော အညသမာန်းစေတသိက် (၁၀) ပါးအားဖြင့် စေတသိက် (၁၄) ပါးတို့၏ အမည်တည်း။ ဤသို့ထူးသည်။

သဗ္ဗာကုသလယောဂီ စေတသိက် (၁၄) ပါး

အလုံးစုံသောအကုသိုလ်စိတ်တို့နှင့်ယှဉ်နိုင်သော သဗ္ဗာကုသလယောဂီစိတ်များကား မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စဟူသော သဗ္ဗာကုသလသာဓာရဏစေတသိက် (၄) ပါး၊ ဆန္ဒ, ပီတိ, အဓိမောက္ခကြဉ်သော အညသမာန်းစေတသိက် (၁၀) ပါးအားဖြင့် (၁၄)ပါးဖြစ်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၅၂**။

သာဓာရဏမည်သောစေတသိက်များ

သင်္ဂြိဟ်ကျမ်း၌တိုက်ရိုက်လာသည့် သာဓာရဏအမည်ရသောစေတသိက်များကား သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇) ပါး၊ သဗ္ဗာကုသလသာဓာရဏ စေတသိက် (၄) ပါး၊ သောဘနသာဓာရဏစေတသိက် (၁၉) ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com

ယောဂီအမည်ရသောစေတသိက်များ

သင်္ဂြိဟ်ကျမ်း၌ တိုက်ရိုက်လာသည့် ယောဂီအမည်ရသောစေတသိက်များကား အနိယတယောဂီ စေတသိက် (၁၁) ပါး၊ နိယတယောဂီစေတသိက် (၄၁) ပါး၊ သဗ္ဗာကုသလယောဂီ စေတသိက် (၁၄) ပါးတို့ ဖြစ်ပါသည်။

မှတ်ရန် ။ **အဟေတုကေသု သဗ္ဗတ္ထ သတ္တ ကိုထောက်ဆ၍ သဗ္ဗစိတ္တသာဓာရဏာစေတသိက် (၇) ပါးတို့သည် သဗ္ဗာဟေတုကယောဂီ အမည်ရနိုင်သည်ဟု ဆိုကြသည့်နည်းတူ သဗ္ဗသောဘနယောဂီ, ဧကဒေသသောဘနယောဂီ, အသောဘနယောဂီစသော စေတသိက်များကိုလည်း ဖြစ်သင့်သလို ရွေးချယ်ခဲ့ခြား၍ အမည်ပေးနိုင်သေးသည်ဟုမှတ်။**

အပရေ၏ အပါဒါန်နှင့် အပါဒါနိ

ဒသာပရေဠ် အပရေ၏အပါဒါန်ကား . . . . သဗ္ဗာကုသလသာဓာရဏာစေတသိက် (၄) ပါးတည်း။ အပါဒါနိဖြစ်သော အပရအရကား ဆန္ဒ, ပီတိ, အဓိမောက္ခ ကြဉ်သော အညသမာန်း စေတသိက် (၁၀) ပါးတို့တည်း။

မှတ်ရန် ။ **အကုသိုလ်စိတ်တိုင်းနှင့်ယှဉ်သော သဗ္ဗာကုသလယောဂီစေတသိက်တို့ကို ပြဆိုသောအရာဖြစ်သောကြောင့် မောဟမူဒွေး၌မယှဉ်သော ဆန္ဒ, ဥပေက္ခာသဟဂုတ်နှင့် ဒေါသမူဒွေးတို့၌မယှဉ်သော ပီတိ, ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ မယှဉ်သော အဓိမောက္ခတို့ကို အပရေ၏အပါဒါန် လုံးဝမခံသင့်ဟု မှတ်ပါ။**

ဧကဒေသာကုသလယောဂီ

သဗ္ဗာကုသလသာဓာရဏာစေတသိက် (၄) ပါးမှကြွင်းသော အကုသိုလ်စေတသိက် (၁၀) ပါး၊ ဆန္ဒ, ပီတိ, အဓိမောက္ခတို့သည် အကုသိုလ်စိတ်တစ်ချို့တစ်ဝက်၌သာယှဉ်သောကြောင့် ဧကဒေသာကုသလယောဂီ မည်ပါသည်။

* * * * * * *

http://www.dhammadownload.com

အဟိတ်စိတ်သင်္ဂဟနည်း (၄) နည်းဇယား

စိတ်အမျိုးအစား	အညသမာန်းစေတသိက် ၁၃	သင်္ဂဟနည်း
ဟသိတုပွါဒ်စိတ်	ဆန္ဒကြဉ် ၁၂	၁
မနောဒွါရာဝဇ္ဇန်း	ဆန္ဒ, ပီတိကြဉ် ၁၁	၁
သောမနဿသန္တီရဏ	ဆန္ဒ, ဝီရိယကြဉ် ၁၁	
စွိုင်း ၂၊ ဥသဲ ၂၊ ပဥ္စဒွါရာဝဇ္ဇန်း	ဆန္ဒ, ပီတိ, ဝီရိယကြဉ် ၁၀	၁
ဒွေပဥ္စဝိညာဉ် ၁၀	သဗ္ဗစိတ္တသာဓာရဏ ၇	၁

သာဓက ။ စေတသိက် စာပိုဒ် ၅၃ မှ ၅၇ အထိ။

သုခချင်း အထူး

သုခသဟဂတံ ကာယဝိညာဏ်၌ သုခအရ အဟိတ်ကုသလဝိပါက် သုခသဟဂုတ် ကာယဝိညာဏ်၌သာယှဉ်သည့် သုခဝေဒနာဟူသော ကာယိကသုခကို ယူရမည်။

သုခေကဂ္ဂတာ၌ သုခအရ ရူပစိတ် (လောကုတ္တရာစိတ်) ၌ယှဉ်သည့် သောမနဿ ဝေဒနာဟူသော မာနသိက (စေတသိက) သုခကို ယူရမည်။

သုခသန္တီရဏော၌ သုခအရ အဟိတ်ကုသလဝိပါက် သောမနဿသဟဂုတ် သန္တီရဏ နှင့် ယှဉ်သည့် သောမနဿဝေဒနာဟူသော မာနသိက (စေတသိက) သုခကို ယူရမည်။

မနောဓာတုတ္တိကာ အရ

ပဥ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆန်းဒွေးတို့ကို မနောဓာတုတ္တိကာအရ ယူရမည်။

သာဓက ။ ပကိဏ်းစာပိုဒ်-၆၉။

အဟေတုက ပဋိသန္ဓိယုဂဇ္ဇ အရ

အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်နှင့် အဟိတ်ကုသလဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်တို့ကို အဟေတုက ပဋိသန္ဓိယုဂဇ္ဇအရ ယူရမည်။

သာဓက ။ ဝီထိမုတ်စာပိုဒ်-၁၆၊ ၁၇။

http://www.dhammadownload.com

စေတသိက်အနည်းဆုံးယှဉ်ရာစိတ်

စေတသိက်အနည်းဆုံးယှဉ်ရာစိတ်ကား သဗ္ဗစိတ္တသာမာရဏစေတသိက် (၇) ပါးတို့ကိုသာ ယှဉ်သောဒွေးပဉ္စဝိညာဏ် (၁၀) ဖြစ်ပါသည်။

သာဓက ။ **စေတသိက်စာပို၌-၅၇။**

အာရုံခံယူရာ တံခါး (၅) မျိုးလုံးဌာ ဖြစ်ခွင့်ရသော စိတ်နှင့် စေတသိက်

အာရုံခံယူရာ တံခါးငါးမျိုးဌာ ဖြစ်ခွင့်ရသောစိတ်ကား ပဉ္စဒ္ဒါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဟူဆိုအပ်သော မနောဓာတ် (၃) ခုဖြစ်ပါသည်။

ယင်းစိတ်နှင့်အတူ ဖြစ်နိုင်သော စေတသိက်များကား ဆန္ဒ၊ ပီတိ၊ ဝီရိယ ကြဉ်သော အညသမာန်း စေတသိက် ၁၀-ပါးဖြစ်ပါသည်။

သာဓက ။ **စေတသိက် စာပို၌ ၅၆။ ပကိဏ်းစာပို၌ ၄၃။**

သဗ္ဗာဟေတုကယောဂီ, ကေဒေသာဟေတုကယောဂီ

သဗ္ဗစိတ္တသာမာရဏ စေတသိက် ၇-ပါးတို့သည် အဟိတ်စိတ်အားလုံးတို့၌ ယှဉ်သောကြောင့် သဗ္ဗာဟေတုကယောဂီ စေတသိက်မည်နိုင်ပါသည်။

ဆန္ဒကြဉ်သော ပကိဏ်းစေတသိက် ၅-ပါးသည် အဟိတ်စိတ်တို့၌ ထိုက်သင့်သည့် အားလျော်စွာ (အချို့) သာ ယှဉ်သောကြောင့် ဧကဒေသာဟေတုက ယောဂီစေတသိက်မည်နိုင်ပါသည်။

သာဓက ။ **အဟေတုကေသု သဗ္ဗတ္ထ၊ သတ္တ သေသာ ယထာရဟံ။**

သေသ၏ အပါဒါန်နှင့် အပါဒါနိ

သတ္တသေသာ၌သေသ၏ အပါဒါန်ကား သဗ္ဗစိတ္တသာမာရဏစေတသိက် (၇) ပါးတည်း။ အပါဒါနိဖြစ်သော သေသအရကား ဆန္ဒကြဉ်သော ပကိဏ်းစေတသိက် (၅) ပါးတည်း။

သာဓက ။ **စေတသိက်စာပို၌-၅၃။**

မှတ်ရန် ။ **အဟိတ်စိတ်၌ယှဉ်သော စေတသိက်တို့ကို ပြဆိုသောအရာဖြစ်သောကြောင့် အဟိတ်စိတ်၌လုံးဝမယှဉ်သော ဆန္ဒကို အပါဒါန်မခံသင့်ဟုမှတ်ပါ။**

http://www.dhammadownload.com

သေသာယထာရဟံ၌ ယထာရဟယှဉ်ပုံ

ဟသိတုပါဒိစိတ်၌ ပကိဏ်းစေတသိက် (၆) ပါးမှ ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိအားဖြင့် (၅) ပါးယှဉ်၏။ ဥဒ္ဓေါစိတ်၌ ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယအားဖြင့် (၄) ပါးယှဉ်၏။ သောမနဿ သန္တီရဏ စိတ်၌ ဝိတက်, ဝိစာရ, အဓိမောက္ခ, ပီတိအားဖြင့် (၄) ပါးယှဉ်၏။ မနောဓာတ်နှင့် အဟိတ်ပဋိသန္ဓေ (၂) မျိုး၌ ဝိတက်, ဝိစာရ, အဓိမောက္ခ အားဖြင့် (၃) ပါးယှဉ်၏။ ဤကား သေသာယထာရဟံအရ အဟိတ်စိတ်၌ ပကိဏ်းစေတသိက်တို့၏ ယထာရဟယှဉ်ပုံတည်း။

စေတသိက်အများဖြစ်အောင်ရေတွက်နည်း

သင်္ခစိတ္တသာဓာရဏစေတသိက် (၇) ပါး၊ ပကိဏ်းစေတသိက် (၆) ပါးစသည်အားဖြင့် အရေအတွက်ကို ပိုင်းခြားပြဆိုခဲ့သော်လည်း မိမိယှဉ်ရာစိတ်များသလောက် စေတသိက်အရေအတွက်လည်း ယထာသမ္ဘဝအားလျော်စွာ တိုးပွားလာနိုင်, များပြားလာနိုင်ပါသည်။

သာဓက ။ **ဘေဒံ ယထာယောဂံ၊ စိတ္တေန သမမုဒ္ဓိသေ။**

စေတသိက်ကို စိတ်နှင့်အမျှ ရေတွက်ပုံ

ဖဿသည် စိတ် (၈၉) ခုဉ်ယှဉ်သောကြောင့် ဖဿစေတသိက်လည်း (၈၉)ခုဖြစ်သည်။

သာဓက ။ **စေတသိက်စာပိုဒ်-၁၂။**

(ဝေဒနာစသည်တို့ကိုလည်း ဤနည်းမှီ၍ ရေတွက်ပါ။)

ဝိတက်သည် စိတ် (၅၅) ခုဉ်ယှဉ်သောကြောင့် ဝိတက်စေတသိက် (၅၅)ခုဖြစ်သည်။

သာဓက ။ **စေတသိက်စာပိုဒ်-၁၃။**(ဝိစာရစသည်တို့ကိုလည်း ဤနည်းမှီ၍ရေတွက်ပါ။)

မောဟသည် အကုသိုလ်စိတ် (၁၂) ခုဉ်ယှဉ်သောကြောင့် မောဟစေတသိက်သည်လည်း (၁၂) ခုဖြစ်သည်။

သာဓက ။ **စေတသိက်စာပိုဒ်-၂၀။**(အဟိရိကစသည်တို့ကိုလည်း ဤနည်းမှီ၍ရေတွက်ပါ။)

သဒ္ဓါသည် သောဘနစိတ် (၅၉) ပါးတို့ဉ်ယှဉ်သောကြောင့် သဒ္ဓါစေတသိက်သည်လည်း (၅၉) ခုဖြစ်သည်။

သာဓက ။ **စေတသိက်စာပိုဒ်-၂၈။**

(သတိ စသည်တို့ကိုလည်း ဤနည်းမှီ၍ရေတွက်ပါ။)

* * * * * * *

http://www.dhammadownload.com

တဒုဘယမိဿကနည်းမည်ပုံ

သမ္မယောဂနည်း သင်္ဂဟနည်း (၂) ပါးတို့ကို ရောနှော၍ စေတသိက်ချင်းယှဉ်ပုံကို ပြသောနည်းသည် တဒုဘယမိဿကနည်းမည်၏။

စိတ်ယှဉ် စေတသိက်ယှဉ်အုပ်စုရှာနည်းဇယား

သမ္မယောဂနည်းမူတည်	အကုစေ့ (၁၄)ဆန္ဒ	ဆန္ဒကြဉ်အညစေ (၁၂)	သောဘနစေ့ (၂၅)ဆန္ဒ
သင်္ဂဟနည်းမူတည်	အကုစိတ် (၁၂)	အဟိတ်စိတ် (၁၈)	သောဘနစိတ် (၆၉)

သာဓက ။ စေတသိက်စာပို ဒ်-၁၁၊ ၃၅။

(သမ္မယောဂနည်းမူတည်) စိတ်ယှဉ်အုပ်စုရှာနည်း

ဆောင် * အကုစေတွက်၊ စိတ်ယှဉ်ဘက်၊ ရှာချက်အကုမှာ။
* ဆန်ကြဉ်အည၊ စိတ်ယှဉ်ရ၊ ရှာကြအားလုံးမှာ။
* ဆန္ဒယှဉ်မှု၊ စိတ်အုပ်စု၊ အကု. သောဘနာ။
* သောဘနယှဉ်နေ၊ အုပ်စုတွေ၊ ရှာဖွေ. သော. စိတ်မှာ။

(သင်္ဂဟနည်းမူတည်) စေတသိက်ယှဉ်အုပ်စုရှာနည်း

ဆောင် * အကုစိတ်တွက်၊ စေယှဉ်ဘက်၊ ရှာချက်အကု. အညမှာ။
* အဟိတ်စိတ်တွက်၊ စေယှဉ်ဘက်၊ ရှာချက် အညသာ။
* သောဘနစိတ်တွက်၊ စေယှဉ်ဘက်၊ ရှာချက် သော. အညာ။

http://www.dhammadownload.com

(တဒုဘယမိဿကနည်းအရ) စေတသိက်ခွဲခြင်း ယှဉ်ပုံရှုနည်း

စေတသိက် တစ်ပါးပါး၌ ယှဉ်ရာစေတသိက်တို့ကို သိလိုလျှင်

၁။ သက်ဆိုင်ရာစေတသိက်၏ ယှဉ်ရာစိတ်ကို သမ္မယောဂနည်းအရ ဦးစွာရှာပါ။

၂။ ထိုရှာ၍ရသောစိတ်တို့၌ ယှဉ်ထိုက်သမျှစေတသိက်တို့ကို သင်္ဂဟနည်းအရ ထပ်မံရှာပါ။

၃။ သင်္ဂဟနည်းအရ ရှာဖွေ၍ရသော စေတသိက်များထဲမှ မူတည်စေတသိက်ကို (မိမိသည် မိမိနှင့် သမ္မယုတ်, ဝိပ္ပယုတ်ဟုမဆိုသာ၍) နုတ်ပယ်ပြီး ကျန်သောစေတသိက် များသည် သက်ဆိုင်ရာ မူတည်စေတသိက်နှင့် ယှဉ်ထိုက်သောစေတသိက်များဖြစ်ပါသည်။

ဥပမာအားဖြင့် ဖဿစေတသိက်၏ယှဉ်ရာစိတ်သည် (သမ္မယောဂနည်းအရရှာသော်) (၈၉) ပါး ဖြစ်၏။ ထိုစိတ် (၈၉) ပါး၌ ယှဉ်ရာစေတသိက်ကား (သင်္ဂဟနည်းအရ ရှာသော်) (၅၂) ပါးဖြစ်၏။ ထိုစေတသိက် (၅၂) ပါးမှ မူတည်ဖဿစေတသိက်ကို နှုတ်လိုက်သော် ကျန်သော စေတသိက် (၅၁) ပါးသည် ဖဿနှင့်ယှဉ်သောစေတသိက်များဖြစ်သည်။

ဆောင် (၁) **စေတသိက်တစ်ပါး၊ ယှဉ်စိတ်များ၊ ရှာထားဦးစွာ (သမ်. နည်း) အရ။**
(၂) **ရှာရစိတ်တွေ၊ ယှဉ်ထိုက်. စေ၊ ရှာဖွေဒုတိယ (သင်. နည်း) အရ။**
(၃) **သင်. နည်းရှာမြင်၊ စေတို့တွင်၊ (မူ. ကြဉ်) ကျန်သမျှ အဖြေပြ။**

http://www.dhammadownload.com

တဒ္ဒဘယ မိဿကနည်းအရ စေတသိက်ခြင်းယှဉ်ပုံ ဇွန်းချယ်ပြီးဇယား

ရာသီ	မူတည်စေတသိက်အမည်		ယှဉ်သောစေတသိက်များ
ဒုတိယရာသီ	ဖဿစသော သတ္တစိတ္တသာဓာရဏ ၇ တက်, စာ, ဝီ	(၁၀)	(ဗီဇိ ကြဉ်) စေ ၅၁-ခုစီ
	အဓိမောက္ခ, ဆန္ဒ	(၂)	(ဗီဇိ, ဝိစိကိစ္ဆာကြဉ်) ၅၀-ခုစီ
	ပီတိ	(၁)	(ဗီဇိ, ဒေါစတုက်, ဝိစိကြဉ်) ၄၆
တတိယရာသီ	ဟောစတုက်	(၄)	အညသဟန်း ၁၃၊ (ဗီဇိကြဉ်) အကု စေ ၁၃-၂၆-ခုစီ
	လောဘ	(၁)	အည ၁၃၊ ဟောစတုက် ၄၊ ဒိဋ္ဌိ, ဟန, ထိန, ပိဒ္ဓ ၄-၂၁-ခုစီ
	ဒိဋ္ဌိ, ဟန	(၂)	အည ၁၃၊ ဟောစတုက် ၄၊ လောဘ, ထိန, ပိဒ္ဓ ၃-၂၀-ခုစီ
	ဒေါသ	(၁)	(ဗီတိကြဉ်) အည ၁၂၊ ဟောစတုက် ၄၊ ကြ,ဃစ်,ကုက်,ထိန, ပိဒ္ဓ ၅ = ၂၁ စီ
	ကြဿာ, မစ္ဆရိယ, ကုက္ကုစ္စ	(၃)	(ဗီတိကြဉ်) အည ၁၂၊ ဟောစတုက် ၄၊ ဒေါသ, ထိန, ပိဒ္ဓ ၃- ၁၉-ခုစီ
	ထိန, ပိဒ္ဓ	(၂)	အည ၁၃၊ (ဗီဇိ, ဝိစိကြဉ်) အကု စေ ၁၂ = ၂၅-ခုစီ
	ဝိစိကိစ္ဆာ	(၁)	(အဓိမောက္ခ, ပီတိ, ဆန္ဒကြဉ်) အည ၁၀၊ ဟောစတုက်၄=၁၄၃
စတုတ္ထရာသီ	သောဘနသာဓာရဏ, (၁၉) ပညာ (၁)		အည ၁၃၊ (ဗီဇိကြဉ်) သောဘန စေ ၂၄=၃၇-ခုစီ
	ဝိရတီ	(၃)	အည ၁၃၊ (ဗီဇိ, အပ္ပမညာကြဉ်) သောဘန စေ ၂၂=၃၅-ခုစီ
	ကရုဏာ, မုဒိတာ	(၂)	အည ၁၃၊ (ဝိရတီ,အပ္ပမညာကြဉ်) သောဘန စေ ၂၀=၃၃-ခုစီ

စေတသိက်ပိုင်းဆိုင်ရာ မြင်ကွင်းပြီးပြီ။

* * * * * * *

http://www.dhammadownload.com

ပကိဏ်းပိုင်း

ပကိဏ်းပိုင်း၏ အခြားနာမည်များ

ပကိဏ်းပိုင်းကို (ဋီကာကျော်အလို) ဝေဒနာသင်္ဂဟဒိပိုင်းဟူ၍၄င်း၊ ဥတ္တရသင်္ဂဟပိုင်းဟူ၍၄င်း ခေါ်ကြပါသေးသည်။

ပကိဏ်းအဓိပ္ပါယ်နှင့် အရကောက်

စိတ်, စေတသိက်တို့ကို ဝေဒနာ, ဟေတုစသော သင်္ဂဟ (၆) မျိုးတို့ဖြင့် ရောပြွမ်း၍ ရေတွက်ပြဆိုသောကြောင့် ပကိဏ်းပိုင်းဟုခေါ်သည်။

ပကိဏ္ဏကာပုဒ်၌ ပ-အရ ဝေဒနာသင်္ဂဟစသော အစိတ် အစိတ်သော သင်္ဂဟ (၆) မျိုးကိုရ၏။ ပကိဏ္ဏကာပုဒ်လုံး၏အရကား သင်္ဂဟ (၆) မျိုးအပေါင်းဖြင့် ရောပြွမ်းဆက်ဆံတတ်သော စိတ်, စေတသိက်တို့ကိုရ၏။

ပကိဏ်းချင်း အထူး

စေတသိက်တို့က သောဘနစိတ်နှင့် အသောဘနစိတ်တို့၌ တစ်ချို့တစ်ဝက်စီ ရောပြွမ်းယှဉ်မှုကို စေတသိက်ပိုင်း၌ ပကိဏ်းဟုခေါ်သည်။

စိတ်, စေတသိက်တို့ကို ဝေဒနာစသော သင်္ဂဟ (၆) မျိုးတို့ဖြင့် ရောပြွမ်းရေတွက်မှုကို ပကိဏ်းပိုင်း၌ ပကိဏ်းဟုခေါ်သည်။ ဤသို့ထူး၏။

သမ္မယုတ္တာ ယထာယောဂံ၏ သဘော

စေတသိက်ပိုင်း၌ ပြဆိုခဲ့သည့်အတိုင်း ဖဿသည် စိတ် (၈၉) ပါးနှင့်ယှဉ်၏။ ဝိတက်သည် စိတ် (၅၅) ပါးနှင့် ယှဉ်၏ စသည်ဖြင့်၄င်း(သမ္မယောဂနည်း)၊ လောကုတ္တရာပထမဈာန်၌ စေတသိက် (၃၆) ပါးယှဉ်၏။ ဒုတိယဈာန်၌ ဝိတက်ကြဉ်သော စေတသိက် (၃၅) ပါးယှဉ်၏-စသည်ဖြင့်၄င်း (သင်္ဂဟနည်း)၊ စိတ်နှင့် စေတသိက်တို့၏ ကေုပ္ပါဒစသောလက္ခဏာအားဖြင့် ထိုက်သင့်သလိုယှဉ်ကြသည်ကို သမ္မယုတ္တာ ယထာယောဂံဟုဆိုပါသည်။

http://www.dhammadownload.com

တေပညာသ သဘာဝတောဋ္ဌ် တေပညာသအရ

အာရမ္မဏာ ဝိဇာနနလက္ခဏာအားဖြင့်တူသော စိတ် (၁) ပါး၊ ဖုသနစသော လက္ခဏာ ချင်းကွဲပြားသော စေတသိက် (၅၂) ပါးအားဖြင့် နာမ်တေပညာသအရ (၅၃) ပါးဖြစ်ပါသည်။

ယထာရဟံအရ ထိုက်သလိုဆောင်ပုံ

ဝေဒနာသင်္ဂဟ, ကိစ္စသင်္ဂဟ, အာရမ္မဏသင်္ဂဟတို့၌ စိတ်, စေတသိက်အားလုံးကို ဆောင်၍ပြအပ်ပါသည်။ ဟေတုသင်္ဂဟ, ဒွါရသင်္ဂဟ, ဝတ္ထုသင်္ဂဟတို့၌ စိတ်, စေတသိက်တစ် ချို့တစ်ဝက်ကိုသာ ဆောင်၍ပြအပ်ပါသည်။ ဤကားယထာရဟံအရ ထိုက်သလိုဆောင်ပုံတည်း။

စိတ္တာနုပ္ပါဒ အရ

သင်္ဂဟော၏ကံပုဒ်ဖြစ်သော တေသံ၏အရ - စိတ်, စေတသိက်တို့ကို ကောက်ရသော ကြောင့် ပကိဏ်းပိုင်းတွင်ပါသော စိတ္တာနုပ္ပါဒဝသေနေဝဋ္ဌ စိတ္တာနုပ္ပါဒအရ စိတ်, စေတသိက် (၂) မျိုးကိုယူရမည်။ (ပကိဏ်းပိုင်းဖြင့် စိတ်, စေတသိက် ပရမတ်တို့ကိုဝေဘန်သည်။)

သာဓက ။ **စိတ္တစေတသိကာ ဓမ္မာ, တေသံ ဒါနိ ယထာရဟံ။**

မှတ် ရန် ။ **တေသံ- ထိုစိတ်, စေတသိက် (၂) ပါးတို့တွင်. ဟုနိဒ္ဒါရဏ အနက် ပေးလျက် စိတ္တာနုပ္ပါဒဝသေနဋ္ဌ စိတ်ကိုသာယူ၍ အပေါင်းအစိတ် စာစပ် လျှင်လည်း ဖြစ်သင့်သည်ဟုမှတ်။**

* * * * * * *

ဝေဒနာသင်္ဂဟပြဋ္ဌာန်း

ဝေဒနာသင်္ဂဟ

စိတ်, စေတသိက်တို့ကို သုခစသော ဝေဒနာ (၃) ပါး၊ (တစ်နည်း) ဝေဒနာ (၅) ပါး တို့ဖြင့် ပေါင်းယူရေတွက်ပြရာဖြစ်သောကြောင့် ဝေဒနာသင်္ဂဟမည်ပါသည်။

အနုဘဝနနည်းနှင့် ဣန္ဒြိယဘေဒနည်းတို့၌ပါသော သုခ, ဒုက္ခချင်းအထူး

အနုဘဝနနည်း၌ပါသော သုခအရ သုခသဟဂုတ်ကာယဝိညာဏ်နှင့် သောမနဿ သဟဂုတ် (၆၂) ခုဋ္ဌိရှိသော သုခဝေဒနာကို ယူရသည်။ ဒုက္ခအရ ဒုက္ခသဟဂုတ် ကာယ ဝိညာဏ်နှင့် ဒေါသမူဒွေဋ္ဌရှိသော ဒုက္ခဝေဒနာကို ယူရသည်။

http://www.dhammadownload.com

ကွန်ဒြိယဘေဒနည်း၌ပါသော သုခအရကား သုခသဟဂုတ် ကာယဝိညာဏ်၌ရှိသော သုခဝေဒနာကိုသာယူရသည်။ ဒုက္ခအရကား ဒုက္ခသဟဂုတ်ကာယဝိညာဏ်၌ရှိသော ဒုက္ခဝေဒနာကိုသာယူရသည်။ ဤသို့တကွဖြစ်ဘက်စိတ်အားဖြင့် ထူးခြားသည်။

ချမ်းသာမှုကို ခံစားရခြင်းသည် ကုသိုလ်၏အကျိုး

သုခဝေဒနာ၏ တရားကိုယ်သည် ကုသလဝိပါက် ကာယဝိညာဏ်စိတ် (၁) ခုသာလျှင် ဖြစ်သောကြောင့် ကိုယ်ချမ်းသာမှုကို ခံစားရခြင်းသည် ကောင်းမှုကုသိုလ်၏အကျိုးသာဖြစ်သည်။

သာဓက ။ **တတ္ထ သုခသဟဂတံ ကုသလဝိပါကံ၊ကာယဝိညာဏမေကမေဝ။**

ဆင်းရဲမှုကို ခံစားရခြင်းသည် အကုသိုလ်၏အကျိုး

ဒုက္ခဝေဒနာ၏ တရားကိုယ်သည် အကုသလဝိပါက် ကာယဝိညာဏ်စိတ် (၁)ခု သာလျှင် ဖြစ်သောကြောင့် ကိုယ်ဆင်းရဲမှုကို ခံစားရခြင်းသည် မကောင်းမှုအကုသိုလ်၏ အကျိုးသာဖြစ်သည်။

သာဓက ။ **ဒုက္ခသဟဂတံ အကုသလဝိပါကံ။**

သေသ၏ အပါဒါန်နှင့် အပါဒါနိ

သေသာနိ သဗ္ဗာနိပိဠ် သေသ၏အပါဒါန်ကား သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ တို့နှင့်တကွဖြစ်သော စိတ် (၆၆) ပါးတည်း။ အပါဒါနိဖြစ်သော သေသ၏အရကား အကုသိုလ် ဥပေက္ခာသဟဂုတ် (၆) ပါး၊ အဟိတ်ဥပေက္ခာသဟဂုတ် (၁၄) ပါး၊ ကာမာဝစရသောဘန ဥပေက္ခာသဟဂုတ် (၁၂) ပါး၊ ပဉ္စမစျာန် (၂၃) ပါးအားဖြင့် ဥပေက္ခာသဟဂုတ် (၅၅)ပါးတို့တည်း။

သုခမေကတ္ထ ဒုက္ခဉ္စ ဖြစ်ထိုက်သော ဧကတ္ထအရ

သုခမေတတ္ထ ဒုက္ခဉ္စ ဧကတ္ထ၏အရကား သုခအတွက် ကုသလဝိပါက်ကာယဝိညာဏ်ကိုယူ၍ ဒုက္ခအတွက် အကုသလဝိပါက် ကာယဝိညာဏ်ကိုယူရမည်။

သာဓက ။ **တတ္ထသုခသဟဂတံ ကုသလဝိပါကံ ကာယဝိညာဏမေကမေဝ၊ ဒုက္ခ သဟဂတံ အကုသလဝိပါကံ။**

http://www.dhammadownload.com

စိတ်ကိုဝေဒနာဖြင့် ဝေဘန်ပုံဇယား

ယှဉ်ရာစိတ်	အနုဘဝနလက္ခဏာ→	ယှဉ်သောဝေဒနာ					စိတ်
		သုခဝေဒနာ		ဒုက္ခဝေဒနာ		ဥပေက္ခာ	ပေါင်း
	ကွန္ဒြိယဘေဒ →	သု	သော	ဒု	ဒေါ	။	
သုခသဟဂုတ်ကာယဝိညာဏ်		။					၁
ကာမသောမနဿသဟဂုတ် ၁၈ ပ-ဒု-တ-စ-စျာန်စိတ် ၄၄			။				၆၂
ဒုက္ခသဟဂုတ်ကာယဝိညာဏ်				။			၁
ဒေါသမူဒွေ					။		၂
ကာမ ဥပေက္ခာ ၃၂ ပဉ္စမစျာန် ၂၃						။	၅၅

သာဓက ။ ပကိဏ်းစာပို့ဒ်-၄၊ ၅၊ ၆၊ ၇။

စေတသိက်ကိုဝေဒနာဖြင့် ဝေဘန်ပုံဇယား

	ယှဉ်သောဝေဒနာ					အဂ္ဂဟိတ
	သု	ဒု	သော	ဒေါ	ဥ	စေ
ဖဿ			။			၆
ဒေါသ,ကုက္ကုစ္စ				။		
ဝိစိကိစ္ဆာ					။	
လောဘ,ဒိဋ္ဌိ,မာန,သောဘန-၂၅			။		။	၂၈
ဖဿကြဉ်ပကိဏ်းစေ-၅,မောစတုက်-၄, ထိန,မိဒ္ဓ			။	။	။	၁၁
ဝေဒနာကြဉ်သဗ္ဗစိတ္တသာဓာရဏ ၆	။	။	။	။	။	၆
ဝေဒနာ						၁
ထိုထိုဝေဒနာနှင့်ယှဉ်သောစေ-ပေါင်း						၅၂

မှတ်ရန်။ ။ ဇယားအပေါ်နှင့်အောက်သည် ဂဟိတဂ္ဂဟဏနည်း၊ ဇယား ဝဲနှင့်ယာသည် အဂ္ဂဟိတဂ္ဂဟဏနည်း ဖြစ်သည်ဟုမှတ်။

http://www.dhammadownload.com

ဂဟိတဂ္ဂဟဏနည်းလက််

ဆောင် * သုခ ဒုက္ခ၊ ဝေဒနာနှင့်၊ ယှဉ်လာလေရိပ်၊ စေတသိက်ကား၊ ခြောက်ပါး ညီမျှ၊ သောမနဿဝယ်၊ လေးဆယ်နှင့်ခြောက်၊ ထို့နောက် ဒေါမန၊ ယှဉ်သမျှစစ်၊ နှစ်ဆယ့်တစ်သာ၊ ဥပေက္ခာ၌၊ ယှဉ်လာဖြစ်မြောက်၊ လေး ဆယ့်ခြောက်သည်၊ ရွေးကောက်လေတော့ မခဲတည်း။

အဂ္ဂဟိတဂ္ဂဟဏနည်းအကျဉ်းလက််

ဆောင် * ဝေဒနာတစ်၊ ခြောက်ပါးဖြစ်၏၊ နှစ်မှာဌဝီ၊ သုံးလီဆယ့်တစ်၊ ငါးဖြစ်ခြောက်ခု၊ မ-တစ်ခု၊ ပေါင်းစု ငါးဆယ့်နှစ်။

အဂ္ဂဟိတဂ္ဂဟဏနည်းအသေးစိတ်တွက်ပုံမျှားအကျယ်လက််

ဆောင် * ဒေါစတုက်, ပီ၊ ဝိစိမည်၊ ခြောက်လီဝေ-တစ်ပါး။
  * လောဘြို, သော. စစ်၊ နှစ်ဆယ့်ရှစ်၊ ဝေ-ဖြစ် နှစ်လီထား။
  * ပီကြဉ်ကိဏ်းအုပ်၊ မောစတုက္က၊ ထိ, မိဒ္ဓဖြစ်၊ တစ်ဆယ့်တစ်၊ ဝေဒနာဖြစ် သုံးပါး။
  * ဝေကြဉ်သဗ္ဗ၊ ဝေ-ငါးဝ၊ မှတ်ကြဝေဒနာ မ-တစ်ပါး။

မှတ်ရန် ။ ယူအပ်ပြီးသားကို ထပ်၍ထပ်၍ယူသောနည်းသည် ဂဟိတဂ္ဂဟဏ နည်းမည်၏။ ယူအပ်ပြီးသားကို ထပ်၍မယူသောနည်းသည် အဂ္ဂဟိ တဂ္ဂဟဏနည်းမည်၏။

ဣန္ဒြေ၏ အပါဒါန်နှင့် အပါဒါနိ

ပဋ္ဌပညာသကေတရာဌ ဣန္ဒြေ၏အပါဒါန်ကား သုခ, ဒုက္ခ, ဒေါမနဿ, သောမနဿ ဟူသော ဝေဒနာ (၄) ပါးတို့တည်း။ အပါဒါနိဖြစ်သော ဣန္ဒြေ၏အရကား ဥပေက္ခာ ဝေဒနာတည်း။

သာဓက ။ ပကိဏ်းစာပိုဒ် ၈၊ ၉။

http://www.dhammadownload.com

ဝေဒနာကို ဘုံ, ပုဂ္ဂိုလ်အားဖြင့် ဝေဘန်ခြင်း

ကာမဘုံတွင် ပုထုဇဉ် (၄) ယောက်နှင့် အောက်ဖလဋ္ဌာန် (၂) ယောက်တို့၌ (ဝေဒနာ (၅) ပါးတို့၏ တရားကိုယ်စိတ်များ ထိုက်သင့်သလိုရထိုက်သောကြောင့်) ဝေဒနာ (၅) ပါးလုံး ဖြစ်နိုင်ပါသည်။

သာဓက ။ **ဝိထိစာပိဒ် - ၄၀၊ ၄၁၊ ၄၂၊ ၄၄၊ ၄၅**။

မဂ္ဂဋ္ဌာန် (၄) ယောက်တို့၌ (အောက်ဈာန်တို့နှင့်ယှဉ်ခိုက် သောမနဿဝေဒနာ၊ ပဉ္စမ ဈာန်နှင့်ယှဉ်ခိုက် ဥပေက္ခာဝေဒနာဖြစ်သော သက်ဆိုင်ရာမဂ်ဇောတစ်ကြိမ်စီသာ ဖြစ်နိုင် သောကြောင့်) သောမနဿဝေဒနာ, ဥပေက္ခာဝေဒနာ (၂) ပါးသာဖြစ်နိုင်ပါသည်။

သာဓက ။ **ပကိဏ်းစာပိဒ် - ၅၊ ၇၊ ဝိထိစာပိဒ် ၃၅**။

အနာဂါမ်ရဟန္တာတို့၌ (ဒေါမနဿ၏တရားကိုယ် ဒေါသမူဇောကိုမရထိုက်သော ကြောင့်) ဒေါမနဿဝေဒနာမှတစ်ပါး ကျန်ဝေဒနာ (၄) ပါးတို့ဖြစ်နိုင်ပါသည်။

သာဓက ။ **ဝိထိစာပိဒ် - ၄၆**။

အသညသတ်ကြဉ်သော ရူပ (၁၅) ဘုံ၊ အရူပ (၄) ဘုံ၌ရှိသော ပြဟ္မာတို့၌ (သုခ, ဒုက္ခတို့၏တရားကိုယ် ကာယဝိညာဏ်ကို မရထိုက်သောကြောင့်၄င်း၊ ဒေါမနဿဝေဒနာ၏ တရားကိုယ် ဒေါသမူဇောကိုမရထိုက်သောကြောင့်၄င်း)၊ သောမနဿဝေဒနာ, ဥပေက္ခာဝေဒနာ (၂) ပါးသာဖြစ်နိုင်ပါသည်။

သာဓက ။ **ဝိထိစာပိဒ် - ၅၀၊ ၅၁၊ ၅၂**။

ခံစားချက်ကင်းမဲ့သော ပုဂ္ဂိုလ်

စိတ်မရှိသော အသညသတ်ဘုံ၌ စိတ်ကိုမှီ၍သာဖြစ်ရသော ဝေဒနာများမဖြစ်ထိုက် သောကြောင့် အသညသတ်ပြဟ္မာသည် ခံစားချက်ဝေဒနာကင်းမဲ့သော ပုဂ္ဂိုလ်ဖြစ်သည်။

သာဓက ။ **တေသံ စိတ္တာဝိယုတ္တာနံနှင့် ဝိထိစာပိဒ်-၅၃**။

* * * * * * *

http://www.dhammadownload.com

ဟေတုသင်္ဂဟမြင်ကွင်း

ဟေတုသင်္ဂဟအဓိပ္ပါယ်

စိတ်, စေတသိက်တို့ကို လောဘစသော ဟိတ်အားဖြင့် ပေါင်းယူရေတွက်ပြရာဖြစ်သောကြောင့် ဟေတုသင်္ဂဟမည်၏။

ဟေတု (ဟိတ်) ၏ အဓိပ္ပါယ်

(ဤဟေတုသင်္ဂဟအရာ၌ပါသော ဟေတုသဒ္ဒါသည် အကြောင်းကာရဏာအနက်ကို မဟော၊ အခြေခံမူလအနက်ကို ဟောသောကြောင့်) မိမိနှင့်အတူဖြစ်ဖက် စိတ်, စေတသိက်တို့၏ စွဲမြဲတည်ရာဖြစ်၍ လောဘ, ဒေါသ စသည်တို့သည် ဟိတ်မည်ပါသည်။

အခြေမခိုင်သော ယိမ်းယိုင်လွယ်သော စိတ်ဓာတ်

ပဋ္ဌာန်ရာဝဇ္ဇနီးစသော အဟိတ်စိတ်တို့သည် စွဲမြဲတည်တံ့ဘို့ရာ လောဘ, ဒေါသ စသော အခြေအမြစ်မူလဟိတ်တို့မှ ကင်းသောကြောင့် အခြေမခိုင်ယိမ်းယိုင်လွယ်သော စိတ်ဓာတ် (၁၈) မျိုးဖြစ်ပါ သည်။

သာဓက ။ ပကိဏ်းစာပို ဒ်-၁၀၊ ၁၁။

အဟိတ်စိတ်ကို (ဝိထိစဉ်အားဖြင့်) ရေတွက်ပုံ

အဟိတ်စိတ်ကို ဝိထိစဉ်အားဖြင့်ရေတွက်လျှင် ပဋ္ဌာန်ရာဝဇ္ဇနီး, ဒွေပဉ္စဝိညာဏ် (၁၀) သမ္ပဋိစ္ဆန်းဒွေး, သန္တီရဏ (၃) ခု, ဝုဋ္ဌော, ဟသိတုပ္ပါဒ် (ဇော) အားဖြင့် (၁၈) ပါးဖြစ်ပါသည်။

သာဓက ။ ပကိဏ်းစာပို ဒ်-၁၁၊ ဝိထိစာပို ဒ်-၁၀။

စိတ်ကို ဟိတ်အားဖြင့် အကျဉ်းချုပ်ဧဝမနုခြင်း

အဟိတ်စိတ် (၁၈) ပါး၊ သဟိတ်စိတ် (၇၁) ပါးအားဖြင့် စိတ် (၈၉) ပါးဖြစ်ပါသည်။

သာဓက ။ ပကိဏ်းစာပို ဒ်-၁၁၊ ၁၂။

http://www.dhammadownload.com

သေသ၏ အပါဒါန်နှင့် အပါဒါနီ

သေသာနိ သဗ္ဗာနိပိဒ္ဓ သေသ၏အပါဒါန်ကား အဟိတ်စိတ် (၁၈) ပါးတည်း။ အပါဒါနီ ဖြစ်သော သေသ၏အရုကား သဟိတ်စိတ် (၇၁) ပါးတည်း။

သာဓက ။ **ပကိဏ်းစာပိုဒ်-၁၁၊ ၁၂။**

အဖြစ်များသော အကုသိုလ်ဟိတ်

လောဘ,ဒေါသ,မောဟဟုဆိုအပ်သော အကုသိုလ်ဟိတ်သုံးပါးတို့တွင် မောဟသည် အကုသိုလ်ဖြစ်တိုင်း ဖြစ်တိုင်း ပါဝင်နိုင်သောကြောင့် လူ စသော ပုထုဇဉ်သတ္တဝါတို့၏ သန္တာန်၌ မောဟအကုသိုလ်ဟိတ်သည် အဖြစ်များပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၂၀။**

အခြေအမြစ်မရှိသောစိတ်

ပဉ္စဒ္ဒါရာဝဇ္ဇန်း အစရှိသော အဟိတ်စိတ် ၁၈-ပါးတို့သည် ယှဉ်ဖက်သမ္မယုတ်တို့ကို ခိုင်မြဲတည်တံ့စေတတ်သည့် အခြေအမြစ်ဟု ဆိုအပ်သောဟိတ် ၆-ပါးနှင့် မယှဉ်သောကြောင့် အခြေအမြစ်(ဟိတ်) မရှိသော စိတ်များသာ ဖြစ်ပါသည်။

သာဓက ။ **တတ္ထ ပဉ္စဒ္ဒါရာဝဇ္ဇန (ပ) အဟေတုကစိတ္တာနိနာမ။**

အခြေအမြစ်ရှိသောစိတ်

အဟိတ်စိတ်မှကြွင်းသော အကုသိုလ်စိတ်စသည့် သဟိတ်စိတ် (၇၁) ပါးတို့သည် ယှဉ်ဖက်သမ္မယုတ်တို့ကို ခိုင်မြဲတည်တံ့စေတတ်သည့် အခြေအမြစ်ဟု ဆိုအပ်သောဟိတ် ၆-ပါးနှင့် ထိုက်သင့်သလိုယှဉ်သောကြောင့် အခြေအမြစ်(ဟိတ်) ရှိသော စိတ်များသာ ဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပိုဒ်-၁၂။**

လောဘမူစိတ် ဒွိဟိတ်ဖြစ်ပုံ

လောဘမူစိတ်၈-ပါးသည် မောဟ, လောဘဟိတ်တို့နှင့်သာ ယှဉ်နိုင်သောကြောင့် ဒွိဟိတ်စိတ်ဖြစ်ရပါသည်။

သာဓက ။ **စေတသိက်ပိုင်း စာပိုဒ်-၂၀၊၂၁နှင့် ပကိဏ်းပိုင်းစာပိုဒ်-၁၄။**

http://www.dhammadownload.com

ဒေါသမူစိတ် ဒွိဟိတ်ဖြစ်ပုံ

ဒေါသမူစိတ် (၂) ပါးသည် မောဟ, ဒေါသဟိတ်တို့နှင့်သာ ယှဉ်နိုင်သောကြောင့် ဒွိဟိတ်စိတ် ဖြစ်ရပါသည်။

သာဓက ။ **စေတသိက်ပိုင်း စာပိုဒ်-၂၀၊၂၄နှင့် ပကိဏ်းပိုင်းစာပိုဒ် -၁၄။**

ကာမာဝစရသောဘန ဉာဏဝိပ္ပယုတ်စိတ် ဒွိဟိတ်ဖြစ်ပုံ

ကာမာဝစရသောဘန ဉာဏဝိပ္ပယုတ်စိတ် (၁၂) ပါးတို့သည် အလောဘ, အဒေါသ ဟိတ်တို့နှင့်သာ ယှဉ်နှိုင်သောကြောင့် ဒွိဟိတ်စိတ် ဖြစ်ရပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၂၈၊ ၃၁ နှင့် ပကိဏ်းစာပိုဒ်-၁၄။**

ကာမာဝစရသောဘနဉာဏသမ္ပယုတ်နှင့် မဟဂ္ဂုတ်, လောကုတ္တရာတို့ တိဟိတ်ဖြစ်ပုံ

ကာမာဝစရသောဘန ဉာဏသမ္ပယုတ် ၁၂-ပါးနှင့် မဟဂ္ဂုတ်, လောကုတ္တရာတို့သည် အလောဘ, အဒေါသဟိတ်နှင့် ပညာဟူဆိုအပ်သော အမောဟဟိတ်ကိုပါ ယှဉ်နိုင်သောကြောင့် တိဟိတ်စိတ် ဖြစ်ရပါသည်။

သာဓက ။ **စေတသိက်စာပိုဒ် -၂၈၊ ၃၁နှင့် ပကိဏ်းပိုင်းစာပိုဒ်-၁၅။**

ဒွိဟိတ်စိတ်ကို ဇောဖြင့်ဝေဖန်ခြင်း

လောဘမူစိတ် (၈) ပါး၊ ဒေါသမူစိတ် (၂) ပါး၊ မဟာကုသိုလ် ဉာဏဝိပ္ပယုတ် (၄) ပါး၊ မဟာကြိယာဉာဏဝိပ္ပယုတ် (၄) ပါးအားဖြင့် (၁၈) ပါးတို့သည် ဇောထိုက်သော ဒွိဟိတ်စိတ်တို့တည်း။ မဟာဝိပါက်ဉာဏဝိပ္ပယုတ် (၄) ပါးတို့သည် ဇောမထိုက်သော ဒွိဟိတ်စိတ်တို့တည်း။

သာဓက ။ **ပကိဏ်းစာပိုဒ် ၁၄၊၂၅။**

သေသ၏ အပါဒါန်နှင့် အပါဒါနီ

သေသာနီ ဒသ၌ သေသ၏ အပါဒါန်ကား မောဟမူဒွေးတည်း။ အပါဒါနီဖြစ်သော သေသ၏အရကား လောဘမူစိတ် (၈) ပါး၊ ဒေါသမူစိတ် (၂) ပါးတို့တည်း။

သာဓက ။ **စိတ်စာပိုဒ် ၈၊ ပကိဏ်းစာပိုဒ် ၁၃။**

http://www.dhammadownload.com

တိဟိတ်စိတ်ကို ဖောဖြင့်ဝေဖန်ခြင်း

မဟာကုသိုလ် ဉာဏသမ္မယုတ် (၄) ပါး၊ မဟာကြိယာဉာဏသမ္မယုတ် (၄) ပါး၊ မဟဂ္ဂုတ်ကုသိုလ် (၉) ပါး၊ မဟဂ္ဂုတ်ကြိယာ (၉) ပါး၊ လောကုတ္တရာ (၈) ပါးအားဖြင့် (၃၄) ပါးတို့သည် ဖောထိုက်သော တိဟိတ်စိတ်တို့တည်း။ မဟာဝိပါက်ဉာဏသမ္မယုတ် (၄) ပါး၊ မဟဂ္ဂုတ်ဝိပါက် (၉) ပါးအားဖြင့် (၁၃) ပါးတို့သည် ဖောမထိုက်သော တိဟိတ်စိတ်တို့တည်း။

သာဓက ။ ပကိဏ်းစာပို၌ ၁၅၊ ၂၅။

ဖောဟေတုကစိတ္တာနိ၌ အရကောက်များ

ဖောဟေတုကစိတ္တာနိ၌ ဖောဟေတုအရကား မောဟဟိတ်တည်း။ ဖောဟေတုကအရကား မောဟမူစိတ် (၂) ပါးတည်း။

သာဓက ။ ပကိဏ်းစာပို၌-၁၃၊ ၁၆။

ဒွိဟေတုကစိတ္တာနိ၌ အရကောက်များ

ဒွိဟေတုကစိတ္တာနိ၌ ဒွိဟေတုအရကား လောဘမူဖြစ်အံ့ - လောဘဟိတ်, မောဟဟိတ်၊ ဒေါသမူဖြစ်အံ့-ဒေါသဟိတ်, မောဟဟိတ်၊ ဉာဏဝိပ္ပယုတ်စိတ်ဖြစ်အံ့-အလောဘဟိတ်, အဒေါသဟိတ်တို့ကို ထိုက်သင့်သလိုယူရမည်။ ဒွိဟေတုကအရကား လောဘမူစိတ် (၈) ပါး၊ ဒေါသမူစိတ် (၂) ပါး၊ ကာမာဝစရသောဘနဉာဏဝိပ္ပယုတ်စိတ် (၁၂) ပါးတို့ကို ထိုက်သင့်သလိုယူရမည်။

သာဓက ။ ပကိဏ်းစာပို၌-၁၄၊ ၁၆။

တိဟေတုကစိတ္တာနိ၌ အရကောက်များ

တိဟေတုကစိတ္တာနိ၌ တိဟေတုအရကား အလောဘ, အဒေါသ, အမောဟဟိတ်တို့တည်း။ တိဟေတုကအရကား ကာမာဝစရသောဘနဉာဏသမ္မယုတ်စိတ် (၁၂) ပါး, မဟဂ္ဂုတ်လောကုတ္တရာစိတ် (၃၅) ပါးအားဖြင့် (၄၇) ပါးသောစိတ်တို့တည်း။

သာဓက ။ ပကိဏ်းစာပို၌-၁၅၊ ၁၆။

http://www.dhammadownload.com

သဘာဝလက္ခဏာဘေဒဟိတ်သရုပ်

ဟိတ်သည် သဘာဝဘေဒလက္ခဏာအားဖြင့် လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟဟု (၆) ပါးဖြစ်ပါသည်။

ဇာတိဘေဒဟိတ်သရုပ်

ဟိတ်သည် ကုသိုလ်စသော ဇာတ်အားဖြင့်ရေတွက်သော် လောဘ, ဒေါသ, မောဟတို့သည်အကုသိုလ်ဟိတ်မည်၍ အလောဘ, အဒေါသ, အမောဟတို့သည် ကုသိုလ်ဟိတ်လည်းမည်၊ အဗျာကတဟိတ်လည်းမည်သောကြောင့် ဇာတိဘေဒအားဖြင့် (၉) ပါးရှိပါသည်။

သာဓက ။ **ပကိဏ်းစာပို ဒ်-၁၆။**

ဟေတုသင်္ဂဟအတွင်းမဝင်သော စိတ္တုပ္ပါဒ်

အဟိတ်စိတ်သည် ဟိတ်နှင့်သက်ဆိုင်မှုမရှိသောကြောင့် ဟေတုသင်္ဂဟ၌ ပြဆိုထားသော်လည်း ဟေတုသင်္ဂဟအတွင်းမဝင်သော စိတ္တုပ္ပါဒ်သာဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပို ဒ်-၁၁။**

မကောင်းမှု ဒုစရိုက်၏ အခြေအမြစ်

လောဘ, ဒေါသ, မောဟတို့သည် အကုသိုလ်ဟိတ်များ ဖြစ်သောကြောင့် မကောင်းမှုဒုစရိုက်တရား တည်တံ့ခိုင်မြဲစေရန် အထောက်အကူပြုတတ်သည့် အခြေအမြစ်ဟိတ်များသာဖြစ်ပါသည်။

သာဓက ။ **လောဘော ဒေါသော စ မောဟော စ၊ ဟေတူ အကုသလာ တယော။**

ကောင်းမှုကုသိုလ်၏ အခြေအမြစ်

အလောဘ အဒေါသ အမောဟတို့သည် ကုသိုလ်ဟိတ်များဖြစ်သောကြောင့် ကောင်းမှုသုစရိုက်တရား ခိုင်မြဲစေရန် အထောက်အကူပြုတတ်သည့် အခြေအမြစ်ဟိတ်များသာဖြစ်ပါသည်။

သာဓက ။ **အလောဘာ ဒေါသာ မောဟော စ၊ ကုသလာ ဗျာကတာ တထာ။**

http://www.dhammadownload.com

ကေဟိတ်ပုဂ္ဂိုလ်မရှိ

အဟိတ်, ဒွိဟိတ်, တိဟိတ်ဟု ခေါ်ဆိုခြင်းသည် ပဋိသန္ဓေစိတ်ကို အစွဲပြုခေါ်ဆိုခြင်းဖြစ်၍ (ပဋိသန္ဓေစိတ်သည် အကုသသလဝိပါက် ဥပေက္ခာ သန္တီရဏဟူသော အဟိတ် အပါယ်ပဋိသန္ဓေနှင့် ကုသလဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏဟူသော အဟိတ် ကာမသုဂတိ ပဋိသန္ဓေ၊ မဟာဝိပါက်ဉာဏဝိပ္ပယုတ်ဟူသော သုဂတိ ဒွိဟိတ် ပဋိသန္ဓေ၊ ကာမသုဂတိ တိဟိတ် ပဋိသန္ဓေနှင့် ရူပဝိပါက်ဟူသော ရူပပဋိသန္ဓေတို့သာရှိပြီး) ဟိတ်တစ်ပါးနှင့်သာ ယှဉ်သောမောဟမူစိတ် ပဋိသန္ဓေစိတ် မရှိသောကြောင့် အဟိတ်၊ ဒွိဟိတ်၊ တိဟိတ် ပုဂ္ဂိုလ်များသာရှိပြီး ကေဟိတ်ပုဂ္ဂိုလ် ဟူ၍ မရှိပါ။

သာဓက ။ ဝိဓိမုတ်စာပိုဒ် -၁၆၊ ၁၇၊ ၁၈၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၄၄။

ဟိတ် (၆) ပါးကို ဘုံပုဂ္ဂိုလ်အားဖြင့် ခွဲဝေပုံ

ကာမဘုံတွင် ပုထုဇဉ် (၄) ယောက် အောက်ဖလဋ္ဌာန် (၂) ယောက်တို့၌ (ဟိတ် (၆) ပါးနှင့်ယှဉ်ရာ စိတ်အားလုံးကို ထိုက်သင့်သလိုရနိုင်သောကြောင့်) ဟိတ် (၆) ပါးလုံးကို ရနိုင်ပါသည်။

သာဓက ။ ဝိဓိစာပိုဒ် -၄၀၊ ၄၁၊ ၄၂၊ ၄၄၊ ၄၅၊ ၄၉။

မဂ္ဂဋ္ဌာန် (၄) ယောက်နှင့် ရဟန္တာတို့၌ (အကုသိလ်ဇောများမဖြစ်နိုင်သောကြောင့်) အလောဘ, အဒေါသ, အမောဟ ဟိတ် (၃) ပါးသာ ရနိုင်ပါသည်။

သာဓက ။ ဝိဓိစာပိုဒ် -၃၅၊ ၄၃။

ကာမဘုံသား အနာဂါမ်၌၄င်း၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံနှင့် အရူပဘုံတို့၌၄င်း၊ (ဒေါသဟိတ်၏ယှဉ်ရာ ဒေါသမူစိတ္တုပ္ပါဒ်ကို မရနိုင်သောကြောင့်) ဒေါသဟိတ်မှတစ်ပါးကြွင်းသောဟိတ် (၅) ပါးကို ရနိုင်ပါသည်။ အသညသတ်ဘုံ၌ကား (စိတ်ဖြစ်မှုမရှိသောကြောင့်) စိတ်၌မှီ၍သာဖြစ်ရသည့် လောဘ စသော ဟိတ် (၆) ပါးလုံးပင် မဖြစ်နိုင်ပါ။

သာဓက ။ ဝိဓိစာပိုဒ် - ၄၆၊ ၅၀၊ ၅၁၊ ၅၃။

http://www.dhammadownload.com

အဘိဓမ္မာမြင်ကွင်း(ပကိဏ်းပိုင်း)

စိတ်ကိုဟိတ်ဖြင့်ဝေဘန်ပုံဇယား

စိတ်သရုပ်	ယှဉ်သောဟိတ်						ဟိတ် အမျိုး အစား		အရေ အတွက်	
	အကုသိုလ်			ကု+ဗျာ						
	လောဘ	ဒေါသ	မောဟ	အလောဘ	အဒေါသ	အမောဟ				
ပဥ္စဒ္ဒါရာဝဇ္ဇန်း၊ဒွေပဥ္စဝိညာဉ်-၁၀၊ သမ္ပဋိစ္ဆိုင်းဒွေ၊သန္တီရဏ-၃၊ ပုဋ္ဌေ၊ဟသိ							အဟိတ်		၁၈	၁၈
မောဟမူဒွေ			။				သဟိတ်စိတ်	ဧကဟိတ်	၂	
လောဘမူ ၈	။		။							
ဒေါသမူ ၂		။	။					ဒွိဟိတ်	၂၂	၇၁
ကာ. သော. ဉာဏဝိပ္ပယုတ် ၁၂				။	။					
ကာ. သော. ဉာဏသမ္ပယုတ်၁၂ မဟဂ္ဂုတ်,လောကုတ္တရာ ၃၅				။	။	။		တိဟိတ်	၄၃	

သာဓက ။ ပကိဏ်းစာပို့ဒ်-၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅။

(အဂ္ဂဟိတဂ္ဂဟဏနည်းအရ) စေတသိက်ကို ဟိတ်ဖြင့် ဝေဘန်ပုံဇယား

စေတသိက်သရုပ်	လောဘ	ဒေါသ	မောဟ	အလောဘ	အဒေါသ	အမောဟ	အမျိုးအစား	
လောဘ,ဒေါသ,ဝိစိကိစ္ဆာ			။				ဧကဟိတ်	၃
မောဟ	။	။					ဒွိဟိတ်	၉
ဒိဋ္ဌိ, မာန	။		။					
ကြွင်းသာ,မဒ္ဓရိယ, ကုက္ကုစ္စ		။	။					
အလောဘ					။	။		
အဒေါသ				။		။		
အမောဟ				။	။			
အဟိရိက,အနောတ္တပ္ပ, ဥဒ္ဓစ္စ,ထိန,မိဒ္ဓ	။	။	။				တိဟိတ်	၂၃
(ဟိတ်ကြဉ်)သော. စေ၂၂				။	။	။		
ပီတိ	။		။	။	။	။	ပဉ္စဟိတ်	၁
(ပီတိကြဉ်) အညသ ၁၂	။	။	။	။	။	။	ဆဟိတ်	၁၂
စုစုပေါင်း								၅၂

http://www.dhammadownload.com

အဂ္ဂဟိတဂ္ဂဟဏာနုညွှန်းအကျဉ်းလင်္ကာ

ဆောင် * သုံး . ဧကဟိတ်၊ ဒွိဟိတ် . ကိုးလီ၊ သတ္တဝီ . တိဟိတ်၊ပဉ္စဟိတ်. တစ်၊ ဆယ့်နှစ် . ဆဟိတ်၊ (ဒွေးပညိတ်)၊ နိမိတ်ထင်မျှကြဲ။

အဂ္ဂဟိတဂ္ဂဟဏာနုညွှန်းအကျယ်လင်္ကာ

ဆောင် * လော, ဒေါ်, ဝိစိ၊ သုံးပါးရှိ၊ မှတ်ဘိ . ဧကဟိတ်။

* မော, ဒိဋ္ဌ, မာန၊ ဣသ်, မစ္ဆ, ကုက်၊ သော. ဟိတ်အုပ်၊ သရုပ်စေ. ဒွိဟိတ်။

* (ဟိတ်ကြဉ်) သောဘန၊ ထိ, မိဒ္ဓဖြည့်၊ အဟိ, အနောတ္တ၊ ဥဒ္ဓစ္စ၊ မှတ်ကြလေ တိဟိတ်။

* ပီ. ဟိတ်ပဉ္စ၊ ကြွင်းအည၊ မှတ်ကြလေ ဆဟိတ်။

ဂဟိတဂ္ဂဟဏာနုညွှန်း အနေကန်အကျဉ်းလင်္ကာ

ဆောင် * အဟိတ်. တေရ၊ ဧက. နှစ်ဆယ်၊ ဒွိဝယ်. ဌစတ်၊ တိဟိတ်မှတ်၊ ရလတ်. သုံးဆယ့်ငါး။

ဂဟိတဂ္ဂဟဏာနုညွှန်း အနေကန်အကျယ်လင်္ကာ

ဆောင် * အဟိတ်တေရ၊ ရေတွက်ပြသော်၊ မောဟတဆူ၊ မောဟမူယှဉ်၊ ထို့ပြင် အဟိတ်၊ စိတ်၌ယှဉ်ပြန်၊ သမာန်အည၊ ဆယ့်နှစ်ဝတည်း။ ဧကနှစ်ဆယ်၊ မောဟပယ်၍၊ တဆယ့်ငါးယူ၊ မောဟမူတွင်၊ ယှဉ်လေသမျှ၊ လောဘမူ၌၊ ဒေါသမူဆိုက်သည့်၊ ယှဉ်ခိုက် သုံးဟိတ်၊ ဉာဏဝိပ်ကယ်၊ ဟိတ်နှစ်သွယ်သာ၊ ဒွိဝယ် ဌစတ်၊ အရမှတ်မူ၊ ငါးရပ်ဟိတ်ကြဉ်၊ ဒွိဟိတ်ယှဉ်ငြား၊ လေးဆယ့်ငါးနှင့်၊ အမျှားတိဟိတ်၊ စိတ်ကဟိတ်သုံး၊ ပေါင်းရုံး ရောစပ်၊ တိဟိတ်မှတ်တို့၊ ရလတ်သုံးဆယ်၊ ငါးခုကယ်မှာ၊ ဟိတ်ပယ်ရုံမျှ၊ လွယ်ကူလှသည့်၊ လုံးဝတိဟိတ်၊ စိတ်ယှဉ်တည်း။

* * * * * * *

http://www.dhammadownload.com

ကိစ္စသင်္ဂဟမြင်ကွင်း

ကိစ္စသင်္ဂဟ

စိတ်, စေတသိက်တို့ကို ပဋိသန္ဓေစသော ပြုလုပ်ဖွယ်ကိစ္စများဖြင့်ပေါင်းယူရေတွက်ပြရာ ဖြစ်သောကြောင့် ကိစ္စသင်္ဂဟဟုခေါ်သည်။

ကိစ္စနှင့် ဌာနအထူး

(လူတို့၏လုပ်ငန်းဟူသမျှကို ကိစ္စဟုခေါ်သကဲ့သို့) စိတ်ပရမတ်တရားတို့၏ ပဋိသန္ဓိစသော အခြင်းအရာလုပ်ငန်းစဉ်များကို ကိစ္စဟုခေါ်သည်။

(လုပ်ငန်းကိစ္စမောင်ရွက်ရာ နေရာဒေသကို ဌာနဟုခေါ်သကဲ့သို့) ပဋိသန္ဓေစသော ကိစ္စကိုပြုလုပ်ဖို့ရာ စုတိစသော ရှေ့စိတ်နှင့် ပထမဘဝင်စသော နောက်စိတ်တို့၏အကြား၌ စိတ်တစ်ခုဖြစ်လောက်ရာ ကာလ(ပညတ်)ကို ဌာနဟုခေါ်သည်။ ဤသို့ထူး၏။

ဆောင် * **ထိုထိုစိတ်ဓာတ်၊ ပရမတ်၏၊ စပ်ဟပ်ပေးခြင်း၊ အခြင်းအရာ၊ စသည်မှာ၊ များစွာ "ကိစ္စ" ဆို။**

* **စိတ်တစ်မျိုး၏၊ ရှေ့ နောက်ရှိသည့်၊ စုတိဘဝင်၊ စထွင်အများ၊ စိတ်နှစ်ပါး၏၊ အကြားကာလ၊ အန္တရခေါ်အပ်၊ ယင်းပညတ်၊ မှတ်လေ "ဌာန" ကို။**

မှတ်ရန် ။ **ဤကား၀ိသုဒ္ဓိမဂ္ဂမဟာဋီကာစာ-၁၃၁ စသည်တို့နှင့်အညီတည်း။ စိတ်တို့၏ ဘဝဟောင်းနှင့် ဘဝသစ် ဆက်စပ်ပေးခြင်းစသော သဘောသတ္တိသည် ကိစ္စ၊ သဘောသတ္တိ၏တည်ရာ သတ္တိမန္တစိတ်ဖြစ်သည်ဌာနဟု (ဆင်တဲ အကောက်ကျမ်းစသည်တို့အလိုအရ) တစ်နည်းမှတ်ပါဦး။**

ဘဝင်္ဂအရေးကောက်များ

ဘဝင်္ဂ ဘဝအရဝိပါက်နာမက္ခန္ဓာ ကဋ္ဌတ္တာရုပ်ဟူသော ဥပပတ္တိဘဝ (၀ါ) ခန္ဓာကိုယ်ကို ယူရမည်။ အင် (ဘဝင်) အရကား ဘဝဂုံပစ္စေဒ (၁၉) ပါးကို ယူရမည်။

http://www.dhammadownload.com

ပဉ္စဝိညာဏင်္ဃာနာဒိဉ် အာဒိဝန္တအရ

ပဉ္စဝိညာဏင်္ဃာနာဒိဉ် အာဒိသဒ္ဒါဖြင့် ယူရမည့် အာဒိဝန္တအရကား သမ္မဋ္ဌိဏ်းဌာန, သန္တီရဏဌာန, ဝုဋ္ဌောဌာန, ဇောဌာန, တဒါရုံဌာနတို့ကိုယူရမည်။

ကိစ္စ (၁၄) ပါးရှိသော်လည်း ဌာန (၁၀) ပါးသာရှိခြင်းအကြောင်း

ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္မဋ္ဌိဏ်းတို့၏ အကြားဉ် ဖြစ်မှုခြင်းတူ၍ ပဉ္စဝိညာဏ်တို့၏ ဖြစ်ရာဌာနကို ပဉ္စဝိညာဏဌာနဟု တစ်ဌာနတည်းပေါင်းယူထားသောကြောင့် ကိစ္စ (၁၄) ပါးရှိသော်လည်း ဌာန (၁၀) ပါးသာ ရှိခြင်းဖြစ်ပါသည်။

ဝုဋ္ဌောအမည်ရသော စိတ်နှင့် ကာလ

မနောဒွါရာဝဇ္ဇန်းသည် ပဉ္စဒွါရဉ်ဖြစ်သောအခါ (သန္တီရဏကစုံစမ်းအပ်ပြီးသော အာရုံကို ပိုင်းခြားမှတ်သားခြင်းဟူသော) ဝေါဋ္ဌဗ္ဗနကိစ္စကိုပြီးစေတတ်သောကြောင့် ဝုဋ္ဌော အမည်ကိုရပါသည်။

သာဓက ။ ပကိဏ်းစာပို ဒ-၂၄။

လုပ်ငန်းကိစ္စအများဆုံးစိတ်နှင့် အနည်းဆုံးစိတ်

ပဋိသန္ဓေ, ဘဝင်, စုတိ, တဒါရုံ, သန္တီရဏ အားဖြင့် (၅) ကိစ္စတပ်သော ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် (၂) ပါးသည် လုပ်ငန်းကိစ္စအများဆုံးစိတ်ဖြစ်ပါသည်။

သာဓက ။ ပကိဏ်းစာပို ဒ-၂၇။

ဖြစ်သင့်သည့်အားလျော်စွာ တစ်ကိစ္စစီသာတပ်သော ဇော (၅၅) ခု၊ မနောဓာတ် (၃) ခု၊ ဒွေပဉ္စဝိညာဏ် (၁၀) တို့သည် လုပ်ငန်းကိစ္စအနည်းဆုံးစိတ်များဖြစ်ပါသည်။

သာဓက ။ ပကိဏ်းစာပို ဒ-၃၂။

သေသူ၏အပါဒါန်နှင့် အပါဒါနိ

ကိစ္စသင်္ဂဟတွင် သေသာနိ ပန သဗ္ဗာနိပိဉ် ပါသော သေသူ၏အပါဒါန်ကား ဥပေက္ခာသဟဂုတ် သန္တီရဏ (၂) ပါး၊ မဟာဝိပါက် (၈) ပါး၊ မဟဂ္ဂုတ်ဝိပါက် (၉) ပါး၊ သောမနဿသန္တီရဏ (၁) ပါး၊ ဝုဋ္ဌော (၁) ပါးတို့တည်း။ အပါဒါနိဖြစ်သော သေသူ၏အရကား တစ်ကိစ္စသာတပ်သော ဇော (၅၅) ခုစသည်တို့တည်း။

http://www.dhammadownload.com

ကာမဇော, အပ္ပနာဇောအခွဲ

ဇော (၅၅) ပါးတို့တွင် အကုသိုလ် (၁၂) ပါး၊ ဟသိတုပ္ပါဒ် (၁) ပါး၊ မဟာကုသိုလ် (၈) ပါး၊ မဟာကြိယာ (၈) ပါးအားဖြင့် (၂၉) ပါးတို့သည် ကာမဇောများဖြစ်ပါသည်။

မဟဂ္ဂုတ်ကုသိုလ် (၉) ပါး၊ မဟဂ္ဂုတ်ကြိယာ (၉) ပါး၊ လောကုတ္တရာစိတ် (၈) ပါး အားဖြင့် (၂၆) ပါးတို့သည် အပ္ပနာဇောများဖြစ်ပါသည်။

ယထာသမ္ဘဝကောကိစ္စဖြစ်ပုံ

ဇော (၅၅) ပါးသည် ဇောကိစ္စ၊ မနောဓါတ် သုံးခုတို့တွင် ပဋ္ဌဒ္ဓါရာဝဇ္ဇန်းသည် အာဝဇ္ဇန်းကိစ္စ၊ သမ္ပဋိစ္ဆိုင်းဒွေးသည် သမ္ပဋိစ္ဆိုင်းကိစ္စ၊ ဒွေပဉ္စဝိညာဏ် (၁၀) ပါးတို့တွင် စက္ခုဝိညာဏ်ဒွေးသည် ဒဿနကိစ္စ၊ သောတဝိညာဏ်ဒွေးသည် သဝနကိစ္စ၊ ဃာနဝိညာဏ်ဒွေးသည် ဃာယနကိစ္စ၊ ဇိဝှာဝိညာဏ်ဒွေးသည် သာယနကိစ္စ၊ ကာယဝိညာဏ်ဒွေးသည် ဖုသနကိစ္စဟု ဖြစ်ထိုက်သည့် အားလျော်စွာ တစ်ကိစ္စစီသာတပ်ကြသည်။

သာဓက ။ **ပကိဏ်းစာပိုဒ်-၂၁၊ ၂၂၊ ၂၅**။

မြင်မှု, ကြားမှု, အနံ့, အရသာကို သိမှု ပြုင်တူမဖြစ်နိုင်

ပဉ္စဝိညာဏ်စိတ် (ဒွေပဉ္စဝိညာဏ်-၁၀) တို့သည် ဖြစ်သင့်သည်အားလျော်စွာ တစ်ကိစ္စစီသာတပ်ကြပြီး၊ ရူပါရုံစသည့် ပဉ္စာရုံတို့တွင်တစ်ပါးပါးကိုသာ အာရုံပြုကြသောကြောင့်၊ မြင်မှု, ကြားမှု ကိစ္စ (၂) ခုတို့သည်၄င်း, အနံ့, အရသာကိုသိမှုကိစ္စ (၂) ခုတို့သည်၄င်း, ပုဂ္ဂိုလ်တစ်ဦးတည်း၌ ပြိုင်တူမဖြစ်နိုင်ပါ။

သာဓက ။ **ပကိဏ်းစာပိုဒ်-၃၂၊ ၅၄**။

ပဋိသန္ဓာဒယောစသော ဂါထာအနက် (၂) နည်း

ပဋိသန္ဓာဒယော=ပဋိသန္ဓေအစရှိကုန်သော၊ **စိတ္တုပ္ပါဒါ**=စိတ္တုပ္ပါဒ်တို့ကို၊ **နာမကိစ္စ ဘေဒေန** = ပဋိသန္ဓေစသောအမည်, ပဋိသန္ဓေစသော ကိစ္စတို့၏ အပြားအားဖြင့်၊ **စုဒ္ဒသ**=(၁၄) ပါးတို့ဟူ၍၄င်း၊ **ဌာနဘေဒေန** = ပဋိသန္ဓေစသော ဌာနတို့၏အပြားအားဖြင့်၊ **ဒသဓာ** = (၁၀) ပါးအပြားရှိကုန်၏ဟူ၍၄င်း၊ **ပကာသိတာ** = ပြအပ်ကုန်၏။ (**ဤကား နာမသဒ္ဒါကို နာမ်ပုဒ်အဖြစ်ယူဆပြီး နောက်ပုဒ်နှင့် စပ်၍ အနက်ပေးပုံတည်း**။)

http://www.dhammadownload.com

(တစ်နည်း) ပဋိသန္ဓာဒယောနာမ=ပဋိသန္ဓေစသည်တို့မည်ကုန်သော၊ **စိတ္တုပ္ပါဒါ**=စိတ္တုပ္ပါဒ်တို့ကို၊ **ကိစ္စဘေဒေန** = ပဋိသန္ဓေစသော ကိစ္စတို့၏ အပြားအားဖြင့်၊ **စုဒ္ဒသ** = (၁၄) ပါးတို့ဟူ၍၄င်း၊ **ဌာနဘေဒေန** = ပဋိသန္ဓေစသော ဌာနတို့၏အပြားအားဖြင့်၊ **ဒသဓာ** = (၁၀) ပါးအပြားရှိကုန်၏ဟူ၍၄င်း၊ **ပကာသိတာ** = ပြအပ်ကုန်၏။ **(ဤကား နာမသဒ္ဒါကိုနိပါတ်ပုဒ်အဖြစ်ယူဆပြီး၊ ရှေ့ပုဒ်နှင့် စပ်၍ အနက်ပေးပုံတည်း။) (ဋီ-၁၂၇)**

ဂါထာပါသချာ်တို့၏ သရေ်ယျများ

အဋ္ဌသဋ္ဌိ တထာ ဒွေ စ. အစရှိသော ဂါထာ၌ပါသော အဋ္ဌသဋ္ဌိအရကား ဇော (၅၅) ခု၊ မနောဓာတ် (၃) ခု၊ ဒွေ ပဉ္စဝိညာဏ် (၁၀) အားဖြင့် (၆၈) ပါးတို့တည်း။

သာဓက ။ **ပကိဏ်းစာပိုဒ်-၃၂။**

တထာဒွေဒ္ဝိ ပထမဒွေအရ သောမနဿသန္တီရဏ (၁) ပါး၊ ဝုဋ္ဌော (၁) ပါးအားဖြင့် (၂) ပါးတို့တည်း။

သာဓက ။ **ပကိဏ်းစာပိုဒ်-၃၀၊ ၃၁။**

နဝအရကား မဟဂ္ဂုတ်ဝိပါက် (၉) ပါးတို့တည်း။

သာဓက ။ **ပကိဏ်းစာပိုဒ်-၂၉။**

အဋ္ဌအရကား မဟာဝိပါက် (၈) ပါးတို့တည်း။

သာဓက ။ **ပကိဏ်းစာပိုဒ်-၂၈။**

ဒုတိယဒွေအရကား ဥပေက္ခာသဟဂုတ် သန္တီရဏ (၂) ပါးတို့တည်း။

သာဓက ။ **ပကိဏ်းစာပိုဒ်-၂၇။**

မှတ်ရန် ။ **အဋ္ဌသဋ္ဌိ တထာဒွေ စ. အစရှိသောဂါထာ၌ပါသော ဒွေသဒ္ဒါ (၂) ခုတို့၏ သရေ်ယျချင်း မတူထူးခြားပုံကို သတိပြုပါ။**

ဇော, ဒွိ, တိ, စတု, ပဉ္စ ကိစ္စဌာနာနိဉ် ဇောအရ

ဇော, ဒွိ, တိ, စတု, ပဉ္စ ကိစ္စဌာနာနိဉ် ဇောအရကား ဇောစိတ်ဖြစ်လျှင် ဇောကိစ္စ၊ ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်ဖြစ်လျှင် အာဝဇ္ဇန်းကိစ္စ၊ သမ္ပဋိစ္ဆိုင်းစိတ်ဖြစ်လျှင် သမ္ပဋိစ္ဆိုင်းကိစ္စ၊ စက္ခု ဝိညာဏ်စိတ်ဖြစ်လျှင် ဒဿနကိစ္စ၊ သောတဝိညာဏ်စိတ်ဖြစ်လျှင် သဝနကိစ္စ၊ ဃာနဝိညာဏ်

http://www.dhammadownload.com

စိတ်ဖြစ်လျှင် ယာယနကိစ္စ၊ ဇိဝှာဝိညာဏ်စိတ်ဖြစ်လျှင် သာယနကိစ္စ၊ ကာယဝိညာဏ်စိတ် ဖြစ်လျှင် ဖုသနကိစ္စဟူ၍စိတ်အလိုက်ဖြစ်ထိုက်သလို ကိစ္စ (၁)မျိုးမျိုးကိုယူရမည်။

သာဓက ။ **ပကိဏ်းစာပိုဒ် ၂၁၊ ၂၂၊ ၂၅။**

ကိစ္စတို့၏သဘာဝလက္ခဏာများ

ပဋိသန္ဓိ=ဘဝဟောင်းနှင့် ဘဝသစ်ဆက်စပ်ပေးမှု၊ **ဘဝင်**=ဘဝမပြတ်အောင် ကြားခံစီစဉ်ဆက်လက်ဖြစ်နေမှု၊ **အာဝဇ္ဇန**= အာရုံကို ဆင်ခြင်မှု၊ **ဒဿန**= ကြည့်မြင်မှု၊ **သဝန**=ကြားမှု၊ **ယာယန**=နံမှု၊ **သာယန**=လျက်မှု၊ **ဖုသန**=တွေ့ထိမှု၊ **သမ္ပဋိစ္ဆန**= လက်ခံမှု၊ **သန္တီရဏ**=စစ်ဆေးမှု၊ **ဝေါဋ္ဌပ္ပန**=ပိုင်းခြားဆုံးဖြတ်မှု၊ **ဇဝန**=လိုအပ်သော အကျိုးဖြစ်မြောက်အောင် ဆောင်ရွက်ရာ၌ တွင်ကျယ်စွာသိမှု၊ **တဒါရမ္မဏ**= ဇော၏အာရုံကို ဆက်လက်ယူ၍ တွယ်တာလိုက်စားမှု၊ **စုတိ** = ဖြစ်ဆဲဘဝမှ ရွှေ့လျားမှုကိုဖြစ်ပါသည်။

ဆောင် * **ဆက်စပ်+စီစဉ်၊ ဆင်ခြင်, ကြည့်ရှု၊ ကြားနာမှုနှင့်၊ နံမှု, လျက်မှု၊ တွေ့ထိမှုမှန်၊ လက်ခံ, စစ်ဆေး၊ ပိုင်းခြားရေးတည့်၊ သိရေးတွင်ကျယ်၊တာတွယ်လိုက်စား၊ ရွှေ့ရှားပြောင်းခွါ၊ ဆယ့်လေးဖြာ၊ ပြုရာကိစ္စစဉ်။**

စိတ်ကို ကိစ္စဖြင့်ဝေဘန်ပုံဇယား

ကိစ္စ ၁၄	ပဋိသန္ဓေ	ဘဝင်	အာဝဇ္ဇန်	ဒဿန,သဝန, ယာ,သာ,ဖု	သမ္ပဋိစ္ဆန	သန္တီရဏ	ဝေါဋ္ဌပ္ပန	ဇဝန	တဒါရမ္မဏ	စုတိ
ဌာန ၁၀	။	။	။	ပဉ္စဝိညာဏ	။	။	။	။	။	။
(ပဉ္စ)			ပ	စ	သံ	ဏ	ဝု	ဇဇဇဇဇဇ	ရုံ ရုံ	
ဒွါရဝိထိ			ပ	သော	သံ	ဏ	ဝု	ဇဇဇဇဇဇ	ရုံ ရုံ	
ဖြစ်ဟန်	ဒွါရဝိမုတ်		ပ	ယာ	သံ	ဏ	ဝု	ဇဇဇဇဇဇ	ရုံ ရုံ	ဒွါရဝိမုတ်
			ပ	ဇိ	သံ	ဏ	ဝု	ဇဇဇဇဇဇ	ရုံ ရုံ	
			ပ	ကာ	သံ	ဏ	ဝု	ဇဇဇဇဇဇ	ရုံ ရုံ	
(မနော)			မ					ဇဇဇဇဇဇ	ရုံ ရုံ	
ဖြစ်ထိုက်	ဥ-ဏာ ၂		အာဝဇ္ဇန်း	ဒွေပဉ္စ	သမ္ပဋိ	သန္တီ	မနော	အကုသိုလ်-၁၂	သန္တီ -၃	ဥ-ဏာ ၂
သမျှစိတ်	မဟာဝိ ၈		-၂	ဝိညာဏ်-၁၀	ဆိုင်း-၂	-၃	ဒွါရာဝဇ္ဇန်း	ကု-၂၁ဖိုလ်-၄	မဟာဝိ-၈	မဟာဝိ-၈
	မဟဂ္ဂတ်ဝိ ၉						-၁	ဇွန်းကြဉ်ကြိ-၁၈		ဟဂ်ဝိ-၉

သာဓက ။ **ပကိဏ်းစာပိုဒ်-၂၀ မှ ၂၆ ထိ။**

http://www.dhammadownload.com

စေတသိက်ကိုကိစ္စဖြင့်ဝေဘန်ခြင်း

အဂ္ဂဟိတဂ္ဂဟဏာနည်း အကျဉ်းလင်္ကာ

ဆောင် ။ တစ်ကိစ္စဖြစ်၊ ဆယ့်ခုနစ်တည်း၊ လေးဖြစ်နှစ်ပါး၊ ငါးကေဝီ၊ ခြောက်လီ
ုာတစ်၊ ခွန်လည်း တစ်ပင်၊ ကိုးဖြစ်ကားတေး၊ ဆယ့်လေးခုနှစ်ရပ်၊
ကိစ္စတပ်သည်၊ ပေါင်းအပ်ဒွိပညာသတည်း။

အဂ္ဂဟိတဂ္ဂဟဏာနည်း အကျယ်လင်္ကာ

ဆောင် ။ အကု=စုဒ္ဒ၊ ဝိရတိတ္တယာ၊ တစ်ကိစ္စာတည့်၊ အပွမညာ၊ လေးကိစ္စာပါ့၊
ကြွင်းလာသောဘန၊ ဆန္ဒ. ကော်ဝီ၊ ငါးကိစ်စီ၏၊ ခြောက်လီ-ပီတိ၊ ဝိရိ-
သတ္တာ၊ တက်. စာ. မိ. ကိုး။ ဆယ့်လေးမျိုးရ၊ သဗ္ဗ. ခုနစ်၊ (ဒွိပဉ်)
ဖြစ်သည်၊ ပေါင်းလစ်မှတ်လေအမြဲတည်း။

ကိစ္စသင်္ဂဟ (ယထာက္ကမ) သင်္ခ်ာစဉ်တွဲစပ်ပုံ

ကိစ္စနှင့်ဌာနသင်္ခ်ာ	ဧက	ဒွိ	တိ	စတု	ပဉ္စ
ဆိုင်ရာစိတ်သင်္ခ်ာ	အဋ္ဌသဋ္ဌိ	ဒွေ	နဝ	အဋ္ဌ	ဒွေ

ကိစ္စကို ဘုံအားဖြင့် ဝေဘန်ခြင်း

၁။ ကာမဘုံ၌ ကိစ္စ ၁၄-ပါးနှင့် ဌာန ၁၀-ပါးလုံးရ၏။

သာဓက ။ **ပကိဏ်း စာပိုဒ် ၆၅၊ ဝိထိစာပိုဒ် ၄၉။**

၂။ ရူပဘုံ၌ (ဃာနာဒိတ္တယဝတ္ထုရုပ်တို့ကို မရအပ်သောကြောင့်) ဃာယနာဒိတ္တယကိစ္စ၊ တဒါရုံကိစ္စတို့မှကြွင်းသောကိစ္စ ၁၀-ပါးကိုသာရ၏။ တဒါရမ္မဏဌာနမှ ကြွင်းသောဌာန ၉-ပါးကိုသာရ၏။

သာဓက ။ **ပကိဏ်းစာပိုဒ် ၆၆၊ ဝိထိစာပိုဒ်-၅၀၊ ၅၂။**

၃။ အရူပဘုံ၌ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊အာဝဇ္ဇန်းကိစ္စ၊ ဇောကိစ္စ၊ စုတိကိစ္စဟူ၍ ကိစ္စ ၅-ပါး, ဌာန၅-ပါးကိုသာရ၏။

သာဓက ။ **ပကိဏ်းစာပိုဒ် ၆၇၊ ဝိထိစာပိုဒ် ၅၁-၅၂။**

* * * * * * *

http://www.dhammadownload.com

ဒွါရသင်္ဂဟမြင်ကွင်း

ဒွါရသင်္ဂဟ

စက္ခုစသော ဒွါရတို့၏ အပြားအားဖြင့် စိတ်, စေတသိက်တို့ကို ပေါင်းယူရေတွက်ပြရာ ဖြစ်သောကြောင့် ဒွါရသင်္ဂဟမည်၏။

ဒွါရ(၆)ပါးတို့၏ တရားကိုယ်နှင့် ဝိဂ္ဂဟများ

(၁) စက္ခုပသာဒရုပ်သည် စက္ခုဒွါရမည်၏။ ဝိဂ္ဂဟကား -စက္ခုမေဝ ဒွါရံ စက္ခုဒွါရံ။

သာဓက ။ **တတ္ထ စက္ခုမေဝ စက္ခုဒွါရံ။**

(၂) သောတပသာဒရုပ်သည် သောတဒွါရမည်၏။ ဝိဂ္ဂဟကား - သောတမေဝ ဒွါရံ သောတဒွါရံ။

(၃) ဃာနပသာဒရုပ်သည် ဃာနဒွါရမည်၏။ ဝိဂ္ဂဟကား - ဃာနမေဝ ဒွါရံ ဃာနဒွါရံ

(၄) ဇိဝှါပသာဒရုပ်သည် ဇိဝှါဒွါရမည်၏။ ဝိဂ္ဂဟကား - ဇိဝှါယေဝ ဒွါရံ ဇိဝှါဒွါရံ။

(၅) ကာယပသာဒရုပ်သည် ကာယဒွါရမည်၏။ ဝိဂ္ဂဟကား-ကာယော ဧဝ ဒွါရံ ကာယဒွါရံ။

သာဓက ။ **တထာ သောတာဒယော သောတဒွါရာဒီနိ.**

(၆) ဘဝင်္ဂုပစ္ဆေဒ (ဘဝင်စိတ်) ၁၉ ခုသည် မနောဒွါရမည်၏။ ဝိဂ္ဂဟကား-မနော ဧဝ ဒွါရံ မနောဒွါရံ။

သာဓက ။ **မနောဒွါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ။**

မျက်စိအမည်ရသောတရား

ပသာဒစက္ခုကို စက္ခုဒွါရ၏ တရားကိုယ်အဖြစ် ကောက်ယူရသောကြောင့် မျက်စိအမည်ရသော တရားကား မုချအားဖြင့် စက္ခုပသာဒရုပ်သာတည်း။

သာဓက ။ **တတ္ထ စက္ခုမေဝ စက္ခုဒွါရံ။**

မှတ်ဖွယ် ။ **နား, နှာခေါင်း, လျှာ, ကိုယ်တို့အတွက်လည်း ဤနည်းကိုမှီ၍ ကြံပါ။**

http://www.dhammadownload.com

ပကိဏ်းပိုင်းနှင့် ဝိထိမှတ်ပိုင်းပါ ကာယဒွါရ (၂) ခုအထူး

(ပဥ္စဒွါရာဝဇ္ဇန်း အစရှိသော ဝိထိစိတ်တို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့်) ပကိဏ်းပိုင်း၌ကာယပသာဒရုပ်ကို ကာယဒွါရဟုခေါ်သည်။ (ကာမာဝစရကုသိုလ်,အကုသိုလ်ကံတို့၏ဖြစ်ကြောင်းဖြစ်သောကြောင့်) ဝိထိမှတ်ပိုင်း၌ ကာယဝိညတ်ရုပ်ကို ကာယဒွါရဟု ခေါ်သည်။ ဤသို့ထူး၏။

သာဓက ။ **ပကိဏ်းစာပို၌-၃၇ နှင့် ဝိထိမှတ်စာပို၌-၅၅။**

ပကိဏ်းပိုင်းနှင့် ဝိထိမှတ်ပိုင်းပါ မနောဒွါရ (၂) ခုအထူး

(မနောဒွါရာဝဇ္ဇန်းအစရှိသော ဝိထိစိတ်တို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့်) ဘဝင်္ဂပစ္ဆေဒ ၁၉-ခုကို ပကိဏ်းပိုင်း၌ မနောဒွါရဟုခေါ်သည်။ (ကာမာဝစရကုသိုလ်, အကုသိုလ်တို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့်) စိတ်၌ဖြစ်သော ကာယဝိညတ်, ဝစီဝိညတ်ကို ဝိထိမှတ်ပိုင်း၌ မနောဒွါရဟုခေါ်သည်။

သာဓက ။ **ပကိဏ်းစာပို၌ ၃၈၊ ဝိထိမှတ် စာပို၌-၅၇။**

ဒွါရမ္မလွတ်လျက် ဒွါရမည်သောစိတ်

ဘဝင်္ဂပစ္ဆေဒ (၁၉) ခုတို့သည် (ပဋိသန္ဓေဘဝင်စုတိကိစ္စ တပ်သောအခါ ဒွါရ၌ ဖြစ်ခြင်းမှ လွတ်ကင်းသောကြောင့်) ဒွါရဝိမုတ်ဖြစ်သော်လည်း (မနောဒွါရာဝဇ္ဇန်းစသည့် ဝိထိစိတ်တို့၏ ဝင်ရောက်ဖြစ်ပေါ်ရာဖြစ်သောကြောင့်) မနောဒွါရအမည်ကိုရနိုင်သဖြင့် ဒွါရမှလွတ်လျက် ဒွါရမည်သောစိတ် များဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပို၌-၃၀၊ ၄၀၊ ၄၁။**

စက္ခဒွါရိက (ဝိထိစဉ်) စိတ်

စက္ခဒွါရိက (ဝိထိစဉ်) စိတ်များကား -- ပဥ္စဒွါရာဝဇ္ဇန်း (၁) ပါး၊ စက္ခဝိညာဏ် (၂) ပါး၊ သံမွဋ္ဌိဗ္ဗိုင်း (၃) ပါး၊ သန္တီရဏ (၃) ပါး၊ ဝုဋ္ဌော (၁) ပါး၊ ကာမဇော (၂၉) ပါး၊ တဒါရုံ (မဟာဝိပါက်) (၈) ပါးအားဖြင့် (၄၆) ပါးဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပို၌-၃၉ ပထမဝါကျ။**

http://www.dhammadownload.com

စက္ခုဒ္ဒါရိကစိတ်ကို ကောန်, အနေကန်အခွဲ

စက္ခုဒ္ဒါရိကစိတ် (၄၆) ပါးတို့တွင် စက္ခုဝိညာဏ် (၂) ပါးသည် စက္ခုပသာဒရုပ်ကိုသာ ကောန်မှီ (စက္ခုဒ္ဒါရဌသာဖြစ်) သောကြောင့်ကောန်စက္ခုဒ္ဒါရိကစိတ်ဖြစ်ပါသည်။ စက္ခုဝိညာဏ်မှ တစ်ပါး အခြားသောစက္ခုဒ္ဒါရိကစိတ် (၄၄) ပါးတို့သည် စက္ခုဒ္ဒါရမှတစ်ပါး အခြားသောဒ္ဒါရ တို့၌လည်း ထိုက်သင့်သလိုဖြစ်နိုင်သောကြောင့် အနေကန်စက္ခုဒ္ဒါရိကစိတ်များဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပို ဒ်-၃၉၊ ၄၀၊ ၆၈။**

မှတ်ရန် ။ **သောတဒ္ဒါရိကစသည် ဆိုင်ရာဖြစ်ပါက ပကိဏ်းစာပို ဒ်-၃၉၊ ဒုတိယ ဝါကျကို ထောက်ဆလျက် စက္ခုဝိညာဏ်ကို သောတဝိညာဏ် စသည် တို့ဖြင့်၄င်း၊ ပဥ္စဒ္ဒါရိကစိတ်ဆိုပါက စက္ခုဝိညာဏ်ကို ဒွေပဥ္စဝိညာဏ် (၁၀) ဖြင့်၄င်း၊ လဲလှယ်ရုံသာထူးပြီး ကျန်စိတ်များကိုမူ စက္ခုဒ္ဒါရိကစိတ် နှင့် အတူဟုမှတ်ပါ။**

မနောဒ္ဒါရိက (ဝီထိစဥ်) စိတ်

မနောဒ္ဒါရိက (ဝီထိစဥ်) စိတ်များကား မနောဒ္ဒါရာဝဇ္ဇန်း (၁) ပါး၊ ဇော (၅၅) ပါး၊ တဒါရုံ (၁၁) ပါးအားဖြင့် (၆၇) ပါးဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပို ဒ်-၄၀။**

မနောဒ္ဒါရိကစိတ်ကို ကောန်, အနေကန်အခွဲ

မနောဒ္ဒါရိကစိတ် (၆၇) ပါးတို့တွင် အပွနာဇော (၂၆) ပါးတို့သည် မနောဒ္ဒါရဌသာ ဖြစ်သောကြောင့် ကောန်မနောဒ္ဒါရိကစိတ်များဖြစ်ပါသည်။ အပွနာဇောမှကြွင်းသော မနောဒ္ဒါရိကစိတ် (၄၁) ပါးတို့သည် ပဥ္စဒ္ဒါရ, မနောဒ္ဒါရ (၂) မျိုးလုံး၌ဖြစ်နိုင်သောကြောင့် အနေကန်မနောဒ္ဒါရိကစိတ်များဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပို ဒ်-၃၉၊ ၄၀။**

တဒါရမ္မဏအရဒ္ဓင်းအထူး

စက္ခုဒ္ဒါရိက (ပဥ္စဒ္ဒါရိက) စိတ်တို့ကိုပြသော စကားရပ်၌ သန္ဋီရဏ (၃) ခုကို သီးခြားယူ ပြီးသောကြောင့် တဒါရမ္မဏအရ တဒါရုံမဟာဝိပါက် (၈) ပါးကိုသာ ယူရမည်။

http://www.dhammadownload.com

မနောဒွါရိက စိတ်တို့ကို ပြသောစကားရပ်၌ သန္တီရဏ (၃) ခုကို သီးခြားမယူရသေးသောကြောင့် တဒါရုံ (၁၁) ပါးလုံးကို ယူရသည်။ ဤသို့ထူး၏။

ပဉ္စဒွါရိကစိတ်နှင့် မနောဒွါရိကစိတ် စက်လှည့်ပုံ

(၁) **ဒွေပဉ္စဝိညာဏ်** (၁၀)၊ မနောဓာတ် (၃) ခုအားဖြင့် (၁၃) ပါးသောစိတ်တို့သည် ပဉ္စာရုံကို**သာ အာရုံပြုသော**ကြောင့် ပဉ္စဒွါရ၌သာဖြစ်၍ မနောဒွါရ၌ မဖြစ်နိုင်ပါ။

သာဓက ။ **မဟာဋီကာ**စာပို၌-၃၉၊ ၄၀၊ ၅၄၊ ၅၅။

(၂) **အပွနာဇော** (၂၆) ပါးတို့သည် ကမ္မနိမိတ်စသောအာရုံမှတစ်ပါး ဓမ္မာရုံကိုသာ အာရုံပြု**သောကြောင့် မနောဒွါရ**၌သာဖြစ်၍ ပဉ္စဒွါရ၌မဖြစ်နိုင်ပါ။

သာဓက ။ **မဏိဇောတိကာ**စာပို၌-၄၀၊ ၅၂။

(၃) **မနောဒွါရာဝဇ္ဇန်း** (၁)၊ ကာမဇော (၂၉)၊ တဒါရုံ (၁၁) အားဖြင့် (၄၁) ပါးသောစိတ်တို့သည် **အာရုံ (၆) ပါး**လုံးကို အာရုံပြုသောကြောင့် ပဉ္စဒွါရ, မနောဒွါရ (၂) ပါးစုံ၌ဖြစ်နိုင်ပါသည်။

သာဓက ။ **ပကိဏ်းစာပို၌-၅၁၊ ၅၂**။

(၄) မဟဂ္ဂုတ်ဝိပါက် (၉) ပါးတို့သည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ကိုသာ အာရုံပြု၍ ပဋိသန္ဓေဘဝင်စုတိကိစ္စတပ်သောကြောင့် ပဉ္စဒွါရ, မနောဒွါရ (၂) မျိုးလုံး၌ပင် မဖြစ်နိုင်ပါ။

သာဓက ။ **ပကိဏ်းစာပို၌-၄၆၊ ၅၃**။

ဒွါရဝိမုတ် (ဒွါရလွတ်) စိတ်

၆-ဒွါရမှလွတ်သော ဒွါရဝိမုတ်စိတ်များကား- ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်သော ဥပေက္ခာသဟဂုတ် သန္တီရဏ (၂) ပါး၊ မဟာဝိပါက် (၈) ပါး၊ မဟဂ္ဂုတ်ဝိပါက် (၉) ပါးအားဖြင့် (၁၉) ပါးဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပို၌- ၄၁**။

ဒွါရဝိမုတ် (ဒွါရလွတ်) စိတ်ကို ကောန်, အနေကန် အခွဲ

ဥပေက္ခာသဟဂုတ်သန္တီရဏ (၂)ပါးသည် သန္တီရဏကိစ္စ, တဒါရုံကိစ္စတပ်ခိုက် (၆) ဒွါရ၌ဖြစ်၍ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်ခိုက် (၆) ဒွါရမှလွတ်သောကြောင့်၎င်း၊ မဟာဝိပါက်

http://www.dhammadownload.com

စိတ် (၈) ပါးသည် တဒါရုံကိစ္စတပ်ခိုက် (၆) ဒွါရ၌ဖြစ်၍ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်ခိုက် (၆) ဒွါရမှလွတ်သောကြောင့်၄င်း၊ အနေကန်ဒွါရဝိမုတ်စိတ် (၁၀) ပါးဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပို၌-၄၅။**

မဟဂ္ဂုတ်ဝိပါက် (၉) ခုတို့သည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ကိုသာ အာရုံပြု၍ ပဋိသန္ဓေဘဝင်စုတိကိစ္စတပ်သောကြောင့် (၆) ဒွါရမှအမြဲလွတ်သော ဧကန်ဒွါရဝိမုတ်စိတ်များဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပို၌-၄၆၊ ၅၃။**

ဒွါရသင်္ဂဟအတွင်းမဝင်သော စိတ္တုပ္ပါဒ်

မဟဂ္ဂုတ်ဝိပါက် (၉) ခုတို့သည် ဧကန်ဒွါရဝိမုတ်စိတ်များဖြစ်၍ ဒွါရနှင့် သက်ဆိုင်မှုမရှိသောကြောင့် ဒွါရသင်္ဂဟဥပြဆိုထားသော်လည်း ဒွါရသင်္ဂဟအတွင်းမဝင်သော စိတ္တုပ္ပါဒ်များသာ ဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပို၌-၄၆။**

ဒွါရ(၆)ပါးကို ဘုံအားဖြင့် ဝေဘန်ခြင်း

ကာမဘုံ၌ (ဝတ္ထုရုပ် (၆) ပါးလုံးကို ရနိုင်သောကြောင့်) ဒွါရ (၆) ပါးလုံးကို ရနိုင်ပါသည်။

သာဓက ။ **တာနိ ကာမလောကေ သဗ္ဗာနိပိ လဗ္ဘန္တိ။**

ရူပဘုံ၌ (ဃာနစသော ဝတ္ထုရုပ် (၃) ပါးမရှိသောကြောင့်) စက္ခုဒွါရ, သောတဒွါရ, မနောဒွါရတို့ကိုသာ ရနိုင်ပါသည်။

သာဓက ။ **ရူပလောကေ ပန ဃာနာဒိတ္တယံ နတ္ထိ။**

အရူပဘုံ၌ (ဝတ္ထုရုပ် အားလုံးပင် မရှိသောကြောင့်) မနောဒွါရ (၁) မျိုးကိုသာ ရနိုင်ပါသည်။

သာဓက ။ **အရူပလောကေ ပန သဗ္ဗာနိပိ န သံဝိဇ္ဇန္တိ။**

http://www.dhammadownload.com

ဂါထာပါ သစ်္ဂဟတို့၏ သဒ္ဒေါ်ယျများ

ဧကဒွါရိကစိတ္တာနိ၊ ဆတ္တိံသတိအရ (၁) ဒွါရဠဖြစ်သောစိတ်များကား ပဉ္စဒွါရဠဖြစ်ထိုက်သလို အသီးသီးဖြစ်သော ဒွေးပဉ္စဝိညာဏ် (၁၀)၊ မနောဒွါရဠသာဖြစ်သော အပွနာဇော (၂၆) ပါးအားဖြင့် (၃၆) ပါးတို့တည်း။

သာဓက ။ **ပကိဏ်း-၄၂**။

ပဉ္စဒွါရိက တီဏိအရ (၅) ဒွါရဠဖြစ်သောစိတ်များကား မနောဓာတ် (၃) ပါးတို့တည်း။

သာဓက ။ **ပကိဏ်းစာပို ဒ်-၄၃**။

ဆဒွါရိကာနိ ဧကတ္တိံသအရ (၆) ဒွါရဠဖြစ်သောစိတ်များကား သောမနဿသဟဂုတ် သန္တီရဏ (၂)ပါး၊ ဝုဋ္ဌော (၁)ပါး၊ ကာမဇော (၂၉) ပါးအားဖြင့် (၃၁) ပါးတို့တည်း။

သာဓက ။ **ပကိဏ်းစာပို ဒ်-၄၄**။

ဆဒွါရိက (ကဒါစိ) ဝိမုတ္တာနိ ဒသဓာအရ ရုံခါ (၆) ဒွါရဠဖြစ်၍ ရုံခါ (၆) ဒွါရမှ လွတ်သောစိတ်များကား ဥပေက္ခာသဟဂုတ်သန္တီရဏ (၂) ပါး၊ မဟာဝိပါက် (၈)ပါး အားဖြင့် (၁၀) ပါးတို့တည်း။

သာဓက ။ **ပကိဏ်းစာပို ဒ်-၄၅**။

ဝိမုတ္တာနိ သပ္ပထာ နဝဓာအရ အခါခပ်သိမ်းအမြဲ (၆) ဒွါရမှ လွတ်သောစိတ်များကား မဟဂ္ဂုတ်ဝိပါက် (၉) ပါးတို့တည်း။

သာဓက ။ **ပကိဏ်းစာပို ဒ်-၄၆**။

မှတ်ရန် ။ **ဆဒွါရိက ဝိမုတ္တာနိနှင့် ဝိမုတ္တာနိစ သပ္ပထာ၌ ဝိမုတ္တစိတ်ရချင်း အထူးကား ပကိဏ်းစာပို ဒ်-၄၅၊ ၄၆ တို့ကို ထောက်ဆ၍ သိနိုင်သည်ဟုမှတ်**။

စေတသိက်ကို ဒွါရဖြင့် ဝေဘန်ခြင်း

အပွမညာနှင့် ဝိရတီ (၅) ပါးတို့သည် မနောဒွါရဠသာဖြစ်၍ ပဉ္စဒွါရဠ မဖြစ်ကုန်။ ကြွင်းသောစေတသိက် (၄၇) ခုတို့သည် (၆) ဒွါရလုံးဠဖြစ်သည်။ မဟဂ္ဂုတ်ဝိပါက်ဠယှဉ်ခိုက် ဖြစ်သော စေဟသိက် (၃၅) ခုတို့သည် ဒွါရဝိမုတ်ဖြစ်ကုန်၏။

ဆောင် * ဝိရတိ, အပွါ၊ မနောဒွါ၊ ကျန်တာလေးခွန် ဆဒွါညွှန်။

* ဟဂ်ဝိယှဉ်ကြ၊ စေမှန်က၊ ဒွါရဝိမုတ်ညွှန်။

* * * * * * *

http://www.dhammadownload.com

အာရမ္မဏသင်္ဂဟမြင်ကွင်း

အာရမ္မဏ အဓိပ္ပါယ်

စိတ်, စေတသိက်တို့သည် စွဲမှီဆွဲငင်အပ်သောကြောင့်၄င်း၊ စိတ်, စေတသိက်တို့၏ လာရောက်မွေ့လျော်ရာဖြစ်သောကြောင့်၄င်း၊ အဆင်း (ရူပါရုံ) စသည်ကို အာရုံဟုခေါ်သည်။

အာရမ္မဏသင်္ဂဟ

စကျဝိညာဏ်စိတ်သည် ရူပါရုံကို အာရုံပြု၏ စသည်ဖြင့် အာရုံအားဖြင့် စိတ်, စေတသိက်တို့ကို ပေါင်းယူရေတွက်ပြရာဖြစ်သောကြောင့် အာရမ္မဏသင်္ဂဟမည်၏။

အာရုံ (၆) ပါးတို့၏ တရားကိုယ်နှင့် ဝိဂ္ဂဟများ

(၁) အဆင်းမျိုးစုံ (ရူပါယတန) သည် ရူပါရုံမည်၏။ ဝိဂ္ဂဟကား ရူပမေဝ အာရမ္မဏံ ရူပါရမ္မဏံ။

(၂) အသံမျိုးစုံ (သဒ္ဒါယတန) သည် သဒ္ဒါရုံမည်၏။ ဝိဂ္ဂဟကား သဒ္ဒေါယေဝ အာရမ္မဏံ သဒ္ဒါရမ္မဏံ။

(၃) အနံ့မျိုးစုံ (ဂန္ဓာယတန) သည် ဂန္ဓာရုံမည်၏။ ဝိဂ္ဂဟကား ဂန္ဓောယေဝအာရမ္မဏံ ဂန္ဓာရမ္မဏံ။

(၄) အရသာမျိုးစုံ (ရသာယတန) သည် ရသာရုံမည်၏။ ဝိဂ္ဂဟကား ရသောယေဝ အာရမ္မဏံ ရသာရမ္မဏံ။

(၅) အတွေ့အထိမျိုးစုံ (ဖောဋ္ဌဗ္ဗာယတန) သည် ဖောဋ္ဌဗ္ဗာရုံမည်၏။ ဝိဂ္ဂဟကား ဖောဋ္ဌဗ္ဗမေဝ အာရမ္မဏံ ဖောဋ္ဌဗ္ဗာရမ္မဏံ။

သာဓက ။ **ပကိဏ်းစာပို ဒ် ၄၉**။

(၆) ပသာဒရုပ်, သုခုမရုပ်, စိတ်, စေတသိက်, နိဗ္ဗာန်, ပညတ်မျိုးစုံ (ဓမ္မာယတန) သည် ဓမ္မာရုံမည်၏။ ဝိဂ္ဂဟကား ဓမ္မောယေဝ အာရမ္မဏံ ဓမ္မာရမ္မဏံ။

သာဓက ။ **ပကိဏ်းစာပို ဒ် ၅၀**။

http://www.dhammadownload.com

သီးခြားဆဋ္ဌမအာရုံဟူ၍ မရှိနိုင်

ပဉ္စာရုံနှင့် ဓမ္မာရုံဟူသော အာရုံ (၆) ပါးတို့၏တရားကိုယ်များသည် ရှိရှိသမျှ သဘာဝဓမ္မ (စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပညတ်) အလုံးစုံပင်ဖြစ်သောကြောင့် အာရုံ (၆) ပါး မှတပါး (အပြောများ, ခေတ်စားနေသော) သီးခြားဆဋ္ဌမအာရုံဟူ၍ လုံးဝမရှိနိုင်ပါ။

သာဓက ။ **ပကိဏ်းစာပို၌-၄၉၊ ၅၀။**

များပြားကျယ်ဝန်းသောအာရုံ

ရူပါရုံစသော အာရုံ (၅) ပါးပဉ္စာရုံတို့သည် ရုပ်ပရမတ်တစ်မျိုးသာဖြစ်၍ ဓမ္မာရုံသည်ကား စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူသော ပရမတ် (၄) မျိုးနှင့်တကွ ပညတ်တရားများဖြစ်သောကြောင့် အာရုံ (၆) ပါးတို့တွင် များပြားကျယ်ဝန်းသောအာရုံသည် ဓမ္မာရုံသာဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပို၌-၄၉၊ ၅၀။**

ဓမ္မာရမ္မဏံ၌ ဓမ္မအရ

ဂေါစရ (ဝိသယ) ရုပ်တရား (၇) ပါးတို့ကို ပဉ္စာရုံ၏ တရားကိုယ်အဖြစ် သီးခြားယူပြီးသောကြောင့် ဓမ္မာရမ္မဏံ၌ ဓမ္မအရ ပသာဒရုပ် (၅) ခု၊ သုခုမရုပ် (၁၆) ပါး၊ စိတ် (၈၉) ပါး၊ စေတသိက် (၅၂) ပါး၊ နိဗ္ဗာန်ပညတ်တို့ကိုသာ ယူရမည်။ ဂေါစရ (ဝိသယ) ရုပ် (၇) ခုတို့ကို မယူရ။

သာဓက ။ **ပကိဏ်းစာပို၌-၄၉၊ ၅၀။ ရုပ်စာပို၌-၆။**

ဓမ္မာရုံကို ရူပ်, နာမ်, ပရမတ်, ပညတ်အခွဲ

ဓမ္မာရုံ၏တရားကိုယ်တို့တွင် ပသာဒရုပ်, သုခုမရုပ်တို့သည် ရုပ်ဓမ္မာရုံတည်း။ စိတ်, စေတသိက်နှင့် နိဗ္ဗာန်တို့သည် နာမ်ဓမ္မာရုံတည်း။ ပညတ်သည် ပညတ်ဓမ္မာရုံတည်း။

(တစ်နည်း) ပသာဒရုပ်, သုခုမရုပ်, စိတ်, စေတသိက်နှင့် နိဗ္ဗာန်တို့သည် ပရမတ်ဓမ္မာရုံတည်း။ ပညတ်သည် ပညတ်ဓမ္မာရုံတည်း။

သာဓက ။ **ပကိဏ်းစာပို၌ ၅၀၊ စိတ်စာပို၌-၂၊ ပစ္စည်းစာပို၌-၃၈။**

http://www.dhammadownload.com

ပဋ္ဌဒ္ဓါရိကစိတ်တို့၏ အာရုံများ

စက္ခုဒ္ဓါရိကစိတ် (၄၆) ပါးတို့သည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုပါသည်။ သောတဒ္ဓါရိကစိတ် (၄၆) ပါးတို့သည် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြုပါသည်။ ဃာနဒ္ဓါရိကစိတ် (၄၆) ပါးတို့သည် ပစ္စုပ္ပန်ဂန္ဓာရုံကို အာရုံပြုပါသည်။ ဇိဝှာဒ္ဓါရိကစိတ် (၄၆) ပါးတို့သည် ပစ္စုပ္ပန်ရသာရုံကို အာရုံပြုပါသည်။ ကာယဒ္ဓါရိယစိတ် (၄၆) ပါးတို့သည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုပါသည်။

သာဓက ။ **ပကိဏ်းစာပို ဒ် ၅၁။**

မနောဒ္ဓါရိက စိတ်တို့၏ အာရုံများ

မနောဒ္ဓါရိကစိတ် (၆၇) ပါးတို့သည် ပစ္စုပ္ပန်, အတိတ်, အနာဂတ်နှင့် ကာလဝိမုတ် ဖြစ်သော အာရုံ (၆) ပါးကို ထိုက်သည်အားလျော်စွာ အာရုံပြုပါသည်။

သာဓက ။ **ပကိဏ်းစာပို ဒ် ၅၂။**

မှတ်ရန် ။ ပစ္စုပ္ပန်, အတိတ်, အနာဂတ်အာရုံဟူသည် စိတ်, စေတသိက်, ရုပ်တရားများ ပင်ဖြစ်၍ ကာလဝိမုတ်အာရုံဟူသည် နိဗ္ဗာန်နှင့် ပညတ်ဟူမှတ်။

ဒ္ဓါရဝိမုတ်စိတ်တို့၏ အာရုံများ

ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်ဟူဆိုအပ်သော ဒ္ဓါရဝိမုတ်စိတ်တို့သည် များသောအားဖြင့် လွန်ခဲ့ပြီးစ ဘဝဟောင်း၌ ဆဒ္ဓါရိက မရဏာသန္နဇောသည် ယူပေးအပ်သော ပစ္စုပ္ပန်, အတိတ်, ပညတ်ဖြစ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံ (၆) ပါးတို့တွင် တစ်ပါးပါးကိုထိုက်သလို အာရုံပြုပါသည်။

သာဓက ။ **ပကိဏ်းစာပို ဒ် ၅၃။**

ဒွေးပဉ္စဝိညာဏ် (၁၀) တို့၏ အာရုံများ

စက္ခုဝိညာဏ်ဒွေးသည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုပါသည်။ သောတဝိညာဏ်ဒွေးသည် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြုပါသည်။ ဃာနဝိညာဏ်ဒွေးသည် ပစ္စုပ္ပန်ဂန္ဓာရုံကို အာရုံပြုပါသည်။ ဇိဝှါဝိညာဏ်ဒွေးသည် ပစ္စုပ္ပန်ရသာရုံကို အာရုံပြုပါသည်။ ကာယဝိညာဏ်ဒွေးသည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုပါသည်။

သာဓက ။ **ပကိဏ်းစာပို ဒ် ၅၄။**

http://www.dhammadownload.com

မနောဓောတ်တို့၏အာရုံ

ပဉ္စဒ္ဒါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဒွေးဟူသော မနောဓာတ် (၃) ခုတို့သည် ပစ္စုပ္ပန်ပဉ္စာရုံကို ဧကန်အာရုံပြုပါသည်။

သာဓက ။ ပကိဏ်းစာပို့ဒ် ၅၅။

သေသော်၏ အပါဒါန်နှင့် အပါဒါနီ

သေသာနီ ကာမာဝစရဝိပါကာနိဉ္စ ပါသော် သေသော်၏အပါဒါန်ကား ဒွေးပဉ္စဝိညာဏ် (၁၀)၊ သမ္ပဋိစ္ဆိုင်းဒွေးအားဖြင့် (၁၂) ပါးတို့တည်း။ အပါဒါနီဖြစ်သော သေသော်၏အရကား သန္တီရဏ (၃) ခု၊ မဟာဝိပါက် (၈) ခုအားဖြင့် (၁၁) ပါးတို့တည်း။

သဗ္ဗာရမ္မဏာနိအရ

အကုသလာနိ စေဝ စသည်၌ပါသော သဗ္ဗာရမ္မဏာနိအရ လောကုတ္တရာကြဉ်အပ် သောဟူသော (လောကုတ္တရဝဇ္ဇိတ) ဝိသေသနပုဒ်နှင့်တွဲ၍ ဆိုထားသောကြောင့် (သာဝသေသ သဗ္ဗအနေအားဖြင့်) ကာမ မဟဂ္ဂုတ်, ပညတ်အာရုံတို့ကိုသာ ယူရပါမည်။

သာဓက ။ ပကိဏ်းစာပို့ဒ်-၅၇နှင့် ၆၃ ပထမဂါထာ။

သေသော်၏ အပါဒါန်နှင့် အပါဒါနီ

သေသာနိ မဟဂ္ဂတစိတ္တာနိဉ္စပါသော သေသော်၏အပါဒါန်ကား အရူပဒုတိယ, စတုတ္ထ စိတ်အားဖြင့် (၆) ပါးတို့တည်း။ အပါဒါနီဖြစ်သော သေသအရကား ရူပစိတ် (၁၅) ပါးနှင့် အရူပပထမ, တတိယစိတ် (၆) ပါးအားဖြင့် (၂၁) ပါးတို့တည်း။

(၁) ကိစ္စ, (၁) ဒ္ဒါရ, (၁) အာရုံနှင့်သာဆိုင်ရာစိတ်များ

ဝင်ပေါက်ဒွါရ (၁) ခုစီ၌ အာရုံ (၁) မျိုးစီကိုသာအာရုံပြုပြီး၊ လုပ်ငန်းကိစ္စ (၁) မျိုး စီကိုသာ ထိုက်သင့်သလို ဆောင်ရွက်သောစိတ်များကား ဒွေးပဉ္စဝိညာဏ် (၁၀)၊ အာကာသာ နဉ္စာယတန ကုသိုလ်, ကြိယာဇော (၂) ပါး၊ အာကိဉ္စညာယတနကုသိုလ်, ကြိယာဇော (၂) ပါး၊ လောကုတ္တရာဇော (၈) ပါးတို့ဖြစ်ပါသည်။

သာဓက ။ ပကိဏ်းစာပို့ဒ်-၂၂၊ ၄၂၊ ၅၄၊ ၆၁။

http://www.dhammadownload.com

ကေန်အာရုံပြုပြု ဂါထာပါသစ္ဆာစသည်တို့၏ သဒ္ဒါယျများ

ကေန်အာရုံပြုပြုဂါထာပါ ပဉ္စဝိသ ပရိတ္တမိဿ **(ပဉ္စဝိသအရ) ကာမကို ကေန်အာရုံပြု သောစိတ်များကား** ဒွေးပဉ္စဝိညာဏ်(၁၀)ပါး၊ မနောဓာတ်(၃)ပါး၊ သန္တီရဏ(၃)ပါး၊ မဟာဝိပါက် (၈) ပါး၊ ဟသိတုပ္ပါဒ် (၁) ပါးအားဖြင့် (၂၅) ပါးတို့တည်း။

သာဓက ။ **ပကိဏ်းစာပိုဒ် ၅၄၊ ၅၅၊ ၅၆။**

မှတ်ရန် ။ **ပဉ္စဝိသအရကို စုဏ္ဏိယဝါကျတို့၌ (ဒသ, တီဏိ, ဒွါဒသ) ဟု ခွဲပြ၏။**

ပရိတ္တမိဿအရ ကာမစိတ် (၅၄) ပါး၊ စေတသိက် (၅၂) ပါး၊ ရူပ် (၂၈) ပါးဟူသော ကာမအာရုံများဖြစ်ပါသည်။

ဆ စိတ္တာနိမဟဂ္ဂတေ၌ **(ဆ အရ) မဟဂ္ဂုတ်ကို ကေန်အာရုံပြုသောစိတ်များကား** ဝိညာဏဉ္စာယတနစိတ် (၃) ခု၊ နေဝသညာနာသညာယတနစိတ် (၃) ခုအားဖြင့် (၆) ပါးတို့တည်း။

သာဓက ။ **ပကိဏ်းစာပိုဒ် ၆၀။**

မဟဂ္ဂတအရကား အာကာသာနဉ္စာယတန ကုသိုလ်, ကြိယာ (၂) ပါး၊ အာကိဉ္စညာယတန ကုသိုလ်, ကြိယာ (၂)ပါးဟူသော မဟဂ္ဂုတ်အာရုံတို့တည်း။

ကေဝိသတိ ဝေါဟာရေ၌ **(ဧကဝိသတိအရ) ပညတ်ကို ကေန်အာရုံပြုသောစိတ် များကား** အဘိညာဉ်ဒွေးကြဉ်သော ရူပစိတ် (၁၅) ပါး၊ အာကာသာနဉ္စာယတနစိတ်(၃) ပါး, အာကိဉ္စာယတနစိတ် (၃) ပါးအားဖြင့် (၂၁) ပါးတို့တည်း။

သာဓက ။ **ပကိဏ်းစာပိုဒ် ၆၁။**

ဝေါဟာရအရကား ကသိုဏ်းပညတ် (၁၀) ပါး၊ အသုဘပညတ် (၁၀) ပါး၊ ကောဋ္ဌာ ပညတ် (၁) ပါး၊ အာနာပါနပညတ် (၁) ပါး၊ ပြဟ္မစိုရ် လေးပါးတို့၏ တရားကိုယ်ဖြစ်သော သတ္တဝါပညတ် (၄) ပါး၊ ကောင်းကင်ပညတ်၊ နတ္ထိဘောပညတ်အားဖြင့် (၂၈) ပါးသော ပညတ်အာရုံတို့ဖြစ်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ် ၂၁မှ ၂၅ ထိ။**

အဋ္ဌ နိဗ္ဗာန ဂေါစရေ၌ **(အဋ္ဌအရ) နိဗ္ဗာန်ကို ကေန်အာရုံပြုသောစိတ်များကား** လောကုတ္တရာစိတ် (၈) ပါးတို့တည်း။

သာဓက ။ **ပကိဏ်းစာပိုဒ် ၆၂။**

နိဗ္ဗာနဂေါစရအရကား မဂ်ဖိုလ်တို့၏အာရုံဖြစ်သောနိဗ္ဗာန်တည်း။

http://www.dhammadownload.com

အာရမ္မဏိကမှ (ဧကန် + အနေကန်) အာရုံ (အုပ်စု) ရှာဖွေပုံအကျဉ်းဇယား

အာရမ္မဏိက စိတ် သခ္ခါ	အာရုံအုပ်စုများ						ပကိဏ်း သာဓက စာပိုဒ်
	ကာလ အုပ်စုအာရုံ(၄)	သန္တာန် အုပ်စုအာရုံ(၃)	ဓမ္မ အုပ်စုအာရုံ(၂)	ပရမတ္ထာဒိ အုပ်စုအာရုံ(၂)	အာရုံ အုပ်စု(၆)	ကာမာဒိ အုပ်စုအာရုံ(၄)	
ဒသ	ပစ္စုပ္ပန်	အဇ္ဈ, ဗ	ရူပ်	ပရမတ်	ပဉ္စာရုံ	ကာမ	၅၄
တိဏ်	″	″	″	″	″	″	၅၅
ဒွါဒသ	ပွန်, တိတ်, နာ	″	ရူပ်, နာမ်	″	၆	″	၅၆
(၃)-ဆ	တိတ်	အဇ္ဈတ္တ	နာမ်	″	ဓမ္မာရုံ	မဟဂ္ဂတ်	၆၀
ဧကဝီသ	ကာလဝိမုတ်	ဗ,မုတ်	✘	ပညတ်	″	ပညတ်	၆၁
အဋ္ဌ	″	ဗဟိဒ္ဓ	နာမ်	ပရမတ်	″	(အပ္ပမာဏ) နိ	၆၂
ဝီသ	ပွန်,တိတ်,နာ,မုတ်	အဇ္ဈ,ဗ,မုတ်	ရူပ်,နာမ်	ပရမတ်,ပညတ်	၆	ကာ,ဟဂ်,ညတ်	၅၇
ပဉ္စ	″	″	″	″	″	ကာ,ဟဂ်,(ဏ)ညတ်	၅၈
(ပ)-ဆ	″	″	″	″	″	″	၅၉

အာရုံအုပ်စု (၆) ခု

ဆောင် * ကာ, သန်, ဓမ္မ၊ ပရမ၊ အာပြ, ကာမာဒိ။
* အုပ်စုခြောက်ဖြာ၊ ရသင့်ရာ၊ သေချာခွဲဝေကြည့်။

ဝိမုတ်အာရုံတရားများ

အာရမ္မဏသင်္ဂဟဆိုင်ရာ၌ ဝိမုတ်အာရုံသည် ကာလဝိမုတ်, အဇ္ဈတ္တဗဟိဒ္ဓဝိမုတ်ဟု (၂) မျိုးရှိ၏။ ထိုတွင် နိဗ္ဗာန်နှင့် ပညတ်သည် ကာလ (၃) ပါးမှအလွတ်ဖြစ်သောကြောင့် ကာလဝိမုတ်အာရုံမည်ပါသည်။ နတ္ထိဘောပညတ်သည် အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန် (၂) ပါးမှ အလွတ်ဖြစ်သောကြောင့် အဇ္ဈတ္တ, ဗဟိဒ္ဓ (သန္တာန) ဝိမုတ် အာရုံမည်ပါသည်။

မှတ်ရန် ။ အာရုံအုပ်စု ရှာဖွေပုံ အကျဉ်းဇယား၌ပါသော ဒသ-အရ ဒွေးပဉ္စဝိညာဏ် (၁၀) တို့သည် ပဉ္စာရုံကို အသီးအသီး အစဉ်အတိုင်း (၁) မျိုး စီအာရုံပြုသည်ဟု၄င်း၊ သန္တာနအာရုံအုပ်စုခွဲရာ၌ ပညတ်အာရုံတွင် နတ္ထိဘောပညတ်ပါလျှင် ယင်းနတ္ထိဘောပညတ်အတွက် အဇ္ဈတ္တဗဟိဒ္ဓ (သန္တာန)ဝိမုတ်အာရုံဟု၄င်း၊ ပဉ္စသင်္ခါ၏ ကာမာဒိအာရုံအုပ်စု၌ပါသော (ဏ) အပ္ပမာဏအာရုံအရ ကုတ် (၈), စေ (၃၆) နိဗ္ဗာန်ဟု၄င်းမှတ်ပါ။

http://www.dhammadownload.com

ဧကန်, အဧနကန်

ပဌဝီသ ပရိတ္တမှိ စသော ဂါထာတို့ကိုထောက်၍ ကာမ, မဟဂ္ဂတ်, အပ္ပမာဏ, ပညတ်ဟူသော ကာမာဒိအုပ်စု၌ အာရုံ (၄) မျိုးတို့တွင် (၁) မျိုးကိုသာ အာရုံပြုလျှင် ဧကန် အာရုံပြုသော စိတ်ဟုခေါ်ပါသည်။ (၂) မျိုး (၃) မျိုးစသည်ကို အာရုံပြုနိုင်လျှင် အနေကန် အာရုံပြုသော စိတ်ဟုခေါ်ပါသည်။ ကာလအုပ်စုအာရုံ (၄) မျိုး၊ သန္တာန်အုပ်စုအာရုံ (၃) မျိုး၊ ဓမ္မအုပ်စုအာရုံ (၂) မျိုး၊ ပရမတ္ထာဒိ အုပ်စု အာရုံ (၂) မျိုး၊ အာရုံအုပ်စု (၆) မျိုးတို့တွင်လည်း မိမိတို့ဆိုင်ရာအုပ်စု (၁) ခုတည်း၌ အာရုံ (၁) မျိုး ကိုသာ အာရုံပြုလျှင် ဧကန်၊ အုပ်စု(၁) ခုတည်း၌ အာရုံ (၂) မျိုးစသည်ကို အာရုံပြုလျှင် အနေကန်ဟုခွဲပါ။

ဧကန်အာရုံပြုလက််

ဆောင် ။ **ပဌဝီ-ကာမ၊ ဆ-မဟဂ္ဂါ၊ ရှစ်ဖြာ-နိဗ္ဗာန်၊ နာမ်-တစ်ဆယ့်လေး၊ တေရသ-ရုပ်၊ ပစ္စုပ်ထို့တူ၊ တိတ်မူ-ဆမှတ်၊ နာဂတ်-မရှိ၊ ဝိမုတ်-နှစ်ဆယ့်ကိုး(ရှေးရိုးကျမ်းညီ)၊ ဧကဝိ-ပညတ်၊ပရမတ္ထ-နဝတိသာ၊ ဆဓာ-အဋ္ဌတ်၊ ဗာဟျတ်-ဆဗ္ဗီ၊ နှစ်လီ-ပဌ၊ ဓမ္မ-သုံးဆယ့်ငါး၊ တစ်ပါး-ဌဝီ၊ ဒွေး-နှစ်လီ-တည်း၊ ငါးလီမှာ-သုံး၊ ဆယ့်နှစ်-သုံးပင်။ (သီကုံးချိုအေး) ဆယ့်လေးကိုးလီ၊ ပဌဝီ-သုံးတန်၊ ဧကန်ရွေးရှု၊ အာရုံပြုသည်၊ သောတုနောင်လာမခဲတည်း။**

ဧကန်အာရုံပြုလက််အတွက် (ဒုပ်စုဂုဏ်ပေမပုံအကျဉ်းဇယားဖြင့်) ရှင်းလင်းချက်

ပဌဝီကာမ=ဒသ, တိဏ်၊ ဒွါဒသ။ ဆမဟဂ္ဂါ - (၃) ဆ။ **ရှစ်ဖြာနိဗ္ဗာန်** = အဋ္ဌ။ **နာမ်တစ်ဆယ့်လေး** = (၃) ဆ, အဋ္ဌ။ **တေရသရုပ် (ပစ္စုပ်-ထို့တူ)**= ဒသ, တိဏ်။ **တိတ်မူ-ဆမှတ်**=(၃) ဆ **(နာဂတ်မရှိ)**။ ဝိမုတ်-နှစ်ဆယ့်ကိုး(ကာလဝိမုတ်ကို ဧကန်အာရုံပြုစိတ်) = ကေဝိသ, အဋ္ဌ။ **ဧကဝိပညတ်** = ကေဝိသတိ။ **ပရမတ္ထ-နဝတိသာ** = ဒသ, တိဏ်, ဒွါဒသ (၃) ဆ, အဋ္ဌ။ **ဆဓာ-အဋ္ဌတ်** = (၃) ဆ။

ဗာဟျတ်-ဆဗ္ဗီ = ဗဟိဒ္ဓကို ဧကန်အာရုံပြုသောစိတ်များကား ရူပစိတ် (၁၅) ပါး၊ အာကာသာနဉ္စာယတနစိတ် (၃) ပါး၊ လောကုတ္တရာ (၈) ပါးအားဖြင့် (၂၆) ပါးတို့တည်း။

http://www.dhammadownload.com

မှတ်ရန် ။ **နတ္ထိဘော ပညတ်ဟူသည် ပဌမာရုပ္ပဝိညာဏ်ဟူသော အလ္လတ္တတရား၏ မရှိခြင်း အဘာဝပညတ်ပင်ဖြစ်၍ အလ္လတ္တလည်းမဟုတ်၊ ဗဟိဒ္ဓဟုလည်း မဆိုရသောကြောင့် ထိုနတ္ထိဘောပညတ်ကို အာရုံပြုသော အာကိဉ္စညာယတနစိတ် (၃) ခုတို့သည်လည်း အလ္လတ္တ, ဗဟိဒ္ဓ (၂) မျိုးမှအလွတ်ဖြစ်၍ ဗာဟျတ်-ဆဋ္ဌိ၏ အရကောက်ရာ၌ ကြဉ်ဖယ်ရပြီး အလ္လတ္တာရမ္မဏာတိတ်၌လည်း တိတ်မုတ်ထုတ်ရသည်ဟုမှတ်။**

နှစ်စီ-ပဋ္ဌ = ရူပစသောအာရုံ (၅) ပါးကို ဧကန်အာရုံပြုသောစိတ်များကားအသီးအသီး စက္ခုဝိညာဏ်ဒွေး, သောတဝိညာဏ်ဒွေးစသည်ဖြင့် (၂) ပါးစီရှိကြသည်။ (ဒသ)

ဓမ္မ-သုံးဆယ့်ငါး = (ဓမ္မာရုံကောန်) (၃) ဆ, ဧကဝီသ, အဋ္ဌ။ **တစ်ပါးဌဝီ** = ဒသ, အဋ္ဌနှင့် (ဝိညာကြို, နေဝကြိုကြဉ်) အရှုပစိတ် (၁၀) တို့တည်း။ **ဒွေးနှစ်လီ** = အာကာကု, ကြိုအာရုံနှင့် အာကိဉ်ကုကြိုအာရုံ (၂) ပါးစီကို (ထိုက်သင့်သည့်အားလျော်စွာ) အာရုံပြုသောစိတ်များကား ဝိညာကြို (၁) နှင့် နေဝကြို (၁) အားဖြင့် (၂) ပါးတည်း။

သာဓက ။ **ပကိဏ်းစာပို၌-၆၀၊ ကမ္မဋ္ဌာန်းစာပို၌-၃၇၊ ၃၉။**

ငါးလီမှာသုံး-တီဏိ။ **ဆယ့်နှစ်သုံးပင်** = ကသိဏ်းပညတ် (၁၀), အာနာပါနပညတ် (၁)၊ ဥပေက္ခာ၏အာရုံဖြစ်သော သတ္တဝါပညတ် (၁) အားဖြင့် ပညတ် (၁၂) ပါးကို ဧကန်အာရုံပြုသောစိတ်ကား ရူပပဋ္ဌမစျာန် (၃) ပါးတည်း။

သာဓက ။ **ပကိဏ်းစာပို၌-၆၁။ ကမ္မဋ္ဌာန်းစာပို၌-၂၁၊ ၂၄။**

ဆယ့်လေးကိုးလီ = ကသိဏ်းပညတ် (၁၀)၊ အာနာပါနပညတ် (၁)၊ မေတ္တာ, ကရုဏာ, မုဒိတာတို့၏ အာရုံဖြစ်သော သတ္တဝါပညတ် (၃) အားဖြင့် ပညတ် (၁၄) ပါးကို ဧကန်အာရုံပြုသောစိတ်များကား ရူပဒုတိယစျာန် (၃) ပါး၊ တတိယစျာန် (၃) ပါး၊ စတုတ္ထစျာန် (၃) ပါးအားဖြင့် (၉) ပါးတို့တည်း။

သာဓက ။ **ပကိဏ်းစာပို၌-၆၁။ ကမ္မဋ္ဌာန်းစာပို၌-၂၁၊ ၂၃။**

ပဋ္ဌဝီ သုံးတန် = ကသိဏ်းပညတ် (၁၀)၊ အာနာပါနပညတ် (၁)၊ အသုဘပညတ် (၁၀)၊ ကောဋ္ဌာသပညတ် (၁)၊ မေတ္တာ, ကရုဏာ, မုဒိတာတို့၏ အာရုံဖြစ်သော သတ္တဝါပညတ် (၃) အားဖြင့် ပညတ် (၂၅) ပါးကို ဧကန်အာရုံပြုသောစိတ်များကား ရူပပထမစျာန် (၃) ပါးတို့တည်း။

သာဓက ။ **ပကိဏ်းစာပို၌-၆၁၊ ကမ္မဋ္ဌာန်းစာပို၌-၂၁၊ ၂၂၊ ၂၃။**

http://www.dhammadownload.com

အနေကန်အာရုံပြုပြု ဂါဇာပါသင်္ဂဟစသည်တို့၏ သဘော်ယျများ

ဝိသာနုတ္တရ မုတ္တမိုဠ် (ဝိသအရ) **လောကုတ္တရာကြဉ် အလုံးစုံကို အနေကန်အာရုံပြုသောစိတ်များကား** အကုသိုလ်စိတ် (၁၂) ပါး၊ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် (၄) ပါး၊ မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ် (၄) ပါးအားဖြင့် (၂၀) ပါးတို့ဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပိုဒ် ၅၇။**

အနုတ္တရမုတ္တမိုအရ လောကီစိတ် (၈၁) ပါး၊ စေတသိက် (၅၂) ပါး၊ ရုပ် (၂၈) ပါး, ကာလဝိမုတ်ဖြစ်သော ပညတ်အာရုံတို့ဖြစ်ပါသည်။

အဂ္ဂမဂ္ဂဖလုဇ္ဇိတေပဥ္စ၌ (ပဥ္စအရ) **အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် အလုံးစုံကို အနေကန် အာရုံပြုသောစိတ်များကား** မဟာကုသိုလ်ဉာဏသမ္မယုတ် (၄) ပါး, ပဥ္စမစျာန် ကုသိုလ် အဘိညာဉ် (၁) ပါးအားဖြင့် (၅) ပါးတို့တည်း။

သာဓက ။ **ပကိဏ်းစာပိုဒ် ၅၈။**

အဂ္ဂမဂ္ဂဖလုဇ္ဇိတေအရကား အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်သောစိတ် (၈၇) ပါး၊ စေတသိက် (၅၂) ပါး၊ ရုပ် (၂၈) ပါး၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်၊ ပညတ်အာရုံတို့ဖြစ်ပါသည်။

သဗ္ဗတ္ထ ဆစ္ဓေတိဠ် **(ဆ အရ) အလုံးစုံသောအာရုံကို အနေကန်အာရုံပြုသောစိတ်များကား** ဉာဏသမ္မယုတ်ကာမဝစရကြိယာ (၄) ပါး၊ ပဥ္စမစျာန်ကြိယာအဘိညာဉ် (၁) ပါး၊ ဝုဋ္ဌော (၁) ပါးအားဖြင့် (၆) ပါးတို့တည်း။

သာဓက ။ **ပကိဏ်းစာပိုဒ် ၅၉။**

သဗ္ဗတ္ထအရကား စိတ် (၈၉) ပါး၊ စေတသိက် (၅၂) ပါး၊ ရုပ် (၂၈) ပါး၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်၊ ပညတ်အာရုံတို့ဖြစ်ပါသည်။

အနေကန်အာရုံပြုလက်ာ

(ဆောင်) မခဲစေရန်၊ အနေကန်ကို၊ အကျဉ်းဆို့အံ့၊ ပို့ယို့ကင်းပ၊ ကာမ, မဟဂ္ဂတ်၊ ဝိမုတ်, ပညတ်၊ ပရမတ်– ဟု၊ ငါးရပ်တူလခ်၊ သုံးဆယ့်တစ်စီ၊ ပစ္စုပ်, တီတ၊ နာဂတနှင့်၊ ဓမ္မ, ရူပ်, နာမ်၊ ခြောက်တန်ပေါင်းရုံး၊ လေးဆယ့်သုံးစီ၊ သုံးလီအဇ္ဈတ်၊ စွဲလတ်မှီရောက်၊ ငါးဆယ့်ခြောက်မှန်၊ နိဗ္ဗာန်– ကော်ဒသ၊ ပဥ္စဉ်ဝယ်၊ လေးဆယ်နှင့်ခြောက်၊ ရွေးကောက်စေမူ၊ ဥဒါန်းပြုသည်၊ စေ့ငုပန်ခါ ထပ်လဲတည်း။ ၇

http://www.dhammadownload.com

အနေကန်အာရုံပြုလက််အတွက် (အုပ်စုရှာပွေပုံအကျဉ်းဇယားဖြင့်) ရှင်းလင်းချက်

ကာမ မဟဂ္ဂုတ် (ပ) သုံးဆယ့်တစ်စီ = ဝိသ, ပဥ္စ (ပ) ဆ။ ပစ္စုပ်, တီတ (ပ) **လေးဆယ့်သုံးစီ** = ဒွါဒသ, ဝိသ, ပဥ္စ, (ပ) ဆ။ **သုံးလီအဗျတ်** (ပ) **ငါးဆယ့်ခြောက်မှန်** = ဒသ, တီဏိ, ဒွါဒသ, ဝိသ, ပဥ္စ, (ပ) ဆ။ **နိဗ္ဗာန်-ဧက်ဒသ** = ပဥ္စ, (ပ) ဆ။ **ပဥ္စဋ္ဌဝယ် လေးဆယ် နှင့်ခြောက်** = တီဏိ, ဒွါဒသ, ဝိသ, ပဥ္စ (ပ) ဆ။

မှတ်ရန် ။ ကာမကို အာရုံပြုသောစိတ်၊ ရူပါရုံကိုအာရုံပြုသောစိတ်၊ ဓမ္မာရုံကို အာရုံပြုသောစိတ်ဟု ဧကန်, အနေကန်မခွဲဘဲ သာမညသာမေးခဲ့လျှင် ဧကန်အာရုံ ပြုသောစိတ်, အနေကန်အာရုံပြုသောစိတ် (၂) မျိုးလုံးကို ပေါင်း၍ ဖြေရမည်ဟုမှတ်။

အာရမ္မဏိကမှ အခါပတိပစ္စည်းတပ်သောအာရုံကို ရှာပွေပုံဇယား

ဂရုကာရမ္မဏိက (အလေးအမြတ်ပြုတတ်သောတရား)	ဂရုကတာရမ္မဏ (အလေးအမြတ်ပြုအပ်သောအာရုံ)	
(၁)လောဘမူ၈၊ စေတသိက်၂၂၊	(ဒေါသမူ, မောဟမူ, ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်) လောကီစိတ်-၇၆၊ (ဒေါစတုက်၄၊ ဝိစိကိစ္ဆာကြဉ်) စေတသိက်-၄၇၊စတုဇက္ကဋ္ဌနိဗ္ဗန္နရုပ် ၁၈၊	
(၂)ပုထုဇဉ်၏မဟာကု-၈	လောကီကုသိုလ် ၁၇	
(၃)အောက်ဖလဋ္ဌာန်၃ဃာက်၏ မဟာကုညာသံ-၄	မိမိ, မိမိ၏အောက်မဂ်-၃ အောက်ဖိုလ်-၃၊ နိဗ္ဗာန်	လောကုတ္တရာ ၉
(၄) မဟာကြိညာဏသံ ၄	မိမိ၏အရဟတ္တမဂ်,ဖိုလ်နိဗ္ဗာန်	
(၅)လောကုတ္တရာ-၈၊ စေ-၃၆	နိဗ္ဗာန်	

ဆောင် ။ (၁) လောဘမူသည်၊ ဒေါသမူ မောဟ၊ ဒုက္ခကြဉ်ဖယ်၊ ခုနစ်ဆယ် ခြောက်ခု၊ လောကီစုနှင့်၊ စတုဇဋ္ဌ၊ ရူပ်နိဗ္ဗန်ကို၊ ကြည်ညိုသမူ၊ အလေးပြု၏။

http://www.dhammadownload.com

(၂) ကုသိုလ်ကာမ၊ စိတ် အဋ္ဌလည်း၊ လောကခေါ်ဆို၊ ကုသိုလ် သတ္တ ရသ်၊ လွန်လေးမြတ်၏။

(၃)+(၄) ရှစ်မှတ်သမုတ်၊ သမ္မယုတ်လည်း၊ လောကုတ်နဝံ၊ သ-သက်ကို၊ ချေငံ စွဲမှိတ်။

(၅) လောကုတ်စိတ်လည်း၊ အောင်မြတ်နိဗ္ဗု။ အလေးမူသည်၊ ဘုန်းလူဇနော် မော်ကွန်းတည်း။

မျက်စိဖြင့် နိဗ္ဗာန်ကို မမြင်နိုင်

စက္ခုဒ္ဒါရိကစိတ်တို့သည် ပစ္စုပ္ပန်ရူပါရုံကိုသာ အာရုံပြုနိုင်သောကြောင့်၄င်း၊ စက္ခုဝိညာဏ်သည် ရူပါရုံကိုသာ ဧကန်အာရုံပြုနိုင်သောကြောင့်၄င်း၊ မနောဒ္ဒါရဉ်သာ ထင်လာနိုင်သည့် ဓမ္မာရုံ၏တရားကိုယ်ဖြစ်သော နိဗ္ဗာန်ကို စက္ခုဝိညာဏ်၏မှီရာ စက္ခုပသာဒဟု ဆိုအပ်သော မျက်စိဖြင့် မည်သူမျှ မမြင်နိုင်ပါ။

သာဓက ။ ပကိဏ်းစာပိုဒ် ၅၀၊ ၅၁၊ ၅၄။

အနာဂတ်ကို ကြိုတင်ခန့်မှန်းမှုသည် စိတ်အထင်၏အရာသာဖြစ်သည်

စက္ခုဒ္ဒါရိကစိတ်တို့သည် ပစ္စုပ္ပန်ရူပါရုံကိုသာ အာရုံပြုနိုင်ပြီး မနောဒ္ဒါရိက စိတ်တို့သည်သာ ကာလသုံးပါး၌ ဖြစ်သောအာရုံနှင့် ကာလဝိမုတ်အာရုံတို့ကို အာရုံပြုနိုင်သောကြောင့် အနာဂတ်ကို ကြိုတင်ခန့်မှန်းမှုဟူသည် မျက်စိအမြင်၏အရာမဟုတ်၊ စိတ်အထင်၏ အရာသာဖြစ်သည်။

သာဓက ။ တတ္ထ စက္ခုဒ္ဒါရိက ဒိတ္တာနံ (၀) တဋ္ဌ ပစ္စုပ္ပန္နံ။
မနောဒ္ဒါရိက စိတ္တာနံ (၀) ဟောတိ။

မှတ်ရန် ။ အတိတ်အကြောင်းကို ပြန်ပြောင်းစဉ်းစားရာ၌ တရေးရေး ပေါ်လွင်လာခြင်းသည်လည်း မျက်စိအမြင်၏ အရာမဟုတ်၊ စိတ်အထင်၏ အရာသာဖြစ်သည်ဟု အထက်ပါအတိုင်း အကြောင်းပြ၍ ပါဠိထောက်ဖြေပါ။

http://www.dhammadownload.com

ပဋ္ဌဒ္ဓါရိုက ပဋ္ဌာရုံနှင့် မနောဒ္ဓါရိုက၏ ပဋ္ဌာရုံအထူး

ပဋ္ဌဒ္ဓါရိုကစိတ်တို့၏အာရုံဖြစ်သော ပဋ္ဌာရုံသည်ကား ပစ္စုပ္ပန်ကာလ၌ဖြစ်သော ပစ္စုပ္ပန်ပဋ္ဌာရုံတည်း။ မနောဒ္ဓါရိုကစိတ်တို့၏ အာရုံဖြစ်သော ပဋ္ဌာရုံသည်ကား ကာလသုံးပါး၌ ဖြစ်သော ပဋ္ဌာရုံတည်း။ ဤသို့ ထူးပါသည်။

သာဓက ။ ပကိဏ်းစာပို ဒ်-၅၁၊ ၅၂။

စိတ်ကိုစိတ်အတိုင်းထား၍မဖြစ်

ဒွေပဉ္စဝိညာဏ် (၁၀) တို့သည် အစဉ်အတိုင်း ပစ္စုပ္ပန်ရှုပါရုံ စသည်တို့ကို အာရုံပြုနိုင်သောကြောင့် ရှုပါရုံကိုသာ အာရုံပြုလျှင် စက္ခုဝိညာဏ်စိတ်ဖြင့်သာ အာရုံပြုနိုင်ပြီး, သဒ္ဒါရုံကို သောတဝိညာဏ်စိတ်ဖြင့်သာ အာရုံပြုနိုင်၏။ ဤသို့စသည်ဖြင့် အာရုံပြုပြောင်းလျှင် အာရမ္မဏိက စိတ်ပါ ပြောင်းလဲဖြစ်လေ့ရှိသည်ကိုထောက်လျှင် စိတ်ကိုစိတ်အတိုင်းထား၍ မဖြစ်နိုင်ပါ။

သာဓက ။ ပကိဏ်းစာပို ဒ်-၅၁၊ ၅၄။

နတ်သိကြားတို့သည် အင်္ဂေ, အနုံ့ကိုသာ စားသည်ဟူဆို်က သဘာဝမကျ

အင်္ဂေ, အနုံ့ ဟူသော ဂန္ဓာရုံသည် နှာခေါင်း (ဃာနဝိညာဏ်ဖြင့်) ဖြင့် နမ်းရှူရသော အာရုံသာဖြစ်ပြီး၊ လျှာ (ဇိဝှာဝိညာဏ်) ဖြင့်စားမျိုခံစား၍ရသော အာရုံမဟုတ်သောကြောင့် နတ်သိကြားတို့သည်အင်္ဂေ, အနုံ့ကိုသာ စား၏ဟုဆိုခြင်းသည် သဘာဝမကျ, မဖြစ်နိုင်ပါ။

သာဓက ။ ပကိဏ်းစာပို ဒ်-၅၄။

ဘုရားရဟန္တာတို့၏ စုတိစိတ်သည် နိဗ္ဗာန်ကို အာရုံမပြု

စုကိစိတ်မှန်သမျှ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ကာမာဝစရအာရုံတို့တွင် တစ်မျိုးမျိုးကိုသာ အာရုံပြုရမည်သာဖြစ်သောကြောင့် ဘုရားရဟန္တာတို့၏စုတိစိတ်တော်သည် နိဗ္ဗာန်ကို အာရုံပြုသည်ဟူသော စကားသည်မသင့်မြတ်ပါ။

သာဓက ။ ပကိဏ်းစာပို ဒ်-၅၃၊ ၅၆။

http://www.dhammadownload.com

မင်္ဂဖိုလ်နိဗ္ဗာန်ကို လိုချင်မှုသည် လောဘမဟုတ်

လောဘသည် လောဘမူစိတ် (၈) ပါး အကုသိုလ်များ၌သာယှဉ်၍ အကုသိုလ်စိတ်တို့သည် လောကုတ္တရာဖြစ်သော မင်္ဂ, ဖိုလ်, နိဗ္ဗာန်ကို အာရုံမပြုနိုင်သောကြောင့် မင်္ဂ, ဖိုလ်, နိဗ္ဗာန်ကို လိုချင်မှုသည် လောဘမဟုတ်ပါ။ ကုသိုလ်ဆန္ဒသာဖြစ်ပါသည်။

သာဓက ။ **စေတသိက် စာပိုဒ်-၂၁၊ ပကိဏ်းစာပိုဒ်-၅၇။**

ဘုရားရှင်သန္တာန်၌ အနာဂတ်သဉ္ဉာဏ်ရှိ

သဗ္ဗညုတဉာဏ်ဟူသည် မဟာကြိယာဉာဏသမ္ပယုတ်စိတ် (၄) ခု၌ယှဉ်သော ဉာဏ်ဖြစ်၏။ မဟာကြိယာဉာဏသမ္ပယုတ်စိတ် (၄) ခု, ကြိယာအဘိညာဉ်, ဝုဋ္ဌောတို့သည် အလုံးစုံကို အာရုံပြုနိုင်သောကြောင့် သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်၏သန္တာန်၌ အနာဂတ်ဖြစ်အင်္ဂကို ကြိုတင်သိနိုင်စွမ်းသော အနာဂတ်သဉ္ဉာဏ်ရှိပါသည်။

သာဓက ။ **ပကိဏ်းစာပိုဒ်-၅၉။**

သဗ္ဗညုတဉာဏ်တော်အရ အဘိဓေယျတ္ထတရား

မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် (၄) ခု, ကြိယာအဘိညာဉ်, ဝုဋ္ဌောတို့သည် အာရုံမှန်သမျှကို မကြွင်းမကျန်အောင် အာရုံပြုနိုင်သောကြောင့် သဗ္ဗညုတဉာဏ်တော်အရအဘိဓေယျတ္ထတရားကား-မဟာကြိယာဉာဏသမ္ပယုတ်စိတ်၌ ယှဉ်သောပညာဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပိုဒ်-၅၉။**

မှာတမ်း ။ **သဗ္ဗညုတဉာဏ်တော်၏ တရားကိုယ်ကို တိုက်ရိုက်ပြသော ပါဠိ, သီလက္ခန်, အဋ္ဌကထာစာမျက်နှာ-၃၉ ၌ကြည့်။**

သဗ္ဗညုတဉာဏ်တော်သည် အာရုံမျိုးစုံကို အမြဲတမ်းသိနေ၏ဟုဆိုသော စကားမသင့်

မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် (၄) ခုတို့သည် အာရုံမျိုးစုံကို အာရုံပြုသည်ဟုဆိုသော်လည်း မမြဲသောအနေကန်အာရုံပြုစိတ်များသာ ဖြစ်သောကြောင့် သဗ္ဗညုတဉာဏ်တော်သည် အာရုံမျိုးစုံကို အမြဲတမ်းသိနေသည်ဟု ဆိုလျှင်မသင့်မြတ်ပါ။

သာဓက ။ **ပကိဏ်းစာပိုဒ်-၅၉။**

မှတ်ရန် ။ **ဆင်ခြင်လိုက်သောအခါ၌အဆီးအတားမရှိ၊ မည်သည့်အာရုံကိုမဆို သိတော်မူနိုင်ခြင်းသာ ဖြစ်ပါသည်။**

http://www.dhammadownload.com

အာရုံဖြင့် စေတသိက်ကို ဝေဘန်ခြင်း

ရူပါရုံစသော ပဋ္ဌာရုံကို အာရုံပြုသောစေတသိက်များကား အပွမညာဒွေးကြဉ်သော စေတသိက် (၅၀) တို့တည်း။ ပညတ်နှင့်ခမ္မာရုံကိုသာ အာရုံပြုသောစေတသိက်ကား အပွမညာဒွေးတည်း။ ခမ္မာရုံကိုကား စေတသိက် (၅၂) ပါးလုံးကပင် အာရုံပြုနိုင်သည်။ **(ဤကားအကျဉ်းချုပ်တည်း။)**

(အသေးစိတ်အကျယ်ကား) အကုသိုလ်စေတသိက်တို့သည် အကုသိုလ်စိတ်နှင့်တူစွာ လောကီအာရုံကိုသာ အာရုံပြုကြ၏။

ကျွဿာနှင့် အပွမညာဒွေးတို့သည်ကား ဗဟိဒ္ဓကိုအာရုံပြုကြ၏။

လောကီဝိရတီ (၃) ပါးတို့သည် ဝိရမိတဗ္ဗဖြစ်သော ကာမစိတ်, စေတသိက်, နာမ်, ရုပ်တရားတို့ကို အာရုံပြုကြ၏။

လောကုတ္တရာဝိရတီတို့သည်ကား အပွမာဏာရမ္မဏာဖြစ်သော နိဗ္ဗာန်ကို အာရုံပြုကြ၏။ ဆိုခဲ့ပြီးသည်တို့မှကြွင်းသော စေတသိက် (၃၃) ပါးတို့သည်ကား မည်သည့်အာရုံကိုမဆို အလုံးစုံအာရုံကိုပြုနိုင်ကြ၏။

ဆောင် ။ **ငါးဆယ့်နှစ်ခု၊ စေတသိက်စုတွင်၊ အကုသလာ၊ လောကီသာတည်း၊ ကျွဿာ, ပမဉ်၊ ဗဟိဒ္ဓထင်၏၊ မည်တွင်လောကီ၊ ဝိရတီမူ၊ ဝိရမိတဗ္ဗော၊ အာရုံစော၏၊ လောကုတ်ဝိရတီ၊ သညီခေါ်ပြန်၊ နိဗ္ဗာန်ပြည်သာ၊ ပွမညာ-ပညတ်၊ အာရုံမှတ်သည်၊ ကြွင်းလတ်-ဘယ်ဟာမရှိတည်း။**

အာရုံကို ဘုံအားဖြင့် ဝေဘန်ခြင်း

ကာမဘုံ၌ (ဝတ္ထု၊ ဒွါရ၊ ဒွါရိက အားလုံးကိုရသောကြောင့်) အာရုံ (၆) ပါးလုံးကို ရနိုင်သည်။

သာဓက ။ **ပကိဏ်းစာပို၌-၆၅။**

(အသညသတ်ကြဉ်) ရူပ (၁၅) ဘုံ၌ (စက္ခု၊ သောတ, ဟဒယဝတ္ထုဆိုင်ရာ ဒွါရ, ဒွါရိကစိတ်တို့သာ ရှိသောကြောင့်) ရူပါရုံ, သဒ္ဒါရုံ, ခမ္မာရုံတို့ကိုသာ ရနိုင်သည်။

သာဓက ။ **ပကိဏ်းစာပို၌-၆၆။**

အရူပဘုံ၌ (ဝတ္ထု၊ ဒွါရတို့မရှိသောကြောင့်) ခမ္မာရုံ (၁) မျိုးကိုသာ ရနိုင်ပါသည်။

သာဓက ။ **ပကိဏ်းစာပို၌-၆၇။**

* * * * * * *

http://www.dhammadownload.com

စတ္ထုသင်္ဂဟမြင်ကွင်း

ဝတ္ထု၏ အဓိပ္ပါယ်

စိတ်, စေတသိက်တို့၏ တည်ရာမှီရာဖြစ်သောကြောင့် စက္ခုပသာဒစသော ရုပ်တို့သည် ဝတ္ထုမည်၏။

ဝတ္ထုသင်္ဂဟ

စက္ခုဝတ္ထုစသောအားဖြင့် စိတ်, စေတသိက်တို့ကို အကျဉ်းချုပ်ရေတွက်ပြဆိုရာ ဖြစ်သောကြောင့် ဝတ္ထုသင်္ဂဟဟုခေါ်သည်။

ဝတ္ထုရုပ်ဖြင့် ဘုံကိုဝေဘန်ခြင်း

ကာမဘုံ၌ ဝတ္ထုရုပ် (၆) ပါးလုံးရနိုင်ပါသည်။

သာဓက ။ **ပကိဏ်းစာပို ဒ်-၆၅**။

(အသညသတ်ကြဉ်သော) ရူပ (၁၅) ဘုံ၌ (ယာန, ဇိဝှာ, ကာယဝတ္ထု (၃) မျိုးမရှိ) စက္ခု, သောတ, ဟဒယဝတ္ထု (၃) မျိုးသာရနိုင်သည်။

သာဓက ။ **ပကိဏ်းစာပို ဒ်-၆၆**။

အရူပဘုံ၌ ဝတ္ထုရုပ် (၆) ပါးလုံးကိုပင် မရနိုင်ပါ။

သာဓက ။ **ပကိဏ်းစာပို ဒ်-၆၇**။

မှတ်ရန် ။ **ထိုထိုပါဠိတော်တို့၌ ရူပဗြဟ္မာတို့ကို ချီးမွမ်းလျက်ဟောထားသော အဟီနိုန္ဒြေယျောဟူသောစကားသည် ပုံသဏ္ဌာန်၏ပြည့်စုံမှုကို ရည်ရွယ်သောစကားဖြစ်ပြီး ဃာနာဒိတ္တယံ နတ္ထိ ဟူသော သင်္ဂဟပါဠိသည် ပသာဒရုပ်မရှိမှုကို ရည်ရွယ်သောစကားဖြစ်သောကြောင့် အဟီနိုန္ဒြေယျောနှင့် ဃာနာဒိတ္တယံ နတ္ထိဟူသော စကားတို့ မဆန့်ကျင်ဟုမှတ်ပါ။**

မိကျောင်းမှာ လျှာမရှိဆို့သောစကားအမှား

ကာမဘုံ၌ ဝတ္ထုရုပ် (၆) ပါးလုံးကို ရသောကြောင့် မိကျောင်း၏သန္ဓာန်၌ (ဇိဝှာပသာဒ) လျှာမရှိဟူသော စကားသည်မှား၏။

http://www.dhammadownload.com

သာဓက ။ **တာနိ ကာမလောကေ သဗ္ဗာနိပိ လဗ္ဘန္တိ။**

မှတ်ရန်။ ။ **ကာမဘုံသားမှန်လျှင် ဇီဝှာပသာဒ မချို့ကောင်းရကား မိကျောင်း၏ ပါးစပ်ထဲမှ လျှာပုံသဏ္ဌာန်ကို မတွေ့ရသော်လည်း လျှာကဲ့ကို့ ရသာရုံကို ခံစားသည့် ဇီဝှာပသာဒစကား မုချရှိရမည်။**

တိကောင်မှာ မျက်စိ ပါ, မပါ

ကာမဘုံ၌ ဝတ္ထုရုပ် (၆) ပါးလုံးရနိုင်သောကြောင့် တိကောင်၏သန္တာန်၌ (စက္ခုပသာဒ ဝတ္ထု) မျက်စိရှိရမည်သာဖြစ်၍ တိကောင်မှာ မျက်စိပါ ပါသည်။

သာဓက ။ **တာနိ ကာမလောကေ သဗ္ဗာနိပိ လဗ္ဘန္တိ။**

မြွေမှာ နား ရှိ, မရှိ

ကာမဘုံ၌ ဝတ္ထုရုပ် (၆) ပါးလုံးရနိုင်သောကြောင့် မြွေ၏သန္တာန်၌ (သောတပသာဒ ဝတ္ထု) နားရှိရမည်သာဖြစ်၍ မြွေမှာ နားရှိပါသည်။

သာဓက ။ **တာနိ ကာမလောကေ သဗ္ဗာနိပိ လဗ္ဘန္တိ။**

အရူပဗြဟ္မာသန္တာန်၌ မျက်စိရောဂါမဖြစ်

အရူပဘုံ၌ ဝတ္ထုရုပ် (၆) ပါးလုံးမရသောကြောင့် စက္ခုပသာဒ၌ ဖြစ်လေ့ရှိသော မျက်စိရောဂါများ အရူပဗြဟ္မာသန္တာန်၌ မဖြစ်နိုင်ပါ။

သာဓက ။ **အရူပလောကေ ပန သဗ္ဗာနိပိ န သံဝိဇ္ဇန္တိ။**

မျက်စိကိုမှိတ် နားကိုပိတ်လျှင် အကြားအမြင်မရနိုင်ပါ

မြင်သိစိတ်စသော ပဉ္စဝိညာဏာဓာတ်တို့သည် စက္ခုပသာဒစသောပဉ္စပသာဒ ဝတ္ထုရုပ်တို့ကို မှီ၍သာလျှင် ဖြစ်သည်။ မမှီမူ၍ ဘယ်အခါမှမဖြစ်ဟု နိဿာယေဝ၌ သန္နိဋ္ဌာန် ဧဝသဒ္ဒါဖြင့် ပြဆိုထားသောကြောင့် မျက်စိကို မှိတ်, နားကိုပိတ်၍ အကြားအမြင်ရသည်ဆိုပါက သဘာဝမကျပါ။

သာဓက ။ **ပကိဏ်းစာပိဒ်-၆၈။**

အပါဒါန်နှင့် အပါဒါနီ

ဟဒယဝတ္ထုရုပ်ကို ကောန်မှီသောစိတ်ပြ ပါဠိတွင် အဝသေသာ ပန၌ အပါဒါန်ကား

http://www.dhammadownload.com

ဒွေပဉ္စဝိညာဏ် (၁၀)၊ မနောဓာတ် (၃) ခုအားဖြင့် (၁၃) ပါးတို့တည်း။ အပါဒါနိုဖြစ်သော အဝသေသအရကား သန္တီရဏ (၃) ခု၊ မဟာဝိပါက် (၈) ခု၊ ဒေါသမူ (၂) ပါး၊ သောတာပတ္တိမဂ် (၁) ပါး၊ ဟသိတုပ္ပါဒ် (၁) ပါး၊ ရူပစိတ် (၁၅) ပါး အားဖြင့် (၃၀) တို့တည်း။

သာဓက ။ **ပကိဏ်းစာပိုဒ်-၆၈၊ ၆၉၊ ၇၀။**

မှတ်ရန် ။ **ဖော်ပြပြီးသော အပါဒါန်နှင့် အပါဒါနီ သရုပ် (၂) ခုအပေါင်းသည် ဂါထာ၌ပါသော တေစတ္တာလီသ နိဿာယအရ ဆိုင်ရာဝတ္ထုရုပ်ကို အမြဲမှီသော စိတ် (၄၃) ပါးပင် ဖြစ်သည်ဟုမှတ်။**

အသိဉာဏ်သည် လူ့ဦးနှောက်ကိုမှီ၍ဖြစ်သည်မဟုတ်

မြင်သိစိတ်စသော ပဉ္စဝိညာဏာဓာတ်နှင့် မနောဓာတ်, မနောဝိညာဏာဓာတ်တို့သည် ပသာဒဝတ္ထုရုပ် (၅) ပါးနှင့် ဟဒယရုပ်များကို ဖြစ်သင့်သည့်အား လျော်စွာမှီ၍ ဖြစ်သောကြောင့် မြင်သိစိတ်စသည်နှင့် စိတ်ကိုမှီ၍ဖြစ်သော အသိဉာဏ်တို့သည် လူ့ဦးနှောက်ကိုမှီ၍ ဖြစ်သည်မဟုတ်ပါ။ စက္ခုစသော ပသာဒဝတ္ထုရုပ် (၅) ခုနှင့် နှလုံးသားဟူသော ဟဒယဝတ္ထုတို့ကိုမှီ၍ဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပိုဒ် -၆၈၊ ၆၉၊ ၇၀။**

စိတ်ဖြစ်ပေါ်လာပုံ

ဒွါရ, ဝတ္ထု အာရုံစသော သက်ဆိုင်ရာအကြောင်းတို့ တော်ရော်စပ်ဟပ်ပေါင်းဆုံမိခြင်းကြောင့် (ပဉ္စဝေါကာရဘုံ၌) ဖြစ်သင့်သည်အားလျော်စွာ စိတ်များဖြစ်ပေါ်လာကြပါသည်။

သာဓက ။ **ပကိဏ်းစာပိုဒ် ၅၁၊ ၅၂၊ ၅၃၊ ၇၃၊ ၇၄။**

မှတ်ရန် ။ **သစ္စသံခိပ်၌လည်း ဥပမာနှင့်တကွ ဤသဘောအတိုင်းပင်ဖွင့်ပြထားသည်ဟုမှတ်ပါ။**

စိတ်၏တည်ရာ

ပဉ္စဝိညာဏာဓာတ်တို့သည်၊ ပဉ္စပသာဒ ဝတ္ထုတို့၌ ဧကန်မုချ မှီ၍သာလျှင် ဖြစ်သောကြောင့် ဒွေးပဉ္စဝိညာဏ် (၁၀) စိတ်တို့သည် ပဉ္စပသာဒဝတ္ထုရုပ်တို့၌ တည်၏။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်, သမ္ပဋိစ္ဆိုင်းစိတ်ဟူသော မနောဓာတ်နှင့် သန္တီရဏစိတ်စသော မနောဝိညာဏာဓာတ်တို့သည် (နှလုံးသားအတွင်း) ဟဒယဝတ္ထုကို ဖြစ်ထိုက်သလိုမှီ၍ ဖြစ်ကြသောကြောင့်, ဒွေးပဉ္စဝိညာဏ် (၁၀) နှင့် အရှုပဝိပါက် (၄) ခုတို့မှ ကြွင်းသော ပဉ္စဒွါရာဝဇ္ဇန်းစသော စိတ် (၃၅) ပါးတို့သည် ဖြစ်ထိုက်သည့်အားလျော်စွာ ဟဒယဝတ္ထု၌ တည်ကြ၏။

သာဓက ။ **ပကိဏ်းစာပိုဒ်-၆၈၊ ၆၉၊ ၇၀။**

http://www.dhammadownload.com

သောက, ဒေါသနှင့် နှလုံးရောဂါ

သောက, ဒေါသတို့၏ယှဉ်ရာ ဒေါသမူစိတ်သည် ဟဒယဝတ္ထုကို ကေန်မုချမှီ၍သာ ဖြစ်သောကြောင့် သောက ရှုတက်ကြောင့်ဖြစ်စေ၊ ဒေါသအမျက်ကြောင့်ဖြစ်စေ နှလုံးရောဂါ ဖြစ်တတ်၊ ရင်ကွဲနာကျတတ်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၂၄၊ ပကိဏ်းစာပိုဒ်-၆၉၊ ၇၀။**

အပါဒါန်နှင့် အပါဒါနိ

ဟဒယဝတ္ထုရုပ်ကို အနေကန်မှီသော စိတ်ပြပါဠိတွင် အဝသေသာ၌ အပါဒါန်ကား ရူပကုသိုလ် (၅) ပါး၊ ဒေါသမူအကုသိုလ် (၂) ပါး၊ ပဉ္စဒ္ဒါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ်, ရူပကြိယာ ဟူသော ကြိယာ (၇) ပါး၊ သောတာပတ္တိမဂ်လောကုတ္တရာ (၁) ပါးအားဖြင့် (၁၅) ပါးတို့တည်း။ အပါဒါနိဖြစ်သော အဝသေသအရကား (ရူပကုသိုလ်ကြဉ်သော) လောကီကုသိုလ် (၁၂) ပါး၊ (ဒေါသမူဒွေးကြဉ်သော) အကုသိုလ် (၁၀) ပါး၊ (ပဉ္စဒ္ဒါရာဝဇ္ဇန်း ဟသိတုပ္ပါဒ်နှင့် ရူပကြိယာတို့ ကြဉ်သော) ကြိယာစိတ် (၁၃) ပါး၊ (သောတာပတ္တိမဂ်ကြဉ်သော) လောကုတ္တရာ (၇) ပါးအားဖြင့် (၄၂) ပါးတို့တည်း။

သာဓက ။ **ပကိဏ်းစာပိုဒ်-၇၁။**

မှတ်ရန် ။ **အထက်၌ဖော်ပြပြီးသော အပါဒါန်ကား ဋီကာကျော် (၁၃၆) အဖွင့်နှင့် အညီ အပါဒါနိပုဒ်ကို ထောက်ဆ၍ အပါဒါန်ခံခြင်းတည်း။ ဗားကရာနိ ဿယအဆိုအရ (ဆရာများအလိုကျ) အပါဒါန်ကား ပကိဏ်းစာပိုဒ်-၇၀ ကိုထောက်၍ ဟဒယဝတ္ထုကိုကေန်မှီသော မနောဝိညာဏဓာတ် (၃၀) ကို ရသည်ဟုမှတ်။ အဝသေသအရကား ဂါထာ၌ပါသော ဒွေဆတ္တာ လီသအရ ဟဒယဝတ္ထုရုပ်ကို (ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက်မှီ၍ စတုဝေါ ကာရဘုံ၌ဖြစ်ခိုက်မမှီသဖြင့်) (အနေကန်) ရံခါသာ မှီသောစိတ် (၄၂) ပါးပင် ဖြစ်သည်ဟုမှတ်။**

ဟဒယဝတ္ထုကို ကေန်မှီသောစိတ်

မနောဓာတ် (၃) ခု၊ သန္တီရဏ (၃) ခု၊ မဟာဝိပါက် (၈) ခု၊ ဒေါသမူဒွေး, သောတာ ပတ္တိမဂ်, ဟသိတုပ္ပါဒ်, ရူပစိတ် (၁၅) ခုတို့သည် ဟဒယဝတ္ထုကို ကေန်မှီသောစိတ်များဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပိုဒ်-၆၉။**

http://www.dhammadownload.com

ဝတ္ထုသင်္ဂဟဝိပြသော မနောဝိညာဏဓာတ် (၃) မျိုး

(၁) ဟဒယဝတ္ထုရုပ်ကို ကောန်အမြဲမှီသော မနောဝိညာဏဓာတ် (၁) မျိုး

(၂) ဟဒယဝတ္ထုရုပ်ကို အနေကန်ရံခါမှီသော မနောဝိညာဏဓာတ် (၁) မျိုး

(၃) ဟဒယဝတ္ထုရုပ်ကို လုံးဝမမှီသော မနောဝိညာဏဓာတ် (၁) မျိုးအားဖြင့် ဝတ္ထုသင်္ဂဟဝိပြသော မနောဝိညာဏဓာတ် (၃) မျိုးရှိပါသည်။

သာဓက ။ **ပကိဏ်းစာပို ဒ-၇၀၊ ၇၁။**

ကောန်ချင်း, အနေကန်ချင်းအထူး

အာရမ္မဏသင်္ဂဟ အာရုံ (၁) မျိုးကိုသာ အာရုံပြုလျှင် ကောန်၊ (၂) မျိုး (၃) မျိုးကို အာရုံပြုလျှင် အနေကန်ဟုခေါ်သည်။ ဝတ္ထုသင်္ဂဟ ဝတ္ထုကိုမှီရမှဖြစ်လျှင် ကောန်၊ မှီသည့်အခါမှီ၍ ရံခါမမှီဘဲဖြစ်နိုင်လျှင် အနေကန်ဟုခေါ်သည်။ ဝတ္ထု (၁) မျိုးကိုပြောင်း၍မှီသည်မဟုတ်ပါ။ ဤသို့ထူး၏။

ဓာတ်သီ (၃) မျိုးအထူး

(၁) အာရုံကို သာမန်သိရုံမျှဖြစ်သောဓာတ်သည် မနောဓာတ်မည်၏။ (၂) မနောဓာတ်ထက် ထူးကဲစွာသိတတ်သော ဓာတ် (၅) မျိုးသည် ပဉ္စဝိညာဏဓာတ်မည်၏။ (၃) မနောဓာတ်နှင့် ပဉ္စဝိညာဏဓာတ်တို့ထက် ပိုမိုထူးကဲစွာ ပိုင်းခြား၍သိတတ်သော ဓာတ်သည် မနောဝိညာဏဓာတ်မည်၏။

ဆောင် * **သာမန်သိသော၊ ဓာတ်သဘော၊ မနောဟူ၍မှတ်။**

* **မနောဓာတ်ထက်၊ ထူးသိချက်၊ ပဉ္စက် ဝိညာဏ်ဓာတ်။**

* **ထို့ထက်ပို၏၊ ပိုင်းခြားသိသော၊ ဓာတ်သဘော၊ မနောဝိညာဏ်မှတ်။**

http://www.dhammadownload.com

ဝတ္ထုသင်္ဂဟအတွင်းမဝင်သော စိတ္တုပ္ပါဒ်

အရှုပဝိပါက် (၄) ခုတို့သည် ဝတ္ထုရုပ်တို့ကိုလုံးဝမှီ၍ ဝတ္ထုနှင့်သက်ဆိုင်မှုမရှိသောကြောင့် ဝတ္ထုသင်္ဂဟ၌ပြဆိုထားသော်လည်း ဝတ္ထုသင်္ဂဟအတွင်းမဝင်သော စိတ္တုပ္ပါဒ်များသာဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပို့ဒ်-၇၂။**

ပဋ္ဌဒ္ဓါရာဝဇ္ဇန်းနှင့် မနောဒ္ဓါရာဝဇ္ဇန်းတို့၏ ဓာတ်အမည် စသည်များ

ပဋ္ဌဒ္ဓါရာဝဇ္ဇန်းသည် မနောဓာတ်၊ မနောဒ္ဓါရာဝဇ္ဇန်းသည် မနောဝိညာဏဓာတ်။

သာဓက ။ **ပကိဏ်းစာပို့ဒ်-၆၉၊ ၇၀၊ ၇၁။**

ပဋ္ဌဒ္ဓါရာဝဇ္ဇန်းသည် ပစ္ဆုပ္ပန်ကာလ၌ဖြစ်သော အာရုံ (၅) ပါးကိုသာ သိနိုင်သည်။

သာဓက ။ **ပကိဏ်းစာပို့ဒ်-၃၉၊ ၅၁၊ ၅၅။**

မနောဒ္ဓါရာဝဇ္ဇန်းသည် ပစ္ဆုပ္ပန်, အတိတ်, အနာဂတ်ဟူသော ကာလ (၃) ပါးနှင့် ကာလဝိမုတ်ဖြစ်သော အာရုံ (၆) ပါးလုံးကို သိနိုင်သည်။

သာဓက ။ **ပကိဏ်း စာပို့ဒ်-၄၀၊ ၅၂၊ ၅၉။**

တစ်မျိုး ။ **မနောဓာတ်သည် အာရုံကိုသာမန်သိရုံမျှသာဖြစ်၏။မနောဝိညာဏဓာတ်သည် အာရုံကိုသိရာ၌ ထိထိမိမိသေချာစွာသိ၏ဟူ၍လည်းကြံဆဖြေပါလေ။**

ပဋ္ဌဒ္ဓါရာဝဇ္ဇန်းသည် အာဝဇ္ဇန်းကိစ္စ (၁) မျိုးသာတပ်၏။ မနောဒ္ဓါရာဝဇ္ဇန်းသည် ဝုဋ္ဌောကိစ္စ, အာဝဇ္ဇန်းကိစ္စအားဖြင့် (၂) မျိုးတပ်၏။

သာဓက ။ **ပကိဏ်းစာပို့ဒ်-၂၁၊ ၃၀၊ ၃၂။**

ချစ်ခြင်းအစ နှလုံးသားမှ

တဏှာချစ်ဟူဆိုအပ်သောလောဘ၏ယှဉ်ရာ အကုသိုလ်စိတ်သည်၄င်း၊ မေတ္တာချစ်ဟူဆိုအပ်သော အဒေါသ၏ယှဉ်ရာ သောဘနစိတ်သည်၄င်း၊ ဟဒယဝတ္ထုကို မှီ၍စက္ခုစသော ပသာဒဝတ္ထုကို မမှီသောကြောင့် အချစ်တရားမှန်သမျှ နှလုံးသားမှ စတင်ဖြစ်ပွားလာခြင်းဖြစ်ပါသည်။ ချစ်ခြင်းအစ မျက်စိကဟူသောစကားသည် မုချမဟုတ်ပါ။

သာဓက ။ **ပကိဏ်းစာပို့ဒ်-၇၀၊ ၇၁။**

မှာတမ်း ။ **ဝမ်းတွင်းပါ မျက်မြင်များ ချစ်တတ်ကြသည်ကိုသတိထား။**

http://www.dhammadownload.com

ဝိညာဏာဓာတ် (၇) ပါးကို ဘုံအားဖြင့် ခွဲခြားပုံ

ကာမဘုံ၌ (ဝတ္ထုရူပ် (၆) ပါးကို ရနိုင်သောကြောင့်) ဝိညာဏာဓာတ် (၇) ပါးလုံးကိုပင် ရနိုင်ပါသည်။

သာဓက ။ **ပကိဏ်းစာပိုဒ်-၆၅**။

(အသညသတ်ကြဉ်) ရူပ (၁၅) ဘုံ၌ (**ယာနစသော ဝတ္ထုရူပ် (၃) ပါးမရှိသော ကြောင့်**) ယာနဒိတ္တယဝိညာဏာဓာတ် (၃) ပါးမှ တစ်ပါးသော ဝိညာဏာဓာတ် (၄) ပါးကိုသာ ရနိုင်ပါသည်။

သာဓက ။ **ပကိဏ်းစာပိုဒ်- ၆၆**။

အရူပဘုံ၌ (**ဝတ္ထုရူပ် (၆) ပါးလုံး မရှိသောကြောင့်**) မနောဝိညာဏာဓာတ် (၁) မျိုး ကိုသာရနိုင်ပါသည်။

သာဓက ။ **ပကိဏ်းစာပိုဒ်- ၆၇**။

အသညသတ်ဘုံ၌ကား (**စိတ်ဖြစ်မှုမရှိသောကြောင့်**) ဝိညာဏာဓာတ် (၇) ပါးလုံးပင် မဖြစ်နိုင်ပါ။

သာဓက ။ **ဝိထိစာပိုဒ်-၅၃**။

ဘုရားရဟန္တာတို့၏ သန္တာန်၌ ဖြစ်လေ့ရှိသော အသောဘနဇောစိတ်

ဘုရား,ရဟန္တာတို့၏ သန္တာန်၌ ကုသိုလ်, အကုသိုလ်ဇောတို့ကို မရသင့်ဘဲ ကြိယာဇော များသာရသင့်ပြီး ပုထုဇဉ်နှင့် သေက္ခာတို့၏ သန္တာန်၌ကား ကြိယာဇောများကို လုံးဝမရသင့် သောကြောင့် ဟသိတုပ္ပါဒ် (အဟိတ်ကြိယာ) ဇောစိတ်သည် ဘုရား၊ ရဟန္တာတို့၏ သန္တာန်၌သာ ဖြစ်လေ့ရှိသော အသောဘနဇောစိတ် ဖြစ်ပါသည်။

သာဓက ။ **စိတ်စာပိုဒ်-၁၁၊ ပကိဏ်းစာပိုဒ်-၂၅၊ ဝိထိစာပိုဒ်-၄၃၊ ၄၄**။

ဝေဒနာဒိဆက္ကဖြင့် ဝေဘန်ပုံ

ဘုရားရဟန္တာတို့၏ သန္တာန်၌သာ ဖြစ်လေ့ရှိသော အသောဘနဟသိတုပ္ပါဒ်ဇောစိတ် သည် သောမနဿဝေဒနာ အဟိတ်, ဇောကိစ္စ, ခြောက်ဒွါရ, ဓမ္မာရုံ, ဟဒယဝတ္ထုတို့နှင့် သက်ဆိုင်ပါသည်။

သာဓက ။ **ပကိဏ်းစာပိုဒ် -၅၊ ၁၁၊ ၂၅၊ ၃၉၊ ၄၀၊ ၅၀၊ ၇၀**။

http://www.dhammadownload.com

ကာမဘုံနှင့် ဟဒယဝတ္ထုစက်လှည့်

၁။ ကာမဘုံ၌သာဖြစ်၍ ဟဒယဝတ္ထုကိုမမှီသောစိတ်ကား ဒွေးပဉ္စဝိညာဏ် (၁၀) တည်း။

၂။ ဟဒယဝတ္ထုကိုသာမှီ၍ ကာမဘုံ၌မဖြစ်သောစိတ်ကားမရှိ။

၃။ ကာမဘုံ၌လည်းဖြစ်, ဟဒယဝတ္ထုကိုလည်းမှီသောစိတ်ကား (ဒွေးပဉ္စဝိညာဏ် (၁၀)၊ အရူပဝိပါက် (၄) ခုကြဉ်သော) (၂၅) ပါးသောစိတ်တို့တည်း။

၄။ ကာမဘုံ၌လည်းမဖြစ်, ဟဒယဝတ္ထုကိုလည်းမမှီသောစိတ်ကား အရူပဝိပါက် (၄) ပါးတည်း။

အရူပဘုံနှင့် ဟဒယဝတ္ထုစက်လှည့်

၁။ ဟဒယဝတ္ထုကိုသာမှီ၍ အရူပဘုံ၌မဖြစ်သောစိတ်ကား ဟဒယဝတ္ထုကို ဧကန်မှီသောစိတ် (၃၃) ပါးပင်တည်း။

၂။ အရူပဘုံ၌သာဖြစ်၍ ဟဒယဝတ္ထုကိုမမှီသောစိတ်ကား အရူပဝိပါက် (၄) ပါးတည်း။

၃။ ဟဒယဝတ္ထုကိုလည်းမှီ အရူပဘုံ၌လည်းဖြစ်သောစိတ်ကား ဟဒယဝတ္ထုကို အနေကန်မှီသော စိတ် (၄၂) ပါးပင်တည်း။

၄။ အရူပဘုံ၌လည်းမဖြစ်၊ ဟဒယဝတ္ထုကိုလည်းမမှီသောစိတ်ကား ဒွေးပဉ္စဝိညာဏ်(၁၀)တည်း။

ဝတ္ထုခြင့် စိတ်ကိုဝေဘန်ပုံဇယား

ဝိညာဏဓာတ်-၇			စက္ခု ဝတ္ထု	သောတ ဝတ္ထု	ဃာန ဝတ္ထု	ဇိဝှာ ဝတ္ထု	ကာယ ဝတ္ထု	ဟဒယ ဝတ္ထု	မှီ/မမှီ အခွဲ
စက္ခုဝိညာဏဓာတ်		၂	။						အ
သောတဝိညာဏဓာတ်		၂		။					
ဃာနဝိညာဏဓာတ်		၂			။				မြဲ
ဇိဝှါဝိညာဏဓာတ်		၂				။			
ကာယဝိညာဏဓာတ်		၂					။		
ပဉ္စဒွါ. ဇွန်းချိုင်းဒွေးဟုဆိုအပ်(မနောဓာတ်)		၃						။	မှီ
မနောဝိညာဏဓာတ်	ဒေါသမူ၂တဒါရဲ့ ၁၁၊ ဟသိတုပွါဒ် ရူပ ၁၅၊ သောတာပတ္တိမဂ်	၃၀						။	
	လောမူ-၈၊မောမူ-၂မနောဒွါ. ဇွန်း မဟာကု ၈၊ မဟာကြိ ၈၊အရူ-ကုဋ္ဌ၊ အရူကြိ-၄၊(သောမဂ်ကြဉ်) ကုတ် ၇၊	၄၂						။	ရံ ခါမှီ
	အရူပဝိပါက်	၄							မမှီ

http://www.dhammadownload.com

ဝတ္ထုဖြင့် စေတသိက်ကို ဝေဘန်ခြင်း

သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇) ပါးတို့သည် (ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက် ဝတ္ထုရုပ် (၆) ပါးကိုမှီ၍ စတုဝေါကာရဘုံ၌ဖြစ်ခိုက်မမှီသောကြောင့်) ဝတ္ထုရုပ် (၆) ပါးကို အနေကန် (ရံခါသာ) မှီကြပါသည်။

ဒေါစတုက် (၄) ပါးတို့သည် (ကာမဘုံ၌ဖြစ်သည့်အတွက် ဟဒယဝတ္ထုကို အမြဲမှီကြသောကြောင့်၄င်း)၊ သတ္တဝါပညတ်ကိုအာရုံပြုသော အပ္ပမညာဒွေးတို့သည် (ကာမဘုံ, ရူပဘုံတို့၌သာ ဖြစ်ထိုက်၍ ဟဒယဝတ္ထုကို အမြဲမှီကြသောကြောင့်၄င်း)၊ ဟဒယဝတ္ထုရုပ်ကို ဧကန်အမြဲမှီသော စေတသိက်တို့ကား ဒေါစတုက် (၄) ပါးနှင့် အပ္ပမညာဒွေးအားဖြင့် (၆) ပါးဖြစ်ပါသည်။

ဆိုအပ်ခဲ့ပြီးသည်တို့မှ ကြွင်းသော စေတသိက် (၃၉) ပါးတို့သည် (ကာမဘုံ, ရူပဘုံတို့၌ဖြစ်ခိုက် ဟဒယဝတ္ထုရုပ်ကိုမှီ၍ အရူပဘုံ၌ဖြစ်ခိုက် ဟဒယဝတ္ထုရုပ်ကို မမှီသောကြောင့်) ဟဒယဝတ္ထုရုပ်ကို အနေကန် (ရံခါသာ) မှီကြပါသည်။

ဆောင် ။ **သဗ္ဗစိတ္တ၊ သာဓာရဏတို့၊ ဆ. ဝတ္ထုကာ၊ ရံခါမှီကြ၊ ဒေါစတုက္ကာ၊ ပဗ္ဗမညာကား၊ မြဲစွာဟဒယ၊ မှီပါရင်။ ။ နဝတိသာ၊ ကြွင်းစေမှာမူ၊ ရံခါဟဒယ၊ မှီပါကြသည်၊ ပေါင်းကငါးဆယ့်နှစ်ပါးတည်း။**

ပကိဏ်းပိုင်းဆိုင်ရာမြင်ကွင်းပြီးပြီ။

* * * * * * *

http://www.dhammadownload.com

ဒီထိပိုင်း

စိတ်, စေတသိက်, ပကိဏ်း (၃) ပိုင်းတို့ဖြင့် ဝေဘန်သော ပရမတ်တရား

စိတ်, စေတသိက်, ပကိဏ်း (၃) ပိုင်းတို့ဖြင့် စိတ်, စေတသိက်ဟူသော ပရမတ္ထ-တရား (၂) ပါးကိုသာ ဝေဖန်ပြဆိုပါသည်။

သာဓက ။ **စိတ္တုပ္ပါဒါနမိစ္စေဝံ၊ ကတ္တာသင်္ဂဟမုတ္တရံ။**

စိတ္တုပ္ပါဒအရေနှင့် ဥတ္တရအရေ

ဝိထိပိုင်းလာ စိတ္တုပ္ပါဒအရ စိတ်, စေတသိက် (၂) မျိုးတို့ကို ယူရမည်။ ကတ္တာသင်္ဂဟမုတ္တရံ၌ ဥတ္တရအရကား ပကိဏ်းပိုင်းကိုယူရမည်။

ဝိထိပိုင်းကို ပြဆိုပုံအနှစ်ချုပ်

ဝိထိပိုင်းကိုပြဆိုပုံအနှစ်ချုပ်ကား ဘူမိပုဂ္ဂလဘေဒနကိုထောက်လျှင် - (၁)ကာမဘုံ, ရူပဘုံ, အရူပဘုံဟူသော ဘုံ (၃) ပါးတို့ဖြင့် ပိုင်းခြားမှတ်သားခြင်း၊ (၂) ဒွိဟိတ်စသောပုဂ္ဂိုလ်တို့ဖြင့် ပိုင်းခြားမှတ်သားခြင်း၊ ပုဗ္ဗာပရနိယာမိတံကိုထောက်လျှင်- (၃)ရှေ့စိတ် နောက်စိတ်တို့ဖြင့် မှတ်သားခြင်းဟူ၍ အချက်အလက် (၃) မျိုးဖြင့် ပြဆိုထားပါသည်။

သာဓက ။ **ဝိထိစာပိုဒ်-၁။**

ပဝတ္တိသင်္ဂဟအမည်ရသောအပိုင်းများ

ပဝတ္တိအခါ၌ ဝိထိစိတ်တို့၏ဖြစ်ပုံကိုပြသောကြောင့် ဝိထိပိုင်းသည် ဝိထိပဝတ္တိသင်္ဂဟအမည်ကို ရပါသည်။

သာဓက ။ **ပဝတ္တိသင်္ဂဟံနာမ၊ ပဋိသန္ဓိပဝတ္တိယံ။**

ပဋိသန္ဓေအခါ၌ ဝိထိမုတ်စိတ်တို့၏ဖြစ်ပုံကိုပြသောကြောင့် ဝိထိမုတ်ပိုင်းသည် ဝိထိမုတ္တပဝတ္တိ သင်္ဂဟအမည်ကိုရပါသည်။

သာဓက ။ **ဝိထိစိတ္တဝသေနေဝံ၊ ပဝတ္တိယမုဒီရိတော။**
ပဝတ္တိသင်္ဂဟောနာမ၊ သန္ဓိယံ ဒါနိ ဝုစ္စတိ။

http://www.dhammadownload.com

ပဝတ္တိအခါနှင့် ပဋိသန္ဓေအခါတို့၌ စိတ်ဖြစ်ပုံခြင်းအထူး

ပဝတ္တိအခါ၌ ပဥ္စဒ္ဒါရာဝဇ္ဇန်း, စက္ခုဝိညာဏ်စသော ဝိထိစိတ်များ တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲ၍ ရှေ့နောက်အစဉ်တကျ (၆) ဒွါရ၌ ထိုက်သင့်သည့်အားလျော်စွာ ဖြစ်ကြသည်။

သာဓက ။ **ဝိထိစာပိုဒ်-၁၀နှင့် ဒွါရပွဝတ္တာ စိတ္တပွဝတ္တိယော ဝိထိယော။**

ပဋိသန္ဓေ (ဘဝင်, စုတိ) အခါ၌ကား ဖြစ်သင့်သော ဝိထိမုတ်စိတ် (၁)မျိုးတည်းသာ (၆) ဒွါရမှအလွတ်အနေအားဖြင့် ဖြစ်၏။ ဤသို့ထူး၏။

သာဓက ။ **ပကိဏ်းစာပိုဒ်-၄၁။**

ဆက္ကအုပ်စု (၆) စုဇယား

ဆက္ကအမည်		ဆက္ကသရုပ်						သာဓက	
	အာရမ္မဏဆက္က	ရူပါရုံ	သဒ္ဒါရုံ	ဂန္ဓာရုံ	ရသာရုံ	ဖောဋ္ဌဗ္ဗာရုံ	ဓမ္မာရုံ	ပကိဏ်း-၄၈	
	ဝတ္ထုဆက္က	စက္ခုဝတ္ထု	သောတ	ဃာန	ဇိဝှါ	ကာယ	ဟဒယ	ပကိဏ်း-၆၄	
ဝိထိ	ဒွါရဆက္က	စက္ခုဒွါရ	သောတ	ဃာန	ဇိဝှါ	ကာယ	မနော	ပကိဏ်း-၃၅	ဝိထိ-
ဆက္က	ဝိညာဏဆက္က	စက္ခုဝိညာဏ	သောတ	ဃာန	ဇိဝှါ	ကာယ	မနော	ဝိထိ-၅	၆
	ဝိသယပွဝတ္တိဆက္က	ပဥ္စဒွါရ(ဝိထိ)				မနောဒွါရ (ဝိထိ)		ဝိထိ	
		အတိမဟန္တာရုံ	မဟန္တာရုံ	ပရိတ္တာရုံ	အတိပရိတ္တာရုံ	ဝိဘူတာရုံ	အဝိဘူတာရုံ	၇	

ဝိထိမုတ်စိတ်တို့၏ (အာရုံသိပုံ) ဝိသယပဝတ္တိ (၃) မျိုး

ပဋိသန္ဓေ, ဘဝင်, စုတိဟူသော ဝိထိမုတ်စိတ်တို့၏ အာရုံသိပုံ ဝိသယပဝတ္တိများကား ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟူသော အာရုံ (၃) မျိုးတို့တွင် (၁) မျိုးမျိုးဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပိုဒ်-၅၃၊ ဝိထိစာပိုဒ်-၃။**

ဝိသယပဝတ္တိ (၂) မျိုး၏အဓိပ္ပါယ်

အာရုံတို့၏ ဒွါရတို့၌ (အတိမဟန္တာရုံစသည်အားဖြင့် ထင်လာ) ဖြစ်လာခြင်းသည် ဝိထိဝိသယပဝတ္တိဖြစ်ပါသည်။

သာဓက ။ **ဒွါရပွဝတ္တာ စိတ္တပွဝတ္တိယော ဝိထိယော (ပဥ္စဒွါရေ မနောဒွါရေ)။**

အာရုံတို့၏ ဒွါရတို့၌ (ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အားဖြင့် ထင်လာ) ဖြစ်လာခြင်းသည် ဝိထိမုတ္တဝိသယပဝတ္တိဖြစ်ပါသည်။

သာဓက ။ **ကမ္မဝါ ကမ္မနိမိတ္တံဝါ ဂတိနိမိတ္တံဝါ ကမ္မဗလေန ဆန္နံ ဒွါရာနံ အညတရသ္မိံ ပစ္စုပဋ္ဌာတိ။ (ဝိထိမုတ်စာပိုဒ်-၉၀)**

http://www.dhammadownload.com

(ဤကား ဝိသယာနံ ဒွါရေသု ပဝတ္တိ ဝိသယပဝတ္တိ-ဟူသောဝစနတ္ထနှင့်ငင်း **ဘာဝသာဓန၊ ပြသည့်အရာ၊ ကြိယာ၏၊ တည်ရာဒြပ်ကိုကောက်မြဲတည်း** ဟူသော ရှေးဆရာတို့၏ နိယံနှင့်ငင်း အညီတည်း။)

(တစ်နည်း) အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်းသည် ဝီထိမုတ္တဝိသယပဝတ္တိမည်၏။ (ဤကား ဝိသယေသု ဝါ စိတ္တာနံ ပဝတ္တိ ဝိသယပဝတ္တိဟူသော ဋီကာကျော်-၁၃၇ နှင့်အညီတည်း။)

ဝီထိမုတ်စိတ်ဟူခေါ်ရခြင်းအကြောင်း

ပဋိသန္ဓေ, ဘဝင်,စုတိစိတ်တို့သည် ဒွါရမှလွတ်သောကြောင့် စက္ခုဒွါရဝိထိစသည်ဖြင့် မခေါ်နိုင်၍ ဝီထိမုတ်စိတ်ဟုသာ ခေါ်ရပါသည်။

သာဓက ။ **ပကိဏ်းစာပို်ဒ်-၄၅၊ ၄၆နှင့် ဒွါရပွဝတ္တာ စိတ္တပွဝတ္တိယော ဝီထိယော။**

ဝီထိအခိပ္ပါယ်

စက္ခုစသော ဒွါရ၌ ပဋ္ဌဒွါရာဝဇ္ဇန်း အစရှိသော စိတ်များရှေ့နောက်အစဉ်အတန်းအား ဖြင့်ဖြစ်ခြင်းကို ဝီထိဟုခေါ်ပါသည်။

သာဓက ။ **ဒွါရပွဝတ္တာ စိတ္တပွဝတ္တိယော ဝီထိယော။**

ပဋ္ဌဒွါရပဋ္ဌာရုံနှင့် မနောဒွါရပဋ္ဌာရုံအထူး

စက္ခုဒွါရစသော ပဋ္ဌဒွါရ၌ထင်သော ရူပါရုံစသော ပဋ္ဌာရုံကို အတိမဟန္တာရုံစသော အမည်အားဖြင့် ခေါ်ပါသည်။ မနောဒွါရ၌ထင်သော ပဋ္ဌာရုံနှင့် ဓမ္မာရုံတို့ကို ဝိဘူတာရုံ, အဝိဘူတာရုံ အမည်အားဖြင့်ခေါ်ပါသည်။ ဤသို့ထူး၏။

သာဓက ။ **ဝီထိစာပို်ဒ်-၇။**

နာမ်သက်တမ်းနှင့် ရုပ်သက်တမ်း

စိတ်, စေတသိက်ဟူသော နာမ်တရားသည် ဥပါဒ်, ဌိ, ဘင်ဟူသော ခဏငယ် (၃) ချက်မျှသာ သက်တမ်းရှည်သည်။

သာဓက ။ **ဝီထိစာပို်ဒ်-၈။**

http://www.dhammadownload.com

(ဝိညတ်ဒွေးနှင့် လက္ခဏရုပ်-၄ ခုကြဉ်သော) (၂၂) ခုသော ရုပ်တရားတို့ကား (ဥပါဒ်, ဌိ, ဘင် ဟူသော ခဏငယ်-၃ ချက် သက်တမ်းရှိသည့် ခဏကြီး) စိတ္တက္ခဏပေါင်း (၁၇) ချက် ကြာအောင်သက်တမ်းရှည်သည်။

သာဓက ။ **ဝိထိစာပိုဒ်-၉။**

ရူပဓမ္မာနမာယူဠ် ရူပအရ ယူသင့်/ မယူသင့်သော ရုပ်များ

ဝိညတ်ဒွေး, လက္ခဏရုပ် (၄) ခုကြဉ်သော စိတ္တက္ခဏကြီး (၁၇) ချက်အပြည့်အဝ (သတ္တရသယုက) ရကောင်းသော ပစ္စုပ္ပန်ရုပ် (၂၂) ပါးကိုသာ ရူပဓမ္မာနမာယူဠ် ရူပအရ ယူသင့်သည်။

သတ္တရသယုက စိတ္တက္ခဏကြီး (၁၇) ချက်သက်တမ်းမပြည့်ဝသောကြောင့် ဝိညတ်ဒွေး နှင့် လက္ခဏရုပ် (၄) ခုတို့ကို (သတ္တရသယုကရုပ်ကိုပြဆိုသော) ဤနေရာ၌ရူပအရမယူထိုက်ပါ။

မှတ်ရန် ။ **ဝိညတ်ဒွေးသည် ခဏငယ် (၃) ချက်မျှသာ သက်တမ်းရှိပြီး၊ လက္ခဏရုပ် (၄) ခုတို့တွင်လည်း ဥပစယနှင့် သန္ဟတိတို့သည် စိတ်၏ ဥပါဒ်ခဏမျှသာ၄င်း၊ ဇရတာသည် ခဏငယ် (၄၉) ချက်မျှသာ၄င်း၊ အနိစ္စတာသည် စိတ်၏ဘင်ခဏမျှသာ၄င်း၊ သက်တမ်းရှည်ကြသောကြောင့် သတ္တရသယုကမပြည့်ဟုမှတ်ပါ။**

စိတ်ပိုမြန်သူ မရှိ

ပုဂ္ဂိုလ်တိုင်း၏ စိတ်သည် ဥပါဒ်, ဌိ, ဘင် ဟုဆိုအပ်သော ခဏငယ် (၃) ချက်မျှသာ ဖြစ်၍ မင်းထက်ငါက စိတ်ပိုမြန်တယ်, စိတ်ပိုရှည်တယ်, စိတ်ပိုတိုတယ်ဟုပြောဆိုသော စကားသည် မှားပါသည်။ သူများထက်စိတ်ပို၍ မြန်သူ, ရှည်သူ, တိုသူ ဟူ၍ မရှိနိုင်ပါ။

သာဓက ။ **ဝိထိစာပိုဒ်-၈။**

စိတ်နှင့် ရုပ် စိတ်ကအဖြစ်များ

ဥပါဒ်, ဌိ, ဘင် ဟူသော ခဏငယ် (၃) ချက်သည် စိတ္တက္ခဏကြီး (၁) ခု၏အသက်ဖြစ်၍ စိတ္တက္ခဏကြီးပေါင်း ၁၇-ချက်သည် ရုပ်၏အသက်ဖြစ်သောကြောင့် စိတ်ဖြစ်သော ပုဂ္ဂိုလ်တိုင်း၏ သန္တာန်၌ စိတ်နှင့်ရုပ် စိတ်ကသာအဖြစ်များပါသည်။

သာဓက ။ **ဝိထိစာပိုဒ်-၈၊ ၉။**

* * * * * * *

http://www.dhammadownload.com

ပဋ္ဌာန်းရတီထိမြှင်ကွင်း

အာရုံနှင့် ဝီထိစိတ် အာရုံက ရှေးဦးစွာဖြစ်

ရူပါရုံစသော အာရုံတို့ စက္ခုစသော ပသာဒမှာ ထင်လာ၍ ဘဝင် (၂) ကြိမ်လှုပ်ပြီးမှ ထိုရူပါရုံစသော အာရုံကို ဆင်ခြင်တတ်သော ပဉ္စဒ္ဒါရာဝဇ္ဇန်းစသော ဝီထိစိတ်များဖြစ်ကြသော ကြောင့် အာရုံနှင့် ဝီထိစိတ်တို့တွင် အာရုံက ရှေးဦးစွာဖြစ်ပါသည်။

သာဓက ။ **တသ္မာဃဒိ (ပ)တတောပရံ ဘဝင်္ဂပါတောနှင့် ဝီထိစာပိဒ်-၁၅။**

အတီတဘဝင် မလွန်ဘဲ အာရုံမထင်နိုင်

ရုပ်၏ ဌိသို့ရောက်သောအခါ ရူပါရုံစသော အာရုံငါးပါးတို့သည် စက္ခုစသော ပဉ္စဒ္ဒါရ၌ ထင်ခြင်းသို့ ရောက်ကြသည်ဟု ဆိုထားသောကြောင့် ဝီထိစိတ်ဖြစ်ရာ၌ အနည်းဆုံးအားဖြင့် အတီတဘဝင် တစ်ချက်လွန်ပြီးသော အာရုံသာလျှင် ပသာဒဒ္ဒါရမှာ ထင်နိုင်ပါသည်။ အတီတဘဝင်မလွန်ဘဲ အာရုံမထင်နိုင်ပါ။

သာဓက ။ **ဧကစိတ္တက္ခဏာတီတာနိဝါ (ပ) အာပါထ မာဂစ္ဆန္တိ။**

အတီတအရ

(ပဉ္စာရုံတည်းဟူသော ရုပ်တရား၏ လွန်ရာကာလကို ပြဆိုရာဖြစ်၍ အတီတဘဝင်ဟူသော စိတ္တက္ခဏကိုတိုက်ရိုက်မရ၊ ရုပ်၏ခဏကိုသာရနိုင်သောကြောင့်) ဧကစိတ္တက္ခဏာတီတာနိဝါစသည်၌ အတီတအရ (လွန်ပြီးသော-၁ ခု သောစိတ်၏ ခဏကဲ့သို့သော ခဏရှိသော (ဝါ) ၁-ခုသောစိတ်၏ ခဏကဲ့သို့သော ခဏကိုလွန်ပြီးသော) ပဉ္စာရုံရုပ်တရားတို့ကိုယူရမည်။

မှတ်ရန် ။ **ဤမြင်ကွင်းကျမ်း၌ကား သင်္ဂဟကျမ်းရင်းအလိုကျ ဌိကာကျော်ဖွင့်ပြမှုနှင့်အညီ ကောက်ယူပြခြင်းသာဖြစ်သည်။**

အတီတဘဝင် ဘဝင်္ဂစလနစသော ရှေ့ဘဝင်, နောက်ဘဝင်တို့၏အာရုံ

ဝီထိချရာ၌ အတီတဘဝင် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဟူသော ရှေ့ဘဝင်နှင့် အာဝဇ္ဇနသိက မူလဘဝင်ဟူသော နောက်ဘဝင်တို့သည် ဝီထိ (၄၂) ဝိမုတ်များသာဖြစ်သောကြောင့်

http://www.dhammadownload.com

ထိုအတိတဘဝင်, ဘဝင်စလနစသော ရှေ့ဘဝင်နှင့် အာဝါသိကမူလဘဝင်ဟူသော နောက်ဘဝင်တို့သည် (အခြားမဲ့ဘဝ ဆဒ္ဒါရိက မရဏာသန္နဇောသည် ယူအပ်သော) ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ဟူသော အာရုံ (၃) မျိုးတို့တွင် (၁) မျိုးမျိုးကို အာရုံပြုပါသည်။

သာဓက ။ **ပကိဏ်းစာပိုဒ် - ၅၃၊ ဝိထိစာပိုဒ် -၃။**

ပဋ္ဌာနရဝိထိစိတ်တို့၏အာရုံ

ပဋ္ဌာနရာဝဇ္ဇန်း အစရှိသော ပဋ္ဌာနရဝိထိစိတ်မှန်သမျှတို့၏ အာရုံသည် ပစ္စုပ္ပန်အာရုံမျိုးသာ ဖြစ်နိုင်သောကြောင့် ပဋ္ဌာနရာဝဇ္ဇန်း အစရှိသော စိတ်တို့သည် စက္ခုဒ္ဒါရဝိထိ၌ဖြစ်ခဲ့သော် ပစ္စုပ္ပန်ရူပါရုံကိုသာ အာရုံပြုပါသည်။ သောတဒ္ဒါရဝိထိ စသည်တို့၌ဖြစ်ခဲ့သော် ပစ္စုပ္ပန်သဒ္ဒါရုံ စသည်တို့ကိုသာ အာရုံပြုပါသည်။

သာဓက ။ **ပကိဏ်းစာပိုဒ် - ၅၁။**

အာရုံဖြစ်ဖြစ်ချင်း မထင်နိုင်

ရုပ်၏ ဌိသို့ ရောက်သောအခါမှသာလျှင် အာရုံငါးပါးတို့သည် ပဋ္ဌာဒ္ဒါရ၌ ထင်ခြင်းသို့ ရောက်ကြသည်-ဟုဌိတိပတ္တာနေဝ၌ သန္နိဋ္ဌာန ဧဝသဒ္ဒါဖြင့် ဆိုထားသောကြောင့် အာရုံသည် ဖြစ်ဖြစ်ချင်း ဥပ္ပါဒက္ခဏ၌ ပဋ္ဌာဒ္ဒါရမှာ မထင်ပါ။

သာဓက ။ **တမေဝ- ပဿန္တံ စက္ခုဝိညာဏံ။**

ပဋ္ဌာရုံတို့ ပဋ္ဌာဒ္ဒါရ၌ ထင်လာရကာလ

(အတိမဟန္တာရုံဖြစ်လျှင်) စိတ္တက္ခဏ (၁) ချက်လွန်ပြီးနောက် ဌိခဏသို့ ရောက်မှသာလျှင် ပဋ္ဌာရုံတို့သည် ပဋ္ဌာဒ္ဒါရ၌ ထင်လာကြသည်။

သာဓက ။ **ဧကစိတ္တက္ခဏာ တီတာနိဝါ၊**

(မဟန္တာရုံစသည်ဖြစ်လျှင်) စိတ္တက္ခဏ (၂) ချက်လွန်မှစ၍ များစွာသော စိတ္တက္ခဏတို့ကို လွန်ပြီးနောက် ဌိခဏသို့ ရောက်မှသာလျှင် ပဋ္ဌာရုံတို့သည် ပဋ္ဌာဒ္ဒါရ၌ ထင်လာကြသည်။

သာဓက ။ **ဗဟုစိတ္တက္ခဏာတီတာနိဝါ ဌိတိပတ္တာနေဝ ပဋ္ဌာရမ္မဏာနိ ပဋ္ဌာဒ္ဒါရေ အာပါထမာဂစ္ဆန္တိ။**

http://www.dhammadownload.com

ဝိဆိ (ဝိသယပဝတ္ထိ) အလို့က် ဗဟုစိတ္တကွဏာတိတဖြစ်ပုံများ

မဟန္တာရုံဝီထိ၌ အတီတဘဝင် (၂) ချက်လွန်မှ (၃) ချက်လွန်အထိ ဗဟုစိတ္တကွဏာတိတ (၂) မျိုးဖြစ်ပါသည်။

ပရိတ္တာရုံဝီထိ၌ အတီတဘဝင် (၄) ချက်လွန်မှ (၉) ချက်လွန်အထိ ဗဟုစိတ္တကွဏာတိတ (၆) မျိုးဖြစ်ပါသည်။

အတိပရိတ္တာရုံဝီထိ၌ အတီတဘဝင် (၁၀) ချက်လွန်မှ (၁၅) ချက်လွန်အထိ ဗဟုစိတ္တကွဏာတိတ (၆) မျိုးဖြစ်ပါသည်။ ဤသို့လျှင် ဗဟုစိတ္တကွဏာတိတဖြစ်ပုံများ (၁၄) မျိုးဖြစ်ပါသည်။

ပဋ္ဌဒ္ဓါရဋ္ဌ ပဋ္ဌာရုံတို့ ဖြစ်ဆိုက်သလို အသီးသီးထင်ပုံ

ပစ္စုပ္ပန်အဆင်းမျိုးစုံ ရူပါရုံသည် စက္ခုဒ္ဒါရဋ္ဌသာ ထင်သည်။ ပစ္စုပ္ပန်အသံမျိုးစုံ သဒ္ဒါရုံသည် သောတဒ္ဒါရဋ္ဌသာထင်သည်။ ပစ္စုပ္ပန် အနံ့မျိုးစုံ ဂန္ဓာရုံသည် ဃာနဒ္ဒါရဋ္ဌသာထင်သည်။ ပစ္စုပ္ပန် အရသာမျိုးစုံ ရသာရုံသည် ဇိဝှါဒ္ဒါရဋ္ဌသာထင်သည်။ ပစ္စုပ္ပန်အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံသည် ကာယဒ္ဒါရဋ္ဌသာထင်သည်။

သာဓက ။ **ပကိဏ်းစာပို ဒ်-၅၁**။

ပဋ္ဌဝိညာဏ် (ပဋ္ဌဒ္ဒါရဝီထိ) တို့၏ ဖြစ်ကြောင်းများ

၁။ (မျက်ကြည်) စက္ခုပသာဒ, (အဆင်း) ရူပါရုံ, (အလင်း) အာလောက, (နှလုံးသွင်းစိတ်စိုက်မှု) မနသိကာရ ဟူသော (၄) ပါးတို့ကြောင့် စက္ခုဝိညာဏ်ဖြစ်သည်။

၂။ (နားအကြည်) သောတပသာဒ, (အသံ) သဒ္ဒါရုံ, (အပေါက်အကြား) အာကာသ, မနသိကာရ ဟူသော (၄) ပါးတို့ကြောင့် သောတဝိညာဏ်ဖြစ်သည်။

၃။ (နှာခေါင်းအကြည်) ဃာနပသာဒ, (အနံ့) ဂန္ဓာရုံ, (လေ) ဝါယောဓာတ်, မနသိကာရ ဟူသော (၄) ပါးတို့ကြောင့် ဃာနဝိညာဏ်ဖြစ်သည်။

၄။ (လျှာအကြည်) ဇိဝှါပသာဒ, (အရသာ) ရသာရုံ, (ရေ) အာပေါ, မနသိကာရ ဟူသော (၄) ပါးတို့ကြောင့် ဇိဝှါဝိညာဏ်ဖြစ်သည်။

၅။ (ကိုယ်အကြည်) ကာယပသာဒ, (အတွေ့အထိ) ဖောဋ္ဌဗ္ဗာရုံ, (တောင့်တင်းတွန်းကန်မှု) ပထဝီ, မနသိကာရ ဟူသော (၄) ပါးတို့ကြောင့် ကာယဝိညာဏ်ဖြစ်သည်။ (**အဋ္ဌသာလိနီ** - ၃၂၁)

http://www.dhammadownload.com

ဆောင် ။ **လင်း, အာကာ, ဝါယောနဲ့၊ အာပေါတဲ့ ပထဝီ၊ ငါးခုစဉ်ညီ။**
မနသီ. ငါးလီမှာ ယှဉ်တွဲ၊ ငါးအာရုံ, ပသာဒံ ထင်လာဟပ်တယ်၊
မှတ်တော့မလွဲ။

အတီတဘဝင်

ပဋ္ဌဒ္ဓါရဋ္ဌ သက်ဆိုင်ရာအာရုံများ ထင်ခြင်းသို့မရောက်မီ ချုပ်ပျောက်သဖြင့် (ကျော်လွန်သွားသကဲ့သို့ဖြစ်သော) ဘဝင်များဖြစ်သောကြောင့် အတီတဘဝင်ဟုခေါ်သည်။

ဘဝင်္စလန

(ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့တွင် တစ်မျိုးမျိုးကို အာရုံပြုနေသော) ဘဝင်စိတ်သည် ဒွါရဋ္ဌ အာရုံသစ် ထင်လာ, ထိခိုက်လာခြင်းကြောင့် ယူနေဆဲအာရုံကို ခိုင်မြဲစွာမယူနိုင်ဘဲ, အာရုံသစ်ကို ယူရတော့မလို အနေအားဖြင့် ပင်ကိုယ်သဘောမှ ဖောက်ပြား၍ ဘဝင်စိတ်များ (၂) ကြိမ်တိုင်တိုင် တုန်လှုပ်ချောက်ချားသကဲ့သို့ဖြစ်ခြင်းကို ဘဝင်္စလနဟုခေါ်သည်။
သာဓက ။ **ဒွိက္ခတ္တုံ ဘဝင်္ဂေ စလိတေ။**

ဘဝင်္ဂုပစ္ဆေဒ

ဖြစ်ပေါ်နေသည့် ဘဝင်အစဉ်ကို ဖြတ်တောက်သကဲ့သို့ဖြစ်တတ်သော ဘဝင်ကို ဘဝင်္ဂုပစ္ဆေဒဟုခေါ်သည်။
သာဓက ။ **ဘဝင်္ဂသောတံ ဝေါစ္ဆိန္နံ ဟောဝ။**

ဘဝင်္ဂုပစ္ဆေဒအရဖြစ်သင့်သောစိတ်

ဘဝင် (၂) ကြိမ်လှုပ်ရာတွင် ဒုတိယဘဝင်္စလနသည် ဘဝင်အစဉ်ကို ဖြတ်တောက်သကဲ့သို့ ဖြစ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒအရ ဖြစ်သင့်သောစိတ်ကား ဒုတိယဘဝင်္စလနဖြစ်ပါသည်။ (ဤကားနောက်ဆရာမြတ်တို့အလို ဒုတိယဘဝင်္စလနကို သယံကတ္တားပြု၍ ဘဝင်္ဂုပစ္ဆေဒဟုအမည်ပေးခြင်းတည်း။)

(အရှင်ဓမ္မနန္ဒာဒီအလိုအားဖြင့်ကား) ပဋ္ဌဒ္ဓါရာဝဇ္ဇန်းသည်သာ (ဝေါစ္ဆိန္နံတွာ၏ ကတ္တား) ဘဝင်အစဉ်ကို ဖြတ်တောက်တတ်သောတရားဖြစ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒအရ ဖြစ်သင့်သော

http://www.dhammadownload.com

စိတ်ဖြစ်ပါသည်။

သာဓက ။ **ဘဝင််သောတံဝေါစ်ဆိန္နိတ္တာ တမေဝ ရူပါရမ္မဏံ အာဝဇ္ဇန်္တ ပဉ္စဒ္ဒါရာဝဇ္ဇန စိတ္တံ ဥပ္ပဇ္ဇိတ္တာ နိရုဇ္ဈတိ။**

ပဉ္စဒ္ဒါရာဝဇ္ဇန်း

ပဉ္စဒ္ဒါရဠ်ထင်လာသောအာရုံကို ဆင်ခြင်တတ်သော (ဘဝင်၏အာရုံမှ ပစ္စုပ္ပန်ဝီထိဆိုင်ရာ အာရုံသစ်ဘက်သို့လှည့်သော) စိတ်ကို ပဉ္စဒ္ဒါရာဝဇ္ဇန်းဟုခေါ်သည်။

သာဓက ။ **တမေဝ ရူပါရမ္မဏံ အာဝဇ္ဇန်္တ ပဉ္စဒ္ဒါရာဝဇ္ဇနစိတ္တံ။**

စက္ခုဝိညာဏ်

ရူပါရုံကို မြင်တွေ့တတ်သောစိတ်ကို စက္ခုဝိညာဏ်ဟုခေါ်သည်။

သာဓက ။ **တမေဝ ရူပံ ပဿန်္တ စက္ခုဝိညာဏံ။**

သမ္ပဋိစ္ဆိုင်း

ပဉ္စဝိညာဏ်သည် (မြင်အပ်, ကြားအပ်စသည်အားဖြင့်) ယူအပ်ပြီးသော ပဉ္စာရုံကို ခံယူသကဲ့သို့ဖြစ်သောစိတ်ကို သမ္ပဋိစ္ဆိုင်းဟုခေါ်ပါသည်။

သာဓက ။ **သမ္ပဋိစ္ဆန်္တ သမ္ပဋိစ္ဆနစိတ္တံ။**

သန္တီရဏ

သမ္ပဋိစ္ဆိုင်းက ခံယူအပ်ပြီးသော ပဉ္စာရုံကို စုံစမ်းသကဲ့သို့ဖြစ်သောစိတ်ကို သန္တီရဏဟုခေါ်သည်။

သာဓက ။ **သန္တီရယမာနံ သန္တီရဏစိတ္တံ။**

ဝုဋ္ဌဗ္ဗ

သန္တီရဏက စုံစမ်းအပ်ပြီးသော ပဉ္စာရုံကို ပိုင်းခြားသတ်မှတ်ဆုံးဖြတ်တတ်သောစိတ်ကို ဝုဋ္ဌဗ္ဗဟုခေါ်သည်။

သာဓက ။ **ဝဝတ္ထပေန်္တ ဝေါဋ္ဌပ္ပနစိတ္တံ။**

http://www.dhammadownload.com

ဇော

အာရုံ၏အရသာကိုခံစားရာ၌ အဟုန်ပြင်းစွာ ဖြစ်ပေါ်လာသောစိတ်ကို ဇောဟုခေါ်သည်။

သာဓက ။ ယေဘုယျေန သတ္တကမ္မတ္တာ ဇဝတိ။

အကြောင်းအားလျော်စွာ ကာမဇောများစောပ့ံ

ယောနိသော မနသိကာရ (နှလုံးသွင်းကောင်းခြင်း) ကြောင့် ကုသိုလ်ဇော, အယောနိသော မနသိကာရ (နှလုံးသွင်းမကောင်းခြင်း) ကြောင့် အကုသိုလ်ဇော, နိရာနုသယ (အနုသယကင်းသော ရဟန္တာ) သန္တာန်ကြောင့် ကြိယာဇောဟု အကြောင်းအားလျော်စွာ ဖြစ်သင့်သော ကာမဇောများသာ စောရပါသည်။

သာဓက ။ တတော ပရံ ဇေနုတ္တိသ ကာမာဝစရဇဝနေသု ယံကိဉ္စိ လဒ္ဓပစ္စယံ ယေဘုယျေန သတ္တကမ္မတ္တာ ဇဝတိ။ (ဝိထိစာပိုဒ်-၁၀။)

ဆောင် * ယောနိ, အယောနိ၊ အကြောင်းရှိက၊ စောဘိကုသိုလ်၊ အကုသိုလ်တည်း၊ ထိုထိုနုသယ၊ ကင်းစင်ကြသည့်၊ အရဟန္တာ၊ သန္တာန်မှာမူ၊ ကြိယာဇောများ၊ တစ်ပါးပါး၊ ဖြစ်ပွား လဒ္ဓပစ္စယ။

စက္ခဒ္ဒါရဝီထိ စသည်တို့၌ ကာမဇောသာ စောရွေးအကြောင်း

စက္ခဒ္ဒါရ စသည်တို့၌ထင်သော ရူပါရုံစသော ပဉ္စာရုံတို့သည် ကာမတရားများသာဖြစ်၏။ ထိုကာမ အာရုံတို့ကို ကာမဇောကသာ အာရုံပြုနိုင်သောကြောင့် စက္ခဒ္ဒါရဝီထိ စသည်တို့၌ ကာမဇော (၂၉) ခု တို့တွင် (၁) ပါးပါးသော ကာမဇောသာစောနိုင်ခြင်းဖြစ်ပါသည်။

သာဓက ။ ပကိဏ်းစာပိုဒ်-၃၉၊ ၅၁။

သတ္တကမ္မတ္တံ့ ဇဝတိအရ ဖြစ်သင့်သောဇော

ကာမဇောသည်သာ (၇) ကြိမ်စောနိုင်သောကြောင့် ယေဘုယျေနသတ္တကမ္မတ္တံ့ ဇဝတိအရ ဖြစ်သင့်သောဇောကား ကာမဇော (၂၉) ပါးတို့တွင် အမှတ်မရှိ (၁) မျိုးမျိုးသော ဇောသာဖြစ်ပါသည်။

သာဓက ။ သတ္တကမ္မတ္တံ့ ပရိတ္တာနိ။

http://www.dhammadownload.com

ယေဘုယျနက္ခို ဆို့ရှင်းအခြောင်း

ကာမာဝစရဇောတို့သည် ပင်ကိုယ်ရိုးရာအခါမှာ (၆) ကြိမ်လည်း အနည်းငယ်စောနိုင်သေးသည်။ စုတေခါနီးနှင့် တွေဝေမိန်းမောရာ အခါမျိုးတို့၌မူ (၅) ကြိမ်မျှသာ စောနိုင်သည်။ ထိုသို့ အမြဲတမ်း (၇) ကြိမ် မစောနိုင်ကြသောကြောင့် "အများအားဖြင့် (၇) ကြိမ်စောသည်" ဟုယေဘုယျနသဒ္ဒါကို ထည့်သွင်းမိန့်ဆိုရပါသည်။

သာဓက ။ **ဝိထိစာပိုဒ်-၃၁၊ ၃၂။**

တောင် * **မှတ်ကြသေချာ၊ ဇောကာမာတို့၊ ရိုးရာကာလ၊ ခြောက်ကြိမ်မျှလည်း၊စော ကြသည်သာ၊ သေခါနီးနေ၊ တွေဝေမိန်းမော၊ ငါးကြိမ်စော၍၊ ဇောမှာ ခုနစ်၊ မြဲမဖြစ်သည် ----- ဖွင့်လှစ်ယေဘုယျနတည်း။**

ဇောစောရန် ပံ့သေနည်းစည်းမျဉ်း

ဇောများကို ပုဂ္ဂိုလ်နှင့် မနသိကာရကြည့်၍ စောသင့်သောဇောကို ချရမည်။

ပဋ္ဌဒ္ဓါရဝိထိဆိုင်ရာဇောများကို တတော ပရံ ဇကူနတ္တံသ ကာမာဝစရဇဝနေသူ ယဲကိုင်္ဂ လဒ္ဓပစ္စယံ ယေဘုယျန သတ္တက္ခတ္တုံ ဇဝတိ - ဟူသော ဝိထိစာပိုဒ် (၁၀) နှင့်အညီ ကာမဇော (၂၉) ပါးတို့တွင် ပုဂ္ဂိုလ်နှင့် မနသိကာရကိုကြည့်၍ ဖြစ်သင့်သည်အားလျော်စွာ စောကြရသည်။

ပုထုဇဉ်နှင့် အောက်ဖလဋ္ဌာန် သေက္ခပုဂ္ဂိုလ် (၃) ယောက်တို့နှင့် ဆိုင်ရာ၌ (၁) အယောနိသော မနသိကာရဖြစ်လျှင် အကုသိုလ်ဇောစောရသည်။ (၂) ယောနိသော မနသိကာရ ဖြစ်လျှင် ကုသိုလ်ဇောစောရသည်။ (၃) အနုသယကင်းသော ရဟန္တာဆိုင်ရာ နိရာနုသယ သန္တာန်ဖြစ်လျှင် ကြိယာဇောသာ စောရသည်။

သာဓက ။ **လဒ္ဓပစ္စယံနှင့် ဝိထိစာပိုဒ်-၄၃၊ ၄၄၊ ၄၆။**

တဒါရုံ

ဇောသို့အစဉ်လိုက်၍ ဇော၏အာရုံကိုပင် (ဆက်လက်အာရုံပြု) ခံစားတတ်သောစိတ်ကို တဒါရုံဟုခေါ်သည်။

သာဓက ။ **ဇဝနာနုဗန္ဓာနိစ ဒွေ တဒါရမ္မဏပါကာနိ ယထာရဟံ ပဝတ္တန္တိ။**

မှတ်ရန် ။ **ဇောသည်လှေသဘော်ဒနှင့်တူ၍ တဒါရုံသည် ခုတ်မောင်းသွားသော လှေသဘော်နောက်သို့ စီးလိုက်သွားသော ရေအလျဉ်နှင့်တူသည်ဟု ဆိုကြသည်။**

http://www.dhammadownload.com

အတိမဟန္တာရုံစသည်တို့၏ အဓိပ္ပါယ်များ

ပဋ္ဌာရုံတို့ ပဋ္ဌပသာဒဒွ် ထင်လာသောအခါ စိတ္တက္ခဏအလွန်များစွာပါဝင်၍ အာရုံပြုရသောကြောင့် အတိမဟန္တာရုံဟုခေါ်သည်။ **ဝိထိစာပိုဒ်-၁၁။**

အတိမဟန္တာရုံ၌ကဲ့သို့ တဒါရုံပါသလောက် စိတ္တက္ခဏမများသော်လည်း ပရိတ္တာရုံစသော အခြားအာရုံတို့ထက် စိတ္တက္ခဏများစွာပါဝင်၍ အာရုံပြုရသောကြောင့် မဟန္တာရုံဟုခေါ်သည်။ **ဝိထိစာပိုဒ်-၁၂။**

မဟန္တာရုံ၌ကဲ့သို့ ဇောပါသလောက် စိတ္တက္ခဏမများဘဲ မဟန္တာရုံအောက် စိတ္တက္ခဏနည်းပါးစွာပါဝင်၍ အာရုံပြုရသောကြောင့် ပရိတ္တာရုံဟုခေါ်သည်။**ဝိထိစာပိုဒ်-၁၃။**

ဘဝင်လှုပ်ရုံမျှသာလှုပ်ပြီး ဝိထိစိတ်ဖြင့် လုံးဝအာရုံမပြုလိုက်ရတော့ဘဲ စိတ္တက္ခဏအလွန်နည်းသော အာရုံဖြစ်သောကြောင့် အတိပရိတ္တာရုံဟုခေါ်သည်။ **ဝိထိစာပိုဒ်-၁၄။**

အာရုံအားလျော်စွာ အတိမဟန္တာရုံစသည်တို့၌ ဝိထိစိတ္တက္ခဏကွာခြားရပုံ

ပဋ္ဌာရုံတို့သည် ချုပ်ခိုန်နှင့် ဝေးသောကာလဝယ် ပဋ္ဌဒွါရ၌ ထင်လာထိခိုက်လာပါက ဝိထိစိတ္တက္ခဏများများဖြင့် အာရုံပြုရပြီး၊ အကြောင်းတစ်ခုခုအားနည်းမှုကြောင့် ချုပ်ခိုန်နှင့်နီးသောကာလဝယ် ပဋ္ဌဒွါရ၌ထင်လာ ထိခိုက်လာလျှင်မူကား ဝိထိစိတ္တက္ခဏနည်းနည်းဖြင့်သာ အာရုံပြုရသောကြောင့် ပဋ္ဌာရုံတို့ ပဋ္ဌဒွါရ၌ထိခိုက်၍ ပဋ္ဌဒွါရဝိထိဖြစ်ရာတွင် အတိမဟန္တာရုံစသည်တို့၌ စိတ္တက္ခဏအနည်း, အများ ကွာခြားရပါသည်။

သာဓက ။ **အာပါထမာဂတံ နိရောဓာသန္နမာရမ္မဏံ အတိပရိတ္တံနာမ စသည်။**

ပဟောန္တာတီတက, အပဟောန္တာတီတကဖြစ်ခြင်း အဓိပ္ပါယ်

အတီတဘဝင်(၁)ကြိမ်သာလွန်ခြင်းသည် (ဝိထိစိတ်အပြည့်အစုံဖြစ်လောက်သည့် စိတ္တက္ခဏကို အာရုံလွန်မူ) ပဟောန္တာတီတကဖြစ်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၁၀၊ ပ-ဝါကျနှင့် - ၁၁။**

အတီတဘဝင်(၂)ကြိမ်လွန်မှစ၍ အကြိမ်များစွာ လွန်ခြင်းသည် (ဝိထိစိတ် အပြည့်အစုံမဖြစ်လောက်သည့် စိတ္တက္ခဏကို အာရုံလွန်မူ) အပဟောန္တာတီတက ဖြစ်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၁၀၊ ပ-ဝါကျနှင့် - ၁၂။**

အပဟောန္တာတီတက (၃) မျိုးအထူး

စိတ္တက္ခဏကို မဟန္တာရုံ၏ လွန်ခြင်း(အတီတဘဝင်)သည် (တဒါရုံ-၂ ကြိမ်ဖြစ်လောက်သည်အထိ ဌီကာလ၌ အာရုံတည်နေခြင်းငှာ မစွမ်းနိုင်သော လွန်ခြင်းဖြစ်သောကြောင့်) ယာဝတဒါရမ္မဏူပဂါဒါ အပဟောန္တာတီတက မည်၏။

http://www.dhammadownload.com

စိတ္တက္ခဏကို ပရိတ္တာရုံ၏လွန်ခြင်း (အတီတဘဝင်)သည် (ဇော. ၇. ကြိမ်ဖြစ်လောက်သည်အထိ ဌိကာလ၌ အာရုံတည်နေခြင်းငှာ မစွမ်းနိုင်သောလွန်ခြင်းဖြစ်သောကြောင့်) ယာဝဇဝနုပ္ပါဒါ အပ္ပဟောန္တာတီတက မည်၏။

စိတ္တက္ခဏကို အတိပရိတ္တာရုံ၏လွန်ခြင်း (အတီတဘဝင်) သည်(ဝုဋ္ဌော. ၂. ကြိမ်ဖြစ်လောက်သည်အထိ ဌိကာလ၌ အာရုံတည်နေခြင်းငှာ မစွမ်းနိုင်သောလွန်ခြင်းဖြစ်သောကြောင့်) ယာဝဝေါဋ္ဌဗ္ဗနုပ္ပါဒါ အပ္ပဟောန္တာတီတကမည်၏။

သာဓက ။ **ဝိထိစာပိဒ် ၁၂၊ ၁၃၊ ၁၄။**

ဘဝင်္ဂပါတ ဘဝင်ကျခြင်း၏ သဘော

ဝိထိစိတ်တို့ဖြစ်ပုံသည် ထကြွလုံ့လဗျာပါရရှိသဖြင့် မြင့်မောက်တက်ကြွသကဲ့သို့ ဖြစ်ပြီး၊ ဘဝင်အစဉ်ဖြစ်ပုံကား ငြိမ်သက်လှုသဖြင့် အောက်ကျနိမ့်ရှိုင်းသကဲ့သို့ဖြစ်သောကြောင့် ဝိထိစိတ်တို့၏အဆုံး၌ ဘဝင်စိတ်များ ဖြစ်ပေါ်ခြင်းကို ဘဝင်္ဂပါတ ဘဝင်ကျသည်ဟုဆိုရပါသည်။

ရူပါရုံကို စက္ခုပသာဒဖြင့် မမြင်နိုင်

ရူပါရုံအဆင်းကို စက္ခုဝိညာဏ်ဖြင့်သာ မြင်နိုင်သည်။ စက္ခုပသာဒဖြင့် မမြင်နိုင်ပါ။

သာဓက ။ **တမေဝ ရူပံပဿန္တံ စက္ခုဝိညာဏံ။**

ကံထမ်းလာတာကို မမြင်နိုင်

စက္ခုဝိညာဏ်သည် ရူပါရုံဟူသော ရုပ်ကိုသာ မြင်နိုင်၍ နာမ်ဖြစ်သော ကုသိုလ်, အကုသိုလ်ကံဟူသော စိတ်ကို မမြင်နိုင်သောကြောင့် လုံ့ထမ်းလာတာကိုသာ မြင်နိုင်သည်။ ကံထမ်းလာတာ (ကံစွမ်းပါတာ) ကိုမမြင်နိုင်ဟူသော စကားသည် မှန်၏။

သာဓက ။ **တမေဝရူပံ ပဿန္တံ စက္ခုဝိညာဏံ။**

သတိမမူ ဂူမမြင်ဟု ဆိုခြင်းသည် သဘာဝမကျ

ဂူ, ကျောင်း, ဘုရားစသော ရူပါရုံများကို မြင်နိုင်စွမ်းရှိသောစက္ခုဝိညာဏ်စိတ်၌ သတိစေတသိက် မယှဉ်သောကြောင့် သတိမမူ ဂူမမြင်ဟုဆိုခြင်းသည် **အဘိမုခါနည်းအရ** သဘာဝမကျ မမှန်ကန်ပါ။

သာဓက ။ **တမေဝ ရူပံပဿန္တံ စက္ခုဝိညာဏံနှင့် စေတသိက်စာပိဒ်-၅၃၊ ၅၇။**

http://www.dhammadownload.com

အတိမဟန္တာရုံ့ ဝီထိ၌ လွန်နိုင်သော အတီတဘဝင်

ရူပါရုံ့, သဒ္ဒါရုံ့ စသော ရုပ်တို့၏ သက်တမ်းသည် စိတ္တက္ခဏ ၁၇-ချက်မျှသာ ရှည်သော ကြောင့် ဘဝင် (၂) ကြိမ်လှုပ်လျက် ဝီထိစိတ္တုပ္ပါဒ်ပေါင်း ၁၄-ချက်ဖြစ်ပေါ်လေ့ရှိသော အတိ မဟန္တာရုံ့ဝီထိ၌ အတီတဘဝင် (၁) ချက်သာ လွန်နိုင်ပါသည်။

သာဓက ။ **ဝိထိစာပိုဒ်-၉၊ ၁၁**။

မဟန္တာရုံ့ဝီထိ၌ လွန်နိုင်သော အတီတဘဝင်

ရူပါရုံ့, သဒ္ဒါရုံ့ စသော ရုပ်တို့၏သက်တမ်းသည် စိတ္တက္ခဏ ၁၇-ချက်မျှသာ ရှည်သော ကြောင့် ဘဝင် (၂) ကြိမ်လှုပ်လျက် ပဥ္စဒ္ဒါရာဝဇ္ဇန်းမှ ဇောအထိသာဝီထိစိတ္တုပ္ပါဒ်ပေါင်း ၁၂-ချက် ဖြစ်ပေါ်လေ့ရှိသော မဟန္တာရုံ့ဝီထိ၌ အတီတဘဝင် (၂) ချက်လွန်မှ (၃) ချက်လွန်အထိ (၂) မျိုးရှိနိုင်ပါသည်။

သာဓက ။ **ဝိထိစာပိုဒ်-၉၊ ၁၂**။

ပရိတ္တာရုံ့ဝီထိ၌ လွန်နိုင်သော အတီတဘဝင်

ရူပါရုံ့, သဒ္ဒါရုံ့ စသော ရုပ်တို့၏သက်တမ်းသည် စိတ္တက္ခဏ (၁၇) ချက်မျှသာ ရှည် သောကြောင့် ဘဝင် (၂) ကြိမ် လှုပ်လျက် ပဥ္စဒ္ဒါရာဝဇ္ဇန်းမှ အနည်းဆုံး ဝုဋ္ဌော (၂) ကြိမ် အထိသာ ဝီထိစိတ္တုပ္ပါဒ်ပေါင်း (၆) ချက်ဖြစ်ပေါ်လေ့ရှိသော ပရိတ္တာရုံ့ဝီထိ၌ အတီတဘဝင် (၄) ချက်လွန်မှ (၉) ချက်လွန်အထိ (၆) မျိုးရှိနိုင်ပါသည်။

သာဓက ။ **ဝိထိစာပိုဒ်-၉၊ ၁၃**။

ပရိတ္တာရုံ့ဝီထိ၌ ဝုဋ္ဌော (၂) ကြိမ်၊ (၃) ကြိမ်ဖြစ်ရခြင်းအကြောင်း

ပရိတ္တာရုံ့ဝီထိ၌ ဇောစောခြင်းမဖြစ်သောကြောင့် ဇောအစားဝုဋ္ဌော (၂) ကြိမ်, (၃) ကြိမ် ဖြစ်ပါသည်။

သာဓက ။ **တတ္ထဇဝနမ္ပိ အနုပ္ပဇ္ဇိတ္တာ (ပ) ပဝတ္တတိ**။

http://www.dhammadownload.com

အတိပရိတ္တာရုံဝီထိ၌ လွန်နိုင်သော အတီတဘဝင်

ရူပါရုံ, သဒ္ဒါရုံ စသော ရုပ်တို့၏သက်တမ်းသည် စိတ္တက္ခဏ (၁၇) ချက်မျှသာရှည်သောကြောင့် ဝီထိစိတ်များလုံးဝမဖြစ်ဘဲ ဘဝင်စလန, ဘဝင်္ဂုပစ္ဆေဒ (ဘဝင်-ကြွိမ်လှုပ်မှု) မျှသာ ဖြစ်လေ့ရှိသော အတိပရိတ္တာရုံ ဝီထိ၌အတီတဘဝင် (၁၀) ချက်လွန်မှ (၁၅) ချက်လွန် အထိ (၆) မျိုးရှိနိုင်ပါသည်။

သာဓက ။ **ဝီထိစာပိုဒ်-၉၊ ၁၄။**

ဝီထိမည်သော်လည်း ဝီထိစိတ်မဖြစ်သော ဝီထိ

အတိပရိတ္တာရုံဝီထိသည် ဘဝင်စလနမျှသာ ဖြစ်သောကြောင့် ဝီထိမည်သော်လည်း ဝီထိစိတ်များမဖြစ်ပါ။ဝီထိစိတ်မဖြစ်ဘဲ ဝီထိဟုခေါ်ရသောကြောင့် ဝီထိအတုဟု သတ်မှတ်နိုင်သည်။

သာဓက ။ **ဝီထိပိုင်း စာပိုဒ်-၁၄။**

မူလဘဝင် ချသင့်သောအကြိမ်

ဝီထိစိတ္တာပ္ပါဒ်တို့၏ နောက်၌ (ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏)ဟု ဆိုရိုးပြုလေ့ရှိကြရာ အတီတဘဝင်မှ စတင်ရေတွက်သောအခါ စိတ္တက္ခဏ (၁၇) ချက်ပြည့်ရန် လိုအပ်သော အရေအတွက်အလိုက်သာ မူလဘဝင်အကြိမ်ချပါလေ။

ဘဝင်သွင်းရန်, ချရန် ပုံသေနည်းစည်းမျဉ်း

အတီတဘဝင်, ဘဝင်စလနစသော ရှေ့နောက်ဘဝင်ဟူသမျှ အနှစ်ချုပ်အားဖြင့် ပုဂ္ဂိုလ်ကိုကြည့်၍ သွင်းရချရမည်။ အကျယ်အားဖြင့်ကား-

(၁) ဒုဂ္ဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်ဆိုင်ရာ၌ အဟိတ်အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်-၁-ပါးသာ ရှေ့နောက်ဘဝင်, ဖြစ်သင့်သည်။

သာဓက ။ **ဝီထိမုတ်စာပိုဒ်-၁၆။**

(၂) သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်ဆိုင်ရာ၌ အဟိတ် ကုသလဝိပါက် ဥပေက္ခာသန္တီရဏ စိတ်-၁-ပါးသာ ရှေ့နောက်ဘဝင်, ဖြစ်သင့်သည်။

သာဓက ။ **ဝီထိမုတ်စာပိုဒ်-၁၇။**

http://www.dhammadownload.com

(၃) ကာမသုဂတိဘုံသားဒွိဟိတ်, တိဟိတ်ပုဂ္ဂိုလ်တို့ဆိုင်ရာ၌ မဟာဝိပါက်စိတ် ၈-ပါးတို့တွင် ၁-ပါးပါးသာ ရှေ့နောက်ဘဝင် ဖြစ်သင့်သည်။ ထိုတွင်လည်းဒွိဟိတ်ပုထုဇဉ် ဆိုင်ရာ၌ မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄-ပါးတို့တွင် ၁- ပါးပါးသည်၄င်း၊ တိဟိတ်ပုဂ္ဂိုလ်တို့ဆိုင်ရာ၌ မဟာဝိပါက် ဉာဏသမ္ပယုတ် ၄-ပါးတို့တွင် ၁- ပါးပါးသည်၄င်း ရှေ့နောက်ဘဝင်ဖြစ်သင့်သည်။

သာဓက ။ **ဝီထိစာပိုဒ်-၄၁၊ ဝီထိမုတ်စာပိုဒ်-၁၈။**

ရူပ, အရူပဘုံသားတိဟိတ် ပုဂ္ဂိုလ်တို့ဆိုင်ရာ၌ မိမိဘုံနှင့်ဆိုင်ရာ ဝိပါက်စိတ် ၁-ပါးစီသာ ရှေ့နောက်ဘဝင်ဖြစ်သင့်သည်။

သာဓက ။ **ဝီထိမုတ်စာပိုဒ်-၈၈။**

ဆောင် * **ဒု. သု. ဒွိ. တိ၊ ဖ. အရိ၊ ပုဂ္ဂိုလ်ကြည့်၍ ဘဝင်ချ။**

* **ဒု (အကုဉ်)၊ သု(ကုဉ်)၊ ဒွိစု (ဉာဝိပ်) ချ။**

* **တိဟိတ်ကာမာ၊ (ဉာသမ်) သာ၊ ရူပါရူပ (ဆိုင်ရာ. ဝိ) ကိုရ။**

ဝီထိအလို်က် အတိတဘဝင်လွန်သောအကြိမ်များ

ဆောင် * **(အတိမဟန်)၊ တစ်ချက်လွန်၊ (မဟန်) နှစ်သုံးချ။**

* **လေးစ, ကိုးထိ၊ (ပရိတ်) သိ၊ (အတိ) ဆယ်စ, ဆယ့်ငါးချ။**

ဝိသယပွဝတ္တိ (အာရုံဖြစ်ပုံ) ဇယား

ဝီထိ	စက္ခုဒွါရဝီထိ-၁၅မျိုး																	ဝါရ	ဝီထိသာဓက
အတိ	တီ	နှ	ဒ	ပ	စ	သံ	ဏ	ဝု	ဇ	ဇ	ဇ	ဇ	ဇ	ဇ	ဇ	ရုံ	ရုံ	တဒါ	၁၀၊၁၁
မဟန္တာရုံ ၂	တီ-၂	နှ	ဒ	ပ	စ	သံ	ဏ	ဝု	ဇ	ဇ	ဇ	ဇ	ဇ	ဇ	ဇ	ဘ		ဇဝ နှ	၁၂
	တီ-၃	နှ	ဒ	ပ	စ	သံ	ဏ	ဝု	ဇ	ဇ	ဇ	ဇ	ဇ	ဇ	ဇ				
ပရိ ဓာ ရုံ ၆	တီ-၄	နှ	ဒ	ပ	စ	သံ	ဏ	ဝု	ဝု	ဘ	ဘ	ဘ	ဘ	ဘ				ဝေါ ဋ္ဌ နှ	၁၃
	တီ-၅	နှ	ဒ	ပ	စ	သံ	ဏ	ဝု	ဝု	ဘ	ဘ	ဘ							
	တီ-၆	နှ	ဒ	ပ	စ	သံ	ဏ	ဝု	ဝု	ဘ	ဘ								
	တီ-၇	နှ	ဒ	ပ	စ	သံ	ဏ	ဝု	ဝု	ဘ									
	တီ-၈	နှ	ဒ	ပ	စ	သံ	ဏ	ဝု	ဝု										
	တီ-၉	နှ	ဒ	ပ	စ	သံ	ဏ	ဝု											
အတိ ပရိ ဓာ ရုံ ၆	တီ-၁၀	နှ	နှ	ဘ	ဘ	ဘ	ဘ	ဘ										မော ဃ	၁၄
	တီ-၁၁	နှ	နှ	ဘ	ဘ	ဘ	ဘ												
	တီ-၁၂	နှ	နှ	ဘ	ဘ	ဘ													
	တီ-၁၃	နှ	နှ	ဘ	ဘ														
	တီ-၁၄	နှ	နှ	ဘ															
	တီ-၁၅	နှ	နှ																

http://www.dhammadownload.com

ဝါရ (၄) မျိုးတို့၏အဓိပ္ပါယ်များ

၁။ တဒါရုံအဆုံးရှိသော ဝိထိစိတ်တို့၏ အလှည့်အကြိမ်ကိုပြဆိုသောကြောင့် အတိမဟန္တာရုံသည် တဒါရမ္မဏဝါရမည်၏။

၂။ ဇောအဆုံးရှိသော ဝိထိစိတ်တို့၏ အလှည့်အကြိမ်ကိုပြဆိုသောကြောင့် မဟန္တာရုံသည် ဇဝနဝါရမည်၏။

၃။ ဝုဋ္ဌောအဆုံးရှိသော ဝိထိစိတ်တို့၏ အလှည့်အကြိမ်ကိုပြဆိုသောကြောင့် ပရိတ္တာရုံဒ္ဝာရည် ဝေါဋ္ဌပ္ပနဝါရမည်၏။

၄။ ဘဝင်လှုပ်ရုံမျှသာလှုပ်ပြီး ဝိထိစိတ်များလုံးဝမဖြစ်တော့သော စိတ်၏အလှည့်အကြိမ် ဖြစ်သောကြောင့် အတိပရိတ္တာရုံသည် မောဃဝါရမည်၏။

ဤကား ယထာက္ကမံအရ အစဉ်အားလျော်စွာ ဝါရနှင့် အာရုံဖြစ်ပုံတည်း။

ပဋ္ဌာန်ရဉ်ဖြစ်ထိုက်သမျှ ဝိထိပေါင်း (၇၅) မျိုး

စက္ခုဒ္ဒါရဝိထိ၌ အတိမဟန္တာရုံ (၁) ဝိထိ၊ မဟန္တာရုံ (၂)ဝိထိ၊ ပရိတ္တာရုံ (၆) ဝိထိ၊ အတိပရိတ္တာရုံ (၆) ဝိထိအားဖြင့် (၁၅) မျိုးရှိနိုင်သကဲ့သို့ သောတဒ္ဒါရဝိထိ, ဃာနဒ္ဒါရဝိထိ, ဇိဝှါဒ္ဒါရဝိထိ, ကာယဒ္ဒါရဝိထိတို့၌လည်း (၁၅) ဝိထိစီရှိနိုင်သောကြောင့် ပဉ္စဒ္ဒါရဝိထိပေါင်း (၇၅) ဝိထိရှိနိုင်ပါသည်။

သာဓက ။ **ဝိထိစာပိဒ်-၁၅**။

အမိဝမ်းအောင်းသွင်းယ်၌ဖြစ်ထိုက်သော ဝိထိများ

ဂဗ္ဘသေယျက သတ္တဝါတို့အား ပဋိသန္ဓေစိတ်၏ဥပါဒ်မှစ၍ အမိဝမ်းတွင်းအောင်းအခါ၌ စက္ခုပသာဒစသော ပသာဒရုပ်များနှင့် ဟဒယဝတ္ထုရုပ်များအစုံအလင်ဖြစ်နိုင်ပြီး စိတ်၌အာရုံမဆိတ်သုဉ်း အောင်, အာရုံပေါ်လာအောင် ပြုပေးနိုင်စွမ်းရှိသည့် (အာရမ္မဏပဋိပါဒက) မနသိကာရစေတသိက်လည်း ဖြစ်နိုင်သောကြောင့် (၁) သောတဒ္ဒါရ ဝိထိ၊ (၂) ဇိဝှါဒ္ဒါရဝိထိ၊ (၃) ကာယဒ္ဒါရ ဝိထိအားဖြင့် ပဉ္စဒ္ဒါရဝိထိ (၃) မျိုးဖြစ်နိုင်ပါသည်။

သာဓက ။ **ရူပ်စာပိဒ်-၅၄၊ ၅၅၊ စေတသိက်စာပိဒ်-၁၂**။

မနောဒ္ဒါရဝိထိတို့တွင် (၁) ဘဝနိကန္တိကလောဘဇော (ပဋိသန္ဓေစိတ်) ဖြစ်နိုင်သောကြောင့် ကာမဇော၀ါရ မနောဒ္ဒါရဝိထိ၊ (၂) ပဋိသန္ဓေဥပါဒ်ပြီးနောက် ဝမ်းတွင်း၌ကိန်းပိုက်ဆဲ

http://www.dhammadownload.com

ပဝတ္တိအခါ၌ သေဆုံးနိုင်သောကြောင့်မရဏာသန္နဝီထိအားဖြင့် မနောဒွါရဝီထိ (၂) မျိုးဖြစ်နိုင်ပါသည်။

သာဓက ။ ဝီထိမုတ်စာပိုဒ်-၉၁၊ ၉၂နှင့် ရုပ်စာပိုဒ်-၆၁ (ဒုတိယဂါထာ)။

မှတ်ရန် ။ **အဓိပတိုင်း၌ ကိန်းနေစဉ် သူငယ်၏နားနှင့် နီးကပ်သော အူတွင်း, အူမက ဝမ်းရုတ်သံ, ဝမ်းဗိုက်၌ထိခိုက်သံများကို အာရုံပြု၍ သောတဒွါရဝီထိ၊ သူငယ်၏ခံတွင်း, အာစောက်, လျှာတစ်လျှောက်တို့၌ အာရည်, လျှာရည်များရှိနေ၍ ဇိဝှါဒွါရဝီထိ၊ အဓိပတိုင်း၌ ထိခိုက်ဖွယ်ဖောဋ္ဌဗ္ဗာရုံတွေ အပြည့်အစုံရှိနေ၍ ကာယဒွါရဝီထိဟူသော ပဉ္စဒွါရာဝီထိ (၃) မျိုးဖြစ်နိုင်သည်။ အဓိပတိုင်း၌ အလင်းရောင်အာလောကမရှိသောကြောင့် စက္ခုဒွါရဝီထိသည်၄င်း၊ ဝင်လေ, ထွက်လေမဖြစ်၍ အသက်မရှူနိုင်သောကြောင့် ဃာနဒွါရဝီထိသည်၄င်းမဖြစ်နိုင်ဟုမှတ်။**

ဂါထာပါ သင်္ခါတို့၏ သင်္ချေယျများ

ဝီထိစိတ္တာနိ သတ္တေဝ၌ သတ္တအရ (အမျိုးအစားသာမညအားဖြင့်ကား) ပဉ္စဒွါရာဝဇ္ဇန်း (၁) မျိုး၊ စက္ခုဝိညာဏ်စသည် (၁) မျိုး၊ သမ္ပဋိစ္ဆိုင်း (၁) မျိုး၊ သန္တီရဏ (၁) မျိုး၊ ဝုဋ္ဌော(၁)မျိုး၊ ဇော (၁) မျိုး၊ တဒါရုံ (၁) မျိုးအားဖြင့် (၇) မျိုးဖြစ်ပါသည်။

စိတ္တုပ္ပါဒါ စတုဒ္ဒသ၌ စတုဒ္ဒသအရ (ဖြစ်ကြိမ် ဝိသေသအားဖြင့်ကား) ပဉ္စဒွါရာဝဇ္ဇန်း (၁) ကြိမ်၊ စက္ခုဝိညာဏ် စသည် (၁) ကြိမ်၊ သမ္ပဋိစ္ဆိုင်း (၁) ကြိမ်၊ သန္တီရဏ (၁) ကြိမ်၊ ဝုဋ္ဌော (၁) ကြိမ်၊ ဇော (၇) ကြိမ်၊ တဒါရုံ (၂) ကြိမ်အားဖြင့် (၁၄) ကြိမ်ဖြစ်ပါသည်။ စတုပညာသဝိတ္ထာရာ၌ စတုပညာသအရ (ဖြစ်နိုင်သမျှအကျယ် ဝိတ္ထာရအားဖြင့်ကား) ကာမစိတ် (၅၄) ပါးဖြစ်ပါသည်။

သာဓက ။ **သဗ္ဗထာပိ ပဉ္စဒွါရေ စတုပညာသစိတ္တာနိ ကာမာဝစရာနေဝ။**

(ပကိဏ်းစာပိုဒ် - ၃၉)

* * * * * * *

http://www.dhammadownload.com

မနောဒွါရ, ကာမဇောဝါရ မြင်ကွင်း

(ဇဝနဝါရ အားဖြင့်) မနောဒွါရဝီထိ (၂) မျိုး

၁။ ကာမဇောစိတ်တို့၏ ဖြစ်လှည့်အကြိမ်ပြ ကာမဇောဝါရ၊

၂။ အပွနာဇောစိတ်တို့၏ ဖြစ်လှည့်အကြိမ်ပြ အပွနာဇောဝါရ ဟူ၍ ဇဝနဝါရအားဖြင့် မနောဒွါရဝီထိ (၂) မျိုးရှိပါသည်။

သာဓက ။ ဝီထိစာပို့ဒ်-၁၇၊ ၂၀။

(အာရမ္မဏအားဖြင့်) ကာမဇောဝါရ မနောဒွါရဝီထိ (၂) မျိုး

၁။ ထင်ထင်ရှားရှားထင်လာသည့် အာရုံဖြစ်သော ဝိဘူတာရုံ၊

၂။ မထင်မရှားမှုန်ဝါးဝါးထင်လာသည့်အာရုံဖြစ်သော အဝိဘူတာရုံဟူ၍ အာရမ္မဏအားဖြင့် ကာမဇောဝါရ မနောဒွါရဝီထိ (၂) မျိုးရှိပါသည်။

သာဓက ။ ဝီထိစာပို့ဒ်-၁၇၊ ၁၈။

အတီတဘဝင်ချဖွယ်မလို့သော မနောဒွါရဝီထိအာရုံများ

မနောဒွါရဝီထိ၌ စိတ္တက္ခဏ (၁) ချက်မျှသာရှိသော စိတ်, စေတသိက်, အတိတ်ရုပ်တရား, အနာဂတ်ရုပ်တရားနှင့် ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ပညတ်အာရုံများ ထင်လာသည့်အခါ (ဥပါဒ်ပြီးသည့်နောက် စိတ္တက္ခဏ ဘယ်လောက်လွန်မှ ထင်လာသည်ဟု မဆိုထိုက်သောကြောင့်) အတီတဘဝင်ချဖွယ်မလိုပါ။

အတီတဘဝင်ချထိုက်သော မနောဒွါရဝီထိအာရုံများ

မနောဒွါရဝီထိ၌ အချို့သော ပစ္စုပ္ပန်အာရုံများထင်လာသည့်အခါ၌ကား (ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ဘယ်လောက်လွန်မှထင်လာသည်ဟု ဆိုထိုက်သောကြောင့်) အတီတဘဝင်ချထိုက်ပါသည်။

ဆောင် * စိတ်, စေတသိက်၊ တိတ်, နာဂတ် ရုပ်၊ ဝိမုတ်ပညတ်၊ နိဗ္ဗာန်ဓာတ်တို့၊ ထင်လတ်ပါလျှင်၊ တီဘဝင်ကို၊ မလိုချဖွယ်၊ ပန်ရုပ်ဝယ်၊ ချဖွယ်သင့်ပါ၏။

http://www.dhammadownload.com

မှတ်ရန် * မနောဒွါရိကစိတ်၏အာရုံတို့တွင် ပစ္စုပ္ပန်အာရုံထင်ရာ၌သာ အတိတ ဘဝင်ချထိုက်သည်ဟုမှတ်ပါ။

မနောဒွါရဒုရေ

မနောဒွါရေ ပန၌ မနောဒွါရအရုကားး ဘဝင်စိတ် (၁၉) ခုကို ယူရပါမည်။

သာဓက ။ ပကိဏ်းစာပို်ဒ် - ၃၈။

မနောဒွါရဝိထိဉ်ပါသော အာရမ္မဏအရ

မနောဒွါရိက (ဘဝင်). စိတ်၏ အာရုံများကား ပစ္စုပ္ပန်, အတိတ်, အနာဂတ်နှင့် ကာလဝိမုတ် ဖြစ်သော အာရုံ (၆) ပါး (စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပညတ်) အားလုံးပင် ဖြစ်သောကြောင့် မနောဒွါရဝိထိဉ်ပါသော အာရမ္မဏအရ (မနောဒွါရဉ်ထင်လာနိုင်သော အာရုံများ) ကား ပစ္စုပ္ပန်, အတိတ်, အနာဂတ်ဖြစ်သော စိတ်, စေတသိက်, ရုပ် အားလုံးနှင့် ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန်, ပညတ်အာရုံတို့ဖြစ်ပါသည်။

သာဓက ။ ပကိဏ်းစာပို်ဒ် - ၅၂။

အိပ်ပျော်သောစိတ်နှင့် အိပ်မက်ဝီထိ (၂) မျိုး

အိပ်ပျော်သောစိတ်ကား မနောဒွါရဝီထိနောင်ဖြစ်သော ဘဝင်စိတ်တည်း။ အိပ်မက်ဝီထိများကားမှတ်မှတ်ရရမြင်မက်သော မနောဒွါရဝိဘူတာရုံဝီထိနှင့် အမှတ်မထင်မြင်မက်သော အဝိဘူတာရုံဝီထိဟူ၍ (၂) မျိုးရှိပါသည်။

သာဓက ။ ဝီထိစာပို်ဒ်-၁၇၊ ၁၈။

အိပ်မက်မက်သူများနှင့် အိပ်မက်ဇော

အိပ်မက်သည် ဝိပလ္လာသမကင်းသေးသော ပုထုဇဉ် သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်၌သာ မက်လေ့ရှိသည်။ ဝိပလ္လာသကင်းပြီးသော ရဟန္တာများကား အိပ်မက်မက်လေ့မရှိပါ။

(သမ္မောဟ ၌-၃၉၀)

ထို့ကြောင့် အိပ်မက်ဝီထိ၌ပါသောအိပ်မက်ဇောအရ မဟာကုသိုလ်, အကုသိုလ်ဇောတို့တွင် ဖြစ်သင့်ရာဇော (၁) မျိုးမျိုးကိသာ ယူရမည်။

http://www.dhammadownload.com

နိဗ္ဗာန်ကို အိပ်မက်မက်နိုင်/ မမက်နိုင်

နိဗ္ဗာန်ကို ပစ္စဝေက္ခဏာဆင်ခြင်နိုင်သည့် သေက္ခပုဂ္ဂိုလ်တို့၏သန္တာန်၌ မနောဒွါရ (အိပ်မက်) ဝီထိများ ဖြစ်နိုင်သောကြောင့်၄င်း၊ မနောဒွါရ (အိပ်မက်) ဝီထိ၏ အာရုံတို့တွင် ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်လည်းပါဝင်သောကြောင့်၄င်း၊ အောက်ဖလဋ္ဌာန်သေက္ခပုဂ္ဂိုလ် (၃) ယောက်တို့သည် နိဗ္ဗာန်ကို အိပ်မက်မက်နိုင်ပါသည်။

သာဓက ။ **ပကိဏ်းစာပို၌-၅၂။ ဝီထိစာပို၌-၄၈၊ ကမ္မဋ္ဌာန်း-၆၀ (ပထမဂါထာ)။**

အိပ်မက်သည် ကုသိုလ်ရ, မရ

မနောဒွါရ (အိပ်မက်) ဝီထိ၌ ကုသိုလ်, အကုသိုလ်ဇောများ စောနိုင်သောကြောင့် ဘုရားဖူး, တရားနာစသော အိပ်မက်ကောင်းများကို မြင်မက်ရာ၌ ကုသိုလ်ဇောစော၍ ကုသိုလ်ရနိုင်ပြီး၊ အသက်သတ်, ခိုးမှုစသော အိပ်မက်ဆိုးများကို မြင်မက်ရာ၌ အကုသိုလ်ဇောစော၍ အကုသိုလ်ဖြစ်နိုင်ပါသည်။

သာဓက ။ **ဝီထိစာပို၌-၁၇၊ ၁၈။**

အိပ်မက်အကျိုးပေးမှု, မပေးမှု

အိပ်မက်မက်သောအခါ မနောဒွါရဝီထိ၌ဖြစ်ပေါ်လာသော ဇောမေတနာတို့သည် မှီရာဝတ္ထုရုပ်များအားနည်းသောကြောင့် ပဋိသန္ဓေအကျိုးကိုမပေးနိုင်ပါ။ အခြားကံတို့၏ အထောက်အပံ့ကိုရခဲ့သော် ပဝတ္တိအကျိုးကိုကား ပေးနိုင်ပါသည်။အခြားကံတို့၏ အထောက်အပံ့ကိုမရပါမူကား- မည်သည့်အကျိုးကိုမျှ မပေးနိုင်ပါ။ **(သမ္မောဟ. ၌ -၃၉၁)**

အာရုံ (၁) ခုကို စဉ်းစားမှု ပြုရာ၌ ဖြစ်ထိုက်သော စိတ်အစဉ်များ

အတိတ်အကြောင်းကို ပြန်ပြောင်းတွေးကြည့်ရာ၌ဖြစ်စေ၊ အနာဂတ်အရေးကို ကြိုတွေးရာ၌ဖြစ်စေ၊ သက်ဆိုင်ရာအာရုံ (၁) ခုခုသည် စိတ်အစဉ်၌ထင်ထင်ရှားရှား ထင်လာပါက ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ဇော (၇) ကြိမ်, တဒါရုံ (၂) ကြိမ်ဖြစ်ပြီးနောက် ဘဝင်ဖြစ်ထိုက်သမျှဖြစ်ခြင်းဟူသော ဝိဘူတာရုံဝီထိဖြစ်ပါသည်။

သာဓက ။ **ဝီထိစာပို၌-၁၇။**

http://www.dhammadownload.com

အတိတ်အကြောင်းကို ပြန်ပြောင်းတွေးကြည့်ရာ၌ဖြစ်စေ၊ အနာဂတ်အရေးကို ကြိုတွေးရာ၌ဖြစ်စေ၊ သက်ဆိုင်ရာအာရုံ (၁) ခုခုသည် စိတ်အစဉ်၌မထင်မရှား မှုန်ဝါးဝါးထင်လာပါက ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒ္ဓါရာဝဇ္ဇန်း, ဇော (၇) ကြိမ်ဖြစ်ပြီးနောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်ခြင်းဟူသော အဝိဘူတာရုံဝိထိဖြစ်ပါသည်။

သာဓက ။ **ဝိထိစာပိုဒ်-၁၈။**

သတိပဋ္ဌာန်ပွားများ (တရားအားထုတ်ခိုက်) ဖြစ်ထိုက်သောစိတ်အစဉ်

သတိပဋ္ဌာန်ပွားများတရားစတင်အားထုတ်ခိုက် သက်ဆိုင်ရာကမ္မဋ္ဌာန်းအာရုံ ပီပီပြင်ပြင်ထင်လာစဉ် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒ္ဓါရာဝဇ္ဇန်း, ဇော (၇) ကြိမ်, တဒါရုံ (၂) ကြိမ်ဖြစ်ပြီးနောက် ဘဝင်ဖြစ်ထိုက်သမျှဖြစ်ခြင်းဟူသော ဝိဘူတာရုံဝိထိဖြစ်ပါသည်။

သာဓက ။ **ဝိထိစာပိုဒ်-၁၇။**

မနောဒ္ဓါရ ကာမဇောဝါရ၌ တဒါရုံမဖြစ်ခြင်းအကြောင်း

မထင်မရှား, မှုန်ဝါးဝါးအာရုံဖြစ်သောကြောင့် မနောဒ္ဓါရ ကာမဇောဝါရ အဝိဘူတာရုံဝိထိ၌ တဒါရုံမကျနိုင်ခြင်းဖြစ်ပါသည်။

မနောဒ္ဓါရ ကာမဇောဝါရ၌ဖြစ်သော ဝိထိစိတ်များပြု ဂါထာပါ သင်္ခ်ာတို့၏ သင်္ခ်ေယျများ

ဝိထိစိတ္တာနိ တီဏေဝ၌ တီဏိအရ (အမျိုးအစားသာမညအားဖြင့်) မနောဒ္ဓါရာဝဇ္ဇန်း (၁) မျိုး၊ ဇော (၁) မျိုး၊ တဒါရုံ (၁) မျိုးဟူ၍ (၃) မျိုးဖြစ်ပါသည်။

ဒသအရ (ဖြစ်ကြိမ်ဟူသော ဝိသေသအားဖြင့်) မနောဒ္ဓါရာဝဇ္ဇန်း (၁) ကြိမ်, ဇော (၇) ကြိမ်, တဒါရုံ (၂) ကြိမ်ဟူ၍ (၁၀) ကြိမ်ဖြစ်ပါသည်။

ဧကစတ္တာလီသအရ (အကျယ်ဝိတ္ထာရအားဖြင့်) မနောဒ္ဓါရာဝဇ္ဇန်း (၁) ပါး, ကာမဇော (၂၉) ပါး, တဒါရုံ (၁၁) ပါးဟူ၍ ကာမစိတ် (၄၁) ပါးဖြစ်ပါသည်။

* * * * * * *

http://www.dhammadownload.com

မနောဒွါရ အပ္ပနာဇောဝါရ ဖြင်လင်း

မနောဒွါရဝီထိလာ ကာမဇောဝါရနှင့် အပ္ပနာဇောဝါရတို့၏အထူး

မနောဒွါရ ကာမဇောဝါရ၌ ဝိဘူတာရုံ, အဝိဘူတာရုံဟု ဝီထိ (၂) မျိုးရှိပြီး၊ ဝိဘူတာရုံဝီထိ၌ တဒါရုံကျနိုင်သည်။ အပ္ပနာဇောဝါရ၌ကား ဝိဘူတာရုံဝီထိ (၁) မျိုးသာရှိပြီး၊ တဒါရုံ လည်းမကျနိုင်ပါ။ ဤသို့ထူး၏။

သာဓက ။ ဝီထိစာပိဒ်-၁၇၊ ၁၈၊ ၂၀။

အပ္ပနာဇောဝါရ၌ ဝိဘူတာဝိဘူတဘေဒေါ နတ္ထိဟု ဆိုခြင်းအကြောင်း

ကမ္မဋ္ဌာန်းအားထုတ်ရာ၌ ကသိဏ်းစသောအာရုံများ အလွန်ထင်ရှားသောအခါ၌သာ အပ္ပနာဇောများစောနိုင်သဖြင့် စျာန်, မဂ်ဖိုလ်ဟူသော အပ္ပနာဇောဆိုင်ရာ ဝီထိ၏အာရုံမှန်လျှင် ထင်ရှားသောဝိဘူတာရုံ (၁) မျိုးသာဖြစ်သောကြောင့် မနောဒွါရအပ္ပနာဇောဝါရ၌ (ဝိဘူတာ ဝိဘူတဘေဒေါနတ္ထိ) ဝိဘူတာရုံဝီထိ (၁) မျိုးသာရှိသည်ဟုဆိုရခြင်းဖြစ်ပါသည်။

ဥပစာရသမာဓိဇောအမည်ရသောစိတ်

(စျာန်, မဂ်ဖိုလ်တို့၏အနီး ဥပစာ၌ဖြစ်သောအခါ တည်ကြည်သောဇောများဖြစ်သော ကြောင့်) မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်ဇော (၈) ခုတို့သည် ဥပစာရ သမာဓိဇော ဟူသောအမည်ကို ရနိုင်ပါသည်။

ပရိက်, ဥပစာ, အနုလုံ့,ဂေါတြဘူ အမည်ရသော စိတ်

ဉာဏသမ္ပယုတ် ကာမာဝစရဇော (၈) ပါးတို့တွင် (၁) ပါးပါးသော ဇောသည် ပရိက်, ဥပစာ, အနုလုံ့, ဂေါတြဘုဟူသောအမည်ကို ရပါသည်။

သာဓက ။ တတ္ထဟိ (ပ) ဂေါတြဘုနာမေန (ဝီထိစာပိဒ် ၂၁)။

စောကြိမ်အလို့က် ရထို့က်သော ဥပစာရသမာဓိဇော၏အမည်များ

အသိဉာဏ်နှံ့သော မန္ဒပညပုဂ္ဂိုလ်၌ (၄) ကြိမ်စောသောအခါ ဥပစာရသမာဓိဇော တို့သည် ပရိက်, ဥပစာ, အနုလုံ့, ဂေါတြဘုအားဖြင့် အမည် (၄) မျိုးကို ရနိုင်ပါသည်။ အသိ

http://www.dhammadownload.com

ဉာဏ်ထက်သော တိက္ခပညာပုဂ္ဂိုလ်၌ (၃) ကြိမ်စောသောအခါ ဥပစာရသမာဓိဇော တို့သည် ဥပစာ, အနုလုံ, ဂေါတြဘုအားဖြင့် အမည် (၃) မျိုးကို ရနိုင်ပါသည်။

သာဓက ။ **တတ္ထ ဟိ ဉာဏသမ္မယုတ္တ (ပ) ယထာဂ္ဂမံ ဥပ္ပဇ္ဇိတ္ထာ။ ဝိထိစာပိဒ်-၂၁။**

မှတ်ရန် ။ **စတုက္ခတ္ထုံ တိက္ခတ္ထုမေဝါ ယထာဂ္ဂမံ ဥပ္ပဇ္ဇိတ္ထာ၌ ယထာဂ္ဂမဖြစ်ပုံ ကားဖော်ပြပြီးသော အဓိပ္ပါယ်အတိုင်းပင်မှတ်။**

စတုတ္ထဇ္ဈာန်၌ ပဋ္ဌမတို့ ယထာရဟဖြစ်ပုံ

မန္ဒပညာပုဂ္ဂိုလ်သန္တာန်၌ ဥပစာရသမာဓိဇော (၄) ကြိမ်စောပြီးနောက် (၅) ကြိမ်မြောက်၌ အပွဓာဇောစေသည်။ တိက္ခပညာပုဂ္ဂိုလ်သန္တာန်၌ကား ဥပစာရသမာဓိဇော (၃)ကြိမ်စောပြီးနောက် (၄) ကြိမ်မြောက်၌ အပွဓာဇောစေသည်။ ဤကား နိရုဒ္ဓါနန္တရမေဝ ယထာရဟံ စတုတ္ထံ ပဋ္ဌမံ ဝါ ယံကိဉ္စိ ဇဝနံ၌ စတုတ္ထဇ္ဈာန် ပဋ္ဌမတို့၏ ယထာရဟဖြစ်ပုံတည်း။

ယထာဘိနိဟာရ (ရှေးရှုဆောင်) ၏အဓိပ္ပါယ်

ဘာဝနာအားထုတ်သူ ယောဂီသည် မိမိ၏သမထပရိကံဘာဝနာစိတ်ကို ကသိဏ်း နိမိတ် စသည်တို့၌ စျာန်သို့ရောက်အောင် ရှေးရှုဆောင်ပို့ (အာရုံစိုက်) ခြင်းကိုဌင်း၊ မိမိ၏ ဝိပဿနာပရိကံဘာဝနာစိတ်ကို အနိစ္စလက္ခဏာစသည်တို့၌ မဂ်ဖိုလ်သို့ရောက်အောင် ရှေးရှုဆောင်ပို့ (အာရုံစိုက်) ခြင်းကိုဌင်း၊ ယထာဘိနီဟာရ (ရှေးရှုဆောင်) ဟု ဆိုလိုပါသည်။

မဟဂ္ဂုတ်, လောကုတ္တရာဇောများ အပွဓာမည်ခြင်းအကြောင်း

(စျာန်မဂ်ဖိုလ်ရအောင်အားထုတ်သူသည် မိမိ၏သမထ, ဝိပဿနာဘာဝနာစိတ်ကို စျာန်မဂ်ဖိုလ်သို့ရောက်အောင် ရှေးရှုဆောင်ခြင်း၏အစွမ်းဖြင့်) မဟဂ္ဂုတ်, လောကုတ္တရာဇော (၂၆) ပါးတို့တွင် (၁) ပါးပါးသည် စျာန်, မဂ်, ဖိုလ်ဟူသော အပွဓာအစဉ်သို့ သက်ရောက်နိုင်သောကြောင့် မဟဂ္ဂုတ်, လောကုတ္တရာဇောများသည် အပွဓာမည်ပါသည်။

သာဓက ။ **ဆဇ္ဈိသတိ မဟဂ္ဂတလောကုတ္တရဇဝနေသု (ပ) အပွဓာဝိထိမောတရတိ။**

ဝိထိစာပိဒ်-၂၁။

http://www.dhammadownload.com

မန္ဒပည, တိက္ခပညပုဂ္ဂိုလ်တို့၏ အာဒိကမ္မိကစျာနဝိထိများ

(မန္ဒပုဂ္ဂိုလ်) ဘ န ဒ မ ပ ဥ နု ဂေါ စျာန် ဘ ဘ
(တိက္ခပုဂ္ဂိုလ်) ဘ န ဒ မ ဥ နု ဂေါ စျာန် ဘ ဘ
သာဓက ။ ဝိထိစာပိုဒ်-၂၁။

အပွနာဇောဝါရ မနောဒွါရဝိထိ၌ အတီတဘဝင်မချထိုက်

အပွနာဇောဝါရ မနောဒွါရဝိထိ၌ထင်လာသောအာရုံသည် ကာလဝိမုတ်ဖြစ်သည့် ကသိဏ်းပညတ်စသောအာရုံနှင့် နိဗ္ဗာန်အာရုံများသာဖြစ်သောကြောင့် အတီတဘဝင်မချထိုက်ပါ။

ပုထုဇ္ဇနာန သေက္ခာနံ၌ ပုထုဇ္ဇန–အရ

ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ်ပုထုဇဉ်တို့၌ အပွနာဇောများ မဖြစ်နိုင်သောကြောင့် အပွနာဇောအရာဖြစ်သော ဤနေရာတွင် ပုထုဇ္ဇနာန သေက္ခာနံ၌ ပုထုဇ္ဇနအရတိဟိတ်ပုထုဇဉ်ကိုသာ ယူရပါမည်။
သာဓက ။ ဝိထိစာပိုဒ် - ၄၀။

သေက္ခအရ

မဂ္ဂင်္ဂာန် သေက္ခပုဂ္ဂိုလ်တို့မှာ သက်ဆိုင်ရာ မဂ်စိတ် (၁) ခုစီသာဖြစ်၍ ကာမကုသိုလ်များ ဖြစ်ခွင့်မရှိသောကြောင့် တိဟိတ်ကာမကုသိုလ် (၂) ခုနောင် အပွနာဇောစောသော ဤနေရာတွင် ပုထုဇ္ဇနာန သေက္ခာနံ၌ သေက္ခအရ အောက်ဖလင်္ဂာန်သေက္ခပုဂ္ဂိုလ် (၃) ယောက်တို့ကိုသာ ယူရပါသည်။
သာဓက ။ ဝိထိစာပိုဒ် - ၃၅၊ ၄၇။

(ဥပစာရ သမာဓိ) ကာမဇောနောင် အပွနာဇောစောပုံများ

တိဟိတ်ပုထုဇဉ်နှင့် အောက်ဖလင်္ဂာန် (၃) ယောက်တို့၏ သောမနဿ, မဟာကုသိုလ်, ဉာဏသမွယုတ်, ဇော (၂) ခုနောင် မဟဂ္ဂုတ်ကုသိုလ် သောမနဿ (၄) ပါး၊ မဂ်သောမနဿ (၁၆) ပါး၊ အောက်ဖိုလ်သောမနဿ (၁၂) ပါးအားဖြင့် (၃၂) ပါးသော အပွနာဇောများ စောကြသည်။ (ဂါထာပါ ဒွတ္တိသအရတည်း။)
သာဓက ။ သောမနဿသဟဂတဇဝနာနံ နွဏ္ဏရဲ (ပ) ပါဋိကဩတဗွာ။ ကုသလဇဝနာနန္တရဲ (ပ) ဖလတ္တယမပ္ပေတိ။ (ဝိထိစာပိုဒ်-၂၂)

http://www.dhammadownload.com

တိဟိတ်ပုထုဇဉ်နှင့် အောက်ဖလဋ္ဌာန် (၃) ယောက်တို့၏ ဥပေက္ခာ, မဟာကုသိုလ်, ဉာဏသမ္ပယုတ်, ဇော (၂) ခုနောင် မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာ (၅) ပါး၊ မဂ်ဥပေက္ခာ (၄) ပါး၊ အောက်ဖိုလ်ဥပေက္ခာ (၃) ပါးအားဖြင့် (၁၂) ပါးသော အပွနာဇောများ စောကြသည်။ **(ဂါထာပါ ဒွါဒသအရတည်း။)**

သာဓက ။ **ဥပေက္ခာသဟဂတဇဝနာနံ၌ရံ ဥပေက္ခာသဟဂတာဝ။ ကုသလဇဝနာနန္တရံ ကုသလဇဝနဥွေဝ ဟေဋ္ဌိမဥွ ဖလတ္တယမပွေတိ။ (ဝိထိစာပိုဒ်-၂၂)**

ရဟန္တာတို့၏ သောမနဿမဟာကြိယာ ဉာဏသမ္ပယုတ်ဇော (၂) ခုနောင် မဟဂ္ဂုတ်ကြိယာသောမနဿ (၄) ပါး၊ အရဟတ္တဖိုလ် သောမနဿ (၄) ပါးအားဖြင့် (၈) ပါးသော အပွနာဇောများစောကြသည်။ **(ဂါထာပါ အဋ္ဌအရတည်း။)**

သာဓက ။ **သောမနဿသဟဂတဇဝနာနန္တရံ (ပ) ပါဠိကဦတပွာ။ ကိရိယဇဝနာနန္တရံ ကိရိယဇဝနံ အရဟတ္တဖလဥွ။ (ဝိထိစာပိုဒ်-၂၂)**

ရဟန္တာတို့၏ ဥပေက္ခာ မဟာကြိယာဉာဏသမ္ပယုတ်ဇော (၂) ခုနောင် မဟဂ္ဂုတ်ကြိယာဥပေက္ခာ (၅) ပါး၊ အရဟတ္တဖိုလ် ဥပေက္ခာ (၁) ပါးအားဖြင့် (၅) ပါးသော အပွနာဇောများစောကြသည်။ **(ဂါထာပါ ဆ-အရတည်း။)**

သာဓက ။ **ဥပေက္ခာသဟဂတဇဝနာနံ၌ရံ ဥပေက္ခာသဟဂတာဝ။ ကိရိယဇဝနာနန္တရံ ကိရိယဇဝနံ အရဟတ္တဖလဥွ။ (ဝိထိစာပိုဒ်-၂၂)**

မှတ်ရန် ။ **ဤကား (ပုဂ္ဂိုလ်အားလျော်စွာ ဝေဒနာအလိုက် ဥပစာရသမာဓိကာမဇောနောင် အပွနာဇောစောပုံ) အကျဉ်းချုပ်တည်း။ ဒွတ္တိသနှင့်ဒွါဒသ ကိုပေါင်းလျှင် ဂါထာတွင် (စတုစတ္တာလီသအရ) ဖြစ်ပြီး၊ အဋ္ဌ. အရနှင့် ဆ. အရကိုပေါင်းလျှင် (စုဒ္ဒသအရ) ဖြစ်သည်ဟုမှတ်ပါ။**

ကာမဇောနောင် အပွနာဇောစောရာ၌ ပုံသေနည်းစည်းမျဉ်း

ကာမဇောနောင် အပွနာဇောစောရာ၌ ကာမဇောအရ မဟာကုသိုလ်. ကြိယာဉာဏသမ္ပယုတ်ဇော (၈)ခုကိုယူ၍ အပွနာဇောအရ မဟဂ္ဂုတ်ကုသိုလ်, ကြိယာဇောများနှင့် လောကုတ္တရာ ဇောအကျယ် (၄၀) တို့ကို ယူရမည်။ ကာမဇောနှင့် အပွနာဇောတို့သည် (၁)ကုသိုလ်, ကြိယာ ဟူသော ဇာတ်အားဖြင့်တူညီပြီး၊ (၂) သောမနဿဥပေက္ခာဟူသော ဝေဒနာအားဖြင့်လည်း တူညီမှသာ ရှေ့နောက်အနေအားဖြင့်စောနိုင်သည်။ အောက်ဖလဋ္ဌာန် (၃) ခုကို ကုသိုလ်ဇာတ်, အရဟတ္တဖလဋ္ဌာန်ကို ကြိယာဇာတ်ကဲ့သို့ အသုံးပြုရမည်။

http://www.dhammadownload.com

တဒါရမ္မဏာနိယမ မြင်ကွင်း

တဒါရမ္မဏာနိယမ

မည်သည့်ဇောနောင်, မည်သည့်တဒါရုံဖြစ်သည်ဟု ဇောဖြင့်တဒါရုံကို ပိုင်းခြားသတ်မှတ်ပြသောအခန်းသည် ပဓာနနည်းအားဖြင့် တဒါရမ္မဏာနိယမ မည်ပါသည်။

ဝိပါက်အမှုန်

အနိဋ္ဌာရုံ, ကဋ္ဌာရုံ, အတိကဋ္ဌာရုံတို့အားလျော်စွာ သန္ဓိရဏတဒါရုံ ဝိပါက်တို့သည် သောမနဿ, ဥပေက္ခာဟူသော ဝေဒနာယှဉ်မှု မှန်ကန်ခြင်းကို ဝိပါက်အမှုန်ဟုခေါ်သည်။
သာဓက ။ ဝိထိစာပိဒ်-၂၅၊ ၂၆နှင့် ၂၇ (ပထမဝါကျ)။

ဝိပါက်အမှုန်ဖြစ်ပုံအကျယ်

သဘာဝအနိဋ္ဌာရုံနှင့် တွေ့ကြုံရာ၌ အကုသလဝိပါက်ဖြစ်သော ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, ဥပေက္ခာသန္ဓိရဏတဒါရုံများဖြစ်ကြသည်။
သာဓက ။ ဝိထိစာပိဒ်-၂၅။

သဘာဝကဋ္ဌာရုံနှင့်တွေ့ကြုံရာ၌ ကုသလဝိပါက်ဖြစ်သော ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, ဥပေက္ခာသန္ဓိရဏတဒါရုံများဖြစ်ကြသည်။
သာဓက ။ ဝိထိစာပိဒ်-၂၆။

သဘာဝအတိကဋ္ဌာရုံနှင့်တွေ့ကြုံရာ၌ ကုသလဝိပါက်ဖြစ်သော ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သောမနဿသန္ဓိရဏတဒါရုံများဖြစ်ကြသည်။
သာဓက ။ ဝိထိစာပိဒ်-၂၇ (ပထမဝါကျ)။

ကဋ္ဌေ ကုသလဝိပါကာနိဋ္ဌ ကဋ္ဌနှင့် ကုသလဝိပါကတို့အရ

အတိကဋ္ဌေ ပနစသည်ဖြင့် အတိကဋ္ဌာရုံကို သီးခြားဆိုလတ္တံ့ဖြစ်သောကြောင့် ကဋ္ဌအရ အလယ်အလတ်ဖြစ်သော သဘာဝကဋ္ဌာရုံကိုသာ ယူရမည်။ သောမနဿသန္ဓိရဏကုသလဝိပါက်တဒါရုံတို့သည် အတိကဋ္ဌာရုံ၌သာ ကျလေ့ရှိသောကြောင့် အလယ်အလတ်ဖြစ်သော သဘာဝကဋ္ဌာရုံဆိုင်ရာ ဤနေရာ၌ ကုသလဝိပါကအရ ကုသလဝိပါက် ဥပေက္ခာ သန္ဓိ

http://www.dhammadownload.com

ရဏာ တဒါရုံတို့ကိုသာ ယူရမည်။
သာဓက ။ ဝိထိစာပိုဒ်-၂၇ (ပထမဝါကျ)။

ကံနိမ့်၍ သရဲခြောက်ခံရ

မတွေ့မကြုံလိုသော အနိဋ္ဌာရုံကို မြင်တွေ့ခြင်းသည် (အကုသိုလ်၏အကျိုး မြင်သိစိတ်စသော) အကုသလဝိပါက် ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏစိတ်သဘောများ ဖြစ်သောကြောင့် ကံနိမ့်၍ သရဲ, တစ္ဆေခြောက်ခံရသည်ဟု ဆိုခြင်းသည် အဘိဓမ္မာနှင့် အညီသာဖြစ်သည်။
သာဓက ။ ဝိထိ-၂၅။

အနိဋ္ဌာရုံကိုတွေ့ကြုံရခြင်းသည် အကုသိုလ်၏အကျိုး

မစင်, ခွေးကောင်ပုပ် အစရှိသော အနိဋ္ဌာရုံ၌ အကုသလဝိပါက်သာလျှင်ဖြစ်သော ပဉ္စဝိညာဏ် စသည်တို့ဖြစ်သောကြောင့် မကောင်းသော အဆင်းသဏ္ဌာန်စသည်တို့ တွေ့ကြုံရခြင်းသည် အကုသိုလ်၏အကျိုးသာဖြစ်ပါသည်။
သာဓက ။ ဝိထိစာပိုဒ်-၂၅။

ကောင်းသောအာရုံကို တွေ့ကြုံခြင်းသည် ကုသိုလ်၏အကျိုး

ထမင်း, အဖျော်, အိပ်ရာနေရာစသော ဣဋ္ဌာရုံ၌ ကုသလဝိပါက်သာလျှင်ဖြစ်သော ပဉ္စဝိညာဏ်စသည်တို့ဖြစ်သောကြောင့် ကောင်းသောအဆင်းစသော အာရုံကိုတွေ့ကြုံခြင်းသည် ကုသိုလ်၏အကျိုးသာဖြစ်ပါသည်။
သာဓက ။ ဝိထိစာပိုဒ်-၂၆။

ဇောအပြန်

ပုထုဇဉ်နှင့် သေက္ခတို့၏သန္တာန်၌ ကာမကုသိုလ်, အကုသိုလ်ဇောတို့သည် အာရုံအားလျော်စွာ မစောဘဲ ဝေဒနာဖောက်ပြန် မမှန်မကန်စောခြင်းကို ဇောအပြန်ဟုခေါ်သည်။
သာဓက ။ ဝိထိစာပိုဒ်-၂၈။

http://www.dhammadownload.com

ဇောအပြန်ဖြစ်ပုံရှင်းချက်

ခွေးသည် မစင်ပုံစသော အနိဋ္ဌာရုံ၌ ဒေါသဇောမစောဘဲ (နှစ်သက်သဘောကျ) လောဘမူ အကုသိုလ်ဇောစောခြင်း၊ မိစ္ဆာဒိဋ္ဌိတိတ္ထိတို့သည် ဘုရား, တရားစသော အတိက္ကဋ္ဌာရုံ၌ နှစ်သက်သဘောကျသောမနသကုသိုလ်ဇောမစောဘဲ (သဘောမကျ) ဒေါသမူအကုသိုလ်ဇော စောခြင်းစသည်တို့သည် အာရုံအားလျော်စွာ ဇောအမှန်မစောဘဲ ဝေဒနာဖောက်လွဲဖောက်ပြန် မမှန်မကန်စောဟန် ဇောအပြန်သာဖြစ်ပါသည်။

ဝိပါက်လည်းအမှန်, ဇောလည်းအမှန်

ရဟန္တာတို့၏သန္တာန်၌ တဒါရုံဝိပါက်နှင့် ကြိယာဇောတို့ သောမနဿ, ဥပေက္ခာ ဟူသော် ဝေဒနာယှဉ်ပုံ မှန်ကန်ခြင်းကို ဝိပါက်လည်းအမှန်, ဇောလည်းအမှန်ဟု ခေါ်ပါသည်။

သာဓက ။ **ဝိထိစာပိဒ်-၂၇ (ဒု/တဝါကျများ)**။

ဝိပါက်လည်းအမှန်, ဇောလည်းအမှန်ဖြစ်ပုံ အကျယ်

ရဟန္တာတို့၏သန္တာန်၌သာဖြစ်လေ့ရှိသော ကြိယာဇောတို့သည် အတိက္ကဋ္ဌာရုံနှင့် တွေ့ကြုံရာ၌ သောမနဿကြိယာဇောနှင့် သောမနဿတဒါရုံဖြစ်ခြင်း၊ မဇ္ဈတ္တက္ကဋ္ဌာရုံ, အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံရာ၌ ဥပေက္ခာကြိယာဇောနှင့် ဥပေက္ခာတဒါရုံဖြစ်ခြင်းတို့သည် တဒါရုံဝိပါက်နှင့် ကြိယာဇောတို့ ဝေဒနာယှဉ်ပုံ မှန်ကန်သောကြောင့် ဝိပါက်လည်းအမှန်, ဇောလည်းအမှန်သာ ဖြစ်ပါသည်။

မှတ်ရန် ။ **သင်္ဂဟကျမ်းလာ ကြိယာဇောနောင် တဒါရုံဝိပါက်ကျပုံကိုပြဆိုရာ၌ အာရုံသတ်မှတ်မှုမရှိသောကြောင့် ဘုရားရဟန္တာတို့သည် (အနိဋ္ဌ, အတိက္ကဋ္ဌ) မည်သည့်အာရုံ၌မဆို သောမနဿဥပေက္ခာဇောများကို လိုသလိုစောနိုင်ကြသည်ဟုမှတ်သင့်သည်။ ပရမတ္ထဒီပနီ၌လည်း ဤသဘောအတိုင်းပင် ဖွင့်ဆိုထားပါသည်။**

အဠိမျက်လုံး, အပြုံးမျက်နှာ ဆက်တိုက်မဖြစ်နိုင်ပါ

ဒေါသဇောနောင် သောမနဿတဒါရုံနှင့် ဘဝင်တို့မဖြစ်နိုင်ဘဲ ဥပေက္ခာတဒါရုံနှင့် ဘဝင်များသာဖြစ်ရသောကြောင့် ဝီထိစိတ်ဖြစ်စဉ် (၁) ခုအတွင်း၌ အဠိမျက်လုံး, အပြုံးမျက်နှာ

http://www.dhammadownload.com

ဝမ်းနည်း, ဝမ်းသာဆက်တိုက်မဖြစ်နိုင်ပါ။

သာဓက ။ **ဝိထိစာပိုဒ်-၂၈ (ပထမဝါကျ)။**

အာဝဇ္ဇန်းနှင့် ကင်းခြင် (အာရုံယူမှု) ဖြစ်နိုင်သောစိတ်များ

ဥပေက္ခာသဟဂုတ်သန္တီရဏဟူသော အာဂန္တုကဘဝင်စိတ် (၂) ခုတို့သည် အာဝဇ္ဇန်းနှင့် ကင်းလျက် ကာမအာရုံကိုယူနိုင်သောကြောင့်၄င်း၊ မဂ္ဂဝိထိ၌ပါသော ဂေါတြဘုနှင့် ဝေါဒါန်၊ ဖလသမာပတ္တိ ဝိထိ၌ပါသော ဖိုလ်ဇော၊ နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်ဇောနှင့် အရဟတ္တဖိုလ်ဇောတို့သည် အာဝဇ္ဇန်းနှင့် ကင်းလျက် နိဗ္ဗာန်ကို အာရုံပြုနိုင်သောကြောင့်၄င်း၊ အာဝဇ္ဇန်းနှင့် ကင်းခြင်ဖြစ်နိုင်သောစိတ်များဖြစ်ပါသည်။

ဆောင် ။ **အာဂန္တုက၊ ဘဝင်ဒွနှင့်၊ မဂ္ဂဝိထိ၊ ဂေါ, ဝေါသိလော၊ ဝိထိဖလတ်၊ သမာပတ်၌၊ သိမှတ်ဖိုလ်ဇော၊ နိရောမှထ၊ အရဟ, အနာ၊ ဇော-၂ ဖြာတို့၊ အာဝဇ္ဇန်းမှ၊ ကင်းလွတ်ရသည်၊ မှတ်ရလွယ်ဖို့ကဗျာတည်း။**

မှတ်ရန် * **ဤကားဝိထိစာပိုဒ်-၂၈နှင့် ကမ္မဋ္ဌာန်းစာပိုဒ်-၅၇,၅၈,၅၉ စသည် တို့ကို ထောက်၍ သင်္ဂဟကျမ်းရင်းအလိုက္ခ ဖော်ပြခြင်းတည်း။ ပရမတ္ထဒီပနီ အလိုမူ မဟာဝိပါက်ဥပေက္ခာ-၄ ပါးတို့သည်လည်း အာဂန္တုက ဘဝင်ကိစ္စတပ်နိုင်သည်ဟုဆိုထား၍ (အာဂန္တုက၊ ဘဝင်. ဆန့်) ဟုမှတ်ပါ။**

အာဂန္တုကဘဝင်နှင့်ဆိုင်ရာများ

သောမနဿနှင့် ပဋိသန္ဓေနေသူ၏ဒေါသဇော်နောင် -

အာဂန္တုကဘဝင်ဖြစ်ထိုက်သောစိတ်ကား ဥပေက္ခာသဟဂုတ်သန္တီရဏတည်း။

ဖြစ်ရာကာလကား-တဒါရုံဖြစ်ခွင့်မရ, ဘဝင်လည်းမကျသာပဲ အခက်အခဲကြုံရာ ကာလတည်း။

ပြုနိုင်သောအာရုံကား- ရှေးကအလေ့အကျက်များသော ကာမအာရုံ(၁)ပါးပါး တည်း။

ဆောင်ရွက်သောကိစ္စကား-(အာဂန္တုက) ဘဝင်ကိစ္စတည်း။

သာဓက ။ **တသ္မာ ယဒိ သောမနဿ ပဋိသန္ဓိကဿ (ပ) ဥပ္ပဇ္ဇတိ။(ဝိထိစာပိုဒ်-၂၈)**

http://www.dhammadownload.com

ဝိထိပိုင်းလာ ဘဝင်များ

ဝိထိပိုင်းလာ ဘဝင်နှင့် ဆက်စပ်ရာအမည်များကား- (၁) ဧကစိတ္တက္ခဏာ တိတာနိဝါ စသည်ကိုထောက်လျှင်-အတီတဘဝင်၊ (၂) ဘဝင်ဧ စလိတေကို ထောက်လျှင်-ဘဝင်စလန၊ (၃) ဘဝင်သောတံ ဝေါစ္ဆိန္နိတ္တာကိုထောက်လျှင်-ဘဝင်ုပစ္ဆေဒ၊ (၄) တသ္မာ ယဒိ သောမနဿ ပဋိသန္ဓိကဿ စသည်ကိုထောက်လျှင်-အာဝဇ္ဇနကဘဝင်၊ (၅) တတော ပရံ ဘဝင်ပါတောကို ထောက်လျှင်-အာဝါသိကမူလဘဝင်တို့ဖြစ်ပါသည်။

အာဝဇ္ဇနကဘဝင် အခိပ္ပါယ်

ရိုးရာကျမြဲ ဘဝင်မဟုတ်ဘဲ ရှေ့ဒေါသဇောနှင့် နောက်သောမနဿဘဝင်တို့အကြား အဆင်ပြေအောင်ပေါင်းကူးပေးသော အနေအားဖြင့် တစ်ခါတစ်ရံမှဖြစ်ရသောကြောင့် ဥပေက္ခာ သန္တီရဏ (၂) ပါးကို အာဝဇ္ဇနကဘဝင်ဟုခေါ်ရသည်။

အာဝဇ္ဇနကဘဝင်နောင်ကျသော ဘဝင်အရ

တမနန္တရိတ္တာ ဘဝင်ပါတောဝ၌ ဘဝင်အရ အာဝဇ္ဇနကဘဝင်နောင်ဆက်တိုက်ကျသော ဘဝင်ကား ရိုးရာကျမြဲဖြစ်သည့် သောမနဿသန္တီရဏမူလဘဝင်သာဖြစ်ပါသည်။

အာဝဇ္ဇနကဘဝင်ကျရန် အင်္ဂါများ

အာဝဇ္ဇနကဘဝင်ကျရန် အင်္ဂါများကား-

(၁)သောမနဿနှင့် ပဋိသန္ဓေနေခဲ့ခြင်း၊ (၂) အာရုံ၌ ဒေါသဇောစောခြင်း၊ [(၃) အတိမဟန္တာရုံနှင့် မဟန္တာရုံဖြစ်ခြင်း, ကာမဇောဝါရ မနောဒ္ဓါရ ဝိဘူတာရုံ, အဝိဘူတာရုံဖြစ်ခြင်း] တို့တည်း။

သာဓက ။ **သောမနဿပဋိသန္ဓိကဿ (ပ) ဥပေက္ခာသဟဂတသန္တီရဏံ ဥပပဇ္ဇတိ (ဝိထိစာပိဒ်-၂၈)**

အာဝဇ္ဇနကဘဝင်ကျနိုင်သူ/ မကျနိုင်သူ

သောမနဿနှင့် ပဋိသန္ဓေနေခဲ့ပြီး ဒေါသဇော စောသူ၏သန္တာန်၌သာ အာဝဇ္ဇန ဘဝင်ကျနိုင်သောကြောင့် **အာဝဇ္ဇန ဘဝင်ကျနိုင်သူကား** သောမနဿနှင့်လည်း ပဋိသန္ဓေ

http://www.dhammadownload.com

နေနိုင်, ဒေါသဇောလည်း စောနိုင်သော ကာမဘုံသား ဒွိဟိတ်,တိဟိတ်ပုထုဇဉ်နှင့် သောတာပတ္တိဖလဌာန်, သကဒါဂါမိဖလဌာန်တို့၌သာ အာဂန္ဆကဘဝင်ကျနိုင်သည်။

ဥပေက္ခာနှင့် ပဋိသန္ဓေနေသော ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ်,တိဟိတ် ပုထုဇဉ်တို့၏ သန္တာန်၌၄င်း၊ မဂ်စိတ္တက္ခဏ (၁) ချက်မျှသာဖြစ်၍ ဝိထိမဖြစ်သော မဂ္ဂဌာန် (၄) ယောက် တို့၏သန္တာန်၌၄င်း၊ ဒေါသဇောကင်းသော အနာဂါမ်, ရဟန္တာနှင့် ရူပ, အရူပ, ဗြဟ္မာတို့၏ သန္တာန်၌ ၄င်း၊ အာဂန္ဆကဘဝင်မကျနိုင်ပါ။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၁၆၊ ၁၇၊ ၁၈နှင့် ဝိထိစာပိုဒ်-၂၈၊ ၃၅၊ ၄၃၊ ၄၆၊ ၅၀၊ ၅၁**။

တဒါရုံအင်္ဂါ

တဒါရုံ ကျနိုင်သော အင်္ဂါများကား ကာမဇော, ကာမသတ္တဝါ, ကာမအာရုံအားဖြင့် (၃) မျိုးဖြစ်ပါသည်။

သာဓက ။ **ဝိထိစာပိုဒ် - ၂၉၊ ၃၀**။

ဆောင် * **ပုဂ္ဂိုလ်, ကာမ၊ ဇောကာမနှင့်၊ ကာမအာရုံ၊ သုံးချက်စုံ၊ တဒါရုံ၏ အခွင့်တည်း**။

ကာမဇောဝါရဋ္ဌသာ တဒါရုံကျခြင်းအကြောင်း

တဒါရုံဟူသည် ကာမဝီထိစရကုသိုလ်, အကုသိုလ်ကံဇောကြောင့်သာလျှင်ဖြစ်သော ကာမဝိပါက်များသာဖြစ်သောကြောင့်၄င်း၊ ကာမကိုသာ ဇောနိမ်အာရုံပြုသောကြောင့်၄င်း၊ ကာမဇောဝါရဋ္ဌသာ တဒါရုံကျရပါသည်။

သာဓက ။ **ပကိဏ်းစာပိုဒ် -၂၆၊ ၅၆**။

တဒါရုံအင်္ဂါပြဆိုင်ရာ၌ အာရမ္မဏာအရ

တဒါရုံကျနိုင်သည့် ဝိသယပဝတ္တိအာရုံများကား ပဉ္စဒ္ဒါရ၌ အတိမဟန္တာရုံနှင့် မနောဒ္ဒါရ၌ ဝိဘူတာရုံတို့သာ ဖြစ်သောကြောင့် တဒါရုံအင်္ဂါပြဆိုင်ရာ၌ အာရမ္မဏ (အာလမ္ဗဏ) အရ အတိမဟန္တာရုံနှင့် ဝိဘူတာရုံတို့ကိုသာယူရမည်။

သာဓက ။ **ဝိထိစာပိုဒ် -၃၀**။

http://www.dhammadownload.com

တဒါရုံကျသောဝိထိ, မကျသောဝိထိ

တဒါရုံကျသော ဝိထိများကား အတိမဟန္တာရုံဝိထိနှင့် ဝိဘူတာရုံဝိထိတို့ ဖြစ်ပါသည်။

တဒါရုံမကျသော ဝိထိများကား မဟန္တာရုံဝိထိ၊ ပရိတ္တာရုံဝိထိ၊ အတိပရိတ္တာရုံဝိထိနှင့် အဝိဘူတာရုံဝိထိတို့ ဖြစ်ပါသည်။

သာဓက ။ **ဝိဘူတေ-တိမဟန္တေ စ တဒါရမ္မဏမိရိတံ။**

တဒါရုံမဖြစ်သောအရာ (၁၀) မျိုး

ဆောင် * **ပညတ်, လက္ခဏာ၊ ဝုဋ္ဌာနာနှင့်၊ ရူပါရူပ၊ မိစ္ဆတ္တက၊ သမ္မတ္တနိယာ၊ လောကုတ္တရာ, ဘိညာဉ်၊ သမ္ဘိဒါလေးဝ၊ ကာမဒုတ္ထလာ၊ အာရုံမှာ၌၊ တဒါရုံလှပ်၊ မချအပ်ဟု၊ ကျမ်းမြတ်အဋ္ဌကထာမိန့်သတည်း။**

(ကျီးသဲလေးထပ်)

မှတ်ရန် ။ **သမ္မောဟဝိနောဒနီ အဋ္ဌကထာ (၁၄၇) ၌ အကျယ်ရှုပါ။**

တဒါရုံချရန် ပုံသေနည်းစည်းမျဉ်း

တဒါရုံကိုချရာ၌ (၁) အာရုံဖြင့် မှတ်၍ဖြစ်စေ၊ (၂) ဇောဖြင့်မှတ်၍ဖြစ်စေခွဲ၍ချရမည်။

အာရုံဖြင့်မှတ်၍ တဒါရုံချခြင်း

(၁) အနိဋ္ဌာရုံ၌ အကုသလဝိပါက် ဥပေက္ခာသန္တီရဏတဒါရုံ (၁) ပါး။

သာဓက ။ **ဝိထိစာပိဒ် -၂၅။**

(၂) ကဋ္ဌာရုံ၌ ကုသလဝိပါက်ဥပေက္ခာသန္တီရဏတဒါရုံ (၁) ပါး, မဟာဝိပါက် ဥပေက္ခာတဒါရုံ (၄) ပါး။

သာဓက ။ **ဝိထိစာပိဒ် -၂၆။**

(၃) အတိကဋ္ဌာရုံ၌ သောမနသန္တီရဏ တဒါရုံ (၁) ပါး မဟာဝိပါက် သောမနဿသန္တီရဏ တဒါရုံ (၄) ပါး။

သာဓက ။ **ဝိထိစာပိဒ် -၂၇ (ပထမဝါကျ)။**

http://www.dhammadownload.com

ဇောဖြင့်မှတ်၍ တဒါရုံကိုခွဲခြင်း

(၁) မဟာကြိယာ, ဥပေက္ခာဇော (၄) ပါး၊ ဒေါသမူဇော (၂) ပါးနောင် မဟာဝိပါက် ဥပေက္ခာ တဒါရုံ (၄) ပါး၊ ဥပေက္ခာသန္တီရဏတဒါရုံ (၂) ပါး။

သာဓက ။ **ဝီထိစာပိုဒ် -၂၇ (တတိယဝါကျနှင့်) ဝီထိစာပိုဒ်-၂၈။**

(၂) မဟာကြိယာ, သောမနဿဇော (၄) ပါး၊ ဟသိတုပ္ပါဒ်ဇောနောင် မဟာဝိပါက်သောမန ဿ တဒါရုံ (၄) ပါး၊ သောမနဿသန္တီရဏတဒါရုံ (၁)ပါး။

သာဓက ။ **ဝီထိစာပိုဒ် -၂၇ (ဒုတိယဝါကျ)။**

(၃) ကြွင်းသော လောဘမူ, မောဟမူ အကုသိုလ်ဇော (၁၀) ပါး၊ မဟာကုသိုလ်ဇော (၈) ပါးနောင် တဒါရုံ (၁၁) ပါး ဖြစ်သင့်သလို ချရမည်။

ဆောင် * **ဤဝယ်သနစ်၊ အရင်းစစ်က၊ ဥပေက်ကြိယာ၊ ဒေါသာခြောက်နောက်၊ တဒါခြောက်တည်း၊ ကြိသောနောက်ငါး၊ ကြွင်းငြားဆယ့်ရှစ်၊ ဇောနောင် ဖြစ်သည် ဆယ့်တစ်တဒါရုံ အပေါင်းတည်း။**

အာရုံ, ဇော, တဒါရုံ (၃) မျိုးစုံ ပုံသေနည်း

	အာရုံ	ဇော	တဒါရုံ
၁။	အနိဋ္ဌာရုံ၌	မဟာကြို-ဥ-၄၊ဒေါ-၂ နောင်	အကုဝိ ဥ-သန္တီ-၁၊
၂။	ကဋ္ဌာရုံ၌	မဟာကြို-ဥ-၄၊ဒေါ-၂ နောင်	ကုဝိ ဥ-သန္တီ-၁၊မဟာဝိ-ဥ-၄၊
၃။	အတိကဋ္ဌာရုံ၌	မဟာကြို-သော-၄၊ဟသိ-၁ နောင်	သော-သန္တီ-၁၊မဟာဝိ-သော-၄၊
၁။	အနိဋ္ဌာရုံ၌	အကု-၁၀၊ မဟာကု-၈ နောင်	အကုဝိ ဥ-သန္တီ-၁၊
၂။	ကဋ္ဌာရုံ၌	အကု-၁၀၊ မဟာကု-၈ နောင်	ကုဝိဥ-သန္တီ၊မဟာဝိ-ဥ-၄၊
၃။	အတိကဋ္ဌာရုံ၌	အကု-၁၀၊ မဟာကု-၈ နောင်	သော-သန္တီ-၁၊ မဟာဝိသော-၄၊

* * * * * * *

http://www.dhammadownload.com

ဇာနနိယမ မြင်ကွင်း

ဇဝနနိယမ

ဇောစောပုံများကို ပိုင်းခြားမှတ်သား၍ပြသော စကားရပ်သည် ဇဝနနိယမ မည်၏။

ကာမဇောများ ကာလအားလျော်စွာစောပုံ

ကာမဇောတို့သည် ပကတိရိုးရာအခါ၌ (၇) ကြိမ်သော်၄င်း, (၆) ကြိမ်သော်၄င်း စောနိုင်သည်။ (၇) ကြိမ်ထက်ပို၍လည်း မစောနိုင်။ (၆) ကြိမ်အောက်လျော့၍လည်း မစောနိုင်။

သာဓက ။ ဝိဏိစာပိဒ် -၃၁။

(ဝိကတိကာလဖြစ်သော) စုတေခါနီးကာလစသည်တို့၌ (မှီရာဝတ္ထုရုပ်အားနည်း၍စိတ် ဇောအရှိန်အားနည်းသောကြောင့်) (၅) ကြိမ်သာစောသည်။

သာဓက ။ ဝိဏိစာပိဒ် -၃၂။

ဘုရားရှင်၏ ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြရာကာလစသည်တို့၌ (လျင်မြန်စွာဖြစ်ရ သောကြောင့်) ပစ္ဆိမဇ္ဇကာဇောများ(၄) ကြိမ်သော်၄င်း၊ (၅) ကြိမ်သော်၄င်း စောနိုင်သည်။

သာဓက ။ ဝိဏိစာပိဒ် -၃၃။

ဇဝသဒ္ဒါဖြင့် ပြဆိုမှုများ

ဆက္ခတ္တုမေဝါ၌ပါသော ဇဝသဒ္ဒါကို သတ္တက္ခတ္တုံနောင်၌ ထိုင်ခြင်းဖြင့် ကာမဇောများ (၇) ကြိမ်ထက်ပို၍မစောရဟု ကန့်ပြပါသည်။ ဆက္ခတ္တုံနောင်၌ထိုင်ခြင်းဖြင့် ကာမဇောများ (၆) ကြိမ်အောက်လျော့၍မစောရဟု ကန့်ပြပါသည်။

မရဏကာလာဒီသု၌ အာဒိဝန္တကာလများ

မရဏကာလာဒီသု၌ အာဒိသဒ္ဒါဖြင့်ယူရမည့် အာဒိဝန္တကာလများကား-

ထိခိုက်ဒဏ်ရာရမှု, ရေနစ်မွန်းမှု စသည်တို့ကြောင့် တွေဝေမိန်းမော သေငယ်ဇောဖြင့် မေ့မြောနေရာ (မုစ္ဆာကာလ)။ သတိကင်း၍ မေ့နေရာ (ဝိသညီဘူတကာလ)။ မွေးဖွားကာစ အခါ (အတိတရဏကာလ) စသည်တို့ဖြစ်ပါသည်။

ဆောင် * တွေဝေမိန်းမော၊ သေငယ်ဇောဖြင့်၊ မေ့မျောတစ်သင်း၊ သတိကင်း၍၊

http://www.dhammadownload.com

မေ့ခြင်းတစ်ဖြာ၊ မွေးဖွားကာစ၊ စသည်မျှကို၊ မရဏကာလာ၊ ဒိ-ဖြင့်သာ၊ ယူရာသင့်မြတ်လှ။

ဘုရားရဟန္တာတို့၏ သန္တာန်၌ ကာမဇော စောနိုင်

ဘုရားရှင်၏ ရေမီးအစုံဖြစ်သော တန်ခိုးပြာဋိဟာကိုပြရာ ကာလအစရှိသည်တို့၌ လျင်မြန်စွာ ဖြစ်ရသည့်အတွက် ပစ္စဝေက္ခဏာစိတ်ခေါ်သော ကာမဇောများ၄-ကြိမ် (သို့မဟုတ်) ၅-ကြိမ်စောသည်ဟု ဆိုထားသောကြောင့် ဘုရားရဟန္တာတို့၏ သန္တာန်၌ ကာမဇောများ စောနိုင်သည်ဟု မှတ်ရပါမည်။

သာဓက ။ **ဝိထိစာပိဒ် - ၃၃။**

ပစ္စဝေက္ခဏာဇောစိတ်

ပစ္စဝေက္ခဏာဇောစိတ်ဟူသည် မနောဒွါရိကမဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော (၄) ခု၊ မဟာ ကြိယာဉာဏသမ္ပယုတ်ဇော (၄) ခုဟူသော ကာမဇော (၈) ပါးပင်ဖြစ်ပါသည်။

စျာန (မဂ်, ဖိုလ်, နိဗ္ဗာန်) ပစ္စဝေက္ခဏာဝီထိပုံစံ

(တိက္ခိန္ဒြိယ/ပုဒ္ဓ) နာ. ဒ. မ. ဇ. ဇ. ဇ. ဇ. ဘ. ဘ။

(မုဒိန္ဒြိယ/သာဝက) နာ. ဒ. မ. ဇ. ဇ. ဇ. ဇ. ဇ. ဘ. ဘ။

မှတ်ရန် ။ **မဂ်ဖိုလ်နိဗ္ဗာန်ဆိုင်ရာ၌ ဇော-၇ကြိမ်စောရမည်၊ ကြွင်းကိလေသာ, ပယ်ပြီးကိလေသာကို ဆင်ခြင်ရာ၌ ကာမအာရုံ ဖြစ်သောကြောင့် ဇောနောင် တဒါရုံ (၂) ကြိမ်တိုးချရမည်ဟုမှတ်။**

အာဒိကမ္မိက စျာနဝီထိ, အဘိညာဉ်ဝီထိတို့၌ မဟဂ္ဂတ် အပ္ပနာဇောများစောပုံ

ကမ္မဋ္ဌာန်းအားထုတ်စပုဂ္ဂိုလ်၏ ပထမဆုံးရသော မဟဂ္ဂတ်အပ္ပနာစျာန်၌ မဟဂ္ဂတ် ဇောများ (၁) ကြိမ်သာစောကြသည်။

အဘိညာဉ်ဇောတို့မူကား ပထမရခါစ၌ဖြစ်စေ၊ ဝသီဘော်ရပြီးနောင်၌ဖြစ်စေ၊ အခါ ခပ်သိမ်း(၁) ကြိမ်သာစောကြသည်။

သာဓက ။ **ဝိထိစာပိဒ် -၃၄။**

http://www.dhammadownload.com

အာဒိကမ္မိကပုဂ္ဂိုလ်နှင့် ပထမကပ္ပနာ

ထိုထိုစျာန်ရရန်အတွက် အစဦးဆုံး ကမ္မဋ္ဌာန်းအားထုတ်သူကို အာဒိကမ္မိကပုဂ္ဂိုလ်ဟု ခေါ်သည်။ ကမ္မဋ္ဌာန်းအားထုတ်ခြင်းကြောင့် ရှေးဦးစွာဖြစ်လာသော အပ္ပနာစျာန်ကို ပထမကပ္ပနာဟုခေါ်သည်။

မဂ္ဂင်္ဃိ, ဖလင်္ဃိတို့၌ မဂ်ဖိုလ်အပ္ပနာဇောများစော့ပုံ

မဂ်ဇောတို့သည် (၁) ကြိမ်သာစောပြီးနောက် မန္ဒပညပုဂ္ဂိုလ်၌ ဖိုလ်ဇော (၂) ကြိမ်, တိက္ခပညပုဂ္ဂိုလ်၌ဖိုလ်ဇော (၃) ကြိမ်ဆက်စောကာ ဘဝင်ကျပါသည်။

သာဓက ။ **ဝိထိစာပိဒ် -၃၅**။

အကုသိုလ်တစ်သက် မဂ်တစ်ချက်

မဂ်ဇောတို့သည် စိတ္တခဏ (၁) ချက်ဖြင့်ပင် အဆင့်အားလျော်စွာ သက်ဆိုင်ရာ အကုသိုလ်များကိုငင်း၊ အပါယ်လားစေတတ်သော စွမ်းရည်သတ္တိကိုငင်း၊ ပယ်ရှားနိုင်သော ကြောင့် (ဂရုကံမှတစ်ပါး) တစ်သက်လုံး မိုက်မှားကျူးလွန်ထားမိသော အကုသိုလ်တရားကို မဂ်စိတ္တခဏ (၁) ချက်မျှဖြင့် ပယ်ရှားနိုင်မှုကို ရည်ရွယ်ပြီး အကုသိုလ်တစ်သက် မဂ်တစ်ချက် ဟုဆိုခြင်းသည် သဘာဝကျပါသည်။

သာဓက ။ **စတ္တာရော ပန မဂ္ဂပ္ပါဒါ ဧကစိတ္တက္ခဏိကာ**။ **(ဝိထိစာပိဒ်-၃၅)**

တစ်သံသရာလုံးမှာ (၁) ကြိမ် (၁) ခါသာဖြစ်သောစိတ်

မဂ်စိတ်တို့မည်သည် စိတ္တက္ခဏ (၁) ချက်မျှဖြင့်ပင် ဆိုင်ရာကိလေသာပယ်မှု ကိစ္စကို ပြီးနိုင်သောကြောင့် ပုဂ္ဂိုလ် (၁)ဦး၏ သန္တာန်၌ တစ်သံသရာလုံးမှာ (၁) ကြိမ် (၁) ခါသာဖြစ်သော စိတ်ဖြစ်ပါသည်။

သာဓက ။ **စတ္တာရော ပန မဂ္ဂပ္ပါဒါ ဧကစိတ္တက္ခဏိကာ**။

မဂ်စိတ်ပေါ်ခြင်း တဖွားဖွားဟူသော စကားအမှား

မဂ်စိတ်တို့မည်သည် တစ်ကြိမ်သာ ဖြစ်သောကြောင့် မဂ်စိတ်ပေါ်ခြင်း တဖွားဖွားဟူသော စကားသည်အမှားသာ ဖြစ်ပါသည်။

သာဓက ။ **စတ္တာရော ပန မဂ္ဂပ္ပါဒါ ဧကစိတ္တက္ခဏိကာနှင့် မဂ္ဂါဘိညာ သကိမတာ**။

http://www.dhammadownload.com

မဂ်ရပြီးသော ပုဂ္ဂိုလ်သည် ဖိုလ်ရရန်အတွက် အထူးသီးသန့်ကျင့်ရန် မလို

မဂ်စိတ် (၁) ကြိမ်ဖြစ်ပြီးလျှင် ဖိုလ်စိတ် (၂) ကြိမ်, (၃) ကြိမ်ဖြစ်ရိုး ထုံးစံပုံမှန်ရှိသော ကြောင့် မဂ်ကိုရပြီးသော ပုဂ္ဂိုလ်သည် ဖိုလ်ရရန်အတွက် အထူးသီးသန့်ကျင့်ရန် မလိုတော့ပါ။

(မဂ်ပေါက်, ဖိုလ်ဝင်ဟူသောစကားသည် အမှန်ပင်ဖြစ်ပါသည်။)

သာဓက ။ **ဝိထိစာပိုဒ် - ၃၅**။

နိရောဓသမာပတ္တိဝိထိ၌ အပွနာဇောများစေပုံ

နိရောဓသမာပတ်ဝင်စားခါနီး၌ နေဝသညာနာသညာယတန ကုသိုလ်, ကြိယာစျာန် ဇော (၂) ကြိမ်စေပါသည်။ နိရောဓသမာပတ်မှ ထရာကာလ၌လည်း အနာဂါမ်အား အနာဂါမိဖိုလ်ဇော (၁) ကြိမ်, ရဟန္တာအား အရဟတ္တဖိုလ်ဇော (၁) ကြိမ် စောပြီးနောက် ဘဝင်ကျပါသည်။

နိရောဓသမာပတ္တိကာလအရ

အပွနာဇောစိတ်များ စောရာကာလကို ပြဆိုသောအရာဖြစ်သောကြောင့် နိရောဓသမာပတ္တိကာလအရ နိရောဓသမာပတ်ဝင်စားကာနီးအချိန်ကိုသာယူရမည်။ (စိတ်ချုပ်ငြိမ်းနေသော နိရောဓသမာပတ် ဝင်စားနေဆဲအချိန်ကိုမယူရ။)

နိရောဓသမာပတ် ဝင်စားခြင်း/ထခြင်းအခါပွါယ်နှင့် ဝင်စားနှိုင်သူ

စိတ်, စေတသက်, စိတ္တဇရုပ်များ (ပိုင်းခြားကာလအခိုက်အတန့်မျှ) ချုပ်ငြိမ်းခြင်းသို့ ကောင်းစွာရောက်နေသည်ကို နိရောဓသမာပတ်ဝင်စားသည်ဟုခေါ်သည်။ အနာဂါမ်နှင့် ရဟန္တာများသာ နိရောဓသမာပတ်ကို ဝင်စားနိုင်သည်။

သမာပတ်အတွင်း၌ ချုပ်ငြိမ်းနေသော စိတ်, စေတသိက်, စိတ္တဇရုပ်များ ပြန်လည်ဖြစ်ပေါ်လာခြင်းကိုပင် နိရောဓသမာပတ်မှထသည်ဟုခေါ်သည်။

သာဓက ။ **ဝိထိစာပိုဒ် - ၃၆၊ ၃၇**။

http://www.dhammadownload.com

ဈာနသမာပတ္တိ, ဖလသမာပတ္တိဝီထိ၌ အပွနာဇောများစောပုံ

ဘဝင်ကျနေသည့်အခါ ဘဝင်အကြိမ် မည်၍မည်မျှဖြစ်နေသည်ဟု သတ်မှတ်မှုမရှိသကဲ့သို့ သမာပတ်အတွင်း၌ ဈာန်ဇော, ဖိုလ်ဇောများကိုလည်း မည်၍မည်မျှဖြစ်သင့်သည်ဟု သတ်မှတ်ချက်မရှိသောကြောင့် ဈာနသမာပတ္တိ, ဖလသမာပတ္တိဝီထိ၌ အပွနာဇောများ အကြိမ်များစွာစောနိုင်ပါသည်။

သာဓက ။ **ဝီထိစာပိဒ် -၃၈။**

မှတ်ရန် ။ **ဈာန် (ဖိုလ်) သို့ကောင်းစွာရောက်ခြင်း၊ ဈာန် (ဖိုလ်) ဇောချည်းထပ်ကာထပ်ကာ အကြိမ်များစွာ ဖြစ်နေခြင်းကို ဈာန (ဖလ) သမာပတ်ဟုခေါ်သည်။ ဈာနသမာပတ်ကို ဈာနလာဘီတိဟိတ်ပုထုဇဉ်နှင့် ဖလဌာန် (၄) ယောက်တို့ဝင်စားနိုင်ပြီး၊ ဖလသမာပတ်ကိုကား ဖလဌာန် (၄) ယောက်တို့သာဝင်စားနိုင်သည်ဟုမှတ်ပါ။**

ဣတိ ကတ္တာ ဗဟူနိပိဒ် ပိသဒ္ဒါဖြင့် ပြဆို့မှု

ဣတိ ကတ္တာ ဗဟူနိပိဒ် ပိသဒ္ဒါဖြင့် ဈာန်ဝင်စားမှု, ဖိုလ်ဝင်စားမှု၌ အလေ့အလာမရသေးခင် အပွနာဇောများ (၂) ကြိမ်, (၃) ကြိမ်စသည်ဖြင့် အနည်းငယ်လည်းစောနိုင်သေးသည်ဟု ဆည်းယူပြဆိုပါသည်။

အဝသေသာနိ (ပ) ဗဟူနိပိဒ် ပိသဒ္ဒါဖြင့်ပြဆို့မှု

သတ္တက္ခတ္တုံစသော ဂါထာတွင် အဝသေသာနိ (ပ) ဗဟူနိပိဒ် ပိသဒ္ဒါဖြင့် မဂ်ဇော, အဘိညာဉ်ဇောတို့မှကြွင်းသော မဟဂ္ဂုတ်အပွနာဈာန်ဇော, ဖိုလ်ဇောတို့သည် အကြိမ်အနည်းငယ်လည်း စောနိုင်သေးသည်ဟု ဆည်းယူပြဆိုပါသည်။

အဝသေသ၏ အပါဒါန်နှင့် အပါဒါနီ

သတ္တက္ခတ္တုံစသော ဂါထာတွင်ပါသော အဝသေသာနိ၌ အဝသေသ၏အပါဒါန်ကား မဂ်ဇောနှင့် အဘိညာဉ်ဇောတို့တည်း။ အပါဒါနီဖြစ်သော အဝသေသအရကား ကြွင်းသော မဟဂ္ဂုတ် အပွနာဈာန်ဇော, ဖိုလ်ဇောတို့တည်း။

http://www.dhammadownload.com

(၁) ကြိမ်သာ စောသောဇောများ

(၁) ကြိမ်သာစောသော ဇောများကား- အာဒိကမ္မိက ပထမကပ္ပနာ မဟဂ္ဂုတ်ဇော, အဘိညာဉ်ဇော, မဂ်ဇော, နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်ဇော, အရဟတ္တဖိုလ်ဇောတို့ ဖြစ်ပါသည်။

သာဓက ။ **ဝိထိစာပိုဒ် - ၃၄၊ ၃၅၊ ၃၇။**

(၂) ကြိမ်စောသော ဇောများ

မဂ္ဂဝိထိ၌ပါသော ဒန္ဒာဘိညပုဂ္ဂိုလ်၏ ဖိုလ်ဇော, နိရောဓသမာပတ်ကို ဝင်စားခါနီး၌ အနာဂါမ်, ရဟန္တာတို့၏ စတုတ္ထာရုပ္ပနေဝသညာနာသညာယတနကုသိုလ်, ကြိယာဇောတို့သည် (၂) ကြိမ်စောကြပါသည်။

သာဓက ။ **ဝိထိစာပိုဒ် - ၃၅၊ ၃၆။**

(၃) ကြိမ်စောသော ဇော

ခိပ္ပါဘိညပုဂ္ဂိုလ်၏ ဥပစာရသမာဓိဇော, မဂ္ဂဝိထိ၌ပါသော ခိပ္ပါဘိညပုဂ္ဂိုလ်၏ ဖိုလ်ဇောတို့သည် (၃) ကြိမ်စောကြပါသည်။

သာဓက ။ **တတောပရံ ဒွေတီဏိ ဖလစိတ္တာနိ ယထာရဟံ ဥပ္ပဇ္ဇန္တိ။**

(၂) ကြိမ်, (၃) ကြိမ်စောသောဇော

မဂ္ဂဝိထိ၌ပါသော မဂ္ဂါနန္တရဖိုလ်ဇောတို့သည် (ဒန္ဒာဘိည, ခိပ္ပါဘိည) ပုဂ္ဂိုလ်အားလျော်စွာ (၂) ကြိမ်, (၃) ကြိမ်စောကြပါသည်။

သာဓက ။ **တတောပရံ ဒွေတီဏိ ဖလစိတ္တာနိ ယထာရဟံ ဥပ္ပဇ္ဇန္တိ။**

(၄) ကြိမ်, (၅) ကြိမ်စောသော ဇော

မြတ်စွာဘုရား၏ ရေ, မီး အစုံ အစရှိသော တန်ခိုးပြာဋိဟာတို့ကို ပြသောကာလ စသည်တို့၌လျင်စွာဖြစ်ခြင်းကြောင့် ပစ္စဝေက္ခဏာဇောတို့သည် (၄) ကြိမ်၊ (၅)ကြိမ် စောကြသည်။

သာဓက ။ **ဝိထိစာပိုဒ် -၃၃။**

http://www.dhammadownload.com

(၅)ကြိမ်သာစောသောဇော

သေခါနီးကာလစသည်တို့၌ဖြစ်သော ကာမာဝစရဇောတို့သည် မှီရာဝတ္ထုရုပ်၏ အားနည်းခြင်းကြောင့် (၅) ကြိမ်သာစောကြပါသည်။

သာဓက ။ **ဝိထိစာပိုဒ်** - ၃၂။

(၆)ကြိမ်, (၇)ကြိမ်စောသော ဇော

ကာမဇောတို့သည် ပကတိရိုးရာအခါ၌ (၆) ကြိမ်၊ (၇) ကြိမ် စောကြပါသည်။

သာဓက ။ **ဝိထိစာပိုဒ်** - ၃၁။

အကြိမ်များစွာစောသော ဇော

စျာနသမာပတ္တိဝီထိ၊ ဖလသမာပတ္တိဝီထိတို့၌ ပါသော စျာန်ဇော၊ ဖိုလ်ဇော တို့သည် ဘဝင်၏အလျင်ကဲ့သို့ ဝိထိကိုမှတ်သားခြင်းမရှိသောကြောင့် အကြိမ်များစွာစောကြပါသည်။

သာဓက ။ **ဝိထိစာပိုဒ်** - ၃၈။

(၁)ကြိမ်သာစောသောဇောများကို နိယမ, အနိယမအားဖြင့် ခွဲပုံ

မဂ်ဇော, အဘိညာဉ်ဇောတို့သည် နိယမအားဖြင့် အမြဲတမ်း (၁) ကြိမ်သာစောကြသည်။ အာဒိကမ္မိကပုဂ္ဂိုလ်၏ပထမကပ္ပနာစျာန်အခါ၌ မဟဂ္ဂုတ်ဇောတို့သည်၄င်း၊ နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်ဇော, အရဟတ္တဖိုလ်ဇောတို့သည်၄င်း အနိယမအားဖြင့် ရံခါသာ (၁) ကြိမ်စီစောကြသည်။

အပ္ပနာဇောဝါရ၌ရထိုက်သမျှဝီထိများ

ဝီထိအမည်	ဘဝင်		ဥပစာရသမာဓိဇော					အပ္ပနာဇော	မူလ	ဝီထိပိုင်း သာဓက
စျာန	နာ	ဒု	မ	(ပ)	ဥ	နု	ဂေါ	စျာန်ဇော (၁) ကြိမ်(အာဒိကမ္မိက) များစွာ	ဘ	၂၀,၂၁ ၃၄,၃၈
အဘိညာ	နာ	ဒု	မ	(ပ)	ဥ	နု	ဂေါ	အဘိညာဉ်ဇော(၁)ကြိမ်	ဘ	၃၄
မဂ္ဂ	နာ	ဒု	မ	(ပ)	ဥ	နု	ဂေါ (ဂေါ)	မဂ်-၁,ဖိုလ်၂/၃ကြိမ်	ဘ	၃၅
ဖလသမာပတ္တိ	နာ	ဒု	မ	နု	နု	နု	နု	ဖိုလ်ဇောများစွာ	ဘ	၃၈
နိရောဓ သမာပတ္တိ	နာ	ဒု	မ	(ပ)	ဥ	နု	ဂေါ	နေဝ ကြ္ကြ စျာန်ဇော၂(နိရောဓ) အနာဂါမိ အရဟတ္တ ဖိုလ်	ဘ	၃၆ ၃၇

http://www.dhammadownload.com

ဆောင် * ဗျာန်, မဂ်, ဖလ်၊ အဘိညာဉ်၊ တစ်ဖန် နိဗ္ဗောဓ။
* ဝိထိငါးဖြာ၊ ရသည်သာ၊ အပွနာဇောဝါရ။

မှတ်ရန် ။ ဗျာနဝီထိ စိတ်အစဉ်၌ အာဒိကမ္မိကပုဂ္ဂိုလ်ဆိုင်ရာဖြစ်လျှင် ဗျာန်ဇော (၁) ကြိမ်၊ အာဒိကမ္မိကမှတစ်ပါး အခြားပုဂ္ဂိုလ်များ၏ ဗျာနဝီထိဖြစ်လျှင် ဗျာန်ဇောအကြိမ်များစွာဟုမှတ်ပါ။ (ပ) ကား မန္ဒပညပုဂ္ဂိုလ်ဆိုင်ရာ ဝီထိအတွက် ပရိကံသင်္ကေတကို ပြခြင်းဖြစ်၍ တိက္ခပညပုဂ္ဂိုလ်ဆိုင်ရာ ဝီထိအတွက်မူ ပရိကံသင်္ကေတ (ပ) ကိုဖြုတ်ပါ။ (ဝေါ) ကား အထက်မဂ္ဂဝီထိများအတွက် ဝေါဒါန်၏ သင်္ကေတကို ပြခြင်းဖြစ်၍ အထက်မဂ္ဂဝီထိအတွက်ဖြစ်လျှင် သောတာပတ္တိမဂ္ဂဝီထိ၏ ဂေါတြဘုအစား ဝေါဒါန်ကိုသွင်းပါ။

* * * * * * *

ပုဂ္ဂလဘေဒမြင်ကွင်း

ပုဂ္ဂလဘေဒ

ပုဂ္ဂိုလ်အမျိုးအစားအလိုက် ရထိုက်သော ဝီထိစိတ်တို့ကို (ပုဂ္ဂိုလ်စိတ်ရအနေအားဖြင့်) ခွဲခြားဝေဘန်၍ ပြသောအခန်းကို ပုဂ္ဂလဘေဒဟုခေါ်သည်။

ပုဂ္ဂိုလ်အမျိုးအစား

ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ်ဟူသော ပုထုဇဉ်(၄) ယောက်နှင့် အရိယာ(၈) ယောက်အားဖြင့် ပုဂ္ဂိုလ်(၁၂) ယောက်ဖြစ်ပါသည်။ ထိုတွင်တိဟိတ် ပုထုဇဉ်နှင့် အရိယာ(၈) ယောက်တို့ကို တိဟိတ်ပုဂ္ဂိုလ် (၉) ယောက်ဟုခေါ်သည်။

အရိယာ(၈) ယောက်တို့တွင် အရဟတ္တဖလဌာန်ကို အသေက္ခဟုခေါ်ပြီး၊ ကြွင်းသော အရိယာ (၇) ယောက်တို့ကို သေက္ခဟုခေါ်သည်။

http://www.dhammadownload.com

အဟေတုက အရချင်း အထူး

ဒုဟေတုကာန မဟေတုကာနဉ္စ၌ အဟေတုကအရ (သာမညသာဆိုထား သော ကြောင့်) အကုသလဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်နှင့် ပဋိသန္ဓေနေသော ဒုဂ္ဂတိအဟိတ်၊ ကုသလဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်နှင့် ပဋိသန္ဓေနေသော (နာမ်) သုဂတိအဟိတ်အားဖြင့် ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ် (၂) မျိုးကို ယူရပါမည်။

သာဓက ။ **ဝိထိစာပိုဒ် -၄၀၊ ဝိထိမုတ်စာပိုဒ် -၁၆၊ ၁၇။**

တထာ ဉာဏသမ္မယုတ္တ-စသော၀ါကျသို့လိုက်လာသော အဟေတုကအရ (သုဂတိဘုံ ဆိုင်ရာဖြစ်သောကြောင့်) သုဂတိအဟိတ် (၁) မျိုးကိုသာ ယူရပါမည်။

သာဓက ။ **သုဂတိယံ။**

ဒုဂ္ဂတိအဟိတ်

အပါယ်ဘုံသားတို့သည် ဒုဂ္ဂတိဘုံသားဖြစ်သောကြောင့်၄င်း၊ အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏဟူသော အဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေရသောကြောင့် ၄င်း အပါယ်ဘုံသားများကို ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ဟု ခေါ်သည်။

သာဓက ။ **ပကိဏ်းစာပိုဒ် - ၁၁။ ဝိထိမုတ်စာပိုဒ် - ၁၆။**

(နာမ်) သုဂတိအဟိတ်

ပဋိသန္ဓေအားဖြင့် လူစဉ်မမီသူ ဇစ္စန္ဓလူသားများ, ဘုမ္မစိုး, ရုက္ခစိုးများနှင့် တစ္ဆေ မြေဘုတ်ဘီလူးစသည့် ဝိနိပါတိက အသုရာတို့သည် သုဂတိဘုံသား ဖြစ်သောကြောင့်၄င်း၊ ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ ဟူသော အဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေရသော ကြောင့်၄င်း သုဂတိ အဟိတ်ပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပိုဒ် - ၁၁၊ ဝိထိမုတ်စာပိုဒ် - ၁၇။**

ဒွိဟိတ်

လူ စသော ကာမသုဂတိဘုံသား အချို့တို့သည် အလောဘ, အဒေါသ ဟိတ် (၂) ပါးတို့နှင့် ယှဉ်သော မဟာဝိပါက် ဉာဏဝိပ္ပယုတ်ဟူသော ဒွိဟိတ်စိတ် (၁) ပါးပါးဖြင့် ပဋိသန္ဓေ နေရသောကြောင့် လူ စသော ကာမသုဂတိဘုံသားအချို့တို့ကို ဒွိဟိတ်ပုဂ္ဂိုလ်ဟု ခေါ်သည်။

သာဓက ။ **ပကိဏ်းစာပိုဒ် - ၁၄၊ ဝိထိမုတ်စာပိုဒ် - ၁၈။**

http://www.dhammadownload.com

တိဟိတ်

လူ စသော ကာမသုဂတိဘုံသားအချို့တို့သည် အလောဘ, အဒေါသ, အမောဟ ဟိတ်သုံးပါးတို့နှင့်ယှဉ်သော မဟာဝိပါက် ဉာဏသမ္ပယုတ်ဟူသော တိဟိတ်စိတ် (၁) ပါးပါးဖြင့် ပဋိသန္ဓေ နေရသောကြောင့် လူ စသော ကာမသုဂတိဘုံသားအချို့တို့ကို တိဟိတ်ပုဂ္ဂိုလ်ဟု ခေါ်သည်။

သာဓက ။ **ပကိဏ်းစာပို့ဒ် - ၁၅၊ ဝိထိမုတ်စာပို့ဒ် - ၁၈။**

(ရှုပ်) သုဂတိအဟိတ်

အသညသတ်ပုဂ္ဂိုလ်တို့သည် အဟေတုကဖြစ်သော ဇီဝိတနဝက ကလာပ်ရုပ်ဖြင့်သာ ပဋိသန္ဓေနေသောကြောင့် ရုပ်သုဂတိအဟိတ်ပုဂ္ဂိုလ်ဟု ခေါ်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပို့ဒ် - ၉၅၊ ရုပ်စာပို့ဒ် - ၁၈။**

ဈာန် မဂ်ဖိုလ် မရနိုင်သော ပုဂ္ဂိုလ်များ

ဒွိဟိတ်ပုဂ္ဂိုလ်တို့သည် ၄င်း၊ ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ် ပုဂ္ဂိုလ်တို့သည် ၄င်း၊ မဟဂ္ဂုတ်, လောကုတ္တရာ အပွနာဇောတို့ကို မရနိုင်သောကြောင့် တရားအားထုတ်ပါ သော်လည်း ယခုဘဝ၌ ဈာန်မဂ်ဖိုလ် မရနိုင်ပါ။

သာဓက ။ **ဝိထိစာပို့ဒ် - ၄၀။**

မှတ်ရန် ။ **အထက်ပါအကြောင်းပြနှင့် ပါဠိသာဓကတို့ကို ထောက်၍ ဈာန်ရ တိရစ္ဆာန်ဟူ၍၄င်း၊ အရိယာတိရစ္ဆာန်ဟူ၍၄င်း မရှိနိုင်ဟုသိပါ။**

အပါယ်ဘုံသားတို့၏ သန္တာန်၌ ကုသိုလ်စိတ် ဖြစ်နိုင်ခွင့်ရှိ

ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်တို့သည် မဟာကုသိုလ်ဇောကို ရနိုင်သောကြောင့် ခွေး, နွား, တိရစ္ဆာန် စသော အပါယ်ဘုံသားတို့၏ သန္တာန်၌ မဟာကုသိုလ်စိတ် ဖြစ်နိုင်ခွင့် ရှိပါသည်။

သာဓက ။ **ဝိထိစာပို့ဒ် - ၄၀၊ ၄၂။**

http://www.dhammadownload.com

တိရစ္ဆာန်ပညာရှိများ ရှိနိုင် / မရှိနိုင်

ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်သန္တာန်၌ မဟာကုသိုလ်ဉာဏသမ္မယုတ်ဇောကို ရနိုင်သောကြောင့် သသပဏ္ဍိတ = ယုန်ပညာရှိ-စသည်အားဖြင့် ပဝတ္တိဉာဏ် (တခ်ဏုပ္ပတ္တိချက်ချင်းလက်ငင်းဖြစ်သည့် ဖြတ်ထိုး ဉာဏ်)ရှိသော တိရစ္ဆာန်ပညာရှိများရှိနိုင်ပါသည်။

သာဓက ။ **ဝိထိစာပိုဒ် - ၄၀၊ ၄၂**။

တိရစ္ဆာန်ထက် လူသားကပို၍ အသိဉာဏ်ရှိ

မဟာဝိပါက် ဉာဏသမ္မယုတ်စိတ်၄-ခုသည် ဒွိဟိတ်, သုဂတိအဟိတ်မှ တစ်ပါးသော လူသားတို့၏ သန္တာန်၌ ရနိုင်ပြီးလျှင် ဒုဂ္ဂတိအဟိတ် တိရစ္ဆာန်တို့၏ သန္တာန်၌ မရနိုင်သောကြောင့် လူသားနှင့် တိရစ္ဆာန်တို့တွင် လူသားကပို၍ အသိဉာဏ်ရှိပါသည်။

သာဓက ။ **ဝိထိစာပိုဒ် - ၄၀၊ ၄၁၊ ၄၂**။

သုဂတိအဟိတ် ဒွိဟိတ်ပုဂ္ဂိုလ်ဝိထိစိတ်ရ

သုဂတိအဟိတ်, ဒွိဟိတ်တို့၏ သန္တာန်၌ (ဟသိတုပ္ပါဒ်ကြဉ်သော)အသောဘနစိတ် ၂၉-ပါး၊ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာဝိပါက်ဉာဏဝိပ္ပယုတ် ၄- ပါးအားဖြင့် ၄၁-ပါးသော စိတ်တို့ကို ရနိုင်ပါသည်။

သာဓက ။ **အသီတိဝိထိစိတ္တာနိ နှင့် ဝိထိစာပိုဒ် - ၄၀၊ ၄၁**။

ဆောင် ။ **အသောမှလျှင်၊ ဟသိကြဉ်ပြု၊ မဟာကုရှစ်၊ ဝိဝိပ်ဖြစ်ထွေး၊ တစ်ပါးလေးဆယ်၊ (သု, ဒွိ)ဝယ်၊ တကယ်ရသတည်း**။

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် ဝိထိစိတ်ရ

ဒုဂ္ဂတိအဟိတ်၏ သန္တာန်၌ (ဟသိတုပ္ပါဒ်ကြဉ်သော) အသောဘနစိတ် ၂၉-ပါး၊ မဟာကုသိုလ်စိတ် ၈-ပါးအားဖြင့် ၃၇-ပါးသော စိတ်တို့ကို ရနိုင်ပါသည်။

သာဓက ။ **အသီတိ ဝိထိစိတ္တာနိနှင့် ဝိထိစာပိုဒ် - ၄၀၊ ၄၁၊ ၄၂**။

ဆောင် ။ **ယခင်တွက်စစ်၊ လေးဆယ့်တစ်မှ၊ ကြဉ်လစ်ဝိဝိပ်၊ ထိုသည့်စိတ်၊ (အဟိတ်ဒု) ရတည်း**။

http://www.dhammadownload.com

ရဟန္တာ၏ဝိထိစိတ်ရ

ရဟန္တာ၏ သန္တာန်၌ အဟိတ်စိတ် (၁၈) ပါး၊ မဟာဝိပါက်စိတ် (၈) ပါး၊ မဟာကြိယာ စိတ် (၈) ပါး၊ (မဟဂ္ဂုတ် ကြိယာစိတ် ၉-ပါး)၊ အရဟတ္တဖိုလ် (၁) ပါးအားဖြင့် (၄၄) ပါးသော စိတ်တို့ကို ရနိုင်ပါသည်။

သာဓက ။ **အသီတိ ဝိထိစိတ္တာနိနှင့် ဝိထိစာပိုဒ် - ၄၃၊ ၄၇။**

ဆောင် ။ **အဟိတ်မဟာ၊ ဝိပါကြိ၊ ဟဂ်ကြိယာ၊ ဖိုလ်ရတ္တာ၊ (ရဟန္တာ)မှာရသတည်း။**

မှတ်ရန် ။ **စျာန်ရပုဂ္ဂိုလ်မဟုတ်လျှင် မဟဂ္ဂုတ်ကြိယာ (၉) ပါးကိုနုတ်ပါ။**

တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ် ဝိထိစိတ်ရ

တိဟိတ်ပုထုဇဉ်၏ သန္တာန်၌ (ဟသိတုပ္ပါဒ်ကြဉ်သော) အသောဘနစိတ် (၂၉) ပါး၊ မဟာကုသိုလ်စိတ် (၈) ပါး၊ မဟာဝိပါက်စိတ် (၈) ပါး၊ (မဟဂ္ဂုတ်ကုသိုလ် ၉-ပါး)အားဖြင့် (၅၄) ပါးသော စိတ်တို့ကို ရနိုင်ပါသည်။

သာဓက ။ **အသီတိဝိထိစိတ္တာနိနှင့် ဝိထိစာပိုဒ် - ၄၄၊ ၄၇။**

ဆောင် ။ **အသောမှလျှင်၊ ဟသိကြဉ်ပြု၊ မဟာကု,ဝိ၊ ဟဂ်ကုဖြည့်လျှင်၊ (တိဟိတ်ဇဉ်)၊ ရစဉ် ငါးဆယ့်လေး။**

မှတ်ရန် ။ **စျာန်ရပုဂ္ဂိုလ်မဟုတ်လျှင် မဟဂ္ဂုတ်ကုသိုလ် (၉) ပါးကိုနုတ်ပါ။**

မဂ္ဂင်္ဂာန် (၄) ယောက် စိတ်ရ

မဂ္ဂင်္ဂာန် (၄) ယောက်တို့၏ သန္တာန်၌ မိမိတို့နှင့်ဆိုင်ရာ မဂ်စိတ်(၁) ပါးစီကိုသာ ရပါသည်။

သာဓက ။ **ဝိထိစာပိုဒ်-၃၅၊၄၇။**

သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ် ဝိထိစိတ်ရ

သောတာပန်, သကဒါဂါမ်တို့၏ သန္တာန်၌ ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် (၄) ပါး၊ ဒေါသမူ(၂) ပါး၊ ဥဒ္ဓစ္စသဟဂုတ်စိတ် (၁) ပါး၊ (ဟသိတုပ္ပါဒ်ကြဉ်သော) အဟိတ်စိတ် (၁၇) ပါး၊ မဟာကုသိုလ်စိတ် (၈) ပါး၊ မဟာဝိပါက်စိတ် (၈) ပါး၊ မဟဂ္ဂုတ် ကုသိုလ်စိတ် (၉) ပါး တို့နှင့် မိမိဆိုင်ရာဖိုလ်စိတ် (၁) ပါးစီအားဖြင့် (၅၀) စီ ရနိုင်ပါသည်။

http://www.dhammadownload.com

သာဓက ။ **အသီတိဝိထိစိတ္တာနိနှင့် ဝိထိစာပိုဒ် -၄၄၊ ၄၅၊ ၄၇။**

ဆောင် ✻ **ယခင်တွက်ရေး၊ ငါးဆယ့်လေးမှ၊ ဒီဠ်သမွစ်၊ ဖယ်ကြဉ်ဘိလျက်၊ မိမိ၏ ဖိုလ်၊ ထည့်ပေါင်းသိုကာ၊ (သောနှင့်ဒါ)၊ ရရာစိတ်ငါးဆယ်။**

အနာဂါမ်ပုဂ္ဂိုလ်၏ ဝိထိစိတ်ရ

အနာဂါမ်၏ သန္တာန်၌ ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် (၄) ပါး၊ ဥဒ္ဓစ္စသဟဂုတ်စိတ် (၁) ပါး၊ (ဟသိတုပ္ပါဒ်ကြဉ်သော) အဟိတ်စိတ် (၁၇) ပါး၊ မဟာကုသိုလ်စိတ် (၈) ပါး၊ မဟာဝိပါက်စိတ် (၈)ပါး၊ (မဟဂ္ဂုတ်ကုသိုလ် ၉-ပါး)၊ အနာဂါမိဖိုလ်စိတ် (၁) ပါးအားဖြင့် (၄၈) ပါး သောစိတ် တို့ကို ရနိုင်ပါသည်။

သာဓက ။ **အသီတိဝိထိစိတ္တာနိနှင့် ဝိထိစာပိုဒ် -၄၄၊ ၄၅၊ ၄၆၊ ၄၇။**

ဆောင် ✻ **ယခင် ငါးဆယ်၊ ဒေါမူပယ်၍၊ ထည့်လှယ်နာဖိုလ်၊ ရှစ်ပိုလေးဆယ်၊ (နာဂါမ်) ဝယ်၊ တကယ်ရသတည်း။**

တိဟိတ်ပုထုဇဉ်၏ ပညာသားပါသော စိတ်ထား

ပညန္ဒြေယှဉ်သော စိတ် (၄၇) ပါးရှိသော်လည်း တိဟိတ်ပုထုဇဉ်တို့၏ သန္တာန်၌ ကြိယာဇောနှင့်၊ လောကုတ္တရာစိတ်တို့ကို မရနိုင်သောကြောင့်၄င်း၊ ဈာန်မရပါက မဟဂ္ဂုတ်စိတ် များကို မရနိုင်သောကြောင့်၄င်း၊ (ဈာန်မရသော တိဟိတ်ပုထုဇဉ် လူများ၏) ပညာသားပါသော စိတ်ထားကား ကာမာဝစရကုသိုလ် ဉာဏသမွယုတ် (၄) ပါး၊ ကာမာဝစရ ဝိပါက်ဉာဏသမွယုတ် (၄)ပါးအားဖြင့် (၈) ပါးဖြစ်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၃၁၊ ဝိထိစာပိုဒ် -၄၄၊ ၄၇။**

မှတ်ရန် ။ **ဈာန်ရတိဟိတ် ပုထုဇဉ်အတွက်ဖြစ်လျှင် မဟဂ္ဂုတ်ကုသိုလ်ထပ်တိုးပါ။**

ဒွိဟိတ်, သုဂတိအဟိတ် ပုထုဇဉ်၏ ပညာသားပါသော စိတ်ထား

ဒွိဟိတ်, သုဂတိအဟိတ် ပုထုဇဉ်တို့၏ သန္တာန်၌ကား-ကြိယာဇောတို့ကိုလည်း၊ မဟဂ္ဂုတ် လောကုတ္တရာဟူသော အပွနာဇောတို့ကိုလည်း၊ မဟာဝိပါက်ဉာဏ သမွယုတ်တို့ကိုလည်း၊ မရနိုင် သောကြောင့် (ဒွိဟိတ် သုဂတိ အဟိတ်ပုထုဇဉ် လူများ၏) ပညာသားပါသော စိတ်ထားကား ကာမာဝစရကုသိုလ်ဉာဏသမွယုတ် (၄) ပါးသာဖြစ်ပါသည်။

သာဓက ။ **စေတသိတ်စာပိုဒ် ၃၁၊ ဝိထိစာပိုဒ် -၄၀-၄၁။**

http://www.dhammadownload.com

မဂ္ဂင်္ဂာန် (၄) ယောက်တို့၏ ပညာသားပါသောစိတ်ထား

မဂင်္ဂာန် (၄) ယောက်တို့၏ သန္တာန်၌ ဆိုင်ရာမဂ်စိတ် (၁) ပါးစီသာ ဖြစ်နိုင်သောကြောင့် (မဂ္ဂင်္ဂာန်-၄ယောက်တို့၏) ပညာသားပါသော စိတ်ထားကားမိမိဆိုင်ရာ မဂ်စိတ် (၁) ပါးစီသာ ဖြစ်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ် - ၃၁၊ ဝိထိစာပိုဒ်- ၃၅၊ ၄၇။**

ဈာန်မရသော အောက်ဖလဋ္ဌာန် (၃) ယောက်တို့၏ ပညာသားပါသော စိတ်ထား

အောက်ဖလဋ္ဌာန် (၃) ယောက်တို့၏ သန္တာန်၌ ကာမာဝစရကုသိုလ် ဉာဏသမ္မယုတ် စိတ် (၄) ပါး၊ ကာမာဝစရဝိပါက်ဉာဏသမ္မယုတ် စိတ် (၄) ပါးနှင့် မိမိတို့ဆိုင်ရာ ဖိုလ်စိတ် (၁) ပါးစီသာဖြစ်နိုင်သောကြောင့် (ဈာန်မရသော အောက်ဖလဋ္ဌာန်-၃ယောက်တို့၏) ပညာသားပါသော စိတ်ထားကား ကာမာဝစရကုသိုလ် ဉာဏသမ္မယုတ် (၄) ပါး၊ကာမာဝစရဝိပါက်ဉာဏသမ္မယုတ် (၄) ပါးနှင့် မိမိဆိုင်ရာ ဖိုလ်စိတ် (၁) ပါးစီ သာဖြစ်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၃၁၊ ဝိထိစာပိုဒ်-၄၄၊ ၄၇။**

ဈာန်မရသော ရဟန္တာ၏ ပညာသားပါသော စိတ်ထား

ဈာန်မရသော ရဟန္တာတို့၏သန္တာန်၌ မဟာဝိပါက်ဉာဏသမ္မယုတ် (၄) ပါး၊ မဟာကြိယာဉာဏသမ္မယုတ် (၄) ပါးနှင့် အရဟတ္တဖိုလ်စိတ်တို့သာ ဖြစ်နိုင်သောကြောင့် (ဈာန်မရသော ရဟန္တာ၏) ပညာသားပါသော စိတ်ထားကား ကာမဝစရဝိပါက်ဉာဏ သမ္မယုတ် (၄) ပါး၊ ကာမဝစရကြိယာဉာဏသမ္မယုတ် (၄) ပါးနှင့် အရဟတ္တဖိုလ်စိတ်တို့သာ ဖြစ်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ် -၃၁၊ ဝိထိစာပိုဒ်- ၄၃၊ ၄၇။**

မှတ်ရန် ။ **ဈာန်ရအတွက်ဖြစ်လျှင် မဟဂ္ဂုတ်ကြိယာ ထပ်တိုးပါ။**

ကုသိုလ်လည်း မရ, ငရဲလည်းမကြီးတော့သော ပုဂ္ဂိုလ်များ

ခီဏာသဝပုဂ္ဂိုလ်တို့၏ သန္တာန်၌ ကုသိုလ်, အကုသိုလ်ဇောများကို မရအပ်သောကြောင့် ကုသိုလ်လည်းမရ, ငရဲလည်းမကြီးနိုင်တော့သော ပုဂ္ဂိုလ်များဟူသည် အာသဝေါကင်းကွာဘုရား, ရဟန္တာတို့သာ ဖြစ်ပါသည်။

သာဓက ။ **ဝိထိစာပိုဒ် - ၄၃။**

http://www.dhammadownload.com

ရဟန္တာတို့၏ သန္တာန်၌ ကုသိုလ်, အကုသိုလ်ဇောများ မရနိုင်ခြင်းအကြောင်း

ရဟန္တာတို့သည် အဝိဇ္ဇာနှင့် တဏှာနုသယတို့ကို အကြွင်းမဲ့ပယ်ပြီး ဖြစ်၍ အဝိဇ္ဇာနှင့် တဏှာနုသယကြောင့် ဖြစ်သော လောကီကုသိုလ်, အကုသိုလ်ဟူသော သခါရတို့ မဖြစ်နိုင်သောကြောင့်၄င်း၊ ဖယ်ရှားဖွယ်ရာ အနုသယ မရှိတော့်သဖြင့် အနုသယကို ဖယ်ရှားသော လောကုတ္တရာကုသိုလ်များ ဖြစ်ဖွယ်မလိုတော့်သောကြောင့်၄င်း၊ ခီဏာသဝရဟန္တာတို့၏ သန္တာန်၌ ကုသိုလ်, အကုသိုလ်ဇောများ မရနိုင်ပါ။

သာဓက ။ **ဝိထိစာပိုဒ်-၄၃၊ အဝိဇ္ဇာ ပစ္စယာ သခါရာနှင့်ကမ္မဋ္ဌာန်းစာပိုဒ်-၇၁။**

ညီတော်နန္ဒမင်းသားကို သပိတ်ထမ်းအဖြစ် ခေါ်သွားသော ဘုရားရှင်၏ စိတ်ဓာတ်

အာသဝေါကင်းကွာ ဘုရားရဟန္တာတို့၏ သန္တာန်၌ ကုသိုလ်, အကုသိုလ်ဇောများကို မရသင့်ဘဲ ကြိယာဇောများကိုသာ ရသင့်သောကြောင့် ညီတော် နန္ဒမင်းသားကို သပိတ်ထမ်းအဖြစ် ခေါ်စဉ်အခိုက်ဘုရားရှင်၏ စိတ်ဓာတ်သည် မဟာကြိယာ ဉာဏသမ္ပယုတ်ဇောစိတ်သာ ဖြစ်နိုင်ပါသည်။

သာဓက ။ **ဝိထိစာပိုဒ် - ၄၃။**

ပုထုဇဉ်နှင့် သေက္ခတို့၏သန္တာန်၌ လုံးဝ မဖြစ်ဘူးသေးသော အသောဘနစိတ်

ဟသိတုပ္ပါဒ် ကြိယာဇောစိတ်သည် ပုထုဇဉ်နှင့် သေက္ခတို့၏သန္တာန်၌ တစ်သံသရာလုံး လုံးဝမဖြစ်ဘူးသေးသော အသောဘနစိတ်ဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပိုဒ်-၂၅၊ ဝိထိစာပိုဒ်-၄၄။**

ပုထုဇဉ်, သေက္ခ, အသေက္ခတို့၏ သီးသန့် (အာဝေဏိက) စိတ်များ

ပုထုဇဉ်နှင့်သာ ဆိုင်ရာစိတ်ကား- ဒိဋ္ဌဂတ သမ္ပယုတ် (၄) ပါး ဝိစိကိစ္ဆာသမ္ပယုတ် စိတ်တို့ဖြစ်ပါသည်။ **သေက္ခအရိယာပုဂ္ဂိုလ်နှင့်သာ ဆိုင်ရာစိတ်ကား**-မဂ် (၄) ပါးနှင့် အောက်ဖိုလ် (၃) ပါးတို့ဖြစ်ပါသည်။ **အသေက္ခ (ရဟန္တာ) အရိယာနှင့်သာ ဆိုင်ရာစိတ်ကား** - ဟသိတုပ္ပါဒ်စိတ်(၁) ပါး၊ မဟာကြိယာစိတ် (၈) ပါး၊ မဟဂ္ဂုတ်ကြိယာ (၉) ပါး၊ အရုဟတ္တဖိုလ် (၁)ပါးတို့ဖြစ်ပါသည်။

သာဓက ။ **(အကျယ်) ပုဂ္ဂလဘေဒ ပါဠိများ။ (အကျဉ်း) ဝိထိစာပိုဒ်-၄၈၈ဂါထာ။**

http://www.dhammadownload.com

သေက္ခပုထုဇ္ဇနာနံဠ္ဍ သေက္ခအရ

သေက္ခပုဂ္ဂိုလ် (၇) ယောက် ရှိသော်လည်း မဂ္ဂင်္ဂန် သေက္ခပုဂ္ဂိုလ်တို့၌ ဆိုင်ရာ မဂ်စိတ် (၁) ပါးစီမျှသာ ရသောကြောင့် ဤနေရာ (တထာ သေက္ခပုထုဇ္ဇနာနံ)၌ပါသော သေက္ခအရ အောက် ဖလင်္ဂန် (၃) ယောက်ကိုသာ ယူရမည်။

သာဓက ။ **ဝိထိစာပိုဒ် - ၃၅၊ ၄၇။**

ပုထုဇ္ဇန အရ

ပုထုဇဉ်ဟု သာမန်ဆိုထားသော်လည်း ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ် ပုထုဇဉ်တို့၏စိတ်ရကို ပြဆိုပြီးဖြစ်သောကြောင့် ဤနေရာ (တထာ သေက္ခပုထုဇ္ဇနာနံ)၌ တိဟိတ် ပုထုဇဉ်ကိုသာ ယူရပါမည်။

သာဓက ။ **ဝိထိစာပိုဒ်-၄၃၊ ၄၄။**

အာသဝက္ခယ ပုဂ္ဂလအရ

ဘုရား ရဟန္တာဟူသော ခီဏာသဝပုဂ္ဂိုလ်တို့၏ သန္တာန်၌သာ အကုသိုလ်ဇောစိတ်များ မဖြစ်နိုင်၍ ထိုအကုသိုလ်ဇောစိတ်ကို မှီ၍ ဖြစ်ရသည့် ကာမာသဝနှင့် ဘဝါသဝတို့၏ တရားကိုယ် လောဘ၊ ဒိဋ္ဌာသဝ၏တရားကိုယ်ဒိဋ္ဌိ၊ အဝိဇ္ဇာသဝ၏တရားကိုယ် မောဟများလည်း လုံးဝမဖြစ်နိုင်သောကြောင့် အာသဝက္ခယပုဂ္ဂလအရ ဘုရားရဟန္တာတို့ကိုသာ ယူရပါမည်။

သာဓက ။ **စေတသိက်စာပိုဒ် - ၁၀၊ ဝိထိ စာပိုဒ် - ၄၃၊**

အရိယာပုဂ္ဂိုလ်မှန်သမျှ၌ မဖြစ်နိုင်သော အကုသိုလ်

(ဒိဋ္ဌိဂတသမ္ပယုတ်-၄ ခုနှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်တို့ကို သောတာပတ္တိမဂ် စိတ္တက္ခဏ-၁ ချက်မျှဖြင့်ပင် အကြွင်းမဲ့ပယ်ပြီးဖြစ်သောကြောင့်) အရိယာပုဂ္ဂိုလ်မှန်သမျှ၏ သန္တာန်၌ ဒိဋ္ဌိဂတသမ္ပယုတ်နှင့် ဝိစိကိစ္ဆာ သမ္ပယုတ်ဟူသော အကုသိုလ်ဇောများ မဖြစ်တော့ပါ။

သာဓက ။ **ဝိထိစာပိုဒ် - ၄၅၊ ၄၇၊ ကမ္မဋ္ဌာန်းစာပိုဒ် - ၆၈။**

အဝိဇ္ဇာမကင်းသေးသော အရိယာ

သောတာပတ္တိမဂ်အစ အရဟတ္တမဂ်အဆုံးရှိသော သေက္ခပုဂ္ဂိုလ် (၇) ယောက်တို့၏ သန္တာန်၌ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်ဟူသော မောဟမူ အကုသိုလ်မကင်းသေးသော

http://www.dhammadownload.com

ကြောင့် သေက္ခပုဂ္ဂိုလ် (၇) ယောက်တို့သည် မောဟဟူသော အဝိဇ္ဇာ မကင်းသေးသော အရိယာများ ဖြစ်ပါသည်။

သာဓက ။ **ဝိထိ စာပိုဒ် - ၄၄၊ ၄၅၊ ၄၆၊ ၄၇။**

မှာတမ်း ။ **ကမ္မဋ္ဌာန်းပိုင်း ပဌလဘေဒ ပါဠိများကိုလည်း ထောက်နိုင်၏။**

အရိယာပုဂ္ဂိုလ်များ နတ်ကနားပေးမှု မပြု

အရိယာပုဂ္ဂိုလ်တို့သည် ဒိဋ္ဌဂတသမ္မယုတ်နှင့် ဝိစိကိစ္ဆာသမ္မယုတ်စိတ်တို့ကို မရနိုင်သောကြောင့် (မိစ္ဆာဒိဋ္ဌနှင့်ယှဉ်မှု၊ ရတနာ (၃) ပါးမှ တစ်ပါးအခြား အားကိုးရာရှိသေးသည်ဟု ယုံမှားမှုသဘောသက်ရောက်သည့်) ကိုကြီးကျော် အစရှိသော နတ်ဆိုးတို့ကို ပူဇော်ကိုးကွယ်မှု နတ်ကနားပေးခြင်းကို မပြုပါ။

သာဓက ။ **ဝိထိစာပိုဒ်-၄၅။**

သဒ္ဓါတရားခိုင်မာသူများ

အရိယာပုဂ္ဂိုလ်တို့သည် ဒိဋ္ဌဂတသမ္မယုတ်နှင့် ဝိစိကိစ္ဆာသမ္မယုတ်တို့ကို ပယ်ပြီးဖြစ်သောကြောင့် အယူမှားမှု မိစ္ဆာဒိဋ္ဌနှင့် ယုံကြည်ချက်ပျက်ပြားယုံမှားမှု ဝိစိကိစ္ဆာသဘောများမရှိသဖြင့် သဒ္ဓါတရားပြည့်ဝခိုင်မာသူ သဒ္ဓါတရားမပျက်ပြားသူများသာဖြစ်ပါသည်။

သာဓက ။ **ဝိထိစာပိုဒ်-၄၅။**

အနာဂါမ်, ရဟန္တာနှင့် ဗြဟ္မာများ ဒေါသမထွက် (မကြောက်)

အနာဂါမ်, ရဟန္တာနှင့်ရူပ, အရူပပြဟ္မာမှန်သမျှတို့၏သန္တာန်၌ ဒေါသဇောကို မရတော့သောကြောင့် ပဋိယ၏ယှဉ်ဘက် ဒေါသထွက်မှုမဖြစ် (ရုန့်ငြိုးမထား, အမုန်းတရားမရှိ) ပါ။ (သေခြင်းစသော ဒုက္ခကို ကြောက်လန့်ပူပန်ခြင်းမရှိပါ။)

သာဓက ။ **ဝိထိစာပိုဒ်- ၄၃၊ ၄၆၊ ၅၀၊ ၅၁။**

"ဘူရားရိုက်လိမ့်မယ်"ဆိုသောစကား သဘာဝကျ/မကျ

အာသဝေါကင်းကွာ ဘုရားရဟန္တာတို့၏ သန္တာန်၌ ဒဏ်ခတ်နှိပ်စက်ဖိစီးသော ဒေါသဇောကိုမရသင့်သောကြောင့် ဘုရားရိုက်လိမ့်မယ်ဆိုသောစကားသည် သဘာဝမကျပါ။

သာဓက ။ **ဝိထိစာပိုဒ်-၄၃။**

http://www.dhammadownload.com

ဒဏ်ခတ်သောဘုရားသခင်သည် ဘုရားစစ်ဟုတ်/မဟုတ်

အာသဝေါကင်းကွာ ဘုရားရဟန္တာတို့၏ သန္တာန်၌ ဒဏ်ခတ်နှိပ်စက်ဖိစီးသော ဒေါသဇောကိုမရသင့်သောကြောင့် မိမိအလိုကျ မနေထိုင်သူများကို ကပ်ဆိုး, ဥပါဒ်ဆိုး, အန္တရာယ်အမျိုးမျိုးတို့ဖြင့် လွှမ်းမိုးနှိပ်စက် ဖျက်ဆီးခြင်းတို့ဖြင့် ဒဏ်ခတ်သည်ဟူသော ဘုရားသခင်သည် ကရုဏာရှင်ဘုရားသခင်အစစ်မဟုတ်နိုင်ပါ။

သာဓက ။ ဝိထိစာပိုဒ်-၄၃။

မဟာလူသား အရိယာများသာ ရနိုင်သောစိတ်

မဟာလူသား အရိယာများသာ ရထိုက်သောစိတ်ကား လောကုတ္တရာစိတ်ရှစ်ခု ဖြစ်ပါသည်။

သာဓက ။ ဝိထိစာပိုဒ်-၄၇။

* * * * * * *

ဘူမိဝိဘာဂမြင်ကွင်း

ဘူမိဝိဘာဂ

ဘုံအလိုက်ရထိုက်သော ဝိထိစိတ်တို့ကို (ဘုံစိတ်ရအနေအားဖြင့်) ခွဲခြားပြဆိုရာအခန်းသည် ဘူမိဝိဘာဂမည်၏။

ဘုံအလိုက် (ယထာရဟ) ရထိုက်သောဝိထိစိတ်များဇယား

စဉ်	ဝိထိစိတ် - ၈၀	ကာမ-၁၁	ရူပ-၁၅	အရူပ-၄	ဘုံပေါင်း
၁	ဒေါသမူ ၂, မဟာဝိ ၈, ဃာန ၂, ဇိဝှါ ၂, ကာယ ၂	။			၁၁
၂	စက္ခု ၂, သောတ ၂, မနောဓာတ် ၃, သန္တီ ၃, ဟသိ ၁, ရူကု ၅, ရူကြို ၅, သောမဂ် ၁	။	။		၂၆
၃	လော ၈, မော ၂, မနော. ဇုန်း ၁,မဟာကု ၈, မဟာကြို ၈, အရူကု ၄, အရူကြို ၄,ထက်မဂ် ၃, ဖိုလ် ၄	။	။	။	၃၀
	ယထာရဟရသောစိတ်ပေါင်း	၈၀	၆၄	၄၂	
	ဝိထိပိုင်းသာဓကစာပိုဒ်	၄၉	၅၀ ၅၂	၅၁ ၅၂	

http://www.dhammadownload.com

ဂါထာပါ သန္ဒိဘတို့၏ သဒ္ဒေါယျများ

အသီတိ ဝိထိစိတ္တာနိဉ္ဈ အသီတိအရကား ဇယားပါ သန္ဒိဘစဉ် (၁)၊ (၂)၊ (၃)တို့ကို ပေါင်း၍ ရသော ဝိထိစိတ် (၈၀) ပါးတည်း။

စတုသဋ္ဌိအရကား ဇယားပါ သန္ဒိဘစဉ် (၂)၊ (၃)တို့ကို ပေါင်း၍ ရသော ဝိထိစိတ် (၆၄) ပါးတည်း။

ဒွေစတ္တာလီသအရကား ဇယားပါ သန္ဒိဘစဉ် (၃) အရ ဝိထိစိတ် (၄၂) ပါးတည်း။

ရယ်ရွှင်မှု ဖြစ်နိုင်/ မဖြစ်နိုင်သော ဗြဟ္မာများ

(အသညသတ်ကြဉ်သော) ရူပဘုံ၌ ဟသိတုပ္ပါဒ်စိတ်ကိုရသောကြောင့် ရယ်ရွှင်မှုဖြစ်နိုင်သော ဗြဟ္မာကား အသညသတ်မှတစ်ပါးသော ရူပဗြဟ္မာများဖြစ်ပါသည်။

အရူပဘုံ၌ ဟသိတုပ္ပါဒ်စိတ် မရသောကြောင့်၄း၊ အသညသတ်ဗြဟ္မာတို့အား စိတ်ဖြစ်မှုမရှိသောကြောင့်၄း၊ ရယ်ရွှင်မှု မဖြစ်နိုင်သော ဗြဟ္မာများကား အရူပဗြဟ္မာနှင့် အသညသတ်ဗြဟ္မာတို့ဖြစ်ပါသည်။

သာဓက ။ **ဝိထိစာပိုဒ်-၅၀၊ ၅၁၊ ၅၃**။

စေတနာ သဒ္ဓါတရားမရှိသော ဗြဟ္မာ

အသညသတ်ပုဂ္ဂိုလ်တို့သည် စေတသိက်တို့၏ မှီရာစိတ်မရှိသောကြောင့် စိတ်နှင့်ကင်း၍ မဖြစ်နိုင်သော စေတနာ, သဒ္ဓါ, စေတသိက်များလည်းမဖြစ်နိုင်၍ အသညသတ်ဗြဟ္မာတို့၏ သန္တာန်၌ စေတနာသဒ္ဓါတရား မရှိပါ။

သာဓက ။ **(စေတသိက်) တေသံ စိတ္တာဝိယုတ္တာနံနှင့် ဝိထိစာပိုဒ်-၅၃**။

တယ်လီပေးရှင်းကြည့်မှု ဖြစ်နိုင်သော ဗြဟ္မာ

ရူပဘုံ၌ မြင်သိစိတ် စက္ခုဝိညာဏ်ဒွေး ဖြစ်နိုင်သောကြောင့် ရူပဗြဟ္မာများသည် လူပြည်အတွင်းရှိ တယ်လီပေးရှင်းတီဗွီကို လှမ်း၍ကြည့်မှု ဖြစ်နိုင်ပါသည်။

သာဓက ။ **ဝိထိစာပိုဒ်-၅၀၊ ၅၂**။

http://www.dhammadownload.com

တစ်သက်နှင့် တစ်ကိုယ်, စိတ်လုံးဝ မဖြစ်သောပုဂ္ဂိုလ်

အသည်းသတ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ မည်သည့်စိတ်မျှ မဖြစ်သောကြောင့် တစ်သက်နှင့် တစ်ကိုယ်, စိတ်လုံးဝမဖြစ်သောပုဂ္ဂိုလ်ကား အသည်းသတ်ပြဟ္မာဖြစ်ပါသည်။

သာဓက ။ **ဝိထိစာပိုဒ်-၅၃။**

ဝိထိစိတ်များဖြစ်နေပုံနှင့် ဖြစ်ရာကာလ

ဝိထိစိတ်များသည် သက်ဆိုင်ရာဒွါရအလိုက် ဖြစ်ထိုက်သည်အားလျော်စွာ (၁) ဝိထိနှင့် (၁) ဝိထိအကြားအကြား၌ ဘဝင်ခြားလျက် အသက်ရှည်သမျှကာလပတ်လုံး မပြတ်မလပ် တရစပ်ဖြစ်နေကြပါသည်။

သာဓက ။ **ဝိထိစာပိုဒ်-၅၅။**

ယာဝတာယုက မဇ္ဈောစ္ဆိန္နာသည် ယေဘုယျ

အသက်ရှင်သမျှ ကာလပတ်လုံး (၆) ဒွါရ၌ ဝိထိစိတ်များ မပြတ်မလပ် တရစပ်ဖြစ်သည်ဟုဆိုထားသော "ယာဝတာယုကမဇ္ဈောစ္ဆိန္နာ" ဟူသော စကားသည် (၁) နိရောဓသမာပတ်ဝင်စားရာကာလ၌ စိတ်မဖြစ်သောကြောင့်၄င်း, (၂) ဘဝင်ကျသော ကာလ၌ ဝိထိစိတ်များမဖြစ်သောကြောင့်၄င်း, မုချမဟုတ်ပါ။ ယေဘုယျသာ ဖြစ်ပါသည်။

သာဓက ။ **ဝိထိစာပိုဒ်-၃၆၊ ၅၅။**

မှတ်ရန် * **ဖော်ပြပြီးသော စကားရပ်ကိုထောက်ဆ၍ တစ်ဘဝအတွင်း၌ ဝိထိစိတ် မဖြစ်ရာကာလ (၂) မျိုးရှိသည်ဟုမှတ်ပါ။**

ဝိထိပိုင်း ဆိုင်ရာမြင်ကွင်း ပြီးပြီ။

* * * * * * *

http://www.dhammadownload.com

ဒီထိမုတ်ပိုင်း

ဒီထိမုတ်ပိုင်းမည်ပုံ

ဒီထိမှအလွတ်ဖြစ်သည့် ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်သော စိတ်(၁၉)ပါးတို့ ပြရာအပိုင်းကိုဒီထိမုတ်ပိုင်းဟုခေါ်သည်။

ဒီထိမုတ်ပိုင်းကို ဘုံပိုင်းဟုခေါ်ခြင်းအကြောင်း

သတ္တဝါတို့၏ဖြစ်ရာ ဘုံဘဝနှင့် သက်ဆိုင်သော အခန်းများ ကျယ်ဝန်းစွာပါဝင်သောကြောင့်၎င်း၊ ဘူမိစတုက္ကကို ဦးစွာပြဆိုသောကြောင့်၎င်း၊ ဒီထိမုတ်ပိုင်းကို ဘုံပိုင်းဟုလည်းခေါ်နိုင်ပါသည်။

သန္ဓိယံအရ

ဒီထိမုတ်ပိုင်း ပဋိသန္ဓိစတုက္ကနှင့် မရဏုပ္ပတ္တိစတုက္ကတို့တွင် ပဋိသန္ဓေအခါ၌ ဒီထိမုတ်စိတ်များဖြစ်ပုံကိုသာမက ဘဝင်စုတိအခါတို့၌ ဒီထိမုတ်စိတ်များဖြစ်ပုံကိုလည်း ပြဆိုထားသောကြောင့် သန္ဓိယံ ဒါနိ ဝုစ္စတိ၌ သန္ဓိယံအရ ပဋိသန္ဓေအခါကို မုချအားဖြင့်ရ၏။

ပဋိသန္ဓေနှင့်ဆက်စပ်သော ဘဝင်စုတိအခါတို့ကို ဥပစာရအားဖြင့်ရ၏။

သာဓက ။ **ဒီထိမုတ်စာပို၌-၄၉၊ ၉၉။**

ပဋိသန္ဓေအခါ, ပဝတ္တိအခါ

ပဋိသန္ဓေစိတ်, စေတသိတ်နှင့် ကမ္မဇရုပ်တို့ ဦးစွာဖြစ်သည့် ဥပါဒ်ခဏသည် ပဋိသန္ဓေအခါမည်၏။ ပဋိသန္ဓေဥပါဒ်ခဏမှနောက် ဌိခဏမှစ၍ စုတိမတိုင်မီ ကာလသည် (အဓိပ္ပါယ်ထဲ၌ ကိန်းအောင်းဆဲပင်ဖြစ်စေကာမူ) ပဝတ္တိအခါမည်၏။

ပဝတ္တိသင်္ဂဟချင်းအထူး

ဒီထိပိုင်းလာ ပဝတ္တိသင်္ဂဟကား ပဝတ္တိအခါ၌ ဒီထိစိတ်များဖြစ်ပွားပုံကို ပြသည်။ ဒီထိမုတ်ပိုင်းလာ ပဝတ္တိသင်္ဂဟကား ပဋိသန္ဓေ, ဘဝင်, စုတိအခါတို့၌ ဒီထိမုတ်စိတ်များဖြစ်ပွားပုံကိုပြသည်။ ဤသို့ထူး၏။

သာဓက ။ **ဒီထိမုတ်စာပို၌-၁။**

http://www.dhammadownload.com

ဘူမိစတုက္က မြင်ကွင်း

စတုက္ကတို့ကို မုချ, ဥပစာအခွဲ

ပဋိသန္ဓိစတုက္ကနှင့် မရဏုပ္ပတ္တိစတုက္ကတို့သည် ပဋိသန္ဓေ, ဘဝင်, စုတိဟူသောဝိထိမုတ် စိတ်များဖြစ်ပုံကို ပြဆိုထားသောကြောင့် မုချဝိထိမုတ္တသင်္ဂဟများဖြစ်ပါသည်။

ဘူမိစတုက္ကနှင့် ကမ္မစတုက္ကတို့သည် (ဝိထိမုတ်စိတ်များဖြစ်ပုံကိုမပြဘဲ) ဘုံနှင့်ပုဂ္ဂိုလ်တို့ကိုငှင်း၊ ကံအမျိုးမျိုးနှင့် ကံအကျိုးပေးရာတို့ကိုငှင်း, ပြဆိုသောကြောင့် ဥပစာရဝိထိမုတ္တသင်္ဂဟများဖြစ်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ် -၁၃၊ ၄၉၊ ၉၈၊ ၉၉။**

ဆောင် * **သန္ဓိ, မရဏ၊ စတုက္က၊ မုချဝိထိမုတ္တတည်း။**

* **ဘူမိ, ကမ္မ၊ စတုက္က၊ မှတ်ကြဥပစာရတည်း။**

ဘုံကျဉ်း (၄) မျိုး

အပါယ်ဘုံ, ကာမသုဂတိဘုံ, ရူပါဝစရဘုံ, အရူပါဝစရဘုံအားဖြင့် ဘုံကျဉ်း(၄)မျိုးရှိပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ် -၃။**

ဘုံကျယ်(၃၁) ဘုံ

အပါယ်(၄)ဘုံ, ကာမသုဂတိ(၇)ဘုံဟူသော ကာမ(၁၁) ဘုံ, ရူပါဝစရဗြဟ္မာ(၁၆) ဘုံ, အရူပါဝစရဗြဟ္မာ(၄) ဘုံအားဖြင့် ဘုံကျယ်(၃၁)မျိုးရှိပါသည်။

သာဓက ။ **အပါယဘူမိ စတုဒ္ဓိဓာ ဟောတိ၊ ကာမသုဂတိဘူမိ သတ္တဝိဓာ ဟောတိ။ သာ ပနာယမေကာ ဒသဝိဓာပိ ကာမာဝစရ ဘူမိစ္ဆေဝ သင်္ခ ဂစ္ဆတိ။ ရူပါဝစရဘူမိ သောဠသဝိဓာဟောတိ၊ အရူပဘူမိ စတုဒ္ဓိဓာ ဟောတိ။ ဝိထိမုတ်စာပိုဒ် ၄၊ ၅၊ ၆၊ ၁၀၊ ၁၂။**

http://www.dhammadownload.com

မျက်မှောက် မြင်တွေ့နိုင်သော အပါယ်ဘုံသား

အပါယ် (၄) ဘုံသားတို့တွင် တိရစ္ဆာန်များလည်း ပါဝင်သောကြောင့် လူတို့၏ မျက်မှောက်ဘဝတွင် မြင်တွေ့နိုင်သော အပါယ်ဘုံသားကား တိရစ္ဆာန်များဖြစ်ပါသည်။

သာဓက ။ **တာသုနိရယော (ပ) ဟောတိ၊ ဝိထိမုတ်စာပိုဒ်-၄။**

အပါယ် (၄) ဘုံ

ကုသိုလ်ကောင်းမှု ပြုခွင့်များစွာမရသော အပါယ်ဘုံများကားငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်အားဖြင့် (၄) ဘုံရှိပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၄။**

အပါယ်ဘုံသားတို့ကို ဘုံသီးခြား ရှိ/မရှိအခွဲ

အပါယ်ဘုံသားတို့တွင် ငရဲဘုံသာသီးခြားရှိပါသည်။ တိရစ္ဆာန်, ပြိတ္တာ, အသုရာတို့သည် ဘုံသီးခြားမရှိပါ။ ၎င်းတို့၏ခန္ဓာနှင့် ခန္ဓာဖြစ်ရာ နေထိုင်ရာအရပ်သည်သာ ဘုံမည်ပါသည်။

သာဓက ။ **ယောနိ, ဝိသယ, ကာယ (ဟူသော သဒ္ဒန္တရိက်) တို့ကိုထောက်။**

လူခြောက်ကလေးသည် ပြိတ္တာမျိုး

လူမှမွေးသော လူခြောက်ကလေးသည် အစားအသောက်အနေအထိုင်ဆင်းရဲပြီး၊ ဘုံလည်းသီးခြားမရှိသောကြောင့်၎င်း၊ ကုသိုလ်ကောင်းမှုပြုခွင့်လည်းများစွာမရသောကြောင့်၎င်း၊ ပေတ္တိဝိသယခေါ် ပြိတ္တာစာရင်းဝင်သာဖြစ်ပါသည်။

လူမမှားသော ဖားစသည်တို့သည် တိရစ္ဆာန်စာရင်းဝင်သာဖြစ်

လူမိန်းမဝမ်းၭကိန်း၍ မွေးဖွားလာသော ဖားစသောသတ္တဝါသည် တိရစ္ဆာန်တို့၏ခန္ဓာကိုယ်ဖြစ်ပုံအထူး (တိရစ္ဆာနယောနိ) ၌ပင် အကျုံးဝင်သောကြောင့် တိရစ္ဆာန်စာရင်းဝင်သာဖြစ်ပါသည်။

http://www.dhammadownload.com

ကာမသုဂတိ (၇) ဘုံ

တပ်မက်ခြင်းနှင့်တကွကောင်းသောလားရောက်ရာ ကာမသုဂတိဘုံများကား လူ, စာတုမဟာရာဇ်, တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနရတီ, ပရနိမ္မိတဝသဝတ္တီအားဖြင့် (၇) ဘုံရှိပါသည်။

သာဓက ။ ဝီထိမုတ်စာပိုဒ်-၅။

လူပြည်နှင့်အနီးဆုံး နတ်ပြည်

ကာမသုဂတိ (၇) ဘုံကိုပြဆိုရာ၌ မနုဿာ, စာတုမဟာရာဇိကာ, တာဝတိံသာ စသော အမည်အစဉ်အားဖြင့် ဆိုထားသောကြောင့် လူပြည်နှင့်အနီးဆုံးနတ်ပြည်သည် စတုမဟာရာဇ် ဘုံဖြစ်ပါသည်။

သာဓက ။ ဝီထိမုတ်စာပိုဒ်-၅။

ကာမ (၁၁) ဘုံ

အပါယ်(၄) ဘုံ, ကာမသုဂတိ(၇) ဘုံအားဖြင့် ကာမ(၁၁) ဘုံရှိပါသည်။

သာဓက ။ ဝီထိမုတ်စာပိုဒ်-၆။

ရူပဗြဟ္မာ(၁၆)ဘုံ

ပြဟ္မပါရိသဇ္ဇာ, ပြဟ္မပုရောဟိတာ, မဟာပြဟ္မာဟူသော ပထမစျာန် (၃) ဘုံ၊ ပရိတ္တာဘာ, အပ္ပမာဏာဘာ, အာဘဿရာဟူသောဒုတိယစျာန် (၃) ဘုံ၊ ပရိတ္တသုဘာ, အပ္ပမာဏသုဘာ, သုဘကိဏ္ဏာဟူသောတတိယစျာန် (၃) ဘုံ၊ ဝေဟပ္ဖိုလ်, အသညသတ်, သုဒ္ဓါဝါသ (၅) ဘုံဟူသော စတုတ္ထစျာန် (၇) ဘုံ အားဖြင့် ရူပဗြဟ္မာ (၁၆) ဘုံရှိပါသည်။

သာဓက။ ဝီထိမုတ်စာပိုဒ်-၇၊ ၈၊ ၉၊ ၁၀။

သုဒ္ဓါဝါသ (၅)ဘုံ

အဝိဟာ, အတပ္ပါ, သုဒဿာ, သုဒဿီ, အကနိဋ္ဌအားဖြင့် သုဒ္ဓါဝါသ(၅) ဘုံရှိပါသည်။

သာဓက။ ဝီထိမုတ်စာပိုဒ်-၁၁။

အရူပဗြဟ္မာ(၄) ဘုံ

အာကာသာနဉ္စာယတနဘုံ, ဝိညာဏဉ္စာယတနဘုံ, အာကိဉ္စညာယတနဘုံ, နေဝသညာနာသညာယတနဘုံအားဖြင့် အရူပဗြဟ္မာ (၄) ဘုံရှိပါသည်။

သာဓက ။ ဝီထိမုတ်စာပိုဒ်-၁၂။

http://www.dhammadownload.com

အသည်းသတ်သည် သုဂတိအဟိတ်ပုဂ္ဂိုလ်

အသည်းသတ် ပုဂ္ဂိုလ်သည် ဇီဝိတဆက္က ဇီဝိတနဝကကလာပ် ဟူသော အဟေတုက ရုပ်တရားဖြင့်သာ ပဋိသန္ဓေနေသောကြောင့်၄င်း၊ စံစားရာ ဘုံသည် သုဂတိဘုံ စာရင်းဝင်သော ရူပစတုတ္ထစျာန်ဘုံ ဖြစ်သောကြောင့်၄င်း အသည်းသတ်ဖြတ်မှုကို သုဂတိအဟိတ်ပုဂ္ဂိုလ်ဟု ခေါ်ရသည်။

သာဓက ။ ဝိထိမုတ် စာပိုဒ်-၁၀၊ ၂၈။ ရုပ်စာပိုဒ်-၁၈။

ဗြဟ္မပုရောဟိတ်ထက် မဟာဗြဟ္မာ၏ ကျင့်စဉ်က ပို၍မြင့်မြတ်

ရူပါဝစရ ကုသိုလ်ပထမစျာန်ကို မရှိမဖြစ်အောင် ပွားများခြင်းကြောင့် ဗြဟ္မာပုရောဟိတ် ဗြဟ္မာဖြစ်နိုင်ပြီး ပဏီတဖြစ်အောင် ပွားများမှသာလျှင် မဟာဗြဟ္မာ ဖြစ်နိုင်သောကြောင့် ဗြဟ္မပုရောဟိတ်ကျင့်စဉ်ထက် မဟာဗြဟ္မာ၏ကျင့်စဉ်က ပို၍မြင့်မြတ်ပါသည်။

သာဓက ။ ဝိထိမုတ် ၇၆၊ ၇၇။

အနာဂါမ်, ရဟန္တာတို့အတွက် သီးသန့်ဘုံ

သုဒ္ဓါဝါသဘုံတို့၌ ပုထုဇဉ် သောတာပန် သကဒါဂါမ်ပုဂ္ဂိုလ်တို့ကို မရအပ်သောကြောင့် သုဒ္ဓါဝါသ (၅) ဘုံသည် အနာဂါမ်, ရဟန္တာတို့အတွက်သာ အထူးသီးသန့် ဘုံဌာနဖြစ်ပါသည်။

သာဓက ။ ပုထုဇ္ဇနာ နလဗ္ဘန္တိ (ပ) ပုဂ္ဂလာ။ ဝိထိမုတ် စာပိုဒ်-၁၃။

အသည်းသတ် အရိယာမရှိ

အသည်းသတ်ဘုံ၌ အရိယာပုဂ္ဂိုလ်တို့ကို မရအပ်သောကြောင့် အရိယာဖြစ်သော အသည်းသတ်ဖြတ်မှုဟူ၍ မရှိပါ။

သာဓက ။ အရိယာ နောပလဗ္ဘန္တိ၊ အသညာပါယဘူမိသု။

အရိယာများ အပါယ်မလားနိုင်

အပါယ်ဘုံ၌ အရိယာပုဂ္ဂိုလ်တို့ကို မရအပ်သောကြောင့် အရိယာပုဂ္ဂိုလ်မှန်က အပါယ်မလားနိုင်၊ (အရိယာပုဂ္ဂိုလ်မှန်က အပါယ်တံခါးပိတ်ပြီဟု ပြောဆိုခြင်းသည် မှန်၏။) အပါယ်ဘုံသားအရိယာဟူ၍ မရှိနိုင်ပါ။

သာဓက ။ အရိယာ နောပလဗ္ဘန္တိ၊ အသညာပါယဘူမိသု။

http://www.dhammadownload.com

သေသင်္ဘာနေသူ၌ သေသ၏အပါဒါန်နှင့် အပါဒါနိ

သေသင်္ဘာနေသူ၌ သေသ၏အပါဒါန်ကား . သုဒ္ဓါဝါသ (၅) ဘုံ၊ အသညသတ်ဘုံ၊ အပါယ် (၄) ဘုံတို့တည်း။ အပါဒါနိဖြစ်သော သေသ၏အရကား ဆိုအပ်ပြီးသည့် (၁၀) ဘုံတို့မှ ကြွင်းသော (၂၁) ဘုံတို့တည်း။

အနရိယာအရ ယူရမည့် ပုထုဇဉ်

ဒုဂ္ဂတိ အဟိတ် ပုထုဇဉ်သည် အပါယ်ဘုံ၌ ပါဝင်ပြီးဖြစ်သောကြောင့် အနရိယာအရ သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ်ဟူသော ပုထုဇဉ် (၃) မျိုးကိုသာ ယူရပါမည်။

သာဓက ။ **အရိယာ နောပလဗ္ဘန္တိ (၀) အရိယာ န ရိယာပိစ။ဝိထိမုတ်စာပိုဒ်-၁၄။**

မြန်မာပြည်၌ မှီတင်းနေထိုင်သော ပုထုဇဉ်အမျိုးအစား

ဒုဂ္ဂတိအဟိတ် ပုထုဇဉ်သည် အပါယ်ဘုံ၌ ပါဝင်ပြီးဖြစ်၍ (သုဒ္ဓါဝါသ, အသညသတ် အပါယ်တို့မှကြွင်းသော ဘုံတို့၌ ရထိုက်သည့်) အနရိယာအရ သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ်ဟူသော ပုထုဇဉ် (၃) မျိုးကိုသာ ယူရမည်ဖြစ်သောကြောင့် မြန်မာပြည်၌ သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်များသာ မှီတင်းနေထိုင်ကြပါသည်။

သာဓက ။ **အရိယာ နောပလဗ္ဘန္တိ (၀) အရိယာ န ရိယာပိစ။**
ဝိထိမုတ်စာပိုဒ်-၁၄။

မှတ်ရန် ။ **လူပြည်၌နေသော ပုထုဇဉ်ဟူ၍၄င်း၊ ရန်ကုန်မြို့၊ ပဲခူးမြို့ စသည်တို့၌ နေသော ပုထုဇဉ်ဟူ၍၄င်းမေးခဲ့လျှင် အထက်ပါ အကြောင်းအရာ အတိုင်းပင် ဖြေပါ။ ပုထုဇဉ်နှင့် အရိယာမခွဲဘဲ မြန်မာပြည်၌ ရနိုင်သော ပုဂ္ဂိုလ် စသည်ဖြင့် သာမညသာမေးခဲ့သော် သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ်ပုထုဇဉ်များနှင့် အရိယာပုဂ္ဂိုလ် (၈) ယောက်တို့ကို ရသည်ဟုမှတ်ပါ။**

ဘုံနှင့် ပုထုဇဉ် အရိယာ အခွဲ

သုဒ္ဓါဝါသဘုံတို့၌ (အနာဂါမ်, ရဟန္တာ) အရိယာများသာ ရှိပြီး၊ ပုထုဇဉ်လုံးဝမရှိပါ။ အသညသတ်ဘုံ၊ အပါယ်ဘုံတို့၌ ပုထုဇဉ်သာရှိပြီး အရိယာလုံးဝမရှိပါ။ သုဒ္ဓါဝါသဘုံနှင့်

http://www.dhammadownload.com

အသည်သတ်ဘုံ၊ အပါယ်ဘုံတို့မှကြွင်းသော ကာမသုဂတိ (၇) ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ (၁၀) ဘုံ၊ အရူပ (၄) ဘုံအားဖြင့် (၂၁) ဘုံတို့၌ အရိယာနှင့် ပုထုဇဉ် (၂) မျိုးလုံး အစုံအလင်ရှိပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၁၃၊ ၁၄။**

သတ္တဝါမှန်သမျှ (၃၁) ဘုံ၌ကျင်လည်နေရသည်ဆိုက သဘာဝမကျ

သုဒ္ဓါဝါသဘုံ၌ ပုထုဇဉ်နှင့် သောတာပန် သကဒါဂါမ်တို့ကို မရနိုင်၊ အသည်သတ်နှင့် အပါယ်ဘုံတို့၌ အရိယာတို့ကို မရနိုင်၊ သုဒ္ဓါဝါသနှင့် အသည်သတ်, အပါယ်တို့မှကြွင်းသောဘုံတို့၌သာ ပုထုဇဉ်အရိယာမှန်သမျှတို့ကို ရနိုင်သောကြောင့် သတ္တဝါမှန်သမျှ (၃၁) ဘုံ၌ကျင်လည်နေရသည်ဆိုက သဘာဝမကျ၊ မမှန်ကန်ပါ။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၁၃၊ ၁၄။**

ပုထုဇဉ်မကျင်လည်ဘူးသေးသော ဘုံ

သုဒ္ဓါဝါသဘုံတို့၌ ပုထုဇဉ်တို့ကို မရအပ်သောကြောင့် (၃၁) ဘုံတို့တွင် အဝိဟာ, အတပ္ပါ, သုဒဿာ, သုဒဿီ, အကနိဋ္ဌဟူသော သုဒ္ဓါဝါသဘုံတို့၌ ပုထုဇဉ်များ လုံးဝမကျင်လည်ဘူးသေးပါ။

သာဓက ။ **ပုထုဇ္ဇနာ န လဗ္ဘန္တိ၊ သုဒ္ဓါဝါသေသု သဗ္ဗထာ။**

ဘဝင်မည်သော ဘုံ

နေဝသညာနာသညာယတနဘုံသည် (၃၁) ဘုံတို့တွင် အမြင့်ဆုံးဖြစ်သောကြောင့် ၎င်း၊ အသက်တမ်းအရှည်ဆုံးဖြစ်သောကြောင့်၎င်း၊ ဘုံအားဖြင့် ဘဝင်တိုင်အောင်ဟု ဆိုရာ၌ ဘဝင်အရ နေဝသညာနာသညာယတနဘုံကို ယူရပါမည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၁၂၊ ၄၈။**

ဘဝင်မည်သော ဘုံ (၃) မျိုးအခွဲ

၁။ ဝေဟပ္ဖိုလ်ဘုံသည်အထက်တန်းစား တိဟိတ်ပုထုဇဉ်များ အမြင့်ဆုံး၊ အမြတ်ဆုံးအနေအားဖြင့် ရနိုင်၊ ရောက်နိုင်သော ဘုံဖြစ်သောကြောင့် ပုထုဇ္ဇနဘဝင်မည်၏။

http://www.dhammadownload.com

၂။ အကနိဋ္ဌဘုံသည် အနာဂါမ်, အရဟတ္တမဂ်, ရဟန္တာဟူသော ထိပ်ဆုံးအရိယာ (၃) မျိုးတို့သာ ရအပ်၊ ရောက်အပ်သည့် သုဒ္ဓါဝါသဘုံတို့တွင်အမြင့်ဆုံး၊ အမြတ်ဆုံးဘုံဖြစ်သောကြောင့် အရိယာဘဝဂ်မည်၏။

၃။ နေဝသညာနာသညာယတနဘုံသည် (၃၁) ဘုံတို့တွင် အမြင့်ဆုံး၊ သက်တမ်းအရှည်ဆုံးဖြစ်သောကြောင့် သဗ္ဗဘဝဂ်မည်၏။

မှတ်ရန် ။ **အကျယ်ကို သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ စာမျက်နှာ (၅၀၅) နှင့် ဝိဘင်္ဂအနုဋီကာ စာမျက်နှာ (၂၂၈) တို့၌ ရှုပါ။**

ဘုံအလိုက် ဖြစ်ဆို့က်သောပုဂ္ဂိုလ်များ

အပါယ်ဘုံ၌ (အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ ပဋိသန္ဓေ-၁ ခုသာရှိသောကြောင့်) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် (၁) ယောက်သာ ဖြစ်နိုင်ပါသည်။

သာဓက ။ **အရိယာနောပလဘ္ဘန္တိ၊ အသညာပါယဘူမိသုနှင့် ဝိထိမုတ်စာပိုဒ်-၁၆။**

(ဇစ္စန္ဓစသော လူနှင့် စတုမဟာရာဇိနတ်ငယ်များဘုံတို့၌ အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ ပဋိသန္ဓေ-၁ခုသာရှိသောကြောင့်၄င်း, ကာမသုဂတိဘုံ၌ မဟာဝိပါက်, ဒွိဟိတ်, တိဟိတ် ပဋိသန္ဓေရှိသောကြောင့်၄င်း) လူနှင့် စတုမဟာရာဇိဘုံတို့၌ ဒုဂ္ဂတိအဟိတ်မှတစ်ပါး ပုဂ္ဂိုလ် (၁၁) ယောက်ဖြစ်နိုင်ပါသည်။

တာဝတိံသာစသော အထက်နတ်ပြည် (၅) ထပ်၌ ဒွိဟိတ်နှင့် တိဟိတ်ပုဂ္ဂိုလ် (၉) ယောက်အားဖြင့် ပုဂ္ဂိုလ် (၁၀) ယောက် ရနိုင်ပါသည်။

သာဓက ။ **သေသဋ္ဌာနေသု လဘ္ဘန္တိ၊ အရိယာနရိယာပိစနှင့် ဝိထိမုတ်စာပိုဒ်-၁၇၊ ၁၈၊ ၁၉။**

ဖြဟ္မပါရိသဇ္ဇာမှ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပဝစရ (၁၀) ဘုံ၌ (တိဟိတ်ပဋိသန္ဓေသာရှိသောကြောင့်) တိဟိတ်ပုဂ္ဂိုလ်-၉ ယောက်သာရနိုင်ပါသည်။

သာဓက ။ **သေသဋ္ဌာနေသု လဘ္ဘန္တိ၊ အရိယာနရိယာပိစနှင့် ဝိထိမုတ်စာပိုဒ်-၂၄၊ ၂၅၊ ၂၆၊ ၂၇။**

သုဒ္ဓါဝါသဘုံ၌ (ပုထုဇဉ်နှင့် သောတာပန်, သကဒါဂါမ်တို့ကို မရအပ်သဖြင့် တိဟိတ်ပုထုဇဉ်မှ တဆင့်တက်ရသည့် သောတာပတ္တိမဂ္ဂဌာန်, သောတာပန်မှတဆင့်တက်ရသည့် သကဒါဂါမိ မဂ္ဂဌာန်, သကဒါဂါမ်မှတဆင့်တက်ရသည့် အနာဂါမိမဂ္ဂဌာန်တို့ကိုလည်း မရအပ်

http://www.dhammadownload.com

သောကြောင့်) အနာဂါမိဖလဌာန်, အရဟတ္တမဂ္ဂဌာန်, အရဟတ္တဖလဌာန်ဟူသော အထက်ဆုံး အရိယာ (၃) ယောက်ကိုသာရနိုင်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပို၌-၁၃၊ ၂၇။**

အသညသတ်ဘုံ၌ (သံမွယုတ်ဟိတ်မရှိသည့် ဇီဝိတဆက္ကာ, ဇီဝိတနဝကကလာပ်ဟူသော ရုပ်ပဋိသန္ဓေသာရှိသောကြောင့်) သုဂတိအဟိတ်ပုထုဇဉ် (၁) ယောက်ကိုသာရနိုင်ပါသည်။

သာဓက ။ **အရိယာ နောပလဿန္တိ၊ အသညာပါယဘူမိသုနှင့် ဝိထိမုတ်စာပို၌-၂၈။**

အရူပဘုံ၌ (တိဟိတ်ပဋိသန္ဓေသာရှိသော်လည်း စက္ခုစသော ဝတ္ထုရုပ် -၆ ပါးလုံး မရှိ၍ သူတစ်ပါးတရားဟောသံဟူသော ပရတောဃောသ အကြောင်းအထောက်အပံ့ကိုမရသောကြောင့်) သောတာပတ္တိ မဂ္ဂဌာန်မှတစ်ပါး တိဟိတ်ပုဂ္ဂိုလ် (၈) ယောက်ကိုသာရနိုင်ပါသည်။

သာဓက ။ **ပကိဏ်းစာပို၌-၆၇၊ ဝိထိမုတ်စာပို၌-၄၄။**

မှတ်ရန် ။ **ပုဂ္ဂိုလ်အပြား ဝါကရား (၂၁၄) ယောက်ကို သိလိုလျှင် ဖြစ်ရာဘုံမျှားကိုတည်၍ ရနိုင်သော ပုဂ္ဂိုလ်အသီးသီးဖြင့် မြောက်ကြည့်ပါလေ။**

ဘုံပုဂ္ဂိုလ်ရတေးထပ်

ဧကတ္တိဌာန... ဒွါဒသ ပုဂ္ဂိုလ်
ပါယ်လေးရပ် နဂိုမှာ ... ဒုဆိုသူတစ်ယောက်
မဟာရာဇ်, လူ့ရွာမှာ ... ဒု ကြဉ်ကာ ကြွင်းဆယ့်တစ်ယောက်။
ကျန်ငါးရပ် နတ်နယ် ... ဒု သု-ဖယ် ဆယ်ယောက်၊
ဝေဟပ္ဖိုလ် ဘုံတစ်လျှောက်မှာဖြင့် ... တိ ကိုးယောက်ပုဂ္ဂလာ၊
သုဒ္ဓါဝါ ဘုံငါး ... ထက်ဖျားဆုံး သုံးအရိယာ။
အသညတ် နာမ်အကွာမှာ ... သု-ကိုသာ မှတ်ပါတော့
ရုပ်မစပ် အရူပေ ... ရှစ်ယောက် တိဟေ၊
ပရတောဃောသသွေသည် ... မင်္ဂလာတေ ရှိဘူးကွဲ့လေး။

http://www.dhammadownload.com

ပဋိသန္ဓိစကြာမြင်ကွင်း

အပါယ်ပဋိသန္ဓေစိတ်

အကုသလဝိပါက် ဥပေက္ခာသဟဂုတ်, သန္တီရဏစိတ်သည် အပါယ်ဘုံသားတို့၏ ပဋိသန္ဓေ (ဘဝင်-စုတိ) စိတ် ဖြစ်ပါသည်။

သာဓက ။ **ဝိထိမုတ် စာပိုဒ် - ၁၆။**

မှတ်ဖွယ် ။ **အပါယ်ပဋိသန္ဓေဟု မမေးဘဲ တိရစ္ဆာန်၏ ပဋိသန္ဓေစသည်အားဖြင့် ခွဲခြားမေးလျှင်လည်း အထက်ပါစိတ်ပင်တည်း။**

ဝမ်းတွင်းပါ လူစဉ်မမီသူနှင့် ဘုမ္မစိုးစသည်တို့၏ ပဋိသန္ဓေစိတ်

ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် အမိဝမ်းတွင်းပါ လူစဉ်မမီသူ သန္ဓေကန်းလူသားနှင့် ဘုမ္မစိုး, ဝိနိပါတိကအသုရာတို့၏ ပဋိသန္ဓေ (ဘဝင်-စုတိ) စိတ်ဖြစ်သည်။

သာဓက ။ **ဝိထိမုတ် စာပိုဒ် - ၁၇။**

မှတ်ဖွယ် ။ **ယောကျ်ားလည်း မပီ, မိန်းမလည်း မမည်သော နပုန်းပဏ္ဍာက် လူသား၏ ပဋိသန္ဓေဟူ၍ ၄င်း၊ ဘုမ္မစိုးနတ်၏ ပဋိသန္ဓေဟူ၍ ၄င်း၊ တစ္ဆေ, မြေဘုတ်, ဘီလူး, စုန်းမ စသော ဝိနိပါတိက အသုရာ၏ ပဋိသန္ဓေဟူ၍ ၄င်း မေးခဲ့လျှင် အထက်ပါစိတ်ပင်တည်း။**

လူစဉ်မမှီသူ ဇစ္စန္ဓပုဂ္ဂိုလ်

စကျွပသာဒကို ဖြစ်စေနိုင်သော ကံချို့ယွင်းခြင်းကြောင့် ဖြစ်ပေါ်ရမည့် အချိန်၌ စကျွပသာဒစသည် ဖြစ်ပေါ်မှုမရှိသူကို ဇစ္စန္ဓပုဂ္ဂိုလ်ဟုခေါ်သည်။

မှတ်ရန် ။ **ဖြစ်ပေါ်ပြီးမှ တစ်စုံတစ်ခုသောဘေးရန်ကြောင့် စကျွပသာဒစသည် ပျက်စီးသူကား ဇစ္စန္ဓပုဂ္ဂိုလ်မဟုတ်ဟုမှတ်ပါ။**

ဇစ္စန္ဓာဒိ၌ အာဒိဝန္တအရ လူစဉ်မမှီသူများ

ဇစ္စန္ဓာဒိ၌ အာဒိသဒ္ဒါဖြင့်ယူရမည့် အာဒိဝန္တအရကား (၁) **ဇစ္စဗဓိရ** = ပဋိသန္ဓေအားဖြင့်နားထိုင်းသူ၊ (၂) **ဇစ္စမူဂ** = ပဋိသန္ဓေအားဖြင့် စကားမပီသူ၊ (၃) **ဇစ္စဇဋ** = ပဋိသန္ဓေအား

http://www.dhammadownload.com

ဖြင့် ထိုင်းမှိုင်းနုံအသူ၊ (၄) **ဇစ္စုမွတ္တက** = ပဋိသန္ဓေအားဖြင့် ရူးသွပ်သူ၊ (၅) **ပဏ္ဏက** = ကိလေသာထူထဲ၍ ကာမပူပန်မှု မငြိမ်းနိုင်သူ၊ (၆) **ဥဘတောဗျဥ္ဇနက** = တစ်ဘဝအတွင်းမှာပင် မိန်းမတစ်လှည့်, ယောကျ်ားတစ်လှည့်ဖြစ်သူ၊ (၇) **နပုံသက** = မိန်းမလည်းမပီ, ယောကျ်ားလည်း မမည်သော သူ၊ (၈) **မမ္မ** = စကားအမျှင်မပြတ်ဘဲ ဒဏ္ဍတ်ဆွဲပြောသူ . . . အစရှိသည့် လူရာမဝင်, လူစဉ်မမှီသူများကို ယူရပါမည်။

ဆောင် * **ဇာတိ ဗဓိရ၊ မူဂ, ဇဋာ၊ ဥမ္မတ္တာ, ပဏ္ဏကော၊ ဥဘတော, နပုံသက၊ မမ္မ စရှိ၊ ယူကြဘိ၊ အာဒိဇစ္စန္ဓာ။ (ပဇ္ဇောတာရုံ)**

ဘုမ္မစိုး

မြေကြီးနှင့်စပ်သော (အတော်အတန် တန်ခိုးရှိသည့်) သစ်ပင်, တောတောင်စောင့်နတ်များ၊ ကိုယ်စောင့်နတ်များ၊ အိမ်စောင့်နတ်များစသည်တို့ကို ဘုမ္မစိုးနတ်ဟုခေါ်သည်။

ဝိနိပါတိကအသုရာ

ဘုမ္မစိုးနတ်ကြီးများကို မှီခိုကပ်ရပ်၍ နေကြရပြီး စည်းစိမ်ဥစ္စာ, နေရာထိုင်ခင်း ကောင်းစွာမရှိဘဲ ဖောက်ပြန်ပျက်စီးနေသော နတ်အငယ်စား (နတ်ပြိတ္တာ) လေးများကို ဝိနိပါတိကအသုရာဟုခေါ်သည်။

ရုက္ခစိုး၏ဘုံ, ပဋိသန္ဓေနှင့် တရားထူးရ, မရ ခွင်းချက်

ရုက္ခစိုး၏ဘုံကား ကာမသုဂတိဘုံ ဖြစ်ပါသည်။

ပဋိသန္ဓေစိတ်ကား အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ဖြစ်ပါသည်။

သာဓက ။ **ဝိထိမုတ် စာပိဒ် - ၁၇။**

ဒွိဟိတ်ပုဂ္ဂိုလ်နှင့် အဟိတ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ မဟဂ္ဂုတ် လောကုတ္တရာ အပွနာဇော များကို မရအပ်သောကြောင့် သုဂတိအဟိတ်ဖြစ်သော ရုက္ခစိုးကြီးသည် ဈာန်မဂ်ဖိုလ် ဟူသော တရားထူးကို မရနိုင်ပါ။

သာဓက ။ **ဝိထိစာပိဒ် - ၄၀။**

မှတ်ချက် ။ **ရုက္ခစိုးကို ဝိနိပါတိက အသုရာမျိုးအနေဖြင့် အထက်ပါစကားကို ရေး၏။ ယက္ခနတ်မျိုး အဖြစ် ယူဆလျှင်ကား လူသားများနှင့်အတူမှတ်။**

http://www.dhammadownload.com

လူသည် မျောက်သတ္တဝါမှ ဆင်းသက်လာခြင်းမဟုတ်

မျောက်သတ္တဝါ၏ ပဋိသန္ဓေစိတ်သည် အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္ဋိရဏဟူသော အပါယ်ပဋိသန္ဓေဖြစ်၏။ လူစဉ်မမီသူ (ဇစ်မြစ်ခွဲ) လူသား၏ ပဋိသန္ဓေစိတ်ကား အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္ဋိရဏဟူသော ကာမသုဂတိ ပဋိသန္ဓေ ဖြစ်၏။ လူပီသ,သူလူသား၏ ပဋိသန္ဓေစိတ်ကား မဟာဝိပါက်ဟူသော ကာမသုဂတိပဋိသန္ဓေ ဖြစ်၏။ ဤသို့ မျောက်သတ္တဝါနှင့် လူသားပဋိသန္ဓေစိတ်ချင်းမတူ ကွဲပြားသောကြောင့် လူသည် မျောက်သတ္တဝါမှ သက်ဆင်းပြီး အသွင်ပြောင်းလာသည်ဆိုသော စကားမမှန်ပါ။

သာဓက ။ **ဝိထိမုတ်စာပိုဒ် - ၁၆၊ ၁၇၊ ၁၈။**

လူစဉ်မီသူ လူသားနှင့် အထက်နတ်တို့၏ ပဋိသန္ဓေ

ဘုရား, ရဟန္တာလောင်းလျာအစ အရက်သမားအထိ လူစဉ်မီသူ လူသားများနှင့် စတုမဟာရာဇ် စသည့် နတ်ပြည် (၆) ထပ်ရှိ အထက်နတ်တို့၏ ပဋိသန္ဓေ (ဘဝင်, စုတိ) စိတ်ကား မဟာဝိပါက် စိတ် (၈)ပါး၊ (၁) ပါးပါးဖြစ်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ် - ၁၈။**

မှတ်ရန် ။ **ဘုရားရှင်လောင်းလျာတို့သည် မေတ္တာ ပုဗ္ဗဘာဂစိတ်၏အကျိုးဖြစ်သော မဟာဝိပါက်ပထမစိတ်ဖြင့် ပဋိသန္ဓေနေတော်မူကြသည်ဟု အဋ္ဌသာလိနီအဋ္ဌကထာ စာမျက်နှာ (၃၀၇) ၌ဖွင့်ဆိုထားပါသည်။**

ရဟန္တာတို့၏ စုတိစိတ်

ရဟန္တာတို့၏ စုတိစိတ်ဟူသည်ကား မဟာဝိပါက် ဉာဏသမ္ပယုတ် စိတ် (၄) ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ် (၉) ပါးအားဖြင့် တိဟိတ် စုတိ (၁၃) ပါး တို့တွင် (၁) ပါးပါးဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပိုဒ်-၁၅၊ ဝိထိမုတ်စာပိုဒ် ၁၈၊ ၈၈။**

ကာမသုဂတိ (၂) ခုအထူး

ကုသလဝိပါကောပေက္ခာသဟဂတသန္ဋိရဏ စသည်၌ပါသော ကာမသုဂတိအရ လူဘုံတစ်စိတ်တစ်ဒေသနှင့် စာတုမဟာရာဇ်ဘုံ တစ်စိတ်တစ်ဒေသကိုသာယူသည်။

မဟာဝိပါကာနိ ပနစသော ပါဠိ၌ပါသော ကာမသုဂတိအရကား ကာမသုဂတိ (၇) ဘုံကိုယူသည်။ ဤသို့ ထူး၏။

သာဓက ။ **ဝိထိမုတ်ပိုင်း စာပိုဒ် - ၁၇၊ ၁၈။**

http://www.dhammadownload.com

ကာမသုဂတိ (၇) ဘုံသားလုံးတို့၏ ပဋိသန္ဓေ

ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်နှင့် မဟာဝိပါက်စိတ်တို့သည် ကာမသုဂတိ (၇) ဘုံသားလုံး၏ ပဋိသန္ဓေ (ဘဝင်- စုတိ) စိတ် ဖြစ်ပါသည်။

သာဓက ။ ဝီထိမုတ်စာပိုဒ် - ၁၇၊ ၁၈၊ ၁၉။

မှတ်ရန် ။ **ကာမ ၁၁ - ဘုံသားတို့၏ ပဋိသန္ဓေကား အပါယ်ပဋိသန္ဓေနှင့် ကာမသုဂတိပဋိသန္ဓေ နှစ်မျိုးအပေါင်းဟုမှတ်ပါ။**

သာဓက ။ ဝီထိမုတ်စာပိုဒ် - ၂၀။

အသက်တမ်းမမြဲသော ကာမဘုံသားများ

ငရဲ, တိရစ္ဆာန်စသော အပါယ် (၄) ဘုံသား, ဇမ္ဗူဒီပတောင်ကျွန်းသားလူများနှင့် ဝိနိပါတိကအသုရာတို့သည် (အချို့ကား (၁) ရက်, (၁) ခဏမျှသာ အသံကရှည်ပြီး၊ အချို့ကား နှစ်ပေါင်းများစွာ အသခ်ေထိ အသက်ရှည်ကြသောကြောင့်) အသက်တမ်းအမြဲမရှိ၊ အတိအကျသတ်မှတ်၍ မရပါ။

သာဓက ။ ပကိဏ်းစာပိုဒ်-၁၅၊ ဝီထိမုတ်စာပိုဒ် ၁၈၊ ၈၈။

ဆောင် * **အပါယ်, လူ့ရွာ၊ ဝိနိပါတို့၊ ချို့မှာနံနက်၊ ချို့တစ်ရက်မျှ၊ ချို့ကအသခ်ေ၊ အသက်ရှည်၊ မှတ်လေသက်တမ်းမမြဲတည်း။**

ငရဲစသော အပါယ်ဘုံသားအချို့ အသက်ရှည်ခြင်းအကြောင်း

အနိဋ္ဌာရုံဟူသော အတွေ့အကြုံဆိုးတို့ကို တွေ့ကြုံရခြင်းသည် အကုသဝိပါက်အကုသိုလ်ကံ၏အကျိုးသာဖြစ်သောကြောင့် ဒုက္ခမျိုးစုံအနိဋ္ဌာရုံတို့ကို တွေ့ကြုံလျက် အသက်ရှည် နေရသော ငရဲစသော အပါယ်ဘုံသားအချို့တို့ အသက်ရှည်ရခြင်းသည် အကုသိုလ်ကံကြောင့် ဖြစ်ပါသည်။

သာဓက ။ ဝီထိစာပိုဒ် -၂၅။

လူသက်တမ်း ပုံမှန်တွက်၍မရ

အသက်တမ်းမမြဲသော ပုဂ္ဂိုလ်တို့တွင် လူများပါဝင်သောကြောင့် ယခုခေတ် လူသက်တမ်းကို (၇၅) နှစ် စသည်ဖြင့် ပုံမှန်တွက်၍ မရပါ။

သာဓက ။ ဝီထိမုတ်စာပိုဒ် - ၂၁။

http://www.dhammadownload.com

နတ်ပြည် (၆) ထပ် ဘုံသားတို့၏သက်တမ်းများ

၁။ စာတုမဟာရာဇ်ဘုံသားသည် နတ်သက်တမ်း နှစ်ပေါင်း (၅၀၀)၊ လူ့သက်တမ်းအားဖြင့် အနှစ် (၉) သန်း။

၂။ တာဝတိံသာဘုံသားသည် နတ်သက်တမ်းနှစ်ပေါင်း (၁၀၀၀)၊ လူ့သက်တမ်းအားဖြင့် အနှစ် (၃၆) သန်း။

၃။ ယာမာဘုံသားသည် နတ်သက်တမ်းနှစ်ပေါင်း (၂၀၀၀)၊ လူ့သက်တမ်းအားဖြင့် အနှစ် (၁၄၄) သန်း။

၄။ တုသိတာဘုံသားသည် နတ်သက်တမ်းနှစ်ပေါင်း (၄၀၀၀)၊ လူ့သက်တမ်းအားဖြင့် အနှစ် (၅၇၆) သန်း။

၅။ နိမ္မာနရတိဘုံသားသည် နတ်သက်တမ်းနှစ်ပေါင်း (၈၀၀၀)၊ လူ့သက်တမ်းအားဖြင့် အနှစ် (၂၃၀၄) သန်း။

၆။ ပရနိမ္မိတဝသဝတ္တီဘုံသားသည် နတ်သက်တမ်းနှစ်ပေါင်း (၁၆၀၀၀)၊ လူ့သက်တမ်းအားဖြင့် အနှစ် (၉၂၁) ကုဋေ အနှစ် (၆) သန်းအသက်ရှည်ကြပါသည်။

သာဓက ။ ဝိထိမုတ်စာပိုဒ်-၂၂၊ ၂၃။

ဆောင် * မ, ကိုင်္, ခဲ, ဝါ၊ ဟ (နှင့်) တယာ၊
သုညာဒွေစ၊ အောက်သုံးချ၊ မှတ်ကြ နတ်ဘုံသက်။

ဆောင် * ဗျာန်, စလာ၊ ဝါဝါက၊ စောသမ, ဝင်းနုလာခါ၊ စောပုခေဋ္ဌာ၊
ခြောက်သုညာ၊ ညီညာထည့်စွက်၊
နတ်ခြောက်ဘုံ၊ လူကတွက်လျှင်၊ ဟောဤမျှထွက်။ (ဝိသုဒ္ဓါရုံ)

မှတ်ရန် ။ မ, ကိုင်္, ခဲ, ဝါ စသော ဆောင်ပုဒ်များကား ပိဋကတ်သချိုင်္ကနည်းဖြင့် တွက်ယူရန်ဖြစ်ပါသည်။ အလွယ်ကူဆုံးတွက်နည်းကား အောက်အောက်နတ်သက်ကို (၂) ဖြင့်မြှောက်၍ လူ့သက်တမ်း သတ်မှတ်ချက်ကို (၄) ဖြင့်မြှောက်လျှင် အထက်အထက်နတ်ဘုံတို့ နှင့်ဆိုင်ရာ သက်တမ်းများကို ရပါသည်။

http://www.dhammadownload.com

သိကြားမင်းနှင့် မာရ်နတ်မင်းတို့၏ ပဋိသန္ဓေနှင့် သက်တမ်း

တာဝတိံသာဘုံသား သိကြားမင်းနှင့် ပရနိမ္မိတ ဝသဝတ္တီဘုံသားမာရ်နတ်မင်းတို့၏ ပဋိသန္ဓေကား မဟာဝိပါက်ကာမတိဟိတ်ဖြစ်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၁၈၊ ၇၁။**

သိကြားမင်း၏သက်တမ်းကား တာဝတိံသာနတ်တို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်း (၁၀၀၀) ဖြစ်၍ လူတို့၏အရေအတွက်အားဖြင့် နှစ်ပေါင်း (၃-ကုဋေ ၆-သန်း) ဖြစ်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၂၂ (ပထမ၊ ဒုတိယဝါကျ)။**

မာရ်နတ်မင်း၏သက်တမ်းကား ပရနိမ္မိတဝသဝတ္တီနတ်တို့၏အရေအတွက်အားဖြင့် နှစ်ပေါင်း (၁-သောင်း ၆-ထောင်) ဖြစ်၍ လူတို့၏အရေအတွက်အားဖြင့် နှစ်ပေါင်း (၉၂၁-ကုဋေ ၆-သန်း) ဖြစ်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၂၃။**

လူ့လောကနှင့် နတ်ပြည် နေ့, ည အချိန်သတ်မှတ်မှု မတူညီ

စာတုမဟာရာဇ် နတ်သက် (၅၀၀) ကို လူသက်ဖြင့် ရေတွက်လျှင် အနှစ် (၉) သန်း ဖြစ်သောကြောင့် လူ့လောကဓာတ်နှင့် နတ်ပြည် (၆) ထပ်တို့ နေ့နှင့်ည အချိန်ကာလ သတ်မှတ်မှုချင်းမတူညီပါ။

သာဓက ။ **ဝိထိမုတ်စာပိုဒ် - ၂၂။**

http://www.dhammadownload.com

ရှေ့, အရှေ့ပြဿာတို့၏ ပဋိသန္ဓေ (ဘဝင် – စုတိ) စသည်များ

ကုသိုလ်ကံကို		ဖြစ်အောင်ပွားများလျှင်	ဘုံ၌	ဋီ,ဘ,စု	သက်တမ်း		ဝိထိမုတ် သာဓက
ရူပါဝစရ	ပစ္စာန်	ပရိတ္တ	ပြဿပါရိသဇ္ဇာ	ပစ္စာန် (ဝိပါက်)	အသင်္ခ်ေယျကပ်(၃)ပုံ(၁)ပုံ		၂၄၊၂၉၊၇၅
	။	မဇ္ဈိမ	ပြဿပုရောဟိတာ	။	။	ထက်ဝက်	၃၀၊ ၃၆
	။	ပဏီတ	မဟာပြဿာ	။	။	၁	၃၁၊ ၃၇
	ဒုတစ္စာန်	ပရိတ္တ	ပရိတ္တာဘာ	ဒုတစ္စာန်(ဝိပါက်)	မဟာကပ်	၂	၂၅၊၃၂၊၃၈
	။	မဇ္ဈိမ	အပ္ပမာဏာဘာ	။	။	၄	၃၃၊ ၃၉
	။	ပဏီတ	အာဘဿရာ	။	။	၈	၃၄၊၈၀
	စတုစ္စာန်	ပရိတ္တ	ပရိတ္တသုဘာ	စတုစ္စာန် (ဝိပါက်)	။	၁၆	၂၆၊၃၅၊၈၁
	။	မဇ္ဈိမ	အပ္ပမာဏသုဘာ	။	။	၃၂	၃၆၊ ၈၂
	။	ပဏီတ	သုဘကိဏ္ဏာ	။	။	၆၄	၃၇၊၈၃
	ပဉ္စမစ္စာန်	သာမန်အနေ	ဝေဟပ္ဖိုလ်	ပဉ္စမစ္စာန် (ဝိပါက်)	။	၅၀၀	၂၈၊၃၈၊၈၄
	။	သညာဝိရာဂ	အသညသတ်	။	။	၅၀၀	၂၈၊၃၈၊၈၅
	။	အနာဂါမ်သည် ကွန်ဒြေအဆင့်ဆင့် ထက်မှ	သုဒ္ဓါဝါသ(၅)	။	။	၁၀၀၀၊၂၀၀၀၊ ၄၀၀၀၊၈၀၀၀၊ ၁၆၀၀၀	၂၉၊၃၉ မှ ၄၃
အရူပါဝစရ	အာကာ..	(ပွားများလျှင်)	အာကာ...	အာကာ(ဝိပါက်)	မဟာကပ်	၂၀၀၀၀	၄၄၊၄၅၊၈၇
	ဝိညာ..	။	ဝိညာ ..	ဝိညာ (ဝိပါက်)	။	၄၀၀၀၀	၄၆
	အာကိဉ္စညာ	။	အာကိဉ္စညာ..	အာကိဉ္စညာ(ဝိပါက်)	။	၆၀၀၀၀	၄၇
	နေဝ..	။	နေဝ..	နေဝ (ဝိပါက်)	။	၈၄၀၀၀	၄၈

မှတ်ရန် ။ **ဇယားပါဆိုရိုးများ ကို (ရူပါဝစရ, ပထမစျာန်ကုသိုလ်ကံကို ပရိတ္တဖြစ်အောင်ပွားများလျှင် ပြဿပါရိသဇ္ဇာဘုံ၌ ပထမစျာန်ဝိပါက် ပဋိသန္ဓေ (ဘဝင်, စုတိ) ကိုဖြစ် စေပြီး အသင်္ခ်ေယျကပ် (၃) ပုံ (၁) ပုံ သက်တမ်းရှည်သည်) စသည်ဖြင့် ဆိုရမည်ဟုမှတ်ပါ။**

ကပ္ပအရှည်းထူးခြားမှု

ပထမစျာန် (၃) ဘုံ သည် ကမ္ဘာပျက်သည့်အခါတိုင်းမလွတ်၍ မဟာကပ် (၁) ကပ်၊ (၁) ကမ္ဘာလုံးပြည့်အောင်မတည်နိုင်သောကြောင့် ပထမစျာန် ပြဿာတို့၏ သက်တမ်း ဆိုင်ရာဘုံ ကပ္ပ၏အရ မဟာကပ်၏ (၄) ပုံ (၁) ပုံဖြစ်သော အသင်္ခ်ေယျကပ်ကိုယူရမည်။ ဒုတိယစျာန်စသော အထက်ဘုံများကား ကမ္ဘာပျက်တိုင်းမပါ။ တစ်ခါတစ်ရံသာပါသောကြောင့် ဒုတိယစျာန် ပြဿာစသည်တို့၏သက်တမ်းဆိုင်ရာဘုံ ကပ္ပ၏အရ မဟာကပ်ကိုသာယူရမည်။ ဤသို့ထူး၏။

http://www.dhammadownload.com

အသက်တမ်း မြဲသောကာမဘုံနှင့် ပြဟ္မာဘုံများ

စာတုမဟာရာဇ် နတ်သက် နှစ်ပေါင်း (၅၀၀) စသည်အားဖြင့် နတ်ပြည် (၆) ထပ်၏ အသက်တမ်းကိုငှင်း၊ ပြဟ္မာပါရိသဇ္ဇာ ပြဟ္မာ၏ အသက် (အသင်္ချေယျကပ် ၃-ပုံ ၁-ပုံ) စသည် အားဖြင့် ရူပပြဟ္မာတို့၏ အသက်တမ်းကိုငှင်း၊ အာကာသာနဉ္စာယတနပြဟ္မာတို့၏ အသက် (မဟာကပ် ၂-သောင်း) စသည်အားဖြင့် အရူပပြဟ္မာတို့၏ အသက်တမ်းကိုငှင်း၊ အသီးအသီး ပိုင်းခြားသတ်မှတ်ပြီး ပြဆိုသောကြောင့် နတ်ပြည်(၆) သွယ်နှင့် ပြဟ္မာပြည် (၂၀) တို့သည် အသက်တမ်းမြဲသောဘုံများ ဖြစ်ပါသည်။

သာဓက ။ **ဝိဏိမုတ်စာပိုဒ်** - ၂၂၊ ၂၉၊ ၄၅။

စိတ်မရှိသော်လည်း သက်ရှိသတ္တဝါ

အသညသတ် ပြဟ္မာတို့သည် စိတ်လုံးဝမရှိသော်လည်း ဇီဝိတဆက္က, ဇီဝိတနဝက ကလာပ်ရုပ်တို့ဖြင့် ပဋိသန္ဓေနေသည်ဟု ဆိုသောကြောင့်ငှင်း၊ မဟာကပ် (၅၀၀) ဟု အသက်တမ်းကိုပါ ပြဆိုမှု ပြုထားသောကြောင့်ငှင်း၊ အသညသတ်ပြဟ္မာကို သက်ရှိသတ္တဝါတစ်မျိုးဟုသာ မှတ်ရပါမည်။

သာဓက ။ **ဝိဏိမုတ် စာပိုဒ်** - ၂၈၊ ၃၈။

အဟိတ်ပြဟ္မာ

အသညသတ်ပြဟ္မာ၏ ပဋိသန္ဓေ (ဘဝင်- စုတိ) တို့သည် ဇီဝိတဆက္က, ဇီဝိတ နဝက - ကလာပ်ရုပ်ချည်းသာဖြစ်၍ ရုပ်တရားမှန်သမျှ အဟိတ်သာဖြစ်သောကြောင့် အသညသတ် ပြဟ္မာသည် အဟိတ်ပြဟ္မာသာ ဖြစ်ပါသည်။

သာဓက ။ **ဝိဏိမုတ်စာပိုဒ်** - ၂၈၊ **ရုပ်စာပိုဒ်** - ၁၈။

ရုပ်ဘဝင်ရှိနိုင် / မရှိနိုင်

အသညသတ်ပြဟ္မာတို့၏ ပဝတ္တိအခါဖြစ်သော ဇီဝိတဆက္က, ဇီဝိတနဝက ကလာပ်ရုပ်သည် ဘဝင်ကိစ္စတပ်သောကြောင့် ရုပ်ဘဝင်ရှိနိုင်ပါသည်။

သာဓက ။ **ဝိဏိမုတ်စာပိုဒ်** - ၂၈။

http://www.dhammadownload.com

(၁) ဘဝင်၌ တူမြဲတရား (၃) ပါးနှင့် တူသောအခြင်းအရာများ

(၁) ဘဝင်၌ ပဋိသန္ဓေ, ဘဝင်, စုတိစိတ် (၃) ပါးတို့သည် ဘူမိ, ဇာတိ, သမ္မယုတ္တဓမ္မ, သခ်ါရအားဖြင့်၄င်း၊ အာရုံအားဖြင့်၄င်း (တရားကိုယ်ချင်း) တူရမည်ဖြစ်၏။

သာဓက ။ ဝိထိမုတ်စာပို၌ - ၄၉။

ဆောင် * ဘဝတစ်ခု၊ သံဘွင်စု၊ သုံးခုထပ်စမြဲ။

* ဘုံ. ဇာတ်. သမ်. သင်၊ အာ. ဝါးအင်၊ သံဘွင်စုမကွဲ။ (လယ်တီ)

တရားကိုယ်တူပုံအခြင်းအရာအကျယ်

ပဋိသန္ဓေက ကာမစိတ်ဖြစ်လျှင် ဘဝင်နှင့်စုတိတို့သည်လည်း ကာမစိတ်သာ ဖြစ်၏။ ရူပစိတ်, အရူပစိတ်တို့ဖြစ်ရာ၌လည်း ဤနည်းအတူပင်ဖြစ်၏။ (ဘူမိအားဖြင့်တူပုံ)

ပဋိသန္ဓေက အကုသလဝိပါက်ဉပေက္ခာသန္တီရဏဖြစ်လျှင် ဘဝင်နှင့် စုတိတို့သည်လည်း အကုသလဝိပါက်ဉပေက္ခာသန္တီရဏသာဖြစ်၏။ အခြားသော ကုသလဝိပါက် ဉပေက္ခာသန္တီရဏစသည်တို့ဖြစ်ရာ၌လည်း ဤနည်းအတူပင်ဖြစ်၏။ (ဇာတိအားဖြင့်တူပုံ)

ပဋိသန္ဓေက ယှဉ်သောစေတသိက်အရေအတွက်ကိုပင် ဘဝင်စုတိတို့က ယှဉ်ကြ၏။ (သမ္မယုတ္တဓမ္မအားဖြင့်တူပုံ)

ပဋိသန္ဓေက အသခ်ါရိကစိတ်ဖြစ်လျှင် ဘဝင်နှင့်စုတိတို့သည်လည်း အသခ်ါရိကစိတ်သာဖြစ်၏။ (သခ်ါရအားဖြင့်တူပုံ)

ပဋိသန္ဓေက ကံကိုအာရုံပြုလျှင် ဘဝင်နှင့် စုတိတို့သည်လည်း ကံကိုပင်အာရုံပြု၏။ ကမ္မနိမိတ်, ဂတိနိမိတ်တို့ကို အာရုံပြုရာ၌လည်း ဤနည်းအတူပင်ဖြစ်၏။ (အာရုံအားဖြင့်တူပုံ)

ပဋိသန္ဓိဘဝင်္ဂစသောဂါထာ၌ ဘဝင်အရ

ပဋိသန္ဓေနှင့် တရားကိုယ် အာရုံချင်းတူသော ဘဝင်ဟူသည် အာဝါသိကမူလဘဝင်သာဖြစ်သင့်သောကြောင့် ပဋိသန္ဓိဘဝင်္ဂစသော အာရုံစသည်တူမြဲတရားပြဂါထာ၌ပါသော ဘဝင်အရ (ဒေါသဇောနှင့် မူလဘဝင်အဆင်မပြေ၍ ပဋိသန္ဓေ၏အာရုံမှတစ်ပါး ရှေးဦးအလေ့အကျက်များသော ကာမအာရုံကို အာရုံပြုသည့် အာဂန္တုကဘဝင်ကိုမယူရ) အာဝါသိကမူလဘဝင်ကိုသာ ယူရမည်။

သာဓက ။ **ဇကမေဝ တထေဝေက၊ ဝိသယဠေကဇာတိယံနှင့် ဝိထိစာပို၌-၂၈ (ဒုတိယဝါကျ)**။

http://www.dhammadownload.com

ဝိသယအရ ဖြစ်သင့်သောအာရုံ

ပဋိသန္ဓေ, ဘဝင်, စုတိဟူသော ဝိထိမုတ်တို့၏အာရုံဖြစ်သောကြောင့် ဧကမေဝ ဝိသယဥ္စေဝ ဟူသော ဤနေရာ၌ ဝိသယအရ - ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အာရုံတို့ကိုသာ ယူရမည်။

သာဓက ။ **ဝီထိစာပိုဒ်-၃။**

ပဋိသန္ဓိဘဝင်၌ အစရှိသော ဂါထာသည် ယေဘုယျ

သောမနဿနှင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်၏ဒေါသဇော နောင်၌ဌင်း၊ အခက်အခဲကြုံသောအခါ၌ဌင်း၊ ဥပေက္ခာသဟဂုတ်သန္တီရဏ, အာဂန္တုကဘဝင်စိတ်များလည်း ဖြစ်နိုင်သေးသောကြောင့် ပဋိသန္ဓေ, ဘဝင်, စုတိ ဟူသော စိတ် (၃) မျိုးသည် ဘဝ (၁) ခု၌ တူရမည်ဟု ဆိုသော ပဋိသန္ဓိ ဘဝင်၌ အစရှိသော ဂါထာကို ယေဘုယျသာ မှတ်ယူရပါမည်။ မုချမမှတ်ရပါ။

သာဓက ။ **ဝီထိစာပိုဒ် ၂၈။**

* * * * * * *

ကမ္မစတုက္ကမြင်ကွင်း

ကမ္မစတုက္ကအဓိပ္ပါယ်

ကုသိုလ်, အကုသိုလ်, စေတနာဟူသော ကံတရားတို့၏ သက်ဆိုင်ရာအုပ်စုအားလျော်စွာ (၄) မျိုးတို့၏အပေါင်းကို ကမ္မစတုက္ကဟုခေါ်သည်။

လှုပ်ခနုံးစဉ်နှင့် စပ်၍ ကံ (၄) မျိုး (ကိစ္စ, ကမ္မစတုက္က)

(၁) ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်ခန္ဓာဟူသော အကျိုးတရားတို့ကို ပဋိသန္ဓေအခါ၊ ပဝတ္တိအခါ အခွင့်သာရာကာလ၌ ကိုယ်တိုင်ဖြစ်စေနိုင်သော ကုသိုလ်, အကုသိုလ် စေတနာသည် ဇနကကံမည်၏။

ဆောင် * **ဝိပါက်နာမ်ခန်၊ ကံရုပ်ခန်ကို၊ သန္ဓေ, ပဝတ်၊ ဖြစ်စေတတ်၊ ခေါ်မှတ် ဇနကံ။**

http://www.dhammadownload.com

(၂) ကိုယ်တိုင်အကျိုးမပေးနိုင်သော်လည်း အခြားကံများ အကျိုးပေးခွင့်ရအောင်, အကျိုးပေးသန်လာအောင်၊ အကျိုးတရားများ ကြာမြင့်အောင်ထောက်ပံ့ကူညီနိုင်သော ကုသိုလ်, အကုသိုလ်စေတနာသည် ဥပတ္ထမ္ဘကကံမည်၏။

ဆောင် * **အကျိုးဖလ၊ ပေးခွင့်ရအောင်၊ ခွင့်ရလေပြန်၊ ကျိုးပေးသန်အောင်၊ ပေးပြန်ကျိုးများ၊ ကြာမြင့်ပွားအောင်၊ တစ်ပါးကမ္မ၊ ကူထောက်က၊ ဥပတ္ထမ္ဘကံ။**

(၃) အခြားကံများ အကျိုးပေးခွင့်မရအောင်, အကျိုးပေးမသန်အောင် ပေးပြီးသော အကျိုးကို မတိုးပွားအောင် ကပ်၍နှိပ်စက်နိုင်သော ကုသိုလ်, အကုသိုလ်စေတနာသည် ဥပပီဠကကံမည်၏။

ဆောင် * **အကျိုးပေးခွင့်၊ မရလင့်အောင်၊ ပေးခွင့်ရပြန်၊ ကျိုးမသန်အောင်၊ ပေးပြန်ကျိုးများ၊ မတိုးပွားအောင်၊ တစ်ပါးကမ္မ၊ နှိပ်စက်က၊ ဥပပီဠကံ။**

(၄) ကပ်၍နှိပ်စက်ရုံမျှမက အခြားကံများ အကျိုးလုံးဝမပေးနိုင်အောင်၊ ပေးပြီး အကျိုးများ ပြတ်စဲသွားအောင်၊ သတ်ဖြတ် ဖျက်ဆီးနိုင်သော ကုသိုလ်, အကုသိုလ်စေတနာသည် ဥပဃာတကကံမည်၏။

ဆောင် * **အကျိုးလုံးဝ၊ မပေးရအောင်၊ ပေးကြကျိုးများ၊ ပြတ်စဲသွားအောင်၊ တစ်ပါးကမ္မ၊ သတ်ဖြတ်က၊ ဥပဃာတကံ။**

သာဓက ။ **ဝိထိမုတ်စာပို ဒ်-၅၀။**

မကောင်းမှုဖြင့် ကြီးပွားနေသူများ၏ ကိစ္စကံ အမျိုးအစား

လူဖြစ်ခြင်းကား ကုသိုလ်ဇနကကံကြောင့်ဖြစ်သော ကုသလဝိပါက်တည်း။ မကောင်းမှုဒုစရိုက်လုပ်ငန်းဖြင့် ကြီးပွားခြင်းကား အကုသိုလ်ဥပတ္ထမ္ဘကကံ၏ ထောက်ပံ့မှုတည်း။ ထို့ကြောင့် ကုသိုလ်ဇနကကံကြောင့် လူဖြစ်လာသော်လည်း မကောင်းမှုဒုစရိုက်လုပ်ငန်းဖြင့် ကြီးပွားနေသူများ၏ ကိစ္စကံအမျိုးအစားကား အကုသိုလ်ဥပတ္ထမ္ဘကကံကထောက်ပံ့မှုဖြစ်ပါသည်။

နဂါးမင်း၏ပဋိသန္ဓေ, စည်းစိမ်ဆိုင်ရာ ကိစ္စကံအမျိုးအစား

တိရစ္ဆာန်ဘုံ၌ နဂါးဖြစ်ခြင်းကား ပဋိသန္ဓေအကုသိုလ်ဇနကကံကြောင့်ဖြစ်သော အကုသလဝိပါက်တည်း။ ဘောဂဝတီနဂါးပြည်ဟူသော စည်းစိမ်စံရာကိုရခြင်းကား ပဝတ္တိ

http://www.dhammadownload.com

ကုသိုလ်ဇနကကံကစီမံမှုတည်း။ ထို့ကြောင့် နဂါးမင်း၏စည်းစိမ်ဆိုင်ရာကိစ္စကံအမျိုးအစားကား ပဋိသန္ဓေအကုသိုလ်ဇနကကံနှင့် ပဝတ္တိကုသိုလ်ဇနကကံတို့ဖြစ်ပါသည်။

နေ့စဉ် ညခံ ဝေမာနိကပြိတ္တာ၏ ကိစ္စကံအမျိုးအစား

လူဘုံ, နတ်ဘုံ၌ နေ့စဉ်ဘဝဖြစ်ရခြင်းသည် ကုသိုလ်ဇနကကံကြောင့်ဖြစ်သော ကုသလဝိပါက်တည်း။ ည၌ဒုက္ခခံရခြင်းသည် ပဝတ္တိအကုသိုလ်ဇနကကံကဖြစ်စေမှုတည်း။ ထို့ကြောင့် နေ့စဉ်, ညခံ ဝေမာနိကပြိတ္တာ၏ ကိစ္စကံအမျိုးအစားသည် ပဋိသန္ဓေကုသိုလ်ဇနကကံနှင့် ပဝတ္တိအကုသိုလ်ဇနကကံတို့ဖြစ်ပါသည်။

အကျိုးပေးအလှည့်အစဉ်နှင့် စပ်၍ ကံ (၄) မျိုး (ပါကဒါန ပရိယာယစတုက္က)

(၁) အခြားကံများက မတားမြစ်နိုင်လောက်အောင် ပင်ကိုယ်အင်အားကောင်းသော ကုသိုလ်, အကုသိုလ်, စေတနာများသည် ဂရုကကံမည်၏။

(၂) သေခါနီး၌ အောက်မေ့အပ်, ပြုအပ်သော ကုသိုလ်, အကုသိုလ်, စေတနာများသည် အာသန္နကံမည်၏။

(၃) အမြဲမပြတ် လေ့ကျက်အပ်, မှီဝဲအပ်သော ကုသိုလ်, အကုသိုလ်, စေတနာများသည် အာစိဏ္ဏကံမည်၏။

(၄) ဂရုက, အာသန္န, အာစိဏ္ဏ အခြေအနေသို့မရောက်ဘဲ ယခုဘဝသာမန်ပြုအပ်သော ကံနှင့် ရှေးရှေးဘဝကပြုခဲ့သော အပရာပရိယကံဟူသော ကုသိုလ်, အကုသိုလ်, စေတနာများသည် ကဋတ္တာကံမည်၏။

သာဓက ။ ဝီထိမုတ်စာပို ဒ-၅၁။

ဂရုကံမည်သော ကံအမျိုးအစားများ

အကုသိုလ်အရာတွင် ပဉ္စာနန္တရိယကံနှင့် နိယတမိစ္ဆာဒိဋ္ဌိကံတို့သည် ဂရုကံမည်ပါသည်။ ကုသိုလ်အရာတွင် မဟဂ္ဂုတ်ကုသိုလ်ကံသည် ဂရုကံမည်ပါသည်။

မိဘကိုသတ်ပြီး သေခါနီးမှ ကုသိုလ်ပြုသော်လည်း မလွတ်နိုင်

အကျိုးပေးအစဉ် ပါကဒါန ပရိယာယအားဖြင့် ဂရုကံသည် ရှေးဦးစွာ အကျိုးပေးမည်

http://www.dhammadownload.com

ဖြစ်သောကြောင့် မိဘသတ်မှု ပဉ္စာနန္တရိယကံကို ကျူးလွန်ပြီး သေခါနီးကျမှ ကုသိုလ်ပြုသော်လည်း ဂရုကံအရာတွင် ပါဝင်သည့် ပဉ္စာနန္တရိယကံ၏ မကောင်းကျိုးကို ရှေးဦးစွာ ခံစားရမည်သာ ဖြစ်၏။

သာဓက ။ ဝိထိမုတ်စာပိုဒ် - ၅၁။

မိဘသတ်မှုနှင့် အမြဲကုသိုလ်ပြုမှုတို့တွင် မိဘသတ်မှုက ရှေးဦးစွာ အပြစ်ခံရ

အကျိုးပေး အလှည့်အစဉ် ပါကဒါန ပရိယာယအားဖြင့် ဂရုကံသည် ရှေးဦးစွာ အကျိုးပေးမည်ဖြစ်သောကြောင့် ဂရုကံတွင် ပါဝင်သော မိဘသတ်မှု၏ မကောင်းကျိုးနှင့် အာစိဏ္ဏကံတွင် ပါဝင်သော အမြဲကုသိုလ်ပြုမှု၏ ကောင်းကျိုးတို့တွင် မိဘသတ်မှု၏ မကောင်းကျိုးကို ရှေးဦးစွာ ခံစားရပါမည်။

သာဓက ။ ဝိထိမုတ် စာပိုဒ် - ၅၁။

အမြဲပြုနေသော ကံထက် သေခါနီးပြုသော ကံတရားက ရှေးဦးစွာ အကျိုးပေး

အာသန္နကံ, အာစိဏ္ဏကံတို့တွင် အကျိုးပေးအလှည့်အစဉ် ပါကဒါန ပရိယာယအားဖြင့် အာသန္နကံက ရှေးဦးစွာ အကျိုးပေးမည် ဖြစ်သောကြောင့် အမြဲပြုနေသော ကံတရားထက် သေခါနီးမှ အရေးတကြီးပြုသော ကံက ရှေးဦးစွာ အကျိုးပေးပါမည်။

သာဓက ။ ဝိထိမုတ် စာပိုဒ်- ၅၁။

အကျိုးပေးရာကာလနှင့်စပ်၍ ကံ (၄) မျိုး (ပါကကာလစတုက္က)

(၁) မျက်မှောက်ဘဝ၌ လက်တွေ့အကျိုးပေးသော ကုသိုလ်, အကုသိုလ် ပထမဇော စေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံမည်၏။

(၂) ဒုတိယဘဝ၌အကျိုးပေးသော ကုသိုလ်, အကုသိုလ် သတ္တမဇောစေတနာသည် ဥပပဇ္ဇဝေဒနီယကံမည်၏။

(၃) တတိယဘဝမှစ၍ နိဗ္ဗာန်မရမီအတွင်း၌ အကျိုးပေးသော ကုသိုလ်, အကုသိုလ် အလယ်ဇော (၅) ချက်စေတနာသည် အပရာပရိယဝေဒနီယကံမည်၏။

(၄) အကျိုးလုံးဝမပေးတော့သော၊ အကျိုးပေးရာကာလကိုလွန်သော ဒိဋ္ဌဓမ္မဝေဒနီယစသည့် ရှေးကံ (၃) ပါးဆိုင်ရာ ကုသိုလ်, အကုသိုလ်ဇောစေတနာများသည် အဟောသိကံမည်၏။

http://www.dhammadownload.com

သာဓက ။ ဝိထိမုတ်စာပို့ဒ်-၅၂။

ဆောင် * ဇော်ပထမ၊ ခုဘဝ၊ ဒိဋ္ဌကျိုးပေးကံ၊
ဇော်သတ္တမ၊ ဒု. ဘဝ၊ ဥပကျိုးပေးကံ၊
* လယ်ဇော်ငါးဖြာ၊ တ. နိပ္ပာ၊ အပရာကျိုးပေးကံ၊
* အကျိုးမပေးငြား၊ ကံအများ၊ မှတ်သားအဟောသိကံ၊

အပရာပရိယ ဝေဒနီယဌ် အပါဒါန်ဘဝနှင့် အပါဒါနီဘဝ

အပရာပရိယ ဝေဒနီယဌ် အပရ၏ အပါဒါန်ဘဝကား- ပစ္စုပ္ပန်ဘဝနှင့် အခြားမဲ့ဖြစ်လတ့် ဒုတိယဘဝတို့တည်း။ အပါဒါနီဖြစ်သော အပရအရဘဝကား- တတိယဘဝမှစ၍ နိဗ္ဗာန်ရသည်တိုင်အောင်သော ဘဝအဆက်ဆက်တို့တည်း။

အလကားဖြစ်သွားသော စေတနာများ

ပထမဇော်စေတနာသည် မျက်မှောက်ဘဝဌ်အကျိုးမပေးပါက အဟောသိကံ အမျိုးအစား (အလကား) ဖြစ်သွားပါသည်။ သတ္တမဇော်စေတနာသည် ဒုတိယဘဝဌ်အကျိုးမပေးပါက အဟောသိကံအမျိုးအစား (အလကား) ဖြစ်သွားပါသည်။ အလယ်ဇော (၅) ချက်သည် သံသရာဝဋ်ပြတ် (ဘုရား, ရဟန္တာဖြစ်) ပါက အဟောသိကံအမျိုးအစား (အလကား) ဖြစ်သွားပါသည်။

ကုသိုလ်နေ့စဉ်ပြုနေပါလျက် မကောင်းကျိုးများ တွေ့ကြုံခံစားရခြင်းအကြောင်း

အတိတ်ဘဝက ပြုလာခဲ့မိသော အာစိဏ္ဏကံ, ကဋတ္တာကံနှင့် အပရာပရိယကံများ၏ အကျိုးပေးခွင့်အားသာနေသောကြောင့် ယခုဘဝဌ်ကုသိုလ်ကောင်းမှုများ နေ့စဉ်ပြုနေပါလျက် စိတ်ပျက်ဖွယ်မကောင်းကျိုးများတွေ့ကြုံခံစားရပါသည်။

အကြောင်းရှိက အကျိုးရဟူသော စကား ယေဘုယျ

အကျိုးပေးရာ အခိုန်အခါ (ပါကကာလ) နှင့် ပတ်သက်သော ကံများတွင် အကျိုးလုံးဝမပေးဘဲ ဖြစ်ပြီးသည်သာလျှင် အကြောင်းကံမည်သော အဟောသိကံ ပါဝင်နေသောကြောင့် အကြောင်း (ကံ)ရှိက အကျိုး(ဝိပါက်ရ) ဟူသောစကားသည် ယေဘုယျသာဖြစ်ပြီး မုချမဟုတ်ပါ။

သာဓက ။ ဝိထိမုတ် စာပို့ဒ် - ၅၂။

ဘုရား, ရဟန္တာတို့၏ ပါကကာလကံအမျိုးအစား

ဘုရား, ရဟန္တာတို့၏ပြုလုပ်အပ်သောကံသည် (အဝိဇ္ဇာနှင့် တဏှာဝဋ်မြစ်ပြတ်ပြီးဖြစ်

http://www.dhammadownload.com

၍) အကျိုးမပေးဘဲ ကြိယာမျှသာဖြစ်သောကြောင့် အဟောသိကံမျိုးဖြစ်ပါသည်။

ဗောဇ္ဈင်တရားကိုနာယူရသဖြင့် ဝမ်းမြောက်ဝမ်းသာစောသော ကြိယာဇောများကြောင့် ဘုရားရှင်နှင့် ရှင်မဟာကဿပ, ရှင်မောဂ္ဂလာန်တို့ ရောဂါပျောက်ခြင်းကိုထောက်ဆလျှင် ဒိဋ္ဌဓမ္မဝေဒနီယကံလည်း ဖြစ်နိုင်ပါသည်။

အကျိုးပေးရာ ဘုံဌာနနှင့်စပ်၍ ကံ (၄) မျိုး (ပါကဋ္ဌာနစတုက္က)

(၁) အပါယ်ဘုံ၌ ပဋိသန္ဓေဖြစ်စေသည့် အကုသိုလ်စိတ် (၁၂) ပါးသည် အကုသိုလ်ကံမည်၏။

(၂) ကာမသုဂတိဘုံ၌ ပဋိသန္ဓေကိုဖြစ်စေသည့် မဟာကုသိုလ်စိတ် (၈) ပါးသည် ကာမာဝစရကုသိုလ်ကံမည်၏။

(၃) ရူပဗြဟ္မာဘုံ၌ ပဋိသန္ဓေကိုဖြစ်စေသည့် မနောကံကုသိုလ်စေတနာ (၅) ပါးသည် ရူပါဝစရကုသိုလ်ကံ မည်၏။

(၄) အရူပဗြဟ္မာဘုံ၌ ပဋိသန္ဓေကိုဖြစ်စေသည့် မနောကံကုသိုလ်စေတနာ (၄) ပါးသည် အရူပါဝစရကုသိုလ်ကံမည်၏။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၅၃၊ ၆၁၊ ၆၄၊ ၆၇၊ ၆၈။**

ကံဖြစ်ကြောင်း ကမ္မဒွါရ(၃) မျိုး

ကံဖြစ်ကြောင်း ကမ္မဒွါရသည် (၁) ကာယဝိညတ်ဟူသော ကာယဒွါရ၊ (၂) ဝစီဝိညတ်ဟူသော ဝစီဒွါရ၊ (၃) အတူတကွဖြစ်ရာဇောစိတ်ဟူသော မနောဒွါရအားဖြင့် (၃) မျိုးရှိသောကြောင့် ကမ္မဒွါရနှင့်စပ်၍ ကာမကုသိုလ်, အကုသိုလ်တို့၏ဖြစ်ကြောင်းသည်လည်း ကာယကံ, ဝစီကံ, မနောကံဟု (၃) မျိုးရှိပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၅၄၊ ၆၂။**

ကာယကံမည်ခြင်း အကြောင်း

ကာယဝိညတ်ဟု ဆိုအပ်သော ကာယဒွါရ၌ အဖြစ်များခြင်းကြောင့် ကာယကံမည်၏။

သာဓက ။ **ကာယဝိညတ္တိ သဒ်္ဒါတေ (ပ) ကာယကမ္မံ နာမ။ ဝိထိမုတ်စာပိုဒ် - ၅၅။**

http://www.dhammadownload.com

ကာယဒုစရိုက် ကာယကံအကုသိုလ် (၃) ပါး

(၁) သူ့အသက်ကိုသတ်မှု = **ပါဏာတိပါတ**၊ (၂) သူ့ဥစ္စာကိုခိုးယူလုယက်မှု = **အဒိန္နာဒါန**၊ (၃) အာရုံ (၅)ပါးကာမဂုဏ်တရား၌ ယုတ်မာမှားယွင်းဖောက်ပြန်စွာပြုကျင့်မှု = **ကာမေသုမိစ္ဆာစာရ** အားဖြင့် ကာယဒုစရိုက် ကာယကံအကုသိုလ်အမှု (၃) မျိုးရှိပါသည်။

သာဓက ။ **ဝိထိမုတ်စာပို၌-၅၅။**

ဝစီကံမည်ခြင်းအကြောင်း

ဝစီဝိညတ်ကို ဆိုအပ်သော ဝစီဒွါရ၌ အဖြစ်များခြင်းကြောင့် ဝစီကံမည်၏။

သာဓက ။ ဝစီဝိညတ္တိ သခ်ီတေ (ပ) ဝစီကမ္မံနာမ။ **ဝိထိမုတ် စာပို၌ - ၅၆။**

ဝစီဒုစရိုက် ဝစီကံအကုသိုလ် (၄) ပါး

(၁) လှည့်စားလိမ်ညာ၍ပြောဆိုမှု = **မုသာဝါဒ**၊ (၂) ချောပစ်ကုန်းတိုက်မှု = **ပိသုဏဝါစာ**၊ (၃) ကြမ်းတမ်းရိုင်းစိုင်း, ဆဲရေးတိုင်းထွာပြောဆိုမှု = **ဖရုသဝါစာ**၊ (၄) အနှစ်သာရ မရှိ အကျိုးမဲ့သိမ်ဖျင်းသောစကားကိုပြောဆိုမှု = **သမ္ဖပ္ပလာပ** အားဖြင့် ဝစီဒုစရိုက် ဝစီကံအကုသိုလ်အမှု (၄) မျိုးရှိပါသည်။

သာဓက ။ **ဝိထိမုတ်စာပို၌-၅၆။**

မနောကံမည်ခြင်းအကြောင်း

ကာယဝိညတ်, ဝစီဝိညတ်မှတစ်ပါး စိတ်၌သာလျှင် အဖြစ်များခြင်းကြောင့် မနောကံမည်၏။

သာဓက ။ **အညတြာပိ ဝိညတ္တိယာ (ပ) မနောကမ္မံနာမ။ ဝိထိမုတ်စာပို၌ - ၅၇။**

မနောဒုစရိုက် မနောကံအကုသိုလ် (၃) ပါး

(၁) သူတစ်ပါးစည်းစိမ်ကို မတရားရယူလိုမှု = **အဘိဇ္ဈာ**၊ (၂) သူတစ်ပါးသေကြေပျက်စီးရန် ကြံစည်မှု = **ဗျာပါဒ**၊ (၃) ဘာသာအယူမှားမှု = **မိစ္ဆာဒိဋ္ဌိ** အားဖြင့် မနောဒုစရိုက် မနောကံအကုသိုလ်အမှု (၃) ပါးရှိပါသည်။

သာဓက ။ **ဝိထိမုတ်စာပို၌-၅၇။**

http://www.dhammadownload.com

အကုသလကမ္မပထ (ဒုစရိုက်) အဓိပ္ပါယ်

ကာယဒုစရိုက် (၃) ပါး၊ ဝစီဒုစရိုက် (၄) ပါး၊ မနောဒုစရိုက် (၃) ပါးတို့သည် အပါယ်ရောက်ကြောင်း မကောင်းသောလမ်းခရီးသဖွယ်ဖြစ်သောကြောင့် အကုသလကမ္မပထ မည်ပါသည်။ (စရိုက်ဆိုးဖြစ်သောကြောင့် ဒုစရိုက်ဟုလည်း ခေါ်ပါသေးသည်။)

ဒုစရိုက်ကံဖြစ်ခြင်း၏မူလအကြောင်းရင်းများ

ပါဏာတိပါတနှင့်ဖရုသဝါစာတို့သည်(တရားကိုယ်အားဖြင့် ဒေါသမူဒွေးဥ်ရှိသော စေတနာဖြစ်၍) ဒေါသမူလနှင့် ဒေါသမူလရှိသောစိတ်ကြောင့်ဖြစ်ရသည်။

ဗျာပါဒသည် (တရားကိုယ်အားဖြင့် ဒေါသဖြစ်၍) ဒေါသမူလရှိစိတ်ကြောင့်သာ ဖြစ်ရသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ် ၅၈။**

(ကာမေသုမိစ္ဆာစာရသည် တရားကိုယ်အားဖြင့် လောဘမူဥ်ရှိသော စေတနာဖြစ်ပြီး မိစ္ဆာဒိဋ္ဌိသည်ကား တရားကိုယ်အားဖြင့် ဒိဋ္ဌိစေတသိက်ဖြစ်၍) ထိုဒုစရိုက် (၂) ပါးတို့သည် လောဘမူလကြောင့်၄င်း, လောဘမူလရှိသောစိတ်ကြောင့်၄င်း ဖြစ်ရသည်။

အဘိဇ္ဈာသည် (တရားကိုယ်အားဖြင့် လောဘသာဖြစ်၍) လောဘမူလရှိသော စိတ်ကြောင့်သာဖြစ်ရသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ် ၅၉။**

အဒိန္နာဒါန, မုသာဝါဒ, ပိသုဏာဝါစာ,သမ္ဖပ္ပလာပတို့သည် (တရားကိုယ်အားဖြင့် လောဘမူ, ဒေါသမူစသည်ဥ်ရှိသော စေတနာဖြစ်၍) ရံခါလောဘကြောင့်ဖြစ်၍, ရံခါဒေါသ ကြောင့်ဖြစ်သည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ် ၆၀။**

ဆောင် * **ကာမေ, မိစ္ဆာ၊ အဘိဇ္ဈာ၊ ဖြစ်လာ လောဘကြောင့်။**

* **ပါဏာ,ဖရုသာ၊ ဗျာပါဒါ၊ ဖြစ်လာ ဒေါသကြောင့်။**

* **ပိသု,မုသာ၊ သမ္ဖပ္ပါ၊ ဒိန္နာနှစ်ပါးကြောင့်။**

ဒုစရိုက်မျိုးကို ဒွိဟီတ်, တိဟီတ်ခွဲခြားပုံ

ကာမေသုမိစ္ဆာစာရ, အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိတို့သည် လောဘနှင့် သဗ္ဗာကုသလသာဓာရဏာ

http://www.dhammadownload.com

မောဟတို့ကြောင့် ဖြစ်သဖြင့်၄င်း၊ ပါဏာတိပါတ၊ ဖရုသဝါစာ၊ ဗျာပါဒတို့သည် ဒေါသနှင့် သဗ္ဘာကုသလသာဓာရဏာမောဟတို့ကြောင့်ဖြစ်သဖြင့်၄င်း၊ မူလအကြောင်း (၂) ပါးကြောင့်ဖြစ်သော ဒွိဟိတ်ဒုစရိုက် (၆) ပါးဖြစ်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၅၈၊ ၅၉။**

အဒိန္နာဒါန, မုသာဝါဒ, ပိသုဏာဝါစာ, သမ္ဖပ္ပလာပတို့သည် ရဲခါလောဘ, ရဲခါ ဒေါသနှင့် သဗ္ဘာကုသလသာဓာရဏာမောဟတို့ကြောင့်ဖြစ်သဖြင့် မူလအကြောင်း (၃) ပါးကြောင့်ဖြစ်သော တိဟိတ်ဒုစရိုက် (၄) ပါးဖြစ်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၆၀။**

ကစားရာ သေလျှင် ပါဏာတိပါတကံမထိုက်

ပါဏာတိပါတကံသည် ဒေါသအကြောင်းတရားကို အခြေခံ၍ဖြစ်ရသောကြောင့် ရယ်မြူးလိုသောစိတ်ဖြင့် သတ္တဝါတစ်ဦးဦးကို ကစားရာ ထိုသတ္တဝါသေဆုံးခဲ့သော် ပါဏာတိပါတကံမထိုက်ပါ။

သာဓက ။ **ဝိထိမုတ် စာပိုဒ် - ၅၈။**

ဗုဒ္ဓဘာသာမှ ဘာသာခြားအယူသို့ ပြောင်းသူ၏ အဓိကအကြောင်း

ဘာသာအယူမှားယွင်းမှု မိစ္ဆာဒိဋ္ဌိသည် လောဘနှင့် သဗ္ဘာကုသလသာဓာရဏာ မောဟကြောင့်ဖြစ်သည့်အတွက် အသိဉာဏ်ကင်းမဲ့မှုမောဟနှင့် လောဘရမ္မက်ဟူသော အကြောင်းတို့ကြောင့် ဗုဒ္ဓဘာသာမှ ဘာသာခြားအယူသို့ ပြောင်းခြင်းဖြစ်သည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၅၉။**

မူးယစ်ဆေးသုံးစွဲမှုစသည်တို့သည် ကာမေသုမိစ္ဆာစာရပင်

အရက်သောက်, ဆေးခြောက်ရှူမှုစသော မူးယစ်ဆေးသုံးစွဲမှုတို့သည် ရသာရုံဟုဆိုအပ်သောကာမဂုဏ်တို့၌မှားယွင်းသော သုံးစွဲမှုအကျင့်ဖြစ်သောကြောင့်၄င်း၊ ဖဲရိုက်ခြင်းသည် ရူပါရုံဟုဆိုအပ်သော ကာမဂုဏ်၌မှားယွင်းသောလုပ်ရပ်အကျင့်ဖြစ်သောကြောင့်၄င်း၊ မူးယစ်ဆေးသုံးစွဲမှု၊ ဖဲရိုက်မှုတို့သည် အသိဉာဏ်ကင်းမဲ့မှု မောဟနှင့် စွဲမက်တွယ်တာသော လောဘကို အခြေခံ၍ဖြစ်သည့်အတွက်ကာမေသုမိစ္ဆာစာရဒုစရိုက်သဘောပင်ဖြစ်သည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၅၉။**

http://www.dhammadownload.com

ဒုစရိုက်၏တရားကိုယ်

အကုသလကမ္မပထ(၁၀) ပါး, ဒုစရိုက်တရား၏စိတ်ဖြစ်ပုံ တရားကိုယ်ကား အကုသိုလ်စိတ် (၁၂) ပါးသာ ဖြစ်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ် ၆၁**။

ကုသလကမ္မပထ(သုစရိုက်) အဓိပ္ပါယ်

ပါဏာတိပါတဝိရတိစသော ကယက်(၃)ပါး,မုသာဝါဒဝိရတိစသောဝစီက် (၄)ပါး, အနဘိဇ္ဈာစသော မနောက်(၃)ပါး တို့သည်သုဂတိဘုံသို့ရောက်ကြောင်း လမ်းကောင်းသဖွယ်ဖြစ်သောကြောင့် ကုသလကမ္မပထတရားမည်ပါသည်။ (အကျင့်ကောင်းများဖြစ်သောကြောင့် သုစရိုက်ဟုလည်းခေါ်ကြသေးသည်)။

ကုသလကမ္မပထ (သုစရိုက်) တရား (၁၀) ပါး

ကောင်းမွန်သော ကာယက်(၃) ပါး, ဝစီက်(၄)ပါး, မနောက် (၃)ပါးအားဖြင့် ကုသလကမ္မပထ (သုစရိုက်) တရား (၁၀)ပါးဖြစ်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ် (၆၂)**။

ကာယက်သုစရိုက် (၃) ပါး

(၁) သူ့အသက်သတ်မှုမှရှောင်ကြဉ်ခြင်း ပါဏာတိပါတဝိရတိ၊ (၂) ခိုးယူလုယက်မှုမှရှောင်ကြဉ်ခြင်း-အဒိန္နာဒါန ဝိရတိ (၃) ကာမဂုဏ်တို့၌ ဖောက်ပြန်မှားယွင်းစွာ ကျင့်သုံးမှုမှရှောင်ကြဉ်ခြင်း- ကာမေသုမိစ္ဆာစာရဝိရတိအားဖြင့် ကာယက်သုစရိုက် (၃)ပါးဖြစ်ပါသည်။

ဝစီက်သုစရိုက် (၄)ပါး

(၁) လိမ်ညာလှည့်စား၍ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း-မုသာဝါဒဝိရတိ(၂)ကုန်းတိုက်မှုမှရှောင်ကြဉ်ခြင်း-ပိသုဏာဝါစာဝိရတိ၊(၃)ကြမ်းတမ်းရိုင်းစိုင်းစွာပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း - ဖရုသဝါစာဝိရတိ၊(၄) အကျိုးမရှိသိမ်ဖျင်းသောစကားကို ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း- သမ္ဖပ္ပလာပဝိရတိအားဖြင့် ဝစီက်သုစရိုက်(၄)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

မနောကံသုစရိုက်(၃) ပါး

(၁) အဘိဇ္ဈာမဖြစ်အောင်နှလုံးသွင်းမှု=အနဘိဇ္ဈာ၊(၂) ဗျာပါဒမဖြစ်အောင်နှလုံးသွင်းမှု=အဗျာပါဒ၊ (၃) ဘာသာအယူမှန်ကန်မှု=သမ္မာဒိဋ္ဌိအား ဖြင့် မနောကံသုစရိုက် (၃) ပါးဖြစ်ပါသည်။

စိတ်ဓာတ်ကောင်းဘို့ အဓိက

ပါဏာတိပါတစသော ဒုစရိုက်များ ဖြစ်ပွားမှု၏ အခြေခံအကြောင်းတရားသည် မနောကံ (စိတ်အမှု) ဖြစ်သော အဘိဇ္ဈာနှင့် ဗျာပါဒတို့၏ တရားကိုယ် လောဘနှင့် ဒေါသတို့ပင် ဖြစ်သောကြောင့်၄င်း၊ ဒုစရိုက်မျိုးစုံ၏ တရားကိုယ်စိတ်ကား အကုသိုလ်စိတ်ထား ၁၂- ပါးသာ ဖြစ်သောကြောင့်၄င်း၊ ဥဒ္ဓစ္စသဟဂုတ်ကြဉ်သော အကုသိုလ်စိတ်ထားသည်သာ အပါယ်ပဋိသန္ဓေ ကို ဖြစ်စေနိုင်သောကြောင့်၄င်း၊ အကျင့်စာရိတ္တ ကောင်းမွန်သူဖြစ်ရေး၊ အပါယ်မကျရေး (ဒုစရိုက်ပပျောက်ရေး) သည် စိတ်ဓာတ်ကောင်းဘို့ အဓိက ဖြစ်၏။

သာဓက ။ **ဝိထိမုတ်-၅၅ မှ ၅၉ အထိနှင့် ၆၀၊ ၆၁၊ ၆၉။**

ရတနာ (၃) ပါးကို ဗျက်ဆီးစော်ကားပြောဆိုသူများ၏ တမလွန်လမ်းကြောင်း

ကြမ်းတမ်းရိုင်းစိုင်းစွာ ပြောဆိုမှု=**ဖရုသဝါစာ**၊ သိမ်ဖျင်းသောစကားကိုပြောဆိုမှု = **သမ္ဖပ္ပလာပ** တို့၏တရားကိုယ်၏ယှဉ်ရာ အကုသိုလ်စိတ်သည်၄င်း၊ ဘာသာအယူမှားယွင်းမှု **မိစ္ဆာဒိဋ္ဌိ**၏တရားကိုယ်၏ယှဉ်ရာ အကုသိုလ်စိတ်သည်၄င်း၊ အပါယ်ဘုံ၌ ပဋိသန္ဓေကိုဖြစ်စေ သောကြောင့် ဘုရား, တရား, သံဃာ ရတနာ (၃) ပါး၊ ဘာသာ, သာသနာကို ဖျက်ဆီးစော်ကားပြောဆိုသူများနှင့် မိဘ, ဆရာသမား စသော ရိုသေထိုက်သူတို့ကို စော်ကားပြောဆိုသူတို့၏ တမလွန်လမ်း ကြောင်းကား ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဟူသော ဒုဂ္ဂတိဘုံလမ်း ကြောင်းသာဖြစ်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပို၌-၆၉။**

ဆဲလျှင် ငရဲကြီး

ဒေါသကို အခြေခံသော ဖရုသဝါစာ၏တရားကိုယ် အကုသိုလ်စိတ္တုပ္ပါဒ်သည် အပါယ် ပဋိသန္ဓေကို ဖြစ်စေနိုင်သောကြောင့် ဆဲလျှင်ငရဲကြီးတတ်သည်။

ဘာဓက ။ **ဝိထိမုတ်စာပို၌- ၅၈၊ ၆၁၊ ၆၉။**

http://www.dhammadownload.com

ကိုကြီးကျော်ဆိုတာ နတ်ယုတ်မာ

လင်ရှိရှိ မရှိရှိ၊ မိဘသဘောတူတူ မတူတူ (များသောအားဖြင့် အူတူတူ အ,တတ မိန်းမများကိုသာ) နတ်ကတော် နတ်မယားအဖြစ် တော်ကောက်လေ့ရှိသော ကိုကြီးကျော် နတ်ဆိုသူသည် ကာယကံမြောက် ကာမေသုမိစ္ဆာစာရ အမှုကိုမပြုသည့်အတွက် ကာယဒုစရိုက်ကို ကျူးလွန်မှုမျိုး မသက်ရောက်သော်လည်း သေးသိမ်ပြိန်ဖျင်းသော ပလီပလာစကားကို ပြောကြားမှု သမ္မပ္ပလာပ ဝစီဒုစရိုက်ကို ကျူးလွန်ခြင်းနှင့် သူတစ်ပါးပိုင်ဆိုင်သောအရာကို မတရားလိုချင်မှု အဘိဇ္ဈာ၊ မနောဒုစရိုက်ကို ကျူးလွန်ခြင်း သဘောမျိုးတို့သို့ သက်ရောက်သောကြောင့် ကိုကြီးကျော် နတ်ဆိုတာဟာ (တကယ်သာ ရှိခဲ့သော်) နတ်ကောင်းနတ်မြတ် မဟုတ်နိုင်ပါ။ ဒုစရိုက်သမား နတ်ယုတ်မာသာ ဖြစ်ပါသည်။

သာဓက ။ **ဝိထိမုတ် စာပိုဒ် - ၅၊ ၅၆၊ ၅၇၊ ၆၁။**

ပုညကြိယဝတ္ထုအဓိပ္ပါယ်

ကောင်းသောအကျိုး၏တည်ရာဖြစ်၍ပြုသင့်ပြုထိုက်သောကောင်းမှုကုသိုလ်မျိုးကို ပုညကြိယာဝတ္ထုဟုခေါ်သည်။

ပုညကြိယဝတ္ထုအကျဉ်း(၃) ပါး၊ အကျယ် (၁၀) ပါး

ဒါန, သီလ, ဘာဝနာအားဖြင့် ပုညကြိယဝတ္ထုအကျဉ်း(၃) ပါးရှိပါသည်။

သာဓက ။ **ဝိထိမုတ် စာပိုဒ်- ၆၃။**

အကျယ်အားဖြင့်ကား ပေးကမ်းလှူဒါန်းမှု = ဒါန၊ ကိုယ်နှုတ်စောင့်စည်းမှု= သီလ၊ ကမ္မဋ္ဌာန်းဘာဝနာပွားများ ကုသိုလ်စိတ်များဖြစ်ပွားစေမှု= ဘာဝနာ၊ ရိုသေလေးစားမှု= အပစာယန၊ ကောင်းသောလုပ်ငန်းဆောင်ရွက်မှု= ဝေယျာဝစ္စ၊ အမျှပေးဝေမှု= ပတ္တိဒါန၊ သာဓုခေါ်မှု= ပတ္တာနုမောဒန၊ တရားနာ(စာပေသင်ယူ)မှု= ဓမ္မဿဝန၊ တရားဟော(စာချ)မှု= ဓမ္မဒေသနာ၊ ဘာသာအယူ ဖြောင့်မှန်စွာယူမှု= ဒိဋ္ဌုကမ္မဟူ၍ ပုညကြိယဝတ္ထု ၁၀-ပါးရှိပါသည်။

သာဓက ။ **ဝိထိမုတ် စာပိုဒ် - ၆၅။**

http://www.dhammadownload.com

ပုညကြိယဝတ္ထုအကျယ် (၁၀) ပါးကို အကျဉ်း(၃) ပါးသို့သွင်းပုံ

(၁) ကျွဿာ,မစ္ဆရိယနှင့် ဆန့်ကျင်ဘက်ချင်းတူ၍ ဒါနသဘောရှိသောကြောင့် ပတ္တိဒါန, ပတ္တာနုမောဒန-၂ ပါးကို ဒါန၌သွင်းယူရသည်။

(၂) စာရိတ္တသီလအကျင့်ကောင်းသဘောရှိသောကြောင့် အပစာယန, ဝေယျာဝစ္စ၂-ပါးကို သီလ၌ သွင်းယူရသည်။

(၃) ကုသိုလ်တရားကို ပွားများစေခြင်းအားဖြင့် သဘောတူသောကြောင့် ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌုကမ္မ ၃-ပါးကို ဘာဝနာ၌ သွင်းယူရသည်။

ဆောင် * **ပတ္တိ, ပတ္တာ၊ ဒါနသာတည့်၊ ပစာ, ဝေယျ၊ သီလမှတ်သား၊ နောက်သုံးပါး၊ သွင်းထားဘာဝနာ။**

မှတ်ရန် ။ **ဤကာကျော်၌ ဒိဋ္ဌုကမ္မသည် ဒါန, သီလ, ဘာဝနာ ၃-မျိုးလုံး၌ သက်ဝင်သည်ဟု ဖွင့်ဆိုထားသည်။**

သုစရိုက်နှင့် ပုညကြိယဝတ္ထုတို့၏ တရားကိုယ်

ပါဏာတိပါတ ဝိရတိ စသောသုစရိုက်(၁၀) ပါး၏ တရားကိုယ်နှင့် ဒါန, သီလစသော ပုညကြိယဝတ္ထု(၁၀) ပါးတို့၏ တရားကိုယ်ကား- ကာမာဝစရကုသိုလ်စိတ် (၈) ပါးဖြစ်ပါသည်။

သာဓက ။ **ဝိထိမုတ် စာပိုဒ် - ၆၄။**

ရိုင်းသေထိုက်သူကို ရိုင်းသေခြင်းသည် ကုသိုလ်ရ

ရိုင်းသေထိုက်သောသူကို ရိုင်းသေခြင်းသည် ကာမာဝစရကုသိုလ်ကံကို တရားကိုယ်အဖြစ် ကောက်ယူရသော ပုညကြိယာဝတ္ထု (ကောင်းသောအကျိုးတရား၏ တည်ရာဖြစ်၍ ပြုသင့်ပြုထိုက်သော ကုသိုလ်) ၁၀-မျိုးတွင် ပါဝင်သော အပစာယန ပုညကြိယာ ဝတ္ထုမျိုး ဖြစ်လေသောကြောင့် ရိုင်းသေထိုက်သောသူကို ရိုင်းသေခြင်းသည် အပြစ်ကင်းပ ကုသိုလ်ရနိုင်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ် - ၆၄၊ ၆၅။**

စာရိတ္တကောင်းမွန် ထူးချွန်ဆု ခံုးမြွှင့်ထိုက်သူ

အပြုအမူ ကောင်းမွန်သော သဘောထား သုစရိုက်တရားသည် ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်ဟူ၍ (၃) မျိုးရှိသောကြောင့် (သူ့အသက်သတ်မှု၊ သူ့ဥစ္စာ ခိုးယူ

http://www.dhammadownload.com

လုယက်မှု၊ သူ့သားမယား ပြစ်မှားစော်ကားမှု (လောင်းကစားပြုမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှု) တို့မှ ရှောင်ကြဉ်ခြင်း ကာယသုစရိုက်တရားနှင့်၄င်း၊ လိမ်လည်မှု, ကုန်းတိုက် (ဂုံးတိုက်) မှု၊ ကြမ်းတမ်းရိုင်းစိုင်းစွာ ပြောဆိုမှု၊ အကျိုးမရှိသော စကားကို ပြောဆိုမှုတို့မှ ရှောင်ကြဉ်ခြင်း ဝစီသုစရိုက်တရားနှင့် ၄င်း၊ သူဥစ္စာကို မတရားလိုချင်မှု၊ သူတစ်ပါးကို ပျက်စီးစေလိုမှု၊ မှားယွင်းသော တွေးခေါ်ယူဆမှုတို့မှ ရှောင်ကြဉ်ခြင်း မနောသုစရိုက်တရားနှင့်၄င်း ပြည့်စုံလျက်) ကိုယ်, နှုတ်, စိတ်ထား (၃) ပါးလုံးပင် အပြစ်ကင်းစင်သောသူကိုသာ စာရိတ္တကောင်းမွန်ထူးချွန်ဆုခီုးမြှင့်ထိုက်ပါသည်။

သာဓက ။ **ဝိထိမုတ် စာပိုဒ် - ၆၂**။

ရဟန်းခံရှင်ပြု ဒါနမှု၏ တရားကိုယ်

ရဟန်းခံရှင်ပြု ဒါနမှု၏ တရားကိုယ်ကား မဟာကုသိုလ်စိတ် (၈) ပါးဖြစ်ပါသည်။

သာဓက ။ **ဝိထိမုတ် စာပိုဒ် - ၆၃၊ ၆၄**။

ပုဗ္ဗစေတနာသည် ကုသို့လ်ရ

ဒါန, သီလ, ဘာဝနာတို့၏ တရားကိုယ်ဖြစ်သော ကာမာဝစရ ကုသိုလ်ကံသည် မနောဒွါရ၌လည်း ဖြစ်နိုင်သောကြောင့် လှုမည်ဟု ရည်ရွယ်မှန်းထားခြင်း, မလှူခင် ကြိုတင်၍ ဝမ်းသာခြင်းဟူသော ပုဗ္ဗစေတနာသည် ကုသိုလ်ဖြစ်နိုင်, ကုသိုလ်ရနိုင်ပါသည်။

သာဓက ။ **ဝိထိမုတ် စာပိုဒ် - ၆၂၊ ၆၃၊ ၆၄**။

မဟဂ္ဂုတ်ကုသို့လ်ကံတို့ဖြစ်ကြောင်း ကမ္မဒွါရ နှင့် ပုညကြိယဝတ္ထု

ရူပ, အရူပဟူသောမဟဂ္ဂုတ်ကုသိုလ်ကံတို့ ဖြစ်ကြောင်း ကမ္မဒွါရကား- မနောကံ (၁) မျိုးသာတည်း။ ပုညကြိယဝတ္ထုကား အပွနာသို့ရောက်သော ဘာဝနာ (၁) မျိုးသာတည်း။

သာဓက ။ **ဝိထိမုတ် စာပိုဒ် - ၆၇၊ ၆၈**။

မဟဂ္ဂုတ်ဈာန်ကို ကာယက်, ဝစီကံတို့ဖြင့် အားထုတ်၍မရ

ရူပ, အရူပ ဟူသောမဟဂ္ဂုတ်ကုသိုလ်ကံတို့သည် မနောကံသာလျှင် ဖြစ်သောကြောင့်

http://www.dhammadownload.com

မဟဂ္ဂုတ်စျာန်ကိုရရန် (ကိုယ်လှုပ်ရှားမှု) ကာယက်, (နှုတ်သံဖွင့်ကြားရွတ်ပွားမှု) ဝစီကံ တို့ဖြင့် အားထုတ်၍မရပါ။ မနောက်တည်းဟူသော ဘာဝနာဉာဏ်အားဖြင့်သာ ကြိုးစား၍ရယူနိုင်ပါသည်။

သာဓက ။ **ဝိထိမုတ် စာပိုဒ် - ၆၇၊ ၆၈။**

အကုသိုလ်ကံတို့၏ ပါကဓမ္မနှင့် ပါကဌာနများ

ဥဒ္ဓစ္စစေတနာကြောင့် အကုသိုလ်ကံ (၁၁) ခုသည် ပဋိသန္ဓေအခါ (အဟိတ်အကုသလ ဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏဟူသော) အပါယ်ပဋိသန္ဓေအကျိုး (ပါကဓမ္မ) ကိုအပါယ်ဘုံ (ပါကဌာန) ၌ဖြစ်စေသည်။

အကုသိုလ်ကံ (၁၂) ခုသည် ပဝတ္တိအခါ အဟိတ်အကုသလဝိပါက် (၇) ပါးဟူသော အကျိုး (ပါကဓမ္မ) ကို ကာမ (၁၁) ဘုံ (ပါကဌာန) ၌ဖြစ်စေသည်။

အကုသလဝိပါက်စက္ခုဝိညာဏ်, သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏဟူသော အကျိုး (ပါကဓမ္မ) ကို ရူပ (၁၅) ဘုံ(ပါကဌာန) ၌ဖြစ်စေသည်။

သာဓက ။ **ဝိထိမုတ် စာပိုဒ် - ၁၆၊ ၆၉၊ပကိဏ်းစာပိုဒ်- ၆၆။**

ကာမကုသိုလ်, ကံတို့၏ ပါကဓမ္မနှင့် ပါကဌာနများ

မဟာကုသိုလ်ကံ (၈) ခုသည် ပဋိသန္ဓေအခါ ကာမသုဂတိ ပဋိသန္ဓေ(၉) ပါးဟူသော အကျိုး (ပါကဓမ္မ) ကိုကာမသုဂတိ (၇) ဘုံ (ပါကဌာန) ၌ဖြစ်စေသည်။

ပဝတ္တိအခါ မဟာဝိပါက် (၈) ပါးဟူသော အကျိုး (ပါကဓမ္မ) ကို ကာမသုဂတိ (၇) ဘုံ (ပါကဌာန) ၌၄င်း၊ အဟိတ်ကုသလဝိပါက် (၈) ပါးဟူသော အကျိုး(ပါကဓမ္မ)ကို ကာမ(၁၁) ဘုံ (ပါကဌာန) ၌၄င်း၊ အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ်, သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ(၂) ပါးဟူသော အကျိုး (ပါကဓမ္မ) ကို ရူပ (၁၅) ဘုံ(ပါကဌာန) ၌ဖြစ်စေသည်။

သာဓက ။ **ဝိထိမုတ် စာပိုဒ် - ၁၇၊၇၀။ပကိဏ်းစာပိုဒ်- ၆၆။**

ဒါန, သီလမျှဖြင့် စျာန်မရနိုင်

ရူပ, အရူပဟူသော မဟဂ္ဂုတ်စျာန်တို့သည် မနောက်ဘာဝနာဉာဏ်ကြောင့်သာ ဖြစ်နိုင်, ရနိုင်သောကြောင့် ဒါန, သီလ ကုသိုလ်သက်သက်မျှဖြင့် စျာန်မရနိုင်ပါ။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၆၇၊ ၆၈။**

http://www.dhammadownload.com

မနောက်ချင်း အထူး

ဘာဝနာမယ, ကာမာဝစရကုသိုလ် မနောက်သည် အပွနာစျာန်သို့ မရောက်နိုင်ပါ။ ဘာဝနာမယ မဟဂ္ဂုတ်ကုသိုလ်မနောက်သည်ကား အပွနာစျာန်သို့ ရောက်နိုင်ပါသည်။ ဤသို့ ထူး၏။

နတ်ပြည်၌ တိရစ္ဆာန်မရှိ

တိရစ္ဆာန်သည် အကုသိုလ်က်၏ ပဋိသန္ဓေ အကျိုးပေးရာ အပါယ်ဒုဂ္ဂတိ ဘုံသားဖြစ်ပြီး၊ နတ်သားသည်ကား ကာမကုသိုလ်က်၏ ပဋိသန္ဓေ အကျိုးပေးရာ ကာမသုဂတိဘုံသားဖြစ်၍ ပဋိသန္ဓေချင်း, ဘုံချင်း မတူညီသောကြောင့် နတ်ပြည်၌ တိရစ္ဆာန်အစစ် မရှိနိုင်ပါ။

သာဓက ။ **ဝိထိမုတ် ၄၊ ၅၊ ၆၉၊ ၇၀။**

မှတ်ရန် ။ **နတ်မြင်းပျံသည် ၄င်း၊ သိကြားမင်းစီးသော ဧရာဝဏ်ဆင် သည်၄င်း၊ တိရစ္ဆာန် အစစ်မဟုတ်ပါ၊ နတ်သားက ဖန်ဆင်းထားခြင်းမျှသာ ဖြစ်သည်ဟုမှတ်။**

သမာဓိပျက်ပြား စိတ်လှုပ်ရှားရုံဖြင့် အပါယ်မကျနိုင်

စိတ်ပျံ့လွင့်လှုပ်ရှားမှု ဥဒ္ဓစ္စသဟဂုတ် မောဟမူအကုသိုလ်စေတနာသည် အပါယ် ပဋိသန္ဓေအကျိုးကိုမပေးနိုင်သောကြောင့် သမာဓိပျက်ပြားစိတ်လှုပ်ရှားရုံမျှဖြင့်၄င်း၊ စိတ်ပျံ့လွင့်၍ ရူးသွပ်ရုံမျှဖြင့်၄င်း အပါယ်မကျနိုင်ပါ။

သာဓက ။ **ဝိထိမုတ်စာပို၌-၆၉ (ပထမဝါကျ)။**

ကူးတို့ခ ဒွေတစ်မတ်အတွက် ဆုံးဖြတ်ချက်

ဒုဂ္ဂတိဘဝသို့ ရောက်ခြင်း၏ အကြောင်းတရားကား ဥဒ္ဓစ္စသဟဂုတ်စိတ်ကြွင်သော အကုသိုလ်က်သာဖြစ်ပြီး၊ သုဂတိဘဝသို့ ရောက်ခြင်း၏ အကြောင်းတရားသည်လည်း ကာမာဝစရကုသိုလ်က်သာဖြစ်၍ ဘဝသစ်၌ ဖြစ်မှု (ပဋိသန္ဓေ) သဘောသည် ကူးတို့ခဒွေတစ်မတ်ကို အခြေမခံဘဲ ကုသိုလ်, အကုသိုလ်က်ကိုသာ အခြေခံသောကြောင့် လူတို့ သေဆုံးသောအခါ ကူးတို့ခအဖြစ် ဒွေတစ်မတ်မပါလျှင် လိုရာသို့မသွားနိုင်ဟူသောစကားသည် အမှားသာဖြစ်သည်။

သာဓက ။ **ဝိထိမုတ် စာပို၌ - ၆၉၊ ၇၀ နှင့် သခီရေန ဇနိယမာနံ (ပ) ပတိဋ္ဌာတိ ဘဝန္တရေ၊ ဝိထိမုတ် စာပို၌ - ၉၁။**

http://www.dhammadownload.com

လှူဒါန်းခဲ့ရှိ သီလစောင့်ထိန်းခဲ့ရှိ သက်သက်ဖြင့် သံသရာစခန်း မသိမ်းနိုင်

ဒါန, သီလ ပုညကြိယဝတ္ထု၏တရားကိုယ် မဟာကုသိုလ်စိတ်သည် ကာမသုဂတိ (၇) ဘုံ၌သာ ပဋိသန္ဓေအကျိုးကို ပေးနိုင်သောကြောင့် လှူဒါန်းရုံသက်သက် သီလကုသိုလ် သက်သက်မျှဖြင့် သံသရာစခန်းမသိမ်းနိုင်, နိဗ္ဗာန်ကိုတိုက်ရိုက်မရနိုင်, ပြဟ္မာဘဝသို့မရောက်နိုင်ပါ။

သာဓက ။ ဝိထိစာပိုဒ် - ၇၀။

လှူတာအကျိုးမရှိဟူဆိုခြင်းသည် သဘာဝမကျ

လှူဒါန်းမှု ဒါနပုညကြိယာဝတ္ထု၏တရားကိုယ် မဟာကုသိုလ်စိတ်သည် ကာမသုဂတိ (၇) ဘုံဟူသော ပဋိသန္ဓေအကျိုးနှင့် မဟာဝိပါက် (၈) ပါး၊ အဟိတ်ကုသလဝိပါက် (၈) ပါး တို့ကို ကာမဘုံ, ရူပဘုံတို့၌ ထိုက်သင့်သည့်အားလျော်စွာ ပဝတ္တိအကျိုးတို့ကို ပေးနိုင်သောကြောင့် နတ္ထိ ဒိန္နံ = လှူတာအကျိုးမရှိဟုဆိုခြင်းသည် သဘာဝမကျ, မမှန်ကန်ပါ။

သာဓက ။ ဝိထိမုတ်စာပိုဒ်-၆၃၊ ၆၄၊ ၇၀။

ရေစက်ချ အမျှဝေမှု၏ အကျိုးအာနိသင်

ရေစက်ချ အမျှဝေမှု ပတ္တိဒါန ပုညကြိယဝတ္ထု၏တရားကိုယ် ကာမာဝစရ ကုသိုလ်ကံသည် ကာမသုဂတိဘုံ၌သာလျှင် ပဋိသန္ဓေကို ဖြစ်စေနိုင်, အကျိုးပေးနိုင်သောကြောင့် ရေစက်သွန်းချအမျှပေးဝေခြင်းသည် အပါယ်စသော ဘေးဒုက္ခတို့မှ လွတ်မြောက်ခွင့်ရနိုင်ခြင်း စသော အကျိုးအာနိသင်တို့ကို ရနိုင်ပါသည်။

သာဓက ။ ဝိထိမုတ်စာပိုဒ် - ၆၃၊ ၆၄၊ ၆၅၊ ၆၆၊ ၇၀။

ရူပလောကေစ ယထာရဟံ၌ ယထာရဟံကို ဆို့ရှင်းအကြောင်း

ရူပဘုံ၌ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်တို့ကို မဖြစ်စေနိုင်သောကြောင့် ရူပလောကေ စ ယထာရဟံ၌ ယထာရဟံသဒ္ဒါကို ထည့်ဆိုရပါသည်။

သာဓက ။ ပကိဏ်း စာပိုဒ် - ၆၆၊ ဝိထိမုတ် စာပိုဒ် - ၆၉၊ ၇၀။

ကိုယ့်ကြမ္မာ ကိုယ်ဖန်တီး

သက်ရှိပုဂ္ဂိုလ်သတ္တဝါများ ပြုမူဆောင်ရွက်လေ့ရှိသော အကုသိုလ်ကံ, ကုသိုလ်ကံ

http://www.dhammadownload.com

တို့တွင် (၁) ပါးပါးသောကံကို ပြုမိပါမူပြုသူ၏ ကံအားလော့်စွာ ပြုမူကံမကောင်းလျှင် အပါယ်ဒုဂ္ဂတိ ဘုံဘဝ ပဋိသန္ဓေအားဖြင့်ဖြစ်ရခြင်း၊ အကုသလဝိပါက် မကောင်းကျိုးများကိုလည်း ကာမ, ရူပဘုံဘဝတို့၌ ကြုံထိုက်သလို တွေ့ကြုံခံစားရခြင်း၊ ပြုမူကံကောင်းလျှင် ကောင်းသော လူ, နတ်, ဗြဟ္မာတို့၏ ဘုံဘဝတို့၌ ဖြစ်ထိုက်သလို ပဋိသန္ဓေအားဖြင့် ဖြစ်ရခြင်း၊ ကုသလဝိပါက် ကောင်းကျိုးများကိုလည်း ကြုံထိုက်သလို တွေ့ကြုံခံစားရခြင်းများ ဖြစ်ပွားသောကြောင့် 'ကိုယ့်ကြမ္မာကိုယ်ဖန်တီးသကဲ့သို့ သင်သည် သင့်ဘဝအတွက် ဖန်တီးရှင်ဖြစ်သည်' ဟူသောစကား သည် သဘာဝကျမှန်ကန်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်** - ၆၉၊ ၇၀၊ ၈၈။

ဂဏဝါစကနှင့် သောတုဇနတို့၏ တမလွန်လမ်းကြောင်း

စာပေကို သင်ယူနာကြားမှတ်သားမှုဟူသော ဓမ္မဿဝနနှင့် စာပေကို သင်ကြားပို့ချ ပေးမှုဟူသော ဓမ္မဒေသနာ၏တရားကိုယ် မဟာကုသိုလ်စိတ်သည် ကာမသုဂတိဘုံ၌ ပဋိသန္ဓေ အကျိုးကို ဖြစ်စေနိုင်သောကြောင့် ဂဏဝါစကနှင့် သောတုဇနတို့၏ တမလွန်လမ်းကြောင်းကား ကာမသုဂတိဘုံသာ ဖြစ်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်** - ၆၄၊ ၆၅၊ ၇၀။

အထက်တန်းကျကျ လူ့ဘဝသို့ ရောက်စေနိုင်သောကံ

လူ့လောကတွင် ရာထူးဂုဏ်သိရှိ စည်းစိမ်ပညာ အထက်တန်းကျကျ ဘဝသို့ ရောက်စေ နိုင်သော ကုသိုလ်ကံတရားကား မဟာကုသိုလ်ဉာဏသမ္ပယုတ် တိဟိတ်ဥက္ကဋ္ဌကံ ဖြစ်ပါသည်။

ယင်းကံတရားကြောင့် ဖြစ်ပေါ်လာသော ဝိပါက်စိတ်များကား **ပဋိသန္ဓေအခါ၌** မဟာ ဝိပါက်ဉာဏသမ္ပယုတ် ၄- ပါး၊ **ပဝတ္တိအခါ၌** မဟာဝိပါက်စိတ် ၈- ပါးနှင့် အဟိတ်ကုသလ ဝိပါက်စိတ် ၈-ပါး တို့ဖြစ်ပါသည်။

သာဓက ။ **ဝိထိမုတ် စာပိုဒ်** - ၇၀။

တိဟိတ် (ဒွိဟိတ်) ဥက္ကဋ္ဌ (သြမက) တို့၏အခိုပ္ပါယ်များ

ပြုလုပ်စဉ်အခိုက်အတန့်၌ ကံ၏အကျိုးကိုသိမြင်သော ကမ္မသကတာဉာဏ်, တွဲယှဉ်ပါဝင်ပြီး ကုသိုလ်များခြံရံနေလျှင် တိဟိတ်ဥက္ကဋ္ဌကုသိုလ်ဟုခေါ်သည်။

http://www.dhammadownload.com

ပြုလုပ်စဉ်အခိုက်အတန့်၌ ကံ၏အကျိုးကိုသိမြင်သော ကမ္မသကတာဉာဏ် တွဲယှဉ် ပါဝင်သော်လည်း အကုသိုလ်များခြုံရုံနေလျှင် တိဟိတ်ဩမကကုသိုလ်ဟုခေါ်သည်။

ပြုလုပ်စဉ်အခိုက်အတန့်၌ ကံ၏အကျိုးကို မသိမြင်နားမလည်သော်လည်း ကုသိုလ်များ ခြုံရုံနေလျှင် ဒွိဟိတ်ဉာဏ်ဥကုသိုလ်ဟုခေါ်သည်။

ပြုလုပ်စဉ်အခိုက်အတန့်၌ ကံ၏အကျိုးကိုလည်း သိမြင်နားလည်မှုမရှိ အကုသိုလ်များ လည်းခြုံရုံနေလျှင် ဒွိဟိတ်ဩမကကုသိုလ်ဟုခေါ်သည်။

ဆောင် ။ **ကုသိုလ်ပြုစဉ်၊ ကံကျိုးမြင်သိ၊ ဉာဏ်ယှဉ်ဘိက၊ မှတ်ကြတိဟေ၊ မယှဉ် လေက၊ ဒွိဟိတ်မျှမှန်၊ ကုသိုလ်ခြုံမူ၊ ဥက္ကဋ္ဌ်ယူကာ၊ အကုသာ၊ ခြုံလာဩမက။**

တိဟိတ်ဉာဏ်ဥကုသိုလ်၊ တိဟိတ်ဩမကကုသိုလ်တရားကိုယ်

(တိဟိတ်ကုသိုလ်ကံသည် ကာမာဝစရ၊ မဟဂ္ဂုတ်၊ လောကုတ္တရာအားဖြင့် အမျိုးမျိုး ပြားသော်လည်း) တထာပိ တိဟေတုကမုက္ကဋ္ဌ ကုသလံ စသော ပါဠိသည်ကား ကာမ ကုသိုလ်ကံ၏ အကျိုးတရားကို ပြဆိုရာ ဖြစ်သောကြောင့် တိဟိတ်ဉာဏ်ဥကုသိုလ်, တိဟိတ်ဩမက ကုသိုလ်တို့၏ အရ ကာမာဝစရကုသိုလ် ဉာဏသမ္ပယုတ်စိတ် (၄) ခုကိုသာ ယူရပါမည်။

သာဓက ။ **ပကိဏ်းစာပို၌ - ၁၅၊ ဝိထိမုတ် - ၇၁၊ ၇၂။**

ဒွိဟိတ်ဉာဏ်ဥကုသိုလ် ဒွိဟိတ်ဩမကကုသိုလ်တရားကိုယ်

ဒွိဟိတ်ဉာဏ်ဥကုသိုလ် ဒွိဟိတ်ဩမက ကုသိုလ်တို့၏အရ ကာမာဝစရ ကုသိုလ် ဉာဏ ဝိပ္ပယုတ်စိတ် (၄) ခုတို့ကိုသာ ယူရပါမည်။

သာဓက ။ **ပကိဏ်းစာပို၌ - ၁၄၊ ဝိထိမုတ်စာပို၌-၇၂၊ ၇၃။**

(သမာနဝါဒအရ) တိဟိတ်ဉာဏ်ဥကုသိုလ်စသည်တို့၏ အကျိုးပေးပုံ ပါဂစမ္ဘမ္ပာ

တိဟိတ်ဉာဏ်ဥကုသိုလ်သည် မဟာဝိပါက်ဉာဏသမ္ပယုတ် (၄) ပါးဟူသော ပဋိသန္ဓေ အကျိုးကိုပေး၍၊ မဟာဝိပါက် (၈) ပါး, အဟိတ်ကုသလဝိပါက် (၈) ပါးအားဖြင့် (၁၆) ပါးသော ပဝတ္တိအကျိုးကိုပေးသည်။

သာဓက ။ **ဝိထိမုတ်စာပို၌-၇၁။**

http://www.dhammadownload.com

တိဟိတ်ဩမကကုသိုလ်နှင့် ဒွိဟိတ်ဉက္ကဋ္ဌကုသိုလ်သည် မဟာဝိပါက်ဉာဏဝိပ္ပယုတ် (၄) ပါးဟူသော ပဋိသန္ဓေအကျိုးကိုပေး၍၊ မဟာဝိပါက်ဉာဏဝိပ္ပယုတ် (၄) ပါး၊ အဟိတ်ကုသလ ဝိပါက် (၈) ပါးအားဖြင့် (၁၂) ပါးသော ပဝတ္တိအကျိုးကိုပေးသည်။

သာဓက ။ **ဝီထိမုတ်စာပိုဒ်-၇၂။**

ဒွိဟိတ်ဩမကကုသိုလ်သည် အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏဟူသော ပဋိသန္ဓေအကျိုးကိုပေး၍၊ အဟိတ်ကုသလဝိပါက် (၈) ပါးဟူသော ပဝတ္တိအကျိုးကိုပေးသည်။

သာဓက ။ **ဝီထိမုတ်စာပိုဒ်-၇၃။**

မှတ်ရန် ။ **ဤကား အများလက်ခံအတည်ပြုထားသော (တိပိဋကစူဠနာဂဏေရ်၏ အယူအဆ) သမာနဝါဒတည်း။**

(ကေစိဝါဒအရ) တိဟိတ် ဉက္ကဋ္ဌစသည်တို့၏အကျိုးပေးမုံပါကခမ္မများ

တိဟိတ်ဉက္ကဋ္ဌကုသိုလ် အသင်္ခါရိက (၂) ပါးသည် မဟာဝိပါက်ဉာဏသမ္မယုတ် အသင်္ခါရိက (၂) ပါးဟူသော ပဋိသန္ဓေအကျိုးကိုပေး၍၊ မဟာဝိပါက်အသင်္ခါရိက (၄) ပါး, အဟိတ်ကုသလ ဝိပါက် (၈) ပါးအားဖြင့် (၁၂) ပါးသော ပဝတ္တိအကျိုးကိုပေးသည်။

တိဟိတ်ဉက္ကဋ္ဌကုသိုလ် သသင်္ခါရိက (၂) ပါးသည် မဟာဝိပါက်ဉာဏသမ္မယုတ် သသင်္ခါရိက (၂) ပါးဟူသော ပဋိသန္ဓေအကျိုးကိုပေး၍၊ မဟာဝိပါက်သသင်္ခါရိက (၄) ပါး, အဟိတ်ကုသလ ဝိပါက် (၈) ပါးအားဖြင့် (၁၂) ပါးသော ပဝတ္တိအကျိုးကိုပေးသည်။

တိဟိတ်ဩမကနှင့် ဒွိဟိတ်ဉက္ကဋ္ဌကုသိုလ် အသင်္ခါရိက (၂) ပါးသည် မဟာဝိပါက်ဉာဏဝိပ္ပယုတ် အသင်္ခါရိက (၂) ပါးဟူသော ပဋိသန္ဓေအကျိုးကိုပေး၍၊ မဟာဝိပါက်ဉာဏဝိပ္ပယုတ် အသင်္ခါရိက (၂) ပါး, အဟိတ်ကုသလဝိပါက် (၈) ပါးအားဖြင့် (၁၀) ပါးသော ပဝတ္တိအကျိုးကိုပေးသည်။

တိဟိတ်ဩမကနှင့် ဒွိဟိတ်ဉက္ကဋ္ဌကုသိုလ် သသင်္ခါရိက (၂) ပါးသည် မဟာဝိပါက်ဉာဏဝိပ္ပယုတ် သသင်္ခါရိက (၂) ပါးဟူသော ပဋိသန္ဓေအကျိုးကိုပေး၍၊ မဟာဝိပါက်ဉာဏဝိပ္ပယုတ် သသင်္ခါရိက (၂) ပါး, အဟိတ်ကုသလဝိပါက် (၈) ပါးအားဖြင့် (၁၀) ပါးသော ပဝတ္တိအကျိုးကိုပေးသည်။

ဒွိဟိတ် ဩမကကုသိုလ်သည် အဟိတ်ကုသလဝိပါက်ဥပေက္ခာသဟဂုတ်သန္တီရဏဟူ

http://www.dhammadownload.com

သော ပဋိသန္ဓေအကျိုးကိုပေး၍၊ အဟိတ်ကုသလဝိပါက်(၈)ပါးဟူသော ပဝတ္တိအကျိုးကိုပေးသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၃၄။**

မှတ်ရန် ။ **ဤကား (မောရဝါပိအရပ်၌ သီတင်းသုံးတော်မူသော မဟာဒတ္ထထေရ်၏အယူအဆ) ကေစိဝါဒတည်း။**

လူသားချင်းအတူတူ တစ်မူစီဖြစ်ရပုံ

မဟာကုသိုလ် ဉာဏသမ္မယုတ် တိဟိတ်ဥက္ကဋ္ဌကံပြုသောကြောင့် သာသနာ့အာဏာနည် ဖြစ်ရသည်။ မဟာကုသိုလ် ဉာဏသမ္မယတ် တိဟိတ်ဩမက, မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံကို ပြုခဲ့သောကြောင့် ဤဘဝမှာ မင်္ဂဖိုလ်မရသူ ဖြစ်ရသည်။

မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ဒွိဟိတ်ဩမက ကုသိုလ်ကံကို ပြုခဲ့သောကြောင့် ကိုယ်အင်္ဂါချို့တဲ့သူ ဖြစ်ရသည်။ ဤသို့ အခြေခံအကြောင်းရင်း, ကုသိုလ်ကံချင်း မတူသောကြောင့် လူသားချင်း အတူတူ ,တစ်မူစီထူး၍ ဖြစ်ရပါသည်။

သာဓက ။ **ဝိထိမုတ် စာပိုဒ် - ၃၁၊ ၃၂၊ ၃၃။**

ဉာဏ်ကောင်းသူဖြစ်ရန် ဆောင်ရွက်နည်း

တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံသည် ဉာဏ်ဟူသော အမောဟ တိဟိတ်ပဋိသန္ဓေ အကျိုးပေး မှုကို ဖြစ်စေနိုင်သောကြောင့် ဉာဏ်ထက်မြက်ကောင်းမွန်သူ ဖြစ်စေရန်အတွက် ရှေ့၊ နောက် နှစ်တန် ကုသိုလ်ခြံရံ၍ အသိဉာဏ်နှင့် ယှဉ်သော စိတ်ဓာတ် (မဟာကုသိုလ် ဉာဏသမ္မယုတ် တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်) ဖြစ်အောင် ကျင့်ဆောင်ကာ ကောင်းမှု ပြုရပါမည်။

သာဓက ။ **ဝိထိမုတ် စာပိုဒ် - ၃၁၊ ပကိဏ်း စာပိုဒ် - ၁၅။**

သုဂတိအဟိတ်စိတ်ရချင်းမတူပုံအကြောင်း

ဝိထိပိုင်း ပဋ္ဌလဘေဒ (တထာ ဉာဏသမ္မယုတ္တဝိပါကာနိစ သုဂတိယဲ) ၌ သုဂတိ အဟိတ်ပဋိသန္ဓေ ရလိကျအယူအဆဖြစ်ပြီး၊ ဝိထိမုတ်ပိုင်း (ဒွိဟေတုကမောမက် ပန စသည်) ၌ သုဂတိ အဟိတ်ပဋိသန္ဓေ ရလိကျအယူအဆ သဟိတ်ဝိပါက်ကိုမရ၊ အဟိတ်ဝိပါက်ကိုသာရသည်ဟု ဆိုခြင်းသည်ကား သောတုဇနများဉာဏ်တိုးပွားအောင် တိပိဋကစူဠနာဂဆေရ်၏ ဝါဒန္တရကို တင်ပြခြင်းသာဖြစ်၍ ဝိထိပိုင်းသုဂတိအဟိတ်စိတ်ရနှင့် ဝိထိမုတ်ပိုင်း သုဂတိအဟိတ်စိတ်ရတို့ ရှေ့နောက်စကား (၂) ရပ် မတူညီဘဲဖြစ်ရပါသည်။

http://www.dhammadownload.com

ဘုံတူဇြဟ္မာများ သက်တမ်းမတူခြင်းအကြောင်း

ပထမစျာန်ဇြဟ္မာတို့သည် ပထမစျာန်ဝိပါက် ပဋိသန္ဓေစိတ်ချင်းတူသော်လည်း အကြောင်းကံအာနုဘော်၏ ပရိတ္တ, မဇ္ဈိမ, ပဏီတဟု စွမ်းအင်ချင်းကွဲပြားသောကြောင့် ပထမစျာန်ဘုံချင်းတူပါလျက် သက်တမ်းအတိုင်းအရှည် မတူညီကြပါ။

သာဓက ။ ဝီထိမုတ်စာပိုဒ်-၇၅၊ ၇၆၊ ၇၇။

မှတ်ရန် ။ ဒုတိယစျာန်ဇြဟ္မာ (၃) ဘုံဆိုင်ရာကို သာဓက-၇၈၊ ၇၉၊ ၈၀ ကိုထောက်၍၄င်း၊ တတိယစျာန်ဇြဟ္မာ (၃) ဘုံဆိုင်ရာကို သာဓက-၈၁၊ ၈၂၊ ၈၃ ကိုထောက်၍၄င်း၊ အထက်ဖော်ပြပြီးသောအတိုင်းအကြောင်းပြ၍ ဖြေဆိုပါ။

ဘုံတူ ပဋိသန္ဓေမတူသော ဝေဟပ္ဖိုလ်နှင့် အသညသတ်ဇြဟ္မာများ သက်တမ်းတူခြင်းအကြောင်း

ဝေဟပ္ဖိုလ်ဘုံ, အသညသတ်ဘုံဟူသော စတုတ္ထစျာန်ဘုံသားတို့သည် အကြောင်းကုသိုလ်ကံပဋ္ဌမစျာန်ချင်းတူသောကြောင့် ပဋိသန္ဓေချင်းမတူသော်လည်း သက်တမ်းအတိုင်းအရှည်တူညီကြပါသည်။

သာဓက ။ ဝီထိမုတ်စာပိုဒ်-၈၄၊ ၈၅။

ဘုံတူ, သက်တမ်းတူ ဝေဟပ္ဖိုလ် အသညသတ်ဇြဟ္မာများ ပဋိသန္ဓေမတူရခြင်းကြောင်း

ဝေဟပ္ဖိုလ်ဘုံရောက်ကြောင်း ပဋ္ဌမစျာန်ကား သာမန်ဘာဝနာပွားများမှုတည်း။ အသညသတ်ဘုံသို့ရောက်ကြောင်း ပဋ္ဌမစျာန်ကား သညာဝိရာဂဘာဝနာပွားများမှုတည်း။ ဤသို့ဘာဝနာပွားနည်းကွဲပြားခြင်းကြောင့် ဝေဟပ္ဖိုလ်နှင့် အသညသတ်ဇြဟ္မာတို့သည် ဘုံတူသက်တမ်းတူသော်လည်း အကျိုးပဋိသန္ဓေကား ဝေဟပ္ဖိုလ်ဘုံ၌ ပဋ္ဌမစျာန်ဝိပါက် နာမ်ပဋိသန္ဓေသာဖြစ်၍, အသညသတ်ဘုံ၌ ဇီဝိတဆက္က, ဇီဝိတနဝကကလာပ်ရုပ်ပဋိသန္ဓေသာဖြစ်ရသည်။

သာဓက ။ ဝီထိမုတ်စာပိုဒ်-၈၄၊ ၈၅။

ရူပပဋိသန္ဓေ၏အကြောင်းကံ ပဉ္စမစျာန်အရ

အဘိညာဉ်ကုသိုလ်ဇောသည် (၁) ကြိမ်သာဖြစ်သောကြောင့် (တန်ခိုးဖန်ဆင်းခြင်း

http://www.dhammadownload.com

စသော ဒိဋ္ဌမမွအကျိုးကိုသာပေးပြီး, ဥပပဇ္ဇအကျိုးကိုမပေးနိုင်၍) ရူပပဋိသန္ဓေ၏ဘာဝေတပွအကြောင်းကံဆိုင်ရာ ဤနေရာ၌ ပဋ္ဌမဈာန်အရ အဘိညာဉ်အဖြစ်သို့မရောက်သည့် ရူပပဋ္ဌမဈာန်ကိုသာယူရမည်။

သာဓက ။ **မဂ္ဂါဘိညာ သကိ မတာ။**

သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနေနိုင်သော ပုဂ္ဂိုလ်ပြု အနာဂါမိနောအရ

မင်္ဂသည် စိတ္တက္ခဏ (၁) ချက်မျှသာဖြစ်သောကြောင့် (မဂ္ဂါနန္တရဖိုလ်ဇောဟူသော အကျိုးကိုသာပေးနိုင်ပြီး) ပဋိသန္ဓေဝိပါက်အကျိုးကိုမပေးနိုင်၍ သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနေနိုင်သောပုဂ္ဂိုလ်ပြုရာ အနာဂါမိနော ပနစသည်၌ အနာဂါမိနောအရ ပဋ္ဌမဈာန်ရ အနာဂါမိဖလဌာန် ပုဂ္ဂိုလ်ကိုသာ ယူရမည်။

သုဒ္ဓါဝါသဘုံ၌ ဘုံပုဂ္ဂိုလ်ရချင်းထူးခြားမှု

ပုထုဇ္ဇနာ နလဗ္ဘန္တိ၊ သုဒ္ဓါဝါသေသုစသော ဂါထာကား ပဝတ္တိအခါ ဘုံပုဂ္ဂိုလ်ရကို ပြဆိုသောကြောင့် သုဒ္ဓါဝါသဘုံ၌ အနာဂါမိဖလဌာန်, အရဟတ္တမဂ္ဂဌာန်, အရဟတ္တဖလဌာန် (၃) ယောက်ကိုရသည်ဟုဆိုသည်။

အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပပဇ္ဇတိ ဟူသောဝါကျကား ပဋိသန္ဓေအခါ ဘုံပုဂ္ဂိုလ်အရကိုပြဆိုသောကြောင့် သုဒ္ဓါဝါသဘုံ၌ (ပဋိသန္ဓေနေနိုင်သော) အနာဂါမိဖလဌာန် (၁) ယောက်သာဖြစ်သည်ဟုဆိုသည်။ ဤသို့ ပဝတ္တိအခါ, ပဋိသန္ဓေအခါဟု ဆိုင်ရာကာလကွဲပြားမှုကြောင့် သုဒ္ဓါဝါသဘုံချင်းတူသော်လည်း ပုဂ္ဂိုလ်ရချင်းကွဲပြားထူးခြားမှု ဖြစ်ရပါသည်။

မတူသောအကျိုးကိုသာပေးသော ကံတရား

အကုသိုလ်ကံတို့သည် သတ်မှတ်ချက်ဘုံအားလျော်စွာ ပဋိသန္ဓေအခါ, ပဝတ္တိအခါ (၂) ပါးလုံး၌ အကြောင်းကံနှင့် မတူညီသောအကျိုးဝိပါက်ကိုသာပေး၏။

သာဓက ။ **သတ္တာကုသလပါကာနိနှင့် ဝိထိမုတ်စာပိဒ်-၁၆၊ ၆၉။**

တူသောအကျိုးကိုသာပေးသော ကံတရား

မဟဂ္ဂုတ်ကုသိုလ်ကံတို့သည် သတ်မှတ်ချက်ဘုံအားလျော်စွာ ပဋိသန္ဓေအခါ,

http://www.dhammadownload.com

ပဝတ္တိအခါ (၂) ပါးလုံးဌိတခဏ၊ လောကုတ္တရာကုသိုလ်ကံတို့သည် ပဝတ္တိအခါဌိတခဏ အကြောင်းကံနှင့် တူညီသောအကျိုးဝိပါက်ကိုသာ ပေး၏။

သာဓက ။ **စိတ်စာပိုဒ်-၃၄၊ ဝိထိစာပိုဒ်-၃၅၊ ဝိထိမုတ်စာပိုဒ်-၈၈။**

တူသောအကျိုး, မတူသောအကျိုး (၂) မျိုးပေးသော ကံတရား

ကာမာဝစရကုသိုလ်ကံတို့သည် သတ်မှတ်ချက်ဘုံအားလျော်စွာ ပဋိသန္ဓေအခါ၌ ဖြစ်စေ၊ ပဝတ္တိအခါ၌ဖြစ်စေ အကြောင်းကံနှင့်တူညီသောအကျိုးဝိပါက်ကိုငင်း၊ မတူညီသော အကျိုးဝိပါက်ကိုငင်း၊ တူ, မတူ အကျိုး (၂) မျိုးကိုပေးပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၁၉၊ ၇၀။**

ဈာနလာဘီ ရုပ်ဝါဒီ, စိတ်ဝါဒီသမားတို့ လားရောက်မည့်ဘုံဌာန

ဈာနလာဘီ ရုပ်ဝါဒီသမားတို့ လားရောက်မည့်ဘုံဌာနကား အသညသတ်ဘုံ ဖြစ်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၈၅၊ ၉၅။**

ဈာနလာဘီ စိတ်ဝါဒီသမားတို့ လားရောက်မည့် ဘုံဌာနကား အရူပ (၄) ဘုံတည်း။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၈၇၊ ၉၆။**

မဟဂ္ဂတ်ကုသိုလ်ကံကိုသာ ဇနေတိ သဒိသံ ပါကံဟု ဆိုရခြင်းအကြောင်း

ကာမာဝစရကုသိုလ်, အကုသိုလ်ကံတို့သည် မိမိနှင့်တူသော အကျိုး, မတူသောအကျိုးတို့ကို ပေးနိုင်သောကြောင့် ကာမာဝစရကုသိုလ်ကံတို့ကို ဇနေတိ သဒိသံ ပါကံဟု မဆိုဘဲ ပဋိသန္ဓေအခါ, ပဝတ္တိအခါ (၂) ပါးလုံးဌိတပင် တူညီသောအကျိုးကို ဖြစ်စေနိုင်သော မဟဂ္ဂတ်ကုသိုလ်ကံကိုသာ ဇနေတိ သဒိသံ ပါကံဟု ဆိုထားပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ် - ၇၀၊ ၈၈။**

* * * * * * *

http://www.dhammadownload.com

မရဏုပ္ပတ္တိဓမ္မက္ကံ (ဓာတိပဋိသန္ဓိက္ကမ) မြင်ကွင်း

မရဏုပ္ပတ္တိဓမ္မက္ကံ၏အဓိပ္ပါယ်

စုတိပျက်ကြွေ သေဆုံးခြင်းဖြစ်ပုံ (၄) မျိုးကို ပြဆိုသောအရာကို မရဏုပ္ပတ္တိဓမ္မက္ကံဟု ခေါ်သည်။

သေခြင်းဖြစ်ပုံ (၄) မျိုး

(၁) အသက်တမ်းကုန်၍သေခြင်း- **အာယုက္ခယမရဏ**၊ (၂) ကံစွမ်းကုန်၍သေခြင်း- **ကမ္မက္ခယမရဏ**၊ (၃) အသက်တမ်းနှင့် ကံစွမ်း နှစ်မျိုးကုန်၍ သေခြင်း- **ဥဘယက္ခယမရဏ**၊ (၄) ကံဆိုးဖြတ်ခွေ၍ လတ်တလောသေခြင်း- **ဥပစ္ဆေဒကမရဏ** အားဖြင့် သေခြင်းဖြစ်ပုံ အကြောင်းတရား (၄) မျိုးရှိပါသည်။

သာဓက ။ **ဝိထိမုတ်စာပို၌-၈၉။**

ဆောင် * **အသက်တမ်းကုန်၊ ကံစွမ်းကုန်နှင့်၊ အကုန်နှစ်မျိုး၊ ကံဆိုးဖြတ်ခွေ၊ သေမြဲပေ၊ လေးထွေ မရဏံ။**

သေကံမရောက် သက်မပျောက်ဟူသော စကားအမှား

သေခြင်း၏ အကြောင်း တရား (၄) ပါးရှိသောကြောင့် ကံစွမ်းမကုန်သေးသော်လည်း အခြားအကြောင်းကြောင့် သေနိုင်၍ သေကံမရောက် သက်မပျောက်ဟူသော စကားသည် အမှားသာဖြစ်၏။

သာဓက ။ **ဝိထိမုတ် စာပို၌ - ၈၉။**

သတ္တဝါတို့၏သေနေ့

သတ္တဝါတို့၏ သေမှုဖြစ်ခြင်း အကြောင်းတရား (၄) ပါးရှိသောကြောင့် သေနေ့စေ့သေမှာပဲ ဟူသော စကား၌ သတ္တဝါတို့၏ သေနေ့သည် အသက်တမ်းကုန်သောနေ့ ကံစွမ်းကုန်သောနေ့၊ အသက်တမ်းနှင့်ကံစွမ်း (၂) မျိုးစုံ ကုန်သောနေ့၊ ကံဆိုးဖြတ်ခွေသောနေ့တို့တွင် (၁) နေ့နေ့ ဖြစ်ပါသည်။

သာဓက ။ **ဝိထိမုတ် စာပို၌ - ၈၉။**

http://www.dhammadownload.com

ကာလမရဏ, အကာလမရဏအခွဲ

သေခြင်းဖြစ်ပုံ (၄) မျိုးတို့တွင် အသက်တမ်းကုန်၍ သေခြင်း၊ ကံစွမ်းကုန်၍သေခြင်း၊ အသက်တမ်းနှင့် ကံစွမ်း (၂) မျိုးစုံကုန်၍ သေခြင်းတို့သည် ကာလမရဏ (၃) ပါးဖြစ်ပါသည်။ ကံဆိုးဖြတ်ခွေ၍လက်တလောသေရခြင်းသည် အကာလမရဏဖြစ်ပါသည်။

အဓိဌာန်ပြု၍ သေမှု၏ သေခြင်းအမျိုးအစား

ဘုရားအလောင်းများ၏ အဓိဌာန်ပြု၍ သေရခြင်းဟူသော အဓိမုတ္တိကာလကြိယာသေမှုသည် အာဝေဏိကသက်တမ်းပြည့်၍ သေရခြင်းမျိုးဖြစ်သောကြောင့် အာယုက္ခယမရဏသေခြင်းမျိုးသာဖြစ်ပါသည်။

ဥပစ္ဆေဒကမရဏာမကြုံနိုင်သူများ

ငရဲဘုံသား၊ မြောက်ကျွန်းသူ, မြောက်ကျွန်းသားလူများ၊ အချို့သော နတ်များတို့သည် ကံဆိုးဖြတ်ခွေ လတ်တလောသေရခြင်းဟူသော ဥပစ္ဆေဒကမရဏာနှင့် မကြုံနိုင်သူများဖြစ်ပါသည်။

ဆောင် * ငရဲလည်းပါ၊ မြောက်ကျွန်းရွာ၊ နတ်မှာ ကေသဋ္ဌိ။
* ဥပစ္ဆေဒကာ၊ မရှိပါ၊ မြဲစွာမှတ်ကုန်ဘိ။

အာယုအရှနှင့် ကမ္မအရ

အာယုက္ခယေနဋ္ဌ အာယုအရ ဇီဝိတရုပ်ကို မုချအားဖြင့် ယူသင့်သော်လည်း ဤနေရာဋ္ဌကား ဇီဝိတ၏တည်ရာ (အခြေအနေအချိန်အခါအရသတ်မှတ်ချက်ဖြစ်သော) အသက်တမ်းကို ဌာနျူပစာရအားဖြင့် ယူရမည်။

ကမ္မက္ခယေနဋ္ဌ ကမ္မအရ ပဋိသန္ဓေကိုဖြစ်စေခဲ့သော ဇနကကံနှင့် ထိုဇနကံ၏အကျိုးကိုပံ့ပိုးထောက်ပံ့တတ်သော ဥပတ္ထမ္ဘကကံတို့ကိုယူရမည်။

http://www.dhammadownload.com

ရှင်သာရှင်၍ မသေသောပုဂ္ဂိုလ်

အကနိဋ္ဌဘုံစံ အနာဂါမ်သည် (အကနိဋ္ဌဘုံ၌ အနာဂါမ်အဖြစ်ဖြင့် ပဋိသန္ဓေနေရုံသာ နေပြီး၊ အနာဂါမ်အဖြစ်ဖြင့် မသေနိုင်ဘဲ ထိုဘုံ၌ပင် ဘူမိသီသဖြစ်သဖြင့် ရဟန္တာအဖြစ်ဖြင့် ပရိနိဗ္ဗာန်စံရသောကြောင့်) ရှင်သာရှင်၍ မသေသောပုဂ္ဂိုလ်၊ အကနိဋ္ဌဘုံ၌ အနာဂါမ်အဖြစ်ဖြင့် ပဋိသန္ဓေသာနေ၍ မစုတေသောပုဂ္ဂိုလ်ဖြစ်ပါသည်။

သေသာသေ၍ မရှင်သောပုဂ္ဂိုလ်

ဘုရားရဟန္တာတို့သည် (အဝိဇ္ဇာနှင့် တဏှာဝင်္ခမြစ်ပြတ်ပြီးဖြစ်၍ အဝိဇ္ဇာနုသယ ခြံရံလျက် တဏှာနုသယ အခြေခံအကြောင်းရှိသော ဘဝသစ်၌ နောက်ထပ်တစ်ဖန် ပဋိသန္ဓေ နေမှုမျိုးလည်း မရှိတော့သောကြောင့်) **သေသာသေ၍ မရှင်သော ပုဂ္ဂိုလ်များဖြစ်ပါသည်။**

သာဓက ။ **ပစ္စည်းစာပို၌ - ၁၂၊ ၁၃။ ဝိထိစာပို၌ - ၄၃။ ဝိထိမုတ်စာပို၌ - ၉၁။**

သေလည်းမသေ ရှင်လည်းမရှင်သောပုဂ္ဂိုလ်

(မဂ်စိတ်တို့မည်သည် စိတ္တက္ခဏ တစ်ချက်မျှ အချိန်ကာလ တစ်ကြိမ်သာဖြစ်နိုင်ပြီး ပဋိသန္ဓေစိတ်, စုတိစိတ်တို့၌လည်း မဂ်စိတ် မပါဝင်သောကြောင့်) **မဂ္ဂဋ္ဌာန် အရိယာပုဂ္ဂိုလ် (၄) ယောက်တို့သည် (မဂ်ပုဂ္ဂိုလ်အဖြစ်ဖြင့်) သေလည်းမသေ၊ ရှင်လည်းမရှင်နိုင်သော ပုဂ္ဂိုလ် (မစုတေနိုင်၊ ပဋိသန္ဓေ မနေနိုင်သော ပုဂ္ဂိုလ်)များဖြစ်ပါသည်။**

သာဓက ။ **ဝိထိစာပို၌-၃၅၊ ဝိထိမုတ်စာပို၌-၁၅၊၁၈။ (စသည်။)**

ရှင်လည်းရှင် သေလည်းသေသောပုဂ္ဂိုလ်

ပုထုဇဉ် (၄) ယောက်, အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် (၃) ယောက်တို့သည် (ပဋိသန္ဓေ လည်းနေနိုင်၊ စုတေလည်း စုတေနိုင်သောကြောင့်) ရှင်လည်းရှင်နိုင်၊ သေလည်းသေနိုင် သောပုဂ္ဂိုလ်ဖြစ်ပါသည်။

သာဓက ။ **ဝိထိစာပို၌-၄၄၊ ဝိထိမုတ်စာပို၌-၁၅၊ ၁၈ (စသည်)။**

ဆောင် ⁎ **အကနိဋ္ဌစံ၊ အနာဂါမ်မှာ၊ ရှင်သာရှင်လစ်၊ ပုဂ္ဂိုလ်တစ်ရှင့်၊ သေလစ်ရုံမှာ၊ ရဟန္တာတည်း၊ နှစ်ဖြာသေရှင်၊ ပုထုဇဉ်နှင့်၊ ထို့ပြင်သုံးယောက်၊**

http://www.dhammadownload.com

အောက်ဖလဋ္ဌာန်၊ ခုနစ်တန်ပေ၊ လေးထွေပုဂ္ဂလ၊ မဂ္ဂင်္ဂကား၊ နှစ်ဝ သေရှင်၊ ကင်းလွတ်စင်သည်၊ ဉာဏ်တွင်ထင်ကြစေသတည်း။

မှတ်ရန် ။ ပုဂ္ဂိုလ် ၁၂-ယောက်ကို အသေအရှင်ခွဲရာ၌ ပါဠိသာဓကများကား တိုက်ရိုက်အနေအထားပြ၍ မရသော်လည်းပုဂ္ဂိုလ်စိတ်ရမူနှင့် ထိုရသောစိတ်၏ ပဋိသန္ဓေစုတိတို့၌ ပါထိုက် မပါထိုက် ချင့်ချိန်၍ရသော ပါဠိသာဓကများကို ထောက်ထားပြပါသည်။

ပဋိသန္ဓေအကျိုးပေး /မပေးသော ကုသိုလ်ကံ, အကုသိုလ်ကံများ

ဘဝသစ်၌ ပဋိသန္ဓေအကျိုးပေးနိုင်သော အကုသိုလ်ကံကား ဥဒ္ဓစ္စသဟဂုတ်စိတ်မှ တစ်ပါး အကုသိုလ်ကံ (၁၁) ပါးဖြစ်ပြီး၊ ကုသိုလ်ကံသည်ကား လောကီကုသိုလ်ကံ (၁၇) ပါး သာဖြစ်ပါသည်။

ပဋိသန္ဓေအကျိုးမပေးသော အကုသိုလ်ကံကား ဥဒ္ဓစ္စသဟဂုတ်စိတ်ဖြစ်ပြီး၊ ကုသိုလ်ကံသည်ကား (အဘိညာဉ်ကုသိုလ်နှင့်) လောကုတ္တရာကုသိုလ်ကံတို့ဖြစ်ပါသည်။

သာဓက ။ **ဝီထိမုတ်စာပိုဒ်-၆၉၊ ၇၀၊ စစနှင့် တထာစ မရန္တာနံ (ပ) ကမ္မံဝါ။**

သေဘာရုံနိမိတ် (၃) မျိုးထင်ပုံ

သေခြင်း (၄) မျိုးတို့တွင် (၁) မျိုးမျိုးဖြင့် သေသူတို့အား သေခါနိးကာလ၌ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟူသော သေဘာရုံနိမိတ် (၃) မျိုးတို့တွင် (၁) မျိုးမျိုးသည် ပဋိသန္ဓေအကျိုးကိုပေးမည့် ကံ၏အစွမ်းကြောင့် (၆) ဒွါရတို့တွင် (၁) မျိုးမျိုးသောဒွါရ၌ ထိုက်သင့်သလို ထင်လာတတ်ပါသည်။

သာဓက ။ **တထာစ မရန္တာနံ (ပ) ပစ္စုပဋ္ဌာတိ။**

မရဏာကာလ၌ မရဏာကာလအရ

အနီးရှိသော စုတိကာလ၏မရဏာကာလဟူသောနာမည်ကို အနီးဖြစ်သော မရဏာသန္နကာလ၌ တင်စားသော သမီဗျူဟစာအားဖြင့် မရဏာကာလေဟုဆိုထားသောကြောင့် မရဏာကာလေ၌ မရဏာကာလအရ စုတေတုန်းဆဲဆဲ စုတိစိတ္တက္ခဏကိုမယူရ။ စုတိ၏ နီးအပါးဖြစ်သော ကာလကိုသာ ယူရမည်။

http://www.dhammadownload.com

စုတေခါနိုးဥ် ထင်သောကံအရ

အခြားမဲ့ဘဝ၌ ပဋိသန္ဓေကိုဖြစ်စေတတ်သော ဥဒ္ဓစ္စစေတနာကြဥ် အကုသိုလ်စေတနာ ၁၁-ပါး၊ မဟာကုသိုလ် ၈-ပါးဟူသော ဇနကကံကိုသာ စုတေခါနိုးဥ်ထင်သော ကံအရယူရမည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ် ၆၉၊ ၇၀ (ပ-ဝါကျများ)။**

စုတေခါနိုးဥ် ကံအာရုံထင်ပုံ (၂) မျိုး

ဘဝသစ်၌ ပဋိသန္ဓေအကျိုးကိုပေးမည့် ကုသိုလ်, အကုသိုလ်ကံတို့သည် စုတေခါနိုးဥ် အခြားကံများထက်ထင်ရှားနေပါသည်။ ဤကား ပုဗ္ဗေကတသညာဖြင့် ကံအာရုံထင်ပုံတည်း။

သာဓက ။ **တထာစ မရန္တာနံ (ပ) ပဋိသန္ဓိ ဇနကံ ကမ္မံဝါ။**

(တစ်နည်း) မိမိကိုယ်ကို ယခုချက်ချင်းအသစ်ပြုနေရသလို ဖြစ်ခြင်း၏အစွမ်းဖြင့်လည်း ကုသိုလ်, အကုသိုလ်ဇနကကံတို့သည် မနောဒွါရ၌ ထင်နိုင်ပါသေးသည်။ ဤကား သမ္မတိကတသညာဖြင့်ကံအာရုံထင်ပုံတည်း။

သာဓက ။ **တမေဝ ဝါ ပန ဇနကဘူတံ (ပ) ဒွါရုပတ္တံ ဟောတိ။**

ကမ္မနိမိတ်အရ အဓိပ္ပါယ်

ကံအမှုပြုစဉ်က တွေ့ကြုံခဲ့ရသော အာရုံ (၆)ပါးကို ကမ္မနိမိတ်ဟု ခေါ်ပါသည်။

ကမ္မနိမိတ်မည်သောအာရုံများ

(၁) ကုသိုလ်, အကုသိုလ်ကံ ပြုရာအခါ၌ (ရအပ်ဖူးသော ကျောင်း, ကန်, ဘုရားစသည်နှင့် သား, ငါး စသော) ကံနှင့်ဆက်စပ်၍ တိုက်ရိုက်တွေ့ကြုံအပ်, ရအပ်သည့် ဥပလဒ္ဓပဓာနအာရုံ၊

(၂) (ကျောင်းဆောက်လှူပုံ, ဆွမ်း, သင်္ကန်း စသည်နှင့် သား, ငါးသတ်ရာ၌ အသုံးပြုရသော ပိုက်ကွန်လက်နက်စသော) ကံပြီးမြောက်ရန် အခြံအရံ ဥပကရဏ အပဓာနအာရုံအားဖြင့် ကမ္မနိမိတ်အာရုံ (၂) ပါးရှိပါသည်။

သာဓက ။ **တံ ကမ္မကရဏကာလေ (ပ) ကမ္မနိမိတ္တံဝါ။**

ဂတိနိမိတ်အဓိပ္ပါယ်

ဖြစ်လတ္တံ့သောဘဝသစ်၌ တွေ့ကြုံရတော့မည့်အာရုံများကို ဂတိနိမိတ်ဟုခေါ်ပါသည်။

ဂတိနိမိတ္တံ၌ ဂတိအရ

ဂတိနိမိတ်ကို မဟဂ္ဂုတ်ပဋိသန္ဓေနှင့် အသညသတ်ပဋိသန္ဓေတို့ကအာရုံမပြုနိုင်ဘဲ၊ ကာမပဋိသန္ဓေကသာ အာရုံပြုနိုင်သောကြောင့် ဂတိနိမိတ္တံ၌ ဂတိအရ ကာမ ၁၁-ဘုံကိုသာ ယူရပါမည်။

သာဓက ။ **ကာမာဝစရ ပဋိသန္ဓိယာ (ပ) ဥပလဗ္ဘတိ၊ ဝိထိမုတ်စာပိုဒ်၊ ၉၃, ၉၄,၉၅။**

http://www.dhammadownload.com

ဂတိနိမိတ်မည်သော အာရုံများ

(၁) ဖြစ်လတ္တံ့သောဘဝသစ်၌ ရအပ်သော (အမိဝမ်းရေ, ငရဲပြည်, တောအခြေတောင်တန်း နတ်ပြည်စသော) တိုက်ရိုက်ရောက်အပ်သည့် အရပ်ဌာန ဥပလဘိတဗ္ဗအာရုံ၊

(၂) (ခွေးနက်ကြီး, ငရဲမီး, နတ်သမီး, နတ်သား, ဥယျာဉ် ပဒေသာပင်စသော) တွေ့ကြုံခံစားရမည့် အသုံးအဆောင် ဥပဘောဂအာရုံအားဖြင့် ဂတိနိမိတ်အာရုံ (၂) ပါးရှိပါသည်။

သာဓက ။ **အနန္တရမုပ္ပဇ္ဇမာနဘဝေ ဥပလဘိတဗ္ဗမုပဘောဂဘူတဉ္စ ဂတိနိမိတ္တံ ဝါ။**

ကံ, ကမ္မနိမိတ်, ဂတိနိမိတ်များ ထင်ခြင်းအကြောင်းရင်း

စုတေခါနီး၌ ကံအာရုံ, မနောဒွါရ၌ ထင်လာခြင်းသည်၄င်း၊ ကမ္မနိမိတ်အာရုံများ ဒွါရ (၆) ပါးတို့တွင် (၁) ပါးပါး၌ ထင်လာခြင်းသည်၄င်း၊ ဂတိနိမိတ်အာရုံ မနောဒွါရ၌ထင်လာခြင်းသည်၄င်း၊ ပဋိသန္ဓေအကျိုးကိုပေးမည့် ကုသိုလ်, အကုသိုလ်ကံတို့၏ စွမ်းအားကြောင့်သာ ထင်လာခြင်းဖြစ်ပါသည်။ ဓါတ်ရိုက်, ဓါတ်ဆင်, ယတြာ, ဗေဒင်၏စွမ်းအင်ကြောင့် ထင်လာရခြင်းမဟုတ်ပါ။

သာဓက ။ **ကမ္မဗလေန ဆန္နံ ဒွါရာနံ အညတရသ္မိံ ပဋ္ဌပဒ္ဒါတိ။**

မိမိခံစားရမည့် ဘုံဗိမာန်စသည်တို့ကို မသေခင်မျက်စိဖြင့် မြင်နိုင်

ဘဝသစ်၌ ရအပ်၊ ခံစားအပ်သော ဘုံဗိမာန်စသော ဂတိနိမိတ်သည် ခြောက်ဒွါရတို့တွင် တစ်ပါးပါးသော ဒွါရ၌ထင်နိုင်သည်ဟု ဆိုသောကြောင့် မိမိရရှိခံစားရမည့် ဘုံဗိမာန်စသည်တို့ကို မသေခင် မျက်စိဖြင့် မြင်နိုင်ပါသည်။

သာဓက ။ **အနန္တရ မုပ္ပဇ္ဇမာန ဘဝေ (ပ) ပစ္စုပဋ္ဌာတိ။ ဝိထိမုတ်စာပိုဒ်-၉၀။ ကာမာဝစရ ပဋိသန္ဓိယာ (ပ) ဥပလဗ္ဘတိ။ ဝိထိမုတ်စာပိုဒ်-၉၂။**

မှတ်ရန် ။ **ဦးကာကျော်၌ကား ဂတိနိမိတ်သည် မနောဒွါရ၌သာထင်နိုင်သည်ဟု ဖွင့်ဆိုထား၏။ မသေခင် စက္ခုဒွါရ စသည်တို့၌ ဂတိနိမိတ်ထင်သော ဓမ္မိကဥပါသကာ၊ ဒုဋ္ဌဂါမဏိမင်းဝတ္ထု၊ ဒေဝဒတ်ဝတ္ထုနှင့် မိတ္တဝိန္ဒက ဝတ္ထုတို့ကို လေ့လာကြည့်ပါ။**

http://www.dhammadownload.com

စုတေခါနိုး (မသေခင်) စိတ်အစဉ်ဖြစ်နေပုံ

စုတေခါနိုးဌ် ကံစသော အာရုံထင်လာပြီးနောက် ထင်လာသော အာရုံ (၁) ပါးပါးကို အာရုံပြုလျက် ကုသိုလ်ကံက အကျိုးပေးတော့မည်ဖြစ်လျှင် သန့်ရှင်းကြည်လင်သော ကုသိုလ် စိတ်အစဉ်သည်ဌင်း၊ အကုသိုလ်ကံက အကျိုးပေးတော့မည်ဖြစ်လျှင် ညစ်နွမ်းသော အကုသိုလ် စိတ်အစဉ်သည်ဌင်း၊ (အရပ်တစ်ပါးသို့ ခရီးသွားမည့်သူသည် ပြင်ဆင်မှုကိစ္စကို ပြုနေသော်လည်း သွားရမည့်အရပ်ဌ် စိတ်ညွတ်နေသကဲ့သို့) ရထိုက်, ရောက်ထိုက်သော ဘဝအားလျော်စွာ ရောက်ရမည့် ဘဝသစ်ဌ်ညွတ်ကိုင်းနေသကဲ့သို့ မျှားသောအားဖြင့် စိတ်အစဉ်အထပ်ထပ်ဖြစ်နေပါသည်။

သာဓက ။ **တတော ပရံ တမေဝ (ပ) အဘိဏှံပဝတ္တတိ ဗာဟုလ္လေန။**

နတ်သမီးဗိမာန်စသော အာရုံနိမိတ်ကို သာယာမှုသည် အပါယ်ကျ / မကျ

စုတေခါနိုးကာလဌ် နတ်သမီးဗိမာန်စသည်တို့ထင်လာခြင်းသည် ပြုခဲ့ဖူးသော ကုသိုလ်ကံ၏အစွမ်းကြောင့် ကုသိုလ်ကံ၏ အကျိုးခံစားရမည့် (ဘဝသစ်၏ရှေ့ပြေးပုံရိပ်) ဂတိနိမိတ် အာရုံသာဖြစ်သောကြောင့်ဌင်း, မရဏာသန္နဇောသည် မန္ဒပ္ပဝတ္တိဖြစ်၍ (၅)ကြိမ်မျှသာ စောသဖြင့် သတ္တမဇောဆိုင်ရာ ဥပပဇ္ဇ ဝေဒနိယကံမမြောက်သောကြောင့်ဌင်း, စုတေခါနိုးဌ် ထင်လာသော နတ်သမီးဗိမာန် စသော အာရုံနိမိတ်ကို သာယာမှုသည် အပါယ်မကျနိုင်ပါ။

သာဓက ။ **အနန္တရမုပ္ပဇ္ဇမာနဘဝေ (ပ) ပစ္စုပဋ္ဌာတိ နှင့် ဝိထိစာပိုဒ် - ၃၂။**

စုတေခါနိုးဌ် စိတ်အစဉ် အထပ်ထပ်ဖြစ်မှုဟူသည် မုချမဟုတ်

အဆောတလျင် ရုတ်တရက်သေဆုံးသူတို့အား စိတ်အစဉ်အထပ်ထပ်ဖြစ်ခြိန်မရသဖြင့် ဗာဟုလ္လေနဟုဆိုထားသောကြောင့် စုတေခါနိုးဌ် စိတ်အစဉ်အထပ်ထပ်ဖြစ်မှုဟူသည် မုချမဟုတ်ပါ၊ ယေဘုယျသာဖြစ်ပါသည်။

သေခါနိုးသတ္တဝါအဓိပ္ပါယ်

တစ်ဝီထိ, တစ်ဝီထိထက် အနည်းငယ်မျှသာပို၍ အသက်ကြွင်းကျန် (အသက်ရှင်သန်ခြိန်) ရှိတော့သဖြင့် မရဏာသန္နဝီထိကျပြီးသည့်နောက်ဖြစ်စေ, မရဏာသန္နဝီထိနောင် ဘဝင်အနည်းငယ် ကျပြီးသည်နောက်ဖြစ်စေ, စုတေမည့်သတ္တဝါတို့ကို **ပစ္စာသန္နမရဏာ**-အလွန်သေခါနိုး (တကယ့်သေခါနိုး) သတ္တဝါဟု ခေါ်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၉၁ (ပထမဝါကျ)။**

http://www.dhammadownload.com

သေခါနီးတွင် ထင်ပြီး နိမိတ်များ ပြောင်းလဲမှု ရှိနိုင်/မရှိနိုင်

မရဏာသန္နဝီထိနောင် စုတိစိတ်ကျချိန် ပစ္စုပ္ပန်ဘဝ (၁) ခု၏ နောက်ဆုံးစိတ်ဖြစ်ရာ ကာလ၌ စုတိပြတ်ကြွေသေလွန်းခြင်းဖြစ်၍ သေနိမိတ် (၃) မျိုးထင်ခြင်းကား စုတိစိတ်မကျခင် မရဏာသန္နဝီထိ (သေခါနီးစိတ်ဖြစ်စဉ်)အတွင်း၌ဖြစ်သောကြောင့် (ရုတ်တရက်သေဆုံးခြင်း မဟုတ်သူတို့၏) စုတိနှင့်ဝေးကွာသည့် မုဆ္ဆာကာလတို့၌ထင်သော (စုတိစိတ်မကျခင် စောစော ကြိုတင် ၍ထင်သော) ကံ, ကမ္မနိမိတ်, ဂတိနိမိတ်များ ပြောင်းလဲကာထင်နိုင်သဖြင့် သေခါနီး တွင် ထင်ပြီးနိမိတ်များ မမြဲပါ။

မှတ်ရန် ။ **သောဏဂီရိ တောင်ပေါ်ကျောင်းဆရာတော် ရဟန္တာအရှင်သောဏ၏ ခမည်းတော်ဦးပဉ္စင်းကြီးအား ငရဲဂတိနိမိတ်ထင်ပြီးမှ နတ်ပြည်ဂတိ နိမိတ် ပြောင်းသွားပုံစသော ဝတ္ထုကြောင်းများလည်း အဂုံတွင်ရှိ အဋ္ဌကထာစသည်တို့၌မှတ်တမ်းရှိပါသည်။**

မရဏာသန္န ဝီထိ (သေခါနီးစိတ်ဖြစ်စဉ်) ၄ မျိုး

ဝိထိစိတ္တာဝသာနေ-ကိုထောက်လျှင် -

၁။ ဇောနောင်စုတိကျသော ဝီထိ၊

၂။ တဒါရုံနောင် စုတိကျသော ဝီထိအားဖြင့် ဝီထိစိတ်၏အဆုံး၌ စုတိကျသော မရဏာသန္န ဝီထိ (၂) မျိုး၊ ဘဝင်္ဂယေ ဝါ - ကိုထောက်လျှင်

၃။ ဇောနှင့် ဘဝင်နောင် စုတိကျသော ဝီထိ၊

၄။ တဒါရုံနှင့် ဘဝင်နောင် စုတိကျသော ဝီထိအားဖြင့် ဘဝင်အကုန်၌ စုတိကျသော မရဏာသန္နဝီထို(၂)မျိုးဟူ၍ မရဏာသန္နဝီထိ (၄)မျိုးရှိပါသည်။

သာဓက ။ **ပစ္စာသန္န မရဏာသ (ပ) စုတိစိတ္တံ ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈတိ။**

ပဋ္ဌာန်ရ မရဏာသန္န (ပဋိသန္ဓေ) ဝီထိ (ဘဝင်္ဂူပြောင်းစိတ်) ပုံစံများ

(၁) တီ . န . ဒ . ပ . စ . သံ . ဏ . ဝု . ဇ . ဇ . ဇ . ဇ . ဇ . စု (ဋ္ဌိ, ဘ)

(၂) တီ . န . ဒ . ပ . စ . သံ . ဏ . ဝု . ဇ . ဇ . ဇ . ဇ . ဇ . ရုံ . ရုံ . စု (ဋ္ဌိ, ဘ)

(၃) တီ . န . ဒ . ပ . စ . သံ . ဏ . ဝု . ဇ . ဇ . ဇ . ဇ . ဇ . ဘ . စု (ဋ္ဌိ, ဘ)

(၄) တီ . န . ဒ . ပ . စ . သံ . ဏ . ဝု . ဇ . ဇ . ဇ . ဇ . ဇ . ရုံ . ရုံ . ဘ . စု (ဋ္ဌိ, ဘ)

မှတ်ရန် ။ **မနောဒွါရမရဏာသန္နဝီထိပုံစံကား- ပဋ္ဌာန်ရဆိုင်ရာ၏ အတိတဘဝင်ကိုဖြုတ်၍ (ပ. စ. သံ. ဏ. ဝု) တို့ကို မနောဒွါရာဝဇ္ဇန်းနှင့် လဲလှယ်ရုံသာထူး၏။**

http://www.dhammadownload.com

တကယ့်သေခါနီး မရဏာသန္နကာလ၌ တရားထူး ရနိုင်/မရနိုင်

မရဏာသန္နကာလ၌ အပွနာဇောများမစောနိုင်ဘဲ မှီရာဝတ္ထုအားနည်းသဖြင့် မရဏာသန္နကာမဇော (၅) ကြိမ်မျှသာ စောနိုင်သောကြောင့် တကယ့်သေခါနီး မရဏာသန္နကာလ၌ စျာန်, မဂ်, ဖိုလ်ဟူသော တရားထူးကို မရနိုင်တော့ပါ။

သာဓက ။ ဝိထိစာပိုဒ်-၃၂နှင့် ဝိထိမုတ်စာပိုဒ်-၉၂ (ပဝါကျ)။

သေခြင်း၏အဓိပ္ပါယ်

ပစ္စုပ္ပန်ဘဝမှ ပြောင်းရွှေ့ခြင်း၊ ရွှေ့လျောခြင်း စုတေခြင်း၏အစွမ်းဖြင့် ပစ္စုပ္ပန်ဘဝ၏ အဆုံးသတ်စိတ်ဖြစ်ခြင်းကို သေသည်ဟုခေါ်ပါသည်။

သာဓက ။ **စဝနဝသေန ပစ္စုပ္ပန္နဘဝပရိယောသာနဘူတံ စုတိစိတ္တံ ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈတိ။**

ပဋိသန္ဓေစိတ် (ဘဝသစ်စတင်) ဖြစ်ပုံ

ရှေ့နောက်ဖြစ်သောဘဝအထူးကို တဆက်တည်းကဲ့သို့ ဆက်စပ်၍ဖြစ်သော ပဋိသန္ဓေစိတ်သည် စုတိစိတ်၏အခြားမဲ့၌ ဆက်တိုက်သာလျှင်ဖြစ်သည်။ အခြားမဲ့ဘဝဟောင်းက မရဏာသန္နဇောသည်ယူအပ်သော အာရုံကို အာရုံပြုသည်။ ပဋိသေါကာရဘုံ၌ ဟဒယဝတ္ထုကို မှီ၍ဖြင်း၊ စတုဝေါကာရ အရူပဘုံ၌ ဝတ္ထုရုပ်ကိုမမှီဘဲဖြင်းဖြစ်သည်။ အဝိဇ္ဇာနုသယခြံရံလျက် တဏှာနုသယအရင်းခံရှိသော ကုသိုလ်, အကုသိုလ်ကံကြောင့်ဖြစ်ရသည်။ သမ္မယုတ်တရားများလည်းပါရှိပြီး တကွဖြစ်ဘက်တရားများ၏ တည်ရာ မှီရာလည်းဖြစ်၊ ရှေ့သွားခေါင်းဆောင်လည်းဖြစ်သည်။ ဥပါဒ်လျှင် ဥပါဒ်ချင်းပင် ဘဝသစ်၌ ဖြစ်တည်သည်။

သာဓက ။ **တသ္မိ နိရုဒ္ဓါဝသာနေ (ပ) ဘဝန္တရေ။ ဝိထိမုတ်စာပိုဒ်-၉၁ (ဒုတိယဝါကျ)**

သေပြီးနောက် (၇) ရက်လည်မှ အိမ်က ထွက်သည်ဆိုသောစကားအမှား

ဘဝဟောင်းရှိ စုတိ၏ အခြားမဲ့၌ ကာလမခြားဘဲ၊ ဆက်တိုက်သာလျှင် ဘဝသစ်၌ ပဋိသန္ဓေနေရသောကြောင့် သေပြီးသည့်နောက် (၇) ရက်လည်မှအိမ်မှ ထွက်သည်ဆိုသော စကားသည်ဖြင်း၊ သေသေပြီးချင်း ဘဝသစ်၌ ပဋိသန္ဓေမနေရသေးဘဲ ကြားထဲ၌ ယာယီဘဝတစ်မျိုးဖြင့် ပဋိသန္ဓေအဂ်ါပြည့်စုံရန် စောင့်ဆိုင်းနေရသေးသည်ဟူသော စကားသည်ဖြင်း အမှားသာဖြစ်ပါသည်။

သာဓက ။ **တသ္မိ နိရုဒ္ဓါဝသာနေ တဿာနန္တရမေဝ။**

http://www.dhammadownload.com

ဘုရားသခင်၏ ပန်ဆင်းမှုကြောင့် သတ္တဝါတွေ ဖြစ်လာသည်မဟုတ်

အဝိဇ္ဇာနုသယခြံရံလျက် တဏှာနုသယအရင်းခံရှိသော ကုသိုလ်, အကုသိုလ် ကံသခီါရကြောင့် ဘဝသစ်၌ ပဋိသန္ဓေနေမှုဖြစ်ရသောကြောင့် ထာဝရဘုရားသခင်ဖန်ဆင်းမှုကြောင့် သတ္တဝါတွေဖြစ်လာရသည်မဟုတ်ပါ။ ကံသခီါရကြောင့်သာ ဖြစ်လာရပါသည်။

သာဓက ။ **သခီါရေန ဇနိယမာနံ (ပ) ပတိဋ္ဌာတိ ဘဝန္တရေနှင့် ဘဝပစ္စယာဇာတိ။**

သတ္တဝါချင်းတူပါလျက် ပုံသဏ္ဌာန်ချင်းမတူခြင်းအကြောင်း

အဝိဇ္ဇာနုသယခြံရံ, တဏှာနုသယအရင်းခံသော လောကီကုသိုလ် အကုသိုလ် ကံသခီါရက ဖြစ်စေအပ်သော ပဋိသန္ဓေဝိပါက်အမျိုးအစား (သံသေဒဇ, ဩပပါတိက, ဂဗ္ဘသေယျက ဟူသောအမျိုးဇာတ်ယောနိနှင့် ဒုဂ္ဂတိ, သုဂတိဟူသော ပဋိသန္ဓေဝိပါက်ဖြစ်ရာဂတိများ) ကွဲပြားခြင်းကြောင့် ငြဟ္မာနတ်လူတိရစ္ဆာန်တို့ သတ္တဝါချင်းတူပါလျက် ရုပ်သွင်ပုံသဏ္ဌာန် မတူဖြစ်ကြရပါသည်။

ကံသာလျှင် အမိ, ကံသာလျှင် အဖဟူသော စကားသည် သဘာဝကျ

ပြုခဲ့ဘူးသော လောကီကုသိုလ် အကုသိုလ် ကံသခီါရက ဘဝသစ်စတင်ဖြစ်မှုဟူသော ပဋိသန္ဓေကို ဖြစ်စေအပ်သောကြောင့် ကံသာလျှင်အမိ, ကံသာလျှင်အဖ ဟူသောစကားသည် သဘာဝကျမှန်ကန်ပါသည်။

သာဓက ။ **သခီါရေန ဇနိယမာနံ (ပ) ပတိဋ္ဌာတိ ဘဝန္တရေနှင့် ဘဝပစ္စယာဇာတိ။**

ဘဝကူးပြောင်းရာ၌ ရုပ်ဟောင်း, နာမ်ဟောင်းပါ/ မပါ

အတိတ်ကပြုခဲ့ဖူးသော လောကီကုသိုလ်, အကုသိုလ်ကံသခီါရက ဘဝသစ်၌ ပဋိသန္ဓေကို ဖြစ်စေသောကြောင့်၄င်း, ပဋိသန္ဓေ၏ ဥပါဒ်ခဏမှစ၍ ကမ္မဇရုပ်များ ဖြစ်လာသောကြောင့်၄င်း, ဘဝသစ်ဖြစ်တည်မှု ပဋိသန္ဓေနေမှုဟူသော ဘဝကူးပြောင်းရာ၌ ဘဝဟောင်းမှ ရုပ်နှင့် နာမ်တို့တိုက်ရိုက်ကူးပြောင်းလာခြင်းမဟုတ်ဘဲ ဘဝဟောင်းကအကြောင်းကံနှင့်ဆက်စပ်ခြင်းမကင်းသော အကျိုးဝိပါက်နာမ်အသစ်နှင့် ကမ္မဇရုပ်အသစ်စသည်တို့ ဖြစ်ပေါ်မှု သဘောမျိုးသာဖြစ်ပါသည်။

သာဓက ။ **သခီါရေန ဇနိ ယမာနံ (ပ) ပတိဋ္ဌာတိ ဘဝန္တရေနှင့် ရုပ်စာပိုဒ်-၅၄။**

http://www.dhammadownload.com

ဒီဘဝဒီကိုယ်စံ, နောက်ဘဝနောက်ကိုယ်ခံဟူသောစကားသည် သဘာဝမကျ

ဘဝဟောင်းကပြုခဲ့ဖူးသော လောကီကုသိုလ်, အကုသိုလ်ကံသခ်ါရက ဖြစ်စေအပ်သည့် ပဋိသန္ဓေစိတ်သည် ရှေ့နောက်ဘဝ (၂) ခုကို တစ်ဆက်တည်းအသွင် ဆက်စပ်ပေးတတ်သော စွမ်းအင်ဖြင့် ဘဝသစ်၌ဖြစ်ရသောကြောင့်၎င်း၊ ပဋိသန္ဓေ၏ ဥပါဒ်ခဏမှစ၍ ကမ္မဇရုပ်များဖြစ်လာသောကြောင့်၎င်း၊ ဒီဘဝဒီကိုယ်စံ နောက်ဘဝနောက်ကိုယ်ခံဟူသော စကားသည် သဘာဝမကျပါ။

သာဓက ။ **သခ်ါရေန ဇနိယမာနံ (ပ) ပတိဋ္ဌာတိ ဘဝန္တရေနှင့် ရုပ်စာပို့ဒ်-၅၇။**

ပဋိသန္ဓေ၏အဓိပ္ပါယ်

ရှေ့ဘဝနှင့် နောက်ဘဝကို တစ်ဆက်တည်းကဲ့သို့ ဆက်စပ်တတ်သော အစွမ်းကြောင့် စိတ်, စေတသိက်, ကမ္မဇရုပ်တို့၏ ဦးစွာဖြစ်ခြင်းသည် ပဋိသန္ဓေမည်ပါသည်။

သာဓက ။ **ဘဝန္တရ ပဋိသန္ဓာန ဝသေန ပဋိသန္ဓိသခ်ါတံ။**

လောက်လန်းသဖွယ် ဝိညာဏ်တွယ်ဟူသော စကားသည်အမှား

ပဋိသန္ဓေစိတ်သည် ဥပါဒ်ဆဲဖြစ်၍သာလျှင် (ဖြစ်ဖြစ်ချင်းသာလျှင်) ဘဝသစ်၌ဖြစ်သောကြောင့် (ပဋိသန္ဓေစိတ်သည် ဘဝဟောင်း၌ ဥပါဒ်ခဲ့ပြီး ၌ အခိုက်ကျမှ ဘဝသစ်၌ဖြစ်သည်ဟုယူဆ၍) 'လောက်လန်းသဖွယ် ဝိညာဏ်တွယ်' ဟုဆိုသော စကားသည် အမှားသာဖြစ်သည်။

သာဓက ။ **ပဋိသန္ဓိသခ်ါတံ မာနသံ (ပ) ဘဝန္တရေ။**

ကာမပဋိသန္ဓေစိတ်သစ်၏အာရုံ

ကာမပဋိသန္ဓေစိတ်သစ်သည် ပစ္စုပ္ပန်, အတိတ်, အာရုံ (၆) ပါး၊ ဒွါရ (၆) ပါးဆိုင်ရာ ကမ္မနိမိတ်ကိုဝင်း၊ ပစ္စုပ္ပန်, ရူပါရုံမနောဒွါရဆိုင်ရာ ဂတိနိမိတ်ကိုဝင်း၊ အတိတ်, ဓမ္မာရုံ, မနောဒွါရဆိုင်ရာ ကံအာရုံကိုဝင်း အာရုံပြုပါသည်။

သာဓက ။ **ဝီထိမုတ်စာပို့ဒ်-၉၂။**

http://www.dhammadownload.com

ဘဝဟောင်း၏ စုတိနှင့် ဘဝသစ်၏ပဋိသန္ဓေအာရုံ တူ/မတူ

ယခင် (ပထမ) ဘဝဟောင်း၏စုတိသည် ယခင်ဘဝဟောင်းက ပဋိသန္ဓေ၏ အာရုံကိုပင်အာရုံပြု၍, ယခု (ဒုတိယ) ဘဝသစ်၏ပဋိသန္ဓေသည် ယခင် (ပထမ) ဘဝဟောင်း၏ မရဏာသန္နဇောကယူအပ်သော အာရုံကို အာရုံပြုသောကြောင့် ဘဝဟောင်း၏စုတိနှင့် ဘဝသစ်၏ ပဋိသန္ဓေတို့ အာရုံမတူကြပါ။

သာဓက ။ **ဝီထိမုတ်စာပိုဒ်-၄၉ နှင့် ၉၁ (ဒုတိယဝါကျ)။**

မဟဂ္ဂုတ်ပဋိသန္ဓေ၏ အာရုံ

ရူပပဋိသန္ဓေသည် ပညတ်ကမ္မနိမိတ်ကိုသာ အာရုံပြုသည်။

သာဓက ။ **ဝီထိမုတ်စာပိုဒ်-၉၃။**

အာကာသာနဉ္စာယတန, အာကိဉ္စညာယတန အရူပပဋိသန္ဓေသည် ပညတ်ကမ္မနိမိတ်ကိုသာအာရုံပြုသည်။ ဝိညာဏဉ္စာယတန, နေဝသညာနာသညာယတန အရူပပဋိသန္ဓေသည် မဟဂ္ဂုတ်ကမ္မနိမိတ်ကိုသာ အာရုံပြုသည်။

သာဓက ။ **ဝီထိမုတ်စာပိုဒ်-၉၄။**

ပဋိသန္ဓေ၏အာရုံများကို ဒွါရ, ကာလအာရုံတို့ဖြင့် ဝေဘန်ပုံ

ကာမရူပ, အရူပပဋိသန္ဓေတို့၏ အာရုံဖြစ်သော ကံသည် မနောဒွါရ, အတိတ်ကာလ, ဓမ္မာရုံတည်း။

ကမ္မနိမိတ်သည် ဆဒွါရ, ပစ္စုပ္ပန်, အတိတ်, ပညတ်ဟူသောကာလဝိမုတ်, အာရုံ (၆) ပါးတည်း။

ဂတိနိမိတ်သည် မနောဒွါရ, ပစ္စုပ္ပန်, ရူပါရုံတည်း။

ဆောင် * **ကံအာရုံမှာ၊ တိတ်, ဓမ္မာ၊ ထင်ရာမနောတည်း။**

* **ကမ္မနိမိတ်၊ ပန်, တိတ်, ညတ်မှန်၊ ဆဋ္ဌာရုံ၊ ထင်ရန်ဆဒွါရည်း။**
* **ဂတိမှာကား၊ ပန်, ရူထား၊ ထင်ငြားမနောချည်း။**

ရူပပဋိသန္ဓေနှင့် အရူပပဋိသန္ဓေတို့၏ ကမ္မနိမိတ်ချင်းအထူး

ရူပပဋိသန္ဓေသည် (ကသိဏ်းစသော) ပညတ်ကမ္မနိမိတ်ကိုသာ အာရုံပြုသည်။

http://www.dhammadownload.com

အရှုပပဋိသန္ဓေသည် (ပဌမာရုပ္ပဝိညာဏ်, တတိယာရုပ္ပဝိညာဏ်ဟူသော) ပရမတ်ကမ္မနိမိတ်ကိုဌင်း၊ (ကောင်းကင်ပညတ်, နတ္ထိဘောပညတ်ဟူသော) ပညတ်ကမ္မနိမိတ်ကိုဌင်းအာရုံပြုသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၉၃၊ ၉၄။**

ကေဝေါကာရပုဂ္ဂိုလ်

အညသတ်ပုဂ္ဂိုလ်သည် (ဇီဝိတနဝကကလာပ် ပဋိသန္ဓေသာရှိ၍ ရူပက္ခန္ဓာတစ်ပါးတည်း သာရနိုင်သောကြောင့်) ကေဝေါကာရပုဂ္ဂိုလ်မည်၏။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၉၅၊ သမုစ္စည်းစာပိုဒ်-၄၉။**

မှတ်ရန် ။ **က = တစ်ပါး၊ ဝေါကာရ = ခန္ဓာဟု အသေးစိတ်အဓိပ္ပါယ်မှတ်ပါ။**

စတုဝေါကာရပုဂ္ဂိုလ်

အရှုပပုဂ္ဂိုလ်တို့သည် (နာမ်ပဋိသန္ဓေသာရှိ၍ နာမက္ခန္ဓာ ၄ ပါးသာရသောကြောင့်) စတုဝေါကာရပုဂ္ဂိုလ်မည်၏။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၉၆၊ သမုစ္စည်းစာပိုဒ်-၄၉။**

ပဉ္စဝေါကာရပုဂ္ဂိုလ်

ကာမ (၁၁) ဘုံနှင့် အသညသတ်ကြဉ်သော ရူပ (၁၅) ဘုံသားတို့သည် (ရုပ်နာမ်-၂ ပါးစုံ ပဋိသန္ဓေရှိ၍ ခန္ဓာ- ၅ပါးလုံးရသောကြောင့်) ပဉ္စဝေါကာရပုဂ္ဂိုလ်မည်၏။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၉၇၊ သမုစ္စည်းစာပိုဒ်-၄၉။**

အရှုပဘုံမှ စုတေလျှင် ရောက်နိုင်သောဘုံများ

အရှုပစုတိ(၄)ခုနောင် (အောက်အောက်ဖြစ်သော အရှုပပဋိသန္ဓေကြဉ်၍) အရှုပဝိပါက် ပဋိသန္ဓေ (၄) ခု၊ မဟာဝိပါက် ဉာဏသမ္ပယုတ် ကာမတိဟိတ် ပဋိသန္ဓေ (၄) ခုတို့နှောင်းသောကြောင့် -

၁။ အာကာသာနဉ္စာယတနဘုံမှ စုတေလျှင် အရှုပ (၄) ဘုံ၊ ကာမသုဂတိ (၇) ဘုံအားဖြင့် (၁၁) ဘုံတို့တွင် တစ်ဘုံဘုံသို့ ရောက်နိုင်သည်။

၂။ ဝိညာဏဉ္စာယတနဘုံမှ စုတေလျှင် အာကာသာနဉ္စာယတန ကြဉ်သော အရှုပ (၃)

http://www.dhammadownload.com

ဘုံ၊ ကာမသုဂတိ (၇) ဘုံအားဖြင့် (၁၀) ဘုံတို့တွင် တစ်ဘုံဘုံသို့ရောက်နိုင်သည်။

၃။ အာကိဉ္စညာယတနဘုံမှ စုတေလျှင် (အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန ကြဉ်သော) အရူပ (၂) ဘုံ၊ ကာမသုဂတိ (၇) ဘုံအားဖြင့် (၉) ဘုံတို့တွင် (၁) ဘုံဘုံသို့ ရောက်နိုင်သည်။

၄။ နေဝသညာ နာသညာယတနဘုံမှ စုတေလျှင် နေဝသညာ နာသညာယတနဘုံ၊ ကာမသုဂတိ (၇) ဘုံအားဖြင့် (၈) ဘုံတို့တွင် (၁) ဘုံဘုံသို့ ရောက်နိုင်ပါသည်။

သာဓက ။ **အာရုပ္ပစုတိယာ (ပ) ကာမတိဟေတုကာ။**

ဆောင် ။ **အာရုပ်လေးမှ၊ (ဟေဋ္ဌိချ)၊ အဋ္ဌ. တိကာ. အာရုပ္ပါ။**

မှတ်ရန် ။ **ဤကား ပုထုဇဉ်အရူပဖြတ္တွာများ ဘဝသံသရာကျင်လည်ပုံတည်း။**

ရူပဘုံမှ စုတေလျှင် ရောက်နိုင်သောဘုံများ

အသညသတ်ကြဉ်သော ရူပါဝစရစုတိ (၅) ခုနောင် (အဟိတ်ပဋိသန္ဓေကြဉ်) မဟာဝိပါက် (၈) ခု၊ မဟဂ္ဂုတ်ဝိပါက် (၉) ခုအားဖြင့် သဟိတ်ပဋိသန္ဓေ (၁၇) ခု နှောင်းနိုင်သောကြောင့် (အပါယ်-၄ဘုံကြဉ်သော) ကာမတိဟိတ်, ဒွိဟိတ်ဘုံ (အသညသတ်ကြဉ်သော) ရူပဘုံ၊ အရူပဘုံတို့တွင် (၁) ဘုံဘုံသို့ ရောက်နိုင်ပါသည်။

အသညသတ်စုတိနောင် မဟာဝိပါက် ကာမဒွိဟိတ်, တိဟိတ် ပဋိသန္ဓေ(၈) နှောင်းနိုင်သောကြောင့် အသညသတ်ဖြတ္တွာစုတေလျှင် ကာမသုဂတိ (၇) ဘုံတို့တွင် (၁) ဘုံဘုံသို့ ရောက်နိုင်ပါသည်။

သာဓက ။ **ရူပါဝစရစုတိယာ၊ အဟေတု ရဟိတာ သိယုံ။**

ဆောင် ။ **ရူပါပဉ္စ၊ (အဟိတ်ချ)၊ နှောင်းထသတ္တရာ၊**

။ **အသညာရှိ၊ စုတေဘိ၊ ဒွိ. တိ အဋ္ဌသာ။**

မှတ်ရန် ။ **ဤကား ပုထုဇဉ်ရူပဖြတ္တွာများ ဘဝသံသရာကျင်လည်ပုံတည်း။**

ကာမတိဟိတ် စုတေလျှင် ရောက်နိုင်သောဘုံများ

ကာမတိဟိတ် စုတိ (၄) ခုနောင် နာမ်ပဋိသန္ဓေ (၁၉) ခုနှင့် ဇိဝိတနဝက ကလာပ်ရုပ်ပဋိသန္ဓေ (၁) ခုတို့နှောင်းနိုင်သောကြောင့် ကာမတိဟိတ် စုတေလျှင် စျာန်ရပါက ဖြတ္တွာဘုံ, စျာန်မရပါက ကာမဘုံ၊ ဤသို့ထိုက်သင့်သည့် အားလျော်စွာ (၃၁) ဘုံ၌ ဖြစ်နိုင်ပါသည်။

http://www.dhammadownload.com

သာဓက ။ **သဗ္ဗာ ကာမတိဟေတုမှာ။**

ဆောင် ✻ **တိဟိတ်ကာမ၊ စုလေးမှ၊ နှောင်းထနှစ်ဆယ်သာ။**

မှတ်ရန် ။ **ဤကား ပုထုဇဉ်ကာမတိဟိတ်ပုဂ္ဂိုလ်များ ဘဝသံသရာကျင်လည်ပုံတည်း။**

ကာမအဟိတ်, ကာမဒ္ဒိဟိတ် စုံတေလျှင် ရောက်နိုင်သောဘုံများ

ကာမအဟိတ် စုတိ (၂) ခု, ဒ္ဒိဟိတ်စုတိ (၄) ခုနောင်, ဥပေက္ခာသဟဂုတ် သန္တီရဏ (၂)ပါး၊ မဟာဝိပါက် (၈) ပါးအားဖြင့် ပဋိသန္ဓေ (၁၀) ပါး နှောင်းနိုင်သောကြောင့် ကာမအဟိတ် အပါယ်ဘုံသား, ကာမဒ္ဒိဟိတ်, ကာမသုဂတိ (၇) ဘုံသားများ စုံတေလျှင် ကာမ (၁၁) ဘုံတွင် (၁) ဘုံဘုံသို့ ရောက်နိုင်ပါသည်။

သာဓက ။ **ကာမေသွေဝ ပနေတရာ။**

ဆောင် ✻ **ဒု. သု. ဒ္ဒိ. ဆ၊ စုတိမှ၊ ကာမတစ်ဆယ်သာ။**

မှတ်ရန် ။ **ဤကား ကာမအဟိတ် ဒ္ဒိဟိတ်ပုဂ္ဂိုလ်များ ဘဝသံသရာကျင်လည်ပုံတည်း။**

ဗြဟ္မာ့ပြည်မှာ တဝင်းဝင်း ဝက်စားကျင်းမှာ တရှပ်ရှပ် ဟူသော စကားအမှား

ရူပ, အရူပ ဗြဟ္မာတို့ စုတိနောင် အဟိတ်ပဋိသန္ဓေ မနှောင်းနိုင်သောကြောင့် ဗြဟ္မာ့ပြည်မှာတဝင်းဝင်း ဝက်စားကျင်းမှာတရှပ်ရှပ်ဟူသောစကားသည် အမှားသာ ဖြစ်ပါသည်။ ဗြဟ္မာများသေက တိရစ္ဆာန် တိုက်ရိုက်မဖြစ်နိုင်ပါ။

သာဓက ။ **အာရုပ္ပစုတိယာ (ပ) အဟေတုရဟိတာ သိယုံ။**

အရူပဗြဟ္မာများ စုံတေလျှင် ရူပဗြဟ္မာ တိုက်ရိုက်မဖြစ်

အရူပစုတိနောင် ရူပဝိပါက် ပဋိသန္ဓေ မနှောင်းသောကြောင့် အရူပဗြဟ္မာများ စုံတေလျှင် ရူပဗြဟ္မာတိုက်ရိုက်မဖြစ်နိုင်ပါ။

သာဓက ။ **အာရုပ္ပစုတိယာ (ပ) ကာမတိဟေတုကာ။**

လူသေလျှင် လူသာဖြစ်ရမည်ဆိုသောစကား အလွဲအမှား

ကာမတိဟိတ် စုတိ လေးခုနောင် ပဋိသန္ဓေ (၂၀) လုံးနှောင်းနိုင်သောကြောင့်၄င်း၊ ကာမအဟိတ်, ဒ္ဒိဟိတ်စုတိနောင်, ကာမပဋိသန္ဓေ (၁၀) နှောင်းနိုင်သောကြောင့်၄င်း၊ စျာန်ရ,

http://www.dhammadownload.com

မရအလိုက် ထိုက်သင့်သည့်အားလျော်စွာ လူသေလျှင် လူလည်းဖြစ်နိုင်၊ နတ်လည်း ဖြစ်နိုင်၊ တိရစ္ဆာန်လည်းဖြစ်နိုင်၍ လူသေလျှင် လူသာဖြစ်သည်ဆိုသော စကားသည် အလွန်မှားသော စကား ဖြစ်ပါသည်။

သာဓက ။ **သဗ္ဗာ ကာမတိဟေတုမှာ၊ ကာမေသွေဝ ပနေတရာ။**

ဖားသတ္တဝါ သေက နတ်ဖြစ်နိုင်

ကာမအဟိတ်, ဒွိဟိတ်စုတိနောင်, ဥပေက္ခာသဟဂုတ် သန္တီရဏ(၂) ပါး၊ မဟာဝိပါက်စိတ် (၈) ပါးနှောင်းနိုင်သောကြောင့် ဖားစသော တိရစ္ဆာန်သေက နတ်ဖြစ်နိုင်သည်ဆိုသော စကားသည်မှန်၏။ (တိရစ္ဆာန်စသော အပါယ်ဘုံသားများသေလျှင် လူပြည်, နတ်ပြည်သို့ ရောက်နိုင်၊ နတ်ပြည်မှ စုတေလျှင် အပါယ်ဘုံသားတိုက်ရိုက် ဖြစ်နိုင်ပါသည်။)

သာဓက ။ **ကာမေသွေဝ ပနေတရာ။**

ဘင်စိတ်ဖြစ်ချိန်, ဖြစ်နေပုံနှင့် အာရုံ

ပဋိသန္ဓေနေသူတို့၌ ပဋိသန္ဓေစိတ်ချုပ်ပြီးသည်၏အခြားမဲ့၌ ထိုပဋိသန္ဓေစိတ်နှင့် အလားတူစိတ်သည်ပင်လျှင် စုတိစိတ်မဖြစ်မီကာလအတွင်း (ပဋိသန္ဓေစုတိကြားကာလ) ၌ ဝီထိစိတ်မဖြစ်ခဲ့ပါလျှင် အကြိမ်ပေါင်းများစွာ ဆက်၍ မြစ်ရေအလျဉ်စီးသကဲ့သို့ ဘင်ကိစ္စတပ်လျက်ဖြစ်နေပါသည်။ ပဋိသန္ဓေစိတ်၏ အာရုံကိုပင် အာရုံပြုပါသည်။

သာဓက ။ **ဝီထိမုတ်စာပို ဒ်-၉၉။**

တဒေဝ စိတ္တံဠ္ဍ ဘင်ကိစ္စတပ်သော စိတ္တ–အရ

ပဋိသန္ဓေစိတ်နှင့် ဘင်စိတ်သည် မျိုးတူဖြစ်သောကြောင့် သဒိသူပစာနည်းဖြင့် တဒေဝ စိတ္တံ (ထိုပဋိသန္ဓေစိတ်သည်ပင်) ဟုဆိုသော်လည်း ပဋိသန္ဓေစိတ်သည် ချုပ်ပြီးဖြစ်၍ ဘဝ (၁) ခုအတွင်းထပ်မံမဖြစ်နိုင်တော့သောကြောင့် ပဋိသန္ဓေစိတ်နှင့် အလားတူသော စိတ်ကို သာ တဒေဝ စိတ္တံ၌ စိတ္တအရယူရပါမည်။

အိပ်ပျော်နေသောအခါ၌ ဖြစ်နိုင်သောစိတ်

ဝီထိစိတ်မဖြစ်လျှင် ဘင်စိတ်မှားဖြစ်သည်ဟု ဆိုထားသောကြောင့် မြင်သိစိတ်စသော

http://www.dhammadownload.com

ဝိထိစိတ်မဖြစ်ဘဲ အိပ်ပျော်နေသောအခါ၌ ဥပေက္ခာသဟဂုတ်သန္တီရဏ (၂) ပါး၊ မဟာဝိပါက် (၈) ပါး၊ မဟဂ္ဂုတ်ဝိပါက် (၉) ပါးဟူသော ဘဝင်စိတ် (၁၉) ပါးတို့တွင် (၁) ပါးပါး ယထာရဟ ဖြစ်နိုင်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၉၉၊ ပကိဏ်းစာပိုဒ်-၂၀။**

မှတ်ရန် ။ **ယထာရဟဆိုသည်မှာ အပါယ်ဘုံသားအတွက် အကုသလဝိပါက် ဥပေက္ခာသန္တီရဏ၊ ကာမသုဂတိဘုံသားအတွက် ကုသလဝိပါက် ဥပေက္ခာသန္တီရဏနှင့်မဟာဝိပါက်၊ ဈာန်ရပုဂ္ဂိုလ်များအတွက် မဟဂ္ဂုတ် ဝိပါက်ဟု ခွဲ၍မှတ်။**

မအိပ်မနေ အသက်ရှည်ဟူသော စကားသည် သဘာဝကျ

ဘဝင်စိတ်သည် ဘဝ (၁) ခုလည်ပတ်ရပ်တည်မှု, ဘဝအလျဉ်မပြတ်အောင် ဆက်စပ်ပေးတတ်သောကြောင့် အချိန်မှန်အိပ်စက်အနားယူ (ဘဝင်စိတ်ဖြစ်) ခြင်းသည် ကျန်းမာ၊ဆက်ရှည်မှုကို အထောက်အကူပြုနိုင်၍ မအိပ်မနေအသက်ရှည်ဟူသောစကားသည် သဘာဝကျပါသည်။

သာဓက ။ **ဘဝဿ အင်္ဂဘာဝေန ဘဝင်္ဂသန္တတိသခ်ိတံ မာနသံ။**

ဘဝင်္ဂသန္တတိ သခ်ိတံ မာနသံ – အဇ္ဈောစ္ဆိန္နံဟူသော စကားယေဘုယျ

နိရောဓသမာပတ် ဝင်စားခိုက် အချိန်အခါ၌ စိတ်မဖြစ်သောကြောင့် ဘဝင်္ဂသန္တတိ သခ်ိတံ မာနသံ အဇ္ဈောစ္ဆိန္နံ (ဝိထိမဖြစ်လျှင် ဘဝင်စိတ်အစဉ် အဆက်မပြတ်ဖြစ်နေသည်) ဟူသော စကားသည် မုချမဟုတ်၊ ယေဘုယျသာ ဖြစ်ပါသည်။

သာဓက ။ **တဿ ဒ္ဝိန္နံ အပ္ပနာ ဇဝနာနံပရတော ဝေါစ္ဆိဇ္ဇတိ စိတ္တသန္တတိ၊ တတောနိ ရောဓသမာပန္နော နာမဟောတိ။ ကမ္မဋ္ဌာန်းစာပိုဒ်-၇၃။**

ဘဝင်စိတ်ဟု ခေါ်ရခြင်းအကြောင်း

ဥပေက္ခာသဟဂုတ်, သန္တီရဏစသော စိတ်တို့သည် ဘဝရပ်တည်မှု၏ အကြောင်းဖြစ်သောကြောင့် (ဘဝမပြတ်အောင် ဆက်စပ်ပေးတတ်သောကြောင့်) ထိုဥပေက္ခာသဟဂုတ်စသော စိတ်တို့ကို ဘဝင်စိတ်ဟု ခေါ်ရပါသည်။

သာဓက ။ **ဘဝဿ အင်္ဂဘာဝေန ဘဝင်္ဂသန္တတိ သခ်ိတံ မာနသံ၊**
ဝိထိမုတ် စာပိုဒ်၉၉။

http://www.dhammadownload.com

ဘဝတစ်ခု၏ အစစိတ်, အလယ်စိတ်, အဆုံးစိတ်

ဘဝတစ်ခုတွင် အစစိတ်ကား ပဋိသန္ဓေစိတ် ဖြစ်ပါသည်။ အလယ်စိတ်ကား ဝီထိစိတ် နှင့် ဘဝင်စိတ်တို့ဖြစ်ပါသည်။ အဆုံးစိတ်ကား စုတိစိတ် ဖြစ်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၉၉၊ ၁၀၀။**

စုတိစိတ်ဖြစ်ခြင်းနှင့် အာရုံ

ပစ္စုပ္ပန်ဘဝနောက်ဆုံးအချိန်တွင် ဝီထိဇောစိတ်၏ အဆုံး၌ဖြစ်စေ, ဘဝင်စိတ်၏အဆုံး၌ဖြစ်စေ ပဋိသန္ဓေစိတ်နှင့် အလားတူသောစိတ်သည်ပင်လျှင် စုတိကိစ္စတပ်၍ ချုပ်ပျောက်ပါသည်။ ပဋိသန္ဓေစိတ်၏အာရုံကိုပင် အာရုံပြုပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၁၀၀နှင့် ပစ္စာသန္နမရဏာသ (ပ) နိရုဇ္ဈတိ။**

(၁) ဘဝင် တူမြဲတရား (၃) ပါးပြဂါထာနှင့် သဘောတူစုဏ္ဏိယများ

ပဋိသန္ဓိ ဘဝင်္ဂ စသော (၁) ဘဝင် တူမြဲတရား (၃) ပါးပြဂါထာနှင့် သဘောအဓိပ္ပါယ်တူ စုဏ္ဏိယများကား ဣတိတပဋိသန္ဓိကာနံ စသော ဝိထိမုတ်စာပိုဒ်-၉၉ နှင့် ပရိယောသာနေစ စဝနဝသေနစသော ဝိထိမုတ်စာပိုဒ်-၁၀၀ တို့ဖြစ်ပါသည်။

သံသရာလည်ပုံ

ဤဘဝင် ပဋိသန္ဓေ, ဘဝင်, ဝိထိ, စုတိစိတ်များ ဆက်ကာဆက်ကာ ဖြစ်သကဲ့သို့ စုတိစိတ်ချုပ်ပြီးသည်မှ နောက်ဘဝင်၌လည်း ပဋိသန္ဓေ, ဘဝင်, ဝိထိ, စုတိဟူသော စိတ်အစဉ်တို့သည် ရထားလှည်းဘီးစက်ပမာ ဆက်ကာ ဆက်ကာ ဖြစ်နေခြင်းကို သံသရာလည်သည်ဟု ခေါ်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၁၀၁၊ ၁၀၂။**

ရှေးဘဝ နောက်ဘဝ ရှိသည်ဟူသော အယူအဆ မှန်ပါသည်

ပစ္စုပ္ပန်ဘဝ၌ဖြစ်သည့် ပဋိသန္ဓေ, ဘဝင် အစရှိသော စိတ်အစဉ်တို့သည် ဘဝသစ်၌ တစ်ဖန်ပြန်လည်၍ ဖြစ်၏ဟုဆိုထားသောကြောင့်၄င်း၊ ပစ္စုပ္ပန်ဘဝ စတုသမုဋ္ဌာနိကရူပ်သည် ဘဝသစ်၌ ပဋိသန္ဓေမှစ၍ တစ်ဖန်ပြန်ဖြစ်သည်ဟု ဆိုထားသောကြောင့်၄င်း၊ ရှေးဘဝ

http://www.dhammadownload.com

နောက်ဘဝ ရှိသည်ဟူသော အယူအဆမှန်ပါသည်။ (သေပြီးလျှင် ပြတ်သည်ဟု ယူဆခြင်းသည် မမှန်ပါ။)

သာဓက ။ **ဝိထိမုတ်စာပို၌-၁၀၂၊ ရူပ်စာပို၌-၅၇။**

သံသရာစက်ရဟတ်ပြတ်ခြင်းသဘောအခိုပွါယ်

ကြာမြင့်စွာသောကာလပတ်လုံး သီလစသော အကျင့်မြတ်များကို ဖြည့်ကျင့်ထားသည့် ပင်ကိုယ်ဓာတ်ခံ ပါရမီဉာဏ်ရှိသူသည် ဝိပဿနာတရားကို အားထုတ်သည်ရှိသော် တဏှာကင်းပျောက်နိဗ္ဗာန်သို့ရောက်ခြင်းကို သံသရာစက်ရဟတ်ပြတ်သည်ဟုခေါ်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပို၌-၁၀၂ (ဒုတိယဂါထာ)။**

သံသရာမှ လွတ်မြောက်နိုင်မည့်အခါ

တဏှာကင်းပျောက် ရဟန္တာအဖြစ်သို့ရောက်၍ နိဗ္ဗာန်ကိုရသောအခါ၌ သံသရာလည်ခြင်းမှ လွတ်ကင်းခွင့်ရပါမည်။

သာဓက ။ **ပဋိသန်ဓိယ (ပ) သုဗ္ဗတာ၊ ဝိထိမုတ်စာပို၌-၁၀၂ (ဒုတိယဂါထာ)။**

သံသရာဝဋ်မှ လွတ်နိုင်မည့်သူ၏ အရည်အချင်းများ

တိဟိတ်ပုဂ္ဂိုလ်ဖြစ်ခြင်း (ဗုဓ)၊ သီလ, သမထ, ဓုတင်ကျင့်စဉ်ကောင်းများကို ကြာမြင့်စွာ ကျင့်သုံးသူဖြစ်ခြင်း (စိရာယ သုဗ္ဗတာ)၊ တေဘူမကဝဋ်တရားကို ဝိပဿနာဉာဏ်ဖြင့် အနိစ္စလက္ခဏာထင်အောင် ရှုမှတ်ဆင်ခြင်ခြင်း (ပဋိသန်ဓိယ ပနေတ မဒ္ဒုဝံ) ဟူသော အရည်အချင်းများနှင့် ပြည့်စုံသူသည်သာ ယခုဘဝ၌ပင် တဏှာကင်းပျောက် နိဗ္ဗာန်ရောက်ခါ သံသရာဝဋ်မှလွတ်မြောက်နိုင်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပို၌-၁၀၂ (ဒုတိယဂါထာ)။**

ဖြစ်ပျက်မြင်မှ နိဗ္ဗာန်ရ

ပဋိသန္ဓေဘဝင်, ဝီထိ, စုတိဟု သံသရာလည်နေသည့်စိတ်, စေတသိက်တို့ကို ဖြစ်ချည်, ပျက်ချည်အမြဲမတည်သော အနိစ္စပါတကားဟု ဝိပဿနာဉာဏ်ဖြင့် အနိစ္စလက္ခဏာထင်အောင်

http://www.dhammadownload.com

ရှုမှတ်ဆင်ခြင်သော် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်သောကြောင့် ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်ဖြစ်ပျက်မြင်မှသာ နိဗ္ဗာန်ရနိုင်မည်ဟူသောစကားသည် သဘာဝကျမှန်ကန်ပါသည်။
သာဓက ။ ဝိထိမုတ်စာပို၌-၁၀၂ (ဒုတိယဂါထာ)။

နိဗ္ဗာန်တရားထူးရဘို့ကျင့်ရာဌာန် ပါရမီလို/မလို

သီလစသော ကျင့်စဉ်ကောင်းများကို ကြာမြင့်စွာကျင့်သုံးသော (စိရာယ သုဗွတာ) ပင်ကိုယ်မာတ်ခံ ပါရမီဉာဏ်ရှိသည့် တိဟိတ်ပုဂ္ဂိုလ်သည်သာ ဝိပဿနာဉာဏ်ဖြင့် ရှုမှတ်ဆင်ခြင်လျှင် ယခုဘဝမှာပင်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင် တရားထူးရနိုင်သောကြောင့် ယခုဘဝနိဗ္ဗာန်တရားထူးရဘို့ ကျင့်ကြံအားထုတ် ရာ၌ သီလစသော ပါရမီမာတ်ခံ အမှန်ပင်လိုအပ်ပါသည်။
သာဓက ။ ဝိထိစာပို၌-၄၀၊ ဝိထိမုတ်စာပို၌-၁၀၂ (ဒုတိယဂါထာ)။

ဝိထိမုတ်ပိုင်း မြင်ကွင်း ပြီးပြီ။

* * * * * * *

http://www.dhammadownload.com

ရုပ်ပိုင်း

ပဘေဒအရှေ့နှင့် ပဝတ္ထိအရှေ့

သပွဘေဒပွဝတ္ထိကာ၌ ပဘေဒအရကား စိတ်, စေတသိက်ဆိုင်ရာ အကျဉ်းပြ ဥဒ္ဒေသ, အကျယ်ပြနိဒ္ဒေသနှင့် ထပ်မံခွဲ့ပြ ပဋိနိဒ္ဒေသအပြားတို့ကို ယူရမည်။

ပဝတ္ထိအရကား စိတ်, စေတသိက်တို့၏ ဝိထိစိတ်အနေဖြင့်၄င်း၊ ဝိထိမုတ်စိတ်အနေဖြင့်၄င်း ဖြစ်ပုံ, ဖြစ်ဟန်တို့ကိုယူရမည်။

စိတ်ပိုင်းမှ ဝိထိမုတ်ပိုင်းအထိ (၅) ပိုင်းဖြင့် ဝေဘန်ရာ ပရမတ်

စိတ်, စေတသိက်, ပကိဏ်း, ဝိထိ, ဝိထိမုတ်ဟူသော (၅) ပိုင်းတို့ဖြင့် စိတ်, စေတသိက်တည်းဟူသော ပရမတ္ထတရား (၂) ပါးကိုသာ ဝေဘန်ပြဆိုပါသည်။

သာဓက ။ **ရူပ်စာပို ဒ်-၁။**

စိတ်, စေတသိက်, ပရမတ်တို့ကို သင်္ဂဟ (၅) ပိုင်းတို့ဖြင့် ဝေဘန်ပုံများ

စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနမိတိ၌ စိတ္တံဖြင့် စိတ်ကို၄င်း၊ စေတသိကံဖြင့် စေတသိက်ကို၄င်း၊ အကျဉ်းချုပ် **ဥဒ္ဒေသ**အားဖြင့် ဝေဘန်ပြဆိုသည်။

တတ္ထ စိတ္တံ တာဝ စတုဠိမံ ဟောတိ မှစ၍ စိတ်ပိုင်းတစ်ပိုင်းလုံးဖြင့် စိတ္တံဟူသော အကျဉ်းချုပ်ဥဒ္ဒေသကို၄င်း၊ စေတသိက်ပိုင်း တစ်ပိုင်းလုံးဖြင့် စေတသိကံ ဟူသော အကျဉ်းချုပ်ဥဒ္ဒေသကို၄င်း၊ အကျယ်**နိဒ္ဒေသ**အားဖြင့် ဝေဘန်ပြဆိုသည်။

ပကိဏ်းပိုင်းတစ်ပိုင်းလုံးဖြင့် စိတ်, စေတသိက် (၂) ပါးစုံကို တစ်မျိုးတစ်ဖုံ ထပ်မံ၍ ခွဲ့ပြသော **ပဋိနိဒ္ဒေသ** အားဖြင့် ဝေဘန်ပြဆိုသည်။

ဝိထိပိုင်းဖြင့် စိတ်, စေတသိက်တို့၏ ဝိထိစိတ်အနေဖြင့် ဖြစ်ပုံဖြစ်ဟန်ပဝတ္ထိကို၄င်း၊ ဝိထိမုတ်ပိုင်းဖြင့် စိတ်, စေတသိက်တို့၏ ဝိထိမုတ်စိတ်အနေဖြင့် ဖြစ်ပုံဖြစ်ဟန် **ပဝတ္ထိ**ကို၄င်း ဝေဘန်ပြဆိုသည်။

http://www.dhammadownload.com

ရုပ်ပိုင်း၌ အကျယ်ပြမည့် သင်္ဂဟ (၅) မျိုးမာတိကာ

ရုပ်ပိုင်း၌အကျယ်ပြမည့် သင်္ဂဟ (၅) မျိုးကား

(၁) ရုပ် (၂၈) ပါးကို အကျဉ်းသရုပ်မျှရေတွက်ပြခြင်း = ရူပသမုဒ္ဒေသ၊

(၂) ဧကဝိဓသောနည်းဖြင့် ရုပ်တို့ကို ခွဲခြမ်းဝေဘန်ပြခြင်း = ရူပဝိဘာဂ၊

(၃) ရုပ်ဖြစ်ကြောင်းတရားနှင့် ဖြစ်သောရုပ်တို့ကိုပြဆိုခြင်း = ရူပသမုဋ္ဌာန၊

(၄) အတူဖြစ်ဖက်ရုပ်တို့ကို ပေါင်းစပ်ဖွဲ့စည်းပြခြင်း = ရူပကလာပ၊

(၅) ရုပ်တို့၏ဖြစ်ပျက်ပုံအစဉ်ကိုပြခြင်း = ရူပပဝတ္တိက္ကမ တို့ဖြစ်ပါသည်။

သာဓက ။ **ရုပ်စာပို ဒ်-၂**။

* * * * * * * *

ရူပသမုဋ္ဌာန မြင်ကွင်း

အရင်းခံအချုပ် ရုပ် (၂)မျိုးနှင့် ဥပါဒါရုပ် လက္ခဏာ

မဟာဘုတ်, ဥပါဒါရုပ်ဟူ၍ အရင်းခံအချုပ်အားဖြင့် ရုပ် (၂) မျိုးရှိပါသည်။

မဟာဘုတ် (၄) ပါးတို့ကို မှီတွယ်၍ မဟာဘုတ်တို့ကိုခြယ်လှယ်ခြင်းသည် ဥပါဒါရုပ်၏ လက္ခဏာဖြစ်သည်။

သာဓက ။ **ရုပ်စာပို ဒ်-၃**။

မဟာဘုတ်တို့ကို ဥပါဒါရုပ်ဟူ မခေါ်နိုင်

မဟာဘုတ်အချင်းချင်း မှီရာ၌ (၄) ပါးလုံးကိုမှီ၍ မဖြစ်နိုင်ဘဲ မဟာဘုတ် (၁) ပါးက အခြားမဟာဘုတ် (၃) ပါးကိုသာ မှီနိုင်သောကြောင့် မဟာဘုတ် (၄) ပါးလုံးကို မှီမှသာ ဥပါဒါရုပ် မည်နိုင်သည်ဟူသော လက္ခဏာနှင့်မညီညွတ်၍ မဟာဘုတ်တို့သည် အချင်းချင်းမှီ၍ ဖြစ်သော်လည်း ဥပါဒါရုပ်ဟူသောအမည်ကို မရနိုင်ပါ။

သာဓက ။ **စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ**။

http://www.dhammadownload.com

ရုပ်ကျဉ်းသရုပ်ပြ ရူပသမုဒ္ဒေသ ဇယား

	သဘောတူအုပ်စု (၁၁) ပါး	(အဂ္ဂဟိတဂ္ဂဟဏာနည်းအရ) သရုပ် (၂၈) ပါး	ရုပ်သာဓက
ဖရဖ ၁၁ ဝမ္မ	ဘူတ	ပထဝီ,အာပေါ, တေဇော, ဝါယော	စာပိုဒ်-၄
	ပသာဒ	စက္ခု,သောတ,ဃာန, ဇိဝှာ, ကာယပသာဒ	၅
	ဝိသယ (ဂေါစရ)	ရူပ, သဒ္ဒ, ဂန္ဓ, ရသ (ပ,တေ,ဝါဟူသောဖောဋ္ဌဗ္ဗ)	၆
	ဘာဝ	ကတ္ထိဘာဝ,ပုမ္ဘာဝ	၇
	ဟဒယ	ဟဒယဝတ္ထု	၈
	ဇီဝိတ	ဇီဝိတိန္ဒြေ	၉
	အာဟာရ	ကဗဠီကာရာဟာရ	၁၀
ဖရဖ ၁၁ ဝမ္မ	ပရိစ္ဆေဒ	အာကာသဓာတ်	၁၂
	ဝိညတ္တိ	ကာယဝိညတ်, ဝစီဝိညတ်	၁၃
	ဝိကာရ	ရူပဿ လဟုတာ,မုဒုတာ,ကမ္မညတာ(ဝိညတ်-၂)	၁၄
	လက္ခဏ	ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ	၁၅

မဟာဘူတ် အဓိပ္ပါယ်

ဥပါဒါရုပ်တို့ထက် ကက္ခဋစသော လက္ခဏာအားဖြင့်၄င်း၊ အထည်ကိုယ်သဏ္ဌာန်အားဖြင့်၄င်း၊ ကြီးကျယ်ထင်ရှားသောကြောင့် ပထဝီစသောရုပ် (၄) မျိုးတို့ကို မဟာဘူတ်ဟုခေါ်သည်။ မိမိသဘောကိုဆောင်နိုင် (မိမိသဘော်အတိုင်းထင်ရှား) သောကြောင့် ပထဝီစသော မဟာဘူတ်တို့ကို ဓာတ်ဟုလည်း ခေါ်နိုင်သည်။

ဥပါဒါရုပ် အဓိပ္ပါယ်

မဟာဘူတ်တို့ကိုမှီ၍သာဖြစ်သောကြောင့် စက္ခုပသာဒစသောရုပ် (၂၄) မျိုးတို့ကို ဥပါဒါရုပ်ဟု ခေါ်သည်။

ပသာဒရုပ်အဓိပ္ပါယ်နှင့် ပသာဒရုပ်တို့၏ ဖြစ်တည်ရာများ

မဟာဘူတ်တို့ကိုကြည်လင်စေတတ်သောကြောင့် စက္ခုစသောရုပ် (၅) မျိုးတို့ကို ပသာဒရုပ်ဟုခေါ်သည်။

http://www.dhammadownload.com

(၁) စက္ခုပသာဒ = မျက်စိအကြည်သည် မျက်လုံးအတွင်း မျက်နှက်ဝန်းအလယ်သန်း ဦးခေါင်းပမာဏရှိသော အရုပ်၌ မျက်လွှာ (၇) ထပ်ကို ပို့နှုန်း၍တည်၏။

(၂) သောတပသာဒ = နားအကြည်သည် နားအတွင်း လက်စွပ်ကွင်းသဏ္ဌာန်ရှိသည့် အမွှေးနီများပေါက်လျက်ရှိသော နေရာ၌တည်၏။

(၃) ဃာနပသာဒ = နှာခေါင်းအကြည်သည် နှာခေါင်းအတွင်း ဆိတ်ခွာသဏ္ဌာန်နှင့်တူသောအရုပ်၌တည်၏။

(၄) ဇိဝှာပသာဒ = လျှာအကြည်သည် လျှာ၏အလယ် ကြာပွင့်ဖတ်များနှင့်တူသော အရုပ်၌တည်၏။

(၅) ကာယပသာဒ = ကိုယ်အကြည်သည် အသားမာ, ခြောက်နေသောအရေ, ခြေသည်းဖျား, လက်သည်းဖျား, ဆံပင်မွေးညှင်းဖျား, ပါစကဝမ်းမီးတို့မှ တစ်ပါး အစိုဓာတ်ရှိသော တစ်ကိုယ်လုံး၌ ပို့နှုန်း၍တည်၏။

ဂေါစရ (ဝိသယ) ရုပ်အဓိပ္ပါယ်

စက္ခုစသော ကွန်ရှေ့တို့၏ဖြစ်ရာ ကျက်စားရာ (အာရုံပြုရာ) ဖြစ်သောကြောင့် ရူပါရုံစသော ရုပ် (၇) ပါးတို့ကို ဂေါစရ (ဝိသယ) ရုပ်ဟုခေါ်သည်။

ဖောဋ္ဌဗ္ဗာရုံ၏တရားကိုယ်

ဖောဋ္ဌဗ္ဗာရုံဟူသည် (သီးခြားရုပ်တစ်မျိုးမဟုတ်ပါ) တွေ့ထိ၍ရစကောင်းသော ပထဝီ, တေဇော, ဝါယောဟူသော ဓာတ်ကြီး (၃) ပါးတို့ပင်ဖြစ်ပါသည်။

သာဓက ။ **အာပေါဓာတုဝိဝဋ္ဋိတံ ဘူတတ္တယသင်္ခါတံ ဖောဋ္ဌဗ္ဗံ။**

အအေး/ အပူဓာတ်သည် အာပေါမဟုတ်

ဖောဋ္ဌဗ္ဗာရုံ တရားကိုယ်တွင် ပါဝင်သော အာပေါဓာတ်သည် တွေ့ထိစမ်းသပ်၍ မရနိုင်သောကြောင့် ရေခဲကိုင်ခိုက် အေးလိုက်တာ, မီးခဲကိုင်ခိုက် ပူလိုက်တာဟု ဆိုရလောက်အောင် တွေ့ထိစမ်းသပ်၍ရကောင်းသော အအေးဓာတ်, အပူဓာတ်သည် အာပေါဓာတ်ရုပ်မျိုးမဟုတ်ပါ။ သီတဥတု, ဥဏှဥတုဟူသော တေဇောဓာတ်သာဖြစ်ပါသည်။

သာဓက ။ **အာပေါဓာတုဝိဝဋ္ဋိတံ ဘူတတ္တယသင်္ခါတံ ဖောဋ္ဌဗ္ဗံ။**

http://www.dhammadownload.com

သိပ္ပံပညာရှင်များ တွေ့ထိစမ်းသပ်၍ မရသော ရုပ်ဓာတ်

ဖောဋ္ဌဗ္ဗာရုံ တရားကိုယ်တွင် အာပေါဓာတ်ကို ကြည့်သောကြောင့် အာပေါဓာတ်သည် သိပ္ပံပညာရှင်တို့ တွေ့ထိစမ်းသပ်၍ မရနိုင်သော ရုပ်ဓာတ် (၁) မျိုးပင် ဖြစ်ပါသည်။

သာဓက ။ **အာပေါဓာတုဝိဝဋ္ဋိတံ ဘူတတ္တယသခ်ိတံ ဖောဋ္ဌဗ္ဗံ။**

ဖောဋ္ဌဗ္ဗာရုံအဖြစ်မှ အာပေါဓာတ်ကို ကြည့်ရခြင်းအကြောင်း

အာပေါဓာတ်သည် အလွန်သိမ်မွေ့သော သုခုမရုပ်ဖြစ်၍ တွေ့ထိစမ်းသပ်၍မရကောင်းသောကြောင့် ဖောဋ္ဌဗ္ဗာရုံအဖြစ်မှ ကြည့်ဖယ်ကာ အာပေါဓာတုဝဝဋ္ဋိတံဟု ဆိုပါသည်။

ဆောင် ။ **အာပေါဓလေ့၊ လွန်သိမ်မွေ့၍၊ ထိတွေ့မရ၊ ဖောဋ္ဌဗ္ဗ၊ အရသုမဝင်။**

ဘာဝရုပ်အဓိပ္ပါယ်

အဖို့, အမဖြစ်ဘို့ရန် အကြောင်းခံရုပ်ဖြစ်သောကြောင့် ကျက်သိအဖြစ်စသော (၂)မျိုးကိုဘာဝရုပ်ဟုခေါ်သည်။

အမျိုးသား, အမျိုးသမီးခွဲခြားသိနိုင်ရန် အခြေခံအချက်များ

အမျိုးသား, အမျိုးသမီးခွဲခြားသိနိုင်ရန် အခြေခံအချက်များကား ခန္ဓာကိုယ် ပဥ္စကတွင် ပါဝင်သော အဖို့, အမတို့၏ ဟန်ပန်အမူအရာတို့ကို ဖြစ်ပေါ်စေသော ကျက်သိဘာဝရုပ်, ပုရိသဘာဝရုပ်တို့ဖြစ်ပါသည်။

သာဓက ။ **ရုပ်စာပိဒ်-၇ နှင့် ခန္ဓပဥ္စကမုပါဒါယ ပုရိသပုဂ္ဂလာဒိကာ။**

ဟဒယရုပ် အဓိပ္ပါယ်

ကောင်းကျိုး, ဆိုးကျိုးကိုပြည့်စုံစေနိုင်သောကြောင့် မနောဓာတ်, မနောဝိညာဏဓာတ်တို့၏မှီရာ နှလုံးသားဟူသော ဟဒယဝတ္ထုကို ဟဒယရုပ်ဟုခေါ်သည်။

ဟဒယရုပ် နှလုံးအစစ်၏ ဖြစ်တည်ရာအရပ်

သားမြတ် (၂) ခုတို့၏အလယ် ရင်ချိုင့်၏အောက်၌ ပုန်းညက်စေ့ခန့်ကျယ်သော

http://www.dhammadownload.com

နှလုံးအိမ်ခေါ် တွင်းငယ်၌တည်သည့် နှလုံးသွေး၌ပျံ့နှံ့၍ ဟဒယဝတ္ထုရူပ် နှလုံးအစစ် ဖြစ်ပေါ်တည်ရှိပါသည်။

မှတ်ရန် ။ **ဒေသနာတော်လာ ဟဒယဝတ္ထုရူပ်ဖြစ်သည့် နှလုံးအစစ်သည် ယခုခေတ်ဆရာဝန်များ သတ်မှတ်ထားသော ရင်ဘတ်၏ဘယ်ဘက်၌ ရှိသော နှလုံးအသားစိုင်နှင့် နေရာချင်းမတူကြောင်းကို သတိပြုပါ။**

ပုဂ္ဂိုလ်အလိုက် စရိုက်အားလျော်စွာ နှလုံးသွေး၏အရောင်များ

(၁) ရာဂစရိုက်ကြီးသူ၏ နှလုံးသွေးသည် နီမြန်း၏။ (၂) ဒေါသစရိုက်ကြီးသူ၏ နှလုံးသွေးသည် ညိုမဲ၏။ (၃) မောဟစရိုက်ကြီးသူ၏ နှလုံးသွေးသည် သားငါးဆေးရေနှင့်တူ၏။ (၄) ဝိတက်စရိုက်ကြီးသူ၏ နှလုံးသွေးသည် ကုလားပဲပြုတ်ရည်နှင့်တူ၏။ (၅) သဒ္ဓါစရိုက်ကြီးသူ၏ နှလုံးသွေးသည် မဟာလှေကားပန်းပွင့်အဆင်းပမာ ဝါ၏။ (၆) ပညာစရိုက်ကြီးသူ၏ နှလုံးသွေးသည် နီရဲတောက်ပြောင်၏။ **(သမ္မောဟ. ၆-၂၂၈)**

ဆောင် ＊ **နီမြန်းရာဂ၊ ဒေါသမဲငြား၊ သားဆေးမောဟ၊ တက္ကပဲရည်၊ ဝါသည် သဒ္ဓါ၊ ပညာပြိုးပြက်၊ ဇောတမြက်ဆို့၊ ထိန်လက်ရောင်လျှံထင်သတည်း။**

(ဆရာတော်ဦးဗုဒ္ဓ)

ဇီဝိတရူပ်၏ အဓိပ္ပါယ်

တကွဖြစ်ဖက် ကမ္မဇရူပ်တို့ကို စောင့်ရှောက်တတ်သဖြင့် ကမ္မဇရူပ်တို့၏အသက်ဖြစ်သောကြောင့် ရူပ်ဇီဝိတိန္ဒြေကို ဇီဝိတရူပ်ဟုခေါ်သည်။

တစ်ကိုယ်လုံးပျံ့နှံ့၍တည်သောအရာများ

ကာယပသာဒ, ဘာဝ, ဇီဝိတရူပ်တို့နှင့် အာပေါဓာတ်လွန်ကဲသော ရူပ်အစုအဝေးများဖြစ်သည့် သုက်, သွေး, သည်းခြေများသည် အစိုဓာတ်ရှိသော တစ်ကိုယ်လုံး၌ ပျံ့နှံ့လျက်တည်ရှိပါသည်။

ဆောင် ＊ **ကာယ, ဘာဝ၊ ဇီဝိတနှင့်၊ သုက္ကတစ်ထွေ၊ သွေး, သည်းခြေ၊ စိုပြည်ကိုယ်လုံးအနှံ့တည်။**

http://www.dhammadownload.com

မှတ်ရန် ။ ဖော်ပြပြီးသောစကားအရ ကာယ, ဘာဝ, ဇီဝိတဆိုင်ရာတို့သည် သဗ္ဗဒါနိကရုပ်, သဗ္ဗတ္ထဝုတ္ထိကလာပ်များဖြစ်သည်။ ကျန်ရုပ်ဆိုင်ရာတို့ကား ဧကဒ္ဒသနိကရုပ်, ပဒေသဝုတ္ထိကလာပ်များဖြစ်သည်ဟုမှတ်။

အာဟာရရုပ် အဓိပ္ပါယ်

ခံတွင်းသို့ရှေးရှုဆောင်အပ်၊ ဝါးမျိုစားသောက်အပ်သောကြောင့် အစာအာဟာရကို အာဟာရရုပ်ဟုခေါ်သည်။

အာဟာရရုပ်၏ အမည် (၁) မျိုး

အစား:အစာများ၌ပါဝင်သော အဆီ, အနှစ်, အစေး ဗီတာမင်ဓာတ်ဖြစ်သော အာဟာရရုပ်ကို ဩဇာဟုလည်း ခေါ်ကြသေးသည်။

သာဓက ။ ဩဇာသခ်ီတော အာဟာရော။

အရသာနှင့် ဩဇာတို့၏ အထူး

အစာအာဟာရ၌ပါသော ချို, ချဉ်, စပ်, ခါးစသော အရသာ (၆) ပါးတို့သည် ရသာရုံမည်၏။ အစာအာဟာရ၌ပါသော အဆီ, အနှစ်, အစေး, ဗီတာမင်ဓာတ်သည် ဩဇာမည်၏။ ဤသို့ထူးသည်။

ပရမတ်စစ်စစ် ရုပ် (၁၈) ပါး

ဘူတရုပ် (၄) ခုစသော နိပ္ပန္နရုပ် (၁၈) ပါးကိုသာ ရူပရုပ်ဟူ၍ ဆိုထားသောကြောင့်၎င်း, သမုစ္စည်းပိုင်း ဒွါသတ္တတိဝိဓာ ဝုတ္တာ ဝတ္ထုမ္မာ သလက္ခဏာဒ္ဒ နိပ္ပန္နရုပ် (၁၈) ပါးကိုသာ ကောက် သောကြောင့်၎င်း, နိပ္ပန္နရုပ် (၁၈) ပါးတို့သည်သာ ပရမတ်ရုပ်အစစ်ဖြစ်ပါသည်။

အနိပ္ပန္နရုပ် (၁၀) ပါးတို့ကား ပညတ်ရုပ်အုပ်စု ရုပ်အတုများသာဖြစ်ပါသည်။

သာဓက ။ ရုပ်စာပို၌-၁၁၊ သမုစ္စည်းစာပို၌-၁။

http://www.dhammadownload.com

ဝိပဿနာဂ္ဂကောင်းသောရုပ်, မဂ္ဂကောင်းသောရုပ်

ဘူတရုပ် (၄) ခု စသော နိပ္ဖန္နရုပ် (၁၈) ပါးတို့ကိုသာ လက္ခဏရုပ်ဟူ၍၄င်း၊ သမ္မသနရုပ်ဟူ၍၄င်း ဆိုထားသောကြောင့် ဘူတရုပ်စသော နိပ္ဖန္နရုပ် (၁၈) ပါးသည်သာ ဝိပဿနာဂ္ဂကောင်းသောရုပ် ဖြစ်ပါသည်။

အနိပ္ဖန္နရုပ် (၁၀) ပါးကား ဝိပဿနာမဂ္ဂကောင်းသောရုပ် ဖြစ်ပါသည်။

သာဓက ။ **ရုပ်စာပို ဒ်-၁၁၊ ၁၇။**

နိပ္ဖန္နရုပ် (၁၈) ပါးနှင့် အနိပ္ဖန္နရုပ် (၁၀) ပါးတို့၏ အမည်ထူးများ

ဘူတရုပ်စသော ရုပ် (၁၈) ပါးတို့ကို သဘာဝရုပ်, သလက္ခဏရုပ်, နိပ္ဖန္နရုပ်, ရူပရုပ်, သမ္မသနရုပ်ဟူသော အမည်ထူးတို့ဖြင့် ခေါ်နိုင်သည်။

အာကာသဓာတ်စသော ရုပ် (၁၀) ပါးတို့ကို အသဘာဝရုပ်, အလက္ခဏရုပ်, အနိပ္ဖန္နရုပ်, အရူပရုပ်, အသမ္မသနရုပ်ဟူသော အမည်ထူးတို့ဖြင့် ခေါ်နိုင်သည်။

သာဓက ။ **ရုပ်စာပို ဒ်-၁၁။**

သဘာဝရုပ် စသောအမည်ထူးတို့၏အဓိပ္ပါယ်များ

(၁) ကက္ခဋတ္တအစရှိသော ကိုယ်ပိုင်လက္ခဏာအသီးသီးရှိသောကြောင့် ဘူတရုပ်စသော (၁၈) ပါးတို့ကို သဘာဝရုပ်ဟုခေါ်သည်။

ဆောင် * **ကက္ခဋတ္တာ၊ စသည်လက္ခဏာ၊ ကိုယ်စီပါကြ၊ ဆယ့်ရှစ်ဝ၊ သဘာဝဟု ခေါ်။**

(၂) အနိစ္စတာအစရှိသော သာမညလက္ခဏာရှိသောကြောင့် သလက္ခဏရုပ်ဟု လည်းခေါ်သည်။

ဆောင် * **အနိစ္စတာ၊အစလာသည့်၊ လက္ခဏာသာမည၊ ပါရှိကြ၊ သလက္ခဏခေါ်။**

(၃) ကံ, စိတ် စသော အကြောင်းတို့ကဖြစ်စေအပ်သောကြောင့် နိပ္ဖန္နရုပ်ဟုလည်း ခေါ်သည်။

ဆောင် * **ကံ, စိတ်စသား၊ ဆိုင်ရာများက၊ ဖြစ်ပွားစေကြ၊ ဆယ့်ရှစ်ဝ၊ နိပ္ဖန္နဟု ခေါ်။**

(၄) ရှေးအစဉ်မှ တစ်မျိုးတစ်ဖုံဖောက်ပြန်တတ်သောကြောင့် ရူပရုပ်ဟုလည်းခေါ်သည်။

ဆောင် * **ရှေးအစဉ်မှ၊ ဖောက်ပြန်ကြ၊ ရူပရုပ်ဟုခေါ်။**

(၅) လက္ခဏာယာဉ် (၃) ပါးသို့တင်၍ ဆင်ခြင်သုံးသပ်ကောင်းသောကြောင့် သမ္မသနရုပ်ဟုလည်းခေါ်သည်။

ဆောင် * **လက္ခဏာတင်၊ ဆင်ခြင်အပ်စွ၊ ဆယ့်ရှစ်ဝ၊ သမ္မသနခေါ်။**

http://www.dhammadownload.com

ပရိစ္ဆေဒရူပ် အဓိပ္ပါယ်

ရူပ်အဖွဲ့အစည်းကလာပ်တို့ကို တစ်ခုနှင့် တစ်ခုမရောနှောအောင် ပိုင်းခြားပေးတတ်သော အပေါက်အကြားဖြစ်သောကြောင့် အာကာသဓာတ်ကို ပရိစ္ဆေဒရူပ်ဟုခေါ်သည်။

အာကာသဓာတ်နှင့် အာကာသပညတ်တို့၏အထူး

ရူပ်ကလာပ်သည် (၂) ခုပေါင်းဆုံမိသောအခါ တစ်ခုနှင့်တစ်ခု မရောယှက်အောင် အလယ်ကောင်က ပိုင်းခြားတတ်သော အကြားအရပ်ဟူသော ပရိစ္ဆေဒရူပ်သည် အာကာသဓာတ်မည်၏။ အာကာသကသိုဏ်းမှ တစ်ပါးသော ကသိုဏ်း (၉) ပါးကို ပယ်ခွာခြင်းကြောင့် ရအပ်သော ကောင်းကင်ပညတ်သည် အာကာသပညတ်မည်၏။ ဤသို့ ထူးပါသည်။

သာဓက ။ **ရူပ်စာပို၌-၁၂၊ ပစ္စည်းစာပို၌-၄၀။ ကမ္မဋ္ဌာန်းစာပို၌-၃၆။**

ဝိညတ်ရူပ် အဓိပ္ပါယ်

မိမိ၏အတွင်းသဘောအလိုဆန္ဒကို သိစေနိုင်သောအမူအရာအထူးဖြစ်သောကြောင့် ကိုယ်ဟန်, နှုတ်သံတို့ကို ဝိညတ်ရူပ်ဟုခေါ်သည်။

ဝိကာရရူပ် အဓိပ္ပါယ်

နိပ္ပန္နရူပ်တို့၏ပကတိအနေထက် ထူးခြားသောအမူအရာဖြစ်သောကြောင့် ရူပဿလဟုတာစသော ရူပ် (၅) ပါးကို ဝိကာရရူပ်ဟုခေါ်သည်။

ရူပဿ လဟုတာဒ် ရူပအရ

ထူးခြားသော အမူအရာ (ဝိကာရ) ဟုဆိုအပ်သော လဟုတာ စသည်တို့သည် ရှေးအတိတ်ကံကြောင့်ဖြစ်သော ကမ္မဇဟူ၍ မရှိနိုင်သောကြောင့်၄င်း၊ စိတ်, ဥတု, အာဟာရကြောင့်ဖြစ်သော တိဇရူပ်တို့တွင်လည်း အနိပ္ပန္နရူပ်တို့သည် ပညတ်သဘောမျှသာဖြစ်၍ ပရမတ်ရူပ်အစစ် မဟုတ်သောကြောင့်၄င်း၊ ရူပဿလဟုတာ စသည်၌ပါသော ရူပအရ စိတ်, ဥတု, အာဟာရကြောင့်ဖြစ်သော တိဇနိပ္ပန္နရူပ်တို့ကိုသာ ယူရပါမည်။

သာဓက ။ **ရူပ်စာပို၌-၁၁၊ ၃၇၊ ၃၈၊ ၄၀။**

http://www.dhammadownload.com

လက္ခဏရူပ် အဓိပ္ပါယ်

နိပ္ဖန္နရူပ်တို့၏ ဖြစ်တည်ပျက်မကင်း သခ်ၤတဖြစ်ခြင်းကို အခိုက်အတန့်အစွမ်းဖြင့် မှတ်သားကြောင်းဖြစ်သောကြောင့် ဥပစယစသော ရူပ် (၄) ပါးတို့ကို လက္ခဏရူပ်ဟုခေါ်သည်။

ရူပဿ ဥပစယော၌ ရူပအရ

ရူပဿ ဥပစယော၌ ရူပအရ စက္ခုစသော စတုဇနိပ္ဖန္နရူပ်တို့ကို ယူရမည်။

နိပ္ဖန္နရူပ်သည် သခ်ၤတ

နိပ္ဖန္နရူပ်များသည် သက်ဆိုင်ရာ အကြောင်းတရားတို့က စီမံလိုက်၍ ဖြစ်ပေါ်လာလျက် ရင့်ရော်ပျက်စီးရသော သဘော, ဖြစ်တည်ပျက် လက္ခဏာရှိသောကြောင့် နိပ္ဖန္နရူပ်သည် သခ်ၤတသာဖြစ်၏။

သာဓက ။ ရူပ်စာပိုဒ် ၁၅၊ ၁၈။

သခ်ၤပင်များကြီးထွားလာမှု၏ အကြောင်းရင်း

ဥတုဇနိပ္ဖန္နရူပ်တို့၏ အစဆုံးဖြစ်ပေါ်မှု၊ ပြည့်စုံအောင်တိုး၍ ဖြစ်ပေါ်မှု ဥပစယသဘော၊ ပြည့်စုံအောင် ဖြစ်ပြီးနောက် ဆက်စပ်၍ အထပ်ထပ်ဖြစ်မှု၊ သန္တတိ သဘောဟူသော ဇာတိရူပ်၏သဘာဝများ ဖြစ်ပွားနေမှု ကြောင့်သစ်ပင်များကြီးထွားလာခြင်း၊ စိမ်းလန်းစိုပြည်နေခြင်းများကို ရှင်သန်သည်ဟု ခေါ်နေကြပါသည်။ သစ်ပင်များ ကြီးထွားလာခြင်း၊ စိုပြည်ခြင်းများသည် ဇီဝိတဟူသော အသက်ရှင်မှု သဘောမျိုး မဟုတ်ပါ။

သာဓက ။ ရူပ်စာပိုဒ်-၁၅၊ ၁၆ ။

ဥပစယနှင့် သန္တတိထူး/မထူး

ဆရာမြတ်တို့၏အလိုအားဖြင့် ဥပစယနှင့် သန္တတိတို့ ထူးခြားချက်ရှိသော်လည်း အနုရူဒ္ဓါဆရာ၏အလိုအားဖြင့်ရူပ်၏ဥပါဒ်ဟူသော ဇာတိသဘောမှန်သမျှကို ဥပစယဟုလည်း ခေါ်နိုင်၊ သန္တတိဟုလည်းခေါ်နိုင်သည်ဟုသိစေလို၍ ဇာတိရူပ်(၁)ခုတည်းကိုပင် ဥပစယနှင့်

http://www.dhammadownload.com

သန္တတိဟူသော နာမည် (၂) မျိုးဖြင့်မိန့်ဆိုထားသောကြောင့် ဥပစယနှင့် သန္တတိထူးခြားမှုမရှိပါ။

သာဓက ။ **ဇာတိရူပမေဝ ပနေတ္ထ ဥပစယသန္တတိနာမေန ပဝုစ္စတိ**။

* * * * * * *

ရူပဒီဘာဂ မြင်ကွင်း

ဧကဝိဓနည်းအရ ရူပ် (၂၈) ပါး၏အမည်ထူးများ

ရူပ် (၂၈) ပါးကို ဧကဝိဓနည်းအားဖြင့် ဝေဘန်လျှင် ရူပ်တရားမှန်သမျှ (သမ္မယုတ်ဟိတ်မရှိသောကြောင့်) **အဟေတုက**မည်၏၊ (ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းရှိသောကြောင့်) **သပ္ပစ္စယ**မည်၏၊ (အာသဝေါတရားတို့၏အာရုံဖြစ်သောကြောင့်) **သာသဝ**မည်၏၊ (ကံ စသောအကြောင်းတို့သည် ပြုပြင်စီမံအပ်သောကြောင့်) **သင်္ခတ**မည်၏၊ (သခီါရလောကဌိပါဝင်သောကြောင့်) **လောကိယ**မည်၏၊ (ကာမတဏှာ၏ကျင်လည်ရာဖြစ်သောကြောင့်) **ကာမာဝစရ** မည်၏၊ (အာရုံကို မယူနိုင်သောကြောင့်) **အနာရမ္မဏ**မည်၏၊ (တဒင်္ဂစသည်၏အစွမ်းဖြင့် မပယ်အပ်သောကြောင့်) **အပ္ပဟာတဗ္ဗ**မည်၏။

သာဓက ။ **ရူပ်စာပိုဒ်-၁၈**။

သပ္ပစ္စယအရတွင် မပါဝင်သောရူပ်များ

လက္ခဏရူပ် (၄) ခုတို့သည် မည်သည့်အကြောင်းကြောင့်မျှမဖြစ်သော နကုတောစိသမုဋ္ဌာနရူပ်များဖြစ်သောကြောင့် သပ္ပဋ္ဌပနေတဲ့ ရူပ် (၁) သပ္ပစ္စယံဌ သပ္ပစ္စယအရတွင် မပါဝင်နိုင်ပါ။

သာဓက ။ **ရူပ်စာပိုဒ်-၄၂**။

မှတ်ရန် ။ **သပ္ပဋ္ဌပနေတဲ့ ရူပ် (၁) သပ္ပစ္စယံဌ သပ္ပစ္စယနှင့်စပ်ခိုက် သပ္ပသဒ္ဒါသည် အကြွင်းကျန်နှင့်တကွသော သာဝသေသသပ္ပဟုမှတ်ပါ**။

ရူပ်တရားမှန်သမျှ လောကိယာ

ရူပ်တရားမှန်သမျှသည် လောကိယမည်၏ဟုဆိုထားသောကြောင့် ရူပ်သည်

http://www.dhammadownload.com

လောကီရုပ်, လောကုတ္တရာရုပ်ဟု (၂) မျိုးမရှိနိုင်ပါ။ ရုပ်တရားမှန်သမျှ လောကီသာဖြစ်ပါသည်။

သာဓက ။ **သဗ္ဗဉ္ဉု ပနေတံ ရူပံ လောကိယံ (ရုပ်စာပိုဒ်-၁၈)။**

မှတ်ရန် ။ **အထက်ပါအကြောင်းပြနှင့် ပါဠိသာဓကတို့ကို ထောက်ဆ၍ ဘုရားရှင်တို့၏တရားဟောသံ၊ စာသင်သားများ၏ စာကျက်သံ စသည်တို့သည် လောကီသာဖြစ်သည်ဟု မှတ်ပါ။**

ရူပ် (၂၈) ပါးကို ဧကနည်းအားဖြင့်လည်း ဝေဘန်ပြ

ရုပ် (၂၈) ပါးကို အဏ္ဏတ္တိက, ဗာဟိရ စသည်ဖြင့် ဒုကနည်းအားဖြင့် ဝေဘန်ပြသကဲ့သို့ ရုပ် (၂၈) ပါးသည် အဟေတုက မည်၏။ သပ္ပစ္စယမည်၏ စသည်ဖြင့် ဧကနည်းအားဖြင့်လည်း အရှင်အနုရုဒ္ဓါဝေဘန်ပြပါသည်။

သာဓက ။ **ရူပံ စာပိုဒ်-၁၈။**

အာရုံကို ခံစားမှုသည် နာမ်တရား၏သဘာဝ

ရုပ်တရားမှန်သမျှသည် အာရုံကို မယူတတ်သော အနာရမ္မဏတရားဖြစ်သည်ဟု ဆိုထားသောကြောင့် ကောင်းသောအာရုံ, မကောင်းသောအာရုံကို ဟဒယဝတ္ထုဟုဆိုအပ်သော နှလုံးသားက မသိနိုင် မခံစားနိုင်ပါ။ ဟဒယဝတ္ထုဟု ဆိုအပ်သော နှလုံးသားကို မှီ၍ဖြစ်သော စိတ်, စေတသိက် ဟူသော နာမ်တရားများကသာ ခံစားတတ်, သိတတ်ကြပါသည်။

သာဓက ။ **သဗ္ဗဉ္ဉု ပနေတံ ရူပံ အနာရမ္မဏံနှင့် ပကိဏ်းစာပိုဒ်-၆၉၊ ၇၀။**

ဒုကနည်းအရ ရူပ် (၂၈) ပါးတို့၏အမည်ထူးများ

ရုပ် (၂၈) ပါးကို ဒုကနည်းဖြင့်ဝေဘန်လျှင် အဏ္ဏတ္တိကရုပ်, ဗာဟိရရုပ်ဟုငှင်း၊ ဝတ္ထုရုပ်, အဝတ္ထုရုပ်ဟုငှင်း၊ ဒွါရရုပ်, အဒွါရရုပ်ဟုငှင်း၊ ဂ္ဂဟိဏိယရုပ်, အနိဂ္ဂဟိဏိယရုပ်ဟုငှင်း၊ ဩဠာရိကရုပ်, သုခုမရုပ်၊ သန္တိကေရုပ်, ဒူရေရုပ်၊ သပ္ပဋိဃရုပ်, အပ္ပဋိဃရုပ်ဟုငှင်း၊ ဥပါဒိန္နရုပ်, အနုပါဒိန္နရုပ်ဟုငှင်း၊ သနိဒဿနရုပ်, အနိဒဿနရုပ်ဟုငှင်း၊ ဂေါစရဂ္ဂါဟိကရုပ်, အဂေါစရဂ္ဂါဟိကရုပ်ဟုငှင်း၊ အဝိနိဗ္ဘောဂရုပ်, ဝိနိဗ္ဘောဂရုပ်ဟုငှင်း၊ အုပ်စု (၂) ခုစီ အမည်ထူး (၂) မည် ရနိုင်ပါသည်။

သာဓက ။ **သဗ္ဗဉ္ဉု ပနေတံ ရူပံ အဏ္ဏတ္တိကဗာဟိရာဒိဝသေန ဗဟုဓာ ဘေဒံ ဂစ္ဆတိ။**

http://www.dhammadownload.com

အဇ္ဈတ္တိကရုပ်, ဗာဟိရရုပ်

ပသာဒရုပ် (၅) ပါးသည် (ကိုယ်ခန္ဓာအားကျေးဇူးအများဆုံးဖြစ်သောကြောင့်) အဇ္ဈတ္တိကရုပ်မည်၏။ ကျန်ရုပ် (၂၃) ပါးသည် (ကျေးဇူးသိပ်မများသောကြောင့်) ဗာဟိရရုပ်မည်၏။

သာဓက ။ **ရုပ်စာပို ၉-၁၉**။

ဝတ္ထုရုပ်, အဝတ္ထုရုပ်

ပသာဒရုပ် (၅) ပါး၊ ဟဒယရုပ် (၁) ပါးအားဖြင့် (၆) ပါးသောရုပ်သည် (စိတ်, စေတသိက်တို့၏မှီရာဖြစ်သောကြောင့်) ဝတ္ထုရုပ်မည်၏။ ကျန်ရုပ် (၂၂) ပါးသည် (စိတ်, စေတသိက်တို့၏မှီရာမဟုတ်သောကြောင့်) အဝတ္ထုရုပ်မည်၏။

သာဓက ။ **ရုပ်စာပို ၉-၂၀**။

ဝတ္ထုရုပ်မည်ခြင်းအကြောင်း

ပသာဒရုပ်နှင့် ဟဒယရုပ်တို့သည် စိတ်, စေတသိက် ဟူသော ပဋိဉာဏဓာတ်, မနော ဓာတ်, မနောဝိညာဏဓာတ်တို့၏ မှီရာဖြစ်သောကြောင့် ဝတ္ထုရုပ်မည်ပါသည်။

သာဓက ။ **ပကိဏ်းစာပို ၆၈၊ ၆၉၊ ၇၀**။

ဥပါဒါရုပ်တို့၏မှီရာ မဟာဘူတ်တို့ကို ဝတ္ထုရုပ်ဟုမခေါ်နိုင်

စိတ်, စေတသိက်ဟူသော ပဋိဉာဏဓာတ်, မနောဓာတ်, မနောဝိညာဏဓာတ်တို့၏ မှီရာကိုသာ ဝတ္ထုရုပ်ဟုခေါ်သောကြောင့် ဥပါဒါရုပ်တို့၏မှီရာ မဟာဘူတ်တို့ကို ဝတ္ထုရုပ်ဟုမခေါ်နိုင်ပါ။

သာဓက ။ **ပကိဏ်းစာပို ၆၈၊ ၆၉၊ ၇၀နှင့် စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ**။

ဒွါရရုပ်, အဒွါရရုပ်

ပသာဒရုပ် (၅) ပါး၊ ဝိညတ်ရုပ် (၂) ပါးအားဖြင့် (၇) ပါးသောရုပ်သည် (ဝီထိစိတ်၏ဖြစ်ကြောင်း၊ ကာယက်, ဝစီက်၏အထမြောက်ကြောင်းဖြစ်သောကြောင့်) ဒွါရရုပ်မည်၏။ ကျန်ရုပ် (၂၁) ပါးသည် (အကြောင်းမဟုတ်သောကြောင့်) အဒွါရရုပ်မည်၏။

သာဓက ။ **ရုပ်စာပို ၉-၂၁**။

http://www.dhammadownload.com

ဒွါရရုပ်မည်ခြင်းအကြောင်း

ဝိထိစိတ်တို့ဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ပသာဒရုပ် (၅)ခုသည် ဥပပတ္တိဒွါရမည်၏။ ကာယက်, ဝစီက်တို့ဖြစ်ခြင်း၏အကြောင်းဖြစ်သောကြောင့် ဝိညတ်ရုပ် (၂)ခုသည် ကမ္မဒွါရမည်၏။

သာဓက ။ **ပကိဏ်းစာပို ဒ်-၃၉၊ ဝိထိစာပို ဒ်-၆၊ (ဥပပတ္တိဒွါရအတွက်)။**
ကာယဝိညတ္တိသခ်ါ တေ (ပ) ကာယကမ္မံနာမ။ ဝစီဝိညတ္တိသခ်ါတေ (ပ) ဝစီကမ္မံနာမ (ကမ္မဒွါရအတွက်)။

ကွန္ဒြိယရုပ်, အနိန္ဒြိယရုပ်

ပသာဒရုပ် (၅) ပါး၊ ဘာဝရုပ် (၂) ပါး၊ ဇီဝိတရုပ် (၁) ပါးအားဖြင့် (၈) ပါးသောရုပ်သည် (မြင်ခြင်းအစရှိသော မိမိတို့၏ဆိုင်ရာကိစ္စ၌ အစိုးရသောကြောင့်) ကွန္ဒြိယရုပ်မည်၏။ ကျန်ရုပ် (၂၀) သည် (အစိုးရမှုမရှိသောကြောင့်) အနိန္ဒြိယရုပ်မည်၏။

သာဓက ။ **ရုပ်စာပို ဒ်-၂၂။**

ဩဇဋ္ဌမကရုပ်, သုခုမရုပ်စသည်များ

ပသာဒရုပ် (၅)ပါး၊ ဝိသယရုပ် (၇) ပါးအားဖြင့် (၁၂) ပါးသောရုပ်သည် (ဉာဏ်ဖြင့် ဆင်ခြင်ကြည့်ရှုသောအခါ ပေါ်လွင်စွာသိရသောကြောင့်) ဩဇဋ္ဌမကရုပ်မည်၏။ (သိလွယ်သောကြောင့်) သန္ဓိကေရုပ်လည်းမည်၏။ (ဓာတ်သဘာဝအလိုက် ထိခိုက်တတ်သောကြောင့်) သပ္ပဋိဃရုပ်လည်းမည်၏။ ကျန်ရုပ် (၁၆) ပါးသည် (ဉာဏ်ဖြင့်ဆင်ခြင်ကြည့်ရှုသောအခါ ထင်ရှားစွာမသိရသောကြောင့်) သုခုမရုပ်မည်၏။ (သိရန်မလွယ်ကူသောကြောင့်) ဒူရေရုပ်လည်း မည်၏။ (ဓာတ်သဘာဝအလိုက် မထိခိုက်တတ်သောကြောင့်) အပ္ပဋိဃရုပ်လည်းမည်၏။

သာဓက ။ **ရုပ်စာပို ဒ်-၂၃။**

ဥပါဒိန္နရုပ်, အနုပါဒိန္နရုပ်

ကမ္မဇရုပ် (၁၈) ခုသည် (ကံက ငါ၏အကျိုးဟုစွဲယူအပ်သောကြောင့်) ဥပါဒိန္နရုပ်မည်၏။ ကျန်သောတိဇရုပ်သည် (ကံက ငါ၏အကျိုးဟု မစွဲယူအပ်သောကြောင့်)အနုပါဒိန္နရုပ်မည်၏။

သာဓက ။ **ရုပ်စာပို ဒ်-၂၄။**

http://www.dhammadownload.com

ဥပါဒိန္နရုပ်, အနုပါဒိန္နရုပ် (၂) မျိုးလုံးပင် မဟုတ်သောရုပ်

ကမ္မဇရုပ်ကို ဥပါဒိန္နရုပ်ဟု သတ်မှတ်၍ ကမ္မဇရုပ်မှ (၁) ပါးသော တိဇရုပ်ကို အနုပါဒိန္နရုပ်ဟုသတ်မှတ်ပြဆိုသောကြောင့် ဥပါဒိန္နရုပ်လည်းမဟုတ်၊ အနုပါဒိန္နရုပ်လည်း မဟုတ်သောရုပ်ကား လက္ခဏရုပ် (၄) ခုဖြစ်ပါသည်။

သာဓက ။ ရုပ်စာပို ဒ်-၂၄၊ ၄၂။

သနိဒဿနရုပ်, အနိဒဿနရုပ်

ရူပါရုံသည် (စက္ခုဝိညာဏ်ဖြင့် မြင်နိုင်သောကြောင့်) သနိဒဿနရုပ်မည်၏။ ကျန်ရုပ် (၂၇) ပါးသည် (စက္ခုဝိညာဏ်ဖြင့် မမြင်နိုင်သောကြောင့်) အနိဒဿနရုပ်မည်၏။

သာဓက ။ ရုပ်စာပို ဒ်-၂၅။

မျက်စိဖြင့် ကြည့်၍ရသော ပရမတ္ထတရား

ရုပ်တရားတွင် ပါဝင်သော ရူပါရုံကို စက္ခုဝိညာဏ်ဖြင့် မြင်နိုင်သောကြောင့် ပရမတ္ထတရားမှန်သမျှ မျက်စိဖြင့် ကြည့်၍မရဟူသော စကားသည် အဘိဓမ္မာတရားနှင့်မညီ၊ ရူပါရုံဟူသော ရုပ်ပရမတ်တရားကို မျက်စိဖြင့် ကြည့်၍ရနိုင်ပါသည်။

သာဓက ။ ရုပ်စာပို ဒ်-၂၅။

လေကို မျက်စိဖြင့် မမြင်နိုင်

ရူပါရုံတစ်မျိုးတည်းကိုသာ မျက်စိဖြင့် မြင်နိုင်သောကြောင့် ရူပါရုံမဟုတ်သော ဘူတရုပ် စာရင်းဝင် (ဝါယောဓာတ်) လေကို မျက်စိဖြင့် မမြင်နိုင်ပါ။

သာဓက ။ ရုပ်စာပို ဒ်-၄၊ ၂၅။

ဂေါစရဂ္ဂါဟိကရုပ်, အဂေါစရဂ္ဂါဟိကရုပ်

သမ္မတ္တဂ္ဂါဟကမည်သော စက္ခု, သောတ (၂) ပါး၊ အသမ္မတ္တဂ္ဂါဟကမည်သော ဃာန, ဇိဝှာ, ကာယ (၃) ပါးအားဖြင့် (၅) ပါးသောရုပ်သည် (အာရုံကိုယူတတ်သောကြောင့်) ဂေါစရဂ္ဂါဟိကရုပ်မည်၏။ ကျန်ရုပ် (၂၃) ပါးသည် (အာရုံကိုမယူတတ်သောကြောင့်) အဂေါစရဂ္ဂါဟိကရုပ်မည်၏။

သာဓက ။ ရုပ်စာပို ဒ်-၂၆။

http://www.dhammadownload.com

ဂေါစရဂ္ဂါဟိကဟုခေါ်ခြင်းသည် မုချမဟုတ်

စက္ခုပသာဒစသော ရုပ် (၅) ခုတို့သည် အာရုံကိုမယူတတ်သော အနာရမ္မဏတရား များသာဖြစ်သောကြောင့် ဂေါစရဂ္ဂါဟိကဟုခေါ်ခြင်းသည် မုချအားဖြင့် ခေါ်ခြင်းမဟုတ်ပါ။ အာရုံကိုယူတတ်သော ဌာနီစက္ခုဝိညာဏ်စသည်တို့၏ ဂေါစရဂ္ဂါဟိကဟူသောအမည်ကို ဌာန ဖြစ်သော စက္ခုပသာဒစသည်၌တင်စားလျက် ဌာနူပစာအားဖြင့် ဌာနဖြစ်သော စက္ခုပသာဒ စသည်တို့ကိုလည်း ဂေါစရဂ္ဂါဟိကဟုခေါ်ဆိုခြင်းဖြစ်သည်။

အနာရမ္မဏာနှင့် ဂေါစရဂ္ဂါဟိကတို့ မဆန့်ကျင်ပုံ

(ရုပ်သည် မုချ အားဖြင့်အာရုံကိုမယူတတ်သောကြောင့်) ဧကဝိဓနည်းအရ ရုပ်တရား တို့၏ အနာရမ္မဏဟူသောအမည်သည် မုချအမည်သာဖြစ်ပြီး၊ ဒုဝိဓနည်းအရ ဂေါစရဂ္ဂါဟိက ဟူသောအမည်သည် တင်စားသော ဥပစာအမည်သာဖြစ်သောကြောင့် အနာရမ္မဏဟူသော စကားနှင့် ဂေါစရဂ္ဂါဟ်ိကဟူသောစကားတို့မဆန့်ကျင်ပါ။

အရုပ်နှင့် အသံတို့သည် မျက်စိနှင့် နားသို့မရောက်

စက္ခုပသာဒနှင့် သောတပသာဒရုပ်သည် မရောက်မထိ မကပ်ငြိသော အာရုံကိုသာ ယူနိုင်စွမ်းရှိသောကြောင့် ရုပ်မြင်သံကြား ပွဲလမ်းသဘင်စသည်တို့ကို ကြည့်ရှု, နားထောင်သော အခါ အရုပ်နှင့် အသံတို့သည် မျက်စိနှင့် နားသို့ မရောက်ပါ။

သာဓက ။ **ရုပ်စာပို ဒ်-၂၆**။

အဝိနိဗ္ဘောဂရုပ်, ဝိနိဗ္ဘောဂရုပ်

ရူပါရုံ, ဂန္ဓာရုံ, ရသာရုံ, ဩဇာအာဟာရတို့နှင့် မဟာဘုတ် (၄) ပါးအားဖြင့် (၈) ပါး သောရုပ်သည် (၁-ခုစီခွဲခြား၍ မရကောင်းသောကြောင့်) အဝိနိဗ္ဘောဂရုပ်မည်၏။ ကျန်ရုပ် (၂၀) သည် (၁-ခုစီခွဲခြား၍ ရကောင်းသောကြောင့်) ဝိနိဗ္ဘောဂရုပ်မည်၏။

သာဓက ။ **ရုပ်စာပို ဒ်-၂၇**။

http://www.dhammadownload.com

မီးထဲမှာ ရေဓာတ်ပါသည်၊ ရေထဲမှာ မီးဓာတ်ပါသည်ဟူသော စကားသည် မှန်၏

မီးဓာတ်, ရေဓာတ်တို့သည် ခွဲခြားရ၌မရကောင်းသော အဝိနိဗ္ဘောဂရုပ် (၈) ပါးတွင် ပါဝင်သောကြောင့် မီးထဲမှာ ရေဓာတ်ပါသည်, ရေထဲမှာ မီးဓာတ်ပါသည် ဟူသော စကားသည် မှန်၏။

သာဓက ။ ရူပ်စာပိုဒ်-၂၇။

ကျောက်တုံးခဲ့ မီးဓာတ်, ရေဓာတ်ရှိနိုင်

မြေ, မီး, ရေဓာတ်တို့သည် ခွဲခြား၍ မရကောင်းသော အဝိနိဗ္ဘောဂရုပ် (၈) ခုတွင် ပါဝင်သောကြောင့် သက်ရင့်မြေဖြစ်သော သူရိယကန္တကျောက်ခဲ့ မီးဓာတ်ရှိ၏ဟူသော စကားသည်ငင်း၊ စန္ဒြကန္တကျောက်ခဲ့ ရေဓာတ်ရှိ၏ ဟူသော စကားသည်ငင်း၊ အဘိဓမ္မာ တရားနှင့် ညီပါသည်။

သာဓက ။ ရူပ်စာပိုဒ်-၂၇။

လေထဲခဲ့ အာဟာရဓာတ်ပါဝင်

ဩဇာနှင့် ဝါယောဓာတ်တို့သည် ခွဲခြား၍ မရကောင်းသော အဝိနိဗ္ဘောဂရုပ်များ ဖြစ်သောကြောင့်ငင်း၊ အာဟာရရုပ်ဟူသည် ဩဇာကိုပင် ခေါ်ဆိုသောကြောင့်ငင်း လေထဲခဲ့ အာဟာရ ဓာတ်ပါဝင်ပါသည်။

သာဓက ။ ရူပ်စာပိုဒ်-၂၇၊ ၃၆။

* * * * * * *

ရူပသမုဋ္ဌာန မြင်ကွင်း

ဘုံအလိုက်ရထိုက်သော (ရူပသမုဋ္ဌာန) ရူပ်ဖြစ်ကြောင်းများ

ကာမဘုံခဲ့ ကံ, စိတ်, ဥတု, အာဟာရဟူသော ရူပ်ဖြစ်ကြောင်း (၄) ပါးလုံးကို ရထိုက်သည်။ အသညသတ်ကြဉ်သော ရူပ (၁၅) ဘုံခဲ့ အာဟာရမှတစ်ပါး ကျန်ရူပ်ဖြစ်ကြောင်း (၃) ပါးကိုရထိုက်သည်။ အသညသတ်ဘုံခဲ့ ကံ, ဥတုဟူသော ရူပ်ဖြစ်ကြောင်း (၂) ပါးကို ရ

http://www.dhammadownload.com

ထိုက်သည်။ အရူပဘုံ၌ကား မည်သည့်ရုပ်ဖြစ်ကြောင်းကိုမျှ မရထိုက်ပါ။

စတုဇရူပ်တို့၏ ဖြစ်ကြောင်းများကို ရူပ်, နာမ်အားဖြင့် ခွဲပုံ

ကံနှင့် စိတ်တို့သည် နာမ်တရားများသာဖြစ်သောကြောင့်ကမ္မဇရူပ်, စိတ္တဇရူပ်တို့သည် နာမ်ကြောင့်ဖြစ်သောရုပ်တို့တည်း။ ဥတု, အာဟာရတို့သည် ရုပ်တရားများသာ ဖြစ်သောကြောင့် ဥတုဇရူပ်, အာဟာရဇရူပ်တို့သည် ရုပ်ကြောင့်ဖြစ်သော ရုပ်တို့တည်း။

ကမ္မံ စိတ္တံ စသည်၌ ကမ္မအရ မပါဝင်နိုင်သော ကံများ

အရူပကုသိုလ်ကံတို့သည် ရုပ်မရှိသော အရူပဘုံ၌သာ ပဋိသန္ဓေကိုဖြစ်စေနိုင်သောကြောင့် ရုပ်ကိုဖြစ်စေနိုင်သော ကံတို့တွင် မပါဝင်ပါ။ (ကမ္မဇရုပ်ကို မဖြစ်စေနိုင်ပါ။)

သာဓက ။ **ဝိထိမုတ်စာပို၌-၈၇၊ ရူပ်စာပို၌-၆၁။**

လောကုတ္တရာကုသိုလ်ကံတို့သည် စိတ္တက္ခဏတစ်ချက်ကာလ တစ်ကြိမ်မျှသာဖြစ်ပြီးယင်း သို့ဖြစ်ရာအခါ၌လည်း ဖိုလ်တည်းဟူသော အကျိုးကိုဖြစ်စေမှု ပေးနေရသောကြောင့် ရုပ်ကိုဖြစ်စေနိုင်သောကံတို့တွင် မပါဝင်ပါ။ (ကမ္မဇရုပ်ကို မဖြစ်စေနိုင်ပါ။)

သာဓက ။ **စိတ်စာပို၌-၃၄၊ ဝိထိစာပို၌-၃၅။**

မှတ်ရန် ။ **ကမ္မံ စိတ္တံ ဥတု အာဟာရောစေတိ၌ ကံ,စိတ်, ဥတု, အာဟာရတို့၏ အရများကား ကမ္မသမုဋ္ဌာနရူပ်, စိတ္တသမုဋ္ဌာနရူပ်, ဥတုသမုဋ္ဌာနရူပ်, အာဟာရသမုဋ္ဌာနရူပ်တို့၌ ကမ္မ, စိတ္တ, ဥတု, အာဟာရအရတို့နှင့် အတူဟုမှတ်ပါ။**

စိတ်ထောင်းတော့ကိုယ်ကြော်၊ စိတ်ပျို့တော့ကိုယ်နှံ

ရုပ်ဖြစ်ကြောင်းတရား (၄) ပါးတို့တွင် စိတ်လည်းပါဝင်သောကြောင့် စိတ်ထောင်းတော့ကိုယ်ကြော်၊ စိတ်ပျို့တော့ကိုယ်နှံ ဆိုသောစကား၊ စိတ်ချမ်းသာ၍ဝသည်၊ စိတ်ဆင်းရဲ၍ ပိန်သည် ဆိုသောစကား (စိတ်တိုလျှင် အသက်တိုတတ်သည်၊ စိတ်ရှည်မှ အသက်ရှည်မည်ဆိုသောစကားများ) သည် မှန်ပါသည်။

သာဓက ။ **ရူပ်စာပို၌-၂၉။**

မှတ်ရန် ။ **ဥတု, စိတ်, အာဟာရတို့သည် ဧကန်ကမ္မဇရူပ်(၉)ခုတို့၏ ဥပတ္ထမ္ဘနအကြောင်းတို့ဖြစ်သည်ဟု ပရမတ္ထဒီပနီမိန့်ဆိုသောကြောင့် လက်သည်း ( ) ကွင်းအတွင်း စကားများကို ဆိုလိုက်ပါသည်။**

http://www.dhammadownload.com

ကံက ရုပ်ကိုဖြစ်စေပုံ

(၂၅) ပါးသော ကုသိုလ်, အကုသိုလ်စေတနာသည် ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ စိတ်၏**ခဏတိုင်း ခဏတိုင်း၌** ကမ္မဇရုပ်ကိုဖြစ်စေပါသည်။

သာဓက ။ **ရုပ်စာပို ဒ်-၃၀။**

ကမ္မသမုဋ္ဌာနရုပ်၌ ကမ္မအရုန့် ရူပအရ

ကမ္မသမုဋ္ဌာနရုပ်၌ ကမ္မအရုကား အကုသိုလ်က် (၁၂) ပါး၊ ကာမာဝစရကုသိုလ်က် (၈) ပါး၊ ရူပါဝစရကုသိုလ်က် (၅) ပါးအားဖြင့် (၂၅) ပါးသော ကုသိုလ်, အကုသိုလ်၌ရှိသော စေတနာ စေတသိက်တို့ကို ယူရမည်။

သာဓက ။ **ရုပ်စာပို ဒ်-၃၀။**

ရူပအရုကား ပသာဒရုပ် (၅) ပါး၊ ဘာဝရုပ် (၂) ပါး၊ ဇီဝိတရုပ် (၁) ပါး၊ ဟဒယရုပ် (၁) ပါးအားဖြင့် (၉) ပါးသော **ကေန်ကမ္မဇရုပ်**တို့ကိုဂ္ဂင်း၊ အဝိနိဘ္ဘောဂရုပ် (၈) ပါး၊ အာကာသ ဓာတ် (၁) ပါးအားဖြင့် (၉) ပါးသော**အနေကန်ကမ္မဇရုပ်**တို့ကိုဂ္ဂင်း ယူရမည်။

သာဓက ။ **ရုပ်စာပို ဒ်-၃၇၊ ၄၁။**

ရုပ်ကိုဖြစ်စေသော ကံဟူသည် အတိတ်ကံ

ရုပ်ကိုဖြစ်စေသော ကံဟူသည် မိမိသန္တာန်၌ပြုစီမံအပ်ပြီး, ဖြစ်စေအပ်ပြီးသော အတိတ်လောကီကုသိုလ်, အကုသိုလ်စေတနာကံများသာဖြစ်သည်။

သာဓက ။ **အဘိသန်တံ။**

အတိတ်ကံသည် ပတ်ဝန်းကျင် ပုဂ္ဂိုလ်သန္တာန်၌ အကျိုးမပေးနိုင်

တစ်ဦးဦးပြုလုပ်ခဲ့သော အတိတ်ကံသည် ပြုသူ၏အဇ္ဈတ္တသန္တာန်၌သာ ကမ္မဇရုပ်ကို ဖြစ်စေမှု ဟူသော အကျိုးကိုပေးသောကြောင့် ပုဂ္ဂိုလ်တစ်ဦး, တစ်ယောက်ပြုလုပ်ခဲ့သော အတိတ်ကံ သည် ဇနီး, မယား, လင်, သား, သမီး စသော ပတ်ဝန်းကျင်ပုဂ္ဂိုလ်များ၏သန္တာန်၌ အကျိုး မပေးနိုင်ပါ။

သာဓက ။ **အဇ္ဈတ္တိကသန္တာနေ။**

http://www.dhammadownload.com

စိတ်က ရူပ်ကို ဖြစ်စေပုံ

အရူပဝိပါက် (၄) ခုနှင့် ဒွေးပဉ္စဝိညာဏ် (၁၀) မှတစ်ပါး (၇၅) ပါးသောစိတ်တို့သည် ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်မှစ၍ **ဥပါဒ်လျှင်ဥပါဒ်ချင်းပင်** အဖျက်တသန္တာန်၌သာ စိတ္တဇရူပ်ကိုဖြစ်စေသည်။

သာဓက ။ **ရူပ်စာပိုဒ်-၃၁။**

စိတ္တသမုဋ္ဌာနရူပ်၌ စိတ္တအာရုံနှင့် ရူပအာရုံ

စိတ္တသမုဋ္ဌာနရူပ်၌ စိတ္တအာရုံကား အရူပဝိပါက် (၄) ခုနှင့် ဒွေးပဉ္စဝိညာဏ် (၁၀) (ရဟန္တာတို့၏စုတိ) မှတစ်ပါး (၇၅) ပါးသောစိတ်တို့ကို ယူရမည်။

သာဓက ။ **ရူပ်စာပိုဒ်-၃၁။**

ရူပအာရုံကား ဝိညတ်ရူပ် (၂) ပါးဟူသော **ကေန်စိတ္တဇရူပ်**တို့ကိုငင်း၊ သဒ္ဒရူပ်, လဟုတာဒိတ္တယ ၃-ခု, အဝိနိဘ္ဘောဂရူပ် (၈)ပါး၊ အာကာသဓာတ်(၁) ပါးအားဖြင့် (၁၃) ပါးသောအ**နေကန်စိတ္တဇရူပ်**တို့ကိုငင်း ယူရမည်။

သာဓက ။ **ရူပ်စာပိုဒ်-၃၈၊ ၃၉၊ ၄၀၊ ၄၁။**

စွမ်းအင်အလို်က် စိတ်ကရူပ်ကို ဖြစ်စေပုံများ

(၁) မနောဓာတ် (၃) ခု၊ တဒါရုံ (၁၁) ပါး၊ ရူပဝိပါက် (၅) ပါးအားဖြင့် (၁၉) ပါးသော စိတ်တို့သည် ရုပ်သာမညကိုသာ ဖြစ်စေသည်။

(၂) (အဘိညာဉ်ဒွေးမှတစ်ပါး) အပ္ပနာဇော (၂၆) ပါးသည် ကြွရိယာပုထ်ကိုလည်း ထောက်ပံ့ခိုင်စေသည်။ ရုပ်သာမညကိုလည်း ဖြစ်စေနိုင်သည်။

(၃) ဝုဋ္ဌော (၁)ပါး၊ ကာမဇော (၂၉) ပါးတို့တွင် ဒေါသမူဒွေးနှင့် ကာမဥပေက္ခာဇော (၁၄) ပါး၊ အဘိညာဉ် (၂) ပါးအားဖြင့် (၁၉) ပါးသောစိတ်တို့သည် ဝိညတ်ရူပ် (၂) ပါးကို လည်း ဖြစ်စေနိုင်သည်။ ကြွရိယာပုထ်ကိုလည်းထောက် ပံ့ခိုင်စေနိုင်သည်။ ရုပ်သာမညကိုလည်း ဖြစ်စေနိုင်သည်။

(၄) လောဘမူသောမနဿ (၄)ပါး၊ ဟသိတုပ္ပါဒ် (၁) ပါး၊ မဟာကုသိုလ်သောမနဿ (၄) ပါး၊ မဟာကြိယာသောမနဿ (၄) ပါးအားဖြင့် ကာမာဝစရသောမနဿသဟဂုတ်ဇော (၁၃) ပါးတို့သည် ရယ်ရွှင်ခြင်းကိုလည်း ဖြစ်စေနိုင်သည်။ ဝိညတ်ရုပ်ကိုလည်း ဖြစ်စေနိုင်သည်။ ကြွရိယာပုထ်ကိုလည်း ထောက်ပံ့ခိုင်စေနိုင်သည်။ ရုပ်သာမညကိုလည်းဖြစ်စေနိုင်သည်။

http://www.dhammadownload.com

ကြွရိယာပုထ်ကိုလည်း ထောက်ပံ့ခိုင်စေနိုင်သည်။ ရုပ်သာမညကိုလည်းဖြစ်စေနိုင်သည်။

(၅) အရူပဝိပါက် (၄) ခုနှင့် ဒွေပဉ္စဝိညာဏ် (၁၀) ပါးအားဖြင့် (၁၄) ပါးသောစိတ်တို့သည် မည်သည့်ရုပ်ကိုမျှ မဖြစ်စေနိုင်ပါသည်။

သာဓက ။ ရုပ်စာပို၌-၃၁၊ ၃၂၊ ၃၃၊ ၃၄။

ဆောင် * မနောဓာတုံ၊ တဒါရုံက၊ ရူပဝိပါက်၊ ဆယ့်ကိုးချက်မှာ၊ ရုပ်ကိုသာတည်း။
* အပ္ပနာဇဝန၊ ဆဋ္ဌိသကား၊ ယာပထလည်း၊ ဖွဲ့တည်းခိုင်စေ။
* တစ်ထွေဝုဋ္ဌော၊ ကာ, ဥ, ဇောနှင့်၊ ဒေါ, အဘိညာ၊ ဆယ့်ကိုးမှာလျှင်၊ နှစ်ဖြာဝိညတ်၊ ကိုလည်းတတ်၏။
* သောမနသ်ဟု၊ ဆယ့်သုံးခုကား၊ ရယ်မှုရွှင်ခြင်း၊ လည်းပြုလျှင်း၏။
* ကြွင်းအာရုပ္ပ၊ ဝိပါကနှင့်၊ ပဉ္စဝိညာ၊ ဆယ့်လေးဖြာသည်၊ ဘယ်ဟာဖြစ်စေနိုင်ဘူးတည်း။

အပ္ပနာဇဝန်၏အရတွင် အဘိညာဉ်တပ်ခို်က် ပဋ္ဌမစျာန်မပါ

ဝေါဋ္ဌပ္ပနကာမာဝစရဇဝနာဘိညာ ပန အစရှိသည်ဖြင့် အဘိညာဉ်ကို သီးခြားဆိုလတ္တံ့ ဖြစ်သောကြောင့် တတ္ထ အပ္ပနာဇဝန်ဟူသော ဝါကျ၌ အပ္ပနာဇဝန၏အရတွင် အဘိညာဉ်ကိစ္စ တပ်ခိုက်ဖြစ်သော ပဋ္ဌမစျာန်မပါဝင်နိုင်ပါ။

သာဓက ။ ရုပ်စာပို၌-၃၂၊ ၃၃။

ဝေါဋ္ဌပ္ပနကာမာဝစရဇဝနာဘိညာ ပန၌ ကာမာဝစရဇဝနအရ

ကာမာဝစရသောမနဿ သဟဂုတ်ဇော (၁၃) ပါးတို့ကို ရယ်ရွှင်ခြင်းကိုဖြစ်စေနိုင်သော ကာမဇောအဖြစ် သီးခြားဆိုလတ္တံ့ဖြစ်သောကြောင့် ဝေါဋ္ဌပ္ပနကာမာဝစရဇဝနာဘိညာ ပန၌ ဝုဋ္ဌောအရ မနောဒွါရိကဆိုင်ရာမနောဒွါရာဝဇ္ဇန်းနှင့် ကာမာဝစရ ဇဝနအရ မနောဒွါရိကဆိုင်ရာ ဒေါသမူဒွေးနှင့် ကာမဥပေက္ခာဇော (၁၄) ပါးအားဖြင့် ကာမာဝစရဇော (၁၆)ပါးတို့ကိုသာယူရမည်။

သာဓက ။ ရုပ်စာပို၌-၃၃၊ ၃၄။

ပုဂ္ဂိုလ်အလို်က် ရယ်ရွှင်မှု၌ ဖြစ်ထို်က်သောစိတ်

ပုဂုဇဉ်တို့သည် (ကြိယာဇောတို့ကို မရအပ်သောကြောင့်) အကုသိုလ်သောမနဿ

http://www.dhammadownload.com

ဇော (၄) ပါး၊ မဟာကုသိုလ် သောမနဿဇော (၄) ပါး၊ ပေါင်း ကာမသောမနဿဇော (၈) ပါးဖြင့် ရယ်ရွှင်ကြပါသည်။

သာဓက ။ **ဝိထိစာပိုဒ်-၄၄၊ ရူပ်စာပိုဒ်-၃၄။**

သေက္ခပုဂ္ဂိုလ်တို့သည် (ကြိယာဇောနှင့် ဒိဋ္ဌဂတ သမ္မယုတ်ဇောတို့ကို မရအပ်သောကြောင့်) ဒိဋ္ဌဂတ ဝိပ္ပယုတ် အကုသိုလ် သောမနဿဇော (၂) ပါး၊ မဟာကုသိုလ် သောမနဿဇော (၄) ပါး၊ ပေါင်း ကာမသောမနဿဇော (၆) ပါးဖြင့် ရယ်ရွှင်ပါသည်။

သာဓက ။ **ဝိထိစာပိုဒ်-၄၄၊ ၄၅၊ ရူပ်စာပိုဒ်-၃၄။**

ဘုရားရဟန္တာတို့သည် (ကုသိုလ်, အကုသိုလ်ဇောတို့ကို မရအပ်သောကြောင့်) ဟသိတုပ္ပါဒ်ဇော (၁) ပါး၊ မဟာကြိယာ သောမနဿဇော (၄) ပါး၊ ပေါင်း ကာမသောမနဿဇော (၅) ပါး ဖြင့် ရယ်ရွှင်ကြပါသည်။

သာဓက ။ **ဝိထိစာပိုဒ်-၄၃၊ ရူပ်စာပိုဒ်-၃၄။**

ဆောင် * **ရှစ်ပုထုဇန်၊ ခြောက်သေက္ခ၊ ငါးတန် ဘုရားရဟန္တာ။**

* **ရယ်ရွှင်နိုင်ကြောင်း၊ စိတ်အပေါင်း၊ မှတ်တောင်း ဆယ့်သုံးဖြာ။**

ရယ်သောသူအသက်ရှည်၏ဟူသော စကား သဘာဝကျ

ရယ်ရွှင်မှုကိုဖြစ်စေသော ကာမာဝစရသောမနဿဇောစိတ် (၁၃) ပါးတို့သည် ဣရိယာပုထ်ကိုလည်း ထောက်ပံ့ခိုင်စေတတ်ပြီး၊ ကိုယ်လက်ပေါ့ပါး နူးညံ့ကြွခိုင်မှု လဟုတာ, မုဒုတာ, ကမ္မညတာရုပ်တို့ကိုလည်း ဖြစ်စေတတ်သောကြောင့် ရယ်သောသူအသက်ရှည်၏ဟူသောစကားသည် သဘာဝကျပါသည်။

သာဓက ။ **ရူပ်စာပိုဒ်-၃၂၊ ၃၄။**

မချိပြုံးဟူသော စကား သဘာဝမကျ

မချိတင်ကဲ, ဝမ်းနည်းခံပြင်းသော ဒေါသဇောသည် ရယ်ရွှင်ခြင်းကို မဖြစ်စေနိုင်ဘဲ သောမနဿဇောစိတ်သည်သာ ရယ်ရွှင်ခြင်းကိုဖြစ်စေနိုင်သောကြောင့် မချိပြုံးဟူသောစကား သည်သဘာဝမကျပါ။

သာဓက ။ **ရူပ်စာပိုဒ်-၃၄။**

http://www.dhammadownload.com

ဥတုက ရုပ်ကိုဖြစ်စေပုံ

သီတဥတု, ဥဏှဥတုဟူသော တေဇောဓာတ်သည် ဥပါဒ်ပြီးနောက် **ဌီသို့ရောက်မှသာ** လျှင် ဥတုဇရုပ်ကို အဖျတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်၌ ထိုက်သည်အားလျော်စွာဖြစ်စေသည်။
သာဓက ။ **ရုပ်စာပို ဒ်-၃၅။**

ဥတုသမုဋ္ဌာနရူပ်၌ ဥတုအရနှင့် ရူပအရ

ဥတုသမုဋ္ဌာနရူပ်၌ ဥတုအရ အအေးငွေ့, အပူငွေ့ဟူသော တေဇောဓာတ်ကို ယူရမည်။ ရူပအရ သဒ္ဒရုပ် (၁) ပါး၊ လဟုတာ, မုဒုတာ, ကမ္မညတာရုပ် (၃) ပါး၊ အဝိနိဗ္ဘောဂရုပ် (၈) ပါး၊ အာကာသဓာတ် (၁) ပါးအားဖြင့် (၁၃) ပါးသောရုပ်တို့ကိုယူရမည်။
သာဓက ။ **သီတုဏှာတုသမညတာ တေဇောဓာတုနှင့် ရုပ်စာပို ဒ်-၃၉၊၄၀၊၄၁။**

တေဇောဟူသည် အပူနှင့် အအေး

အအေးငွေ့, အပူငွေ့ ဟူသော သီတဥတု, ဥဏှဥတုတို့ကို တေဇောဓာတ်ဟုဆိုသောကြောင့် တေဇောဟူသည် အပူနှင့် အအေး (၂) မျိုးလုံး၏အမည်ဖြစ်ပါသည်။
သာဓက ။ **သီတုဏှာတုသမညတာ တေဇောဓာတု။**

ယထာရဟံဖြင့် ပြဆို့မှု

အဖျတ္တသန္တာန်၌ ဥတုဇရုပ်ကလာပ် (၄) စည်းဖြစ်နိုင်သည်။ ဗဟိဒ္ဓသန္တာန်၌ (၂) စီး ဖြစ်နိုင်သည်။ ဤသို့ထိုက်သည်အားလျော်စွာဖြစ်စေသည်ဟု သိစေလိုသောကြောင့် ဥတုက ရုပ်ကိုဖြစ်စေပုံပြပါဦး၌ ယထာရဟံသဒ္ဒါကိုဆိုပါသည်။

သန္တာန် (၂) မျိုးအုပ်စုအခွဲများ

သက်ရှိသတ္တဝါတို့၏ ရုပ်ခန္ဓာအစဉ်ကို အဖျတ္တသန္တာန်ဟုခေါ်သည်။ အသက်ဝိညာဏ် မရှိသော သစ်ပင်, တောင်, တောင်, ရေ, မြေ, သမုဒ္ဒရာစသည်တို့၏ ရုပ်ခန္ဓာအစဉ်ကို ဗဟိဒ္ဓသန္တာန်ဟုခေါ်သည်။

http://www.dhammadownload.com

အာဟာရက ရုပ်ကိုဖြစ်စေပုံ

သြဇာဟူသော အာဟာရသည် စားမျိုအပ်သည့်အခါ ဌိသို့ရောက်မှသာလျှင် အာဟာရဇရုပ်ကိုဖြစ်စေသည်။

သာဓက ။ ရုပ်စာပို၌-၃၆။

စားစားချင်း အာဟာရဖြစ်/မဖြစ်နှင့် အာဟာရဖြစ်ရကာလ

သြဇာဟူသော အာဟာရသည် စားမျိုး၍ ဌိသို့ရောက်မှသာလျှင် အာဟာရဇရုပ်ကို ဖြစ်စေနိုင်သောကြောင့် စားစားချင်းအာဟာရမဖြစ်နိုင်ပါ။ (ဗီတာမင်ဓာတ်) သြဇာပျံ့နှံ့သည့် အခါမှစ၍ စိတ်၏ခဏတိုင်း၌ အာဟာရဖြစ်လာပါသည်။

သာဓက ။ ရုပ်စာပို၌-၃၆နှင့် သြဇာဖရဏမုပါဒါယ အာဟာရသမုဋ္ဌာနာ။

အစာကျေညက်မှ အာဟာရဖြစ်၏ဟူသည် ဟုတ်/မဟုတ်

သြဇာဟူသော အာဟာရသည် စားမျိုး၍ ဌိသို့ရောက်လျှင် ဗီတာမင်ဓာတ်, သြဇာပျံ့နှံ့ ခိုန်မှစ၍ အာဟာရဇရုပ်ဖြစ်လာသည်ဟုဆိုသောကြောင့် အစာကျေညက်မှအာဟာရဖြစ်၏ ဟူသည်မဟုတ်ပါ။

သာဓက ။ ရုပ်စာပို၌-၃၆နှင့် သြဇာဖရဏမုပါဒါယ အာဟာရသမုဋ္ဌာနာ။

အာဟာရသမုဋ္ဌာန ရူပ်၌ အာဟာရအရ နှုပအရ

အာဟာရသမုဋ္ဌာနရူပ်၌ အာဟာရအရ အစားအစာများ၌ပါဝင်သော အဆီ, အနှစ်, အစေး (ဗီတာမင်ဓာတ်) သြဇာကို ယူရမည်။

သာဓက ။ သြဇာသဒ်္ဓါတော အာဟာရော။

ရူပအရကား လဟုတာအစရှိသော ရုပ် (၃) ခုအပေါင်းနှင့် အဝိနိဘ္ဘောဂရုပ် (၈) ခု၊ အာကာသဓာတ် (၁) ပါးအားဖြင့် (၁၂) ပါးသော ရုပ်တို့ကိုယူရမည်။

သာဓက ။ ရုပ်စာပို၌-၄၀၊ ၄၁။

ယောက်ျားကို မိန်းမ, မိန်းမကို ယောက်ျားအဖြစ်သို့ ပြုပြင်ပြောင်းလဲ၍မရ

ဘာဝရုပ်(၂) ပါးသည် ကမ္မဇရုပ်ဧကန်ဖြစ်သောကြောင့် ဆေးပညာနည်းစနစ်၊ သိပ္ပံ

http://www.dhammadownload.com

နည်းစနစ်စသည်တို့ဖြင့် ယောကျ်ားကို မိန်းမအဖြစ်၊ မိန်းမကို ယောကျ်ားအဖြစ် ပြုပြင်ပြောင်းလဲ၍မရပါ။

သာဓက ။ ရုပ်စာပို ဒ်-၃၇။

မှတ်ရန် ။ **အထက်ပါအကြောင်းပြနှင့် ပါဠိသာဓကတို့ကိုထောက်၍ ကံကောင်းလို့ယောကျ်ားလေးဖြစ်ရသည်ဆိုသောစကား မှန်ကြောင်းကိုလည်းသိ။**

နှလုံးအစားထိုးကုသ၍ ရ/မရ

ဟဒယဝတ္ထုရုပ်ဖြစ်သည့် နှလုံးအစစ်သည် ကမ္မဇရုပ်ကေန်ဖြစ်သောကြောင့် ဟဒယဝတ္ထုရုပ်နှလုံးအစစ်ဖြစ်ကြောင်း(အတိတ်ကံ) အရှိန်အဟုန်မကုန်သေးသူတို့အား နှလုံးအစားထိုးကုသ၍ရနိုင်သော်လည်း ဟဒယဝတ္ထုရုပ် နှလုံးအစစ်ဖြစ်ကြောင်း(အတိတ်ကံ) အရှိန်အဟုန်ကုန်ပြီးသူ တို့အားနှလုံးအစားထိုးကုသ၍ မရနိုင်ပါ။

သာဓက ။ ရုပ်စာပို ဒ်-၃၇။

မှတ်ရန် ။ **ဤကား ဒေသနာတော်လာ ဟဒယဝတ္ထုရုပ်၏ နှလုံးအစစ်ဟူသောအမည်ကို နှလုံးသား အသားစိုင်ပေါ်၌တင်စား၍ ကာရဏူပစာ, အထင်ရှုဋ္ဌအားဖြင့်ယူဆ,လျှင် ယခုခေတ်ဆရာဝန်များက ရင်ဘတ်၏ဘယ်ဘက် ၌ရှိသော နှလုံးအသားစိုင်ကို နှလုံးဟုဆိုခြင်းသည် သဘာဝကျသည်ဟု ကြံဆလျက် တင်ပြချက်တည်း။ (မျက်လုံးအစားထိုးကုသ၍ ရ/မရ စသည်တို့ကိုလည်း ဤနည်းအတူ ကြံဆပါ။)**

ယောကျ်ားစိတ်ပေါက်ရုံမျှဖြင့် ယောကျ်ားမဖြစ်နိုင်

ဘာဝရုပ်, ဇီဝိတရုပ်သည် ကမ္မဇရုပ်ကေန်ဖြစ်သောကြောင့်၎င်း၊ ကျွတ္ထိဘာဝဒသက, ပုမ္ဘာဝဒသကတို့သည် ကမ္မသမုဋ္ဌာနကလာပ်သာဖြစ်သောကြောင့်၎င်း၊ မိန်းကလေး(၁)ယောက်သည် ယောကျ်ားလေးစိတ်ပေါက်ရုံမျှဖြင့် သက်ရှိ ထင်ရှားမျက်မှောက်ဘဝ၌ ယောကျ်ားလေးမဖြစ်နိုင်ပါ။

သာဓက ။ ရုပ်စာပို ဒ်-၃၇၊ ၄၆။

စိတ်နှင့်ဖြစ်ပျက်တူရုပ်တရား

စိတ်နှင့်ဖြစ်ပျက်တူ ရုပ်တရားကား ဝိညတ်ဒွေးဖြစ်ပါသည်။

သာဓက ။ ရုပ်စာပို ဒ်-၃၈။

http://www.dhammadownload.com

သဒ္ဒ ဒုပ်နှစ် (၂) မျိုး

သက်ရှိသတ္တဝါတို့၏ စကားပြောသံ, ရယ်မောသံ, ငိုကြွေးသံစသော သဝိညာဏက သဒ္ဒဟူသော စိတ္တဇသဒ္ဒအုပ်စု၊ သက်ရှိသတ္တဝါတို့၏ ဝမ်းတွင်းလေသံနှင့် သက်မဲ့အရာဝတ္ထုနှင့် ဆက်စပ်သော မိုးလေဝသသံ, ခေါင်းလောင်းသံ, စက်ဖွင့်သီချင်းသံစသည့် အဝိညာဏကသဒ္ဒ ဟူသော ဥတုဇသဒ္ဒအုပ်စုအားဖြင့် (၂) မျိုးရှိပါသည်။

သာဓက ။ ရုပ်စာပို ဒ်-၃၉။

စကားသံနှင့် ရဏားသံအထူး

အသံသည် စိတ်နှင့် အပူဋ္ဌေ၊ အအေးဋ္ဌေ၊ အပူရှိန်၊ အအေးရှိန်ဟူသော ဥတုကြောင့် ဖြစ်ပေါ်လာခြင်းမှန်သော်လည်း စကားအသံသည် ဝစီဝိညတ်သဘောပါ၍ စိတ်ကြောင့်သာလျှင် ဖြစ်သောအသံတည်း။

ရထားအသံသည် အပူဋ္ဌေ၊ အအေးဋ္ဌေ၊ အပူရှိန်၊ အအေးရှိန်ဟူသော ဥတုကြောင့် ဖြစ်သော အသံတည်း။ ဤသို့ အသံဖြစ်ပေါ်မှု၏ အခြေခံအကြောင်းတရား မတူဘဲ သဘာဝချင်း ကွဲပြားခြားနားမှုရှိပါသည်။

သာဓက ။ **သဒ္ဒါ စိတ္တောတုဇော၊ ဝိညတ္တိဒ္ဒယံ စိတ္တဇမေဝ**။
သိတုဏှောတုသမညာတာ တေဇောဓာတု၊ ရုပ်စာပို ဒ်-၃၅၊ ၃၈၊ ၃၉။

ဝိညတ္တိဒ္ဒယံ စိတ္တဇမေဝ၌ စိတ္တ၏အရ

ဝိညတ္တိဒ္ဒယံ စိတ္တဇမေဝ၌ စိတ္တ၏အရကား ဝုဋ္ဌော, ကာမဇော (၂၉)ပါး၊ အဘိညာဉ် ဒွေးတို့ကို ယူရပါမည်။

သာဓက ။ ရုပ်စာပို ဒ်-၃၃။

စကားသာပြောနေရ စိတ်ကမပါဆိုသော စကားအမှား

ဝိညတ်ရုပ် (၂) ပါးသည် စိတ်ကြောင့်သာလျှင်ဖြစ်သော စိတ္တဇရုပ်ဧကန်ဖြစ်သော ကြောင့် (စကားသာ ပြောနေရတယ်၊ စိတ်ကမပါဘူးကွယ်) (လုပ်ငန်းကိုသာ လုပ်နေရတယ်၊ စိတ်ကမပါဘူးကွယ်) ဟူသောစကားမျှားသည် အမှားသာဖြစ်ပါသည်။

သာဓက ။ ရုပ်စာပို ဒ်-၃၈။

http://www.dhammadownload.com

ဇကဇရုပ်

ဟဒယရုပ်, ဇက္ကန္ဒြိယရုပ်တို့သည် ကံကိုအခြေခံ၍သာလျှင် ဖြစ်သောကြောင့်၄င်း၊ ဝိညတ်ရုပ် (၂) ခုသည် စိတ်ကိုအခြေခံ၍သာလျှင် ဖြစ်သောကြောင့်၄င်း ဇကဇရုပ်မည်၏။
သာဓက ။ **ရုပ်စာပို၌-၃၇၊ ၃၈**။

ဒွိဇရုပ်

သဒ္ဒရုပ်သည်စိတ်, ဥတုဟူသော အကြောင်း (၂) ပါးကိုအခြေခံ၍ ဖြစ်ခြင်းကြောင့် ဒွိဇရုပ်မည်၏။
သာဓက ။ **ရုပ်စာပို၌-၃၉**။

တိဇရုပ်

လဟုတာ, မုဒုတာ, ကမ္မညတာတို့သည် ဥတု, စိတ်, အာဟာရတည်းဟူသော အကြောင်း (၃) ပါးတို့ကိုအခြေခံ၍ ဖြစ်ခြင်းကြောင့် တိဇရုပ်မည်၏။
သာဓက ။ **ရုပ်စာပို၌-၄၀**။

အစာလည်းဆေး, ဆေးလည်းအစာဟူသည် သဘာဝကျ

ကိုယ်လက်ပေါ့ပါး, နူးညံ့, ကြံ့ခိုင်မှုဟူသော လဟုတာဒိတ္တယရုပ်တို့သည် အစာအာဟာရကို အခြေခံ၍ဖြစ်နိုင်သောကြောင့် အစာလည်းဆေး, ဆေးလည်းအစာဟူသော စကားသည်သဘာဝကျပါသည်။
သာဓက ။ **ရုပ်စာပို၌-၄၀**။

စတုဇရုပ်

အဝိနိဗ္ဘောဂရုပ် (၈) ခုတို့သည်၄င်း၊ အာကာသဓာတ်သည်၄င်း ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်း(၄)ပါးတို့ကိုအခြေခံ၍ဖြစ်ခြင်းကြောင့် စတုဇရုပ်မည်၏။
သာဓက ။ **ရုပ်စာပို၌-၄၁**။

http://www.dhammadownload.com

နကုတောစိ သမုဋ္ဌာနရုပ်

လက္ခဏရုပ် (၄) ခုတို့သည် မည်သည့်အကြောင်းကြောင့်မျှ မဖြစ်သောကြောင့် နကုတောစိ သမုဋ္ဌာနရုပ် (သမုဋ္ဌာန ဝိမုတ္တရုပ်) မည်၏။

သာဓက ။ ရုပ်စာပို ဒ်-၄၂၊ ၄၄။

* * * * * * *

ရူပကလာပ မြင်ကွင်း

ကလာပ်အင်္ဂါ (၃) ပါးနှင့် ကလာပ် (၂၁) စည်း

ရုပ်ကလာပ်တို့၏အင်္ဂါများကား (၁) ဇကုပ္ပါဒ = အတူတကွဖြစ်ခြင်း (၂) ဇကနိရောဓ = အတူတကွချုပ်ခြင်း (၃) ဇကနိဿယ = တူသောမှီရာ မဟာဘုတ်ရှိခြင်းအားဖြင့် (၃) ပါးရှိပါသည်။

ရုပ်ကလာပ်များကား ကမ္မဇကလာပ် (၉)စည်း၊ စိတ္တဇကလာပ် (၆) စည်း၊ ဥတုဇကလာပ် (၄) စည်း၊ အာဟာရဇကလာပ် (၂) စည်းအားဖြင့် (၂၁) စည်းရှိပါသည်။

သာဓက ။ ရုပ်စာပို ဒ်-၄၅။

သဟဇာတ်သည် အင်္ဂါ (၁) ပါးမဟုတ်

သဟဇာတ်တို့နောဟူသောပုဒ်သည် ဇကုပ္ပါဒ, ဇကနိရောဓ, ဇကနိဿယဟူသော အင်္ဂါ (၃) မျိုးနှင့် ပြည့်စုံပြီး၊ အတူတကွပေါင်းစည်းဖွဲ့မှုရှိသော (၂၁) မျိုးသည် ရုပ်ကလာပ်မည်သည်ဟု ပြဆိုသောပုဒ်သာဖြစ်ပါသည်။ ရုပ်ကလာပ်၏ အင်္ဂါ (၁) ပါးမဟုတ်ပါ။

ရူပကလာပ (ရုပ်ကလာပ်) ၏သဘောအဓိပ္ပါယ်

ရုပ်ကလာပ် (၁) ခုတည်း၌ရှိသော ရုပ်တို့၏ဖြစ်, ချုပ်, မှီတူအားဖြင့် အတူတကွဖြစ်ခြင်း သည် ရူပကလာပ(ရုပ်ကလာပ်)၏သဘောဖြစ်ပါသည်။

ရုပ်ကလာပ်အင်္ဂါ (၃) မျိုးကို မှီခြနှင့် ယေဘုယျခွဲပုံ

ဝိညတ်ရုပ် (၂) ခုသည် စိတ်နှင့်အတူ ဘကွ ဖြစ်ရ, ချုပ်ရသော စိတ္တဇရုပ် ဇကန်ဖြစ်၍

http://www.dhammadownload.com

ကာယဝိညတ္တိ နဝက ကလာပ်နှင့် ဝစီဝိညတ္တိ ဒသက-ကလာပ်တို့၌ ဧကုပ္ပါဒ, ဧကနိဿယ လက္ခဏာ (၂) ခုသာ ရနိုင်ပြီး၊ အဝိနိဗ္ဘောဂရုပ်, သဒ္ဒရုပ်တို့နှင့် ပြိုင်တူချုပ်မှု ဧကနိရောဓ လက္ခဏာ မရနိုင်သောကြောင့် ရုပ်ကလာပ် အဂ်ီ(၃) မျိုးတို့တွင် ဧကုပ္ပါဒ, ဧကနိဿယ လက္ခဏာ (၂) ခုသည် မုချလက္ခဏာမည်၏။ ဧကနိရောဓလက္ခဏာသည် ယေဘုယျလက္ခဏာ မည်၏။

သာဓက ။ **ရူပ် စာပိုဒ်-၃၀။**

ရူပ်ကလာပ်အင်္ဂါ (၃) ပါးသာရှိခြင်းအကြောင်း

စေတသိက်အင်္ဂါ လက္ခဏာ (၄) ပါးရှိသော်လည်း ရုပ်တရားတို့သည်ကား အာရုံကို မယူတတ်သော အနာရမ္မဏတရားများသာ ဖြစ်သောကြောင့် တူသောအာရုံရှိခြင်းဟူသော ဧကာလမ္ဗဏလက္ခဏာမရှိနိုင်၍ ရုပ်ကလာပ်အင်္ဂါလက္ခဏာသည် ဧကုပ္ပါဒ ဧကနိရောဓ ဧကနိဿယအားဖြင့် (၃) ပါးသာရှိခြင်း ဖြစ်ပါသည်။

သာဓက ။ **ရူပ်စာပိုဒ်-၁၈၊ ၄၅။**

ဧကုပ္ပါဒချင်း, ဧကနိရောဓချင်း မှီရာချင်းအထူး

စိတ်နှင့် ယှဉ်ဖက်စေတသိက်တို့၏ ပြိုင်တူဥပါဒ်ဖြစ်ခြင်း, ပြိုင်တူချုပ်ခြင်းတို့သည် စေတသိက်ပိုင်းလာ ဧကုပ္ပါဒ, ဧကနိရောဓသဘာဝတည်း။ ကလာပ် (၁) ခုတည်း၌ရှိသော ရုပ်တို့၏ ပြိုင်တူဥပါဒ်ဖြစ်ခြင်း, ပြိုင်တူချုပ်ခြင်းတို့သည် ရုပ်ပိုင်းလာ ဧကုပ္ပါဒ, ဧကနိရောဓ သဘာဝတည်း။ ဧကဝတ္ထုကအရ စေတသိက်၏မှီရာကား ဝတ္ထုရုပ် (၆) ပါးတည်း။ ဧကနိဿယ အရ ရုပ်၏မှီရာကား မဟာဘုတ် (၄) ပါးတည်း။ ဤသို့ထူးသည်။

ရူပ်ကလာပ်၏အင်္ဂါတွင် ဧကာလမ္ဗဏကို မဆိုခြင်းအကြောင်း

ရုပ်တရားတို့သည် အာရုံကိုမယူတတ်သော အနာရမ္မဏတရားများသာဖြစ်သော ကြောင့် ရုပ်ကလာပ်၏အင်္ဂါတို့တွင် ဧကာလမ္ဗဏကို မဆိုပါ။

သာဓက ။ **ရူပ်စာပိုဒ်-၁၈၊ ၄၅။**

http://www.dhammadownload.com

ကလာပ်ဖွဲ့ရန် အခြေခံရုပ်နှင့် ကလာပ်ဖွဲ့နည်း ပုံသေစည်းမျဉ်း

စတုဇရုပ် (၉) ပါးတို့တွင် အာကာသဓာတ်ကြဉ်သော အဝိနိဗ္ဘောဂရုပ် (၈) ခုသည် ကလာပ်ဖွဲ့ရန်မူလအခြေခံရုပ်များဖြစ်သည်။ (ကလာပ်စည်းတိုင်း၌ အဝိနိဗ္ဘောဂရုပ်-၈ ပါးပါဝင်သည်။)

မူလအခြေခံဖြစ်သော အဝိနိဗ္ဘောဂရုပ် (၈) ခုတို့၌ စတုဇရုပ်မှတစ်ပါးသော ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်တို့ကို ဖြစ်ထိုက်သည့်အားလျော်စွာ ထည့်သွင်းလျှင် ရုပ်ကလာပ် (၂၁) စည်းမှ သက်ဆိုင်ရာ ရုပ်ကလာပ်ဖြစ်လာသည်။

ကမ္မဇကလာပ်၌ သုဒ္ဓဋ္ဌက ကလာပ်မရှိခြင်းအကြောင်း

ကမ္မဇရုပ်ဧကန်ဖြစ်သော ဇီဝိတသည် ကမ္မဇရုပ်တို့၏အသက်ဖြစ်၍ ကမ္မဇကလာပ်တိုင်းမှာ ဇီဝိတပါဝင်ရသောကြောင့် ကမ္မဇရုပ်ကလာပ်ကိုရေတွက်ရာ၌ အယုတ်ဆုံးအားဖြင့် ဇီဝိတနဝက ကလာပ်မှ စ၍ ရေတွက်ရသည်။ သုဒ္ဓဋ္ဌကကလာပ်ဟု မရေတွက်ရပါ။

ကမ္မဇကလာပ် (၉) စည်းဖွဲ့နည်းအနှစ်ချုပ်

ဇီဝိတရုပ် (၁) ပါးနှင့် အဝိနိဗ္ဘောဂရုပ် (၈) ပါးအားဖြင့် (၉) ပါးသော ရုပ်အစုသည် ဇီဝိတနဝကကလာပ်ဖြစ်၏။ ထိုဇီဝိတနဝက ကလာပ်ပါရုပ် (၉) ပါးကိုမူတည်ပြီး ပသာဒရုပ် (၅) ပါး၊ ဘာဝရုပ် (၂) ပါး၊ ဟဒယရုပ် (၁) ပါးတို့ကို အသီးအသီး တစ်ပါးစီ တစ်ပါးစီ ထပ်ထည့်လျှင် စက္ခုဒသကစသော ကမ္မဇကလာပ်စည်းများ ဖြစ်လာပါသည်။

ဆောင် * **အဝိနိဗ္ဘော၊ ဇီဝိတော၊ မှတ်လော ဇီဝိတနဝကာ။**

* **ပသာ, ဘာဝ၊ ဟဒယ၊ ထည့်က ဒသကမ္မဇာ။**

သာဓက ။ **ရုပ်စာပို ဒ်-၄၆။**

မျက်စိအကြည်သည် ကျန်းမာမှုအတွက် အထောက်အကူပြု

မျက်စိအကြည် စက္ခုပသာဒဝတ္ထုကို ဧကန်မုချမှီသော မြင်သိစိတ် စက္ခုဝိညာဏ်၌ ယှဉ်သော စေတသိက်တို့တွင် နာမ်သက် ဇီဝိတန္ဒြေပါဝင်သောကြောင့်၄င်း၊ မြင်သိစိတ်ဖြစ်ပေါ်ရာ စက္ခုဒသကကလာပ်တွင် ဇီဝိတရုပ်လည်းပါဝင်သောကြောင့်၄င်း၊ မျက်စိအကြည် စက္ခုပသာဒသည် အသက်ရှည်မှု, ကျန်းမာမှုအတွက် အထောက်အကူပြုပါသည်။

သာဓက ။ **တတ္ထ ဇီဝိတံ (ပ) စက္ခုဒသကာနိ ပဝုစ္စတိ နှင့် ပကိဏ်းစာပို ဒ်-၆၈။**

http://www.dhammadownload.com

အပူ, အအေးနှင့် အသက်ဘေး

အသက်ရှုပ် အဖွဲ့အစည်းဆိုင်ရာ ဇီဝိတနဝက ကလာပ်ရုပ်တွင် အပူအအေး ဟူသော တေဇောဓါတ်နှင့် လေဟူသော ဝါယောဓါတ်များ ပါဝင်သောကြောင့် အပူရှပ်လျှင်ဖြစ်စေ၊ အအေးပတ်လျှင် ဖြစ်စေ၊ လေဖြတ် (လေပြတ်) လျှင်ဖြစ်စေ၊ သေတတ်သည်ဟူသော အယူအဆ မှန်ပါသည်။

သာဓက ။ **အဝိနိဗ္ဘောဂရူပမေဝ ဇီဝိတေန သဟ ဇီဝိတနဝကန္တိ ပဝုစ္စတိ။**

ဇီဝိတိန္ဒြေနှင့် သဟဇာတဖြစ်သော ရုပ်နာမ်တရား

ရုပ်ကလာပ်ဖွဲ့ရာတွင် ကမ္မဇကလာပ်၌သာ ဇီဝိတရုပ်ပါဝင်သောကြောင့် ဇီဝိတိန္ဒြေနှင့် သဟဇာတဖြစ်သော ရုပ်တရားကား ကမ္မသမုဋ္ဌာန ရုပ်ကလာပ်များသာ ဖြစ်ပါသည်။

ဇီဝိတိန္ဒြေ စေတသိက်သည် စိတ်အားလုံးနှင့် ယှဉ်နိုင်သောကြောင့် ဇီဝိတိန္ဒြေနှင့် သဟဇာတဖြစ်သော နာမ်တရားကား စိတ်, စေတသိက် အားလုံးပင်ဖြစ်ပါသည်။

သာဓက ။ **ရူပ်စာပိုဒ်-၄၆၊ စေတသိက်စာပိုဒ်-၁၂။**

အသက်ကံစောင့်

အသက်ဉာဏ်စောင့်၊ ဥစ္စာကံစောင့်ဟု ပြောကြသော်လည်း ဇီဝိတရုပ်သည် ကမ္မဇရုပ်ကောန်ဖြစ်သောကြောင့်၄င်း၊ ဘဝအစ၌ ကမ္မဇရုပ်သာလျှင် ရှေးဦးစွာဖြစ်သော ကြောင့်၄င်း၊ ဇီဝိတိန္ဒြေ စေတသိက်သည် ဉာဏဝိပ္ပယုတ် ပဋိသန္ဓေစိတ်များ၌လည်း ယှဉ်နိုင်သော ကြောင့်၄င်း၊ အသက်ကံစောင့်ဟု ပြောလျှင် အဘိဓမ္မာတရားနှင့် ပို၍သင့်လျော်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်- ၂၊ ၁၂၊ ရူပ်စာပိုဒ်-၂၂၊ ၃၇၊ ၅၅။**

စိတ္တဇကလာပ် (၆) စည်းမဲ့ပုံများ

(၁) အဝိနိဗ္ဘောဂရုပ် (၈) ပါးသည် သုဒ္ဓဋ္ဌကကလာပ်မည်၏။

(၂) အဝိနိဗ္ဘောဂရုပ် (၈) ပါး, ကာယဝိညတ်ရုပ် (၁) ပါးအားဖြင့် (၉) ပါးသောရုပ်အစုသည် ကာယဝိညတ္တိနဝက ကလာပ်မည်၏။

(၃) အဝိနိဗ္ဘောဂရုပ် (၈) ပါး, ဝစီဝိညတ်ရုပ် (၁) ပါး, သဒ္ဒရုပ် (၁) ပါးအားဖြင့် (၁၀) ပါး သောရုပ်အစုသည် ဝစီဝိညတ္တိဒသက ကလာပ်မည်၏။

http://www.dhammadownload.com

(၄) အဝိနိဗ္ဘောဂရုပ် (၈) ပါး၊ လဟုတာ, မုဒုတာ, ကမ္မညတာ ရုပ် (၃) ပါးအားဖြင့် (၁၁) ပါးသော ရုပ်အစုသည် လဟုတာဒေကာဒသက ကလာပ်မည်၏။

(၅) အဝိနိဗ္ဘောဂရုပ် (၈) ပါး၊ ကာယဝိညတ်ရုပ် (၁) ပါး၊ လဟုတာ, မုဒုတာ, ကမ္မညတာ ရုပ် (၃) ပါးအားဖြင့် (၁၂) ပါးသောရုပ်အစုသည် ကာယဝိညတ္တိ လဟုတာဒိဒွါဒသက ကလာပ် မည်၏။

(၆) အဝိနိဗ္ဘောဂရုပ် (၈) ပါး၊ ဝစီဝိညတ်ရုပ် (၁) ပါး၊ သဒ္ဒရုပ် (၁) ပါး၊ လဟုတာ, မုဒုတာ, ကမ္မညတာရုပ် (၃) ပါးအားဖြင့် (၁၃) ပါးသောရုပ်အစုသည် ဝစီဝိညတ္တိ လဟုတာဒိတေရသက ကလာပ်မည်၏။

သာဓက ။ **ရုပ်စာပိုဒ်-၄၇။**

ဆောင် * **သုဒ္ဓဋ္ဌကာ၊ ကလာပ်မှာ၊ ကာယာ, လဟုခွဲထည့်ပြ။**
* **ကာယဝိညတ်၊ လဟုစပ်၊ ကလာပ် ဒွါဒသက, ရ။**
* **ဝစီ, သဒ္ဒါ, လဟုတာ၊ ခွဲပါ, ပေါင်းပါ စိတ္တဇ။**

လေကောင်းလေသန့်နှင့် ကျန်းမာရေး

ကာယဝိညတ္တိ လဟုတာဒိ ဒွါဒသကကလာပ်၌ အနုံ့ (ဂန္ဓာရုံ)နှင့် ဝါယောဓာတ်ဟူသော လေတို့ ပါဝင်သောကြောင့် လေကောင်းလေသန့်ကို ရှူရှိုက်ခြင်းသည် ကိုယ်လက်ပေါ့ပါး ကြံ့ခိုင်၍ ကျန်းမာမှုကို အထောက်အကူ ပြုပါသည်။

သာဓက ။ **ရုပ်စာပိုဒ်-၄၇။**

စကားပြောရာ၌ ရထိုက်သော ရုပ်နှင့် ရုပ်ကလာပ်

စကားပြောရာ၌ အဝိနိဗ္ဘောဂရုပ်, ဝစီဝိညတ်ရုပ်, သဒ္ဒရုပ်တို့ကို ရထိုက်ပါသည်။ ရုပ်ကလာပ်ကား ဝစီဝိညတ္တိဒသကကလပ်ဖြစ်ပါသည်။

သာဓက ။ **အဝိနိဗ္ဘောဂရူပံ. . . (ပ). . . ဝစီဝိညတ္တိ ဒသကံ။**

စကားပြောကောင်းသူ၌ ရထိုက်သော ရုပ်နှင့် ရုပ်ကလာပ်

စကားပြောကောင်းရာ၌ အဝိနိဗ္ဘောဂရုပ်, ဝစီဝိညတ်ရုပ်, သဒ္ဒရုပ်, လဟုတာ, မုဒုတာ ကမ္မညတာရုပ်တို့ကို ရထိုက်ပါသည်။

http://www.dhammadownload.com

ရထိုက်သော ရုပ်ကလာပ်ကား ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသကကလပ်ဖြစ်ပါသည်။

သာဓက ။ **အဝိနိဗ္ဘောဂ ရူပံ ပန သုဒ္ဓဋ္ဌကံ။ ဝဝိဝိညတ္တိ သဒ္ဒလဟုတာဒိတေရသကံ။**

ဥတုဇ ကလာပ် (၄) စည်းဖွဲ့ပုံများ

(၁) အဝိနိဗ္ဘောဂရုပ် (၈) ပါးသည် သုဒ္ဓဋ္ဌကကလာပ်မည်၏။

(၂) အဝိနိဗ္ဘောဂရုပ် (၈) ပါး သဒ္ဒရုပ် (၁) ပါးအားဖြင့် (၉) ပါးသောရုပ်အစုသည် သဒ္ဒနဝက ကလာပ်မည်၏။

(၃) အဝိနိဗ္ဘောဂရုပ် (၈) ပါး၊ လဟုတာ, မုဒုတာ, ကမ္မညတာ, ရုပ် (၃) ပါးအားဖြင့် (၁၁) ပါးသော ရုပ်အစုသည် လဟုတာဒေကာဒသက ကလာပ်မည်၏။

(၄) အဝိနိဗ္ဘောဂရုပ် (၈) ပါး၊ သဒ္ဒရုပ် (၁) ပါး၊ လဟုတာ, မုဒုတာ, ကမ္မညတာ, ရုပ် (၃) ပါးအားဖြင့် (၁၂) ပါးသော ရုပ်အစုသည် သဒ္ဒလဟုတာဒိဒွါဒသက ကလာပ်မည်၏။

သာဓက ။ **ရုပ်စာပို ဒ်-၄၈။**

ဆောင် * **အဝိနိဗ္ဘောဂ၊ ရုပ်ရှစ်ဝ၊ သုဒ္ဓဋ္ဌကကလာပ်သာ။**

* **လဟုတာဒိတ္ထယ၊ ရုပ်သဒ္ဒ၊ ခွဲကြ, ပေါင်းကြ ထပ်ထည့်ဥတုဇာ။**

အိပ်ပျော်နေသူ၏ "ဟောက်သံ" ၌ပါဝင်သော ရုပ်နှင့်ကလာပ်အမည်

အိပ်ပျော်နေသူ၏ ဟောက်သံ၌ အဝိနိဗ္ဘောဂရုပ် (၈) ပါးနှင့် သဒ္ဒရုပ် (၁) ပါးပါဝင်ပါသည်။

ကလာပ်အမည်ကား. . . သဒ္ဒနဝက (ဥတုသမုဋ္ဌာန)ကလာပ်ဖြစ်ပါသည်။

သာဓက ။ **ရုပ်စာပို ဒ်-၄၈။**

အာဟာရဇကလာပ် (၂) စည်းဖွဲ့ပုံများ

(၁) အဝိနိဗ္ဘောဂရုပ် (၈) ပါးသည် သုဒ္ဓဋ္ဌကကလာပ်မည်၏။

(၂) အဝိနိဗ္ဘောဂရုပ် (၈) ပါး၊ လဟုတာ, မုဒုတာ, ကမ္မညတာ, ရုပ် (၃) ပါးအားဖြင့် (၁၁) ပါးသော ရုပ်အစုသည် လဟုတာဒေကာဒသက ကလာပ်မည်၏။

http://www.dhammadownload.com

သာဓက ။ **ရူပ်စာပို်ဒ်-၄၉။**

ဆောင် ⁎ **သုဒ္ဓဋ္ဌကာ၊ ကလာပ်မှာ၊ လဟုတာဒိဖြည့် ဟာရဇ။**

အဏုတ္တကလာပ်, ဗဟိဒ္ဓကလာပ် အခွဲ

ဗဟိဒ္ဓါဝိဒ် ပိ-သဒ္ဒါဖြင့် အဏုတ္တသန္တာန်ကိုဆည်းသောကြောင့် ရူပ်ကလာပ် (၂၁) စည်းတို့တွင် သုဒ္ဓဋ္ဌကနှင့် သဒ္ဒနဝကဟူသော ဥတုဇကလာပ် (၂) စည်းတို့ကို (ကိုယ်တွင်း) အဏုတ္တသန္တာန်, (ကိုယ်ပ) ဗဟိဒ္ဓသန္တာန် (၂) မျိုးလုံးဥ်ရထိုက်သည်။ အဏုတ္တိကမေဝဥ် ဧဝ-သဒ္ဒါဖြင့်ဗဟိဒ္ဓသန္တာန်ဥ် မရကောင်းဟု ကန့်သောကြောင့် ကြွင်းသော ရူပ် ကလာပ် (၁၉) စည်းတို့သည် အဏုတ္တသန္တာန် (၁) မျိုးဥ်သာရထိုက်သည်။ ရူပ်ကလာပ် ၂၁-စည်းလုံးပင် အဏုတ္တသန္တာန်ဥ် ရထိုက်ပါသည်။

သာဓက ။ **ရူပ်စာပို်ဒ်-၅၀။**

သစ်ပင်မှာ အသက်မရှိ

ဇီဝိတဟုဆိုအပ်သောအသက်ကို အဏုတ္တသန္တာန်ဥ်သာ ရကောင်းသောကြောင့် ဗဟိဒ္ဓကလာပ်တွင်ပါဝင်သော သစ်ပင်ဥ်အသက်မရှိ။ (သွေးသည် အသက်, အသက်သည် သွေး-ဟုဆိုကြရာဝယ် သွေးလျှံပြီးသော ပုလင်းထဲဥ် အသက်မပါပါ။ သတ္တဝါတို့သေပြီးသောအခါ အသက် ထွက်သည်ဆိုသော စကားမမှန်ပါ။)

သာဓက ။ **ရူပ်စာပို်ဒ်-၅၀။**

အသံထက်မြန်သော လေယာဉ်ပျံတွင် လဟုတာမပါဝင်

ပျော်ပါးမှု ဆိုအပ်သော လဟုတာရုပ်ကို အဏုတ္တသန္တာန်ဥ်သာ ရကောင်းသောကြောင့် ဗဟိဒ္ဓကလာပ်တွင်ပါဝင်သော အသံထက်မြန်သော လေယာဉ်ပျံ(ဝါဂွမ်း စသည်တို့)ဥ် ရူပ်တရားတို့၏ ပျော်ပါးမှု လဟုတာ မပါဝင်နိုင်ပါ။

သာဓက ။ **ရူပ်စာပို်ဒ်-၅၀။**

သေပြီးသောအခါ ပို့လေးလာရပုံ

အဏုတ္တိကသန္တာန်ရနိုင်သော သက်ရှိသတ္တဝါတို့ဥ်သာ ပျော်ပါးမှု လဟုတာစသောရူပ်များဖြစ်နိုင်ပြီး အဏုတ္တိကသန္တာန်မရနိုင်သော သက်မဲ့သန္တာန်ဥ် ပျော်ပါးမှုလဟုတာ စသော ရူပ်များမဖြစ်နိုင်သောကြောင့် လူစသော သက်ရှိသတ္တဝါ၏ ကိုယ်ခန္ဓာသည် မသေမီပျော်ပါးပြီး သေဆုံးသောအခါဥ် ပို၍လေးလံလာပါ သည်။

http://www.dhammadownload.com

သာဓက ။ ရုပ်စာပိုဒ်-၅၀။

မှာတမ်း ။ တစ္ဆေ၊ သရဲစီးမှုကြောင့် ပိုလေးလာသည်ဟု အထင်မှားမှုကို ပယ်ရှားနိုင်ပါစေ။

ကြွက်ငယ်ပြီး ဆင်ကြီးရန်ခြင်းအကြောင်း

ဂဗ္ဘသေယျက သတ္တဝါတို့အား ပဋိသန္ဓေအခါ ကလာပ်(၃) စည်း ရတာချင်း တူသော်လည်း သတ္တဝါတို့သည် ကံစီမံမှုအတိုင်းသာဖြစ်ရပြီး ကာယပသာဒရုပ်သည်လည်း ကမ္မဇရုပ်ဧကန်ဖြစ်သဖြင့် ကံ၏အစွမ်းကြောင့် ကြွက်စသောသတ္တဝါတို့သည် သေးငယ်ပြီးဆင်စသော သတ္တဝါများသည် ကြီးမားကြပါသည်။

သာဓက ။ သခ်ီရေ ဇနိယမာနံ (ပ) ဘဝန္တရေနှင့် ရုပ်စာပိုဒ်-၃၇။

ကလာပ်ဖွဲ့ရာတွင် မပါဝင်သော ရုပ်များ

အာကာသဓာတ်ဟူသော ပရိစ္ဆေဒရုပ်သည် ရုပ်ကလာပ်တို့ကို ပိုင်းခြားကြောင်းမျှသာဖြစ်သောကြောင့်၄င်း၊ လက္ခဏရုပ်တို့သည် ရုပ်ကလာပ်တို့၏ သဘောကို မှတ်သားကြောင်းမျှသာဖြစ်သောကြောင့်၄င်း၊ ကလာပ်၏ အင်္ဂါ (ကလာပ်ဖွဲ့ရာ) တွင် မပါဝင်နိုင်ပါ။

သာဓက ။ ကလာပါနံ ပရိစ္ဆေဒ (ပ) . . . လက္ခဏာနိစ။

ဆောင် * ပိုင်းခြားကြောင်းနှင့်၊ မှတ်ကြောင်းမျှသာ၊ ကလာပ်မှာ၊ အင်္ဂါမညီမျှ။

* ကလာပ်စည်းရာ၊ စွန့်ပယ်ပါ၊ အာကာ, လက္ခဏ။

* * * * * * *

ရူပပဝတ္တိကွမ မြင်ကွင်း

ကာမဘုံ၌ ပဝတ္တိအခါရနိုင်သော ရုပ်

ကာမဘုံ၌ ပဝတ္တိအခါ ရုပ် (၂၈) ပါးတို့ကို ထိုက်သည်အားလျော်စွာ ယုတ်လျော့မှုမရှိဘဲ အပြည့်အဝပင်ရနိုင်သည်။

သာဓက ။ ရုပ်စာပိုဒ် -၅၂။

http://www.dhammadownload.com

ပဝတ္ထိအခါ ပုဂ္ဂိုလ်အားလျော်စွာ ရုပ်ဖြစ်ပုံ

ပဝတ္ထိအခါ၌ အမဖြစ်လျှင် ပုရိသဘာဝရုပ်မှတစ်ပါး ရုပ်(၂၇) ပါးကို ရ၏။ အထီးဖြစ်လျှင် ဣတ္ထိဘာဝရုပ်မှတစ်ပါး ရုပ်(၂၇) ပါးကိုရ၏။ ဘာဝရုပ်ချို့ယွင်းသူဖြစ်လျှင် ဘာဝရုပ်(၂) ပါးမှတစ်ပါး ရုပ်(၂၆) ပါးကိုရ၏။ စက္ခုစသည်တို့ ချို့ယွင်းသူဖြစ်လျှင် စက္ခုစသော ချို့ယွင်း သောရုပ်များမှ တစ်ပါးသောရုပ်တို့ကိုသာရ၏။ ဤသို့ ပုဂ္ဂိုလ်အားလျော်စွာ ဘာဝ, ပသာဒ ရသည်အလိုက် ဖြစ်ထိုက်သလို ဖြစ်ကြပါသည်။

သာဓက ။ **ယထာရဟံ။**

အနူနာနိဟု ဆိုရခြင်းအကြောင်း

ပုဂ္ဂိုလ်အလိုက် အချို့ရုပ်များကိုမရထိုက်သော်လည်း ကာမဘုံအနေအားဖြင့်ကား ရုပ်(၂၈) ပါးအစုံ အကုန်လုံးကိုပင်ရသင့်သောကြောင့် အနူနာနိ ဟုဆိုထားပါသည်။

သင်္ဂဟကျမ်းလာ သတ္တဝါ(၃) မျိုး

(၁) ဇြိကပ်တွယ်တာရာအရုပ်၌ဖြစ်သော= သံသေဒဇသတ္တဝါ၊

(၂) ဘဝဟောင်းမှ ခုန်လွှား၍ ကျလာသကဲ့သို့ ကိုယ်ခန္ဓာအထင်အရှားဖြစ်သော ဩပပါတိကသတ္တဝါ၊

(၃) အမိဝမ်းတွင်းအောင်း၍ ပဋိသန္ဓေနေသော ဂဗ္ဘသေယျကသတ္တဝါ အားဖြင့် သင်္ဂဟကျမ်းလာ သတ္တဝါ(၃) မျိုးရှိပါသည်။

သတ္တဝါများ စတင်ဖြစ်ပေါ်လာပုံ

လောကအတွင်း သတ္တဝါများစတင်ဖြစ်ပေါ်လာပုံအခြင်းအရာများကား

(၁) ပိုးလောက်စသည်တို့သည် ဇြိကပ်တွယ်တာရာ အညှိစသည်၌ ဖြစ်ပေါ်လာခြင်း။

(၂) ကမ္ဘာဦးလူသားနှင့် နတ်ဗြဟ္မာတို့သည် ဘဝဟောင်းမှ ခုန်လွှား၍ကျလာသကဲ့သို့ ကိုယ်ထင်ရှားဘွားခနဲဖြစ်ပေါ်လာခြင်း။

(၃) လူသားနှင့် ကြက်ငှက်စသော တိရစ္ဆာန်တို့သည် အမိဝမ်းတွင်းအောင်း၍ ဖြစ်ပေါ်လာခြင်းတို့ဖြစ်သည်။

သာဓက ။ **သံသေဒဇာနဥ္စ ဩပပါတိကာနဥ္စ ဂဗ္ဘသေယျကသတ္တာနံ။**

http://www.dhammadownload.com

သတ္တဝါအမျိုးဇာတ် ယောနိ (၄) မျိုး

(၁) သံသေဒဇယောနိ၊ (၂) ဩပပါတိကယောနိ၊ (၃) ဇလာဗုဇယောနိ=သားအိမ်၌ ဖြစ်သော ဂဗ္ဘသေယျကသတ္တဝါမျိုး၊ (၄) အဏ္ဍဇယောနိ= ဥခွံ၌ဖြစ်သော ဂဗ္ဘသေယျကသတ္တဝါမျိုးအားဖြင့် သတ္တဝါအမျိုးဇာတ်ယောနိ(၄)မျိုးရှိပါသည်။

ပဋိသန္ဓေအခါ သံသေဒဇ, ဩပပါတိကသတ္တဝါတို့အား ရန်ိုင်သောရုပ်ကလာပ်နှင့် ရုပ်များ

သံသေဒဇနှင့် ဩပပါတိက ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေအခါ၌ **အလွန်ဆုံးဥက္ကဋ္ဌ၏ အစွမ်းဖြင့်** စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသကဟူသော ကမ္မဇကလာပ် (၇)စည်းရန်ိုင်သည်။

ယုတ်လျော့သော ဩမက၏အစွမ်းဖြင့် ဇိဝှါဒသက, ကာယဒသက, ဝတ္ထုဒသကဟူသော ကမ္မဇကလာပ်(၃) စည်းကိုရန်ိုင်သည်။

ရန်ိုင်သောရုပ်များကား အာကာသနှင့်တကွ ကမ္မဇရုပ် (၁၈) ပါး ဥပစယ, သန္ဆတိဟူသော ဇာတိရုပ် (၂) ပါးအားဖြင့် ရုပ်ပေါင်း(၂၀) ဖြစ်ပါသည်။

သာဓက ။ **ရုပ်စာပို ဒ် ၅၃**။

ပဋိသန္ဓေအခါ ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား ရန်ိုင်သောရုပ်ကလာပ်နှင့် ရုပ်များ

(ဇလာဗုဇ, အဏ္ဍဇဟူသော) ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေအခါ၌ ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသကအားဖြင့် ရုပ်ကလာပ်(၃) မျိုးတို့ရန်ိုင်သည်။ တစ်ရံတစ်ခါ၌ ဘာဝဒသကကို မရန်ိုင်ပါ။

ရန်ိုင်သောရုပ်များကား စက္ခု, သောတ, ဃာန, ဇိဝှါကြဉ်သော ကမ္မဇရုပ် (၁၄)ပါး ဥပစယ, သန္ဆတိဟူသော ဇာတိရုပ် (၂) ပါးအားဖြင့် ရုပ်ပေါင်း(၁၆) ပါးဖြစ်ပါသည်။

သာဓက ။ **ရုပ်စာပို ဒ်-၅၄ (ပ, ဒု ဝါကျများ)**။

ပဝတ္တိအခါ ဂဗ္ဘသေယျကတို့အား ရုပ်ကလာပ်များဖြစ်ပေါ်လာပုံ

ပဝတ္တိအခါ၌ အစဉ်အတိုင်း ကြိုးပွားလာခဲ့သည်ရှိသော် (၇၇) ရက်လောက်ကြာမှ စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသကတို့ (၇) ရက်စီခြားကာ, ခြားကာ ဖြစ်

http://www.dhammadownload.com

လာကြပါသည်။

သာဓက ။ **တတော ပရံ ပဝတ္တိကာလေ ကမေန စက္ခုဒသကာနိ စ ပါတုဘဝန္တိ။**

ဗျိုင်းကောင်းသော ဒသကများ

၁။ သံသေဒဇနှင့်ဂဇ္ဈသေယျက သတ္တဝါတို့၌ စက္ခုဒသက, သောတဒသက, ဃာနဒသက, ဘာဝဒသကအားဖြင့် ဒသက(၄)မျိုး ချို့ကောင်းသည်။

၂။ အပါယ်ဩပပါတိက သတ္တဝါတို့၌ စက္ခုဒသက, သောတဒသက, ဘာဝဒသ က အားဖြင့် ဒသက(၃)မျိုး ချို့ကောင်းသည်။

၃။ သုဂတိဩပပါတိက သတ္တဝါတို့တွင် ကမ္မာဉီးလူသားတို့၌သာ ဘာဝဒသက (၁)မျိုး ချို့ကောင်းသည်။ အခြားသော သုဂတိဩပပါတိကသတ္တဝါတို့၌ကား မည်သည့်ရူပ် ကလာပ်မျှ မချို့ကောင်းပါ။

ဆောင် ***** **စက္ခု, သောတ၊ ဃာန, ဘာဝ၊ ချို့ကောင်းရာကား၊ နှစ်ဖြာဂဇ္ဈ၊ သံသေဒ မှတ်၊ ဥပပါတ်မှာ၊ပါဃ်၌သာလျှင်၊ စက္ခာ, သောတ၊ ဘာဝချို့ဘိ၊ သုဂတိ ကား၊ ကပ်ဉီးသား၊ ချို့ငြားဘောတစ်ခု။**

မျက်စိနှင့်နား မျက်စိက ရှေးဦးစွာဖြစ်

ဂဇ္ဈသေယျက သတ္တဝါတို့အား စက္ခုဒသကစသည်တို့သည် အစဉ်အတိုင်း ထင်ရှားဖြစ်လာသည်ဟု ဆိုထားသောကြောင့် ဂဇ္ဈသေယျက သတ္တဝါတို့၏ သန္တာန်၌ မျက်စိနှင့် နားတို့တွင် မျက်စိက ရှေးဦးစွာ ထင်ရှားဖြစ်ပါသည်။

သာဓက ။ **ရူပ်စာပို၌-၅၄။**

နှလုံးသားမဲ့လူ ဇမ္ဗူမှာမရှိ

ဂဇ္ဈသေယျက သတ္တဝါတို့အား ဟဒယဝတ္ထုရူပ် မချို့ကောင်းသောကြောင့် နှလုံးသား ကင်းမဲ့သော လူသားဟူ၍ မရှိပါ။

သာဓက ။ **ရူပ်စာပို၌-၅၄။**

http://www.dhammadownload.com

နပုန်းပဏ္ဏာက်လူသား ရှိနိုင်

ဂဗ္ဘသေယျက သတ္တဝါတို့အား တစ်ခါတစ်ရံ ဘာဝဒသကကလာပ်ချို့ကောင်းသောကြောင့် မိန်းကလေးလည်း မဝိသ၊ ယောကျ်ားလေးဘဝကို ရသည်ဟုလည်းမဆိုသာသော နပုန်းပဏ္ဏာက်လူသား ရှိနိုင်ပါသည်။

သာဓက ။ ရူပ်စာပိုဒ်-၅၄။

ဥဘတောဗျည်းလူသား ရှိနိုင်

ဂဗ္ဘသေယျကသတ္တဝါတို့အား ပဋိသန္ဓေအခါရသော ကာယ, ဘာဝ, ဝတ္ထုဒသကကလာပ် (၃) စည်းကို ပြရာ၌ ကာယ, ဘာဝ, ဝတ္ထုဒသကသခီတာနိ စသည်ဖြင့် ဘာဝဒသကကို ဣတ္ထိဘာဝ, ပုမ္ဘာဝ မခွဲခြားဘဲ သာမညမျှ ပြဆိုထားသောကြောင့် ယောကျ်ားဖြစ်စေတတ်သောကံ၊ မိန်းမ ဖြစ်စေတတ်သော ကံ (၂) မျိုးလုံးပါရှိသည့် ဥဘတောဗျည်းလူသား ရှိနိုင်ပါသည်။

သာဓက ။ ရူပ်စာပိုဒ်-၅၄။

သုက်သွေးသည် ကလလရေကြည်မဟုတ်

ဂဗ္ဘသေယျသတ္တဝါတို့အား ပဋိသန္ဓေအခါ ရနိုင်သော ကာယဒသက ကလာပ်, ဘာဝဒသက ကလာပ်, ဝတ္ထုဒသကကလာပ်ဟူသော ကလာပ် (၃) ခု ရူပ်မျိုးအစုကိုသာ ကလလရေကြည်ဟုခေါ်ရသောကြောင့်မိဘတို့၏ သုက်သွေးသက်သက်သည်ကလလရေကြည်မဟုတ်ပါ။

သာဓက ။ ရူပ်စာပိုဒ်-၅၄။

မှတ်ရန် ။ မိဘတို့၏သုက်သွေးဟူသည် အာပေါဓာတ်လွန်ကဲသည့် ဩဇာမည်သော အဆီအနှစ်အစေးရူပ် ပါဝင်သည့် အဝိနိဗ္ဘောဂရူပ် တစ်မျိုးသာဖြစ်သည်ဟု ယူဆပါသည်။ သရက်စေ့ထဲမှ သရက်ပင်ပေါက်လာသကဲ့သို့ သုက်သွေးထဲမှ ကလလရေကြည်ရူပ် ဖြစ်ပေါ်လာသောကြောင့် ဇနက+ဇဉအားဖြင့် ဆက်သွယ်နေကြသည်ဟု ဆရာမြတ်တို့ဆိုကြသည်။

ကိုယ်ဝန်ဖျက်ချမှု ပါဏာတိပါတကံဆိုက်

ဂဗ္ဘသေယျကသတ္တဝါတို့အတွက် ကလလရေကြည်ဟုဆိုအပ်သော ကာယ, ဘာဝ,

http://www.dhammadownload.com

ဝတ္ထုဒသက ကလာပ်တို့တွင် ဇီဝိတရုပ်ပါဝင်သောကြောင့် ကိုယ်ဝန်ဖျက်ချမှု, ပဋိသန္ဓေဖျက်ဆီးမှုပြုလုပ်လျှင် ပါဏာတိပါတက် ထိုက်ပါသည်။

သာဓက ။ ရုပ်စာပို၌-၄၆၊ ၅၄။

ကာမဘုံ၌ စတုဇရုပ်များ ဘတင်ဖြစ်ပေါ်လာပုံ

၁။ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ ကမ္မဇရုပ်များဖြစ်လာကြသည်။

၂။ ပဋိသန္ဓေနောင် (ဒုကိယစိတ်ဖြစ်သော) ပထမဘဝင်၏ ဥပါဒ်ခဏမှစ၍ စိတ္တဇရုပ်များဖြစ်လာကြသည်။

၃။ ပဋိသန္ဓေစိတ်၏ဌိခဏမှစ၍ (ခဏတိုင်းခဏတိုင်း) ဥတုဇရုပ်များဖြစ်လာကြသည်။

၄။ အဆီအနှစ်အစေး ဗီတာမင်မာတ် ဩဇာပျံ့နှံ့ရာအခါမှစ၍ အာဟာရဇရုပ်များဖြစ်လာကြသည်။

သာဓက ။ ရုပ်စာပို၌(၅၅)။

ဆောင် * ပဋိစိတ်က၊ ဥပ္ပါဒ၊ ဖြစ်ကြကမ္မဇာ။
* ပ. ဘဝင်က၊ ဥပ္ပါဒ၊ ဖြစ်ကြစိတ္တဇာ။
* ပဋိစိတ်က၊ ဌိခဏ၊ ဖြစ်ကြ ဥတုဇာ။
* ဩဇာဖရဏာ၊ ထိုခါမှ၊ ဖြစ်ကြဟာရဇာ။

ဇီဝိတရုပ် (အသက်) စတင်ဖြစ်ရာအခါ

ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစတင်၍ ကံကြောင့်ဖြစ်သော ရုပ်ကလာပ်တို့ ဖြစ်လာသည်ဟု ဆိုထားသောကြောင့် ဇီဝိတရုပ်ဟုဆိုအပ်သော အသက်သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ဖြစ်ပါသည်။

သာဓက ။ ကမ္မစဝံ ပဋိသန္ဓိမုပါဒါယ ကမ္မသမုဋ္ဌာနာ။

ကာမဘုံ၌ ရုပ်(၄) မျိုးဖြစ်ပေါ်နေပုံ ဥပမာများ

အကြောင်း(၄)မျိုးကြောင့်ဖြစ်သော ရုပ်ကလာပ်အစဉ်သည် ကာမဘုံ၌ ဆီမီးအလျှံကဲ့သို့၄င်း၊ မြစ်ရေအလျဉ်ကဲ့သို့၄င်း၊ အသက်ရှည်သမျှကာလပတ်လုံး မပြတ်မစဲ

http://www.dhammadownload.com

တဖွဖွဖြစ်နေပါတော့သည်။

သာဓက ။ **စတုသမုဋ္ဌာနရူပကလာပသန္ထတိ ကာမလောကေ ဒိပဇာလာဝိယ နဒိသောတောဝိယစ ယာဝတာယုကမတ္တောစ္ဆိန္နာ ပဝတ္တတိ။**

ဒုတိယစိတ္တံ-အရ

ဘဝတစ်ခု၏ ပထမစိတ်ဖြစ်သော ပဋိသန္ဓေ၏နောက်၌ ပထမဆုံးဖြစ်သော ဘဝင်စိတ်ကို (ပဋိသန္ဓေကိုထောက်ဆ၍) ဒုတိယစိတ်ဟုခေါ်ရသောကြောင့် ဒုတိယစိတ္တံအရ ပဋိသန္ဓေနောင်ပထမဘဝင်ကို ယူရမည်။

ဠိတိကာလံ-အရ

ပဋိသန္ဓေစိတ်နှင့်အတူ ဥပါဒ်သော ကမ္မဇတေဇောဓာတ်သည် ပဋိသန္ဓေစိတ်၏ ဠိသို့ရောက်လာရသည့်အခါ၌ ဥတုဇရုပ်များကို ဖြစ်စေနိုင်သောကြောင့် ဠိတိကာလံအရ ပဋိသန္ဓေစိတ်၏ဠိခဏကို ယူရမည်။

ပုဂ္ဂိုလ်အားလျော်စွာ ဩဇာပရိဏာမကာလ

သံသေဒဇနှင့် ဩပပါတိက ပုဂ္ဂိုလ်တို့၌ ပဋိသန္ဓေနေပြီးနောက် စားသောက်ဖွယ်တစ်ခုခုကို စားသောက်ရသည့်ကာလမျိုး၊ အယုတ်ဆုံးအားဖြင့် မိမိ၏တံတွေးကို မျိုချသောကာလမျိုးသည် ဩဇာပျံ့နှံ့ရာကာလဖြစ်သည်။

ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့၌ ပဋိသန္ဓေနေပြီးနောက် သတ္တာဟ (၁)ခု, (၂) ခုလောက် အရောက်တွင် မိခင်က အစာအာဟာရတစ်ခုခုကို စားသောက်သည့် ကာလမျိုးသည် ဩဇာပျံ့နှံ့ရာကာလဖြစ်သည်။

ကာမဘုံ၌ စတုဇရုပ်တို့ နောက်ဆုံးဖြစ်ခိုန်နှင့် ချုပ်ပျောက်ပုံများ

(၁) စုတေကာနိုး၌ စုတိစိတ်မှ ပြန်၍ရေတွက်သည်ရှိသော် (၁၇) ချက်မြောက်သော စိတ်၏ ဠိခဏမှစ၍ ကမ္မဇရုပ်အသစ်များ မဖြစ်ကြတော့ချေ။ ထို (**၁၇-ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏ၌နောက်ဆုံးဖြစ်ကြသော**) ကမ္မဇရုပ်များသည်လည်း စုတိစိတ်၏ ဘင်နှင့် ပြိုင်၍ချုပ် ပျောက်ကြပါသည်။

http://www.dhammadownload.com

(၂) (**စုတိစိတ်၏ ဥပါဒ်ခဏ၌ နောက်ဆုံးဖြစ်ကြသော**) စိတ္တဇရုပ်များသည် ကမ္မဇရုပ် ချုပ်ပြီး (စုတေပြီး) နောက် ခဏငယ် (၄၈) ချက်ခန့်အကြာတွင် ချုပ်ပျောက်ကြပါသည်။

(၃) (**စုတိစိတ်၏ဘင်တိုင်အောင် နောက်ဆုံးဖြစ်ကြသော**) အာဟာရဇရုပ်များသည် ကမ္မဇရုပ်ချုပ်ပြီး (စုတေပြီး)နောက် ခဏငယ် (၅၀)ခန့်အကြာတွင်ချုပ်ပျောက်ကြပါသည်။

(၄) ဥတုဇရုပ်ကလာပ်အဆက်ဆက်များကား (**သေဆုံးပြီးနောင် အလောင်းကောင်ဖြစ်သည့်တိုင်အောင် (၀၊) ကမ္ဘာပျက်သည့်တိုင်အောင် ဆက်လက်၍ ဖြစ်နေကြပြီး**) ကမ္ဘာပျက်သောကာလမှ ချုပ်ပျောက်ကြပါသည်။

သာဓက ။ **ရုပ်စာပို့ဒ်-၅၆။**

ဆောင် * **စုတိတွင်စေ့၊ ပြိုင်ယှဉ်၍၊ ချုပ်လေ့ကမ္မဇာ။**
* **စိတ္တက္ခဏ၊ ဆယ့်ခြောက်မျှ၊ နောက်ကျစိတ္တဇာ။**
* **ငါးဆယ်ခဏ၊ နောက်ကြာမှ၊ ချုပ်ကြဟာရဇာ။**
* **သေရာတွင်လည်း၊ ဘုတ်ဆက်တွဲ၊ ဖြစ်မြဲဥတုဇာ။**
* **ကမ္ဘာဆုံးမှ၊ ချုပ်ပျောက်ကြ၊ ကာလထောင်တာကြာ။**

မှတ်ရန် ။ **စတုဇရုပ်တို့၏ ချုပ်ပျောက်ပုံအစဉ်ကား ဂဗ္ဘသေယျကနှင့် သံသေဒဇသတ္တဝါတို့နှင့်သာ သက်ဆိုင်သည်။ ဩပပါတိကသတ္တဝါတို့ကား စုတိနှင့်အတူသာလျှင် ရုပ်အားလုံးတို့ ချုပ်ပျောက်ဆုံးကြသည်ဟုမှတ်။**

စတုဇရုပ်တို့၏ စတင်ဖြစ်ခိုန်နှင့် နောက်ဆုံးချုပ်ခိုန်

(၁) ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစတင်ဖြစ်ပေါ်လာကြသည်။ စုတိစိတ်၏ ဘင်ခဏ၌ချုပ်ပျောက်ကြသည်။

(၂) စိတ္တဇရုပ်တို့သည် ပဋိသန္ဓေစိတ်နောင် ပထမဘဝင်၏ဥပါဒ်ခဏမှ စတင်ဖြစ်ပေါ်လာကြသည်။ ကမ္မဇရုပ်ချုပ်ပြီးနောက် ခဏငယ် (၄၈) ချက်ခန့်ကာလ၌ ချုပ်ပျောက်ကြသည်။

(၃) ဥတုဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဌိခဏမှစတင်ဖြစ်ပေါ်လာကြသည်။ ကမ္ဘာပျက်သောကာလ၌ ချုပ်ပျောက်ကြသည်။

(၄) အာဟာရဇရုပ်တို့သည် ဩဇာပျံ့နှံ့ရာကာလမှ စတင်ဖြစ်ပေါ်လာကြသည်။ ကမ္မဇရုပ်ချုပ်ပြီးနောက် ခဏငယ် (၅၀) ချက်ခန့်ကာလ၌ ချုပ်ပျောက်ကြသည်။

သာဓက ။ **ရုပ်စာပို့ဒ်-၅၅၊ ၅၆။**

http://www.dhammadownload.com

ဇီဝိန်ချုပ်ရာအခါ

ကမ္မဇရုပ်တို့သည် စုတိစိတ်ဖြစ်သော ကာလပတ်လုံးသာလျှင်ဖြစ်၍ စုတိစိတ်နှင့် ပြိုင်တူချုပ်၏ဟုဆိုထားသောကြောင့် စုတိစိတ်ချုပ်သော ကာလ၌ပင် လူစသော သတ္တဝါများ၏ ဧကန်ကမ္မဇ ဇီဝိတရုပ် ဇီဝိန်ချုပ်ပါသည်။

သာဓက ။ **ပုရေတရမုပ္ပန္နာနိစ ကမ္မဇရူပါနိ စုတိစိတ္တသမကာလမေဝ ပဝတ္တိတ္ဝာ နိရုဇ္ဈန္တိ။**

သတ္တဝါတို့ စုတေသောအခါ

ရုပ်ဇီဝိတ၊ နာမ်ဇီဝိတတို့ တစ်ပြိုင်နက် ချုပ်သောကာလကို သတ္တဝါတို့ စုတေသော အခါဟု မှတ်ရပါသည်။

သာဓက ။ **ပုရေတရမုပ္ပန္နာနိစ (ပ) ယာဝ မတကဋ္ဌေဝရသခ်ီတာပဝတ္တန္တိ။**

နှစ်ပေါင်းများစွာက ရုပ်ကြွင်းများကို ယခုတွေ့ရှိနိုင်

ဥတုကြောင့်ဖြစ်သော ရုပ်ကလာပ် အဆက်ဆက်တို့သည် သေပြီးသည့်နောင်အလောင်း ကောင်တိုင်အောင် ဖြစ်နိုင်ကြသောကြောင့် နှစ်ပေါင်း (၂၅၀၀) ကျော်ခန့်ကသတ္တဝါတို့၏ရုပ်ကြွင်း များကို တူးဖော်တွေ့ရှိသည်ဟူသော သမိုင်းသုတေသန ပညာရှင်တို့၏စကားမှန်ပါသည်။

သာဓက ။ **တတော ပရံ ဥတုသမုဋ္ဌာနရူပပရမ္ပရာ ယာဝ မတကဋ္ဌေဝရသခ်ီတာ ပဝတ္တန္တိ။**

တိတ်ခွေဓာတ်ပြားမှ သံစဉ်များ

ရုပ်တရားတို့သည် စိတ္တက္ခဏ (၁၇) ချက် ကာလမျှသာ သက်တမ်းကြာမြင့်သော်လည်း စိတ္တဇရုပ်ချုပ်ပျောက်ပြီးနောက် တေဇောဓာတ်ဟူသော ဥတုဇရုပ်ကလာပ် အဆက်ဆက် များသည် ကာလကြာရှည်စွာ ဖြစ်ပွားနိုင်သောကြောင့်တိတ်ခွေဓာတ်ပြား စသည်တို့မှ သီချင်း သံစဉ် (ဥတုဇသဒ္ဒရုပ်) များဆက်လက်ပေါ်ထွက် ဖြစ်ပွားနေခြင်းဖြစ်ပါသည်။

သာဓက ။ **ရုပ်စာပို၌-၃၅၊ ၃၉ နှင့် ၅၆။**

http://www.dhammadownload.com

အသက်ပင်သေသော်လည်း ဆံပင် ဆက်ရှည်ဆဲ ဖြစ်နိုင်

ဥတုကြောင့်ဖြစ်သော ရုပ်ကလာပ်အဆက်ဆက်တို့သည် သံသေဒနှင့် ဂဗ္ဘသေယျက သတ္တဝါတို့အားသေဆုံးပြီးနောင် အလောင်းကောင်ကိုင်အောင် ဆက်လက်၍ဖြစ်ပွားနိုင် သောကြောင့် လူလောကၦ အမှန်ပင် အသက်သေသော်လည်း ဆံပင်ဆက်ရှည်ဆဲဟူသော ဖြစ်ရပ်မျိုး ရှိနိုင်ပါသည်။

သာဓက ။ **တတော ပရံ ဥတုသမုဋ္ဌာနရူပပရမ္ပရာ ယာဝ မတကဠေဝရသဒ္ဒါတာ ပဝတ္တန္တိ။**

သတ္တဝါတို့၏အလောင်းကောင်၌ ရထိုက်သောရုပ်ကလာပ်နှင့် ရုပ်များ

ဥတုဇရုပ်ကလာပ်အဆက်ဆက်တို့သည် အလောင်းကောင်တိုင်အောင် ဖြစ်နေကြသော ကြောင့် သတ္တဝါတို့၏အလောင်းကောင်၌ ဥတုဇသုဒ္ဓဋ္ဌကကလာပ်(၁) မျိုးကိုသာရထိုက်ပါသည်။

ရနိုင်သောရုပ်များကား အဝိနိဗ္ဘောဂရုပ် (၈) ပါးဖြစ်ပါသည်။

သာဓက ။ **တတော ပရံ ဥတုသမုဋ္ဌာနရူပပရမ္ပရာ ယာဝ မတကဠေဝရသဒ္ဒါတာ ပဝတ္တန္တိနှင့် အဝိနိဗ္ဘောဂရူပ် ပန သုဒ္ဓဋ္ဌက်။**

အလောင်းပျောက် အသေထွက်ပုဂ္ဂိုလ် မရှိနိုင်

ဥတုကြောင့်ဖြစ်သော ရုပ်ကလာပ် အဆက်ဆက်တို့သည် သံသေဒနှင့် ဂဗ္ဘသေယျက သတ္တဝါတို့အား သေဆုံးပြီးနောက် အလောင်းကောင်တိုင်အောင် ဆက်လက်၍ ဖြစ်ပွားနိုင်သော ကြောင့် လူဘုံ၌အလောင်းကောင်ကြီး အလိုလိုပျောက်သွားသော အသေထွက်ပုဂ္ဂိုလ်ကျော် ဘိုးတော် လူသားဟူ၍ မရှိနိုင်ပါ။

သာဓက ။ **တတောပရံဥတု (ပ) သဒ်္ဒါတာ ပဝတ္တန္တိ။**

ရုပ်သံသရာစက်လည်ပုံ

ပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ၏ ဥပါဒ်ခဏမှစ၍ ကမ္မဇစသော စတုသမုဋ္ဌာနိကရုပ်များ အဆက်မပြတ်ဖြစ်နေသကဲ့သို့ စုတေပြီးသောသတ္တဝါတို့အား နောက်နောက်ဘဝတို့၌လည်း ပဋိသန္ဓေ၏ဥပါဒ်ခဏမှစ၍ ကမ္မဇစသော စတုသမုဋ္ဌာနိကရုပ်များ အဆက်မပြတ်ဖြစ်နေ ခြင်းကို ရုပ်သံသရာစက်လည်သည်ဟုဆိုပါသည်။

သာဓက ။ **ရုပ်စာပိုဒ်-၅၇။**

http://www.dhammadownload.com

ရူပ (၁၅) ဘုံ၌ ကာလအလိုက် ရထိုက်သော ရုပ်ကလာပ်နှင့် ရုပ်များ

အသည်းသတ်ကြဉ်သော ရူပပြဟ္မာတို့၏ ပဋိသန္ဓေခဏ၌ စက္ခုဒသက, သောတဒသက, ဝတ္ထုဒသက, ဇီဝိတ နဝကကလာပ်အားဖြင့် ကမ္မဇကလာပ် (၄) စည်းတို့ကိုသာ ရထိုက်ပါသည်။

ပဋိသန္ဓေခဏ၌ ရထိုက်သောရုပ်များကား အဝိနိဗ္ဘောဂရုပ် (၈) ပါးနှင့် ဇီဝိတ, စက္ခု, သောတ, ဟဒယဝတ္ထု, အာကာသဓာတ်, ဥပစယ, သန္တတိအားဖြင့် (၁၅) ပါးသော ရုပ်တို့တည်း။

ပဝတ္တိအခါ၌ ပဋိသန္ဓေအခါရသော ကမ္မဇကလာပ် (၄) စည်းနှင့် စိတ္တဇကလာပ် (၆) စည်း, ဥတုဇကလာပ် (၄) စည်းအားဖြင့် (၁၄)စည်းသော ရုပ်ကလာပ်တို့ကို ရထိုက်ပါသည်။

ပဝတ္တိအခါ၌ရထိုက်သောရုပ်များကား ဃာန, ဇိဝှာ, ကာယနှင့် ဘာဝရုပ် (၂) ပါးတို့မှ ကစ်ပါးသော ရုပ် (၂၃) ပါးတို့တည်း။

သာဓက ။ **ရုပ်စာပို ဒ်-၅၈။**

ရူပဘုံ၌ အာဟာရဇကလာပ်ကိုမရသော်လည်း အာဟာရုပ်ရှင်းအကြောင်း

ရူပဘုံ၌အာဟာရဇကလာပါနိစ နလဘ္ဘန္တိ ဟူသော စကားအရ အာဟာရဇကလာပ်ကို မရသော်လည်း၊ ရူပဘုံ၌ ရထိုက်သောကမ္မဇ, စိတ္တဇ, ဥတုဇရုပ်ကလာပ်တို့တွင် အဖျွတ်တိုက်ဩဇာရုပ်ပါရှိနေသောကြောင့် ရူပဘုံ၌ အာဟာရရုပ်ကို ရထိုက်ပါသည်။

ရူပဘုံ၌ မရထိုက်သော ရုပ်ကလာပ်များ

အသည်းသတ်ကြဉ်သော ရူပ (၁၅) ဘုံ၌ ဃာန, ဇိဝှာ, ကာယ, ဣတ္ထိဘာဝ, ပုမ္ဘာဝ, ဒသကဟူသော ကမ္မဇကလာပ် (၅) စည်းနှင့် အာဟာရဇကလာပ် (၂) စည်းအားဖြင့် ရုပ်ကလာပ် (၇) စည်းတို့ကိုမရထိုက်ပါ။

သာဓက ။ **ရုပ်စာပို ဒ်-၅၈။**

မှတ်ရန် ။ **အခြားဘုံတို့၌ ကလာပ် (၂၁) စည်းတို့တွင် ရထိုက်သော ကလာပ်စည်းတို့ကိုနှုတ်လျှင် ကျန်သော ရုပ်ကလာပ်တို့သည် မရထိုက်သော ရုပ်ကလာပ်များဟု သိနိုင်ပါသည်။**

http://www.dhammadownload.com

ရူပဇြဟ္မာများ၌ ကာယိကဒုက္ခ မဖြစ်

ရူပဘုံ၌ ကာယဒသက ကလာပ်ကိုမရအပ်သောကြောင့် ရူပဇြဟ္မာတို့၏ သန္တာန်၌ ကိုယ်ဆင်းရဲမှု ကာယိကဒုက္ခ မဖြစ်နိုင်ပါ။

သာဓက ။ **ရူပလောကေ ပန ယာနဇိဝှါကာယဘာဝဒသကာနိစ၊ အာဟာရဇ ကလာပါနိစ နလဗ္ဘန္တိ။**

ဇြဟ္မာဩဇာ ဇြဟ္မာထမင်းမရှိ

ရူပဘုံ၌ ဇိဝှာဒသက ကလာပ်, အာဟာရဇကလာပ်ကို မရအပ်သောကြောင့် ဇြဟ္မာဩဇာ, ဇြဟ္မာထမင်းဟူ၍မရှိပါ။

သာဓက ။ **ရူပလောကေ ပန ယာနဇိဝှါကာယဘာဝဒသကာနိစ၊ အာဟာရဇကလာပါနိစ နလဗ္ဘန္တိ။**

ဇြဟ္မာ့ပြည်၌ အမျိုးသမီး/ အမျိုးသားကွဲပြားမှုမရှိ

ရူပဘုံ၌ မိန်းမအဖြစ် ယောကျ်ားအဖြစ်ဟု ဆိုအပ်သော ဘာဝဒသက ကလာပ်ကို မရအပ်သောကြောင့် ဇြဟ္မာအမျိုးသမီး/ အမျိုးသားဟူ၍ အသွင်သဏ္ဌာန်ကွဲပြားခြားနားမှု မရှိနိုင်ပါ။

သာဓက ။ **ရူပလောကေ ပန ယာနဇိဝှါကာယဘာဝဒသကာနိစ၊ အာဟာရဇ ကလာပါနိစ နလဗ္ဘန္တိ။**

အသညသတ်ဘုံ၌ ကာလအလို့က် ရထိုက်သော ရုပ်ကလာပ်နှင့် ရုပ်များ

အသညသတ်ဇြဟ္မာတို့၏ ပဋိသန္ဓေခဏ၌ ဇီဝိတနဝကကလာပ် (၁)မျိုးကိုသာ ရထိုက်ပါသည်။ ပဋိသန္ဓေအခါ၌ ရထိုက်သောရုပ်များကား အဝိနိဗ္ဘောဂရုပ် (၈) ပါး, ဇီဝိတရုပ် (၁) ပါး, အာကာသဓာတ်, ဥပစယ, သန္တတိအားဖြင့် (၁၂) ပါးသောရုပ်တို့တည်း။

ပဝတ္တိအခါ၌ ဇီဝိတနဝကကလာပ် (၁)စည်း, သုဒ္ဓဋ္ဌကနှင့် လဟုတာဒေကာဒသက ဟူသော ဥတုဇကလာပ် (၂) စည်းအားဖြင့် ရုပ်ကလာပ် (၃) စည်းကိုရထိုက်ပါသည်။ ပဝတ္တိအခါ ရထိုက်သော ရုပ်များကား အဝိနိဗ္ဘောဂရုပ် (၈) ပါး, ဇီဝိတရုပ်, အာကာသဓာတ်, လဟုတာဒိတ္တယ (၃) ခု, လက္ခဏရုပ် (၄) ခုအားဖြင့် (၁၇) ပါးသောရုပ်တို့တည်း။

သာဓက ။ **ရုဒ်စာပိဒ်-၅၉။**

http://www.dhammadownload.com

သဒ္ဒ–အရ

တထာ သဗ္ဗာနိပိ စိတ္တဇရူပါနိဟု စိတ္တဇရုပ်အားလုံးကို သီးခြား ဆိုလတ္တံ့ဖြစ်သော ကြောင့် အသညသတ္တာနံ ပန စက္ခု သောတဝတ္ထုသဒ္ဒါပိဠ် သဒ္ဒရုပ်အရ ဥတုဇသဒ္ဒကိုသာ ယူရပါမည်။

သာဓက ။ **အသညသတ္တာနံ ပန (ပ) စိတ္တဇရူပါနိ။**

နှလုံးသား ကင်းမဲ့သူများ

အသညသတ်ဘုံနှင့် အရူပ (၄) ဘုံတို့၌ ဟဒယဝတ္ထုရုပ်ကိုမရအပ်သောကြောင့် အသညသတ်ပြဟ္မာနှင့် အရူပပြဟ္မာတို့သည် နှလုံးသားကင်းမဲ့သူများဖြစ်ပါသည်။

သာဓက ။ **ရုပ်စာပိဒ်-၅၉နှင့် အရူပေ နတ္ထိ ကိဉ္စိပိ။**

ရုပ်ဖြစ်ရာ ဘုံ (၃) မျိုးနှင့် ရုပ်ဖြစ်ပျက်စဉ် (ရူပပဝတ္ထို) ၂–မျိုး

ရုပ်ဖြစ်ရာဘုံဌာနများကား ကာမ, ရူပ, အသညသတ်အားဖြင့် (၃) မျိုးဖြစ်ပါသည်။ ရုပ်ဖြစ်စဉ် ရူပပဝတ္ထိကား ပဋိသန္ဓေအခါ ဖြစ်ပျက်ပုံ, ပဝတ္တိအခါဖြစ်ပျက်ပုံအားဖြင့် (၂) မျိုး ဖြစ်ပါသည်။

သာဓက ။ **ရုပ်စာပိဒ်-၆၀။**

ပဋိသန္ဓေအခါမရနိုင်သော ရုပ်များ

ပဋိသန္ဓေအခါ၌ သဒ္ဒရုပ်, ဝိညတ်ဒွေး, လဟုတာဒိတ္တယရုပ် (၃) ခု, ဇရတာ, အနိစ္စတာ အားဖြင့် (၈) ပါးသောရုပ်တို့ကို မရနိုင်ပါ။

သာဓက ။ **သဒ္ဒေါ ဝိကာရော ဇရတာ မရဏန္တောပပတ္တိယံ နလဗ္ဘန္တိ။**

ကာမဘုံ၌ ကာလအလိုက် ရတို့က်သောရုပ်များ အနှစ်ချုပ်

ကာမဘုံသားတို့၏ ပဋိသန္ဓေအခါ၌ ကမ္မဇရုပ်(၁၈) ပါးနှင့် ဥပစယ, သန္တတိအားဖြင့် ရုပ်ပေါင်း (၂၀) တို့ကိုသာ ရနိုင်ပါသည်။ ပဝတ္တိအခါ၌ကား ရုပ် (၂၈) ပါးလုံးကိုပင် ထိုက်သည် အားလျော်စွာရနိုင်ပါသည်။

သာဓက ။ **ရုပ်စာပိဒ်-၆၁ (ဒုတိယဂါထာ)။**

http://www.dhammadownload.com

သတ္တဝါတို့ မအို, မသေနိုင်သောအခါ

သတ္တဝါတို့ ပဋိသန္ဓေနေခိုန်အခါ၌ ရုပ်၏ရင့်သောအဖြစ်ဟု ဆိုအပ်သော ဇရတာနှင့် ပျက်သောအဖြစ်ဟု ဆိုအပ်သော အနိစ္စတာ (မရဏ) တို့ကို မရကောင်းသောကြောင့် ပဋိသန္ဓေနေခိုက်အခါ၌ မအိုနိုင်၊ မသေနိုင်ပါ။

သာဓက ။ **သဒ္ဒါ ဝိကာရော ဇရတာ မရဏန္တောပပတ္တိယံ နလဗ္ဘန္တိ။**

မှတ်ရန် ။ **ကလလရေကြည် တည်ဦးအစ ပဋိသန္ဓေနေခိုန် ခဏကလေးကို ပဋိသန္ဓေအခါဟု ခေါ်၏။ ထို့နောက်မှစ၍အမိဝမ်းထဲ၌ အောင်းနေဆဲပင် ဖြစ်စေကာမူ ပဝတ္ထိအခါဟုခေါ်၏။ဤကဲ့သို့ အဘိဓမ္မာနည်းအရ ပဋိသန္ဓေ၊ ပဝတ္ထိ ခွဲခြားမှုကို သတိပြုပါ။**

ပန်းခိုပုံပါ ဗြဟ္မာရုပ် အဆုံးအဖြတ်

အရူပဗြဟ္မာတို့သည် ရုပ်တရား မရှိဘဲ နာမ်တရားသက်သက်မျှသာ ရှိသောကြောင့် မျက်စိဖြင့် ကြည့်ရှုမရ၊ ပန်းခိုပုံဖော်၍ သဘာဝမကျသောကြောင့် ပန်းခိုကားချပ်များတွင် မြင်တွေ့ရသော ဗြဟ္မာပုံသည် ရူပဗြဟ္မာ၏ပုံသာ ဖြစ်သင့်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပို့ဒ်-၉၆၊ အရူပေ နတ္ထိ ကိဉ္စိပိ။ ရုပ်စာပို့ဒ်-၆၁ နှင့် တမေဝ ရူပံ ပဿန္တံ စက္ခုဝိညာဏံ။ ဝိထိစာပို့ဒ်-၁၀။**

* * * * * * *

http://www.dhammadownload.com

နိဗ္ဗာနဿာဒ မြိုင်ကွင်း

နိဗ္ဗာန်မည်ခြင်းအကြောင်း

သတ္တဝါတို့ကို သံသရာဝဋ်ဆင်းရဲ၌ ချုပ်တတ်, မြေးတတ်, ဘဝတစ်ခုနှင့် တစ်ခု ဆက်စပ်ပေးတတ်သော ဝါနဟုခေါ်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်မည်ပါသည်။

သာဓက ။ **ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ။**

တဏှာမှထွက်မြောက်တတ်ဟု ဆိုရပုံ

အကုသိုလ်စိတ်တို့သည် လောကုတ္တရာကိုအာရုံမပြုနိုင်သည့်အတွက် လောကုတ္တရာဖြစ်သောနိဗ္ဗာန်သည် တဏှာ၏အာရုံပြုရာနယ်ပယ်မဟုတ်။ တဏှာ၏အာရုံပြုမခံရသောကြောင့် နိဗ္ဗာန်ကို တဏှာမှထွက်မြောက်တတ်သည်ဟုဆိုရပါသည်။

သာဓက ။ **ပကိဏ်းပိုင်း-၅၇။**

နိဗ္ဗာန် ပုဒ် (၂) ခုတို့၏အထူး

နိဗ္ဗာန် ပန လောကုတ္တရသခ်ါတ် စသောဝါကျ၌ ရှေ့နိဗ္ဗာန်ပုဒ်ဖြင့် သန္တိသုခနိဗ္ဗာန်ဟူသော ပရမတ်တရား (သညီဒြဗ်၊ အတ္ထပညတ်) ကိုပြ၏။ နောက်နိဗ္ဗာန်ပုဒ်ဖြင့် နိဗ္ဗာန်ဟူသော အမည် (သညာ၊ သဒ္ဒပညတ်) ကို ပြ၏။ ဤသို့ထူး၏။

လောကနိဗ္ဗာန်ဟူ၍မရှိ၊ လောကုတ္တရာ နိဗ္ဗာန်သာရှိ

နိဗ္ဗာန်၏ ဝိသေသနပုဒ်ကို လောကုတ္တရာသခ်ါတ်ဟု ဆိုပြီး နိဗ္ဗာန်၏ လောကီအဖြစ်ကို နှစ်စေ၍ လောကုတ္တရာအဖြစ်ကို ပြဆိုသောကြောင့် လောကနိဗ္ဗာန်ဟူ၍ မရှိပါ။ လောကုတ္တရာနိဗ္ဗာန်သာ ရှိပါသည်။

သာဓက ။ **နိဗ္ဗာန် ပန လောကုတ္တရသခ်ါတ်။**

နိဗ္ဗာန်သည် ပညတ်မဟုတ်

အရိယာတို့သည် မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုတိုက်ရိုက်မျက်မှောက်ပြုနိုင်သောကြောင့်၄င်း,

http://www.dhammadownload.com

မဂ်ဖိုလ်တို့၏အာရုံဖြစ်သောကြောင့်၎င်း, မဂ်ဖိုလ်တို့သည် ပညတ်ကိုအာရုံမပြုသောကြောင့်၎င်း နိဗ္ဗာန်သည် အဘာဝပညတ်မဟုတ်။ ပရမတ်တရားကိုယ်ရသော တရားတစ်မျိုးသာဖြစ်သည်။

သာဓက ။ **ပကိဏ်းစာပို၌-၆၂၊ ရုပ်စာပို၌-၆၂။**

ပုထုဇဉ်တို့ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်

နိဗ္ဗာန်ကို မဂ်ဉာဏ် (၄) ပါးဖြင့် မျက်မှောက်ပြုအပ်သောတရားဟု ပြဆိုထား သောကြောင့်မဂ်ဉာဏ်ရသော အရိယာပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်ကို မျက်စိဖြင့် မြင်ရသကဲ့သို့ ပိုင်ပိုင်နိုင်နိုင်သိမှု မျက်မှောက်ပြုနိုင်ပါသည်။ ပုထုဇဉ်တို့နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်၊ ပုထုဇဉ်ဘဝဖြင့် နိဗ္ဗာန်မရောက်နိုင်။

သာဓက ။ **နိဗ္ဗာနံ ပန လောကုတ္တရသဒ္ဒါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ။**

နိဗ္ဗာန်အကြောင်းကို ကိုယ်တိုင်သိနိုင်သူ (နိဗ္ဗာန်ရသူ)

နိဗ္ဗာန်သည် မဂ်ဉာဏ် (၄) ပါးဖြင့် မျက်မှောက်ပြုအပ်သော တရားသာဖြစ်သောကြောင့် ကောင်းမွန်စွာကျင့်၍ မဂ်ဉာဏ်ရသူများသာ နိဗ္ဗာန်အကြောင်းကိုကိုယ်တိုင်သိနိုင်သူ, နိဗ္ဗာန်ရသူဖြစ်နိုင်သည်။

သာဓက ။ **နိဗ္ဗာနံ ပန လောကုတ္တရသဒ္ဒါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ။**

နိဗ္ဗာန်သည် မဂ်ဖိုလ်တို့၏ အာရုံ

နိဗ္ဗာန်သည် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော တရားဟုပြဆိုထား သောကြောင့် နိဗ္ဗာန်ကို ကလျာဏပုထုဇဉ်တို့သည် ကာမာဝစရဉာဏ်ဖြင့် မှန်းဆ၍ သိခြင်းမျိုးသာဖြစ်နိုင်သည်။ မျက်စိဖြင့် မြင်ရသကဲ့သို့ ပိုင်ပိုင်နိုင်နိုင် သိခြင်းမျိုး မဖြစ်နိုင်ပါ။

သာဓက ။ **နိဗ္ဗာနံ ပန (ပ) မဂ္ဂဖလာနမာရမ္မဏဘူတံ။**

ရာဂ စသည်မရှိခြင်းမျှကို နိဗ္ဗာန်ဟုမခေါ်

နိဗ္ဗာန်ကိုမဂ်လေးပါးဖြင့် မျက်မှောက်ပြုအပ်သော တရား, မဂ်ဖိုလ် တို့၏ အာရုံဖြစ်သော တရားဟု ပြဆိုထားသောကြောင့် ရာဂစသည် မရှိ ခြင်းမျှကို နိဗ္ဗာန်မည်၏ဟု ဆိုခြင်းသည် မိစ္ဆာအယူသာဖြစ်၏။ အရှင်အနုရုဒ္ဓါ အလိုကျမဖြစ်နိုင်။

သာဓက ။ **နိဗ္ဗာနံ ပန (ပ) မဂ္ဂဖလာနမာရမ္မဏဘူတံ။**

http://www.dhammadownload.com

နိဗ္ဗာန်ဟူ ခေါ်နိုင်သောအရာ

ဒုက္ခခပ်သိမ်း အကြွင်းမဲ့ချုပ်ပျောက် ငြိမ်းအေးခြင်း အမှန်သဘောတရားကို နိဗ္ဗာန်ဟု ခေါ်ပါသည်။

သာဓက ။ ဒုက္ခနိရောဓော အရိယသစ္စံ။ နိရောဓောနာမ နိဗ္ဗာနံ။

နိဗ္ဗာန်မှာ ဘာမှမရှိဆိုသော စကားအမှား

နိဗ္ဗာန်ကို မဂ်ဉာဏ် (၄) ပါးဖြင့် မျက်မှောက်ပြုအပ်သောတရား ဟူ၍ဂင်း၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော တရားဟူ၍ဂင်း၊ ဒုက္ခမျိုးစုံဖြစ်ပေါ်ခြင်း၏အကြောင်းဖြစ်သော တဏှာမှလွတ် မြောက်တတ်သောကြောင့် နိဗ္ဗာန်မည်၏ဟူ၍ဂင်း ဆိုထားသောကြောင့် နိဗ္ဗာန်၌ အပါယ်စသော ဆင်းရဲမျိုးစုံမှ လွတ်ကင်းမှုချမ်းသာနှင့် ကိလေသာအပူဘေးတို့မှ ကင်းဝေးလွတ်မြောက်ခြင်း ချမ်းသာဟုဆိုအပ်သော သန္တိသုခလက္ခဏာ သဘောတရား ရှိပါသည်။ နိဗ္ဗာန်မှာ ဘာမှမရှိ ဟူသော စကားသည် သဘာဝမကျပါ။

သာဓက ။ ဝိထိမုတ်စာပို၌-၁၀၂ (ဒုတိယဂါထာ) နှင့် ရူပ်စာပို၌- ၆၂။

မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်ဟူသော စကားမှန်နိုင်

နိဗ္ဗာန်ကို မဂ် (၄) ပါးဖြင့် မျက်မှောက်ပြုအပ်သော တရားဟူ၍ ဂင်း၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သောတရားဟူ၍ဂင်း, ပြဆိုထားသောကြောင့် မဂ်ဉာဏ်ပေါက်ရောက်၍ ဖိုလ်ပုဂ္ဂိုလ်စာရင်းဝင်အဖြစ်သို့ ရောက်သော အရိယာပုဂ္ဂိုလ်မှန်သမျှ နိဗ္ဗာန်ကို မျက်စိဖြင့် မြင်ရသကဲ့သို့ ပိုင်ပိုင်နိုင်နိုင်သိမူ မျက်မှောက်ပြုနိုင်၍ မဂ်ပေါက်ဖိုလ်ဝင်နိဗ္ဗာန်မြင် ဟူသော စကားသည် မှန်ပါသည်။

သာဓက ။ ရူပ်စာပို၌-၆၂။

နိဗ္ဗာန်အမည်, အမျိုးအစား အုပ်စုများ

နိဗ္ဗာန်သည် လက္ခဏာသဘာဝအားဖြင့် သန္တိသုခ (၁) ပါးသာရှိပါသည်။

(သိစေတတ်သော အကြောင်းအရာ၏ အရိပ်အမြွက်) ကာရကာပရိယာယအားဖြင့် သဉ္ဇပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန်ဟူ၍ (၂)မျိုး ရှိပါသည်။

http://www.dhammadownload.com

(အခြင်းအရာ) **အာကာရဘေဒအားဖြင့်** သုညတနိဗ္ဗာန်, အနိမိတ္တနိဗ္ဗာန်, အပ္ပဏိဟိတနိဗ္ဗာန်ဟူ၍ (၃) မျိုးရှိပါသည်။

သာဓက ။ **ရူပ်စာပိုဒ်-၆၃၊ ၆၄။**

သဥပါဒိသေသနိဗ္ဗာန်နှင့် အနုပါဒိသေသနိဗ္ဗာန်အခြိပ်ပါယ်

ကိလေသာတို့မကြွင်းကျန်ရစ်သော ဝိပါက်နာမက္ခန္ဓာ, ကမ္မဇရုပ်များ မချုပ်သေးခင် (ပရိနိဗ္ဗာန်မစ်ခင်) အာရုံပြုအပ်သောနိဗ္ဗာန်သည် သဥပါဒိသေသနိဗ္ဗာန်မည်၏။

ကိလေသာတို့မကြွင်းကျန်ရစ်သော ဝိပါက်နာမက္ခန္ဓာ, ကမ္မဇရုပ်များ ချုပ်ပျောက်ပြီးနောက် (ပရိနိဗ္ဗာန်စံသည့်အခါ) ရအပ်သောနိဗ္ဗာန်သည် အနုပါဒိသေသနိဗ္ဗာန်မည်၏။

သဥပါဒိသေသ၌ အဆင့်ဆင့်အရေးများ

သဥပါဒိသေသ၌ **ဥပါဒိအရကား** ကာမုပါဒါန်စသည်တို့ဖြင့်စွဲလန်းအပ်သော ခန္ဓာတည်း။

ဥပါဒိသေသအရကား ကိလေသာတို့မှ ကြွင်းကျန်ရစ်သော (အာသဝေါကင်းကွာဘုရား, ရဟန္တာတို့၏) ခန္ဓာတည်း။

သဥပါဒိသေသအရကား ကိလေသာတို့မှ ကြွင်းကျန်ရစ်သည့် ဥပါဒိသေသခန္ဓာဖြင့် မှတ်အပ်သောနိဗ္ဗာန်တည်း။

သဥပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန်နှင့် ဆိုင်ရာပုဂ္ဂိုလ်များ

ဘုရားရဟန္တာတို့၏ ခန္ဓာသည်သာ အာသဝေါမကြွင်းကျန်ရစ်သော (အာသဝေါကင်းကွာသော) ခန္ဓာဖြစ်သောကြောင့်၄င်း၊ ဘုရားရဟန္တာတို့သည်သာ စုတိ၏အခြားမဲ့၌ ခန္ဓာမဖြစ်တော့သောကြောင့်၄င်း၊ သဥပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန်ဟူသည် ဘုရား, ရဟန္တာတို့နှင့်သာ သက်ဆိုင်သောအမည်ဖြစ်ပါသည်။

မှတ်ရန် ။ **မဂ်ခဏ၌ ကိလေသာတို့၏ကုန်ခြင်းသည် သဥပါဒိသေသနိဗ္ဗာန်မည်၏ဟုယူဆလျှင်ကား သဥပါဒိသေသနိဗ္ဗာန်ဟူသောအမည်သည် အရိယာအားလုံးနှင့် ဆိုင်သည်ဟုမှတ်။**

http://www.dhammadownload.com

"သေပြီးမှသာ နိဗ္ဗာန်ရနိုင်သည်" ဆိုက သဘာဝ မကျ

နိဗ္ဗာန်သည် သန္တိသုခလက္ခဏာအားဖြင့် (၁) မျိုးတည်းသာရှိသော်လည်း ကာရကပရိယာယအားဖြင့် (ပရိနိဗ္ဗာန်မစံခင်) အာရုံပြုရရှိ အပ်သော သဥပါဒိသေသနိဗ္ဗာန်ဟူ၍၄င်း၊ (ပရိနိဗ္ဗာန်စံလွန်သောအခါ) ရရှိအပ်သော အနုပါဒိသေသနိဗ္ဗာန်ဟူ၍၄င်း၊ (၂) မျိုးရှိသောကြောင့် (သဥပါဒိသေသနိဗ္ဗာန်သည် မသေခင်ရရှိသော နိဗ္ဗာန်ဖြစ်ပြီး အနုပါဒိသေသနိဗ္ဗာန်သည် သေပြီးမှရရှိသော နိဗ္ဗာန်ဖြစ်သဖြင့်) နိဗ္ဗာန်ဆိုတာသေပြီးမှ ရရှိသော တရားသဘောသာဖြစ်သည် ဟုဆိုခြင်းသည် သဘာဝမကျပါ။

သာဓက ။ **ရူပ်စာပိုဒ်-၆၃။**

မသေခင်မှာ နိဗ္ဗာန်ရ

လောကုတ္တရာနိဗ္ဗာန်သည် မဂ်ဉာဏ် (၄) ပါးတို့ဖြင့် မျက်မှောက်ပြုအပ်သောတရား၊ မဂ်ဖိုလ်တို့၏အာရုံဖြစ်သောတရားဖြစ်သောကြောင့် သောတာပန်စသော အရိယာပုဂ္ဂိုလ်တို့၏ဘဝမချုပ်ငြိမ်းခင်, မသေခင်မှာ နိဗ္ဗာန်ကိုရခြင်းဖြစ်ပါသည်။

သာဓက ။ **နိဗ္ဗာန် ပန လောကုတ္တသခ်ီတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ မဂ္ဂဖလ မာရမ္မဏဘူတံ၊**

သုညတစသော နိဗ္ဗာန် (၃) မျိုးတို့၏ အဓိပ္ပါယ်များ

ရာဂ, ဒေါသ, မောဟနှင့် ခန္ဓာ (၅) ပါးတို့၏ ဆိတ်သုဉ်းပုံအခြင်းအရာဖြစ်သောကြောင့် သုညတနိဗ္ဗာန်ဟုခေါ်သည်။

ပုံပန်းသဏ္ဌာန်အတိုင်းအတာမရှိသော အခြင်းအရာဖြစ်သောကြောင့် အနိမိတ္တနိဗ္ဗာန်ဟုခေါ်သည်။

တောင့်တမှုတဏှာမရှိသောအခြင်းအရာဖြစ်သောကြောင့် အပ္ပဏိဟိတနိဗ္ဗာန်ဟုခေါ်သည်။

ဆောင် * **သုည. ကင်းဆိတ်၊ အနိမိတ္တ၊ ပုံဟန်မရှိ၊ အပ္ပဏိဟိ၊ မရှိတောင့်တ၊ နိဗ္ဗာသုံးဝ၊ ပြားကြ, ခြင်းအရာ။**

http://www.dhammadownload.com

နိဗ္ဗာန်ဂုဏ်ပုဒ်အကျဉ်းချုပ်

သင်္ဂြိဟ်ကျမ်းလာ နိဗ္ဗာန်ဂုဏ်ပုဒ်များကား

၁။ **အစ္စုတံ** = စုတေ, ရွှေ့လျော သေရခြင်းသဘောမရှိခြင်း။
၂။ **အစ္စန္တံ** = စုတိဟုဆိုအပ်သော အဆုံးကိုလွန်မြောက်ပြီးခြင်း။
၃။ **အသင်္ခတံ** = ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်း (၄) ပါး တို့တွင် မည်သည့်အကြောင်းတစ်ခုကမျှ မပြုပြင်နိုင်ခြင်း။
၄။ **အနုတ္တရံ** = အတူမရှိ အမြတ်ဆုံးဖြစ်ခြင်း။
(၅။ **ပဒံ** = အရိယာပုဂ္ဂိုလ်တို့ မျက်မှောက်ပြုသောအားဖြင့် ရောက်အပ်ခြင်း) တို့ဖြစ်ပါသည်။

သာဓက ။ **ရူပ်စာပို့ဒ်-၆၅**။

အို, နာ, သေ ဒုက္ခမှ ထာဝရ လွတ်ကင်းရာသည် နိဗ္ဗာန်

နိဗ္ဗာန်သည် အစ္စုတ, အစ္စန္တ, အသင်္ခတတရားဖြစ်သောကြောင့် အို, နာ, သေရေး ဒုက္ခဘေးတို့မှ ထာဝရလွတ်ကင်းရာသည် နိဗ္ဗာန်ဖြစ်ပါ သည်။

သာဓက ။ **ပဒမစ္စုတ မစ္စန္တံ (ပ) ဝါနမုတ္တော မဟေသယော**။

ပရမတ္ထတရား (၄) ပါးအပို, အလို မရှိနိုင်

ပရမတ္ထတရားကို စိတ်, စေတသိက်, ရူပ်, နိဗ္ဗာန်အားဖြင့် (၄) ပါးသာရှိသည်ဟု မြတ်စွာဘုရားတို့မိန့်ကြားတော်မူသောကြောင့် ပရမတ္ထတရား (၄) ပါးထက်ပို၍လည်း မရှိနိုင်၊ (၄) ပါးအောက် ယုတ်လျော့၍လည်း မရှိနိုင်ပါ။

သာဓက ။ **ရူပ်စာပို့ဒ်-၆၅ (ဒုတိယဂါထာ)**။

ရူပ်ပိုင်းဆိုင်ရာ မြင်ကွင်း ပြီးပြီ။

* * * * * * *

http://www.dhammadownload.com

သမုဒ္ဒရာပိုင်း

သမုဒ္ဒရာပိုင်းအဓိပ္ပါယ်

ပရမတ္ထတရားတို့ကို သဘောတူချင်းပေါင်းသင်းစုစည်း၍ ပိဋကတ်တော်၌ အမည်အမျိုးမျိုးသုံးစွဲပုံကိုအကျဉ်းချုပ်ပြဆိုသောအပိုင်းသည် သမုဒ္ဒရာပိုင်းမည်၏။

စိတ်ပိုင်းမှ ရုပ်ပိုင်းအထိ (၆) ပိုင်းဖြင့် ဝေဖန်ပြသော ပရမတ်

စိတ်ပိုင်းမှ ရုပ်ပိုင်းအထိ သင်္ဂဟ(၆)ပိုင်းဖြင့် ပရမတ္ထတရား (၄) ပါးလုံးပင် ပြဆိုပါသည်။

သာဓက ။ **ဒွါသတ္တတိဝိဓာ ဝုတ္တာ၊ ဝတ္ထုဓမ္မာ သလက္ခဏာ။**

ဒွါသတ္တတိဝိဓာအရ (သမုဒ္ဒရာပိုင်း၌ ပြမည့်) တရား

ဒွါသတ္တတိဝိဓာအရ (သမုဒ္ဒရာပိုင်း၌ပြမည့်) တရားများကား မိမိလက္ခဏာနှင့် မိမိသီးခြားစီဖြစ်ကြသော စိတ် (၁) မျိုးနှင့် စေတသိက် (၅၂) မျိုးဟူသော နာမ်တေပညာသ, နိပ္ပန္နရုပ် (၁၈) မျိုး, နိဗ္ဗာန် (၁) မျိုးအားဖြင့် (၇၂) ပါးဖြစ်ပါသည်။

သာဓက ။ **သမုဒ္ဒရာစာပိဒ်-၁။**

ဆောင် * **နာမ်, တေပညာ၊ ရုပ်နိပ္ပန်၊ နိဗ္ဗာန်ယုဘိ၊ ဒွါသတ္တတိ။**

ပရမတ်အစစ်နှင့် အတုခွဲခြားပုံ

စိတ် (၁) မျိုး, စေတသိက် (၅၂) မျိုး, နိပ္ပန္နရုပ် (၁၈) မျိုး, နိဗ္ဗာန် (၁) မျိုးအားဖြင့် (၇၂) ပါးသောတရားတို့သည်သာ ကိုယ်ပိုင်လက္ခဏာသီးခြားရှိ၍ ပရမတ်အလိုအားဖြင့် တရားကိုယ်ရကောင်းသောကြောင့် ပရမတ်အစစ်များဖြစ်ကြပါသည်။

အနိပ္ပန္နရုပ် (၁၀) ပါးတို့သည်ကား ကိုယ်ပိုင်လက္ခဏာသီးခြားမရှိ၍ ပရမတ်အလိုအားဖြင့် တရားကိုယ်မရကောင်းသောကြောင့် ပရမတ်အတုများဖြစ်ကြပါသည်။

သာဓက ။ **ဒွါသတ္တတိဝိဓာ ဝုတ္တာ၊ ဝတ္ထုဓမ္မာ သလက္ခဏာ။**

ဆောင် * **တေပညာနာမ်၊ ရုပ်နိပ္ပန်၌၊ နိဗ္ဗာန်သွင်းထည့်၊ ဒွါသတ္တတိ၊ မှတ်ဘိပရမတ်စစ်။**

* **အနိပ္ပန္နာ၊ ရုပ်ဒသမှာ၊ အာဝေဏိက၊ လက္ခဏဝတ္ထု၊ မရမ္ဘကြောင့်၊**

http://www.dhammadownload.com

အတုပရမတ်ဖြစ်။

* ဤသို့ဖြစ်ထွေ၊ သိပါစေဟု၊ ဝတ္ထုဓမ္မာ၊ သလက္ခဏာ၊ ဆရာနုရုဒ်လှစ်။

သမုစ္စည်းပိုင်းဖြင့် ပြဆိုပုံ အနှစ်ချုပ်

သမုစ္စည်းပိုင်းဖြင့် (၁) အကုသိုလ်ဆိုင်ရာတရားစု (၂) ကုသိုလ်, အကုသိုလ်, အဗျာကတ ရောနှောမှုဆိုင်ရာတရားစု (၃) မဂ်ဉာဏ်၏ အသင်းဝင်ဆိုင်ရာတရားစု (၄) ပရမတ္ထတရားအားလုံးဆိုင်ရာတရားစု ဟူ၍ သဘောတူချင်း ပေါင်းသင်းစုစည်း၍ ပြဆိုထားပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၂**။

* * * * * * *

အကုသလသဂ်ဟ မြင်ကွင်း

အကုသလသဂ်ဟအဓိပ္ပါယ်

အကုသိုလ်ဆိုင်ရာတရားစုတို့ကို သဘောတူချင်း, ပေါင်းသင်းစုစည်း၍အမည်သုံးစွဲပုံကို အကျဉ်းချုပ်ပြဆိုသောကြောင့် အကုသလသဂ်ဟဟုခေါ်ပါသည်။

အာသဝ (၄) ပါးနှင့် တရားကိုယ်

(ကြာမြင့်စွာစိမ်ထားအပ်သော **အရက်နှင့်တူသော ဝါ-အမာဝမှ ယိုစီးသော အရည်ကဲ့သို့ယိုစီးတတ်သော**) အာသဝများကား (သတ္တိအားလျော့စွာ **ကွဲပြားသော အမည်သရုပ်အားဖြင့်**) ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝအားဖြင့် (၄)ပါးရှိပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၃**။

(**အခြေခံရင်းမြစ်သဘာဝ**)တရားကိုယ်များကား လောဘ, ဒိဋ္ဌိ, မောဟတို့တည်း။ ဩဃ, ယောဂဆိုင်ရာ တရားကိုယ်တို့လည်း ဤအတူသာတည်း။

သာဓက ။ **အာသဝေါဃာစ ယောဂါစ၊ တယော ဂန္ထာစ ဝတ္ထုတော**။

ဩဃ (၄) ပါး

(**မိမိကိန်းရာသတ္တဝါတို့ကို သံသရာဝဋ်ဒုက္ခ၌ လွှမ်းမိုးနစ်မြုပ်စေတတ်သော**) ဩဃများကား ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃအားဖြင့် (၄) ပါးရှိပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၄**။

http://www.dhammadownload.com

ယောဂ (၄) ပါး

(သတ္တဝါတို့ကို ဘဝယန္တရား ဝဋ်တရား၌ ယှဉ်ကပ်တွဲစပ်စေတတ်သော) ယောဂများကား ကာမယောဂ, ဘဝယောဂ, ဒိဋ္ဌိယောဂ, အဝိဇ္ဇာယောဂအားဖြင့် (၄) ပါး ရှိပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၅။**

ဂန္ထ (၄) ပါးနှင့် တရားကိုယ်

(သတ္တဝါတို့၏ ပစ္စုပ္ပန်ကာယနှင့် အနာဂတ်ကာယကို ခိုင်မြဲအောင် ရစ်ပတ်ထုံးဖွဲ့ပေးတတ်သော) ဂန္ထများကား အဘိဇ္ဈာကာယဂန္ထ, ဗျာပါဒကာယဂန္ထ, သီလဗ္ဗတပရာမာသကာယဂန္ထ, ဣဒံသစ္စာဘိနိဝေသကာယဂန္ထအားဖြင့် (၄) ပါးရှိပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၆။**

တရားကိုယ်များကား လောဘ, ဒေါသ, ဒိဋ္ဌိတို့တည်း။

အဘိဇ္ဈာချင်း, ဗျာပါဒချင်းအထူး

ဝီထိမုတ်ပိုင်း အကုသလကမ္မပထ၌ သူတစ်ပါးစည်းစိမ်ဥစ္စာကို မတရားလိုချင်သော လောဘအကြမ်းစားကိုသာ အဘိဇ္ဈာ၏ တရားကိုယ်ကောက်ရသည်။ သမုစ္စည်းပိုင်း အကုသလသင်္ဂဟ၌ကား လိုချင်မှုလောဘဟူသမျှကိုပင် အဘိဇ္ဈာ၏တရားကိုယ်ကောက်ရသည်။

ဝီထိမုတ်ပိုင်း အကုသလကမ္မပထ၌ သူတစ်ပါးကို သေကြေပျက်စီးစေလိုသော ဒေါသအကြမ်းစားကိုသာ ဗျာပါဒ၏တရားကိုယ်ကောက်ရသည်။ သမုစ္စည်းပိုင်း အကုသလသင်္ဂဟ၌ကား ဒေါသမှန်သမျှကိုပင် ဗျာပါဒ၏တရားကိုယ်ကောက်ရသည်။

ဥပါဒါန် (၄)ပါးနှင့်တရားကိုယ်

(ပြင်းပြင်းထန်ထန်အစွဲအလမ်းသန်တတ်, စွဲစွဲလမ်းလမ်း အမြဲတမ်းအာရုံပြုတတ်သော) ဥပါဒါန်များကား ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်အားဖြင့် (၄) ပါးရှိပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၇။**

တရားကိုယ်များကား လောဘ, ဒိဋ္ဌိတို့တည်း။

သာဓက ။ **ဥပါဒါနာ ဒုဝေ ဝုတ္တာ။**

http://www.dhammadownload.com

နိဝရဏ (၆) ပါးနှင့် တရားကိုယ်

(စျာန်, ကုသိုလ်နှင့် ပညာတို့ကို မဖြစ်အောင် တားမြစ်ပိတ်ပင်တတ်သော) နိဝရဏများကား ကာမစ္ဆန္ဒနိဝရဏ, ဗျာပါဒနိဝရဏ, ထိနမိဒ္ဓနိဝရဏ, ဥဒ္ဓစ္စ ကုက္ကုစ္စနိဝရဏ, ဝိစိကိစ္ဆာနိဝရဏ, အဝိဇ္ဇာနိဝရဏအားဖြင့် (၆) ပါးရှိပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၈**။

တရားကိုယ်များကား လောဘ, ဒေါသ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, မောဟ အားဖြင့် (၈) ပါးတို့တည်း။

သာဓက ။ **အဋ္ဌ နိဝရဏာ သိယုံ**။

တရားကိုယ် (၂) ပါးပေါင်း၍ ဟောချခြင်းအကြောင်း

ကိစ္စ, အကြောင်း, ဆန့်ကျင်ဘက် တူသောကြောင့် ထိနနှင့် မိဒ္ဓတို့ကိုငင်း၊ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စတို့ကိုငင်း၊ တရားကိုယ် (၂) ပါးကိုပေါင်း၍ နိဝရဏ (၁) ပါးစီအဖြစ် ဟောရပါသည်။ **(ဋီ-၂၂၀)**

လောဘ–စသော ရွေ့ကိလေသာ (၆) ပါးကို့သာ အနုသယဟူဟောရကြောင်း

(**ကိလေသာ ၁၀- ပါးရှိသော်လည်း**) ကိလေသာ (၁၀) ပါးတို့တွင် လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာဟူသော ကိလေသာ (၆) ပါးတို့သည်သာ ဆိုင်ရာအကုသိုလ်များ၌ အုပ်စုခေါင်းဆောင် နိယတယောဂီအဖြစ်ဖြင့် အကုသိုလ်ဖြစ်ရေးအတွက် သတ္တိထက်မြက်စွာ ရွက်ဆောင်နိုင်စွမ်းရှိသောကြောင့် အကြောင်းညီညွတ်လျှင် အဖန်ဖန်ဖြစ်နိုင်စွမ်းရှိသဖြင့် လောဘစသော ရွေ့ကိလေသာ (၆) ပါးတို့ကိုသာ အနုသယဟုဟောတော်မူပါသည်။

ဆောင် * **ကိလေသာဆယ်မှူ၊ ရွေ့ခြောက်ခုသာ၊ အုပ်စုခေါင်းဆောင်း၊ အင်အား ကောင်း၍၊ အကြောင်းညီလစ်၊ ဖန်ဖန်ဖြစ်သမို့၊ ရှင်ချစ်မြတ်စော၊ အနုသယ ဟောသည်၊ မှတ်လောကျမ်းဂန်ဖွင့်ရိုးတည်း**။

(စွမ်းအင်ကြီးမားသောကိလေသာ) အနုသယ (၇) ပါးနှင့် တရားကိုယ်

(မဂ်ဖြင့်မပယ်ရသေးသည့်အတွက် အကြောင်းညီညွတ်လျှင် အဖန်ဖန်ဖြစ်နိုင် စွမ်းရှိသော) အနုသယများကား ကာမရာဂါနုသယ, ဘဝရာဂါနုသယ, ပဋိဃာနုသယ, မာနာနု

http://www.dhammadownload.com

သယ, ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ, အဝိဇ္ဇာနုသယအားဖြင့် (၇) ပါးရှိပါသည်။

သာဓက ။ **သမုစ္စည်းစာပို့ဒ်-၉။**

တရားကိုယ်များကား လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, မောဟအားဖြင့် (၆)ပါး တို့တည်း။

သာဓက ။ **ဆဋ္ဌေဝါနုသယာ ဟောန္တိ။**

သံယောဇဉ် (၁၀) ပါးနှင့် တရားကိုယ်များ

(သတ္တဝါတို့ကို သံသရာဝဋ်မှ ရုန်းထွက်၍ မရနိုင်လောက်အောင် ဖွဲ့.ချည်တုပ်နှောင်ထားတတ်သော) သံယောဇဉ်များကား **သုတ္တန်နည်းအားဖြင့်** ကာမရာဂသံယောဇဉ်, **(ရူပရာဂ), (အရူပရာဂ),** ပဋိဃ, မာန, ဒိဋ္ဌိ, သီလဗ္ဗတပရာမာသ, ဝိစိကိစ္ဆာ, **(ဥဒ္ဓစ္စ),** အဝိဇ္ဇာသံယောဇဉ်အားဖြင့် (၁၀) ပါးရှိပါသည်။

သာဓက ။ **သမုစ္စည်းစာပို့ဒ်-၁၀။**

တရားကိုယ်များကား လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, **(ဥဒ္ဓစ္စ),** မောဟတို့တည်း။

အဘိဓမ္မာနည်းအားဖြင့် ကာမရာဂသံယောဇဉ်, **(ဘဝရာဂ),** ပဋိဃ, မာန, ဒိဋ္ဌိ, သီလဗ္ဗတပရာမာသ, ဝိစိကိစ္ဆာ, **(ကြွဿာ), (မစ္ဆရိယ),** အဝိဇ္ဇာသံယောဇဉ်အားဖြင့် (၁၀)ပါး ရှိပါသည်။

သာဓက ။ **သမုစ္စည်းစာပို့ဒ်-၁၁။**

တရားကိုယ်များကား လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ကြွဿာ, မစ္ဆရိယ, မောဟတို့တည်း။

သံယောဇဉ် (၂) မျိုး၏ တရားကိုယ် (၉) ပါး

သုတ္တန်, အဘိဓမ္မာ နည်း (၂) ဖြာလုံးနှင့်ဆိုင်ရာ သံယောဇဉ်တရားကိုယ်များကား လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, ကြွဿာ, မစ္ဆရိယ, မောဟ အားဖြင့် (၉) ပါး ဖြစ်ပါသည်။

သာဓက ။ **နဝ သံယောဇနာ မတာ။**

ဆောင် * **လော, ဒေါ, မာ, ဒိဋ္ဌိ၊ ဝိစိကိစ်ဆုံ၊ ဥဒ်, ကြွသ်, မစ္ဆရိ၊ မောဟထည့်၊ သံယောဇဉ်၏တရားကိုယ်။**

http://www.dhammadownload.com

သံယောဇဉ်ရှိလို့ မနာလို့, သဝန်တိုမိသည် ဆိုသောစကား သဘာဝကျ

အဘိဓမ္မာနည်းသံယောဇဉ်တို့တွင် ကျွဿာသံယောဇဉ်နှင့် မစ္ဆရိယသံယောဇဉ်တို့ ပါဝင်သောကြောင့် သံယောဇဉ်ရှိလို့ မနာလို့, သဝန်တိုမိသည် ဆိုသောစကားသည် သဘာဝကျ ပါသည်။

သာဓက ။ **ကျွဿာသံယောဇန် မစ္ဆရိယသံယောဇန်။**

ထူးထူးခြားခြား သံယောဇဉ်များ

အဘိဓမ္မာနည်းတွင်မပါဝင်သော သုတ္တန်နည်း သံယောဇဉ်ထူးများကား ရူပရာဂ သံယောဇဉ်, အရူပရာဂ သံယောဇဉ်, ဥဒ္ဓစ္စ သံယောဇဉ်တို့ ဖြစ်ပါသည်။

သုတ္တန်နည်းတွင် မပါဝင်သော အဘိဓမ္မာနည်း သံယောဇဉ်ထူးများကား ဘဝရာဂ သံယောဇဉ်, ကျွဿာသံယောဇဉ်, မစ္ဆရိယသံယောဇဉ်တို့ ဖြစ်ပါသည်။

သာဓက ။ **သမုစ္စည်း-၁၀၊ ၁၁။**

ဆောင် * **ရူ, အရူပ၊ ဥဒ္ဓစ္စ၊ ထူးစွ သုတ္တန်သံယောဇဉ်။**

* **ဘဝ, ကျွသ်, မစ်၊ ထူးခြားလစ်၊ တွက်စစ်အဘိဓမ္မာသံယောဇဉ်။**

သာမည သံယောဇဉ်များနှင့် တရားကိုယ်

သုတ္တန်, အဘိဓမ္မာ (၂) နည်းလုံးနှင့် သက်ဆိုင်ရာ သာမညသံယောဇဉ်များကား ကာမရာဂသံယောဇဉ်, ပဋိဃ, မာန, ဒိဋ္ဌ, သီလဗ္ဗတပရာမာသ, ဝိစိကိစ္ဆာ, အဝိဇ္ဇာသံယောဇဉ် အားဖြင့် (၇) ပါးတို့တည်း။

တရားကိုယ်များကား လောဘ, ဒေါသ, မာန, ဒိဋ္ဌ, ဝိစိကိစ္ဆာ, မောဟတို့တည်း။

ဆောင် * **ကာမ, ပဋိ၊ မာ, ဒိဋ္ဌနှင့်၊ ဝိစိ, သီလော၊ အဝိဇ်နှော၊ သံယောဇဉ်များ သာမည။**

* **လော, ဒေါ, မာ, ဒိဋ္ဌ၊ ဝိစိကိစ်, မော၊ ဆဗွိမော၊ သုတ်ရော ဘိပါ သံယောဇဉ်။**

မှုန်းသော်လည်း သံယောဇဉ်မကင်းနိုင်

သံယောဇဉ်တရားတို့တွင် ပဋိဃသံယောဇဉ်လည်း ပါဝင်သောကြောင့် မုန်းလျှင်

http://www.dhammadownload.com

သံယောဇဉ်ကင်း၏ဆိုသော စကားမမှန်ပါ။

သာဓက ။ **ပဋိယသံယောဇနံ။**

မာနထန်သော်လည်း သံယောဇဉ်မကင်း

သံယောဇဉ်တရားတို့တွင် မာနလည်း ပါဝင်သောကြောင့် မတူမတန် မာနထန်သူ၏ သန္တာန်၌ အမှန်ပြောရလျှင် သံယောဇဉ်ဆိုတာ ရှိပါသည်။

သာဓက ။ **မာနသံယောဇနံ။**

(သာမန်) ကိလေသာ (၁၀) ပါး

(စိတ်ကို ညစ်နွမ်း, ပူပန်, နာကျင်စေတတ်သော) ကိလေသာများကား လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပကိလေသာအားဖြင့် (၁၀) ပါးရှိပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၁၂။**

တရားကိုယ်များကား လောဘ, ဒေါသစသော သရုပ် (၁၀) ပါး၏ အမည်များအတိုင်း (၁၀) ပါးတို့တည်း။

သာဓက ။ **ကိလေသာ ဒသ ဝုတ္တော။**

ကိလေသာမမည်သော အကုသိုလ်များ

ကိလေသာမမည်သော အကုသိုလ်များကား ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ မိဒ္ဓ စေတသိက်တို့ဖြစ်ပါသည်။

သာဓက ။ **စေတသိက်စာပို ဒ်-၅၊ သမုစ္စည်းစာပို ဒ်-၁၂။**

ကိလေသာအမည်တွင် ဣဿာစသည်တို့ မပါဝင်ခြင်းအကြောင်း

ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, မိဒ္ဓဟူသော စေတသိက်တို့သည် ဆိုင်ရာအုပ်စုတို့၏နောက်လိုက်များသာဖြစ်ပြီး, အနိယတယောဂီလည်းဖြစ်သောကြောင့် ကိလေသာအမည်တွင်မပါဝင်ပါ။

သာဓက ။ **စေတသိက်စာပို ဒ်-၂၄၊ ၂၅၊ ၃၃၊ သမုစ္စည်းစာပို ဒ်-၁၂။**

http://www.dhammadownload.com

(၁၅၀၀) ကိလေသာ အာရုံများ

ကိလေသာ၏အာရုံဖြစ်သောတရားတို့သည် အာရမ္မဏဝိဇာနနလက္ခဏာအားဖြင့် လောကီဖြစ်သော စိတ် (၁) ပါး, စေတသိက်(၅၂) ပါးဟူ သော နာမ်တေပညာသ, နိပ္ပန္နရုပ် (၁၈) ပါး, လက္ခဏာရုပ် (၄) ပါး အားဖြင့် (၇၅) ပါး ရှိ သည်။

ထို (၇၅) ပါးကိုတည်၍ အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန် (၂) ပါးဖြင့် မြောက်လျှင် (၁၅၀) ဖြစ်၏။

ထို (၁၅၀) သော အာရုံတို့ကိုတည်၍ အာရမ္မဏိကဖြစ်သော ကိလေသာ (၁၀) ပါး ဖြင့် ထပ်မြောက်လျှင် (၁၅၀၀) ဖြစ်၏။ ထိုတရားများကိုပင် (၁၅၀၀) ကိလေသာဟု ဆိုကြပါ သည်။ **(ဓမ္မသင်္ဂဏီအနုဋီကာ-၁၉)**

ဆောင် * **နာမ်တေပည်၊ ရုပ်နိပ္ပန်၊ လက္ခဏ်ရုပ်လေး၊**
* **သန္တာန်နှစ်ဝ၊ မြောက်ဆင့်က၊ တစ်ရာ့ငါးဆယ်ရေး၊**
* **ဆယ်ကိလေသာ၊ မြောက်ဆင့်ကာ၊ ငါးရာတစ်ထောင်တွေး။**

နွားကျင့်, ခွေးကျင့် ကျင့်လျှင် အပါယ်ရောက်

သီလဗွတပရာမာသ၏ တရားကိုယ်သည် ဒိဋ္ဌစေတသိက်ဖြစ်သောကြောင့် မကောင်းမှု အကုသိုလ်ကံကိုပြုပြီး သံသရာဘေးဆိုး မကောင်းကျိုးမှ လွတ်မြောက်မှုရရန် နွား, ခွေးတို့ကဲ့သို့ ကျင့်သုံးနေထိုင်သင့်သည်ဟု ဝေဖန်သုံးသပ်ဆုံးဖြတ်ချက်ချလျက် နွား, ခွေးတို့ကဲ့သို့ ကျင့်သုံးနေ ထိုင်ယောသူသေလျှင် အပါယ်ဘုံသို့ပင် ရောက်နိုင်ပါသည်။

သာဓက ။ **သီလဗွတ ပရာမာသော (ပ) ဒိဋ္ဌဂတ မေဝ ပဝုစ္စတိ (သမုစ္စည်း)နှင့် စေတသိက်စာပိုဒ်-၂၂၊ ဝိထိမုတ်စာပိုဒ်-၆၉။**

ဒိဋ္ဌစေတသိက် (၁) ခုတည်းကို အမည် (၃) မျိုးဖြင့် ပြဆိုခြင်း အကြောင်း

ယူဆပုံ အခြင်းအရာအားဖြင့် ကွဲပြားလျက်ရှိသောကြောင့် ဒိဋ္ဌစေတသိက် (၁) ခုတည်း ကိုပင် သီလဗွတပရာမာသ, ကွဒ်သစ္စာဘိနိဝေသ, အတ္တဝါဒုပါဒါန်ဟု အမည် (၃) မျိုးဖြင့် ပြဆိုသည်။

သာဓက ။ **သီလဗွတပရာမာသော(ပ)ဒိဋ္ဌဂတမေဝ ပဝုစ္စတိ၊ သမုစ္စည်းစာပိုဒ်-၁၃။**

http://www.dhammadownload.com

ယူဆပုံအခြင်းအရာအားဖြင့် ကွဲပြားပုံ

သီလဗွတပရာမာသသည် နွားကျင့်, ခွေးကျင့်ဖြင့် ကိလေသာမှ စင်ကြယ်၍ သံသရာမှ လွတ်မြောက်လွယ်သည်ဟု ယူဆ၏။ ကွဒ်သစ္စာဘိနိဝေသသည် အလွဲလွဲအမှားမှားယူပြီး ဤငါ့အယူသာမှန်သည်ဟု လွန်လွန်ကဲကဲ စွဲလမ်းယူဆ၏။ အတ္တဝါဒုပါဒါန်သည် အတ္တရှိ၏ဟု ပြောဆိုစွဲလမ်းယူဆ၏။ ဤကား ဒိဋ္ဌိ (၁) ခုတည်းက ယူဆပုံအခြင်းအရာကွဲပြားပုံတည်း။

တရားကိုယ်ကောက်နည်း လမ်းညွှန်

အကုသလသင်္ဂဟဆိုင်ရာတရားတို့တွင် တရားကိုယ်ကောက်ရန် ပုံသေနည်းကား ကာမသဒ္ဒါ, ဘဝသဒ္ဒါ, အဘိဇ္ဈာသဒ္ဒါတို့နှင့် ဟောသောတရားမှန်သမျှ လောဘကိုကောက်ရမည်။

သီလဗွတ, ကွဒ်သစ္စ, အတ္တသဒ္ဒါတို့နှင့် ဟောသောတရားမှန်သမျှ ဒိဋ္ဌိကိုကောက်ရမည်။ ဗျာပါဒ, ပဋိဃသဒ္ဒါတို့နှင့် ဟောသောတရားမှန်သမျှ ဒေါသကိုကောက်ရမည်။ အဝိဇ္ဇာ သဒ္ဒါနှင့် ဟောသောတရားမှန်သမျှ မောဟကိုကောက်ရမည်။ ကျန်သောတရားများကား အမည်အတိုင်း တရားကိုယ်ကောက်ရမည်။

ဆောင် * **အကုသလ၊ သင်္ဂဟမှာ၊**
တရားကိုယ်ကောက်၊ မှတ်လောက်သေချာ။
ကာမ, ဘဝ, အဘိဇ္ဈာ၊
တွေ့လေရာ၊ မှတ်ပါလောဘသာ။
* **သီလဗွတ၊ ကွဒ်သစ္စာ၊**
အတ္တသဒ္ဒါ၊ ဒိဋ္ဌကောက်ရာ၊
ဗျာပါ, ပဋိဃ၊ ဒေါသကောက်ပါ၊
အဝိဇ်မော၊ ကျန်သောမည်တိုင်းသာ။

သာဓက ။ **သမုစ္စည်းစာပို့ဒ်-၁၃။**

ဥပါဒါန်ကြောင့် ဥပဒ်ရောက်

ဥပါဒါန်၏တရားကိုယ်ဖြစ်သော လောဘ, ဒိဋ္ဌိတို့၏ယှဉ်ရာ လောဘမူအကုသိုလ်စိတ်သည် အပါယ်ဘုံ၌ ပဋိသန္ဓေအကျိုးကိုပေးနိုင်သောကြောင့် 'ဥပါဒါန်ကြောင့် ဥပဒ်ရောက်' ဟူသောစကားသည် မှန်ပါသည်။

သာဓက ။ **စေတသိက်စာပို့ဒ်-၂၁၊ ၂၂။ ဝိထိမုတ်စာပို့ဒ်-၆၉။ သမုစ္စည်းစာပို့ဒ်-၇၊ ၁၃။**

http://www.dhammadownload.com

စိတ်ပူပန်ခြင်းကင်းသူများ

ဘုရား, ရဟန္တာတို့၏ သန္တာန်၌ ကုသိုလ်, အကုသိုလ်ဇောစိတ်များကို မရထိုက်၍ အကုသိုလ်ဇောစိတ်၌ယှဉ်သော စေတသိက်တို့ကို တရားကိုယ်အဖြစ် ကောက်ယူရသည့် ကိလေသာတရားများလည်း မဖြစ်နိုင်တော့သောကြောင့် ဘုရား, ရဟန္တာတို့သည် စိတ်ပူပန်ခြင်း, စိတ်ညစ်ခြင်းသဘောမျိုး မရှိကြပါ။

သာဓက ။ **ဝိထိစာပိုဒ်-၄၃၊ စေတသိက်စာပိုဒ်-၁၀၊ သမုစ္စည်းစာပိုဒ်-၁၂**။

သဗ္ဗာကုသလ သာဓာရဏာတို့၏ အကုသလသင်္ဂဟဆိုင်ရာအမည်များ

သဗ္ဗာကုသလ သာဓာရဏ စေတသိက် (၄) ပါးတို့တွင် မောဟသည် အဝိဇ္ဇာသဝ, အဝိဇ္ဇောယ အဝိဇ္ဇာနီဝရဏ, အဝိဇ္ဇာသံယောဇဉ်, မောဟကိလေသာအားဖြင့် ဌာန (၅) လီ၊ အမည် (၅) ခု ရပါသည်။

အဟိရိကနှင့် အနောတ္တပ္ပတို့သည် အဟိရိကကိလေသာနှင့် အနောတ္တပ္ပကိလေသာ အားဖြင့် ဌာန (၁) လီစီ၊ အမည် (၁) ခုစီရပါသည်။

ဥဒ္ဓစ္စသည် ဥဒ္ဓစ္စသံယောဇဉ်, ဥဒ္ဓစ္စကိလေသာအားဖြင့် ဌာန(၂)လီ၊ အမည် (၂) ခု ကိုရပါသည်။

အကုသိုလ်များကို ပါပသင်္ဂဟကြီး (၉) ဌာနဖြင့် ဝေဘန်ပုံ

လောဘသည် အာသဝ, ဩဃ, ယောဂ, ဂန္ထ, ဥပါဒါန်, နီဝရဏ, အနုသယ, သံယောဇဉ်, ကိလေသာဟူသော ပါပသင်္ဂဟဌာနအမည် (၉) မျိုးတို့၌ဖြစ်ပါသည်။

ဒိဋ္ဌိသည် အာသဝ, ဩဃ, ယောဂ, ဂန္ထ, ဥပါဒါန်, အနုသယ, သံယောဇဉ်, ကိလေသာ ဟူသော ပါပသင်္ဂဟဌာနအမည် (၈) မျိုးတို့၌ဖြစ်ပါသည်။

မောဟသည် အာသဝ, ဩဃ, ယောဂ, နီဝရဏ, အနုသယ, သံယောဇဉ်, ကိလေသာ ဟူသော ပါပသင်္ဂဟဌာနအမည် (၇) မျိုးတို့၌ဖြစ်ပါသည်။

ဒေါသသည် ဂန္ထ, နီဝရဏ, အနုသယ, သံယောဇဉ်, ကိလေသာဟူသော ပါပသင်္ဂဟ ဌာနအမည် (၅) မျိုးတို့၌ဖြစ်ပါသည်။

ဝိစိကိစ္ဆာသည် နီဝရဏ, အနုသယ, သံယောဇဉ်, ကိလေသာဟူသော ပါပသင်္ဂဟဌာန အမည် (၄) မျိုးတို့၌ဖြစ်ပါသည်။

http://www.dhammadownload.com

မာနသည် အနုသယ, သံယောဇဉ်, ကိလေသာဟူသော ပါပသင်္ဂဟဒွာနအမည် (၃) မျိုးတို့၌ဖြစ်ပါသည်။

ဥဒ္ဓစ္စသည် နီဝရဏ, သံယောဇဉ်, ကိလေသာဟူသော ပါပသင်္ဂဟဒွာနအမည် (၃) မျိုးတို့၌ဖြစ်ပါသည်။

ထိနသည် နီဝရဏ, ကိလေသာဟူသောပါပသင်္ဂဟဒွာနအမည်(၂)မျိုးတို့၌ဖြစ်ပါသည်။

ဣဿာနှင့် မစ္ဆရိယတို့သည် သံယောဇဉ်ဒွာနဒွင်း၊ ကုက္ကုစ္စနှင့် မိဒ္ဓတို့သည် နီဝရဏဒွာနဒွင်း၊ အဟိရိကနှင့် အနောတ္တပ္ပတို့သည် ကိလေသာဒွာနဒွင်း၊ ပါပသင်္ဂဟဒွာနအမည် (၁) မျိုးစီ၌ဖြစ်ပါသည်။

ဆောင် * **လော, ကိုးမည်ရှိ၊ ဒိဋ္ဌိ, ရှစ်မည်၊ ခုနစ်မည်, မောဟ၊ ငါး၀, ဒေါသ၊ ကိစ္ဆာ, လေးထုတ်၊ မာနဒွစ္ဆ၊ သုံးမည်ရ၏။ ထိန, နှစ်မည်၊ ကြွင်းသည် ခြောက်၀၊ တစ်မည်ရ၊ ပေါင်းက, စုဒ္ဓသာ။**

* * * * * * *

မိဿကသင်္ဂဟ မြင်ကွင်း

မိဿကသင်္ဂဟ အဓိပ္ပါယ်

ကုသိုလ်, အကုသိုလ်, အဗျာကတရောနှောမှုဆိုင်ရာ တရားစုတို့ကို သဘောတူချင်း ပေါင်းသင်းစုစည်း၍ အမည်သုံးစွဲပုံကို အကျဉ်းချုပ်ပြဆိုသောကြောင့် မိဿကသင်္ဂဟမည်ပါသည်။

သာဓက ။ **ကုသလာဒိ သမာကိဏ္ဏော၊ ဝုတ္တော မိဿကသင်္ဂဟော။**

ဟိတ် (၆) ပါးနှင့် တရားကိုယ်

(အတူဖြစ်ဖက် စိတ်စေတသိက်တို့၏ စွဲမြဲတည်ရာဖြစ်သော) ဟိတ်တို့သည် လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟအားဖြင့် (၆) ပါးရှိပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ-၁၅။**

တရားကိုယ်များကား လောဘ, ဒေါသ စသော အမည်အတိုင်း (၆) ပါးတို့တည်း။

သာဓက ။ **ဆ ဟေတူ။**

http://www.dhammadownload.com

စျာနင် (၇) ပါးနှင့် တရားကိုယ်

(အာရုံကို စူးစူးစိုက်စိုက် ကပ်၍ရှုတတ်, သိတတ်သည့် စျာန်၏အစိတ်အပိုင်း ဖြစ်သော) အပွနာမဟုတ်သည့်စျာန်၏အင်္ဂါစျာနင်များကား ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, သောမနဿ, ဒေါမနဿ, ဥပေက္ခာအားဖြင့် (၇) ပါးရှိပါသည်။

သာဓက ။ **သမုစ္စည်းစာပိုဒ်-၁၆။**

တရားကိုယ်များကား ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, ဝေဒနာတို့တည်း။

သာဓက ။ **ပဥ္စ စျာနင်္ဂါ။**

စျာနင်ကို ကုသို့လ်, အကုသို့လ်, အဗျာကတ, ဟိတ် အခွဲ

စျာနင် (၇) ပါးတို့တွင် ဒေါမနဿသည် အကုသိုလ်ဟိတ်, စျာနင်ဖြစ်သည်။ ကြွင်းသော စျာနင် (၆) ပါးကား ကုသိုလ်, အကုသိုလ်, အဗျာကတဟိတ် (၃) မျိုးဆိုင်ရာ စျာနင်တို့ဖြစ်သည်။

မဂ္ဂင် (၁၂) ပါးနှင့် တရားကိုယ်များ

(သုဂတိ, ဒုဂ္ဂတိဘုံနှင့်နိဗ္ဗာန်သို့ရောက်ကြောင်း အစိတ်အပိုင်းများ ဖြစ်သော) မဂ္ဂင်တို့သည် သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟူသော **(သုဂတိဘုံနှင့် နိဗ္ဗာန်သို့ ရောက်ကြောင်း)** အရိယာမဂ္ဂင် (၈) ပါး၊ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိ ဟူသော **(အပါယ်ဘုံသို့ရောက်ကြောင်း)** မိစ္ဆာမဂ္ဂင် (၄) ပါးအားဖြင့် (၁၂) ပါးရှိပါသည်။

သာဓက ။ **သမုစ္စည်းစာပိုဒ်-၁၇။**

တရားကိုယ်များကား ပညာ, (ကု/အကု) ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, (ကု/အကု) ဝီရိယ, သတိ, (ကု/ အကု) ဧကဂ္ဂတာ, ဒိဋ္ဌိအားဖြင့် (၉) ပါးတို့တည်း။

သာဓက ။ **မဂ္ဂင်္ဂါ နဝ ဝတ္ထုတော။**

မဂ္ဂင်တို့သည် သတ္တဝါတို့ကို အပါယ်သို့လည်း ပို့ဆောင်နိုင်

မိစ္ဆာဒိဋ္ဌိမဂ္ဂင်, မိစ္ဆာသင်္ကပ္ပမဂ္ဂင်, မိစ္ဆာဝါယာမမဂ္ဂင်, မိစ္ဆာသမာဓိ (မဂ္ဂင်တို့သည် ဒုဂ္ဂတိသို့ရောက်ကြောင်း အကုသိုလ်များဖြစ်သောကြောင့် မဂ္ဂင်တရားတို့သည် သတ္တဝါတို့ကို အပါယ်ဘုံသို့လည်း ပို့ဆောင်နိုင်သည် ဟူသောစကားသည်မှန်၏။

သာဓက ။ **သမုစ္စည်းစာပိုဒ်-၁၇။**

http://www.dhammadownload.com

ဘဝလမ်း အမှန်နှင့် အမှား

သုဂတိဘဝကောင်းသို့ရောက်ကြောင်း၏ အစိတ်အပိုင်းဖြစ်သည့် သမ္မာဒိဋ္ဌိစသော သမ္မာမဂ္ဂင် (၈) ပါးရှိသောကြောင့် အယူမှန်, အကြံဟုတ်, အလုပ်ကောင်းခြင်းစသော သမ္မာမဂ္ဂင်တို့နှင့်ပြည့်စုံပါက ဘဝလမ်းအမှန်ကို လျှောက်လှမ်းနေခြင်းဖြစ်ပါသည်။

ဒုဂ္ဂတိဘဝဆိုးသို့ ရောက်ကြောင်း၏ အစိတ်အပိုင်းဖြစ်သည့် မိစ္ဆာဒိဋ္ဌိစသော မိစ္ဆာမဂ္ဂင် (၄) ပါးရှိသောကြောင့် အယူလွဲ, အကြံမှားစသော မိစ္ဆာမဂ္ဂင်တို့နှင့် ပြည့်စုံပါက ဘဝလမ်းမှားကို လျှောက်လှမ်းနေခြင်း ဖြစ်ပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၁၇။**

ဣန္ဒြေ (၂၂) ပါး

(မိမိဆိုင်ရာတရားတို့ကိုမိမိအလိုသို့လိုက်စေနိုင်အောင် အစိုးရနိုင်စွမ်းရှိသော) ဣန္ဒြေများကား **(ရူပ်သက်သက်ဖြစ်သော)** စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေဟူသော ပသာဒိန္ဒြေ (၅) ပါး, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေဟူသော ဘာဝိန္ဒြေ (၂) ပါး, **(ရူပ်, နာမ်ရောသည့် မိဿကဖြစ်သော)** ဇီဝိတိန္ဒြေ, **(နာမ်သက်သက်ဖြစ်သော)** မနိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ, အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ အားဖြင့် (၂၂) ပါးရှိပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၁၈။**

ရူပ်ဣန္ဒြေ (၇) ပါး၏တရားကိုယ်များ

စက္ခုန္ဒြေစသော ပသာဒိန္ဒြေ (၅) ပါး၏တရားကိုယ်ကား စက္ခု ပသာဒစသော ပသာဒ ရူပ် (၅) ခုဖြစ်ပါသည်။

ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေဟူသော ဘာဝိန္ဒြေ(၂) ပါး၏ တရားကိုယ်ကား ဣတ္ထိဘာဝရူပ်နှင့် ပုရိသဘာဝရူပ် ဖြစ်ပါသည်။

သာဓက ။ **ရူပ်စာပို ဒ်-၅၊ ၇၊ ၂၂။**

http://www.dhammadownload.com

ဇီဝိတိန္ဒြေနှင့် မနိန္ဒြေတို့၏ တရားကိုယ်

ဇီဝိတိန္ဒြေ၏ တရားကိုယ်ကား ဇီဝိတရုပ်နှင့် ဇီဝိတိန္ဒြေစေတသိက် ဖြစ်ပါသည်။
မနိန္ဒြေ၏တရားကိုယ်ကား စိတ်-၈၉ ပါးဖြစ်ပါသည်။

သာဓက ။ **ဇီဝိတိန္ဒြိယဉ္စ ရူပါရူပဝသေန ဒုဝိဓံ ဟောတိ။ (ဇီဝိတိန္ဒြေ)**
ဣတ္ထမေကူနနဝုတိ ပဘေဒံ ပန မာနသံ။ (မနိန္ဒြေ)

ဝေဒနိန္ဒြေ (၅) ပါး၏တရားကိုယ်များ

သုခိန္ဒြေ၏တရားကိုယ်ကား သုခသဟဂုတ်ကာယဝိညာဏ်၌ရှိသော ဝေဒနာ၊ ဒုက္ခိန္ဒြေ၏ တရားကိုယ်ကား ဒုက္ခသဟဂုတ်ကာယဝိညာဏ်၌ရှိသော ဝေဒနာ၊ သောမနဿိန္ဒြေ၏ တရားကိုယ်ကား သောမနဿသဟဂုတ် (၆၂) ခုဉ်ရှိသော ဝေဒနာ၊ ဒေါမနဿိန္ဒြေ၏တရားကိုယ်ကား ဒေါသမူဒွေးဥ်ရှိသော ဝေဒနာ၊ ဥပေက္ခိန္ဒြေ၏တရားကိုယ်ကား ဥပေက္ခာသဟဂုတ် (၅၅) ခုဉ်ရှိသော ဝေဒနာဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပိုဒ်-၄၊ ၅၊ ၆၊ ၇။**

သဒ္ဓိန္ဒြေနှင့် ဝီရိယိန္ဒြေတို့၏တရားကိုယ်

သဒ္ဓိန္ဒြေ၏ တရားကိုယ်ကား သောဘနစိတ် (၅၉) ခုဉ်ရှိသော သဒ္ဓါဖြစ်ပါသည်။ ဝီရိယိန္ဒြေ၏တရားကိုယ်ကား **(ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃-ခု၊ သန္တီရဏ ၃-ခု၊ ကြဉ်သော)** စိတ် (၇၃) ခုဉ်ရှိသော ဝီရိယ ဖြစ်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၂၈။ (သဒ္ဓိန္ဒြေ)**
စေတသိက်စာပိုဒ်-၁၆။ (ဝီရိယိန္ဒြေ)

သတိန္ဒြေနှင့် သမာဓိန္ဒြေတို့၏ တရားကိုယ်

သတိန္ဒြေ၏တရားကိုယ်ကား သောဘနစိတ် (၅၉) ခုဉ်ရှိသော သတိဖြစ်ပါသည်။ သမာဓိန္ဒြေ၏တရားကိုယ်ကား (ဝိစိကိစ္ဆာသဟဂုတ်စိတ် (၁) ပါး၊ ဒွေပဉ္စဝိညာဏ် (၁၀)၊ မနောဓာတ် (၃) ခု၊ သန္တီရဏ (၃) ခု ကြဉ်သော) စိတ် (၇၂) ခုဉ်ရှိသော ဧကဂ္ဂတာဖြစ်ပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၂၈ (သတိန္ဒြေ)စေတသိက်စာပိုဒ်-၁၂၊ သမုစ္စည်း စာပိုဒ်-၂၆၊ ၂၇။ (သမာဓိန္ဒြေ)**

http://www.dhammadownload.com

ပညိန္ဒြေ (၄) ပါး၏ တရားကိုယ်

ပညိန္ဒြေ၏တရားကိုယ်ကား တိဟိတ်စိတ် (၄၇) ခုဥ်ဖွဲ့ရှိသော ပညာ၊ အနညာတညဿာမီတိန္ဒြေ၏ တရားကိုယ်ကား သောတာပတ္တိမဂ်ဥ်ဖွဲ့ရှိသော ပညာ၊ အညိန္ဒြေ၏ တရားကိုယ်ကား အထက်မဂ် (၃) ခုနှင့် အောက်ဖိုလ် (၃) ခုဥ်ဖွဲ့ရှိသောပညာ၊ အညာတာဝိန္ဒြေ၏တရားကိုယ်ကား အရဟတ္တဖိုလ်ဥ်ဖွဲ့ရှိသောပညာတို့ဖြစ်ပါသည်။

သာဓက ။ **စေတသိက်စာဝိဒ်-၃၁၊ သမုစ္စည်းစာဝိဒ်-၂၂၊ ၂၃၊ ၂၄ (ပညိန္ဒြေ)**
သမုစ္စည်းစာဝိဒ်-၂၂ (အနညာတညဿာမီတိန္ဒြေ)
သမုစ္စည်းစာဝိဒ်-၂၄ (အညိန္ဒြေ)
သမုစ္စည်းစာဝိဒ်-၂၃ (အညာတာဝိန္ဒြေ)

မှတ်ရန် ။ **ရှေးအဘိဓမ္မာညဝါအကောက်ကျမ်းများ၌ ပညိန္ဒြေအရ လောကီတိဟိတ် ပညာကိုသာ ကောက်ယူကြခြင်းသည် ပညိန္ဒြေကို စတုဘူမိပရိယာပန္နဟု ဆိုထားသော သမ္မောဟ-၌-၁၂၀ အဖွင့်နှင့်မညီဟုမှတ်။**

ဣန္ဒြေ (၂၂) ပါးကို ဘုံအားဖြင့် ဝေဘန်ခြင်း

ကာမ (၁၁) ဘုံ၌ ဣန္ဒြေ (၂၂) ပါးလုံးကို ရနိုင်ပါသည်။ အသညသတ်ဘုံ၌ ဇီဝိတိန္ဒြေ (၁) ပါးကိုသာရနိုင်ပါသည်။ ကျန်ရူပ (၁၅) ဘုံ၌ စက္ခုန္ဒြေ, သောတိန္ဒြေ, ဇီဝိတိန္ဒြေ, မနိန္ဒြေ, သောမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေနှင့် ပညိန္ဒြေ (၄)ပါး အားဖြင့် ဣန္ဒြေ (၁၄) ပါးကို ရနိုင်ပါသည်။ အရူပ (၄) ဘုံ၌ ဇီဝိတိန္ဒြေ, မနိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေနှင့် ပညိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ အားဖြင့် ဣန္ဒြေ (၁၀) ပါးကို ရနိုင်ပါသည်။ **(ဤကား ဂဟိတဂ္ဂဟဏနည်းတည်း။)**

(တစ်နည်း) စက္ခုန္ဒြေမှ ပုရိသိန္ဒြေအထိ ရုပ်ဣန္ဒြေ ၇-ပါးနှင့် သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေတို့သည် ကာမတရားချည်းသာဖြစ်၍ ကာမဘုံ၌သာ ရ၏။ ဇီဝိတိန္ဒြေ, မနိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေနှင့် ပညိန္ဒြေတို့သည် **(ကာမ, ရူပ, အ ရူပ, လောကုတ္တရာ)**ဘုံ ၄-ပါး၌ ရအပ်၏။ သောမနဿိန္ဒြေကိုကား အရူပဘုံမှတပါး ကျန်ဘုံ ၃-ပါး၌သာ ရအပ်၏။ အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေတို့ကို လောကုတ္တရာဘုံ၌သာ ရအပ်၏။ **(ဤကား သမ္မောဟ-၌-၁၂၀ အဖွင့်နှင့်အညီ အဂ္ဂဟိတဂ္ဂဟဏနည်းတည်း။)**

http://www.dhammadownload.com

ပုထုဇဉ်၌ ရှိထိုက်သော ဣန္ဒြေ (၁၉) ပါး

အနညာတညသာမိတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေတို့သည် လောကုတ္တရာဣန္ဒြေများသာ ဖြစ်သောကြောင့် ပုထုဇဉ်တို့၏ သန္တာန်၌ စက္ခုန္ဒြေမှ ပညိန္ဒြေအထိ(၁၉) ပါးသော ဣန္ဒြေများသာရှိထိုက်ပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၁၈၊ ၂၂၊ ၂၃၊ ၂၄။**

မှတ်ရန် ။ **မိန်းမ၊ ယောကျ်ားခွဲမေးခဲ့သော် မိန်းမ၌ ပုရိသိန္ဒြေမရ၍ (၁၈) ပါး၊ ယောကျ်ား၌ ဣတ္ထိန္ဒြေ မရ၍ (၁၈) ပါးဟုမှတ်ပါ။**

သာဓက ။ **ရူပ်စာပို ဒ်-၇၊ ၅၂-ထောက်။**

ပုထုဇဉ်၌ မရှိ(အရိယာဉ်သာရှိ) သော ဣန္ဒြေ (၃) ပါး

အနညာတညသာမိတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေတို့သည် လောကုတ္တရာဣန္ဒြေများသာဖြစ်သောကြောင့် ပုထုဇဉ်၌ အနညာတညသာမိတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေတို့ မရှိပါ။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၂၂၊ ၂၃၊ ၂၄။**

အရိယာသန္တာန်၌ ရထိုက်သမျှ ဣန္ဒြေများ

သောတာပန်၌ စက္ခုန္ဒြေမှ အနညာတညသာမိတိန္ဒြေတိုင်အောင် ဣန္ဒြေ (၂၀) ရထိုက်ပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၁၈၊ ၂၂။**

သကဒါဂါမ်နှင့် အနာဂါမ်တို့၌ စက္ခုန္ဒြေမှ ပညိန္ဒြေတိုင်အောင် (၁၉) ပါးနှင့် အညိန္ဒြေအားဖြင့် ဣန္ဒြေ (၂၀) ကိုရထိုက်ပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၁၈၊ ၂၃။**

ရဟန္တာ၌ စက္ခုန္ဒြေမှ ပညိန္ဒြေတိုင်အောင် (၁၉) ပါးနှင့် အညာတာဝိန္ဒြေအားဖြင့် ဣန္ဒြေ (၂၀) ကိုရထိုက်ပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၁၈၊ ၂၄။**

http://www.dhammadownload.com

ဗိုလ် (၉) ပါးနှင့် တရားကိုယ်

(ဆန်ကျင်ဘက်တရားတို့သည် မတုန်လှုပ်စေနိုင်၊ သမ္မယုတ်တရားတို့၌ ခိုင်ခဲ့သော) ဗိုလ်များကား သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ, ဟိရိ, ဩတ္တပ္ပ, အဟိရိက, အနောတ္တပ္ပအား ဖြင့် (၉) ပါးရှိပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၁၉။**

တရားကိုယ်များကား သဒ္ဓါ, ဝီရိယစသော အမည်အတိုင်း (၉) ပါးတို့တည်း။

သာဓက ။ **ဗလဓမ္မာ နဝေရိတာ။**

အဓိပတိ (၄) ပါး

(မိမိနှင့် ဆက်စပ်သောတရားတို့တွင် အရှင်သခင်အကြီးအမှူးဖြစ်သော) အဓိပတိများကား ဆန္ဒာဓိပတိ, ဝီရိယာဓိပတိ, စိတ္တာဓိပတိ, ဝိမံသာဓိပတိအားဖြင့် (၄) ပါးရှိပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၂၀။**

လောဘထက် ဆန္ဒက ပို၍ အင်အားကောင်း

လောဘသည်အဓိပတိမတပ်ဘဲ ဆန္ဒသည်သာအဓိပတိတပ်သောကြောင့် လောဘထက် ဆန္ဒကပို၍အားကောင်းပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၂၀။**

ဣန္ဒြေနှင့် အဓိပတိတို့၏ အစိုးရပုံချင်းအထူး

သူတစ်ပါးကိစ္စတို့၌ အစိုးရခြင်းကိုမတားမြစ်ဘဲ မြင်ခြင်းစသော မိမိဆိုင်ရာကိစ္စ၌သာ မိမိက(**မှူးမတ်ကဲ့သို့**)အစိုးရခြင်းသည် ဣန္ဒြေမည်၏။

မိမိမှတစ်ပါး အခြားအဓိပတိဖြစ်နိုင်သော တရားတို့၏ အဓိပတိအဖြစ်ကို တားမြစ်လျက်ပြိုင်ဘက်မရှိ တစ်ပါးတည်းပိုင်ပိုင်နိုင်နိုင် (**ဘုရင်ကဲ့သို့**)အစိုးရခြင်းသည် အဓိပတိမည်၏။(**ဋီ-၂၂၄**)

ဆောင် ＊ **အဓိပတိမျိုး၊ အုပ်ချုပ်စိုးကား၊ ပြိုင်ရိုးမရှိ၊ တစ်ပါးတည့်ပေ၊ ဘုရင်အနေတည်း။ ဣန္ဒြေကား၊ မှူးမတ်လားသို့၊ သူများကိစ္စ၊ သူ့အလိုကျအောင်၊ လိုက်ရပြီးကာ၊ ကိုယ့်ဆိုင်ရာဝယ်၊ ကိုယ်သာ လွှမ်းမိုး၊ အုပ်ချုပ်စိုးသည်၊ နှစ်မျိုးသည်ပုံကွဲသတည်း။**

http://www.dhammadownload.com

အဓိပတိတပ်သောစေတသိက်များ

စေတသိက် (၅၂) ပါးတို့တွင် ဆန္ဒ, ဝီရိယ, ပညာအားဖြင့် (၃) ပါးသောစေတသိက်တို့သာ အဓိပတိတပ်ပါသည်။

သာဓက ။ **သမုစ္စည်းစာပိုဒ်-၂၀။**

အာဟာရ (၄) ပါးနှင့် တရားကိုယ်

(မိမိဆိုင်ရာအကျိုးကို ဆောင်ရွက်ဖြစ်စေနိုင်၍ အလွန်ကျေးဇူးများသော) အာဟာရနှင့် တရားကိုယ်များကား ကဗဠီကာရာဟာရ (ဩဇာ)၊ ဖဿာဟာရ (ဖဿစေတသိက်)၊ မနောသဉ္စေတနာဟာရ (စေတနာစေတသိက်)၊ ဝိညာဏာဟာရ (စိတ်-၈၉ ပါး) အားဖြင့် (၄) မျိုးရှိပါသည်။

သာဓက ။ **သမုစ္စည်းစာပိုဒ်-၂၁နှင့် တထာဟာရာ။**

အာဟာရ (၄) ပါးကြောင့် ဖြစ်နိုင်သော အကျိုးတရားများ

ကဗဠီကာရာဟာရသည် ဩဇာနှင့်တကွဖြစ်သော ရုပ် (၈) ပါး ပါဝင်ရာ အာဟာရဇအဋ္ဌကလာပ်ရုပ်နှင့် လဟုတာ, မုဒုတာ, ကမ္မညတာရုပ်ဟူသောအကျိုးကို ဆောင်ရွက်နိုင်, ဖြစ်စေနိုင်ပါသည်။

သာဓက ။ **ရုပ်စာပိုဒ်-၃၆၊ ၄၉။**

ဖဿာဟာရသည် ဝေဒနာတည်းဟူသော အကျိုးကိုဆောင်ရွက်နိုင်, ဖြစ်စေနိုင်ပါသည်။

သာဓက ။ **ဖဿ ပစ္စယာ ဝေဒနာ၊ ပစ္စည်းစာပိုဒ်-၄။**

စေတနာဟာရသည် ပဋိသန္ဓေဝိညာဏ်ဟူသောအကျိုးကို ဆောင်ရွက်နိုင်, ဖြစ်စေနိုင်ပါသည်။

သာဓက ။ **သင်္ခါရ ပစ္စယာ ဝိညာဏံ ပစ္စည်းစာပိုဒ်-၄။**

ဝိညာဏာဟာရသည် တကွဖြစ်ဖက် စေတသိက်ဟူသော နာမ်နှင့် ရုပ်တရားကို ဆောင်ရွက်နိုင်, ဖြစ်စေနိုင်ပါသည်။

သာဓက ။ **ဝိညာဏပစ္စယာ နာမရူပံ။ ပစ္စည်းစာပိုဒ်-၄။**

http://www.dhammadownload.com

သေက္ခပုဂ္ဂိုလ် (၇) ယောက်တို့နှင့် ဆိုင်သော ဣန္ဒြေများ

အနညာတညဿာမီတိန္ဒြေအရ သောတာပတ္တိမဂ်ဉာဏ်ကို ယူရသောကြောင့်၄း အညိန္ဒြေအရ သကဒါဂါမိမဂ်ဉာဏ်မှ အနာဂါမိမဂ်ဉာဏ်အထိ (၆) ပါးသောဉာဏ်တို့ကို ယူရသောကြောင့်၄း အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ တို့သည် သေက္ခပုဂ္ဂိုလ် (၇) ယောက်တို့နှင့်သာ ဆိုင်ပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၂၂၊ ၂၄။**

အသေက္ခပုဂ္ဂိုလ် (ရဟန္တာ) နှင့် ဆိုင်သောဣန္ဒြေ

အညာတာဝိန္ဒြေအရ အရဟတ္တဖိုလ်ဉာဏ်ကိုယူရသောကြောင့် အသေက္ခပုဂ္ဂိုလ် (ရဟန္တာ) နှင့်သာဆိုင်သော ဣန္ဒြေကား အညာတာဝိန္ဒြေ ဖြစ်ပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၂၃။**

မိဿကဣန္ဒြေ

ရုပ်ဇီဝိတိန္ဒြေ, နာမ်ဇီဝိတိန္ဒြေဟု (၂) မျိုးပြားသောကြောင့် ဇီဝိတိန္ဒြေသည် ရုပ်, နာမ် (၂) မျိုးရောသော မိဿကဣန္ဒြေ မည်၏။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၂၅။**

ဈာနင်, ဗိုလ် မဂ္ဂင်မထိုက်သောတရားများ

ဈာနင်မထိုက်သောတရားကား ဒွေးပဥ္စဝိညာဏ် (၁၀) တို့တည်း။ **ဗိုလ်မထိုက်သော တရားကား** ဝီရိယမဖြစ်သောစိတ် (၁၆) ပါးနှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ယှဉ်သော ဧကဂ္ဂတာတို့တည်း။ **မဂ္ဂင်မထိုက်သောတရားကား** အဟိတ်စိတ် (၁၈) ပါးနှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ ယှဉ်သော ဧကဂ္ဂတာတို့တည်း။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၂၆။**

မှတ်ရန် ။ **ဝီရိယမဖြစ်သော စိတ်(၁၆) ခုတို့၌ဗိုလ်မထိုက်ဟု ဆိုသဖြင့် သမာဓိ ဗိုလ်နှင့် တရားကိုယ်ချင်းတူသော သမာဓိန္ဒြေလည်း မထိုက်ဟု သိပါ။**

http://www.dhammadownload.com

ဗိုလ်ဖြစ်ရေးအတွက် အရေးပါသော အရည်အသွေးများ

ဝီရိယကင်းသောစိတ်နှင့် ယုံမှားခြင်း ဝိစိကိစ္ဆာတို့၌ ဗိုလ်မထိုက်သောကြောင့် ဗိုလ်ဖြစ်ရေးအတွက် အရေးပါသော အရည်အသွေးများကား ရဲရင့်ကြိုးစားမှု, ဝီရိယရှိခြင်း, အာရုံစူးစိုက်လျက် ပိုင်နိုင်ပြတ်သားစွာဆုံးဖြတ်နိုင်မှု အဓိမောက္ခရှိခြင်းတို့ဖြစ်ပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၂၆၊ ၂၇။**

စျာန၌ ထို့က် / မထို့က် အားဖြင့် ဥပေက္ခာ, ကေဂ္ဂတာများအခွဲ

ဒွေးပဥ္စဝိညာဏ် (၁၀) ၌ယှဉ်သော ဧကဂ္ဂတာသည် (ဝိတက်ကင်းသောကြောင့်) စျာန၌မထိုက်ပါ။ ကျန်သောစိတ် (၇၉) ပါး၌ယှဉ်သော ဧကဂ္ဂတာသည် စျာန၌ထိုက်ပါသည်။

စက္ခုဝိညာဏ်ဒွေးစသောစိတ် (၈) ပါးတို့၌ယှဉ်သော ဥပေက္ခာဝေဒနာသည် စျာန၌မထိုက်ပါ။ ကြွင်းသော ဥပေက္ခာသဟဂုတ်စိတ် (၄၇) ခု၌ယှဉ်သော ဥပေက္ခာဝေဒနာသည် စျာန၌ထိုက်ပါသည်။

သာဓက ။ **ပဉ္စဝိညာဏေသု စျာနင်္ဂါနိ (န လဇ္ဇန္တီ)။**

မဂ္ဂင်, ဣန္ဒြေ, ဗိုလ် ဖြစ်ထို့က်/ မဖြစ်ထို့က် ဧကဂ္ဂတာအခွဲ

ဝိစိကိစ္ဆာသဟဂုတ်စိတ်, အဝီရိယစိတ်, အဟိတ်စိတ်တို့၌ယှဉ်သော ဧကဂ္ဂတာသည် (အဓိမောက္ခ, ဝီရိယ, ဟိတ် ကင်းသောကြောင့်) မဂ္ဂင်, ဣန္ဒြေ, ဗိုလ်တို့ မဖြစ်ထိုက်ပါ။ ကျန်သောစိတ်များ၌ယှဉ်သော ဧကဂ္ဂတာသည် မဂ္ဂင်, ဣန္ဒြေ, ဗိုလ်ဖြစ်ထိုက်ပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၂၇။**

အဓိပတိမထို့က်သောစိတ်များ

ဒွိဟိတ်ဇော, တိဟိတ်ဇောတို့၌သာ အဓိပတိထိုက်သောကြောင့် (မောဟမူဒွေး) ဧကဟိတ်ဇော, (ဟသိတုပ္ပါဒ်) အဟိတ်ဇောနှင့် လောကီဝိပါက်စိတ်တို့သည်အဓိပတိမထိုက်ပါ။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၂၈**

ဒွိဟိတ်ဇော

လောဘမူ (၈) ပါး, ဒေါသမူ (၂) ပါးနှင့် မဟာကုသိုလ်, မဟာကြိယာ, ဉာဏဝိပ္ပယုတ် (၈) ပါးအားဖြင့် ဒွိဟိတ်ဇော (၁၈) ပါးဖြစ်ပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၁၄၊ ၂၅။**

http://www.dhammadownload.com

တိဟိတ်ဇော

မဟာကုသိုလ်၊ မဟာကြိယာ ဉာဏသမ္မယုတ်ဇော (၈) ခု၊ မဟဂ္ဂုတ် ကုသိုလ်ကြိယာ (၁၈) ခု၊ လောကုတ္တရာစိတ် (၈) ခုအားဖြင့် တိဟိတ်ဇော (၃၄) ပါးဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပို၌-၁၅၊ ၂၅။**

အဓိပတိထိုက်သော သာဓိပတိဇောစိတ်

ဒွိဟိတ်ဇော (၁၈) ခုနှင့် တိဟိတ်ဇော (၃၄) ခုတို့သည် အဓိပတိထိုက်သော သာဓိပတိဇော (၅၂) ပါးဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပို၌-၁၄၊ ၁၅၊ ၂၅၊ သမုစ္စည်းစာပို၌-၂၈။**

အဓိပတိတို့၏ တရားကိုယ်များ

ဆန္ဒာဓိပတိ၏တရားကိုယ်ကား သာဓိပတိဇော (၅၂) ခုဥ္စိရှိသော ဆန္ဒစေတသိက်တည်း။ ဝီရိယာဓိပတိ၏တရားကိုယ်ကား သာဓိပတိဇော (၅၂) ခုဥ္စိရှိသော ဝီရိယစေတသိက်တည်း။ စိတ္တာဓိပတိ၏တရားကိုယ်ကား သာဓိပတိဇောစိတ် (၅၂) ခုတည်း။ ဝီမံသာဓိပတိ၏ တရားကိုယ်ကား တိဟိတ်ဇော (၃၄) ခုဥ္စိရှိသော ပညာတည်း။

သာဓက ။ **သမုစ္စည်းစာပို၌-၂၈။**

အဓိပတိမတပ်သော ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ အရေများ

အဟိတ်စိတ် (၁၈) ပါးနှင့် မောဟမူဒွေးကြဉ်သော (၆၉) ပါးသော စိတ်၌ယှဉ်သည့် အဓိပစ္စည်းမတပ်သော ဆန္ဒသည် အဓိပထိကိစ္စမတပ်သော ဆန္ဒမည်၏။

သာဓက ။ **စေတသိက်စာပို၌-၁၈၊ သမုစ္စည်းစာပို၌-၂၈။**

ပဥ္စဒွါရာဝဇ္ဇန်း, ဒွေးပဥ္စဝိညာဏ် (၁၀), သမ္ပဋိစ္ဆိုင်းဒွေး, သန္တီရဏ (၃) ခုသည် ကြဉ်အပ်သော (၇၃) ပါးသောစိတ်၌ ယှဉ်သည့် အဓိပတိပစ္စည်းမတပ်သော ဝီရိယသည် အဓိပတိကိစ္စ မတပ်သော ဝီရိယမည်၏။

သာဓက ။ **စေတသိက်စာပို၌-၁၆၊ သမုစ္စည်းစာပို၌-၂၈။**

အဓိပတိပစ္စည်း မတပ်သော စိတ်အကျဉ်း(၈၉) ပါး၊ အကျယ် (၁၂၁)ပါးသည် အဓိပတိကိစ္စ မတပ်သော စိတ္တမည်၏။

သာဓက ။ **စိတ်စာပို၌-၃၇၊ သမုစ္စည်းစာပို၌-၂၈။**

http://www.dhammadownload.com

တိဟိတ်စိတ် (၄၇) ပါးဌိယှဉ်သည့် အဓိပတိပစ္စည်းမတပ်သော ပညန္ဒြေစေတသိက်သည် အဓိပတိကိစ္စမတပ်သော ဝီမံသမည်၏။

သာဓက ။ **စေတသိက်စာပိုဒ်-၃၁၊ သမုစ္စည်းစာပိုဒ်-၂၈။**

ယထာသမ္ဘဝံဟု ဆို့ရှင်းအကြောင်း

ဒွိဟိတ်ဇောတို့၌ အမောဟဟိတ်မရှိ၍ ဝီမံသာဓိပတိ မရထိုက်သောကြောင့် ဆန္ဒာဓိပတိ, ဝီရိယာဓိပတိ, စိတ္တာဓိပတိ (၃) ပါးတို့တွင် (၁) ပါးပါးသည် အဓိပတိထိုက်၏။ တိဟိတ်ဇောတို့၌ကား အလောဘ, အဒေါသ, အမောဟဟိတ်တို့ရှိ၍ ဝီမံသာဓိပတိကိုပါ ရထိုက်သောကြောင့် အဓိပတိ (၄) ပါးတို့တွင် (၁) ပါးပါးသည် အဓိပတိထိုက်၏။ ဤသို့ဖြစ်သင့်သည်အား‌လျော်စွာ ဖြစ်သည်ဟု သိစေလို၍ ဒွိဟေတုက တိဟေတုက ဇဝနေသွေဝ ယထာသမ္ဘဝံစသော ပါဠိ၌ ယထာသမ္ဘဝံကို ထည့်၍ဆိုပါသည်။

သာဓက ။ **ပကိဏ်းစာပိုဒ်-၁၄၊ ၁၅၊ ၂၅။**

တရားအလို်က် ရထို်က်သော မိဿကသဂ်ဟဌာနအမည်များ

ပညာသည် ဟိတ်, မဂ္ဂင်, ဣန္ဒြေ, ဗိုလ်, အဓိပတိအားဖြင့် ဌာန (၅) လီ၊ အမည် (၅) ခု ရထိုက်ပါသည်။ **ဝီရိယသည်** မဂ္ဂင်, ဣန္ဒြေ, ဗိုလ်, အဓိပတိအားဖြင့် ဌာန (၄) လီ၊ အမည် (၄) ခု ရထိုက်ပါသည်။ **သမာဓိ (ဧကဂ္ဂတာ) သည်** ဈာနင်, မဂ္ဂင်, ဣန္ဒြေ, ဗိုလ်အားဖြင့် ဌာန (၄) လီ၊ အမည် (၄) ခု ရထိုက်ပါသည်။ ကျန်သော **သတိနှင့် စိတ်သည်** ဌာန (၃) လီ၊ အမည် (၃) ခုစီ ရထိုက်ပါသည်။ **ဝေဒနာ, သဒ္ဓါ, ဝိတက် တို့သည်** ဌာန (၂)လီ, အမည် (၂) ခုစီ ရထိုက်ပါသည်။ **ဝိစာရစသော (၂၈) ပါးတို့သည်** (၁) ဌာနစီ, အမည် (၁) ခုစီ ရထိုက်ပါသည်။

ဆောင် * **ပညာဝါးမည်၊ လေးမည်ဝီရိ၊ သမာဓိတည်း၊ သတိ, စိတ္တ၊ မည်ရသုံးဖြာ၊ ဝေဒနာနှင့်၊ သဒ္ဓါ, ဝိတက်၊ နှစ်ချက်မည်ရ၊ ဝိစာရက၊ စသည်ကြွင်းရစ်၊ နှစ်ဆယ့်ရှစ်မှာ၊ တစ်မည်သာတည်း။**

မိဿကသဂ်ဟဆို်ဝ်ရာ အမည် ၈/မရ တရားတို့်ကို ရှု်ပ်, နာမ် အစွဲ

မိဿကသဂ်ဟဆိုင်ရာအမည်ရသော တရားတို့တွင် ဣန္ဒြိယရုပ် (၈) ခု၊ အာဟာရရုပ်

http://www.dhammadownload.com

(၈) ခုအားဖြင့် ရုပ် (၉) ပါးဖြစ်ပါသည်။

စိတ်, ဖဿ, ဝေဒနာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, ဝိတက်, ဝိစာရ, ဝီရိယ, ပီတိ, ဆန္ဒ၊ မောဟ, အဟိရိက, အနောတ္တပ္ပ, လောဘ, ဒိဋ္ဌိ, ဒေါသ၊ သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, အလောဘ, အဒေါသ၊ ဝိရတီ (၃) ခု၊ ပညိန္ဒြေအားဖြင့် **နာမ် (၂၇) ပါး**ဖြစ်ပါသည်။

မိဿကသင်္ဘာဆိုင်ရာအမည်မရသော (မိဿကသင်္ဘာတွင်မပါဝင်သော) တရားတို့တွင် ရုပ်များကား အာဟာရရုပ်မှတစ်ပါး အနိန္ဒြိယရုပ် (၁၉) ပါးဖြစ်ပါသည်။ နာမ်တရားများကား အမည်ရသောစေတသိက် (၂၆) ပါးတို့မှ ကြွင်းသော စေတသိက် (၂၆) ပါးနှင့် နိဗ္ဗာန်တို့ ဖြစ်ပါသည်။

ဆောင် * **ပေါင်းကာမုခ၊ ရုပ်ကကိုးတန်၊ နာမ်နှစ်ဆယ့်ခွန်၊ ဆတ္တိမှန်၏၊ ပိုလွန်ကြွင်းထ၊ ဆဋ္ဌိသစေ၊ ရူပေဆယ့်ကိုး၊ တစ်မျိုးနိဗ္ဗာန်၊ အမှန်လေးဆယ်၊ ခြောက်ခုကယ်မှာ၊ ခေါ်ဘွယ်နာမ၊ မည်မရသည်၊ ရွေးမျှဆံချည်မတိမ်းတည်း။**

မိဿကသင်္ဘာ တရားကိုယ်ကောက်ရန် အခြေခံလမ်းညွှန်

မိဿကသင်္ဘာဆိုင်ရာ တရားတို့ကို တရားကိုယ်ကောက်ရာ၌ စေတသိက်ပိုင်းသမ္မယောဂနည်းနှင့် ပကိဏ်းပိုင်း ဝေဒနာသင်္ဘာ, ဟေတုသင်္ဘာ, ကိစ္စသင်္ဘာတို့ဖြင့် ဆင်ခြင်စဉ်းစားပြီး၊ မဂ္ဂင်, ဈာနင်, အဓိပတိ ထိုက်/မထိုက်ကိုလည်း တွက်ဆရမည်။ သမ္မာသဒ္ဓါနှင့် ဟောသောတရားဖြစ်လျှင် သောဘနစိတ်၌ယှဉ်သောတရားကို ကောက်ရမည်။ မိစ္ဆာသဒ္ဓါနှင့် ဟောသောတရားဖြစ်လျှင် အကုသိုလ်ဆိုင်ရာတရားကို ကောက်ရမည်။ အချို့သောတရားများအတွက် ရုပ်ပိုင်းနှင့် သမုစ္စည်းပိုင်းတို့ကို ထောက်ထား၍ တရားကိုယ်ကောက်ရမည်။

ဆောင် * **ဝေ, ဟေ, ကိစ္စ၊ သမ္မယောဂနည်း၊ စဉ်းစားပြီးကာ၊ မဂ္ဂင်, ဈာနင်၊ ဓိတွင် ထိုက်/ မထိုက်၊ သမ္မာကြိုက်က၊ သောဘနယှဉ်၊ မိစ္ဆာဝင်ပြု၊ အကုသလ၊ ရုပ်, သမုစ္စထောက်၊ တရားကိုယ်ကောက်၊ မှတ်လောက်မိဿက။**

* * * * * * *

http://www.dhammadownload.com

ဧဟေတုပဋ္ဌိယသင်္ဂဟ မြင်ကွင်း

ဧဟေတုကဋ္ဌိယသင်္ဂဟ အဓိပ္ပါယ်

မင်္ဂဉ်၏အသင်းဝင်ဆိုင်ရာတရားစုတို့ကို သဘောတူချင်း ပေါင်းသင်းစုစည်း၍ အမည်သုံးစွဲပုံကို အကျဉ်းချုပ်ပြဆိုသောကြောင့် ဧဟေတုကဋ္ဌိယသင်္ဂဟမည်ပါသည်။

သတိပဋ္ဌာန် (၄) ပါး

(ဆိုင်ရာအာရုံထဲ၌ စွဲမြဲစွာ သင်္ဂဝင်၍အာရုံပြုသော) သတိစေတသိက်ဆိုင်ရာ သတိပဋ္ဌာန်များကား ကာယာနုပဿနာ, ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာ သတိပဋ္ဌာန်အားဖြင့် (၄) ပါးရှိပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ-၃၀။**

သတိပဋ္ဌာန်၏တရားကိုယ်

သတိပဋ္ဌာန် (၄) ပါးတို့၏တရားကိုယ်ကား မဟာကုသိုလ်, မဟာကြိယာ, အပွနာဇော ဆဋ္ဌိသဋ္ဌိရှိသော သမ္မာသတိစေတသိက် (၁) ပါးသာဖြစ်ပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ-၃၇။**

တရားကိုယ် (၁) ပါးကို သတိပဋ္ဌာန် (၄) မျိုး ခွဲဟောရခြင်းအကြောင်း

သတိပဋ္ဌာန်သည် တရားကိုယ်အားဖြင့် သတိ (၁) ပါးတည်းသာဖြစ်သော်လည်း ကာယ, ဝေဒနာ, စိတ္တ, ဓမ္မဟု အာရုံ (၄) မျိုးပြားခြင်း၊ အသုဘ, ဒုက္ခ, အနိစ္စ, အနတ္တဟု ရှုပုံ အခြင်းအရာ (၄) မျိုးပြားခြင်း၊ သုဘ, သုခ, နိစ္စ, အတ္တဟု ထင်မှားမှုကို ပယ်ခွာခြင်းကိစ္စ (၄) မျိုးပြားခြင်းတို့ကြောင့် သတိပဋ္ဌာန်သရုပ်ကို (၄) မျိုးခွဲ၍ဟောပါသည်။ **(ဋီ-၂၂၆)**

ဆောင် * **သတိတစ်သာ၊ ဖြစ်တုံပါလည်း၊ ယူရာအာရုံ၊ လေးပါးစုံခဲ့၊ ယူပုံခြင်းရာ၊ လေးမျိုးသာတည်း။ ပယ်ခွာကိစ္စ၊ ဖြစ်ပြန်ကလျှင်၊ လေးပါးပင်မို့၊ တို့ရှင်ပင်စော၊ လေးမျိုးဟောသည်။ မှတ်လော သတိပဋ္ဌာန်တည်း။**

http://www.dhammadownload.com

သမ္မပ္ပဓာန် (၄) ပါး

(ကောင်းစွာကြိုးစားအားထုတ်ကြောင်းဖြစ်သော) သမ္မပ္ပဓာန်များကား ဖြစ်ပြီးသော အကုသိုလ်ကိုပယ်ခြင်း, မဖြစ်သေးသောအကုသိုလ်ကို မဖြစ်စေခြင်း, မဖြစ်သေးသော ကုသိုလ်ကို ဖြစ်စေခြင်း, ဖြစ်ပြီးသော ကုသိုလ်ကို တိုးပွားစေခြင်းအားဖြင့် (၄) ပါးရှိပါသည်။

သာဓက ။ **သမ္မစ္ဆဉ်းစာပို ဒ်-၃၁။**

ဥပ္ပန္နပါပကအရ

ရှေးဦးဖြစ်စေ, ယခုဘဝ၌ဖြစ်စေ မိမိသန္တာန်၌ ဧကန်ဖြစ်ပြီးသော (အတိတ်) အကုသိုလ်ကို ဥပ္ပန္နပါပကအရယူရမည်။ ဖြစ်ပြီးအကုသိုလ်နှင့် ပါဏာတိပါတချင်းစသည်ဖြင့် တူသည့် မဖြစ်သေးသော (အနာဂတ်) အကုသိုလ်ကိုလည်း ဥပ္ပန္နပါပကအရပင် ယူရသည်။ **(သမ္မောဟ-၄မှိ)**

ဆောင် * **ဖြစ်ပြီး၄င်း၊ တစ်ကြောင်းထိုနှင့်၊ အသင့်တူမျှ၊ ပါပက၊ ဥပ္ပန္နဟုခေါ်။**

အနုပ္ပန္နပါပကအရ

(သံသရာကျင်လည်ရသော သတ္တဝါတို့၌ မဖြစ်ဘူးသေးသော အကုသိုလ်ဟူ၍ မရှိသောကြောင့်) ယခုဘဝ၌လုံးဝမဖြစ်ဘူးသေးသော အကုသိုလ်ကို အနုပ္ပန္နပါပကအရယူရမည်။

အာရုံသစ်တစ်ခုခုကို စွဲ၍ မဖြစ်သေးသော အကုသိုလ်မျိုးကိုလည်း အနုပ္ပန္န ပါပကအရပင် ယူရမည်။**(သမ္မောဟ-၄မှိ)**

ဆောင် * **ဤဘဝ၌၊လုံးဝမဖြစ်၊အာရုံသစ်ကြောင့်၊ မဖြစ်ဘူးကြ၊ပါပက၊အနုပ္ပန္နခေါ်။**

အနုပ္ပန္န ကုသလအရ

ယခုဘဝ၌ လုံးဝမဖြစ်ဘူးသေးသော (သမထဝိပဿနာစသော) လောကီကုသိုလ်ကို အနုပ္ပန္နကုသလအရ ယူရမည်။ သံသရာ၌ တစ်ရံတစ်ခါမျှ မဖြစ်ခဲ့ဘူးသော မဂ်ကုသိုလ်မျိုးကိုလည်း အနုပ္ပန္နကုသလအရပင် ယူရမည်။ **(သမ္မောဟ-၄မှိ)**

ဆောင် * **လောကီအတွက်၊ ဤဘက်ဘဝ၊ မဂ္ဂသံသရာ၊ ရံတစ်ခါဘူး၊ မဖြစ်ဘူးကြ၊ ကုသလ၊ အနုပ္ပန္နခေါ်။**

http://www.dhammadownload.com

ဥပ္ပန္နကုသလ–အရ

ရှေးရှေးဘဝတို့၌ဖြစ်စေ၊ ယခုဘဝ၌ဖြစ်စေ ဖြစ်ပြီးသမျှ (သမထဝိပဿနာစသော) လောကီကုသိုလ်တို့ကို ဥပ္ပန္နကုသလ အရယူရမည်။ **(သမ္မောဟ-၄မှ်)**

ဆောင် ＊ ထို၌ဘဝ၊ ဖြစ်ကြလေပြီ၊ လောကီကုသလ၊ **ဟူသမျှ၊ ဥပ္ပန္နဟုခေါ်။**

ဥပ္ပန္နကုသလ–အရ လောကုတ္တရာကုသိုလ် မပါ

မဂ်စိတ်တို့မည်သည် (၁) ကြိမ်သာဖြစ်သောကြောင့် ဖြစ်ပေါ်ပြီးသော လောကုတ္တရာကုသိုလ် (မဂ်စိတ်) တို့ကို ပွားများအောင် အားထုတ်ခြင်းဌာနမရနိုင်၍ ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော၌ပါသော ကုသလ၏အရ လောကုတ္တရာကုသိုလ် မပါပါ။

သာဓက ။ **ဝိထိစာပိုဒ်-၃၅။**

အကုသိုလ်ပယ်နည်းများ

ပြုမိသော အကုသိုလ်ကို ပြန်လည်နှလုံးမသွင်း၊ မစဉ်းစားခြင်း၊ အလားတူ အခြားအကုသိုလ် မဖြစ်ဘို့ရှောင်ကြဉ်ခြင်းဖြင့် (ဥပ္ပန္နပါပက) ဖြစ်ပြီးသော အကုသိုလ်ကိုပယ်ရမည်။

ကျင့်ဝတ်ကောင်းများကို ဆောင်ရွက်ခြင်း၊ စာပေ၊ ကျမ်းဂန် သင်အံပို့ချခြင်း၊ ခုတင်ကျင့်ခြင်း၊ စျာန်သမာပတ်ဝင်စားခြင်း၊ ဝိပဿနာရှုခြင်း လုပ်ငန်းသစ် နဝကမ္မပြုခြင်း၊ ဗြဟ္မာဘုံမှပြန်လာစ ဖြစ်ခြင်း၊ သတိထား၍ ရှောင်ကြဉ်ခြင်း စသည်တို့ဖြင့် မဖြစ်သေးသော အကုသိုလ်ကိုမဖြစ်အောင် အားထုတ်ရမည်။ **(သမ္မောဟ၄-၂၈၃)**

ဗုဒ္ဓဘာသာဝင် လုပ်ငန်းစဉ်အနှစ်ချုပ်

မကောင်းမှုအကုသိုလ်၏အခြေခံဖြစ်သော လောဘရမ္မက်၊ ဒေါသအမျက်၊ မောဟအခက်တို့ကို ပယ်ရှားနိုင်အောင်၊ မဖြစ်ပွားအောင် အားထုတ်ခြင်းနှင့် ကောင်းမှုကုသိုလ်၏ အခြေခံဖြစ်သော စွန့်လွှတ်အနစ်နာခံမှု၊ ကိုယ်ချင်းစာငဲ့ညှာမှု၊ သဘာဝအမှန်သိမှုတို့ကို ဖြစ်ပေါ်လာအောင်၊ များပြားလာအောင် အားထုတ်ခြင်းတို့သည် ဗုဒ္ဓဘာသာဝင်၏ လုပ်ငန်းစဉ်အနှစ်ချုပ်ဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပိုဒ်-၁၆၊ သမုစ္စည်းစာပိုဒ်-၃၁။**

http://www.dhammadownload.com

ကောင်းမှုတစ်ခု နေ့စဉ်ပြု

မဖြစ်သေးသော ကုသိုလ်ကိုဖြစ်ပေါ်အောင် အားထုတ်၍, ဖြစ်ပြီးသော ကုသိုလ်တရားကို တိုးပွားအောင် ကြိုးစားရမည်ဟုဆိုထားသောကြောင့်၄င်း၊ ကာမာဝစရကုသိုလ်သည် ကာမသုဂတိဘုံ၌ ပဋိသန္ဓေအကျိုးကိုဖြစ်စေနိုင်သောကြောင့်၄င်း 'ကောင်းမှုတစ်ခု နေ့စဉ်ပြု' သင့်ပါသည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၇၀။ သမုစ္စည်းစာပိုဒ်-၃၁။**

သမ္မပ္ပဓာန်၏ တရားကိုယ်

သမ္မပ္ပဓာန် (၄) ပါးတို့၏တရားကိုယ်ကား ကုသိုလ်စိတ် (၂၁) ပါး၌ရှိသော သမ္မာဝါယာမဟူသော ဝီရိယစေတသိက် (၁) ပါးသာဖြစ်ပါသည်။

သာဓက ။ **သမုစ္စည်းစာပိုဒ်-၃၈။**

တရားကိုယ် (၁) ပါးကို သမ္မပ္ပဓာန် (၄) မျိုးခွဲဖော်ရခြင်းအကြောင်း

သမ္မပ္ပဓာန်သည် တရားကိုယ်အားဖြင့် ဝီရိယ (၁) ပါးတည်းသာဖြစ်သော်လည်း အကုသိုလ်ကိုပယ်ခြင်းအစရှိသော ကိစ္စများက (၄) မျိုးရှိသောကြောင့် သမ္မပ္ပဓာန်သရုပ် (၄) မျိုးခွဲ၍ ဟောရပါသည်။ **(ဋီ-၂၂၇)**

ဆောင် ။ **ဝီရိယတစ်ပါး၊ ဖြစ်တုံငြားလည်း၊ လေးပါးကိစ္စ၊ ပြီးစေရသဖြင့်၊ သမ္မပ္ပဓာန်၊ လေးမျိုးဖန်၊ ဟောဟန်သဘောပေါက်။**

ဣဒ္ဓိပါဒ် (၄) ပါးနှင့် တရားကိုယ်

(တန်ခိုးကြီးရန် အခြေခံဖြစ်သော) ဣဒ္ဓိပါဒ်များကား ဆန္ဒဒ္ဓိပါဒ်, ဝီရိယိဒ္ဓိပါဒ်, စိတ္တိဒ္ဓိပါဒ်, ဝီမံသိဒ္ဓိပါဒ်အား ဖြင့် (၄) ပါးရှိပါသည်။

သာဓက ။ **သမုစ္စည်းစာပိုဒ်-၃၂။**

တရားကိုယ်များကား ကုသိုလ်စိတ် (၂၁)ပါး၌ရှိသော ဆန္ဒ၊ ဝီရိယ၊ ကုသိုလ်စိတ် (၂၁) ပါး၊ တိဟိတ်ကုသိုလ် (၁၇) ပါး၌ရှိသော ပညာတို့တည်း။

http://www.dhammadownload.com

ဣန္ဒြေ (၅) ပါးနှင့် တရားကိုယ်

(သမ္မယုတ်တရားတို့ကို မိမိအလိုသို့လိုက်ပါစေနိုင်အောင် **အစိုးရသော**) ဣန္ဒြေများကား သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေအားဖြင့် (၅) ပါးရှိပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၃၄**။

တရားကိုယ်များကား သမာဓိအရ ဧကဂ္ဂတာ, ကျန်တရားများ အမည်အတိုင်းအားဖြင့် (၅) ပါးတို့တည်း။

ဣန္ဒြေခွင်းအထူး

မိဿကသင်္ဂဟလာ သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေတို့အရ သောဘနစိတ်၌ရှိသော သဒ္ဓါ, ဝီရိယ, သတိစေတသိက်တို့ကို ယူရသည်။ သမာဓိန္ဒြေအရ ဝိစိကိစ္ဆာသဟဂုတ်စိတ် ဒွေပဉ္စဝိညာဏ် (၁၀), မနောဓာတ် (၃) ခု,သန္တီရဏ (၃) ခုကြဉ်သော စိတ်(၇၂) ခု၌ရှိသော ဧကဂ္ဂတာကိုယူရသည်။ ပညိန္ဒြေအရ လောကီတိဟိတ်စိတ် (၃၉) ခု၌ရှိသော ပညာကိုယူရသည်။

ဗောဓိပက္ခိယသင်္ဂဟလာ သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေတို့အရ မဟာကုသိုလ်, မဟာကြိယာ, အပွနာဇ္ဈာဟူသော သောဘနစိတ်(၄၂) ပါး၌ရှိသော သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ စေတသိက်တို့ကို ယူရသည်။ ပညိန္ဒြေအရ မဟာကုသိုလ်, မဟာကြိယာ, ဉာဏသမ္မယုတ်နှင့် အပနာဇ္ဈာဟူသော သောမနစိတ် (၃၄)ပါး၌ရှိသော ပညာကိုယူရသည်။ ဤသို့ထူး၏။

ဗိုလ် (၅) ပါးနှင့် တရားကိုယ်

(**ဆန့်ကျင်ဘက်တရားတို့က မတုန်လှုပ်စေနိုင်သော**) ဗိုလ်များကား သဒ္ဓါဗိုလ်, ဝီရိယ, သတိ, သမာဓိ, ပညာဗိုလ်အားဖြင့် (၅) ပါးရှိပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၃၄**။

တရားကိုယ်များကား သမာဓိအရ ဧကဂ္ဂတာ, ကျန်တရားများ အမည်အတိုင်းအားဖြင့် (၅) ပါးတို့တည်း။

မှတ်ရန် ။ **မိဿကသင်္ဂဟလာ ဗိုလ်နှင့် ဗောဓိပက္ခိယသင်္ဂဟလာဗိုလ်တို့၏ အထူးကား တရားကိုယ်ချင်း ထူးသည်ဟု သတိပြု**။

ဗောဇ္ဈင် (၇) ပါးနှင့် တရားကိုယ်

(**မင်, ဖိုလ်, မဟာကုသိုလ် ဟူသော ဗောဓိကို သိကြောင်းဖြစ်သော**) ဗောဇ္ဈင်နှင့် တရားကိုယ်များကား သတိသမ္ဗောဇ္ဈင်(သတိ), ဓမ္မဝိစယ (ပညာ), ဝီရိယ (**ဝီရိယ**),

http://www.dhammadownload.com

ပီတိ (ပီတိ), ပဿဒ္ဓိ (ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ), သမာဓိ (ဧကဂ္ဂတာ), ဥပေက္ခာ သမ္ဗောဇ္ဈင် (တတြမဇ္ဈတ္တတာ) အားဖြင့် (၇) ပါးရှိပါသည်။

သာဓက ။ **သမုစ္စည်းစာပိုဒ်-၃၅**။

မဂ္ဂင် (၈) ပါးနှင့် တရားကိုယ်

(နိဗ္ဗာန်ကို ရှာမှီးတတ်သည့် မဂ်ကိုသိကြောင်းအစိတ်အပိုင်းဖြစ်သော) မဂ္ဂင်နှင့် တရားကိုယ်များကား သမ္မာဒိဋ္ဌိမဂ္ဂင် (ပညာ), သမ္မာသင်္ကပ္ပ (**ဝိတက်**), သမ္မာဝါစာ (**သမ္မာဝါစာ**), သမ္မာကမ္မန္တ (**သမ္မာကမ္မန္တ**), သမ္မာအာဇီဝ (**သမ္မာအာဇီဝ**), သမ္မာဝါယာမ (**ဝီရိယ**), သမ္မာသတိ (**သတိ**), သမ္မာသမာဓိမဂ္ဂင် (**ဧကဂ္ဂတာ**) အားဖြင့် (၈) ပါးရှိပါသည်။

သာဓက ။ **သမုစ္စည်းစာပိုဒ်-၃၆**။

တရားအားထုတ်ရာ၌ ပဉ္စင်္ဂ က မဂ်ဖြင့်သာ အားထုတ်

မဟာကုသိုလ်,မဟာကြိယာဉာဏသမ္ပယုတ်ဇောဟူသောဝိပဿနာစိတ်၌ ဝိရတီတို့ တစ်ပြိုင်နက် မယှဉ်သောကြောင့်၄င်း, တရားအားထုတ်ခိုက် ဒုစရိုက်မှရှောင်ကြဉ်ဖွယ် မလို သောကြောင့်၄င်း, ဝိပဿနာ အားထုတ်ရာ၌ ဝိရတီမဂ္ဂင် ၃-ပါးမှကြွင်းသော ပဉ္စင်္ဂက မဂ်ဖြင့်သာ ရှုမှတ် အားထုတ်ရပါသည်။

သာဓက ။**စေတသိက်စာပိုဒ်-၂၉**

ဗောဓိပက္ခိယသင်္ဂဟ တရားကိုယ်ကောက်နည်း လမ်းညွှန်

သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်ဆိုင်ရာတို့ကို ကုသိုလ် (၂၁) ခု၌သာ အရကောက်ရမည်။ သတိပဋ္ဌာန်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်ဆိုင်ရာတို့ကို မဟာကုသိုလ်, မဟာကြိယာ, အပွနာဇော (၂၆) ခုဟူသော သောဘနဇော (၄၂) ခုတို့၌ ထိုက်သင့်သလို အရကောက်ရမည်။

ဆောင် * **သမ္ပပ်, ဣဒ္ဓိ၊ ကု. သာရှိ၍၊ သတိ, ဣန်, ဗ၊ ဗော, မဂ္ဂ၊ ရကြ သော. ဇော ကုန်**။

ဈာန–အရ သဘာဝတရားကိုယ်သရုပ်

ဗောဓိပက္ခိယတရားတို့၏ သဘာဝတရားကိုယ်များကား ဆန္ဒ, လောကုတ္တရာစိတ်, တတြမဇ္ဈတ္တတာ, သဒ္ဓါ, ပဿဒ္ဓိ, ပီတိ, ပညာ, ဝိတက်, ဝီရိယ, ဝိရတီ (၃) ခု၊ သတိ, ဧကဂ္ဂတာ အားဖြင့် (၁၄) ပါးဖြစ်ပါသည်။

သာဓက ။ **သမုစ္စည်းစာပိုဒ်-၃၉**။

http://www.dhammadownload.com

သတ္တတိံသ ပဘေဒအရ ဗောဓိပက္ခိယသရုပ်

ဗောဓိပက္ခိယသရုပ်ကား သတိပဋ္ဌာန် (၄) ပါး, သမ္မပ္ပဓာန် (၄) ပါး, ဣဒ္ဓိပါဒ်(၄) ပါး, ဣန္ဒြေ (၅) ပါး, ဗိုလ် (၅) ပါး, ဗောဇ္ဈင် (၇) ပါး, မဂ္ဂင် (၈) ပါးအားဖြင့် (၃၇) ပါးဖြစ်ပါသည်။

ဆောင် * **သတိ, သမ္မပ်၊ ဣဒ္ဓိပါဒ်တို့၊ လေးရပ်စီသာ၊ ဣန္ဒြ, ဗိုလ်မှာကား၊ ငါးစီ ထား၍၊ ခုနစ်ပါးဗောဇ္ဈင်၊ မဂ် ရှစ်အင်၊ ပေါင်းလျှင် ဗောဓိ. သုံးခွန်ရှိ။**

သတ္တသင်္ဂဟအရ သင်္ဂဟအမည်သရုပ်

ဗောဓိပက္ခိယသင်္ဂဟများကား သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်အားဖြင့် သင်္ဂဟ (၇) ပါးဖြစ်ပါသည်။

နဝ (၂) ခုထူးခြားမှု

နဝေကဋ္ဌာနာ ဝိရိယံ နဝဋ္ဌဉ် နဝ (၂) ခုတို့၏အထူးကား နဝေကဋ္ဌာနာဌ် နဝအရ ဆန္ဒ, လောကုတ္တရာစိတ်, ပီတိ, ပဿဒ္ဓိ, တတြမဇ္ဈတ္တဟာ, ဝိတက်, ဝိရတီ (၃) ခုအားဖြင့် (၁) ဌာနစီတပ်သော တရား (၉) ပါးကို ယူရသည်။

ဝိရိယံနဝဋ္ဌ် နဝအရ သမ္မပ္ပဓာန် (၄) ဌာန, ဝိရိယိဒ္ဓိပါဒ် (၁) ဌာန, ဝိရိယိန္ဒြေ (၁) ဌာန, ဝိရိယဗိုလ် (၁) ဌာန, ဝိရိယသမ္ဗောဇ္ဈင် (၁) ဌာန, သမာဝါယာမ မဂ္ဂင် (၁) ဌာန အားဖြင့် ဝိရိယပါဝင်သောဌာန (၉) ပါးကို ယူရသည်။ ဤသို့ထူး၏။

တရားအလိုက်ရထိုက်သော ဗောဓိပက္ခိယသင်္ဂဟဌာနအမည်များ

ဝိရိယသည် သမ္မပ္ပဓာန်(၄) ပါး, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်အားဖြင့် ဌာန (၉)လီ၊ အမည် (၉) ခုကို ရထိုက်ပါသည်။ **သတိသည်** သတိပဋ္ဌာန်(၄) ပါး, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်အားဖြင့် ဌာန (၈)လီ၊ အမည် (၈) ခုကို ရထိုက်ပါသည်။ **ပညာသည်** ဝိမံသိဒ္ဓိပါဒ်, ပညိန္ဒြေ, ပညာဗိုလ်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, သမ္မာဒိဋ္ဌိမဂ္ဂင်အားဖြင့် ဌာန (၅)လီ၊ အမည် (၅) ခုကို ရထိုက်ပါသည်။ **ဧကဂ္ဂတာသည်** သမာဓိန္ဒြေ, သမာဓိဗိုလ်, သမာဓိ သမ္ဗောဇ္ဈင်, သမ္မာသမာဓိမဂ္ဂင် အားဖြင့် ဌာန (၄)လီ၊ အမည် (၄) ခုကို ရထိုက်ပါသည်။ **သဒ္ဓါသည်** သဒ္ဓိန္ဒြေ, သဒ္ဓါဗိုလ်အားဖြင့် ဌာန (၂)လီ၊ အမည် (၂) ခုကို ရထိုက်ပါသည်။ **ဥပေက္ခာ,**

http://www.dhammadownload.com

သင်္ကပ္ပ, ပဿဒ္ဓိ, ပီတိ, ဝိရတိ (၃) ခု, ဆန္ဒ, လောကုတ္တရာစိတ်ဟူသော **တရား (၉)ပါးတို့သည်** ဌာန (၁)လီစီ၊ အမည် (၁) ခုစီကို ရထိုက်ပါသည်။

ဆောင် * **ကိုးမည်ဝိရိ၊ ရှစ်သတိနှင့်၊ မှတ်သိညာဏ် ငါး၊ လေးပါး ကဂ္ဂတာ၊ ဒွေးသဒ္ဓါတည်း၊ ပေက္ခာ, သင်္ကပ်၊ ပဿဒ်, ပီတိ၊ ဝိရတိ, ဆန္ဒ၊ စိတ္တ ကိုးပါး၊ တစ်မည်ငြားသည်၊ ဌာန်ပြားသုံးဆယ့်ခုနစ်တည်း။**

သာဓက ။ **သမုစ္စည်းစာပို ဒ်-၄၀။**

ဗောဓိပက္ခိယတရား ရထိုက်သောစိတ်များ

လောကုတ္တရာစိတ်၌ ဗောဓိပက္ခိယတရားအားလုံးကို ရထိုက်ပါသည်။ လောကီကုသိုလ်ကြိယာစိတ်တို့၌ ဗောဓိပက္ခိယတရားတို့ကို ထိုက်သင့်သလိုရထိုက်ပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၄၁။**

လောကုတ္တရာစိတ်၌ ဗောဓိပက္ခိယတရားတို့ ဖြစ်ပုံ

လောကုတ္တရာပထမစျာန်၌ ဗောဓိပက္ခိယတရား (၃၇) ပါးလုံးဖြစ်၏။ ဒုတိယ, တတိယစျာန်တို့၌ ဝိတက်မှတစ်ပါး (၃၆) ပါးသော ဗောဓိပက္ခိယတရားတို့ဖြစ်၏။ စတုတ္ထ, ပဉ္စမစျာန်တို့၌ ဝိတက်နှင့် ပီတိမှတစ်ပါး (၃၅) ပါးသော ဗောဓိပက္ခိယတရားတို့ဖြစ်၏။

လောကီစိတ်၌ ဗောဓိပက္ခိယတရားတို့ဖြစ်ပုံ

လောကီသောဘာန ကုသိုလ်ကြိယာစိတ်၌ကား ဉာဏဒဿနဝိသုဒ္ဓိမှတစ်ပါး သီလဝိသုဒ္ဓိစသော ရှေ့ဝိသုဒ္ဓိ (၆) ပါးတို့ဖြစ်ရာအခါ၌ သတိပဋ္ဌာန်စသော ကိစ္စအားလျော်စွာ ယှဉ်သင့်ဖြစ်သင့်သလို ဗောဓိပက္ခိယတရားများဖြစ်ကြပါသည်။

ဗောဓိပက္ခိယတရားများ ဖြစ်ရကာလ

ဆဋ္ဌသုဒ္ဓိ ပဝတ္တိယံဟု သတ်မှတ်ပြဆိုထားသောကြောင့် သီလဝိသုဒ္ဓိစသော ရှေ့ဝိသုဒ္ဓိ (၆) ပါးတို့ဖြစ်ရာကာလ၌ လောကီကုသိုလ်, ကြိယာဆိုင်ရာ ဗောဓိပက္ခိယတရားတို့ဖြစ်ကြပါသည်။ ဉာဏဒဿနဝိသုဒ္ဓိဖြစ်ရာကာလ၌ လောကုတ္တရာဆိုင်ရာ ဗောဓိပက္ခိယတရားတို့ဖြစ်ကြပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၄၁။**

http://www.dhammadownload.com

သဗ္ဗေ လောကုတ္တရာ ဟောန္တိဒ္ဓ် လောကုတ္တရာအရ

လောကုတ္တရာ ပထမစျာန်၌သာလျှင် ဟောဓိပက္ခိယတရားကိုယ် အားလုံးကိုရနိုင်သောကြောင့် သဗ္ဗေ လောကုတ္တရေ ဟောန္တိဒ္ဓ် လောကုတ္တရာအရ ပထမစျာန်စိတ်ကိုသာ ကောက်ယူရပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၃၆**။

န ဝါ သင်္ပယုတ်တိယောဟု ဆိုရခြင်းအကြောင်း

လောကုတ္တရာ ဒုတိယစျာန်, တတိယစျာန်တို့၌ ဝိတက်မယှဉ်သောကြောင့်၎င်း၊ စတုတ္ထစျာန်, ပဉ္စမစျာန်တို့၌ ဝိတက်,ပီတိဟူသော ဟောဓိပက္ခိယတရားတို့မဖြစ်သောကြောင့်၎င်း (ဤအကြောင်းတို့ကို ရည်ရွယ်၍) န ဝါ သင်္ပယုတ်တိယောဟု ဆိုပါသည်။

သာဓက ။ **စေတသိက်စာပိုဒ်-၃၆**။

လောကိယေပိဒ္ဓ် လောကိယအရ

မြတ်သော ဟောဓိပက္ခိယတရားတို့၌ ရထိုက်သောတရားကိုယ်တို့ ၏ယှဉ်ရာဖြစ်သောကြောင့် လောကိယေပိ ယထာယောဂံ၌ လောကိယ အရ လောကီသောဘန ကုသိုလ်ကြိယာစိတ်တို့ကိုသာယူရမည်။

သာဓက ။ **ဥတ္တမသတ္ထတိသ ဓမ္မာနမေသော ပဝရော ဝိဘာဂေါ**။

လောကီဝိပါက်တို့ကို မယူရခြင်းအကြောင်း

လောကီဝိပါက်စိတ်တို့သည် ပဋိသန္ဓေ, ဘဝင်, စုတိ, တဒါရုံကိစ္စမျှသာတပ်၍ သီလဝိသုဒ္ဓိစသည်တို့ကို မဖြစ်စေနိုင်သောကြောင့် ဟောဓိပက္ခိယတရားကိုယ်ယှဉ်ရာ လောကီစိတ်အရ လောကီဝိပါက်တို့ကို မယူရ။ လောကီဝိပါက်၌ယှဉ်သော တရားတို့ကိုလည်း ဟောဓိပက္ခိယ ၏တရားကိုယ်မကောက်ရပါ။

* * * * * * *

http://www.dhammadownload.com

သဗ္ဗသင်္ဂဟ မြင်ကွင်း

သဗ္ဗသင်္ဂဟအဓိပ္ပါယ်

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူသော ပရမတ္ထတရားအားလုံးနှင့် ဆိုင်ရာတရားစုတို့ကို သဘောတူချင်းပေါင်းသင်းစုစည်း၍ အမည်သုံးစွဲပုံကို အကျဉ်းချုပ်ပြဆိုသောကြောင့် သဗ္ဗသင်္ဂဟဟုခေါ်ပါသည်။

ခန္ဓာ (၅) ပါးနှင့် တရားကိုယ်

(ပစ္စုပ္ပန်, အတိတ်, အနာဂတ်စသော တရားများကို ပညာဖြင့် တပေါင်းတည်း ပြု၍ စုစည်းပြဆိုရာ) ခန္ဓာနှင့် တရားကိုယ်များကား ရုပ်အဋ္ဌဝီသသည် ရူပက္ခန္ဓာမည်၏။ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏။ သညာစေတသိက်သည် သညာက္ခန္ဓာမည်၏။ ဝေဒနာ, သညာမှကြွင်းသော စေတသိက် (၅၀) တို့သည် သင်္ခါရက္ခန္ဓာမည်၏။ စိတ် (၈၉)ပါးသည် ဝိညာဏက္ခန္ဓာမည်၏။

သာဓက ။ **သမုစ္စည်းစာပို့ဒ်-၄၂၊ ၄၉။**

နိဗ္ဗာန်သည် ခန္ဓဝိမုတ်ဖြစ်ရခြင်းအကြောင်း

ပစ္စုပ္ပန်, အတိတ်, အနာဂတ် အစရှိသော (၁၁) ပါးသော အပြားအားဖြင့် ကွဲပြားမှုမရှိခြင်းကြောင့် နိဗ္ဗာန်သည် ခန္ဓဝိမုတ်ဖြစ်ရပါသည်။

သာဓက ။ **ဘေဒါဘာဝေန နိဗ္ဗာနံ ခန္ဓသင်္ဂဟနိဿံ။**

ဘေဒါ ဘာဝေနဋ္ဌ ဘေဒအရ (၁၁) ပါး

ဘေဒါဘာဝေနဋ္ဌ ဘေဒအရကား ပစ္စုပ္ပန်, အတိတ်, အနာဂတ် ဟူသော ကာလ(၃)ပါး၊ အဇ္ဈတ္တ, ဗဟိဒ္ဓဟူသော သန္တာန် (၂) ပါး၊ ဩဠာရိက, သုခုမ (၂) ပါး၊ ဟီန, ပဏီတ (၂) ပါး၊ ဒူရ, သန္တိက (၂) ပါးအားဖြင့် (၁၁) ပါးဖြစ်ပါသည်။

ဆောင် * **ကာလသုံးရပ်၊ အဇ္ဈတ်, ဗဟိ၊ ဩဠာရိက၊ သုခုမနှင့်၊ ဟီန, ပဏီတော၊ ဒူရေ, သန္တိက၊ ဆယ့်တစ်ဝ၊ ဘေဒသရုပ်ဖြစ်သတည်း။**

http://www.dhammadownload.com

နိယတဓန္ဓဝိမုတ်–အနိယတဓန္ဓဝိမုတ်

နိဗ္ဗာန်သည် ပဋ္ဌပါဒါနကဒ္ဓန္ဓာမှဂ္ဂင်း၊ ပဋ္ဌကဒ္ဓန္ဓာမှဂ္ဂင်း လွတ်သောကြောင့် နိယတဓန္ဓာဝိမုတ်တရား ဖြစ်ပါသည်။

လောကုတ္တရာစိတ် (၈) ခုသည် ပဋ္ဌပါဒါနကဒ္ဓန္ဓာမှသာလွတ်၍ ပဋ္ဌကဒ္ဓန္ဓာမှ မလွတ်သောကြောင့် အနိယတဓန္ဓဝိမုတ်တရား ဖြစ်ပါသည်။

သာဓက ။ **သမုစ္စည်းစာပိုဒ်-၄၉၊ ၅၀။**

ဥပါဒါနကဒ္ဓန္ဓာ (၅) ပါးနှင့်တရားကိုယ်

(ဥပါဒါန်၏အာရုံဖြစ်သော) ဥပါဒါနကဒ္ဓန္ဓာနှင့် တရားကိုယ်များကား ရုပ်အဋ္ဌဝိသသည် ရူပုပါဒါနကဒ္ဓန္ဓာမည်၏။ လောကီစိတ် ၈၁-၌ရှိသော ဝေဒနာစေတသိက်သည် ဝေဒနုပါဒါနကဒ္ဓန္ဓာ, သညာ စေတသိက်သည် သညုပါဒါနကဒ္ဓန္ဓာ, ဝေဒနာ, သညာမှကြွင်းသော စေတသိက် (၅၀) တို့သည် သခ်ါရုပါဒါနကဒ္ဓန္ဓာမည်၏။ လောကီစိတ် (၈၁) ပါးသည် ဝိညာဏုပါဒါနကဒ္ဓန္ဓာမည်၏။

သာဓက ။ **သမုစ္စည်းစာပိုဒ်-၄၃နှင့် ပဋ္ဌပါဒါနကဒ္ဓန္ဓာတိ၊ တထာ တေဘူမကာ မတာ။**

ဥပါဒါနကဒ္ဓန္ဓာဝိမုတ်တရား

ဥပါဒါနကဒ္ဓန္ဓာမှလွတ်သော ဝိမုတ်တရားကား လောကုတ္တရာစိတ် (၈) ခု၊ စေတသိက်, ဆတ္တိံသ, နိဗ္ဗာန်တို့ဖြစ်ပါသည်။

သာဓက ။ **ပဋ္ဌပါဒါနကဒ္ဓန္ဓာတိ၊ တထာ တေဘူမကာ မတာ။**

ဥပါဒါနကဒ္ဓန္ဓာ၏ တရားကိုယ်ထဲ၌ လောကုတ္တရာစိတ် မပါခြင်းအကြောင်း

ဥပါဒါန်၏တရားကိုယ်ဖြစ်သော လောဘ, ဒိဋ္ဌိတို့၏ ယှဉ်ရာ အကုသိုလ်စိတ်တို့သည် လောကုတ္တရာတရားကို အာရုံမပြုနိုင်ကြ၍ လောကုတ္တရာစိတ်တို့သည် ဥပါဒါန်တို့၏ အာရုံမဟုတ်သောကြောင့် ဥပါဒါနကဒ္ဓန္ဓာ၏ တရားကိုယ်ထဲ၌ လောကုတ္တရာစိတ် မပါဝင်ခြင်း ဖြစ်ပါသည်။

သာဓက ။ **ပကိဏ်းစာပိုဒ်-၅၇။ သမုစ္စည်းစာပိုဒ်-၇၊ ၁၃။**

မှတ်ရန် ။ **(တေဘူမကာ) ဟူသော ဝိသေသနပုဒ်ထည့်ဆိုရခြင်း အကြောင်းကား အထက်ပါအကြောင်းပြချက်နှင့် ပါဠိသာဓကတို့အတိုင်းသာမှတ်။**

http://www.dhammadownload.com

ပဋ္ဌာနနှစ်ပါး၊ ပဋ္ဌာပါဒါနကဿနှစ်ပါးဟူ ခန္ဓာ (၂) မျိုးဟောရခြင်းအကြောင်း

ခန္ဓာဖွဲ့၍ ရထိုက်သမျှသော လောကီ, လောကုတ္တရာ တရားအားလုံးကို သိမ်းယူပြခြင်း အကျိုးငှာ ပဋ္ဌာနခန္ဓာဟူ ခန္ဓာဒေသနာကို ဟောတော်မူ၏။

ဝိပဿနာရှုဘို့အတွက် လောကီတရားသက်သက်မျှကိုသာ ခန္ဓာဖွဲ့ပြခြင်းငှာ ပဋ္ဌာပါဒါနကဿနှစ်ပါးဟူ ဥပါဒါနကဿန္ဓာဒေသနာကို ဟောတော်မူ၏။ (ဋီ-၂၂၉)

ဆောင် * **လောကီ, လောကုတ်၊ မယုတ် မကြွင်း၊ ခန္ဓာတွင်း၌၊ သိမ်းသွင်း၍ယူ၊ ပြတော်မူ၊ မှတ်ယူခန္ဓာဒေသနာတည်း။**

* **ဝိပဿနာ၊ ရှုဘို့ငှာလျှင်၊ ဥပါဒါနက်၊ လောကီတွက်၊ သက်သက် ဟောရ ပြန်သတည်း။**

ခန္ဓာနှင့် ဥပါဒါနကဿန္ဓာအထူး

ခန္ဓာတရားကား လောကီ, လောကုတ္တရာ (သာသဝ, အနာသဝ) တရား (၂) မျိုးတို့နှင့်ဆက်စပ်၏။ ဥပါဒါနကဿန္ဓာတရားကား လောကီ (သာသဝ) တရား (၁) မျိုးနှင့်သာ ဆက်စပ်၏။ ဤသို့ထူးပါသည်။

သာဓက ။ **သမုစ္စည်းစာပို့ဒ်-၄၉နှင့် ပဋ္ဌာပါဒါနကဿန္ဓာတိ၊ တထာ တေဘူမကာ မတာ။**

ဝိညာဏကဿန္ဓာနှင့် ဝိညာဏုပါဒါနကဿန္ဓာတို့၏ တရားကိုယ်အထူး

ဝိညာဏကဿန္ဓာ၏ တရားကိုယ်ကား လောကီ, လောကုတ္တရာစိတ်အားလုံးတည်း။

ဝိညာဏုပါဒါနကဿန္ဓာ၏ တရားကိုယ်ကား ဘုံ(၃)ပါး၌ဖြစ်သောလောကီစိတ်သက်သက်တည်း။

မှတ်ရန် ။ **ဝေဒနာကဿန္ဓာနှင့်ဝေဒနုပါဒါနကဿန္ဓာစသည်တို့ အထူးကိုလည်း နည်းတူကြံ။**

သာဓက ။ **သမုစ္စည်းစာပို့ဒ်-၄၉၊ ၅၀၊ (ပ/ဒု-ပါဒ)**

အာယတန (၁၂) ပါးနှင့် တရားကိုယ်များ

(စက္ခုဝိညာဏ်စသော စိတ်, စေတသိက်တို့ဖြစ်ခြင်း၏ အကြောင်းဖြစ်သော)

အာယတနနှင့် တရားကိုယ်များကား စက္ခုပသာဒသည် စက္ခာယတနမည်၏။ သောတပသာဒသည် သောတာယတနမည်၏။ ဃာနပသာဒသည် ဃာနာယတနမည်၏။ ဇိဝှာပသာဒသည် ဇိဝှာယတနမည်၏။ ကာယပသာဒသည် ကာယာယတနမည်၏။ ရူပါရုံသည် ရူပါယတနမည်၏။ သဒ္ဒါရုံသည် သဒ္ဒါယတနမည်။ ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏။ ရသာရုံသည် ရသာယတန

http://www.dhammadownload.com

မည်၏။ ပထဝီ, တေဇော, ဝါယော ဟူသော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏။ **(ဤကားရုပ်သက်သက် အာယတန-၁၀ပါးတည်း။)** စိတ် (၈၉) ပါးသည် မနာယတနမည်၏။ **(ဤကားနာမ်သက်သက်အာယတနတည်း။)** စေတသိက်ဒွေပညာသ, သုခုမရုပ် သောဋ္ဌသ, နိဗ္ဗာန်တို့သည် ဓမ္မာယတနမည်၏။ **(ဤ ကားရုပ်,နာမ်ရောသော မိဿကအာယနတည်း)**

သာဓက ။ **သမုစ္စည်းစာပိုဒ်-၄၄၊ ၄၇နှင့် ဒွါရာလမ္ဗဏဘေဒေန၊ ဘဝန္တာယတနာနိ စ။**

အာယတန (၁၂) ပါး ပြားချခြင်းအကြောင်း

ဒွါရ (၆) ဖုံ၊ အာရုံ (၆) တန်၊ ပြားသောကြောင့် အာယတန (၁၂) ပါးပြားရပါသည်။

သာဓက ။ **ဒွါရာလမ္ဗဏဘေဒေန၊ ဘဝန္တာယတနာနိစ။**

ဓာတ် (၁၈) ပါးနှင့် ဓာရကိုယ်များ

(မိမိဆိုင်ရာသဘောကို ဆောင်ရွက်တတ်၊ မိမိသဘောလက္ခဏာအတိုင်း ထင်ရှားစွာဖြစ်တတ်သော) ဓာတ်နှင့် တရားကိုယ်များကား စက္ခုပသာဒသည် စက္ခုဓာတ်မည်၏။ သောတပသာဒသည် သောတဓာတ်မည်၏။ ဃာနပသာဒသည် ဃာနဓာတ်မည်၏။ ဇိဝှာပသာဒသည် ဇိဝှာဓာတ်မည်၏။ ကာယပသာဒသည် ကာယဓာတ်မည်၏။ ရူပါရုံသည် ရူပဓာတ်မည်၏။ သဒ္ဒါရုံသည် သဒ္ဒဓာတ်မည်။ ဂန္ဓာရုံသည် ဂန္ဓဓာတ်မည်၏။ ရသာရုံသည် ရသာဓာတ်မည်၏။ ပထဝီ, တေဇော, ဝါယော ဟူသော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏။ **(ဤကား ရုပ်သက်သက် ဓာတ်-၁၀ပါးတည်း။)** စက္ခုဝိညာဏ်ဒွေးသည် စက္ခုဝိညာဏဓာတ်မည်၏။ သောတဝိညာဏ်ဒွေးသည် သောတဝိညာဏဓာတ်မည်၏။ ဃာနဝိညာဏ်ဒွေးသည် ဃာန ဝိညာဏဓာတ်မည်၏။ ဇိဝှာဝိညာဏ်ဒွေးသည် ဇိဝှာဝိညာဏဓာတ်မည်၏။ ကာယဝိညာဏ် ဒွေးသည် ကာယဝိညာဏဓာတ်မည်၏။ ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဒွေးသည် မနောဓာတ် မည်၏။ ဒွေးပဉ္စဝိညာဏ် (၁၀) နှင့် မနောဓာတ် (၃) ခုမှကြွင်းသော စိတ် (၇၆) ခု တို့သည် မနောဝိညာဏဓာတ်မည်၏။ **(ဤကားနာမ်သက်သက် ဓာတ်-၇ ပါးတည်း။)** စေတသိက် ဒွေပညာသ, သုခုမရုပ်သောဋ္ဌသ, နိဗ္ဗာန်တို့သည် ဓမ္မဓာတ်မည်၏။ **(ဤကားရုပ်, နာမ်ရော သောမိဿကဓာတ်-၁ ပါးတည်း။)**

သာဓက ။ **သမုစ္စည်းစာပိုဒ်-၄၅၊၄၇၊၄၈နှင့် ဒွါရာလမ္ဗ တဒုပ္ပန္နာ၊ ပရိယာယေန ဓာတုယော။**

http://www.dhammadownload.com

ဓာတ် (၁၈) ပါး ပြားရခြင်းအကြောင်း

ဒွါရ (၆) ဖုံ၊ အာရုံ (၆) တန်၊ ဝိညာဏ် (၆) သွယ်ပြားသောကြောင့် ဓာတ် (၁၈) ပါး ပြားရသည်။

သာဓက ။ **ဒွါရလမ္ဗတဒုပ္ပန္နာ၊ ပရိယာယေန ဓာတုယော။**

တရားကိုယ်ချင်းတူလျက် ဓာတ်ကို (၁၈) ပါးဟောရခြင်းအကြောင်း

အာယတနနှင့် ဓာတ်တို့သည် တရားကိုယ်ချင်းတူညီသော်လည်း မနာယတန (၁) ပါးတည်းက ဝိညာဏဓာတ် (၇) ပါးပြားသောကြောင့် ဓာတ်ကို (၁၈) ပါးဟောရပါသည်။

သာဓက ။ **သမုစ္စည်းစာပို ဒ်-၄၈။**

မနောဒွါရချင်းအထူး

ပကိဏ်းပိုင်း ဒွါရသင်္ဂဟလာ မနောဒွါရအရ ဘဝင်စိတ် (၁၉) ခုကို ယူရသည်။ သမုစ္စည်းပိုင်း ဒွါရာလမ္ဗဏဘေဒေနဠ် အာယတနဆိုင်ရာ မနောဒွါရအရ စိတ် (၈၉) ခုကို ယူရသည်။ ဒွါရာလမ္ဗ တဒုပ္ပန္နဠ် ဓာတ်ဆိုင်ရာ မနောဒွါရအရ ပဥ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်း ဒွေးတို့ကိုယူရသည်။ ဤသို့ထူး၏။

ပကိဏ်းပိုင်း ဓမ္မာရုံနှင့် ဓမ္မာယတန ဓမ္မဓာတ်ဆိုင်ရာ ဓမ္မာရုံချင်း အထူး

ဓမ္မအစုံကိုပြဆိုသောပကိဏ်းပိုင်းလာ ဓမ္မာရုံအရကား ပဥ္စာရုံ၏တရားကိုယ် ဝိသယရုပ် (၇)ခုမှတပါး ပသာဒရုပ် (၅) ခု၊ သုခုမရုပ် (၁၆) ခု၊ စိတ်(၈၉)ခု၊ စေတသိက် (၅၂) ခု၊ နိဗ္ဗာန်ပညတ်တို့ကိုယူရသည်။ ပရမတ်တရားတို့ကိုသာ ပြဆိုသော သမုစ္စည်းပိုင်းလာ ဓမ္မာယတနဓမ္မဓာတ် ဆိုင်ရာ ဓမ္မာရုံအရ ပညတ်တရားများ မပါဝင်နိုင်သောကြောင့်ငင်း၊ ပသာဒရုပ် သည် စက္ခာယတနစသော အမည်ထူးများနှင့် စိတ်သည် မနာယတနဟူသော အမည်ထူးကို သီးခြားရပြီးဖြစ်သောကြောင့်ငင်း၊ စေတသိက် (၅၂) ခု, သုခုမရုပ် (၁၆) ခု, နိဗ္ဗာန်တို့ကိုသာ ယူရသည်။ဤသို့ထူး၏။

သာဓက ။ **ပကိဏ်းစာပို ဒ်-၅၀၊ သမုစ္စည်းစာပို ဒ်-၄၇။**

သစ္စာ (၄) ပါးနှင့် တရားကိုယ်

(သူတော်စင်အရိယာအဖြစ်ကို ပြုတတ်သည့် သဘောမှန်ဖြစ်သော) သစ္စာများ ကား လောကီစိတ်(၈၁)ပါး, လောဘကြဉ်စေတသိက်(၅၁)ပါး, ရုပ်(၂၈)ပါးဟူသော တေဘူမက ဝဋ်တရားသည် ဒုက္ခသစ္စာမည်၏။ လောဘသည် သမုဒယသစ္စာမည်၏။ နိဗ္ဗာန်သည် နိရောဓ

http://www.dhammadownload.com

သစ္စာမည်၏။ မဂ်စိတ်(၄)ခုဥ်ရှိသော မဂ္ဂင်တရားကိုယ်(၈)ပါး (၇)ပါးတို့သည် မဂ္ဂသစ္စာမည်၏။
သာဓက ။ **သမုစ္စည်းစာပိုဒ်-၄၆၊ ၅၂**။

သစ္စဝိမုတ်တရားများ

သစ္စာမှလွတ်သော ဝိမုတ်တရားများကား မဂ်စိတ္တုပ္ပါဒ် (၂၉) ခုနှင့် ဖိုလ်စိတ္တုပ္ပါဒ် (၃၇) ခုတို့ဖြစ်ပါသည်။
သာဓက ။ **မဂ္ဂယုတ္တာ ဖလာစေဝ၊ စတုသစ္စဝိနိဿဋာ**။

ဒုက္ခသစ္စာတွင် မပါဝင်သော တေဘူမကတရား

လောဘစေတသိက်ကို သမုဒယသစ္စာအဖြစ် သီးခြားဖွဲ့ဆိုလတ္တံ့ ဖြစ်သောကြောင့် ဒုက္ခသစ္စာ၌ မပါဝင်သော တေဘူမကတရားကား လောဘစေတသိက်ဖြစ်ပါသည်။
သာဓက ။ **ဒုက္ခံ တေဘူမကံ ဝဋ္ဋံ၊ တဏှာသမုဒယော ဘဝေ**။

တဏှာအစစ် (၁၀၈) ပါးဖြစ်ပုံ

တဏှာသည် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာအားဖြင့် (၃) ပါးပြားသည်။ ထို (၃) ပါးတို့တွင် (၁)ပါး (၁) ပါး၌ အာရုံ (၆) ပါးစီရှိသောကြောင့် အာရုံ၏အစွမ်းဖြင့် (၁၈) ပါးပြားသည်။ ထို (၁၈) ပါးတို့တွင် (၁)ပါး (၁)ပါး၌ ကာလ (၃) ပါးစီရှိသောကြောင့် ကာလ၏အစွမ်းဖြင့် (၅၄) ပါးပြားသည်။ ထို (၅၄) ပါးတို့တွင် (၁)ပါး (၁)ပါး၌ သန္တာန် (၂) ပါးစီရှိသောကြောင့် အဇ္ဈတ္တိက, ဗာဟိရတို့၏အစွမ်းဖြင့် (၁၀၈) ပါးပြားသည်။ ဤကားတဏှာအစစ် (၁၀၈) ပါး ဖြစ်ပုံတည်း။ (**ဋီ-၂၃၂**)
ဆောင် * **တဏှာသုံးတန်၊ တည်ထားပြန်၊ အာ, ကာ, သန်နှင့် မြှောက်**။
* **တဏှာအစစ်၊ တစ်ရာ့ရှစ်၊ ဖြစ်၏ကျမ်းလာထောက်**။

လောကီသစ္စာ

တေဘူမကဝဋ်တရားကို ဒုက္ခသစ္စာဖွဲ့၍ လောဘစေတသိက်ကို သမုဒယသစ္စာဖွဲ့သောကြောင့် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာတို့သည် လောကီသစ္စာများသာ ဖြစ်ပါသည်။
သာဓက ။ **ဒုက္ခံ တေဘူမကံ ဝဋ္ဋံ၊ တဏှာ သမုဒယော ဘဝေ**။

http://www.dhammadownload.com

လောကုတ္တရာသစ္စာ

နိဗ္ဗာန်ကို နိရောဓသစ္စာဖွဲ့၍ လောကုတ္တရာမဂ်ကို မဂ္ဂသစ္စာဖွဲ့သောကြောင့် နိရောဓသစ္စာနှင့် မဂ္ဂသစ္စာတို့သည် လောကုတ္တရာသစ္စာများသာ ဖြစ်ပါသည်။

သာဓက ။ **နိရောဓောနာမ နိဗ္ဗာန်၊ မဂ္ဂေါ လောကုတ္တရော မတော၊ နိဗ္ဗာန် ပန လောကုတ္တရသဒ်္ဒါတံ။**

အကြောင်းသစ္စာ, အကျိုးသစ္စာအခွဲ

သမုဒယသစ္စာသည် သံသရာဒုက္ခမှန်သမျှဖြစ်ရခြင်း၏ **မကောင်းသောအကြောင်း,** (ပဝတ္တိဟေတု) သစ္စာ ဖြစ်သည်။

မဂ္ဂသစ္စာသည် သံသရာဒုက္ခဆုတ်နစ်ရာသို့ရောက်ခြင်း၏ **ကောင်းသောအကြောင်း,** (နိဝတ္တိဟေတု) သစ္စာဖြစ်သည်။

ဒုက္ခသစ္စာသည် သံသရာ၌ဖြစ်ရခြင်း **မကောင်းသောအကျိုး,** (ပဝတ္တိ)သစ္စာဖြစ်သည်။

နိရောဓသစ္စာသည် သံသရာဒုက္ခ၏ ဆုတ်နစ်ရာ **ကောင်းသောအကျိုး,** (နိဝတ္တိ) သစ္စာဖြစ်သည်။

မဂ္ဂင် (၈) ပါးချင်းအထူး

မဂ်စိတ်၌ယှဉ်သော မဂ္ဂင် (၈) ပါးသည် မဂ္ဂသစ္စာထိုက်၏။ ဖိုလ်စိတ်၌ယှဉ်သော မဂ္ဂင် (၈) ပါးသည် သစ္စဝိမုတ်ဖြစ်၏။

သာဓက ။ **မဂ္ဂေါ လောကုတ္တရော မတောနှင့် မဂ္ဂယုတ္တာ ဖလာစေဝ စတုသစ္စ ဝိနိဿဋာ။**

မဂ္ဂေါနှင့် မဂ္ဂယုတ္တတို့၌ မဂ္ဂချင်းအထူး

မဂ္ဂေါ လောကုတ္တရော မတောဘ၌ မဂ္ဂအရ မဂ်စိတ်၌ယှဉ်သော မဂ္ဂင် (၈) ပါးတည်း။ မဂ္ဂယုတ္တာဘ၌ မဂ္ဂအရ မဂ်စိတ္တုပ္ပါဒ် (၂၉) ခုတည်း။ ဤသို့ထူး၏။

http://www.dhammadownload.com

မင်္ဂစိတ္တုပ္ပါဒ် (၂၉) ခု, ဖိုလ်စိတ္တုပ္ပါဒ် (၃၇) ခု

မင်္ဂစိတ်၌ယှဉ်သော စေတသိက် (၃၆) ပါးတို့မှ မဂ္ဂသစ္စာဖွဲ့ပြီးသော မဂ္ဂင် (၈) ပါး ကို နှုတ်၍ကျန်သောစေတသိက် (၂၈) ပါးနှင့် အာရမ္မဏာဝဇ္ဇနနည်းအရ မင်္ဂစိတ် (၁) ခု အားဖြင့် မင်္ဂစိတ္တုပ္ပါဒ် (၂၉) ခုဖြစ်ပါသည်။

ဖိုလ်စိတ်၌ယှဉ်သော စေတသိက် (၃၆) ပါးနှင့် အာရမ္မဏာဝဇ္ဇနနည်းအရ ဖိုလ်စိတ် (၁) ခုအားဖြင့် ဖိုလ်စိတ္တုပ္ပါဒ် (၃၇) ခုဖြစ်ပါသည်။

သစ္စဝိမုတ်တရားတို့ကို သစ္စာအတွင်းသွင်းပုံ

ဖိုလ်၌ယှဉ်သော မဂ္ဂင်တရားကိုယ် (၈) ပါးကို **(မဂ္ဂင်ချင်းတူသောကြောင့်)** မဂ္ဂသစ္စာ၌ ထည့်သွင်းဖွဲ့အပ်၏။ ကြွင်းသော မင်္ဂစိတ္တုပ္ပါဒ် (၂၉) ခု, ဖိုလ်စိတ္တုပ္ပါဒ် (၂၉) ခုတို့ကို **(သဒ္ဓါရုက္ခချင်းတူသောကြောင့်)** ဒုက္ခသစ္စာ၌ထည့်သွင်းဖွဲ့အပ်၏။ ဤကားသွယ်ဝိုက်သော ပရိယာယအားဖြင့် ထည့်သွင်းခြင်းတည်း။ **(ဋီ-၂၃၃)**

ဆောင် * **ဖိုလ်စိတ်ယှဉ်ထ၊ မဂ္ဂင်္ကို၊ မဂ္ဂင်္ဒသွင်း၊ ကြွင်းသည့်မင်္ဂဖိုလ်၊ စိတ္တုပ်ကိုကား၊ ထိုထိုဒုက္ခ၊ သဒ္ဓါရမို့၊ ဒုက္ခသစ္စာ၊ သွင်းယူရာသည်၊ နည်းလာသုတ္တန်သဘောတည်း။**

ဒေသနာတော်ချင်း မဆန့်ကျင်ပုံ

စတုသစ္စဝိနိမုဇ္ဇော ဧေ ယျောနာမ နတ္ထိ (သစ္စာ-၄ ပါးမှလွတ်သော တရားမည်သည် မရှိ) ဟူသော နေတ္တိအဋ္ဌကထာဒေသနာသည် ပရိယာယစကားဖြစ်ပြီး၊ မဂ္ဂယုတ္တာ ဖလာစေဝ စတုသစ္စဝိနိဿဋာ (မင်္ဂစိတ္တုပ္ပါဒ်-၂၉ခု၊ ဖိုလ်စိတ္တုပ္ပါဒ်-၃၇ တို့သည် သစ္စာ-၄ပါးမှလွတ်ကုန်၏) ဟူသော သင်္ဂဟကျမ်းဒေသနာသည် နိပ္ပရိယာယ (မုခ်) စကားဖြစ်သောကြောင့် ဒေသနာတော်ချင်းမဆန့်ကျင်ပါ။

http://www.dhammadownload.com

နိဗ္ဗာန်၏သဘာဝ (နိဂုံး)

ဆင်းရဲဒုက္ခ ပူပန်မှုဟူသမျှ ထာဝရချုပ်ပျောက် ငြိမ်းအေးသွားမှုသည် နိဗ္ဗာန်၏ သဘာဝပင်ဖြစ်ပါသည်။

သာဓက ။ ဒုက္ခနိရောဓော အရိယသစ္စံ၊ နိရောဓောနာမ နိဗ္ဗာန်။

အထူးသတိထားမှတ်သားဖွယ်။ ။နိဗ္ဗာန်၏ တည်ရှိနေရာကို ဖော်ပြ၍ ရ, မရ မေးမြန်းခဲ့သော် အလျှံတပြောင်ပြောင် တောက်လောင်နေသော မီးတောက်မီးလျှံကြီးများ ငြိမ်းအေးသွားသောအခါ ငြိမ်းအေးမှုသည် ဘယ်မှာတည်ရှိသနည်းဟု ရှာဖွေနေစရာမလို၊ ရှာဖွေ၍လည်းမရ၊ မီးတောက်မီးလျှံများ ချုပ်ပျောက်သွားမှုသည်သာ ငြိမ်းအေးမှုမည်သကဲ့သို့ ဆင်းရဲဒုက္ခ ပူပန်မှုဟူသမျှ ထာဝရချုပ်ပျောက်ငြိမ်းအေးသွားမှု သဘောမျှသာဖြစ်သော နိဗ္ဗာန်ကိုလည်း ဘယ်မှာတည်ရှိ သည်ဟု နိဗ္ဗာန်၏တည်နေရာကို ရှာဖွေဖော်ပြ၍ မရနိုင်ကြောင်းကို အထူးသတိထားကြပါကုန်။

သမ္ဗုဒ္ဓည်းပိုင်းမြင်ကွင်း ပြီးပြီ။

* * * * * * *

http://www.dhammadownload.com

ပဌာန်းပိုင်း

ပစ္စည်းပိုင်းဖြင့် ပြဆိုပုံ အနှစ်ချုပ်

ပရမတ္ထတရားတို့တွင် (ဆိုင်ရာအကျိုးကိုပေးတတ်သော) အကြောင်းပစ္စည်းတရား, (အကြောင်းကြောင့်ဖြစ်သော) အကျိုးပစ္စယုပ္ပန်တရားနှင့် ကျေးဇူးပြုပုံ (အကြောင်း၏စွမ်းအင်) ပစ္စယသတ္တိတို့ကို ပစ္စည်းပိုင်းဖြင့် ပြဆိုထားသည်။

သာဓက ။ **ပစ္စည်းစာပို ဒ်-၁။**

ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စယသတ္တိ, ပစ္စနိက်

အကျိုးပစ္စယုပ္ပန်တရားတို့၏စွဲ၍ ဖြစ်တည်နေကြောင်းတရားကို **ပစ္စည်း**ဟုခေါ်သည်။
အကြောင်းပစ္စည်းကြောင့်ဖြစ်ရသော အကျိုးတရားကို **ပစ္စယုပ္ပန်**ဟုခေါ်သည်။
အကြောင်းပစ္စည်း၏ စွမ်းအင်ကို **ပစ္စယသတ္တိ**ဟုခေါ်သည်။
သခ်ိတတရားဖြစ်လျက် ပစ္စယုပ္ပန်တွင် မပါဝင်ဘဲ ပစ္စယုပ္ပန်၏ဆန့်ကျင်ဘက် (ပစ္စယုပ္ပန်၏ပြောင်းပြန်) ဖြစ်နေသော တရားစုကို **ပစ္စနိက်**ဟုခေါ်သည်။

ယေသံ သခ်ိတဓမ္မာနံ စသည်ကို ပစ္စည်းအားလျော်စွာ အနက်ယောဇနာဟန်

ယေသံ = အကြင်သို့သဘောရှိကုန်သော၊ **သခ်ိတဓမ္မာနံ** = သဟိတ်စိတ် ဧကသတ္တတို့ မောဟမူဒွေးဥ မောဟကြဉ်သော စေတသိက်ဒွေပညာသ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်ဟူသော အကျိုးပစ္စယုပ္ပန်တရားတို့အား၊ **ယေဓမ္မာ** = အကြင်ဟိတ် (၆) ပါးဟူသော အကြောင်းပစ္စည်းတရားတို့သည်၊ **ယထာ (ယေနပကာရေန)** = အကြင်ဟေတုသတ္တိဟူသော အပြားဖြင့်၊ **ပစ္စယာ** = ဖြစ်စေ, တည်စေ ၂-ထွေသတ်မှတ် ကျေးဇူးပြုတတ်ကုန်သည်၊ **ဟောန္တိ** = ဖြစ်ကုန်၏။ (ဤကား **ဟေတုပစ္စည်းအားလျော်စွာ** ယေသံ သခ်ိတဓမ္မာနံ၊ ယေဓမ္မာ ပစ္စယာ ယထာဟူသော ပါဠိဝါကျကို အနက်ယောဇနာခြင်းဖြစ်ပါသည်။)

သာဓက ။ **ဟေတူ သဟဇာတာနံ နာမရူပါနံ ဟေတုဝသေန။**

မှန်ရန် ။ **အခြားပစ္စည်းများအားလျော်စွာ အနက်ယောဇနာရာဒ်လည်း သက်ဆိုင်ရာ သင်္ဂဟပါဠိများကို ထောက်ဆလျက် ပစ္စည်း, ပစ္စယုပ္ပန်ကို စဉ်းစားကာ မှန်ကန်အောင် အနက်ဖယောဇနာပါ။**

http://www.dhammadownload.com

ကျေးဇူးပြုခြင်းသဘော

မဖြစ်သေးသောအကျိုးပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေခြင်း, ဖြစ်ပြီးသော အကျိုးပစ္စယုပ္ပန် တရားတို့ကိုတည်တံ့ခိုင်မြဲအောင် ထောက်ပံ့ကူညီခြင်းကို ကျေးဇူးပြုသည်ဟုခေါ်သည်။

ဆောင် * **ဖြစ်စေ, တည်စေ၊ ဤနှစ်ထွေ၊ ခေါ်လေ ကျေးဇူးပြု။**

နိဗ္ဗာန်နှင့် ပညတ်တို့သည် ပစ္စည်းတရားဦးသာ ပါဝင်နိုင်

သင်္ခတတရားသည်သာ ပစ္စယုပ္ပန်ဖြစ်၍ သင်္ခတ, အသင်္ခတ တရားမှန်သမျှ (ယထာရဟ) ပစ္စည်းဖြစ်သောကြောင့် အသင်္ခတဖြစ်သော နိဗ္ဗာန်နှင့် ပညတ်တို့သည် ပစ္စည်းတရားဦးသာ ပါဝင်နိုင်ပါသည်။

သာဓက ။ **ယေသံ သင်္ခတမ္မာနံ၊ ယေမမ္မာ ပစ္စယာ ယထာ။**

ပစ္စည်းဖြစ်ထိုက်သော တရားများ

ပစ္စည်းတရားကို သာမညအားဖြင့် ယေမမ္မာဟုသာ ဆိုထားသောကြောင့် အကြောင်းဖြစ်ထိုက်သမျှသော စိတ်, စေတသိက်, ရုပ် ဟူသော သင်္ခတတရားနှင့်တကွ အသင်္ခတဖြစ်သော နိဗ္ဗာန်နှင့် ပညတ်တို့သည် ပစ္စည်းဦးပါဝင်နိုင်ပြီး, ပစ္စည်းတရား ဖြစ်ထိုက်ပါသည်။

သာဓက ။ **ယေသံ သင်္ခတမ္မာနံ ယေမမ္မာ ပစ္စယာ ယထာ။**

မှတ်ရန် ။ **ယေမမ္မာဌ် ပါသော ဓမ္မအရကား အထက်ပါတရားများပင်တည်း။**

ပစ္စယုပ္ပန် ဖြစ်ထိုက်သော တရားများ

ပစ္စယုပ္ပန်တရားကို ယေသံ သင်္ခတ ဓမ္မာနံဟု သင်္ခတသဒ္ဒါဖြင့် ပြဆိုထားသောကြောင့် ပစ္စယုပ္ပန်တရားဦး သင်္ခတဖြစ်သော စိတ် (၈၉), စေတသိက် (၅၂), ရုပ် (၂၈) တို့သာ ထိုက်သည်အားလျော်စွာ ပါဝင်နိုင်သည်။ (အသင်္ခတဖြစ်သော နိဗ္ဗာန်နှင့်ပညတ် မပါဝင်နိုင်ပါ။)

သာဓက ။ **ယေသံ သင်္ခတမ္မာနံ ယေမမ္မာ ပစ္စယာ ယထာ။**

မှတ်ရန် ။ **ယေသံ သင်္ခတမ္မာနံဌ်ပါသော ဓမ္မအရကား အထက်ပါတရားများပင်တည်း။**

http://www.dhammadownload.com

ပဋ္ဌာန်းဆက်

အကျိုး (ပစ္စယုပ္ပန်) တရားများ ဖြစ်ပွားပေါ်ပေါက်တည်တံ့အောင်အကြောင်း (ပစ္စည်း) တရားတို့က သက်ဆိုင်ရာစွမ်းအင် (သတ္တိ) များဖြင့် ပံ့ပိုးပေးမှုဟူသော အကြောင်းအကျိုးဆက်နွယ်မှုမျိုးကို 'ပဋ္ဌာန်းဆက်' ဟုခေါ်ပါသည်။

သာဓက ။ **ယေသံ သခ်ိတဓမ္မာနံ၊ ယေဓမ္မာ ပစ္စယာ ယထာ။**

ပဋ္ဌာနနယော ပန အာဟစ္စ ပစ္စယဋ္ဌိတိမာရဗ္ဘပဝုစ္စတိ၊ ပစ္စည်းစာပိုဒ်-၁၃။

တံ ဝိဘာဂ်၏ အရ

တံ ဝိဘာဂ်၌ (တ-သဒ္ဒါသည် ရှေးဝါကျမှ ဒြဗ်ကိုစွဲယူသော ပက္ကန္တဝိသယ တဖြစ်သောကြောင့်) တံ ဝိဘာဂ၏အရ ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စယသတ္တိ အားဖြင့် ဝေဘန်အပ်သော ဟရားအထူးအပြားတို့ကို ယူရမည်။

သာဓက ။ **ပစ္စည်းစာပိုဒ် - ၁။**

တဇ္ဇာဝ အရနှင့် ဘာဝိ အရ

တဇ္ဇာဝဘာဝိဘာဝါကာရ၌ တဇ္ဇာဝအရကား အဝိဇ္ဇာပစ္စယာ, သခ်ိရပစ္စယာ စသည်ဖြင့် ပြဆိုသော အကြောင်းပစ္စည်းတရားများကို ယူရမည်။

ဘာဝိအရကား သခ်ိရာ, ဝိညာဏ်စသည်ဖြင့် ပြဆိုသောအကျိုးပစ္စယုပ္ပန်တရားများကိုယူရမည်။

ဘာဝါကာရ (ဖြစ်ပုံအခြင်းအရာ)

အဝိဇ္ဇာပစ္စယာ သခ်ိရာ အဝိဇ္ဇာကြောင့် သခ်ိရတို့ဖြစ်ကုန်၏။ သခ်ိရပစ္စယာ ဝိညာဏ် သခ်ိရကြောင့် ဝိညာဏ်ဖြစ်၏။ ဤသို့ကြောင်းကျိုးဆက်စပ်လျက် ဝဋ်ရဟတ်လည်ပတ်မှု ဖြစ်နေခြင်းသည် ပဋ္ဌိစ္စသမုပ္ပါဒ်၏ ဘာဝါကာရ (ဖြစ်ပုံအခြင်းအရာ) ဖြစ်ပါသည်။

မတ္တာသဒ္ဒါ၏ ဟောနက်နှင့် တားမြစ်နက်

တဇ္ဇာဝဘာဝိဘာဝါကာရမတ္တောဝ၌ မတ္တာသဒ္ဒါသည် (ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာနည်း၌ အကြောင်း, အကျိုးမျှလောက်ကိုသာ ပြ၏ဟု) သန္နိဋ္ဌာနာဝဓာရဏာ (ဆုံးဖြတ်ခြင်း) အနက်ကို ဟောပါသည်။

နိဝတ္တေတဇ္ဇတ္ထကား ပဋ္ဌိစ္စသမုပ္ပါဒ်နည်း၌ ပစ္စယသတ္တိကို (မပြဟု) တားမြစ်ပါသည်။

http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ်နည်းနှင့် ပဋ္ဌာန်းနည်းတို့၏အထူး

၁။ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ပုံမျှကို ပြ၍ ပစ္စယသတ္တိကို မပြသောနည်း သည် ပဋိစ္စသမုပ္ပါဒ်နည်း မည်၏။

၂။ အထူးပြု၍ဖြစ်သောပစ္စည်းဟု ဆိုအပ်သော အကျိုးတရားတို့၏တည်ရာကို အကြောင်း ပြု၍ (အကြောင်း, အကျိုး, ပစ္စယသတ္တိ-၃ မျိုးလုံးကို စုံလင်စွာ) ပြသောနည်းသည် ပဋ္ဌာန်းနည်းမည်၏။

သာဓက ။ **ပစ္စည်းစာပို ဒ်-၃**။

ပဋိစ္စသမုပ္ပါဒ်နည်းကို ပြဆိုပုံ (၂) မျိုး

(သမ္မောဟဝိနောဒနီ ပဋိစ္စသမုပ္ပါဒ်အဋ္ဌကထာ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာ) ဆရာတို့ကား ပဋိစ္စသမုပ္ပါဒ်နည်း၌ ပဋ္ဌာန်းနည်းကို ရောနှောထည့်သွင်းလျက် (အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်ရာ၌ အဝိဇ္ဇာသည် ပုညာဘိသင်္ခါရအား အာရမ္မဏပစ္စယတ္တိ, ပကတူပနိဿယ ပစ္စယသတ္တိ (၂) မျိုးဖြင့် ကျေးဇူးပြု၏-စသည်ဖြင့်) အဓိပ္ပါယ်ဖွင့်ပြသည်။

သင်္ဂြိဟ်ကျမ်းဆရာ အနုရုဒ္ဓါကား ပဋိစ္စသမုပ္ပါဒ်နည်းသီးသန့်, ပဋ္ဌာန်းနည်းသီးသန့် တစ်ကန့်စီခွဲခြား၍ပြသည်။

သာဓက ။ **ပစ္စည်းစာပို ဒ်-၃**။

* * * * * * *

ပဋိစ္စသမုပ္ပါဒ်နည်း မြင်ကွင်း

အဝိဇ္ဇာပစ္စယာ သင်္ခါရာဉ် အဓိပ္ပါယ်နှင့် တရားကိုယ်

သိသင့်သော အရာဌာနကို မသိအောင် ဖုံးကွယ်ထားတတ်သောတရားသည် အဝိဇ္ဇာ မည်၏။ အဝိဇ္ဇာ၏ (အခြေခံရင်းမြစ်) တရားကိုယ်ကား အကုသိုလ်စိတ် (၁၂) ပါး၌ရှိသော မောဟစေတသိက် တည်း။

ရုပ်, နာမ်ဟူသော အကျိုးသင်္ခတတရားကို ပြုပြင်စီမံတတ်သောတရားသည် သင်္ခါရ မည်၏။ အကျိုးသင်္ခါရ၏ (အခြေခံရင်းမြစ်) တရားကိုယ်ကား လောကီကုသိုလ် အကုသိုလ်စေတနာ (၂၉) ပါးတည်း။

http://www.dhammadownload.com

အဝိဇ္ဇာ (မသိရာ) ဌာန-၈ မျိုး

အဝိဇ္ဇာ၏မသိရာဌာနများကား သစ္စာ (၄) ပါး၊ (အတိတ်ကဖြစ်ခဲ့သည့် ခန္ဓာ, အာယတန, ဓာတ်အဘို့အစု) ပုဗ္ဗန္တ၊ (အနာဂတ်၌ဖြစ်မည့် ခန္ဓာ, အာယတန, ဓာတ်အဘို့အစု) အပရန္တ၊ (အတိတ်, အနာဂတ် (၂) ရပ်လုံးဆိုင်ရာ ခန္ဓာ, အာယတန, ဓာတ်အဘို့အစု) ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အားဖြင့် (၈) ဌာနရှိပါသည်။ (ဋီ-၂၃၅)

မေးခွန်းအဖြေမှန်ကို မသိမှု စသည်တို့သည် အဝိဇ္ဇာမဟုတ်

သစ္စာ (၄) ပါး, ပုဗ္ဗန္တ, အပရန္တ, ပုဗ္ဗန္တာပရန္တ, ပဋိစ္စသမုပ္ပါဒ်ဟူသော ဌာန (၈) မျိုးဆိုင်ရာတို့၌ မသိမှု မောဟသည်သာ အဝိဇ္ဇာဖြစ်သောကြောင့် မေးခွန်းအဖြေမှန်, ကွန်ပျူတာနည်းပညာစသော ဉာဏ်ရည်ထက်မြက်သူတို့၏အရာကိုမသိမှုကား အဝိဇ္ဇာမဟုတ်ပါ။ (ဉာဏ်သတ္တိအားနည်းမှုသာ ဖြစ်ပါသည်။)

သခ်ါရပစ္စယာ ဝိညာဏံ၌ တရားကိုယ်

သခ်ါရပစ္စယာ ဝိညာဏံ၌ အကြောင်းသခ်ါရ၏ တရားကိုယ်ကား (ဥဒ္ဓစ္စစေတနာနှင့် ကုသိုလ်အဘိညာဉ်စေတနာတို့ကိုကြဉ်သော) လောကီကုသိုလ် အကုသိုလ် စေတနာ (၂၈)ပါး တည်း။ ဝိညာဏ်အရအကျိုးဝိညာဏ်၏တရားကိုယ်ကား ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ် (၁၉) ပါး, ပဝတ္တိအခါ လောကီဝိပါက် (၃၂) ပါးတို့တည်း။

သခ်ါရ (၃) မျိုး, အကျိုးဝိညာဏ် (၃) စု

(၁) မဟာကုသိုလ်စိတ် (၈) ခု, ရူပကုသိုလ် (၅) ခု၌ရှိသည့် စေတနာဟူသော ပုညာဘိသခ်ါရကြောင့် အဟိတ်ကုသလဝိပါက် (၈) ပါး, မဟာဝိပါက် (၈) ပါး, ရူပဝိပါက် (၅) ပါးအားဖြင့် (၂၁) ပါးသော ဝိညာဏ်တို့ဖြစ်၏။

သာဓက ။ **ဝိထိမုတ်စာပို၌-၇၀၊ ၈၈**။

(၂) ဥဒ္ဓစ္စသဟဂုတ်စေတနာကြဉ်သော အကုသိုလ်စိတ် (၁၁) ခု၌ရှိသည့် စေတနာဟူသော အပုညာဘိသခ်ါရကြောင့် အဟိတ်ကုသလဝိပါက် (၇) ပါး ဝိညာဏ်ဖြစ်သည်။

သာဓက ။ **ဝိထိမုတ်စာပို၌-၆၉**။

http://www.dhammadownload.com

(၃) အဘိညာဉ်ကုသိုလ်ကြဉ်သော အရူပကုသိုလ် (၄) ခုဌ္ဌိသည့် စေတနာဟူသော အာနေဉ္စာဘိသင်္ခါရကြောင့် အရူပဝိပါက် (၄) ခုဝိညာဏ်ဖြစ်ပါသည်။

သာဓက ။ **ဝိဏိမုတ်စာပို၌-၈၈။**

ဝိညာဏအရ လောကုတ္တရာဝိပါက်ကို မယူခြင်းအကြောင်း

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်သည် ဝဋ်တရားတို့၏ ကြောင်းကျိုးဆက်စပ်လည်ပတ်နေပုံကိုပြဆိုသောအရာဖြစ်သောကြောင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ပါသော ဝိညာဏအရ လောကုတ္တရာဝိပါက်ကို မယူရပါ။

သာဓက ။ **ပစ္စည်းစာပို၌-၁၃ (ဒုတိယဂါထာ)။**

ဝိညာဏပစ္စယာ နာမရူပံဌ္ဌ တရားကိုယ်

အကြောင်းဝိညာဏ၏ တရားကိုယ်ကား အကျိုးဝိညာဏ်အရှန့် အတူတည်း။

(တစ်နည်းကား) အတိတ်ဘဝ၌ဖြစ်ခဲ့သော လောကီကုသိုလ်အကုသိုလ်ကံဟူသော ကမ္မဝိညာဏ်နှင့် ပစ္စုပ္ပန်ဘဝ၌ဖြစ်သော လောကီဝိပါက်ဝိညာဏ်တို့တည်း။

အကျိုးနာမရူပံ၏ တရားကိုယ်ကား လောကီဝိပါက်ဝိညာဏ်၌ယှဉ်သော စေတသိက် (၃၅) ပါးနှင့် ကမ္မဇရူပ် (၂၀) တို့တည်း။

နာမရူပပစ္စယာ သဠာယတနံဌ္ဌ တရားကိုယ်

အကြောင်းနာမရူပ၏တရားကိုယ်ကား အကျိုးနှင့်အတူတည်း။

အကျိုးသဠာယတန၏ တရားကိုယ်ကား အာရုံယူဘို့ရန် ဒွါရ (၆) ပါးခေါ် (စက္ခာယတန, သောတာယတန, ဃာနာယ တန, ဇိဝှာယတန, ကာယာယတန, မနာယတန ဟူသော) အဖျွတ္တိကာယတန (၆)ပါးတို့တည်း။

မှတ်ရန် ။ **ပသာဒရူပ်(၅) ခုနှင့် လောကီဝိပါက် (၃၂) ခုဟုမှတ်ပါ။**

http://www.dhammadownload.com

မနာယတနအရချင်းအထူး

သမုစ္စည်းပိုင်းလာ အာယတန (၁၂) ပါးဌပါသော မနာယတနအရ စိတ် (၈၉) ပါး ကို ယူရသည်။ ပစ္စည်းပိုင်းလာ သဠာယတနဌပါသော မနာယတနအရကား လောကီဝိပါက် (၃၂) ပါးကိုသာ ယူရသည်။ ဤသို့ထူး၏။

နာမအရ ဝိပါက်, ဝိညာဏ်ကို မယူခြင်းအကြောင်း

ဝိပါက်ဝိညာဏ်သည် (နာမ်မည်သော်လည်း) ဝိညာဏပစ္စယအရတွင် အကြောင်း အနေဖြင့်ယူပြီးဖြစ်သဖြင့် နာမရူပဌနာမအရ ဝိပါက်ဝိညာဏ်ကို မယူခြင်းဖြစ်ပါသည်။

သဠာယတနပစ္စယာ ဖဿောဌ် တရားကိုယ်

အကျိုးဖဿ၏တရားကိုယ်ကား စက္ခုသမ္ဖဿစသည့် သမ္ဖဿ (၆) ပါးဆိုင်ရာ လောကီဝိပါက် (၃၂) ပါးဌယ့်သော ဖဿစေတသိက်တည်း။

ဖဿပစ္စယာ ဝေဒနာဌ် တရားကိုယ်

အကျိုးဝေဒနာ၏တရားကိုယ်ကား စက္ခုသမ္ဖဿဇာဝေဒနာစသည့် သမ္ဖဿဇာ ဝေဒနာ (၆) ပါးဆိုင်ရာ လောကီဝိပါက် (၃၂) ခုဌ်ယှဉ်သော ဝေဒနာစေတသိက်တည်း။

ဝေဒနာပစ္စယာ တဏှာဌ် တရားကိုယ်

အကျိုးတဏှာ၏တရားကိုယ်ကား လောဘမူစိတ် (၈) ခုဌ်ယှဉ်သော တပ်မက်သာယာ ခြင်း တဏှာဖြစ်ပေါ်မှုဆိုင်ရာ လောဘစေတသိက်တည်း။

ဝိညာဏာဒိဖလပဋ္ဌကဆိုင်ရာ တရားကိုယ်ကောက်ပုံအထူး

ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးဆိုင်ရာ တရားကိုယ်ကောက်ရာဌ် ဖော်ပြပြီးသော ဝိညာဏာဒိဖလပဋ္ဌကဆိုင်ရာ အရကောက်များကား ဆိုလတ္တံ့ဖြစ်သော ဖလပဋ္ဌကအရနှင့် ညီညွတ်အောင် သုတ္တန္တဘာဇနီယနည်းအားဖြင့် ကောက်ခြင်းသာဖြစ်ပါသည်။

ဓာတုကထာအရကောက်နှင့်အညီ အဘိဓမ္မာဘာဇနီယနည်းအားဖြင့် ကောက်ပုံကား စိတ် (၈၉) ခုသည် ဝိညာဏ်မည်၏။ စေ (၅၂) ခု, ရူပ် (၂၈) ခုတို့သည် နာမ်ရူပ်မည်၏။ စိတ်

http://www.dhammadownload.com

(၈၉)ခုဠ်ရှိသော ဖဿသည် ဖဿမည်၏။ စိတ် (၈၉) ခုဠ်ရှိသော ဝေဒနာသည် ဝေဒနာမည်၏။ လောဘမူစိတ် (၈) ခုဠ်ရှိသော လောဘသည် လောဘမည်၏။

တဏှာပစ္စယာ ဥပါဒါနံဠ် တရားကိုယ်

အကျိုးဥပါဒါန်၏တရားကိုယ်ကား တဏှာနှင့် ဒိဋ္ဌိတို့တည်း။

တဏှာနှင့် ကာမုပါဒါန်အထူး

ဝေဒနာ၏အကျိုး, ဥပါဒါန်၏အကြောင်းဖြစ်သည့် (အားနည်းသော) လောဘသည် တဏှာမည်၏။ တဏှာ၏အကျိုး, ဘဝအကြောင်းဖြစ်သည့် (အားကြီးသော) လောဘသည် ကာမုပါဒါန်မည်၏။ ဤသို့ထူးပါသည်။

သာဓက ။ **ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ။**

ဥပါဒါနပစ္စယာ ဘဝေါဠ် တရားကိုယ်

အကျိုးဖြစ်သော ဘဝသည် ကမ္မဘဝ, ဥပပတ္တိဘဝအားဖြင့် (၂) မျိုးရှိ၏။ အကျိုးကမ္မဘဝ၏ တရားကိုယ်ကား လောကီကုသိုလ် အကုသိုလ်ဠ်ယှဉ်သော စေတနာ (၂၉) ပါးတည်း။

အကျိုးဥပပတ္တိဘဝ၏တရားကိုယ်ကား လောကီကုသိုလ် အကုသိုလ်ကံကြောင့် ဖြစ်သော လောကီဝိပါက်စိတ် (၃၂) ပါး, စေတသိက် (၃၅) ပါးနှင့် ကမ္မဇရုပ် (၂၀) တို့တည်း။

သဓိါရနှင့် ကမ္မဘဝအထူး

ပစ္စုပ္ပန်ဘဝဠ် အကျိုးပေးဘို့ရန် အတိတ်ဘဝကဖြစ်ခဲ့သော စေတနာသည် (အဝိဇ္ဇာ ပစ္စယာသဓိါရာဠ်) သဓိါရမည်၏။ အနာဂတ်ဘဝအတွက် အကျိုးပေးဘို့ရန် ယခုပစ္စုပ္ပန်ဘဝဠ် ပြုလုပ်ဖြစ်ပေါ်သောစေတနာသည် (ဥပါဒါနပစ္စယာ ဘဝေါဠ်) ကမ္မဘဝမည်၏။ ဤသို့ထူးသည်။

သာဓက ။ **အဝိဇ္ဇာ သဓိါရာ အတီတော အဒ္ဓါ။**

မဇ္ဈေအဒ္ဓ ပစ္စုပ္ပန္နော အဒ္ဓါ။

ဘဝပစ္စယာ ဇာတိဠ် တရားကိုယ်

အကြောင်းဘဝ၏တရားကိုယ်ကား လောကီကုသိုလ် အကုသိုလ်ဠ်ယှဉ်သည့် စေတနာ

http://www.dhammadownload.com

ဟူသော ကမ္မဘဝတည်း။

အကျိုးဇာတိ၏တရားကိုယ်ကား လောကီဝိပါက် စိတ်စေတသိက်နှင့် ကမ္မဇရုပ်တို့၏ ဖြစ်ခြင်း ဥပါဒ်မျှသာတည်း။

အကြောင်းနှင့် အကျိုးဆိုင်ရာ ဘဝအရစ္ဆင်းအထူး

ဥပါဒါနပစ္စယာဘဝေါဒ် အကျိုးဘဝအရ ဥပါဒါန်ကြောင့်ဖြစ်သော ကမ္မဘဝ, ဥပပတ္တိဘဝ (၂) မျိုးကို ယူရမည်။ ဘဝပစ္စယာဇာတိဒ် အကြောင်းဘဝအရ ဇာတိကိုဖြစ်စေနိုင်သော ကမ္မဘဝ (၁) မျိုးကိုသာယူရမည်။ ဤသို့ထူး၏။

ဘဝပစ္စယာ ဇာတိဒ် ဘဝ၏အရ

လောကီ ကုသိုလ်, အကုသိုလ်ကံသည်သာ ဇာတိကိုဖြစ်စေနိုင်သောကြောင့် ဘဝပစ္စယာ ဇာတိဒ် အကြောင်းဖြစ်သော ဘဝအရ ကမ္မဘဝကိုသာ ယူပါ။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၆၉၊ ၇၀။**

ဇာတိအရ တိဟိတ်ပဋိသန္ဓေကိုယူလျှင် ဘဝအရဖြစ်ထိုက်သောတရား

ဇာတိအရ တိဟိတ်ပဋိသန္ဓေကိုယူလျှင် ဘဝအရမဟာကုသိုလ် ဉာဏသမ္ပယုတ်ဟု ဆိုအပ်သော တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်တရားကိုသာ ယူရပါမည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၇၁။**

ဇာတိအရ ဒွိဟိတ်ပဋိသန္ဓေကိုယူလျှင် ဘဝအရ ဖြစ်ထိုက်သောတရား

ဇာတိအရ ဒွိဟိတ်ပဋိသန္ဓေကိုယူလျှင် ဘဝအရ ကုသိုလ် ဉာဏသမ္ပယုတ် တိဟိတ် ဩမကကုသိုလ်နှင့် မဟာကုသိုလ် ဉာဏဝိပ္ပယုတ်ဒွိဟိတ် ဥက္ကဋ္ဌကုသိုလ်တရားတို့ကို ယူရပါမည်။

သာဓက ။ **ဝိထိမုတ်စာပိုဒ်-၇၂။**

ဇာတိအရ အဟိတ်ပဋိသန္ဓေကိုယူလျှင် ဘဝအရ ဖြစ်ထိုက်သောတရား

ဇာတိအရ အဟိတ်ပဋိသန္ဓေကိုယူလျှင် ဘဝအရ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်

http://www.dhammadownload.com

ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်တရားကို ယူရပါမည်။

သာဓက ။ **ဝိထိမုတ်စာပို ဒ်-၇၃။**

ပဋိသန္ဓေနေမှ့ ဇာတိ၏ သဘာဝအကြောင်း, အကျိုးများ

လောကီကုသိုလ် အကုသိုလ်ဟူသော ကမ္မဘဝအကြောင်းကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော လောကီဝိပါက်ဆိုင်ရာစိတ်စေတသိက်နှင့် ကမ္မဇရုပ်များ စတင်ဥပါဒ်ဖြစ်ပေါ်လာခြင်းကို ပဋိသန္ဓေနေ (သန္ဓေတည်, ကိုယ်ဝန်ရှိ) မှု ဇာတိဟုခေါ်သည်။

သာဓက ။ **ဘဝပစ္စယာ ဇာတိ။ ဇာတိဇရာမရဏဂ္ဂဟဏေနစ ဝိညာဏာဒိဖလ ပဋ္ဌကမေဝ ဂဟိတံ။**

အိုမှု ဇရာ, သေမှု မရဏတို့၏ သဘာဝအကြောင်း, အကျိုးများ

ပဋိသန္ဓေနေမှုဟူသောအကြောင်းကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော လောကီဝိပါက်ဆိုင်ရာစိတ်စေတသိက်နှင့် ကမ္မဇရုပ်များ ရင့်ရော်အိုမင်းရာ (ဌိ) ခဏကို အိုမှုဇရာဟုခေါ်သည်။

ပဋိသန္ဓေနေမှုဟူသောအကြောင်းကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော လောကီဝိပါက်ဆိုင်ရာစိတ်စေတသိက်နှင့် ကမ္မဇရုပ်များ ပျက်စီးရာ (ဘင်) ခဏကို သေမှု မရဏဟုခေါ်သည်။

သာဓက ။ **ဘဝပစ္စယာ ဇာတိ။ ဇာတိဇရာမရဏဂ္ဂဟဏေနစ ဝိညာဏာဒိဖလ ပဋ္ဌကမေဝ ဂဟိတံ။**

သောကပရိဒေဝ စသည်တို့၏ သဘာဝနှင့် တရားကိုယ်များ

မချိတင်ကဲဝမ်းနည်းပူဆွေးခြင်းသည် သောကမည်၏။ တရားကိုယ်ကား ဒေါသမူဖွေးဌ်ရှိသော ဒေါမနဿဝေဒနာတည်း။

တစ်စုံတစ်ခုပျက်စီးဆုံးရှုံးမှုကြောင့် အသံထွက်၍တမ်းတငိုကြွေးခြင်းသည် ပရိဒေဝမည်၏။ တရားကိုယ်ကား စိတ္တဇဝိပ္ပလ္လာသသဒ္ဒရုပ်တည်း။

ကိုယ်ဆင်းရဲမှုသည် ဒုက္ခမည်၏။ တရားကိုယ်ကား ဒုက္ခသဟဂုတ်ကာယဝိညာဏ်ဌ်ယှဉ်သော ဝေဒနာစေတသိက်တည်း။

http://www.dhammadownload.com

စိတ်ဆင်းရဲမှု, နှလုံးမသာယာမှုသည် ဒေါမနဿမည်၏။ တရားကိုယ်ကား ဒေါသမူ ဒွေးဥ်ရှိသော ဝေဒနာစေတသိက်တည်း။

ရှိုက်ကြီးတငင်ဖြစ်ကာ အတွင်းဆွေးဆွေး၍ လွန်စွာပင်ပန်းခြင်းသည် ဥပါယာသမည်၏။ တရားကိုယ်ကား ဒေါသမူဒွေးဥ်ရှိသော ဒေါသစေတသိက်တည်း။

သောက, ပရိဒေဝ, ဥပါယာသတို့၏ အထူး

ဆီချက်ရာတွင် အိုးတွင်းဥ် ဆီကျက်နေသကဲ့သို့ အတွင်းကျိတ် ပူဆွေးနေခြင်းသည် သောကမည်၏။ ကျက်အားကြီး၍ ဆီများလျှံတက်ခြင်းကဲ့သို့ ငိုရှိုက်သံထွက်လာခြင်းသည် ပရိဒေဝမည်၏။ ဆီများလျှံထွက်ပြီးနောက် ကျန်သောဆီများ ခမ်းခြောက်သွားသကဲ့သို့ ရှိုက်ကြီး တငင် ပြင်းစွာပူလောင်ခြင်းသည် ဥပါယာသမည်၏။ ဤသို့ထူးသည်။ **(ဝိသုဒ္ဓိမဂ္ဂ ဒု-၁၃၅)**

ဆောင် ✱ **အိုးတွင်းဆီကျက်၊ သောကတွက်၊ လျှံတက်ပရိဒေ။**

✱ **ကုန်ခမ်းအောင်သာ၊ ကျက်မှုမှာ၊ ဥပါယာသပေ။**

ပဋိစ္စသမုပ္ပါဒ်နိဂုံးဖြင့် ပယ်သော ဝါဒအမှားများ

အဝိဇ္ဇာ, သခါရအစရှိသော တရားတို့ အကြောင်းအကျိုးဆက်စပ်လျက် ချမ်းသာ မဖက် ဆင်းရဲစုသက်သက်ဖြစ်ခြင်းသာ ထင်ရှားသည်ဟု ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၏နိဂုံး၌ ဆိုထားသောကြောင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်နိဂုံးဖြင့်ဖန်ဆင်းရှင်ကြောင့်ဖြစ်ရသည်ဟူသော ကျဿရနိမ္မာနဝါဒ အယူမှားနှင့် ပုဂ္ဂိုလ်, သတ္တဝါ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမဟု အထင်မှားမှု အတ္တဝါဒဒိဋ္ဌိတို့ကို ပယ်ရှားပါ သည်။

သာဓက ။ **ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။**

အရှင်ထွက်, ထွက်နိုင်သော ဓာတ်လုံးအောင်ပုဂ္ဂိုလ်ဟူ၍မရှိ

ဇရာနှင့် မရဏတို့သည် ဇာတိ၏မုချအကျိုးရင်းများ ဖြစ်သောကြောင့် ဇာတိ အကြောင်းခံ ရှိသောသူသည် အိုမှု, သေမှု ဇရာမရဏတို့ကို မုချတွေ့ကြုံရမည်သာဖြစ်၍ မအို, မသေ အသက်ရှည်လျက် အရှင်ထွက်, ထွက်နိုင်သော ဓာတ်လုံးအောင် ပုဂ္ဂိုလ်ဟူ၍မရှိပါ။

သာဓက ။ **ဇာတိပစ္စယာ (ပ) သမ္ဘဝန္တိ။**

သောကာဒိဝစနံ ပနေတ္ထ နိဿန္ဒဖလနိဒဿနံ။

http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ်နည်းအရ လူ့ချမ်းသာဟူ၍မရှိ

အဝိဇ္ဇာ အစရှိသော အကြောင်းအဆက်ဆက်ကြောင့် ဖြစ်ပေါ်လာသော ရုပ်နာမ်ခံမှ အကျိုးအဆက်ဆက်မှန်သမျှသည် ချမ်းသာမဖက် ဒုက္ခစုသက်သက်မျှသာ ဖြစ်သည်ဟုဆိုထားသောကြောင့် ပဋိစ္စသမုပ္ပါဒ် နည်းအရ လူ့ချမ်းသာဟူ၍မရှိနိုင်ပါ။

သာဓက ။ **ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ။**

ပဋိစ္စသမုပ္ပါဒ်နည်းအရ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမစသည်ဖြင့်မရှိ

အဝိဇ္ဇာ အစရှိသော အကြောင်းတို့ကြောင့်သာ ရုပ်နာမ်မမှတ် သော ချမ်းသာမဖက် ဆင်းရဲစုသက်သက်၏ ဖြစ်ခြင်းကြောင့် ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမစသည်ဟူ၍မရှိ၊ ဒုက္ခအစုဖြစ်ခြင်းမျှသာ ရှိပါသည်။

သာဓက ။ **ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။**

ပဋိစ္စသမုပ္ပါဒ် အနှစ်ချုပ်လင်္ကာ

ဆောင် * **အာသဝပွား၊ အမှားမြင်ကာ၊ အဝိဇ္ဇာကြောင့်၊ ချမ်းသာလိမ့်နိုး၊ ရည်မျှော်ကိုးလျက်၊ သုံးမျိုးမှုကံ၊ ပြုစီမံ၍၊ ဝိညာဏ်တွယ်စပ်၊ နာမ်ရုပ်ကပ်လျက်၊ ခြောက်ရပ်အာယတန၊ ဖဿခြောက်ဖြာ၊ ဝေဒနာကြောင့်၊ တဏှာခြောက်တန်၊ ဥပါဒါန်နှင့်၊ ဖြစ်ရန်အကြောင်း၊ ကံဆင့်လောင်း၍၊ ဆိုးကောင်းဘဝ၊ ဖြစ်ရပြန်ရာ၊ အို, နာ, သေရေး၊ ပူအဆွေးနှင့်၊ ငိုကြွေး, ကိုယ်နှမ်း၊ စိတ်မချမ်းမြဲ၊ ပင်ပမ်းရသည်၊ လုံးဝဆင်းရဲစုသာတည်း။**

ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းပါ အချက်အလက်များ

ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းတွင် ပါဝင်သော အချက်အလက်များကား ကာလ(၃)ပါး, အင်္ဂါ(၁၂) ပါး, အခြင်းအရာ (၂၀), အစပ် (၃)ပါး, အလွှာ (၄)ပါး, ဝဋ္ဋ (၃)ပါး, မူလ (၂)ပါးတို့ ဖြစ်ပါသည်။

သာဓက ။ **ပစ္စည်းစာပို၌-၅။**

ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂) ပါးကို ကာလ (၃) ပါးဖြင့် ဝေဘန်ပုံ

ပဋိစ္စသမုပ္ပါဒ်၌ မပါလျှင်မပြီး အရေးကြီးသော အစိတ်အပိုင်း အင်္ဂါတို့တွင်

(၁) အဝိဇ္ဇာ, သင်္ခါရတို့သည် အတိတ်ကာလအင်္ဂါ (၂) ပါး၊

(၂) ဇာတိ, ဇရာမရဏတို့သည် အနာဂတ်ကာလအင်္ဂါ (၂) ပါး၊

(၃) ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ တို့သည်

http://www.dhammadownload.com

ပစ္စုပ္ပန်ကာလအင်္ဂါ (၈) ပါးဖြစ်ပါသည်။

သာဓက ။ **ပစ္စည်းစာပို ဒ်-၆။**

ပဋိစ္စသမုပ္ပါဒ်ဒေသနာဓာတ်ဖြင့် ဘဝ (၃) ခုဝေဘန်ပြ

ပဋိစ္စသမုပ္ပါဒ်ဒေသနာကို ကာလ (၃) ပါးဖြင့် ဝေဘန်ပြဆိုထားသောကြောင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်သည် (တစ်ဘဝတည်းကိုသာ ရည်ရွယ်၍ ဟောခြင်းမဟုတ်) အတိတ်, ပစ္စုပ္ပန်, အနာဂတ်ဟူသော ဘဝ (၃) ခုကို ခြုံငုံမိအောင် ဝေဘန်ပြဆိုတော်မူထားပါသည်။

သာဓက ။ **ပစ္စည်းစာပို ဒ်-၆။**

ဇရာနှင့် မရဏတို့ကို အင်္ဂါ (၈) ပါးအဖြစ် ဟောခြင်းအကြောင်း

ဇရာမရဏတို့သည် ဇာတိ၏မုချအကျိုးရင်းဖြစ်သောကြောင့် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၌ အင်္ဂါ (၁) ပါးတည်းအဖြစ်ဖြင့် ဟောပါသည်။

သာဓက ။ **ဇာတိပစ္စယာ ဇရာမရဏံ နှင့် ပစ္စည်းစာပို ဒ်-၈။**

ဇာတိ၏ အကျိုးရင်း (နဂိုဒ္ဓမ္မ) နှင့် အကျိုးဆက် (အပိုဒ္ဓမ္မများ)

ဇရာမရဏတို့သည် (သတ္တဝါတိုင်း၌ဖြစ်ရသောကြောင့်) ဇာတိ၏မုချအကျိုးရင်း (နဂိုဒုက္ခ-၂ပါး) ဖြစ်ပါသည်။ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့သည် (အချို့သော နတ်, လူ ဗြဟ္မာ သတ္တဝါတို့၏ သန္တာန်၌ဖြစ်ခွင့်မရသောကြောင့်) ဇာတိ၏အကျိုးဆက်မျှ (အပိုဒုက္ခမျှား) သာဖြစ်ပါသည်။

သာဓက ။ **ဇာတိပစ္စယာ ဇရာမရဏံ (ပ) ဒုက္ခက္ခန္ဓာ သမုဒယော ဟောတိနှင့် ပစ္စည်းစာပို ဒ်-၈။**

သေဆုံးခြင်းကို ဘဝငြိမ်းသည်ဟုဆိုက သဘာဝကျ/မကျ

သေဆုံးခြင်းဟူသည် ဇာတိဟူသောအကြောင်းကြောင့် မရဏဟူသောအကျိုးရင်း ဒုက္ခစုဖြစ်ခြင်းသာဖြစ်သဖြင့် သေဆုံးခြင်းကို ဘဝငြိမ်းသည်ဟုဆိုက **အဘိဓမ္မာနည်းအရ** သဘာဝမကျပါ။

သာဓက ။ **ဇာတိပစ္စယာ ဇရာမရဏံ၊ ဧဝမေတာဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။**

http://www.dhammadownload.com

ဦလိုက်လျှင် ရင်ပေါ့သည်ဆိုက သဘာဝက္ခ/မက္ခ

ဦကြွေးခြင်းဟူသည် ဇာတိအကြောင်းနှင့် ဆက်နွယ်၍ဖြစ်ပေါ်လာသည့် ပရိဒေဝဟူသော အကျိုးဆက် ဒုက္ခစုသက်သက်သာဖြစ်သောကြောင့် ဦလိုက်လျှင် ရင်အေးသည်, ရင်ပေါ့သည်ဆိုက အဘိမဟ္မာနည်းအရ သဘာဝမက္ခပါ။

သာဓက ။ **ဇာတိပစ္စယာ ဇရာမရဏံ သောက (ပ) ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။**

သောကစသည်တို့ကို အဂ်ါအဖြစ် မဆိုခြင်းအကြောင်း

သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့သည် (အချို့သော နတ်, သူဌေးမဟာ သတ္တဝါတို့၏ သန္တာန်၌ဖြစ်ခွင့်မရသောကြောင့်) ဇာတိ၏အကျိုးဆက်မျှသာဖြစ်၍ ပဋိစ္စသမုပ္ပါဒ်၏ အင်္ဂါအဖြစ်ဖြင့် မဆိုပါ။

သာဓက ။ **ပစ္စည်းစာပိုဒ်-၈။**

အတိတ်အကြောင်း (၅) ပါး

အတီတေ ဟေတဝေါ ပဉ္စအရအတိတ်အကြောင်း (၅) ပါးကား အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝတို့ ဖြစ်ပါသည်။

သာဓက ။ **အဝိဇ္ဇာသင်္ခါရာ အတီတော အဒ္ဓါ။**
အဝိဇ္ဇာသင်္ခါရဂ္ဂဟဏေန ပနေတ္ထ တဏှုပါဒါနဘဝါပိ ဂဟိတာ ဘဝန္တိ။

ပစ္စုပ္ပန် အကျိုး (၅) ပါး

ဣဒါနိ ဖလပဉ္စကံအရပစ္စုပ္ပန်အကျိုး (၅) ပါးကား ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ဖြစ်ပါသည်။

သာဓက ။ **မဇ္ဈေ အဋ္ဌ ပစ္စုပ္ပန္နော အဒ္ဓါ။**
(ဇာတိဇရာမရဏဂ္ဂဟဏေနစ) ဝိညာဏာဒိဖလပဉ္စကမေဝ ဂဟိတံ။

http://www.dhammadownload.com

သတ္တဝါတို့၏ ပစ္စုပ္ပန်ခန္ဓာဟူခေါ်ရသော သဘာဝဓမ္မများ

ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော ပစ္စုပ္ပန်အကျိုးသဘာဝဓမ္မ (၅) မျိုးတို့ကို (ပဋိစ္စသမုပ္ပါဒ်နည်းအရ) သတ္တဝါတို့၏ ပစ္စုပ္ပန်ခန္ဓာဟုခေါ်ပါသည်။

သာဓက ။ **မဇ္ဈေ အဋ္ဌ ပစ္စုပ္ပန္နော အဒ္ဓါ။**
(ဇာတိဇရာမရဏဂ္ဂဟဏေနစ) ဝိညာဏာဒိဖလပဉ္စကမေဝ ဂဟိတံ။

ပစ္စုပ္ပန်အကြောင်း (၅) ပါး

ဣဒါနိ ဟေတဝေါ ပဉ္စအရ ပစ္စုပ္ပန်အကြောင်း (၅) ပါးကား တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သခ်ါရတို့ဖြစ်ပါသည်။

သာဓက ။ **မဇ္ဈေ အဋ္ဌ ပစ္စုပ္ပန္နော အဒ္ဓါ။**
တထာ တဏှုပါဒါနဘဝဂ္ဂဟဏေနစ အဝိဇ္ဇာသခ်ါရာ။

အနာဂတ်အကျိုး (၅) ပါး

အာယတိံ ဖလပဉ္စကံအရ အနာဂတ်အကျိုး (၅) ပါးကား ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ဖြစ်ပါသည်။

သာဓက ။ **(ဇာတိဇရာမရဏဂ္ဂဟဏေနစ) ဝိညာဏာဒိဖလပဉ္စကမေဝ ဂဟိတံ။**

အခြင်းအရာ အပြား (၂၀)

ဝီသတာကာရာအရ အခြင်းအရာများကား အတိတ်အကြောင်း (၅) ပါး, ပစ္စုပ္ပန်အကျိုး (၅) ပါး, ပစ္စုပ္ပန်အကြောင်း (၅) ပါး, အနာဂတ်အကျိုး (၅) ပါးအားဖြင့် သရုပ်အပြား (၂၀) ဖြစ်ပါသည်။

သာဓက ။ **ပစ္စည်းစာပို ဒ်-၁၀။**

သာမညအစပ် (၃) ပါး

တိသန္ဓိအရ သာမညအစပ်များကား အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးအဆက်အစပ် (၁) ခု၊ ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်း အဆက်အစပ် (၁) ခု၊ ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုးအဆက်အစပ် (၁) ခုအားဖြင့် (၃) မျိုးဖြစ်ပါသည်။

သာဓက ။ **ပစ္စည်းစာပို ဒ်-၁၀။**

http://www.dhammadownload.com

ဝိသေသအစပ် (၃) ပါး

တိသန္ဓိအရ အစပ် (၃) ပါးကား (၁) အတိတ်အကြောင်းသခ်ါရနှင့် ပစ္စုပ္ပန်အကျိုး ဝိညာဏ်တို့၏အကြားသည် အဆက်အစပ်တစ်ခု၊ (၂) ပစ္စုပ္ပန်အကျိုး ဝေဒနာနှင့် ပစ္စုပ္ပန် အကြောင်းတဏှာတို့၏အကြားသည် အဆက်အစပ်တစ်ခု၊ (၃) ပစ္စုပ္ပန်အကြောင်း ကမ္မဘဝနှင့် အနာဂတ်အကျိုး ဇာတိတို့၏အကြားသည် အဆက်အစပ်တစ်ခုအားဖြင့် (၃) မျိုးဖြစ်ပါသည်။

သာဓက ။ **ပစ္စည်းစာပို ဒ်-၁၀။**

ဆောင် * **သခ်ါ, ဝိညာ၊ ဝေ, တဏှာပါ၊ ဘဝ, ဇာ၊ သုံးဖြာအစပ်ဖြစ်သတည်း။**

အဘို့ အစု အလွှာ (၄) ခု

အတိတ်အကြောင်း တစ်လွှာ၊ ပစ္စုပ္ပန်အကျိုးတစ်လွှာ၊ ပစ္စုပ္ပန်အကြောင်းတစ်လွှာ၊ အနာဂတ်အကျိုး တစ်လွှာအားဖြင့် စတုသင်္ခေပအရ အဘို့အစုအလွှာ (၄) ခုဖြစ်ပါသည်။

သာဓက ။ **ပစ္စည်းစာပို ဒ်-၁၀။**

ကမ္မဘဝကိုယူလျှင် အဝိဇ္ဇာနှင့် သခ်ါရကို ယူခြင်းအကြောင်း

အဝိဇ္ဇာနှင့် တဏှာ, ဥပါဒါန်တို့သည် ကိလေသာဝဋ်ချင်း တူသောကြောင့် အဝိဇ္ဇာကို အတိတ်တရားအဖြစ် (မူချအားဖြင့်) ယူလျှင် တဏှာဥပါဒါန်တို့ကိုလည်း အတိတ်တရားအဖြစ် (သဒိသူပစာ, အဝိနာဘာဝနည်းအားဖြင့်) ယူရသည်။ တဏှာဥပါဒါန်တို့ကို ပစ္စုပ္ပန်တရားအဖြစ် (မူချအားဖြင့်) ယူလျှင် အဝိဇ္ဇာကိုလည်း ပစ္စုပ္ပန်တရားအဖြစ်(သဒိသူပစာ, အဝိနာဘာဝနည်း အားဖြင့်) ယူရသည်။ သခ်ါရနှင့် ကမ္မဘဝတို့သည် ကမ္မဝဋ်ချင်းတူသောကြောင့် သခ်ါရကို အတိတ်တရားအဖြစ် (မူချအားဖြင့်) ယူလျှင် ကမ္မဘဝကိုလည်း အတိတ်တရားအဖြစ် (သဒိသူ ပစာ, အဝိနာဘာဝနည်းအားဖြင့်) ယူရသည်။ ကမ္မဘဝကိုပစ္စုပ္ပန်တရားအဖြစ် (မူချအားဖြင့်) ယူလျှင်သခ်ါရကိုလည်း ပစ္စုပ္ပန်တရားအဖြစ်(သဒိသူပစာ, အဝိနာဘာဝနည်းအားဖြင့်)ယူရသည်။

သာဓက ။ **အဝိဇ္ဇာ တဏှုပါဒါနာ စ (ပ) ကမ္မဝဋ္ဋံ။ ပစ္စည်းစာပို ဒ်-၁၁။**

http://www.dhammadownload.com

အတိတ်အကြောင်း, ပစ္စုပ္ပန် အကြောင်းတို့၌ပါသောသခ်ါရနှင့်ကမ္မဘဝအထူး

စေတနာနှင့်ယှဉ်သော စိတ်စေတသိက်သည်သခ်ါရမည်၏။ စေတနာမှန်သမျှသည် ကမ္မဘဝမည်၏။ (တစ်နည်းကား) ကုသိုလ်, အကုသိုလ် ကံကိုပြုလုပ်ရာ၌ ပုဗ္ဗစေတနာသည် သခ်ါရမည်၏။ မုဉ္စစေတနာသည် ကမ္မဘဝမည်၏။ ဤကားအတိတ်အကြောင်း, ပစ္စုပ္ပန် အကြောင်းတို့၌ပါသော အတိတ်ကာလချင်းတူသည့် သခ်ါရနှင့်ကမ္မဘဝ, ပစ္စုပ္ပန်ကာလချင်း တူသည့် သခ်ါရနှင့် ကမ္မဘဝတို့၏အထူးဖြစ်ပါသည်။

ဇာတိ, ဇရာ, မရဏာကိုယူလျှင် ဝိညာဏ်စသည်တို့ကို ယူရခြင်းအကြောင်း

ဇာတိ, ဇရာ, မရဏာတို့သည် (ရုပ်, နာမ်တို့၏ ဥပါဒ်, ဌိ, ဘင်, ခဏမျှသာဖြစ်၍) တရားကိုယ်စိစစ်လျှင် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတရားများပင်ဖြစ်သောကြောင့် ဇာတိ, ဇရာ, မရဏာတို့ကိုအနာဂတ်တရားအဖြစ်ဖြင့်ယူလျှင် ဝိညာဏ် အစရှိသော အကျိုး (၅) ပါး အပေါင်းကိုလည်း အနာဂတ်တရားအဖြစ်ဖြင့်ယူရပါသည်။

သာဓက ။ **ဥပပတ္တိဘဝ သခ်ါတော (ပ) ဝိပါကဝဋ်။**

ပဋိစ္စသမုပ္ပါဒ်အင်္ဂါကိုဝဋ် (၃) ပါးဖြင့် ဝေဘန်ပုံ

ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂) ပါးတို့တွင်

(၁) အဝိဇ္ဇာနှင့်တဏှာ, ဥပါဒါန်တို့သည် (ကိလေသာတရားကိုယ်များဖြစ်သောကြောင့်) ကိလေသဝဋ်မည်၏။

(၂) ကမ္မဘဝနှင့် သခ်ါရတို့သည် (စေတနာကံတရားစုများသာ ဖြစ်သောကြောင့်) ကမ္မဝဋ်မည်၏။

(၃) ဥပပတ္တိဘဝနှင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာမရဏာ တို့သည် (စေတနာကံ၏အကျိုးတရားများဖြစ်သောကြောင့်) ဝိပါကဝဋ်မည်၏။

သာဓက ။ **ပစ္စည်းစာပိုဒ် (၁၁)။**

မှတ်ရန် ။ **သံသရာလည်မှု တရားအုပ်စု အမည်(၃)ခုဟူသည်ဝဋ် (၃)ပါးဆိုင်ရာဟု မှတ်။**

မတရားလုပ်လို့ ဝဋ်လို့က်တာ – ဆို့ရာ၌ လို့က်သောဝဋ်

သူတစ်ပါးကို မတရားပြုမူပြောဆိုဆောင်ရွက်ခြင်းဟူသော ကမ္မဝဋ် (စေတနာကံဆိုး

http://www.dhammadownload.com

အစု) ကြောင့် ဥပပတ္တိဘဝနှင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာမရဏာ ဟူသော ပစ္စုပ္ပန်ခန္ဓာဆိုင်ရာ (ဆိုးကျိုးအစု) ဖြစ်ပေါ်မှု ဝိပါကဝဋ်လိုက်ခြင်းကို ရည်ရွယ်၍ **မတရားလုပ်လို့ဝဋ်လိုက်တာ-ဟုဆိုခြင်းဖြစ်ပါသည်။**

သာဓက ။ **ပစ္စည်းစာပို့ဒ်-၁၁ နှင့် ဇာတိဇရာမရဏာဂဟဏေန စ ဝိညာဏာဒိဖလ ပဋ္ဌကမေဝ ဂဟိတံ၊ မဏ္ဍေ အဋ္ဌ ပစ္စုပ္ပန္နော အဒ္ဓါ။**

ဝဋ်အမြဲ ငရဲအပ

ဝိပါကဝဋ်သည် ဘုရား,ရဟန္တာတို့၏သန္တာန်၌ပင် ဖြစ်ထိုက်သည်အားလျော်စွာ အကျိုးပေးမြဲဖြစ်ပြီး အပါယ် ငရဲဘေးသည်ကား သောတာပန်ဖြစ်လျှင်ပင် ကင်းပ,လွတ်ငြိမ်းသောကြောင့် "ဝဋ်အမြဲ၊ ငရဲ အပ" ဟူသော စကားသည် မုချမှန်ပါသည်။

သာဓက ။ **ဇာတိ ဇရာ (ပ) ဂဟိတံ၊ ဥပပတ္တိဘဝသခ်ိတော (ပ) ဝိပါကဝဋ်နှင့် ကမ္မဋ္ဌာန်း စာပို့ဒ်-၆၈။**

ဥပါဒါနပစ္စယာ ဘဝေါ၌ ဘဝ (၂) မျိုး

ဥပါဒါနပစ္စယာ ဘဝေါ၌ ဘဝအရကား ကမ္မဘဝနှင့် ဥပပတ္တိဘဝအားဖြင့် (၂) မျိုး ရှိပါသည်။

သာဓက ။ **ကမ္မဘဝသခ်ိတော ဘဝေကဒေသော၊**
ဥပပတ္တိဘဝသခ်ိတော ဘဝေကဒေသော။

သံသရာလည်ခြင်း, ရှည်ခြင်းအကြောင်းအရင်း (၂) မျိုး

သစ္စာ(၄)ပါးစသောသိသင့်သောဒုရာကိုမသိခြင်းအဝိဇ္ဇာ, လူ,နတ်,ဗြဟ္မာဆိုင်ရာဘဝကောင်း, ဓနကောင်းကိုလိုချင်တောင့်တသော တဏှာတို့သည်သံသရာလည်ခြင်း, သံသရာရှည်ခြင်း၏အကြောင်းရင်း(၂)မျိုး ဖြစ်ပါသည်။

သာဓက ။ **ပစ္စည်းစာပို့ဒ် (၁၂)။**

အဝိဇ္ဇာနှင့် တဏှာတို့ဝဋ်မြဲစေဖြစ်ပုံ

(အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးအနေဖြင့်ဖြစ်စဉ်တရားတို့တွင်) အဝိဇ္ဇာသည်

http://www.dhammadownload.com

(အရင်းခံအကြောင်းဖြစ်သောကြောင့် ယခင်ဘဝနှင့်ယခုဘဝဆက်သွယ်မှုဟူသော) ရှေ့ပိုင်းဘဝသံသရာစက်ဝန်း၏အရင်းအမြစ် ပုဗ္ဗန္တ မူလဖြစ်ပါသည်။

သာဓက ။ **အတီတေ ဟေတဝေါ ပဋ္ဌာ၊ ကမ္မဒါနိ ဖလပဋ္ဌာကံ၊ အဝိဇ္ဇာသခ်ီရာ အတီတော အဒ္ဓါ၊ အဝိဇ္ဇာသခ်ီရဂ္ဂဟဏေန ပနေတ္ထ တဏှုပါဒါနဘဝါဝိဂဟိတာ ဘဝန္တိ၊ မဗ္ဗေ အဋ္ဌ ပစ္စုပ္ပန္နော အဒ္ဓါ၊ ဇာတိဇရာမရဏဂ္ဂဟဏေန ဝိညာဏာဒိဖလပဋ္ဌကမေဝ ဂဟိတံ။**

(ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုးအနေဖြင့်ဖြစ်စဉ်တရားတို့တွင်) တဏှာသည် (အရင်းခံ အကြောင်းဖြစ်သောကြောင့် ယခုဘဝနှင့်နောက်ဘဝဆက်သွယ်မှုဟူသော) နောက်ပိုင်းဘဝသံသရာစက်ဝန်း၏ အရင်းအမြစ် အပရန္တ မူလဖြစ်ပါသည်။

သာဓက ။ **ကမ္မဒါနိ ဟေတဝေါ ပဋ္ဌာ၊ အာယတိ ဖလပဋ္ဌကံ၊ မဗ္ဗေ အဋ္ဌ ပစ္စုပ္ပန္နော အဒ္ဓါ၊ တထာ တဏှုပါဒါနဘဝဂ္ဂဟဏေနစ အဝိဇ္ဇာသခ်ီရာ၊ ဇာတိဇရာမရာဏဂ္ဂဟဏေနစ ဝိညာဏာဒိဖလပဋ္ဌကမေဝ ဂဟိတံ။**

ဝဋ်လည်မည့် ပုဂ္ဂိုလ်တွင် ရဟန္တာများမပါဝင်

ဝဋ်လိုက်ခြင်း၊ ဝဋ်လည်ခြင်းဟူသည် အဝိဇ္ဇာနှင့် တဏှာကို အခြေခံပြီးဖြစ်၍ ရဟန္တာတို့၏သန္တာန်ဝယ် အဝိဇ္ဇာ, တဏှာဟူသော အကုသိုလ်ဇောများ မဖြစ်နိုင်သောကြောင့် ပဋိသန္ဓေအားဖြင့် ဝဋ်လိုက်မည့် ပုဂ္ဂိုလ်, ဝဋ်လည်မည့်ပုဂ္ဂိုလ်တို့တွင် ရဟန္တာများမပါဝင်ပါ။

သာဓက ။ **ပစ္စည်းစာပိုဒ်-၁၂၊ ဝိထိစာပိုဒ်-၄၃။**

သင်္ကြိုဟ်ကျမ်းလာ ပဋိစ္စသမုပ္ပါဒ် ပဋိလုံ့ အနှစ်ချုပ်

အဝိဇ္ဇာ တဏှာဟူသော ဝဋ်အရင်းအမြစ် (၂) ပါးကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ပယ်ဖြတ်ခြင်းကြောင့် သံသရာဝဋ်တရားများ အကြောင်းအကျိုးအဆက်ပြတ်လျက် ချုပ်ပျက်၏ဟု ပြဆိုသည့် **တေသမေဝစ မူလာနံ၊ နိရောဓေန နိရုဇ္ဈတိ** ဟူသောပါဠိသည် သင်္ကြိုဟ်ကျမ်းလာ ပဋိစ္စသမုပ္ပါဒ်ပဋိလုံ့၏သဘာဝ အနှစ်ချုပ်ဖြစ်ပါသည်။

http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ် အနုလုံ့ပဋိလုံ့တို့၏သဘာဝ

အဝိဇ္ဇာဖြစ်ခြင်းကြောင့် သခါရဖြစ်၏... အစရှိသည်အားဖြင့် အကြောင်းအကျိုးဆက်စပ်လျက် ဆက်ကာ ဆက်ကာ ဖြစ်နေမှုကိုပြဆိုခြင်းသည် ပဋိစ္စသမုပ္ပါဒ်ဒေသနာအနုလုံ့၏သဘာဝဖြစ်ပါသည်။

အဝိဇ္ဇာချုပ်ခြင်းကြောင့် သခါရချုပ်၏... အစရှိသည်အားဖြင့် အကြောင်းအကျိုးအဆက်ပြတ်လျက် ချုပ်ပြတ်မှုကို ပြဆိုခြင်းသည် ပဋိစ္စသမုပ္ပါဒ်ဒေသနာ ပဋိလုံ့၏သဘာဝဖြစ် ပါသည်။

သာဓက ။ **တတ္ထ အဝိဇ္ဇာ ပစ္စယာ သခါရာ (ပ) ပဋိစ္စသမုပ္ပါဒ နယော။**
တေသမေဝစ မူလာနံ၊ နိရောဓေန နိရုဇ္ဈတိ။

ပဋိစ္စသမုပ္ပါဒ် ဝဋ်ပြတ်ပုံ

အဝိဇ္ဇာနှင့် တဏှာဟူသော ဝဋ်၏မူလ (၂) ခုကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ဖျက်ဆီးလိုက်သောအခါ ပဋိစ္စသမုပ္ပါဒ် ဝဋ်ရဟတ်လည်မှုရပ်လျက် ချုပ်ပြတ်ပါသည်။

သာဓက ။ **တေသမေဝ စ မူလာနံ၊ နိရောဓေန နိရုဇ္ဈတိ။**

ဝဋ်ရဟတ်လည်ပတ်မှုကို အဆက်ဖြတ်ရပ်တန့်စေနိုင်သူများ

ဝေဒနာနောက်ကို တဏှာမလိုက်အောင် ဝေဒနာနုပဿနာသတိပဋ္ဌာန် ရှုမှတ်ပွားများသူ, လက္ခဏာယာဉ်သို့တင်၍ ဝိပဿနာဆင်ခြင်ရှုမှတ်သူ ယောဂီများသည် ပစ္စုပ္ပန်အကျိုးဝေဒနာနှင့်ပစ္စုပ္ပန်အကြောင်း တဏှာတို့၏အကြွားဟူသော ဝဋ်ရဟတ်လည်ပတ်မှု၏ အဆက်စပ် (၁)ခုကို တဒင်္ဂပဟာန်အားဖြင့် ယာယီသာရပ်တန့်စေနိုင်သူများ ဖြစ်ပါသည်။

သာဓက ။ **ဝေဒနာပစ္စယာ တဏှာ။ ဝေဒနာနုပဿနာသတိပဋ္ဌာနံ။**
ဒုက္ခာနုပဿနာ တဏှာပဏိဓိ မုဉ္ဆန္တီ အပ္ပဏိဟိတာနုပဿနာ နာမ။

ပစ္စဝေက္ခဏာဆင်ခြင်ခြင်း, ဖလသမာပတ်ဝင်စားရန် ဝိပဿနာရှုမှတ်ခြင်း, ဖလသမာပတ်ဝင်စားခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်သည့် သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့သည် ပစ္စုပ္ပန်အကျိုးဝေဒနာနှင့် ပစ္စုပ္ပန်အကြောင်းတဏှာတို့၏အကြွားဟူသော ဝဋ်ရဟတ်လည်ပတ်မှု၏ အဆက်စပ်(၁)ခုကို ဝိက္ခမ္ဘနပဟာန်အားဖြင့် ကြာရှည်စွာ ပယ်ခွါရပ်တန့်စေနိုင်သူများဖြစ်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပို၌-၅၈ လာ သမုဒယသစ္စံ ပဇဟန္တော။**
ကမ္မဋ္ဌာန်းစာပို၌-၆၀ (ပထမဂါထာ) ၆၃၊ ၆၇။

http://www.dhammadownload.com

ရဟန္တာတို့သည်ကား အဝိဇ္ဇာနှင့်တကွဟူသော ဝဋ်မြစ် (၂) ပါးကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ပယ်ဖြတ်ခြင်းကြောင့် ဝဋ်ရဟတ်လည်ပတ်မှု၏ အဆက်အစပ်အားလုံးကို သမုစ္ဆေဒပဟာန်အားဖြင့် ထာဝရချုပ်ပြတ်သွားအောင် ဝဋ်ရဟတ်လည်ပတ်မှုကို ရပ်တန့်စေနိုင်သူများဖြစ်ပါသည်။

သာဓက ။ **တေသမေဝစ မူလာန်၊ နိရောဓေန နိရုဇ္ဈတိ။**

အာသဝေါတရား ဖြစ်ပွားခြင်းအကြောင်း

(ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော ဖလပဋ္ဌကတရားတို့၏ ဌီ, ဘင်ခဏ) အိုမှု ဇရာ, သေမှု မရဏတို့၏ သဘာဝ၌ အမှန်သဘောမသိ တွေဝေမှုဖိစီးခြင်းကြောင့် သတ္တဝါတို့၏သန္တာန်၌ လောကီအာရုံ ကာမဂုဏ်ကို ခုံမင်အားကြီး အလိုဆိုးဖိစီးသည့် ကာမာသဝစသော အာသဝေါတရားများဖြစ်ပွားလာရပါသည်။

သာဓက ။ **ဇရာမရဏမုစ္ဆာယ၊ ပိဋိတာနမဘိဏ္ဍသော၊**
အာသဝါနံ သမုပ္ပါဒါ။

အဝိဇ္ဇာဖြစ်ခြင်း၏အကြောင်းရင်း

အိုခြင်း, သေခြင်းနှင့် မိန်းမောတွေဝေကြောင်းဖြစ်သော သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ တရားတို့သည် အဖန်ဖန် အထပ်ထပ် နှိပ်စက်ခံရသော သတ္တဝါတို့၏ သန္တာန်၌ အာသဝေါတရားများ ဖြစ်ပွားလာခြင်းကြောင့် အဝိဇ္ဇာဖြစ်လာရပါသည်။

သာဓက ။ **ဇရာ မရဏ မုစ္ဆာယ (ပ) အဝိဇ္ဇာ စ ပဝတ္တတိ။**

လူသားကမ္ဘာ၏သက်တမ်းအစဖွားပေါ်၍မရ

ဘုံသုံးပါးတွင် အကျုံးဝင်သော ဝဋ်တရားသည် မည်သည့် အကြောင်းတရားကြောင့် မည်သည့်အချိန်က ဖြစ်လာခဲ့သည်ဟု အစမရှိသောကြောင့် ကာမဘုံတွင် ပါဝင်သော လူသားကမ္ဘာ၏ သက်တမ်းအစကို ရှာဖွေပြနိုင်သော ကမ္ဘာ့သမိုင်းသုတေသန ပညာရှင်များ မရှိနိုင်ပါ။

သာဓက ။ **ဝဋ္ဋမာဗန္ဓမိစ္စေဝံ (ပ) ပဋ္ဌပေသိ မဟာမုနိ။**

http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ် ဝဋ်ရဟတ်၏အဓိပ္ပါယ်

အစရှာမရနိုင်လောက်အောင်ကြောင်းကျိုးမပြတ် တရစပ်လည်ပတ်၍ ဒုက္ခစုသက်သက်ဖြစ်ပျက်နေသော လောကီဝဋ်တရားကို အကြောင်းရှိလစ် အကျိုးဖြစ်သည့် ပဋိစ္စသမုပ္ပါဒ် ဝဋ်ရဟတ်ဟုခေါ်ပါသည်။

သာဓက ။ **ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။**
ဝဋ္ဋမာဟန္ဒမိစ္ဆေဝံ၊ တေဘူမကမနာဒိကံ။
ပဋိစ္စသမုပ္ပါဒေါတိ၊ ပဌပေသိ မဟာမုနိ။

ပဋိစ္စသမုပ္ပါဒ် ဝဋ်ရဟတ်လည်နေပုံ

ဇရာ, မရဏဖြစ်၍ မိန်းမောတွေဝေကြောင်းဖြစ်သော သောကစသော တရားတို့သည် အဖန်ဖန်အထပ်ထပ် နှိပ်စက်ခံရသော သတ္တဝါတို့၏ သန္တာန်၌ အာသဝေါတရားများ ဖြစ်ပွားလာခြင်းကြောင့် အဝိဇ္ဇာ တစ်ဖန်ဖြစ်ရပြန်ပါသည်။ အဝိဇ္ဇာဖြစ်လျှင် သခါရ စသည်တို့သည်လည်း အကြောင်းအကျိုးဆက်ကာ ဆက်ကာ ဖြစ်ရပြန်ပါသည်။ ဤကဲ့သို့ အကြောင်းအကျိုးများ ဆက်စပ်လျက် ပဋိစ္စသမုပ္ပါဒ်ဝဋ်ရဟတ် သံသရာလည်နေပါတော့သည်။

သာဓက ။ **ဇရာ မရဏ မုစ္ဆာယ (ပ) အဝိဇ္ဇာ စ ပဝတ္တတိနှင့် ပစ္စည်းစာပို၌-၄။**

ပဋိစ္စသမုပ္ပါဒ် ဝဋ်ရဟတ်အနုလောမ၏ တရားကိုယ်

ဘုံ (၃) ပါး၌ဖြစ်သော ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်တရားတို့ကို ပဋိစ္စသမုပ္ပါဒ်မည်၏ဟု မိန့်ဆိုထားသောကြောင့် ပဋိစ္စသမုပ္ပါဒ် ဝဋ်ရဟတ်အနုလောမ၏ တရားကိုယ်ကား လောကီစိတ် (၈၁) ပါး၊ စေတသိက် (၅၂) ပါး၊ ရုပ် (၂၈) ပါး တို့ဖြစ်ပါသည်။

သာဓက ။ **ဝဋ္ဋမာဟန္ဒမိစ္ဆေဝံ (ပ) ပဌပေသိ မဟာမုနိ။ (တေဘူမကံလိုရင်းဟုမှတ်)**

ပဋိစ္စသမုပ္ပါဒ် ပဋိလောမ၏တရားကိုယ်

ပဋိစ္စသမုပ္ပါဒ်ဝဋ်ရဟတ်၏ မူလဝဋ်မြစ်ဖြစ်သည့် အဝိဇ္ဇာနှင့် တဏှာတို့ကို အရဟတ္တမဂ်ဖြင့်အကြွင်းမဲ့ချုပ်စေခြင်းကြောင့် ကြောင်းကျိုးအဆက်ပြတ် ဒုက္ခစုဝဋ်ရဟတ် ချုပ်ငြိမ်းသည်ဟုဆိုထားသဖြင့် ပဋိစ္စသမုပ္ပါဒ် ပဋိလောမ၏တရားကိုယ်ကား အကြောင်းနိရောဓအရ ဒုက္ခချုပ်

http://www.dhammadownload.com

ကြောင်းအရဟတ္တမဂ်နှင့် အကျိုးနိဂြောဓအရ ဒုက္ခချုပ်ရာ (အရဟတ္တဖိုလ်) နိဗ္ဗာန်တို့ကို ယူရမည်။ ပဋိလောမ အားလုံး၏ အနှစ်ချုပ်တရားကိုယ်ကား နိဗ္ဗာန်ကိုသာ ယူသင့်သည်။

သာဓက ။ **တေသမေဝစ မူလာနံ နိဂြောဓေန နိရုဇ္ဈတိ၊ ဒုက္ခနိဂြောဓော အရိယသစ္စံ၊ နိဂြောဓောနာမ နိဗ္ဗာနံ။**

ပဋိစ္စသမုပ္ပါဒ် ဝဋ်ရဟတ်ကို အမှန်မြင်အောင် အဖန်ဖန်ဆင်ခြင်နည်း (၄) မျိုး

(၁) သန္တာန်အစဉ် အမျှင်မပြတ် တဆက်တည်း, တစပ်တည်းဟု ဆင်ခြင်သော **ဧကတ္တနည်း**။

(၂) သန္တာန်အစဉ်အမျှင် မပြတ်သော်လည်း အဝိဇ္ဇာ၏သဘောက (၁) မျိုး, သခါရ၏သဘောက (၁) မျိုး ဤသို့စသည်ဖြင့် သဘောလက္ခဏာချင်း ကွဲပြားကြသည်ဟု ဆင်ခြင်သော **နာနတ္တနည်း**။

(၃) အကျိုးတရားများဖြစ်ပွားရေး၌ အကြောင်းတရားစုဝယ် ကြောင့်ကြစိုက်မှု ဗျာပါရမရှိပုံကို ဆင်ခြင်သော **အဗျာပါရနည်း**။

(၄) အဝိဇ္ဇာစသောအကြောင်းများကြောင့် သခါရစသော အကျိုးများဖြစ်ပွားရခြင်းသည် ထုံးစံဓမ္မတာသာတည်းဟု ဆင်ခြင်သော **ဧဝံဓမ္မတာနည်း**ဟူသော နည်း (၄) မျိုးတို့ဖြင့် ပဋိစ္စသမုပ္ပါဒ် ဝဋ်ရဟတ်ကို အမှန်သိမြင်အောင် အဖန်ဖန် ရှုမှတ်ဆင်ခြင်ရပါသည်။

(သမ္မောဟ. ၄-၁၈၈)

ဆင်ခြင်ပုံနည်းအားလျော်စွာ ပယ်ခွာသောဒိဋ္ဌိများ

ဧကတ္တနည်းဖြင့် ရှုဆင်ခြင်လျှင် (သေပြီးလျှင်ပြတ်သည်ဟု ယူမှားသော) ဥစ္ဆေဒဒိဋ္ဌိ ကင်းစင်ပါသည်။ (ရှုနည်းမမှန်လျှင် သဿတဒိဋ္ဌိဝင်လာတတ်၏။)

နာနတ္တနည်းဖြင့် ရှုဆင်ခြင်လျှင် (မပြတ်မစဲအမြဲတည်သည်ဟု ယူမှားသော) သဿတဒိဋ္ဌိ ကင်းစင်ပါသည်။ (ရှုနည်းမမှန်လျှင် ဥစ္ဆေဒဒိဋ္ဌိဝင်လာတတ်၏။)

အဗျာပါရနည်းဖြင့် ရှုဆင်ခြင်လျှင် (ခန္ဓာကိုယ်တွင်း၌ အမှုအမျိုးမျိုးကို ပြုလုပ်ခံစားတတ်သည့် အတ္တရှိ၏ဟု စွဲလမ်းတတ်သော) အတ္တဒိဋ္ဌိကင်းစင်ပါသည်။ (ရှုနည်းမမှန်လျှင် အကိရိယဒိဋ္ဌိဝင်လာတတ်၏။)

ဧဝံဓမ္မတာနည်းဖြင့် ရှုဆင်ခြင်လျှင် (အကြောင်းမဲ့သက်သက်ဖြစ်တတ်သည်ဟု

http://www.dhammadownload.com

ယူမှားသော) အဟေတုကဒိဋ္ဌိနှင့် (ကောင်းမှုမကောင်းမှုကိုပြုသော်လည်း ပြုရာမရောက်၊ အကျိုးမရှိဟုယူမှားသော) အကိရိယဒိဋ္ဌိတို့ ကင်းစင်ပါသည်။ (ရှုနည်းမမှန်လျှင် အဟေတုကဒိဋ္ဌိနှင့် နိယတဝါဒတို့ ဝင်လာတတ်၏။) **(သမ္မောဟ. ဋ-၁၈၈)**

* * * * * * *

ပဋ္ဌာန်းနည်းမြင်ကွင်း

ပဋ္ဌာန်းပစ္စည်းအကျဉ်းချုပ် (ပစ္စယုဒ္ဒေသ) ၂၄ -ပစ္စည်း

ဟေတုပစ္စယော = (ရဲသောက်မြစ်ကဲ့သို့) အကြောင်းရင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

အာရမ္မဏပစ္စယော = (ကြိုးတန်း, တောင်ဝှေးကဲ့သို့) ပျော်မွေ့ရာ, မှီတွယ်ရာဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

အဓိပတိပစ္စယော = (ပြိုင်ဘက်ကင်းသည့် စကြာမင်းကဲ့သို့) အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

အနန္တရပစ္စယော = (စကြာမင်းနတ်ရွာစံ၍ သားနန်းစံသကဲ့သို့) အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

သမနန္တရပစ္စယော = (စကြာမင်းတောထွက်၍ သားနန်းတက်သကဲ့သို့) ကောင်းစွာအခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

သဟဇာတပစ္စယော = (ဆီမီးတောက်လောင် အလင်းရောင်ထွက်သကဲ့သို့) အတူတကွဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

အညမညပစ္စယော = (သစ်သားသုံးခွ အချင်းချင်းထောက်မသကဲ့သို့) အချင်းချင်း အတူတကွဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

နိဿယပစ္စယော = (သစ်ပင်၏မှီရာ မြေပမာ (၀ါ) ပန်းခိုရုပ်၏မှီရာ ပိတ်ကားပမာ) မှီရာဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

http://www.dhammadownload.com

ဥပနိဿယပစ္စယော = (မိုးတွင်း၌ သည်းထန်စွာရွာသည့်မိုးပမာ) အားကောင်းသော အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

ပုရေဇာတပစ္စယော = (ကမ္ဘာဦးက နေနှင့်လကဲ့သို့) ရှေး၌ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

ပစ္ဆာဇာတပစ္စယော = (ငှင်းတပေါက်ငယ်၏အာသာကဲ့သို့) နောက်၌ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

အာသေဝနပစ္စယော = (ရှေးရှေးသင်ထားသော ကျမ်းစာကဲ့သို့) အဖန်တလဲလဲ မှီဝဲထုံအပ်သည့်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

ကမ္မပစ္စယော = (မျိုးစေ့ကဲ့သို့) အကျိုးဖြစ်ထွန်းအောင် ပြုစီမံသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

ဝိပါကပစ္စယော = (လေပြည်လေညှင်းကဲ့သို့) ရင့်ကျက်သောအကျိုးဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

အာဟာရပစ္စယော = (အိမ်ခိုင်အောင်ထောက်သည့်ကျားကဲ့သို့) ဆောင်ရွက်ပေးတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

ဣန္ဒြိယပစ္စယော = (တစ်စိတ်တစ်ဒေသ ပိုင်စားသည့်မှူးမတ်ကဲ့သို့) အစိုးတရဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

ဈာနပစ္စယော = (အမြင့်တက်ပြီး အပေါ်စီးကကြည့်သကဲ့သို့) စူးစိုက်မြဲမြံရှုအားသန်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

မဂ္ဂပစ္စယော = (လမ်းကြောင်းကဲ့သို့) ဒုဂ္ဂတိ, သုဂတိဘဝနှင့် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

သမ္မယုတ္တပစ္စယော = (စတုမဟာဘူတ၏အရသာရောစပ်သကဲ့သို့) ယှဉ်ဘက်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

ဝိပ္ပယုတ္တပစ္စယော = (အရသာ ၆- ပါးကို ပေါင်း၍ထားသကဲ့သို့) မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

အတ္ထိပစ္စယော = (မြေ, မြင့်မိုရ်သည် ထင်ရှားရှိစဉ် သစ်ပင်အား ထောက်ပံ့သကဲ့သို့) ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

http://www.dhammadownload.com

နတ္ထိပစ္စယော . = (ဆီမီးငြိမ်းပျောက် အမှောင်ရောက်သကဲ့သို့) ထင်ရှားမရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

ဝိဂတပစ္စယော = (နေရောင်ကင်းပျောက် လ,ရောင်တောက်သကဲ့သို့) ကင်းကွာသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

အဝိဂတပစ္စယော = (သမုဒ္ဒရာနှင့် ရေသတ္တဝါကဲ့သို့) မကင်းကွာသည် ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

သာဓက ။ ပစ္စည်းစာပို ဒ်-၁၄။

ဆောင် * ရေသောက်မြစ်နှယ်၊ ကျေးဇူးကြွယ်၊ နှိုင်းဘွယ်ဟေတုပါ့။
* ကြိုးတန်း, တောင်ဝှေး၊ ထောက်ပုံပေး၊ နှိုင်းရေးအာရမ္မဏာ။
* ပြိုင်သူဘက်ကင်း၊ စကြာမင်း၊ နှိုင်းခြင်းဓိပတိ။
* စကြာနတ်စံ၊ သားနန်းစံ၊ နှိုင်းရန် အနန္တရ။
* စကြာတောထွက်၊ သားနန်းတက်၊ နှိုင်းချက် သမနန္တရ။
* ဆီမီးတောက်လောင်၊ အလင်းရောင်၊ ပုံဆောင်သဟဇာတ။
* သစ်သား သုံးခွ၊ ချင်းချင်းမ၊ နှိုင်းဆ အညမညပြ။
* သစ်ပင်မှီရာ၊ မြေပမာ၊ နှိုင်းစာနိဿယ။
* (ပန်းချီရုပ်မှီရာ၊ ဝိတ်ကားပါ၊ ပမာတစ်မျိုးပြ)
* မိုးတွင်းထစ်ကျိုး၊ ရွာသည့်မိုး၊ နှိုင်းရိုး ဥပနိဿယ။
* ကမ္ဘာဦးက၊ နေနှင့်လ၊ နှိုင်းပြပုရေဇာတ။
* ငှင်းတပေါက်ငယ်၊ အာသာနှယ်၊ နှိုင်းဘွယ် ပစ္ဆာဇာတ။
* ရှေးရှေးသင်ထား၊ ကျမ်းစာလား၊ နှိုင်းငြားအာသေဝန။
* မျိုးစေ့သဘာဝ၊ နှိုင်းခိုင်းပြ၊ ကမ္မပစ္စယ။
* လေပြည်လေညှင်း၊ ပမာသွင်း၊ နှိုင်းခြင်း ဝိပါက။
* အိမ်ခိုင်စေသား၊ ထောက်သည့်ကျား၊ တူငြားအာဟာရ။
* ခွဲခန့်ပိုင်စား၊ မှူးမတ်လား၊ နှိုင်းငြား ဣန္ဒြိယ။
* အမြင့်တက်ပြီး၊ အပေါ်စီး၊ ကြည့်နည်းတူ ဈာန။
* လမ်းကြောင်းသဘာဝ၊ နှိုင်းခိုင်းပြ၊ မဂ္ဂပစ္စယ။

http://www.dhammadownload.com

* စတုမဓူ၊ ရောစပ်မှု၊ နှိုင်းယှဉ်သမ္မယုတ္တ။
* ရသာခြောက်ပါး၊ ပေါင်း၍ထား၊ တူငြားဝိပ္ပယုတ္တ။
* မြေမြင့်မိုရ်ကား၊ သစ်ပင်အား၊ ထင်ရှားထောက်ပုံ, နှိုင်းအတ္ထိ။
* ဆီမီးငြိမ်းပျောက်၊ အမှောင်ရောက်၊ နှိုင်းလောက်နတ္ထိပါ့။
* နေရောင်ကင်းပျောက်၊ လရောင်တောက်၊ နှိုင်းထောက်ဝိဂတ။
* သမုဒ္ဒရာ၊ ရေသတ္တဝါ၊ ပမာထောက်ပြ အဝိဂ။

ကျေးဇူးပြုပုံအုပ်စု (၆) မျိုး

ပဋ္ဌာန်း (၂၄) ပစ္စည်းတို့ကို ပစ္စည်း, ပစ္စယုပ္ပန်သဘောတူရာ အုပ်စုပြု၍ ခွဲခြားဝေဘန်ပါက

(၁) နာမ်သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်း (၆) မျိုး
(၂) နာမ်သည် နာမ်, ရုပ်အား ကျေးဇူးပြုသောပစ္စည်း (၅) မျိုး
(၃) နာမ်သည် ရုပ်အား ကျေးဇူးပြုသောပစ္စည်း (၁) မျိုး
(၄) ရုပ်သည် နာမ်အား ကျေးဇူးပြုသောပစ္စည်း (၁) မျိုး
(၅) ပညတ်နာမ်ရုပ်တို့သည် နာမ်အား ကျေးဇူးပြုသောပစ္စည်း (၂) မျိုး
(၆) နာမ်ရုပ် (၂) မျိုးသည် နာမ်, ရုပ် (၂) မျိုးအား ကျေးဇူးပြုသောပစ္စည်း (၉) မျိုး အားဖြင့်အုပ်စု (၆) ပါးဖြစ်ပါသည်။

သာဓက ။ ပစ္စည်းဒီပနီ-၁၅။

ဆောင် * နာမ်သည် နာမ်အား၊ ခြောက်မျိုးထား၊ ငါးပါးနာမ်ရုပ်မှာ။
* နာမ်သည် ရုပ်အား၊ မျိုးတစ်ပါး၊ ရုပ်ကား နာမ်အားတစ်ပါးသာ။
* ပညတ်နာမ်ရုပ်၊ နာမ်အားဒုက်၊ နာမ်ရုပ်+နာမ်ရုပ် ကိုးမျိုးပါ။

ဆဓာ နာမံတူ နာမဿအုပ်စုဆိုင်ရာ ပစ္စည်း (၆) မျိုး

ဆဓာ နာမံတူ နာမဿအရ နာမ်သည် နာမ်အားကျေးဇူးပြုသော အုပ်စုဆိုင်ရာ ပစ္စည်းများကား အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ, အာသေဝန, သမ္မယုတ္တအားဖြင့် (၆) မျိုး ဖြစ်ပါသည်။

သာဓက ။ ပစ္စည်းဒီပနီ-၁၆။

http://www.dhammadownload.com

အနန္တရ၊ သမနန္တရ၊ နတ္ထိ, ဝိဂတတို့၏ ပစ္စည်း, ပစ္စယုပ္ပန်

ပစ္စည်းကား (ရဟန္တာတို့စုတိကြဉ်သော) ရှေးရှေးသော အလုံးစုံသော စိတ် (၈၉) ပါး, စေတသိက် (၅၂) ပါးဟူသော ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာ (၄) ပါးဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား ရဟန္တာတို့၏စုတိနှင့်တကွ နောက်နောက်သော စိတ် (၈၉), စေတသိက် (၅၂) ဟူသော နာမက္ခန္ဓာ (၄) ပါးဖြစ်ပါသည်။

သာဓက ။ **အနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပဋ္ဌပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ အနန္တရ သမနန္တရ နတ္ထိ ဝိဂတဝသေန။**

နတ္ထိနှင့် ဝိဂတတို့၏အထူး

ချုပ်ပြီးသည်၏အခြားမဲ့၌ ကင်းဆိတ်ခြင်း, မည်သည့်တရားမျှမရှိတော့ခြင်းသည် နတ္ထိ၏ သဘောတည်း။ ချုပ်ကင်းရုံမျှသည် ဝိဂတ၏သဘောတည်း။ ဤသို့ထူး၏။

ရဟန္တာတို့၏ စုတိကြဉ်ခြင်း, ထည့်ခြင်းအကြောင်း

ရဟန္တာတို့၏ စုတိနောက်၌ ကျေးဇူးပြုဘို့ရာ စိတ်မဖြစ်တော့သောကြောင့် အနန္တရစသည်တို့၏ ပစ္စည်းတရားဘက်၌ ရဟန္တာတို့၏စုတိကို ကြဉ်ပြီး၊ စုတိမကျခင်ဇော (သို့) ဘဝင်တို့က ရဟန္တာတို့၏စုတိအား ကျေးဇူးပြုသောကြောင့် အနန္တရစသည်တို့၏ ပစ္စယုပ္ပန် တရားဘက်၌ ရဟန္တာတို့၏စုတိကိုထည့်သွင်းခြင်းဖြစ်ပါသည်။

အာသေဝန၏ ပစ္စည်း, ပစ္စယုပ္ပန်

ပစ္စည်းကား (ဇာတ်တူအဆုံးဇော, မဂ်ဇော, ဖိုလ်ဇောကြဉ်သော) ရှေးရှေးသော လောကီဇော (၄၇) ပါး, စေတသိက် (၅၂) ပါး ဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား (ပထမဇော ဖိုလ်ဇောကြဉ်သော) နောက်နောက်သော ဇော (၅၁)ပါး, စေတသိက် (၅၂) ပါးဖြစ်ပါသည်။

သာဓက ။ **ပုရိမာနိ ဇဝနာနိ ပစ္ဆိမာနံ ဇဝနာနံ အာသေဝနဝသေန။**

http://www.dhammadownload.com

အာသေဝနဓ၏ ပစ္စည်းဘက်၌ ဇာတ်တူ အဆုံးဇော ကြည့်ရှုခြင်းအကြောင်း

ကုသိုလ်, အကုသိုလ်, ကြိယာ, ဇာတ်တူဇောတို့ (၇) ကြိမ်စောရာ၌ သတ္တမဇော (၅) ကြိမ်စောရာ၌ ပဋ္ဌမဇောနှင့် အဆုံးဖြစ်သော စျာန်ဇောတို့သည်ဇာတ်တူအဆုံးဇောများတည်း။ ထိုဇောများနောင် နောက်ထပ်ဇောမရှိတော့သောကြောင့် ထိုဇာတ်တူအဆုံးဇောများက အသေဝနပစ္စည်းမတပ်ကြသဖြင့် အာသေဝနဓ၏ပစ္စည်းတရားဘက်၌ ဇာတ်တူအဆုံးဇောကို ကြည့်ရပါသည်။

အာသေဝနဓ၏ ပစ္ဆာယုပ္ပန်ဘက်၌ ပထမဇောကြည့်ရှုခြင်းအကြောင်း

ကာမပထမဇောဟူသော မိမိတို့ရှေ့၌ အာသေဝနသတ္တိဖြင့် ကျေးဇူးပြုနိုင်သည့် တရား မရှိသောကြောင့် အာသေဝနဓ၏ ပစ္ဆာယုပ္ပန်တရားဘက်၌ ကာမပထမဇောကို ကြည့်ရပါသည်။

သမ္မယုတ္တဓ၏ ပစ္စည်း, ပစ္ဆာယုပ္ပန်

ပစ္စည်းကား အချင်းချင်းအားတပ်သော စိတ် (၈၉) ပါး, စေတသိက် (၅၁) ပါးဟူသော အလုံးစုံသော ပဝတ္ထိ ပဋိသန္ဓေနာမက္ခန္ဓာ (၄) ပါးဖြစ်ပါသည်။

ပစ္ဆာယုပ္ပန်ကား အချင်းချင်းမှထောက်အပ်သော စိတ် (၈၉) ပါး, စေတသိက် (၅၁) ပါးဟူသော အလုံးစုံသော ပဝတ္ထိ ပဋိသန္ဓေနာမက္ခန္ဓာ (၄) ပါးဖြစ်ပါသည်။

သာဓက ။ **သဟဇာတာ စိတ္တစေတသိကာ ဓမ္မာ အညမညံ သမ္မယုတ္တဝသေန။**

အချင်းချင်းမှ ထောက်အပ်သောဓ၏ အဓိပ္ပါယ်

ဝေဒနာက္ခန္ဓာက ပစ္စည်းဖြစ်လျှင် ထိုဝေဒနာက္ခန္ဓာကိုထောက်ဆ၍ ကျန် နာမက္ခန္ဓာ (၃) ပါးသည် ပစ္ဆာယုပ္ပန်ဖြစ်ရသည်။ ကျန်နာမက္ခန္ဓာ (၃) ပါးကား ပစ္စည်းဖြစ်လျှင် ထိုနာမက္ခန္ဓာ (၃) ပါးကိုထောက်ဆ၍ ဝေဒနာက္ခန္ဓာကား ပစ္ဆာယုပ္ပန်ဖြစ်ရသည်။ ဤသို့ စသည်ဖြင့် နာမက္ခန္ဓာ (၄) ပါးတို့သည် အချင်းချင်းကိုထောက်ဆ၍ ပစ္ဆာယုပ္ပန်ဖြစ်ကြရသည်ကို **အချင်းချင်းမှထောက်အပ်သောဟု** ဝိသေသနစကားကိုဆိုပါသည်။

http://www.dhammadownload.com

ပဥ္စမာ နာမရူပိနံ အုပ်စုဆိုင်ရာ ပစ္စည်း (၅) မျိုး

ပဥ္စမာ နာမရူပိနံအရ နာမ်သည် နာမ်ရုပ်အားကျေးဇူးပြုသော အုပ်စုဆိုင်ရာ ပစ္စည်းများကား ဟေတု, ဈာန, မဂ္ဂ, ကမ္မ, ဝိပါကအားဖြင့် (၅) မျိုး ဖြစ်ပါသည်။

သာဓက ။ **ပစ္စည်းစာပို၌-၁၇။**

ဟေတု၏ပစ္စည်း, ပစ္စယုပ္ပန်

ပစ္စည်းကား ဟိတ် (၆) ပါးဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား သဟိတ်စိတ် (၇၁) ပါး, မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် (၅၂) ပါး, သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့ဖြစ်ပါသည်။

သာဓက ။ **ဟေတုစျာနင်္ဂမဂ္ဂင်္ဂါနိ သဟဇာတာနံ နာမရူပါနံ ဟေတာဒိဝသေန။ နှင့် ပကိဏ်းစာပို၌ - ၁၂။**

ဈာန၏ပစ္စည်း, ပစ္စယုပ္ပန်

ပစ္စည်းကား ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ကေဠာတာအားဖြင့် ဈာနင်္ဂတရားကိုယ် (၅) ပါးဖြစ်ပါသည်။

ပစ္စယုပ္ပန် ကား (ဒွေးပဋ္ဌာန်-၁၀ ကြဉ်သော) စိတ် (၇၉) ပါး, စေတသိက် (၅၂) ပါး, စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့ဖြစ်ပါသည်။

သာဓက ။ **ဟေတုစျာနင်္ဂမဂ္ဂင်္ဂါနိ သဟဇာတာနံ နာမရူပါနံ ဟေတာဒိဝသေန။ နှင့် ပဋ္ဌာန်းကောသု ဈာနင်္ဂါနိ (န လဇ္ဇန္တိ)။**

မဂ္ဂ၏ပစ္စည်း, ပစ္စယုပ္ပန်

ပစ္စည်းကား ပညာ, ဝိတက်, ဝိရတီ (၃) ခု, ဝီရိယ, သတိ, ကေဠာတာ, ဒိဋ္ဌိအားဖြင့် မဂ္ဂင်္ဂတရားကိုယ် (၉) ပါးဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား သဟိတ်စိတ် (၇၁) ပါး, စေတသိက် (၅၂) ပါး, သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်တို့ဖြစ်ပါသည်။

သာဓက ။ **ဟေတုစျာနင်္ဂမဂ္ဂင်္ဂါနိ သဟဇာတာနံ နာမရူပါနံ ဟေတာဒိဝသေန။ နှင့် အဟေတုကေသု မဂ္ဂင်္ဂါနိ န လဇ္ဇန္တိ။**

http://www.dhammadownload.com

ကမ္မ (၂) မျိုး၏ ပစ္စည်း, ပစ္စယုပ္ပန်

(သဟဇာတကမ္မ၏) ပစ္စည်းကား စိတ် (၈၉) ခုဌ်ရှိသော စေတနာဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား စိတ် (၈၉) ပါး, (စေတနာကြဉ်သော) စေတသိက် (၅၁) ပါး, စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့ဖြစ်ပါသည်။

သာဓက ။ **သဟဇာတာ စေတနာ သဟဇာတာနံ နာမရူပါနံ (ကမ္မံဝသေန)။**

(နာနာက္ခဏိကမ္မ၏) ပစ္စည်းကား အတိတ်ဖြစ်သော ကုသိုလ်, အကုသိုလ်, စေတနာ (၃၃) ခုဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား ဝိပါက်စိတ် (၃၆) ပါး, စေတသိက် (၃၈) ပါး, ပဋိသန္ဓေကမ္မဇရုပ် , အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်တို့ဖြစ်ပါသည်။

သာဓက ။ **နာနာက္ခဏိကာ စေတနာ ကမ္မာဘိနိဗ္ဗတ္တာနံ နာမရူပါနံ ကမ္မံဝသေန။**

ပစ္စုပ္ပန်ကံက ခဏ်ခဏ်းအကျိုးပေးပာန်များ

ပစ္စုပ္ပန်စေတနာဖြစ်သော ကောင်းဆိုး (၂) တန် သဟဇာတကံတို့က တကွဖြစ်သော နာမ်နှင့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား သဟဇာတကမ္မသတ္တိဖြင့် ဖြစ်, တည်စေမှု ကျေးဇူးပြု ထောက်ပံ့ပါသည်။

သာဓက ။ **သဟဇာတာ စေတနာ သဟဇာတာနံ နာမရူပါနံ (ကမ္မံဝသေန)။**

ကမ္မ (၂) မျိုးအထူး

အကျိုးပစ္စယုပ္ပန်နှင့်တစ်ပြိုင်နက်သော ခဏ၌ဖြစ်သောစေတနာကံသည် သဟဇာတ ကမ္မမည်၏။ အကျိုးပစ္စယုပ္ပန်ဖြစ်ခိုန်က နောက်ဖြစ်ပြီး, ကံဖြစ်ခိုန်က ရှေ့ဖြစ်၍ပစ္စယုပ္ပန်မှ သီးခြားကွဲပြားသော ခဏ၌ဖြစ်သော စေတနာကံသည်နာနာက္ခဏိကကမ္မမည်၏။ ဤသို့ထူး သည်။

သာဓက ။ **သဟဇာတာ စေတနာ သဟဇာတာနံ နာမရူပါနံ (ကမ္မံဝသေန)။**
နာနာက္ခဏိကာ စေတနာ ကမ္မာဘိနိဗ္ဗတ္တာနံ နာမရူပါနံ ကမ္မံဝသေန။

http://www.dhammadownload.com

ကောင်းဆိုး (၂) တန် အတိတ်ကံက အကျိုးပေးပုံများ

အတိတ် စေတနာဟူသော နာနာက္ခဏိကကံတို့က ကံကြောင့်ဖြစ်သော ဝိပါက်စိတ် စေတသိက်နာမ်နှင့် ကမ္မဇရုပ်တို့အားအထူးထူးသောအခိုန်ကာလ၌ နာနာက္ခဏိကကမ္မသတ္တိဖြင့် ဖြစ်တည်စေမှု ကျေးဇူးပြုထောက်ပံ့ပါသည်။

သာဓက ။ **နာနာက္ခဏိကာ စေတနာ ကမ္မဘိနိဗ္ဗတ္တာနံ နာမရူပါနံ ကမ္မဝသေန။**

စေတနာကိုသာ ကံဟု ဆိုခြင်းအကြောင်း

စေတနာဟူသော အကြောင်းပစ္စည်းတရားသည်သာ ဆိုင်ရာအကျိုးပစ္စယုပ္ပန်တရားတို့အား သဟဇာတကမ္မသတ္တိ, နာနာက္ခဏိက ကမ္မသတ္တိတို့ဖြင့် (ဖြစ်သင့်သလို) ဖြစ်တည်စေမှု ကျေးဇူးပြုနိုင်သောကြောင့် (စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ) စေတနာကိုသာ ကံဟုဆိုခြင်း ဖြစ်ပါသည်။

သာဓက ။ **သဟဇာတာ စေတနာ သဟဇာတာနံ နာမရူပါနံ (ကမ္မဝသေန)။**
နာနာက္ခဏိကာ စေတနာ ကမ္မဘိနိဗ္ဗတ္တာနံ နာမရူပါနံ ကမ္မဝသေန။

ကံ, ကံ၏အကျိုးရှိသည်ဟု ဆိုနိုင်ပုံ

ပစ္စုပ္ပန်စေတနာဖြစ်သော ကောင်းဆိုး (၂) တန် သဟဇာတကံတို့က တကွဖြစ်သော နာမ်နှင့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား သဟဇာတကမ္မသတ္တိဖြင့် ဖြစ်, တည်စေမှု ကျေးဇူးပြု ထောက်ပံ့သောကြောင့်၄င်း၊ အတိတ် စေတနာဟူသော နာနာက္ခဏိကကံတို့က ကံကြောင့်ဖြစ်သော ဝိပါက်စိတ်စေတသိက်နာမ်နှင့် ကမ္မဇရုပ်တို့အားအထူးထူးသော အခိုန်ကာလ၌ နာနာက္ခဏိကကမ္မသတ္တိဖြင့် ဖြစ်တည်စေမှု ကျေးဇူးပြုထောက်ပံ့သောကြောင့်၄င်း၊ ကံ, ကံ၏အကျိုးရှိသည်ဟု ဆိုနိုင်ပါသည်။

သာဓက ။ **သဟဇာတာ စေတနာ သဟဇာတာနံ နာမရူပါနံ (ကမ္မဝသေန)။**
နာနာက္ခဏိကာ စေတနာ ကမ္မဘိနိဗ္ဗတ္တာနံ နာမရူပါနံ ကမ္မဝသေန။

ကံအကြောင်းတရားများ ချုပ်ပျောက်ပြီးလျက် ဘဝခန္ဓာများ ဖြစ်ပွားရကြောင်း

ကုသိုလ်, အကုသိုလ်ဟူသော ကံအကြောင်းတရားများသည် ချုပ်ပျောက်သွားပြီး

http://www.dhammadownload.com

ဖြစ်သော်လည်း အကျိုးတရားကို ဖြစ်ပေါ်စေနိုင်သော နာနာက္ခဏိက ကမ္မသတ္တိကြောင့်ကျန်နေ၍ ယင်းသတ္တိအစွမ်းကြောင့် သုဂတိ, ဒုဂ္ဂတိ ဘဝခန္ဓာများ ဖြစ်ပွားနေရပါသည်။

သာဓက ။ **နာနာက္ခဏိကာ စေတနာ ကမ္မာဘိနိဗ္ဗတ္တာနံ နာမရူပါနံကမ္မဝသေန။**

ဝိပါက၏ ပစ္စည်း, ပစ္စယုပ္ပန်

ပစ္စည်းကား ဝိပါက်စိတ် (၃၆) ပါး, စေတသိက် (၃၈) ပါးဟူသော အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါးဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား အချင်းချင်းမှထောက်အပ်သော ဝိပါက်စိတ် (၃၆) ပါး, စေတသိက် (၃၈) ပါး နာမက္ခန္ဓာ, ထိုနာမက္ခန္ဓာသည် ယထာရဟပြုအပ်သော (ဝိညတ်ဒွေးကြဉ်သော) စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့ဖြစ်ပါသည်။

သာဓက ။ **ဝိပါကက္ခန္ဓာ အညမညံ သဟဇာတာနံ ရူပါနံ ဝိပါကဝသေန။**

ရူပါနုဒ္ဒ် ရူပအရ ဝိညတ်ရုပ်မပါ

ဝိပါက်နာမက္ခန္ဓာတို့သည် ဝိညတ်ရုပ်ကို မဖြစ်စေနိုင်သောကြောင့် ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန် သမ္ဗဒါန် ရူပါနံအရ စိတ္တဇရုပ်ကို ကောက်ရာ၌ ဝိညတ်ဒွေးကို ကြဉ်ရမည်။

သာဓက ။ **ရုပ်စာပိုဒ်-၃၃၊ ၃၈။**

ဇောဓာ ပုနရုပသာ အုပ်စုဆိုင်ရာ ပစ္စာဇာတ၏ ပစ္စည်း, ပစ္စယုပ္ပန်

ပစ္စည်းကား ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ (အရူပဝိပါက်-၄ခုကြဉ်သော) ပထမဘဝင် အစရှိသော နောက်နောက်သော စိတ် (၈၅) ပါး, စေတသိက် (၅၂) ပါးဟူသော နာမက္ခန္ဓာ (၄) ပါးတို့ဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌိ သို့ရောက်သော ဇေဇ္ဇာယ, ဇိဇ္ဇာယ, တိဇ္ဇာယ, စတုဇ္ဇာယတို့ဖြစ်ပါသည်။

သာဓက ။ **ပစ္စည်းစာပိုဒ်-၁၈။**

http://www.dhammadownload.com

ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယ အရေးများ

ပဋိသန္ဓေစိတ်နှင့်အတူ ဥပါဒ်၍ (ဌိတိခဏ၌) တည်ရှိသော ကမ္မဇရုပ်အပေါင်းသည် ဧကဇကာယမည်၏။

သာဓက ။ **ပဋိသန္ဓိမုပါဒါယ ကမ္မသမုဋ္ဌာနာ။**

ပဋိသန္ဓေစိတ်၏ ဌိတိခဏမှစ၍ (ဘင်္ဂခဏ၌) တည်သော ကမ္မဇ, ဥတုဇရုပ်အပေါင်းသည် ဒွိဇကာယမည်၏။

သာဓက ။ **ဌိတိကာလမုပါဒါယ ဥတုသမုဋ္ဌာနာ။**

ပဋိသန္ဓေနောင် ပထမဘဝင်မှစ၍ (ဌိတိခဏ၌) တည်သော ကမ္မဇ, ဥတုဇ, စိတ္တဇရုပ်အပေါင်းသည် တိဇကာယမည်၏။

သာဓက ။ **ဒုတိယစိတ္တမုပါဒါယ စိတ္တသမုဋ္ဌာနာ။**

ဩဇာပျံ့နှံ့ရာကာလမှစ၍ (ဌိသို့ရောက်သည့်အခါ) တည်ရှိသော ကမ္မဇ, ဥတုဇ, စိတ္တဇ, အာဟာရဇရုပ်အပေါင်းသည် စတုဇကာယ မည်၏။

သာဓက ။ **ဩဇာဖရဏမုပါဒါယ အာဟာရသမုဋ္ဌာနာ။**

ချုပ် နာမဿ ဧကာဓာ အုပ်စုဆိုင်ရာ ပုဂ္ဂလတို၏ ပစ္စည်း, ပစ္စယုပ္ပန်

ဝတ္ထုပုရေဇာတ်၏ပစ္စည်းကား ပဝတ္တိအခါ ဝတ္ထုရုပ် (၆) ပါးဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ (အရူပဝိပါက်-၄ခုကြဉ်သော) သတ္တဝိညာဏာဓာတ်တို့ဖြစ်ပါသည်။

အာရမ္မဏပုရေဇာတ်၏ပစ္စည်းကား ပစ္စုပ္ပန်, ပဋ္ဌာရုံဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား ဒွေးပဋ္ဌဝိညာဏ် (၁၀), သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇) ပါးတို့ ဖြစ်ပါသည်။

သာဓက ။ **ပစ္စည်းစာပိဒ်-၁၉။**

ပညတ္တိ နာမဿုပါနိ နာမဿ ဒုဝိဓာ အုပ်စုဆိုင်ရာ အာရမ္မဏ၏ ပစ္စည်း, ပစ္စယုပ္ပန်

အာရမ္မဏ၏ပစ္စည်းကား စိတ် (၈၉) ပါး၊ စေတသိက် (၅၂) ပါး, ရုပ် (၂၈) ပါး, နိဗ္ဗာန်, ပညတ်ဟူသော အာရုံ (၆) ပါးတို့ ဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား စိတ်(၈၉)ပါး, စေတသိက် (၅၂) ပါးတို့ဖြစ်ပါသည်။

သာဓက ။ **ပစ္စည်းစာပိဒ်-၂၀၊ ၂၁။**

http://www.dhammadownload.com

ဥပနိဿယပစ္စည်းသရုပ်

ဥပနိဿယပစ္စည်းသည် အာရမ္မဏူပနိဿယ, အနန္တရူပနိဿယ, ပကတူပနိဿယ အားဖြင့် (၃) မျိုးရှိပါသည်။

သာဓက ။ **ပစ္စည်းစာပို ဒ် - ၂၂**။

ပညတ္တိ နာမရူပါနိ နာမဿ ဒုဝိဓာ အုပ်စုဆိုင်ရာ ဥပနိဿယ (၃) မျိုး၏ ပစ္စည်း, ပစ္စယုပ္ပန်

(အာရမ္မဏူပနိဿယ၏) ပစ္စည်းကား အလေးအမြတ်ပြုအပ်သော ကြွင်ဖြစ်သော နိပ္ပန္နရုပ် (၁၈) ပါး, (ဒေါသမူ ဒွေး, မောဟမူဒွေး, ဒုက္ခသဟဂုတ်ကာယဝိညာဏ်ကြဉ်သော) စိတ် (၈၄) ခု, (ဒေါစတုက်-၄ပါးနှင့် ထိစိကိစ္ဆာကြဉ်သော) စေတသိက် (၄၇) ခု, နိဗ္ဗာန်တို့ဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား အလေးအမြတ်ပြုတတ်သော လောဘမူစိတ် (၈) ခု, မဟာကုသိုလ်စိတ် (၈) ခု, မဟာကြိယာဉာဏသမ္ပယုတ်စိတ် (၄) ခု, လောကုတ္တရာစိတ် (၈) ခု, (ဒေါစတုက်-၄ခု နှင့် ဝိစိကိစ္ဆာ, အပ္ပမညာကြဉ်သော) စေတသိက် (၄၅) ခုတို့ဖြစ်ပါသည်။ **(အာရမ္မဏာဓိပတိ နှင့် တူ၏။)**

သာဓက ။ **ပစ္စည်းစာပို ဒ် - ၂၃**။

(အနန္တရူပနိဿယ၏) ပစ္စည်းကား (ရဟန္တာတို့ စုတိကြဉ်သော) ရှေးရှေးသော အလုံးစုံသောစိတ် (၈၉), စေတသိက် (၅၂) ပါးဟူသော ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာ (၄) ပါးတို့ဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား ရဟန္တာတို့၏ စုတိနှင့်တက္ခဏ နောက်နောက်သော စိတ် (၈၉)ပါး, စေတသိက် (၅၂) ပါးဟူသော နာမက္ခန္ဓာ (၄) ပါးတို့ဖြစ်ပါသည်။ **(အနန္တရနှင့်တူ၏။)**

သာဓက ။ **ပစ္စည်းစာပို ဒ် - ၂၄**။

(ပကတူပနိဿယ၏) ပစ္စည်းကား အလျှတ်ဖြစ်သော ရာဂစသော အကုသိုလ်တရား, သဒ္ဓါစသော ကုသိုလ်တရား, သုခ, ဒုက္ခ၊ ဗဟိဒ္ဓဖြစ်သော ပုဂ္ဂလ, ဘောဇန, ဥတု, သေနာသနတို့ဖြစ်ပါသည်။ **(ဗလဝဖြစ်သော ရှေးရှေးသောစိတ်-၈၉ခု စေတသိက်-၅၂ခု၊ ရူပ်-၂၈ ခု၊ ပစ္စည်းထိုက်သော အချို့သော ပညတ်တို့ဖြစ်ပါသည်။)**

ပစ္စယုပ္ပန်ကား နောက်နောက်သော စိတ်(၈၉)ပါး, စေတသိက်(၅၂)ပါးတို့ဖြစ်ပါသည်။

သာဓက ။ **ပစ္စည်းစာပို ဒ် - ၂၅**။

http://www.dhammadownload.com

ပကတ္တူပနိဿယဆိုင်ရာ ပစ္စည်းကို ရှုပ်နာမ်ပညတ်ခွဲပုံ

ပကတ္တူပနိဿယဆိုင်ရာပစ္စည်းတို့တွင် ဘောဇန, ဥတု, သေနာသနတို့သည် ရုပ်ပစ္စည်းတို့ဖြစ်သည်။ ရာဂစသောအကုသိုလ်တရား, သဒ္ဓါစသော ကုသိုလ်တရား (ဗလဝကမ္မ) နှင့် သုခ, ဒုက္ခတို့သည် နာမ်ပစ္စည်းတို့ဖြစ်သည်။ ပုဂ္ဂလသည် ပညတ်, ပစ္စည်းဖြစ်သည်။

ပကတ္တူပနိဿယဆိုင်ရာ ပစ္စည်း, ပစ္စယုပ္ပန် ပါဠိအခွဲ

ပကတ္တူပနိဿယဆိုင်ရာ ပါဠိတို့တွင် **ရာဂါဒယော (ပ) သေနာသနဉ္စ** ဟူသော ပါဠိသည်၄င်း **ကမ္မံ** ဟူသောပါဠိသည်၄င်း ပစ္စည်းတရားပြပါဠိဖြစ်ပါသည်။

ယထာရဟံ အပ္ပတ္တဉ္စ ဗဟိဒ္ဓါစ ကုသလာဒိဓမ္မာနံ ဟူသောပါဠိသည်၄င်း၊ **ဝိပါကာနံ** ဟူသောပါဠိသည်၄င်း ပစ္စယုပ္ပန်တရားပြပါဠိဖြစ်ပါသည်။

ပကတ္တူပနိဿယဆိုင်ရာ အာဒိဝန္တအရမျှား

ရာဂါဒယော၌ အာဒိသဒ္ဒါဖြင့် ယူရမည့် အာဒိဝန္တအရကား ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ပတ္ထနာတို့နှင့် အကုသိုလ်ဒုစရိုက်ဟူသမျှတို့ကို ယူရမည်။

သဒ္ဓါဒယော၌ အာဒိဝန္တအရကား သီလ, သုတ, စာဂ, ပညာ တို့နှင့် ကုသိုလ်သုစရိုက်ဟူသမျှတို့ကို ယူရမည်။

ကုသလာဒိဓမ္မာနံ၌ အာဒိဝန္တအရကား အကုသိုလ်စိတ်, ဝိပါက်စိတ်, ကြိယာစိတ် နာမက္ခန္ဓာတို့ကို ယူရမည်။

သုခ, ဒုက္ခအရ

ပကတ္တူပနိဿယပစ္စည်းဆိုင်ရာ သုခအရ သုခသဟဂုတ်ကာယဝိညာဏ်၌ယှဉ်သော ကာယိကသုခဝေဒနာကို ယူရမည်။

ဒုက္ခအရကား ဒုက္ခသဟဂုတ်ကာယဝိညာဏ်၌ယှဉ်သော ကာယိကဒုက္ခဝေဒနာကို ယူရမည်။

http://www.dhammadownload.com

ပကတူပနိဿယဆိုင်ရာ၌ ဥပ္ပါဒိတပစ္စည်းနှင့် ဥပသေဝိတပစ္စည်းအခွဲ

ပကတူပနိဿယဆိုင်ရာ ပစ္စည်းတို့တွင် ရာဂစသည်, သဒ္ဓါစသည်နှင့် သုခ, ဒုက္ခ (ဗလဝကမ္မ) တို့ကား မိမိ၏ အဖျတ္တသန္တာန်၌ ဖြစ်စေအပ်သော ဥပ္ပါဒိတပစ္စည်းတရားမျိုးတည်း။

ပုဂ္ဂလ, ဘောဇန, ဥတု, သေနာသနတို့သည်ကား မိမိ၏ပြင်ပဗဟိဒ္ဓ၌ ပေါင်းသင်းဆက်ဆံခြင်း, စားသောက်တွေ့ထိခြင်းတို့အတွက် မှီဝဲဆည်းကပ်အပ်သော ဥပသေဝိတပစ္စည်းတရားမျိုးတည်း။ **(နာမရူပပရိစ္ဆေဒ- ၈၂၇ ဂါထာ)**

ကျေးဇူးပြုအရာကျယ်သော ပဋ္ဌာန်းပစ္စည်း

ပဋ္ဌာန်း (၂၄) ပစ္စည်းတို့တွင် ကျေးဇူးပြုအရာကျယ်သော ပစ္စယမဟာပဒေသ ပဋ္ဌာန်းပစ္စည်းကား ဥပနိဿယပစ္စည်းဖြစ်ပါသည်။

သာဓက ။ **ပစ္စည်းစာပို၌-၂၂ နှင့် ဗဟုဓာ ဟောတိ ပကတူပနိဿယော။**

အသံမစဲ ပဋ္ဌာန်းပူဇော်ပွဲ၏ အကျိုး

ရတနာ (၃) ပါး၌ ယုံကြည်မှု (သဒ္ဓါ) အောက်မေ့အမှတ်ရမှု (သတိ) စသော ကုသိုလ်တရားတို့သည် အဖျတ္တ, ဗဟိဒ္ဓတို့၌ ကုသိုလ်စသော တရားတို့အား ပကတူပနိဿယသတ္တိဖြင့် ထောက်ကူသမှု ကျေးဇူးပြုတတ်သောကြောင့် အသံမစဲပဋ္ဌာန်းပွဲကို ယုံကြည်စွာ ဆောင်ရွက်ခြင်းသည် တရားရတနာကိုကြည်ညိုပူဇော်ရာ ရောက်သဖြင့် အန္တရာယ်ကင်းပျောက် ချမ်းသာရောက်ခြင်းဟူသော ကောင်းကျိုးတရားများကို ရရှိနိုင်ပါသည်။

သာဓက ။ **ပစ္စည်းစာပို၌-၂၅။**

ခင်မင်မှုကြောင့် လှူရာ၌ ကုသိုလ်ရနိုင်

ရာဂအစရှိကုန်သော တရားတို့သည် ကုသိုလ်အစရှိသောတရားတို့အား ပကတူပနိဿယ ပစ္စယသတ္တိဖြင့် (ဖြစ်စေ, တည်စေ နှစ်ထွေသတ်မှတ်) ကျေးဇူးပြုတတ်သောကြောင့် ခင်မင်မှုကြောင့် လှူရာ၌လည်း ကုသိုလ်ရနိုင် ကုသိုလ်ဖြစ်နိုင်ပါသည်။

သာဓက ။ **ပစ္စည်းစာပို၌-၂၅။**

http://www.dhammadownload.com

မုဆိုးနားနီး မုဆိုး

ကလျာဏမိတ္တ၊ ပါပမိတ္တစသောပုဂ္ဂိုလ်သည် ကုသိုလ်, အကုသိုလ် စသောတရားတို့အား ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်သောကြောင့် အပေါင်းအသင်းသည် ကောင်းမှု၊ မကောင်းမှု ပြုမိခြင်းအား ဖြစ်ပွားစေတတ်၊ ခိုင်မြဲစေတတ်ရကား မုဆိုးနားနီး မုဆိုးဟူသော စကားသည် မှန်ပါသည်။

သာဓက ။ **ပစ္စည်းစာပို၌-၂၅။**

မှတ်ရန် ။ **အပေါင်းအသင်းမကောင်း၍ ပျက်စီးရသည်။ အပေါင်းအသင်းကောင်း၍ တိုးတက်ကြီးပွားရသည်ဆိုသော စကားတို့ကိုလည်း အထက်ပါအကြောင်းနှင့် ပါဠိ သာဓကတို့ကိုထောက်ဆ၍ မှန်သည်ဟုမှတ်။**

ဒွယံ ဒွယဿ နဝဓာ အုပ်စုဆိုင်ရာ (၉) ပစ္စည်း

ဒွယံ ဒွယဿ နဝဓာအုပ်စုဆိုင်ရာ ပစ္စည်းများကား အဓိပတိ, သဟဇာတ, အညမည, နိဿယ, အာဟာရ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတအားဖြင့် (၉) မျိုးဖြစ်ပါသည်။

သာဓက ။ **ပစ္စည်းစာပို၌-၂၆။**

အဓိပတိ (၂) မျိုး၏ ပစ္စည်း, ပစ္စယုပ္ပန်

(အာရမ္မဏာဓိပတိ၏) ပစ္စည်းကား အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် (၁၈) ပါး, (ဒေါသမူ ဒွေး, မောဟမူဒွေး, ဒုက္ခသဟဂုတ်ကာယဝိညာဏ်ကြဉ်သော) စိတ် (၈၄) ခု, (ဒေါစတုက်-၄ပါးနှင့် ဝိစိကိစ္ဆာကြဉ်သော) စေတသိက် (၄၇) ခု, နိဗ္ဗာန် တို့ဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား အလေးအမြတ်ပြုတတ်သော လောဘမူစိတ် (၈) ခု, မဟာကုသိုလ်စိတ် (၈) ခု, မဟာကြိယာဉာဏသမ္ပယုတ်စိတ် (၄) ခု, လောကုတ္တရာစိတ် (၈) ခု, (ဒေါစတုက်-၄ခု နှင့် ဝိစိကိစ္ဆာ, အပွမညာကြဉ်သော) စေတသိက် (၄၅) ခုတို့ဖြစ်ပါသည်။ **(အာရမ္မဏူပနိဿယ နှင့်တူ၏။)**

သာဓက ။ **ပစ္စည်းစာပို၌-၂၇။**

http://www.dhammadownload.com

(သဟဇာတာဓိပတိ၏) ပစ္စည်းကား အဓိပတိတပ်ခိုက်တပ်နေ (မောဟမူဒွေးဟသိတုပွါဒ်ကြဉ်သော) သာဓိပတိဇော (၅၂) ခုဥ်ရှိသော ဆန္ဒ, ဝီရိယ, ဝီမံသ, သာဓိပတိဇော (၅၂) ခုဟုဆိုအပ်သော စိတ်အားဖြင့် အဓိပတိတရားကိုယ် (၃) ပါး၊ (၄) ပါးတို့တွင် (၁) ပါးပါးဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား အဓိပတိပစ္စည်းကို ရခိုက်ရနေ (အဓိပတိတရားကိုယ်ကြဉ်သော) သာဓိပတိဇော (၅၂) ခု (ဝိစိကိစ္ဆာကြဉ်သော) စေတသိက် (၅၁) ခု, သာဓိပတိစိတ္တဇရုပ်တို့ ဖြစ်ပါသည်။

သာဓက ။ **ပစ္စည်းစာပိုဒ်-၂၇**။

အာရမ္မဏာ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယတို့၏အထူး

သာမန်အာရုံအဖြစ်မျှဖြင့် ကျေးဇူးပြုခြင်းသည် အာရမ္မဏာပစ္စည်းမည်၏။ အလေးအမြတ်ပြုအပ်သည်၏အဖြစ်မျှဖြင့် ကျေးဇူးပြုခြင်းသည် အာရမ္မဏာဓိပတိပစ္စည်းမည်၏။ အလေးအမြတ်ပြုအပ်ရုံသာမက လွန်ကဲများပြားအားကြီးသော အကြောင်း၏အဖြစ်ဖြင့် ကျေးဇူးပြုခြင်းသည် အာရမ္မဏူပနိဿယပစ္စည်းမည်၏။ ဤသို့ထူး၏။

သာဓက ။ **ပစ္စည်းစာပိုဒ်-၂၁၊ ၂၃၊ ၂၇**။

အဓိပတိတရားကိုယ် (၃) ပါး, (၄) ပါးတို့တွင် (၁) ပါးပါးဟူသော စကား၏အဓိပ္ပါယ်

အဓိပတိတရားကိုယ် (၃) ပါး, (၄) ပါးတို့တွင် (၁) ပါးပါးဟူရာ၌ (၃) ပါးဟူသော စကားသည် ဝီမံသာဓိပတိမရထိုက်သော အကုသိလ်ဇောနှင့် ဉာဏဝိပ္ပယုတ်ဇော ဆိုင်ရာကို ရည်ရွယ်၏။ (၄) ပါးဟူသောစကားသည် ဝီမံသာဓိပတိရထိုက်သော တိဟိတ်ဇောဆိုင်ရာကို ရည်ရွယ်၏။

အဓိပတိတပ်ခိုက်, တပ်နေ၏အဓိပ္ပါယ်

အဓိပတိတပ်ခိုက်ဟူသောစကားသည် တစ်ရံတစ်ခါ၌သာ အနေကန်အဓိပတိသတ္တိရှိသော ကာမဇော၌ပါသော ဆန္ဒစသည်တို့ကိုရည်ရွယ်၍ အဓိပတိတပ်ခိုက်ဟု ဆိုပါသည်။ အမြဲတမ်း ကေန်အဓိပတိသတ္တိရှိသော မဟဂ္ဂုတ်လောကုတ္တရာဇောဆိုင်ရာတို့ကိုရည်ရွယ်၍ အဓိပတိတပ်နေဟုဆိုပါသည်။

http://www.dhammadownload.com

အဓိပတိ ရခိုက်, ရနေ၏အဓိပ္ပါယ်

အဓိပတိပစ္စည်းဖြင့် ကျေးဇူးပြုခံရခိုက် ကာမဇောစိတ်, စေတသိက်, စိတ္တဇရုပ်တို့ကို ရည်ရွယ်၍ အဓိပတိရခိုက်ဟုဆိုပါသည်။

အဓိပတိပစ္စည်းဖြင့် အမြဲကျေးဇူးပြုခံနေရသော အပွနာဇောစိတ်, စေတသိက်, စိတ္တဇရုပ်တို့ကိုရည်ရွယ်၍ (အဓိပတိ) ရနေဟုဆိုပါသည်။

နိဗ္ဗာန်ပါဝင်သော ပဋ္ဌာန်းပစ္စည်းများ

နိဗ္ဗာန်ပါဝင်သော ပဋ္ဌာန်းပစ္စည်းများကား အာရမ္မဏ၊ ဥပနိဿယ၊ အဓိပတိပစ္စည်းတို့ဖြစ်ပါသည်။

သာဓက ။ **ပစ္စည်းစာပို့ဒ်-၂၁၊ ၂၂၊ ၂၃၊ ၂၇။**

ပညတ်ပါဝင်သော ပဋ္ဌာန်းပစ္စည်းများ

ပညတ်ပါဝင်သော ပဋ္ဌာန်းပစ္စည်းများကား အာရမ္မဏ၊ ဥပနိဿယပစ္စည်းတို့တည်း။

သာဓက ။ **ပစ္စည်းစာပို့ဒ်-၂၀။**

သဟဇာတ (၃) မျိုး၏ ပစ္စည်း, ပစ္စယုပ္ပန်

(ပဝတ္တိနာမ်သဟဇာတ၏) **ပစ္စည်းကား** (အချင်းချင်းအားငှင်း, အချင်းချင်းနာမကွန္ဓာစိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားငှင်း တပ်သော, အလုံးစုံသော)စိတ် (၈၉) ပါး, စေတသိက် (၅၁) ပါးတို့ဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား (အချင်းချင်းမှထောက်အပ်သော, အလုံးစုံသော)စိတ် (၈၉)ပါး, စေတသိက် (၅၁) ပါး, စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ် တို့ဖြစ်ပါသည်။

သာဓက ။ **စိတ္တစေတသိကာ ဓမ္မာ အညမညံ သဟဇာတရူပါနဉ္စ (သဟဇာတဝေန)။**

(ရူပသက်သက် သဟဇာတ၏) **ပစ္စည်းကား** (အချင်းချင်းအားငှင်း, ဥပါဒါရုပ်အားငှင်း တပ်သော, အလုံးစုံသော) မဟာဘူတ် (၄) ပါးဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား မဟာဘူတ် (၄) ပါးနှင့် ဥပါဒါရုပ်တို့ဖြစ်ပါသည်။

သာဓက ။ **မဟာဘူတာ အညမညံ ဥပါဒါရူပါနဉ္စ (သဟဇာတဝသေန)။**

(ပဋိသန္ဓေသဟဇာတ၏) **ပစ္စည်းကား** (အချင်းချင်းအားတပ်သော) ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမကွန္ဓာ, ဟဒယဝတ္ထု ရုပ်တို့ဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား ပဋ္ဌဝေါကာရပဋိသန္ဓေနာမကွန္ဓာ, ဟဒယဝတ္ထုရုပ်တို့ဖြစ်ပါသည်။

သာဓက ။ **ပဋိသန္ဓိက္ခဏေ ဝတ္ထုဝိပါကာ ဓ ညမညံ (သဟဇာတဝသေန)။**

http://www.dhammadownload.com

ပစ္စနိက်မထုတ်ရသော ပဋ္ဌာန်းပစ္စည်း

သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန်တရား၌ သခ်ိတတရားအားလုံးပါဝင်ကြသောကြောင့် ၄င်း, နိဗ္ဗာန်ပညတ်များ ကျန်သေးသော်လည်း ပစ္စယုပ္ပန်တရားတွင် အသခ်ိတ (နိဗ္ဗာန်ပညတ်) တို့ အမြဲပင်မပါဝင်သောကြောင့်၄င်း သဟဇာတပဋ္ဌာန်းပစ္စည်း၌ ပစ္စနိက်ထုတ်ရန် တရားမရှိပါ။

သာဓက ။ **ယေသံ သခ်ိတဓမ္မာနံ နှင့် ပစ္စည်းစာပိုဒ်-၂၈။**

ဇာတာ (၃) မျိုးအထူး

သဟဇာတ၌ပါသော ဇာတသဒ္ဒါသည် အတ္ထိသဘာဝအားဖြင့် ထင်ရှားရှိခိုက်ဖြစ်သော မဟာဘုတ်, ဟဒယဝတ္ထုရုပ်နှင့် စိတ်, စေတသိက်, နာမ်တရားတို့ကိုဟော၏။ ပုရေဇာတ၌ပါသော ဇာတသဒ္ဒါသည် အတ္ထိသဘာဝအားဖြင့် ထင်ရှားရှိခိုက်ဖြစ်သော ဆဝတ္ထုနှင့် ပဉ္စာရုံဟူသော ရုပ်ကိုသာဟော၏။ ပစ္ဆာဇာဒ၌ပါသော ဇာတသဒ္ဒါသည် အတ္ထိသဘာဝအားဖြင့် ထင်ရှားရှိခိုက်ဖြစ်သော စိတ်, စေတသိက်, နာမ် တရားကိုသာဟော၏။ ဤသို့ထူးသည်။

သာဓက ။ **ပစ္စည်းစာပိုဒ်-၁၈၊ ၁၉၊ ၂၈ (၃၄)။**

အညမညည (၃) မျိုး၏ ပစ္စည်း, ပစ္စယုပ္ပန်

(ပဝတ္တိနာမ် အညမညည၏) ပစ္စည်းကား (အချင်းချင်းအားတပ်သော, အလုံးစုံသော) စိတ် (၈၉) ပါး, စေတသိက် (၅၂) ပါးတို့ဖြစ် ပါသည်။

ပစ္စယုပ္ပန်ကား (အချင်းချင်းမှထောက်သော, အလုံးစုံသော) စိတ် (၈၉) ပါး, စေတသိက် (၅၂) ပါးတို့ဖြစ်ပါသည်။

သာဓက ။ **စိတ္တစေတသိကာ ဓမ္မာ အညမညံ (အညမညဝသေန)။**

(ရူပ်သက်သက် အညမညည၏) ပစ္စည်းကား (အချင်းချင်းအားတပ်သော) မဟာဘုတ် (၄) ပါးဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား (အချင်းချင်းမှထောက်သော, အလုံးစုံသော) မဟာဘုတ် (၄) ပါးဖြစ်ပါသည်။

သာဓက ။ **မဟာဘူတာ အညမညံ (အညမညဝသေန)။**

http://www.dhammadownload.com

(ပဋိသန္ဓေအညမညတ္ထ)ပစ္စည်းကား (အချင်းချင်းအားတပ်သော) ပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထု ဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား ပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထုဖြစ်ပါသည်။

သာဓက ။ **ပဋိသန္ဓေက္ခဏေ ဝတ္ထုဝိပါကာ အညမညံ (အညမညဝသေန)။**

သဟဇာတပစ္စည်းတိုင်း အညမညပစ္စည်းဖြစ်နိုင်, မဖြစ်နိုင်

စိတ်, စေတသိက်တို့သည် စိတ္တဇရုပ်အပေါ်၌ သဟဇာတသတ္တိရှိသော်လည်း အညမညသတ္တိမရှိသောကြောင့်၄င်း, မဟာဘုတ်တို့သည် ဥပါဒါရုပ်အပေါ်၌ သဟဇာတသတ္တိရှိသော်လည်း အညမညသတ္တိမရှိသောကြောင့်၄င်း, အညမညသတ္တိထက် သဟဇာတသတ္တိက အရာကျယ်သဖြင့် သဟဇာတပစ္စည်းတိုင်း အညမညပစ္စည်းမဖြစ်နိုင်ပါ။

သာဓက ။ **ပစ္စည်းစာပို၌-၂၈၊ ၂၉။**

သဟဇာတနှင့် အညမညပစ္စည်းအထူး

သဟဇာတပစ္စည်းသည် အတူတကွဖြစ်ရုံမျှဖြင့် ကျေးဇူးပြု၏။ အညမညပစ္စည်းသည် အတူတကွလည်းဖြစ်, အပြန်အလှန်အထောက်အပံ့လည်း ရမှသာလျှင် ကျေးဇူးပြု၏။ဤသို့ထူး၏။ (ဋီ-၂၄၃)

ဆောင်။ **။အတူဖြစ်က သဟဇ၊ ပြန်လှန်ရက အဉ်မည၊ မှတ်ကြအတူးတည်း။**

နိဿယ (၃) မျိုး ၏ ပစ္စည်းပစ္စယုပ္ပန်

(နာမ်သဟဇာတ နိဿယ၏) ပစ္စည်းကား စိတ် (၈၉)ပါး စေတသိက် (၅၂) ပါးဟူသော နာမက္ခန္ဓာ (၄)ပါးတို့ဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား စိတ် (၈၉) ပါးစေတသိက် (၅၂) ပါး စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့ဖြစ်ပါသည်။ **(သဟဇာတနှင့်တူ၏။)**

သာဓက ။ **စိတ္တစေတသိကာ ဓမ္မာ အညမညံ သဟဇာတရူပါနဉ္စ (နိဿယဝသေန)။**

(ရုပ်သဟဇာတ နိဿယ၏) ပစ္စည်းကား မဟာဘုတ် (၄)ပါးတို့ဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား မဟာဘုတ် (၄) ပါးနှင့်ဥပါဒါရုပ်တို့ဖြစ်ပါသည်။ **(သဟဇာတနှင့်တူ၏။)**

သာဓက ။ **မဟာဘူတာ အညမညံ ဥပါဒါရူပါနဉ္စ (နိဿယဝသေန)။**

http://www.dhammadownload.com

(ဝတ္ထုပုရေဏာတနိဿယ၏) ပစ္စည်းကား ပဝတ္ထိအခါဝတ္ထုရုပ် (၆)ပါးတို့ဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား ပဋ္ဌဝေါဟာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် (၄)ခုကြဉ်သော သတ္တဝိညာဏ် ဓာတ်တို့ဖြစ်ပါသည်။ **(ဝတ္ထုပုရေဏာတနှင့်တူ၏။)**

သာဓက ။ **ဆ ဝတ္ထူနိ သတ္တန္နံ ဝိညာဏဓာတူနံ(နိဿယဝသေန)။**

ကလေးဘဝ၌ စကားကို ပီပီသသ မပြောနိုင်ပုံ

စကားပြောဆိုမှု ဝစီဝိညတ်ဟူသော သဒ္ဒရုပ် ဖြစ်ပေါ်ရန်အတွက် အခြေခံအထောက် အကူအကြောင်းများကား စိတ်, စေတသိက်များပင် ဖြစ်ရကား ပတ်ဝန်းကျင်၏ သဒ္ဒပညတ် (ဝေါဟာရစကားလုံးများ) ဖြင့် သုံးစွဲပြောဆိုသံဟူသော သဒ္ဒါရုံကို ကြားသိမှု (သောတ ဝိညာဏ်စိတ်) စသည် တို့ဖြစ်ပေါ်မှု မများသေး (ပတ်ဝန်းကျင် အတွေ့အကြုံ နည်းပါးသေး) သောကြောင့် လူ့ဘဝအစ ကလေးဘဝ၌ လူမျိုးအလိုက် ပြောဆိုထိုက်သော စကားလုံးများကို ပီပီသသ မပြောပြနိုင်ခြင်း ဖြစ်ပါသည်။

သာဓက ။ **ပစ္စည်းစာပို၌-၁၉၊ ၄၃။**

အာဟာရ(၂)မျိုး၏ ပစ္စည်း, ပစ္စယုပ္ပန်များ

(ရူပ်အာဟာရ၏) ပစ္စည်းကား ကဗဠီကာရာဟာရဟုဆိုအပ်သော ခဲဘွယ်ဘောဇဉ် အစရှိသည်၌တည်သော ဗဟိဒ္ဓဩဇာဖြစ်ပါသည်။ (တစ်နည်းကား) အဇ္ဈတ္တသန္တာန်၌ရှိသော စတုသမုဋ္ဌာနိကဩဇာ, ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇဩဇာတို့ဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား အာဟာရသမုဋ္ဌာနိကရုပ်ဖြစ်ပါသည်။ (တစ်နည်းကား) ကလာပ်တူ ဩဇာကြဉ်သော ကလာပ်တူ, ကလာပ်ပြားဖြစ်သောစတုသမုဋ္ဌာနိကရုပ်တို့ဖြစ်ပါသည်။

သာဓက ။ **ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ (အာဟာရဝသေန)။**

(နာမ်အာဟာရ၏) ပစ္စည်းကား ဖဿ, စေတနာ, ဝိညာဏ်ဟုဆိုအပ်သော နာမ် အာဟာရတရားကိုယ် (၃) ပါးတို့ဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား စိတ် (၈၉) ခု, စေတသိက် (၅၂) ခု, သမ္မယုတ္တက္ခန္ဓာ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့ဖြစ်ပါသည်။

သာဓက ။ **အရူပိနော အာဟာရာ သဟဇာတာနံ နာမရူပါနံ (အာဟာရဝသေန)။**

http://www.dhammadownload.com

အတုမြင် အတတ်သင်

ရူပါရုံ (အဆင်း) စသော အာရုံ၏ သဘောကို တွေ့ထိမှုဟူသော ဖဿဟာရနှင့် မြင်သိမှု စက္ခုဝိညာဏ်ဟူသော ဝိညာဏာဟာရတို့သည် မှတ်သားမှု (သညာ)၊ ရည်ရွယ်ချက်ထားမှု (စေတနာ)၊ နှလုံးသွင်းမှု ဂရုစိုက်မှု (မနသိကာရ)၊ ကြံစည်မှု (ဝိတက်)၊ သုံးသပ်ဝေဖန်မှု (ဝိစာရ)၊ အားထုတ်မှု (ဝီရိယ)စသည်တို့ကို ထောက်ပံ့ကြံခိုင်စေနိုင်သော အစွမ်း (အာဟာရသတ္တိ) ဖြင့်ဖြစ်စေ, တည်စေနှစ်ထွေသတ်မှတ် ကျေးဇူးပြုတတ်သောကြောင့် 'အတုမြင် အတတ်သင်' ဟူသော စကားသည် သဘာဝကျ မှန်ကန်ပါသည်။

သာဓက ။ **ပစ္စည်းစာပိဒ်-၃၁။**

ကျွန်ုိယ (၃) မျိုး၏ ပစ္စည်း, ပစ္စယုပ္ပန်များ

(ပုရေဇာတိန်ုိယ၏) ပစ္စည်းကား ပဥ္စဝတ္ထု (ပဥ္စပသာဒရုပ်) တို့ဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား ဒွေပဥ္စဝိညာဏ် (၁၀) သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇) ခုတို့ ဖြစ်ပါသည်။

သာဓက ။ **ပဥ္စပသာဒါ ပဥ္စန္နံ ဝိညာဏာနံ (ကျွန်ုိယဝသေန)။**

(ရူပဇီဝိတိန်ုိယ၏) ပစ္စည်းကား ပဝတ္တိ, ပဋိသန္ဓေအားဖြင့် အလုံးစုံသော ရုပ်ဇီဝိတိန္ဒြေဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ် (၈) ခု, (၉) ခုဖြစ်ပါသည်။

သာဓက ။ **ရူပဇီဝိတိန်ုိယံ ဥပါဒိန္နရူပါနံ (ကျွန်ုိယဝသေန)။**

(သဟဇာတိန်ုိယ၏) ပစ္စည်းကား ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာဟူသော နာမ်ကွန်ြေတရားကိုယ် (၈) ပါးတို့ဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား စိတ်(၈၉) ခု, စေတသိက် (၅၂) ခု, သမ္မယုတ္တကွန္ဓာ, စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့ဖြစ်ပါသည်။

သာဓက ။ **အရူပိနော ကျွန်ုိယာ သဟဇာတာနံ နာမရူပါနံ (ကျွန်ုိယဝသေန)။**

http://www.dhammadownload.com

ဝိပဿယုတ္တ (၃) မျိုး၏ ပစ္စည်း, ပစ္စယုပ္ပန်များ

(သဟဇာတဝိပဿယုတ္တ၏) ပစ္စည်းကား ပဋ္ဌဝေါကာရဘုံ၌ဖြစ်ခိုက်, ဖြစ်နေ (အရူပဝိပါက် (၄) ခု, ဒွေပဋ္ဌဝိညာဏ် (၁၀), ရဟန္တာတို့၏ စုတိကြဉ်သော) စိတ် (၇၅) ခု, စေတသိက် (၅၂) ခုဟူသော ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ (၄) ပါး၊ (အချင်းချင်းအားတပ်သော) ပဋ္ဌဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာနှင့်အတူ ဥပါဒ်သောဟဒယဝတ္ထု။တို့ဖြစ်ပါသည်။

ပစ္စယုပ္ပန်ကား စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်၊ ပဋ္ဌဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု တို့ဖြစ်ပါသည်။

သာဓက ။ **ဩက္ကန္တိက္ခဏေ ဝတ္ထုဝိပါကာနံ, စိတ္တစေတသိကာ ဓမ္မာ သဟဇာတ ရူပါနံ သဟဇာတဝသေန။**

မှတ်ရန် ။ **သင်္ဂြိဟ်ကျမ်းရင်း၌ သဟဇာတဝိပ္ပယုတ္တ ပစ္စည်း, ပစ္စယုပ္ပန်ကို တစ်စိတ်တစ်ဒေသသာ ပြဆိုထားသဖြင့် ဤကျမ်း၌ ပဌာန်းဆိုရိုးနှင့် ညီနှိုင်းဖော်ပြပါသည်။ ပစ္ဆာဇာတဝိပ္ပယုတ္တ၏ ပစ္စည်း, ပစ္စယုပ္ပန်သည် ပစ္ဆာဇာတနှင့်တူ၍၊ ပုရေဇာတဝိပ္ပယုတ္တ၏ ပစ္စည်း, ပစ္စယုပ္ပန်သည် ဝတ္ထုပုရေဇာတနှင့် တူ၏။**

ပဋ္ဌဝေါကာရဘုံ၌ ဖြစ်ခိုက်, ဖြစ်နေ၏အဓိပ္ပါယ်

စတုဝေါကာရဘုံ၌လည်းဖြစ်ကောင်းသော လောဘမူစသော (၄၂) ပါးတို့ကို ရည်ရွယ်၍ ပဋ္ဌဝေါကာရဘုံ၌ဖြစ်ခိုက်ဟူသော စကားကိုဆိုပါသည်။ ပဋ္ဌဝေါကာရဘုံ၌သာ အမြဲဖြစ်သော ဒေါသမူစသော (၄၃) ပါးတို့ကို ရည်ရွယ်၍ (ပဋ္ဌဝေါကာရဘုံ၌) ဖြစ်နေဟူသောစကားကိုဆိုပါသည်။

အတ္ထိပစ္စည်း, အဝိဂတပစ္စည်းအပြား (၅) မျိုး

၁။ သဟဇာတတ္ထိ၊ သဟဇာတအဝိဂတ။ (သဟဇာတပစ္စည်းနှင့်တူ၏။)

၂။ ပုရေဇာတတ္ထိ၊ ပုရေဇာတအဝိဂတ။ (ဝတ္ထုပုရေဇာတ အာရမ္မဏပုရေဇာတပစ္စည်းနှင့်တူ၏)

၃။ ပစ္ဆာဇာတတ္ထိ၊ ပစ္ဆာဇာတအဝိဂတ။ (ပစ္ဆာဇာတပစ္စည်းနှင့်တူ၏။)

၄။ ရူပအာဟာရတ္ထိ၊ ရူပအာဟာရအဝိဂတ။ (ရုပ်အာဟာရပစ္စည်းနှင့်တူ၏။)

http://www.dhammadownload.com

၅။ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ရူပဇီဝိတိန္ဒြိယအဝိဂတ။ (ရူပဇီဝိတိန္ဒြိယပစ္စည်းနှင့်တူ၏။)

သာဓက ။ **ပစ္စည်းစာပိုဒ်-၃၄။**

မှတ်ရန် ။ **နာမ်အာဟာရသည် သဟဇာတတ္ထိ၌၄င်း၊ သဟဇာတိန္ဒြိယသည် သဟဇာတတ္ထိ၌၄င်း၊ ပုရေဇာတိန္ဒြိယသည် ပုရေဇာတတ္ထိ၌၄င်း ပါဝင်သည်ဟုမှတ်ပါ။**

အကြောင်းတရား ထင်ရှားရှိစဉ်သာ ကျေးဇူးပြုသော ပစ္စည်းများ

အကြောင်းတရားထင်ရှားရှိစဉ်ကာလ၌သာ ကျေးဇူးပြုနိုင်သော ပဋ္ဌာန်းပစ္စည်းများကား သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, ရူပအာဟာရတ္ထိ, ရူပဇီဝိတိန္ဒြိယတ္ထိ တို့ဖြစ်ပါသည်။

သာဓက ။ **ပစ္စည်းစာပိုဒ်-၃၄။**

အတ္ထိနှင့် အဝိဂတအထူး

မိမိပရမတ်သဘောတရား ထင်ရှားရှိကာမျှဖြင့် ကျေးဇူးပြုခြင်းသည် အတ္ထိပစ္စည်းသဘောတည်း။ ချုပ်ပျောက်ခြင်းသို့ မရောက်သည်၏အစွမ်းဖြင့် ကျေးဇူးပြုခြင်းသည် အဝိဂတပစ္စည်း၏သဘောတည်း။ (ဋီ-၂၄၅)

ပဋ္ဌာန်း (၂၄) ပစ္စည်းတို့၏ အကျဉ်းချုပ် (၄) မျိုး

ပဋ္ဌာန်း (၂၄) ပစ္စည်းတို့ကို ဖြစ်ထိုက်သလိုသွင်း၍ အကျဉ်းချုပ် ရေတွက်လျှင် အာရမ္မဏ, ဥပနိဿယ, ကမ္မ, အတ္ထိအားဖြင့် (၄) ပစ္စည်းတွင်ပါဝင်ကြပါသည်။

သာဓက ။ **ပစ္စည်းစာပိုဒ်-၃၅။**

သဟဇာတရူပ၏ တရားကိုယ် (၂) မျိုး

သဟဇာတမျိုးဟူသမျှတွင် သဟဇာတရူပံအရ ပဝတ္တိအခါဖြစ်ခဲ့သော် စိတ္တဇရုပ်ကိုယူရမည်။ ပဋိသန္ဓေအခါဖြစ်ခဲ့သော် ကမ္မဇရုပ်ကိုယူရမည်။ ဤသို့ သဟဇာတရူပါနံဟုလာရှိသည့်ပါဠိ ဟူသမျှ သဟဇာတရုပ် (၂) မျိုးရှိပါသည်။

သာဓက ။ **ပစ္စည်းစာပိုဒ်-၃၆။**

http://www.dhammadownload.com

ပဋ္ဌာန်း (၂၄) ပစ္စည်းဆိုင်ရာကို တေကာလိကစသည်ဖြင့် ခွဲပုံ

ပဋ္ဌာန်း (၂၄) ပစ္စည်းတို့သည် တေကာလိက, ကာလဝိမုတ္တအားဖြင့်၄င်း၊ အဖ္ဖတ္တဗဟိဒ္ဓ, အားဖြင့်၄င်း၊ သခ်ိတ, အသခ်ိတအားဖြင့်၄င်း၊ ပညတ်, နာမ်, ရုပ်အားဖြင့်၄င်းပြားပါသည်။

သာဓက ။ **ပစ္စည်းစာပို ဒ်-၃၇။**

တေကာလိကစသည်တို့၏ တရားကိုယ်များ

တေကာလိကတရားကား စိတ်, စေတသိက်, ရုပ်တို့တည်း။

ကာလဝိမုတ်တရားကား နိဗ္ဗာန်နှင့် ပညတ်တို့တည်း။

အဖ္ဖတ္တတရားကား အတွင်းသန္တာန်၌ဖြစ်သော စက္ခု, သောတ, ဃာန, ဇိဟ္ဝာ, ကာယ, မနဟူသော စိတ်, စေတသိက်, ရုပ်တို့တည်း။

ဗဟိဒ္ဓတရားကား အပသန္တာန်၌ဖြစ်သော စိတ်, စေတသိက်, ရုပ်နှင့် နိဗ္ဗာန် တို့တည်း။

သခ်ိတတရားကား ကံစသောအကြောင်းတရားတို့က ပြုပြင်စီမံအပ်သော စိတ်, စေတသိက်, ရုပ်တို့တည်း။

အသခ်ိတတရားကား ကံစသောအကြောင်းတရားတို့က မပြုပြင် မစီမံအပ်သော နိဗ္ဗာန်, ပညတ်တို့တည်း။ ထိုတေကာလိကစသည်ဖြင့် ကွဲပြားသော ပဋ္ဌာန်းပစ္စည်းတရားတို့သည် အနှစ်ချုပ်အားဖြင့် **ပညတ်, နာမ်, ရုပ်တရား**တို့တည်း။

ပဋ္ဌာန်း (၂၄) ပစ္စည်းကို ပညတ်, နာမ်, ရုပ်အားဖြင့် ဝေဘန်ပုံ

အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ, အာသေဝန, သမ္မယုတ္တ, ဟေတု, စျာန, မဂ္ဂ, ကမ္မ, ဝိပါက, ပစ္စာဇာတအားဖြင့် (၁၂) ပစ္စည်းတို့သည် နာမ်တရားသက်သက်ပစ္စည်းတို့တည်း။

သာဓက ။ **ဆဓာ နာမံ တု နာမဿ၊ ပဒွေ နာမရူပိနံ၊ ဧကော ပုန ရူပဿ။**
(အကျယ်သာဓက)ပစ္စည်းစာပို ဒ်-၁၆၊ ၁၇၊ ၁၈။

ပုရေဇာတပစ္စည်းသည် ရုပ်တရားသက်သက်ပစ္စည်းတည်း။

သာဓက ။ **ရူပံ နာမဿ ဧကော။ (အကျယ်သာဓက) ပစ္စည်းစာပို ဒ်-၁၉။**

အာရမ္မဏ, ဥပနိဿယအားဖြင့် (၂) ပစ္စည်းတို့သည် ပညတ်, နာမ်, ရုပ် (၃) မျိုးပါဝင်သောပစ္စည်းတို့တည်း။

သာဓက ။ **ပညတ္တိ နာမရူပါနိ နာမဿ ဒုဝိဓာ။ (အကျယ်သာဓက) ပစ္စည်းစာပို ဒ်-၂၀။**

http://www.dhammadownload.com

အဓိပတိ, သဟဇာတ, အညမည, နိဿယ, အာဟာရ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတအားဖြင့် (၉) ပစ္စည်းတို့သည် နာမ်ရုပ် (၂) မျိုးပါဝင်သော ပစ္စည်းတို့တည်း။

သာဓက ။ **ဒွယံ ဒွယဿ နဝဓာ။ (အကျယ်သာဓက) ပစ္စည်းစာပို၆-၂၆။**

ပဋ္ဌာန်း (၂၄) ပစ္စည်းကို ကာလအားဖြင့် ဝေဘန်ပုံ

ပဋ္ဌာန်း (၂၄) ပစ္စည်းတို့တွင် အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတဟူသော ပစ္စည်း (၅) မျိုးတို့သည် အတိတ်ကာလ၌ဖြစ်သော အတီတကာလိကပစ္စည်းတို့တည်း။

ကမ္မပစ္စည်းသည် အတိတ်, ပစ္စုပ္ပန်အားဖြင့် ကာလ (၂) မျိုး၌ဖြစ်သော ဒွိကာလိက ပစ္စည်းတည်း။

အာရမ္မဏ, အဓိပတိ, ဥပနိဿယဟူသော ပစ္စည်း (၃) မျိုးတို့သည် အတိတ်, ပစ္စုပ္ပန်, အနာဂတ်အားဖြင့် ကာလ (၃) မျိုး၌ဖြစ်သော တိကာလိကပစ္စည်းတို့တည်း။

ဆိုအပ်ပြီးသည့် ပစ္စည်း (၉)မျိုးတို့မှကြွင်းသော (၁၅) ပစ္စည်းတို့သည် ပစ္စုပ္ပန်ကာလ၌ဖြစ်သော ပစ္စုပ္ပန္နကာလိကပစ္စည်းတို့တည်း။ (**ဋီ-၂၅၂၊ ၂၅၃**)

ဆောင် * **နန်, နန်, သေ, နတ်၊ ဝိဂမှတ်၊ ငါးရပ်အတိတ်မှန်။**

* **ကမ္မပစ္စယ၊ ဖြစ်ကာလ၊ တီတ, ပစ္စုပ္ပန်။**
* **အာ, မိ, ဥပ၊ ဖြစ်သမျှ၊ ကာလသုံးမျိုးမှန်။**
* **ကိုးခုမှကျန်၊ ဆယ့်ငါးတန်၊ ကာလံပစ္စုပ္ပန်။**

ပဋ္ဌာန်း (၂၄) ပစ္စည်းလုံးတို့၏ တရားကိုယ်အနှစ်ချုပ်

ပဋ္ဌာန်း (၂၄) ပစ္စည်းအားလုံးတို့၏ တရားကိုယ်သည် အနှစ်ချုပ်အားဖြင့် ပညတ်, နာမ်, ရုပ်ဟူ၍ (၃) ပါးရှိပါသည်။

သာဓက ။ **ပညတ္တိ နာမရူပါနံ (ပ) စတုဝိသတိ သဗ္ဗထာ။**

http://www.dhammadownload.com

ရူပ်, နာမ်, ပညတ်တို့၏ အရေမျှား

ပဋ္ဌာန်းပစ္စည်းအားလုံးတို့၏ တရားကိုယ်အကျဉ်းချုပ်တွင်ပါဝင်သော ရူပအရ ရူပက္ခန္ဓာဆိုင်ရာ ရူပ် (၂၈) ပါးကိုရပါသည်။ နာမ်အရ စိတ် (၈၉)ပါး, စေတသိက် (၅၂) ပါး ဟူသော နာမက္ခန္ဓာနှင့် နိဗ္ဗာန်တို့ကို ရပါသည်။ ပညတ်အရ သဒ္ဒပညတ်, အတ္ထပညတ်တို့ကိုရပါသည်။

သာဓက ။ **ပစ္စည်းစာပိုဒ်-၃၈၊ ၃၉။**

လောကုတ္တရာစိတ်ကို နိဗ္ဗာန်ဟုမဆိုနိုင်

ရူပ်နှင့် နာမ်၏သရုပ်ကိုပြရာ၌ နာမ်တရားတွင် ပါဝင်သော စိတ် နှင့် နိဗ္ဗာန်တို့ကို ခွဲခြားပြဆိုထားသောကြောင့် နိဗ္ဗာန်ကို လောကုတ္တရာဟု ဆိုထားသော်လည်း လောကုတ္တရာစိတ်ကိုနိဗ္ဗာန်ဟု မဆိုနိုင်ပါ။

သာဓက ။ **ပစ္စည်းစာပိုဒ်-၃၈။**

အကျယ် (၁) နည်း

နိဗ္ဗာန်ကို မဂ်, ဖိုလ်တို့၏ အာရုံဖြစ်သောတရားဟု ဆိုထားသောကြောင့်၄င်း၊ လောကုတ္တရာစိတ်သည် ဝိညာဏက္ခန္ဓာတွင် ပါဝင်၍ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်သောကြောင့်၄င်း၊ ရူပ်နှင့် နာမ်၏သရုပ်ကိုပြရာ၌ နာမ်တရားတွင် ပါဝင်သော စိတ်နှင့် နိဗ္ဗာန်တို့ကို ခွဲခြား ပြဆိုထားသောကြောင့်၄င်း၊ လောကုတ္တရာစိတ်ကို နိဗ္ဗာန်ဟု မခေါ်နိုင်ပါ။

သာဓက ။ **ရူပ်စာပိုဒ်-၆၂၊ သမုစ္စည်းစာပိုဒ်-၄၉ ဘေဒါဘာဝေန နိဗ္ဗာနံ ခန္ဓသင်္ဂဟံ နိဿဇ္ဇနှင့် ပစ္စည်းစာပိုဒ်-၃၈။**

ပညတ် (၂) မျိုး

ပညတ်သည် အပြားအားဖြင့်သိစေအပ်, (ခေါ်ဝေါ်အပ်, ခေါ်ဝေါ်ခံရသော, သိတွယ်ရာဝတ္ထုအနက်ဖြစ်) အတ္ထပညတ်၊ အပြားအားဖြင့် သိစေတတ်, (ခေါ်ဝေါ်ကြောင်းဖြစ် သော, သိစေကြောင်းအချက်အလက်) သဒ္ဒနာမပညတ်ဟူ၍(၂) မျိုးရှိပါသည်။

သာဓက ။ **ပစ္စည်းစာပိုဒ်-၃၉။**

http://www.dhammadownload.com

အတ္ထပညတ်အမျိုးအစားနှင့် ပုံစံများ

၁။ မဟာဘုတ်များ ဖောက်ပြန်သည့် ပုံသဏ္ဌာန်ကိုစွဲ၍ ခေါ်ဝေါ်ပညတ်အပ်သော **သဏ္ဌာနပညတ်**။

ပုံစံကား ။ မြေ, တောင်စသည်တည်း . . .

* **ဘုတ်များဖောက်ပြန်၊ ပုံသဏ္ဌာန်နေ၊ စွဲ၍ပေ၊ တောင်, မြေ, မြစ် စ သဏ္ဌာန**။

သာဓက ။ **တံတံဘူတ ဝိပရိဏာမာကာရ မုပါဒါယ တထာ တထာ ပညတ္တာ ဘူမိပဗ္ဗတာဒိကာ**။

၂။ သစ်, ဝါး စသော အဆောက်အဦးတို့၏ ပေါင်းစပ်မှုကို စွဲ၍ခေါ်ဝေါ်ပညတ်အပ်သော **သမူဟပညတ်**။

ပုံစံကား ။ ဇရပ်, အိမ်, လှည်း, ရထား စသည်တည်း . . .

* **ဆောက်ဦပေါင်းစပ်၊ စွဲပညတ်သည့်၊ ဇရပ်, အိမ်, လှည်း၊ ရထားတွဲ၊ ခေါ်မြဲသမူဟ**။

သာဓက ။ **သမ္ဘာရသန္နိဝေသာကာရမုပါဒါယ ဂေဟရထသကဋာဒိကာ**။

၃။ ခန္ဓာငါးပါး အပေါင်းကို စွဲ၍ ခေါ်ဝေါ် ပညတ်အပ်သော **သတ္တပညတ်**။

ပုံစံကား ။ လူ, နတ်, ကျား, မ, ပုဂ္ဂိုလ် စသည်တည်း . . .

* **ခန္ဓာငါးရပ်၊ စွဲပညတ်သည့်၊ လူ, နတ်, ကျား, မ၊ ပုဂ္ဂိုလ်စ၊ ခေါ်ကြ သတ္တပညတ်တည်း**။

သာဓက ။ **ခန္ဓပဉ္စကမုပါဒါယ ပုရိသပုဂ္ဂလာဒိကာ**။

၄။ နေ, လတို့၏ ထွက်ဝင်မှုကို စွဲ၍ ခေါ်ဝေါ်ပညတ်အပ်သော **ဒိသာကာလာဒိပညတ်**။

ပုံစံကား ။ အရှေ့, အနောက်, နံနက်, ည စသည်တည်း . . .

* **နေလထွက်ဝင်၊ စွဲ၍ပင်၊ ခေါ်ဝင် ဒိသာကာလာဒိ**။

သာဓက ။ **စန္ဒဝဋ္ဋနာဒိကမုပါဒါယ ဒိသာကာလာဒိကာ**။

၅။ ကိုင်တွယ် တွေ့ထိ၍ မရရှိရာကို စွဲ၍ ခေါ်ဝေါ် ပညတ်အပ်သော **အာကာသပညတ်**။

ပုံစံကား ။ တွင်း, လိုဏ်, ဂူ စသည်တည်း . . .

* **ကိုင်တွယ်တွေ့ထိ၊ မရရှိရာ၊ စွဲ၍သာ၊ တွင်းပါဂူစအာကာသ**။

သာဓက ။ **အာသမ္ဖုဋ္ဌာကာရမုပါဒါယ ကူပဂုဟာဒိကာ**။

http://www.dhammadownload.com

၆။ ပွားများအားထုတ်အပ်သော မဟာဘုတ်စသည်ကို စွဲ၍ ခေါ်ဝေါ် ပညတ်အပ်သော **ကသိဏနိမိတ္တာဒိပညတ်။**

ပုံစံကား ။ ပထဝီကသိုဏ်းနိမိတ် စသည်တည်း . . .

*** ပွားများအားထုတ်၊ မဟာဘုတ်စ၊ စွဲခေါ်ကြ၊ ကသိဏနိမိတ္တာဒိ။**

သာဓက ။ **တံတံဘူတနိမိတ္တံ ဘာဝနာဝိသေသဋ္ဌ ဥပါဒါယ ကသိဏနိမိတ္တာဒိကာ။**

ယောက်ျားနှင့်မိန်းမ သတ်မှတ်ခေါ် ဆို့မှု ဖြစ်လာခြင်းအကြောင်း

ခန္ဓာ (၅) ပါးအပေါင်းကို အစွဲပြု၍ ယောက်ျား, မိန်းမ စသည်ဖြင့် ခေါ်ဝေါ်သတ်မှတ်မှု ဖြစ်လာရပါသည်။

သာဓက ။ **ခန္ဓပဉ္စကမုပါဒါယ ပုရိသပုဂ္ဂလာဒိကာ။**

နေ့နှင့် ညဖြစ်ပေါ်လာခြင်း အကြောင်းရင်း

လ, နေ နက္ခတ်တို့၏ မြင်းမိုရ်တောင်ကို လက်ယာရစ်လည်လျက်ထွက်ပုံ, ဝင်ပုံ အစရှိသည်ကို အစွဲပြု၍ နေ့နှင့်ည ဟူသောခေါ်ဝေါ်သတ်မှတ်မှုကာလ ပညတ်ဖြစ်ပေါ်လာရပါသည်။

သာဓက ။ **စန္ဒာဝဋ္ဋနာဒိကမုပါဒါယ ဒိသာကာလာဒိကာ။**

မှတ်ဖွယ် ။ **အရပ်မျက်နှာ ခေါ်ဝေါ်သတ်မှတ်မှု ဒိသပညတ် ဖြစ်ပေါ်လာပုံကို လည်းအထက်ပါ အကြောင်းပြနှင့်ပါဠိသာဓကတို့ကို ထောက်၍ဖြေပါ။**

အာဒိသဒ္ဒါတို့၏ အာဒိဝန္တအရုပ္ပများ

ဘူမိပဗ္ဗတာဒိကာဒ် အာဒိဖြင့်ယူရမည့် အာဒိဝန္တအရုကား ရုက္ခ (သစ်ပင်), နဒီ (မြစ်), သမုဒ္ဒ (သမုဒ္ဒရာ)စသော သဘာဝစုစည်းမှု ဝတ္ထုအနက်ဒြဗ်တို့ကိုယူရမည်။

သကဋာဒိကာဒ် အာဒိဝန္တအရုကား ဂါမ (ရွာ), ဃဋ (အိုး), ပဋ (ပုဆိုး)စသော လူတို့ ပြုပြင်စုစည်းမှု သက်မဲ့ဝတ္ထုအနက်ဒြဗ်တို့ကို ယူရမည်။

http://www.dhammadownload.com

ပုရိသပုဂ္ဂလာဒိကာ၌ အာဒိဝန္တအရကား: ကွတ္ထိ (မိန်းမ), အတ္တ (အတ္တကောင်), ဇီဝ (အသက်ဝိညာဉ်)စသော သဘာဝစုစည်းမှုသက်ရှိဝတ္ထုအနက်ဖြင်တို့ကို ယူရမည်။

ဒိသာကာလာဒိကာ၌ အာဒိဝန္တအရကား: ထလ (အမြင့်), နိန္န (အနိမ့်)စသည်နှင့် ဥတု (ဆောင်း, နွေ, မိုး), မာသ (တန်ခူးစသောလ), သံဝစ္ဆရ (ခုနှစ်သက္ကရာဇ်) စသော ဝတ္ထုအနက်ဖြင်တို့ကိုယူရမည်။

ကူပဂုဟာဒိကာ၌ အာဒိဝန္တအရကား: လေဏ (လိုဏ်), ဆိဒ္ဒ (အပေါက်), ဝိဝရ (အကြား), သုသိရ (အခေါင်း) စသော ဝတ္ထုအနက်ဖြင်တို့ကိုယူရမည်။

ကသိဏာနိမိတ္တာဒိကာ၌ အာဒိဝန္တအရကား: အသုဘပညတ်, ကောဋ္ဌာသပညတ်, အာနာပါနပညတ် စသော ဝတ္ထုအနက်ဖြင်တို့ကိုယူရမည်။

ဧဝမာဒီ၌ အာဒိဝန္တအရကား: ကသိဏ္ဍလိဒ္ဓိမာကာသပညတ်, နတ္ထိဘောပညတ်, နိရောဓသမာပတ်ပညတ်စသော ဝတ္ထုအနက်ဖြင်တို့ကိုယူရမည်။

အတ္ထပညတ် ဝတ္ထုဖြင်သည် ပရမတ်အတူ

အတ္ထပညတ်ဟူသော အရာဝတ္ထု အထည်ဖြင်စုတို့သည် ပရမတ်တရား၏အရိပ်အယောင် အခြင်းအရာ, အတူအယောင်အခြင်းအရာအားဖြင့် ကောင်းစွာခေါ်ဝေါ်ပြောဆို သုံးစွဲအပ်သောကြောင့် ပရမတ်အတူများသာဖြစ်ပါသည်။

သာဓက ။ **ဧဝမာဒိပွဘေဒါပန ပရမတ္ထတော အဝိဇ္ဇမာနာပိ အတ္ထစ္ဆာယာကာရေန (ပ) ပညတ္တိတိ ပဝုစ္စတိ။**

ပညတ်သည် ပရမတ်နှင့် မကင်းပုံ

အတ္ထပညတ် ဝတ္ထုဖြင်တို့သည် ပရမတ်အားဖြင့် ထင်ရှားမရှိသော်လည်း မဟာဘုတ်စသော ပရမတ်တရားတို့၏ အရိပ်အယောင်အားဖြင့် စိတ္တုပ္ပါဒ်၌ထင်လာရသဖြင့် စိတ်, စေတသိက်တို့၏ အာရုံဖြစ်နေသောကြောင့် ပညတ်သည် ပရမတ်နှင့် မကင်းပါ။ (ပညတ်သည် ပရမတ်၏ အာရုံဖြစ်နိုင်ပါသည်။)

သာဓက ။ **ဧဝမာဒိပွဘေဒါပန ပရမတ္ထတော အဝိဇ္ဇမာနာပိ အတ္ထစ္ဆာယာကာရေန (ပ) ပညတ္တိတိ ပဝုစ္စတိ။**

http://www.dhammadownload.com

အတ္ထပညတ်၏ သဘာဝ

အမျိုးမျိုးသော အခြင်းအရာကိုစွဲ၍, ထောက်ဆ၍ ပညတ်ခြင်း၏အကြောင်း, ပဝတ္ထိ နိမိတ်ပြု၍ အမျိုးမျိုးအဖုံဖုံ ထင်မြင်သဘောပေါက်သလို ကြံစည်၍ယူအပ်သော အထည်ကိုယ် ဝတ္ထု အနက်ဖြစ်သည် အတ္ထပညတ်မည်၏။

သာဓက ။ **တံတံ ဥပါဒါယ ဥပါနိဓါယ ကာရဏံ ကတွာ တထာ တထာ ပရိကပ္ပိယ မာနာ (ပ) ပညတ္တိတိ ပဝုစ္စတိ။**

သဒ္ဒနာမပညတ် (၁) ခု၏ သဘာဝအမည် (၆) မျိုး

သဒ္ဒနာမပညတ် (၁) ခုလျှင်

(၁) ဝတ္ထုဖြစ်တို့၏အမည်ဟူသော **နာမ**၊

(၂) အမည်မှည့်မူဟူသော **နာမ, ကမ္မ**၊

(၃) အမည်နှင့် ဝတ္ထုဖြစ်တို့ ဆက်စပ်မိခြင်းဟူသော **နာမဓေယ္ယ**၊ —

(၄) အမည်တစ်ခုကို သီးခြားထုတ်ဆိုခြင်းဟူသော **နာမနိရုတ္တိ**၊

(၅) အမည်က ဝတ္ထုဖြစ်ကိုဖော်ပြခြင်းဟူသော **နာမဗျဥ္ဇန**၊

(၆) အမည်ကို ပြောဆိုသုံးစွဲခြင်းဟူသော **နာမာဘိလာပ** အားဖြင့်သဘာဝအမည် (၆) မျိုးရှိပါသည်။

သာဓက ။ **ပညာပနတော ပညတ္တိ ပန နာမနာမကမ္မာဒိနာမေန ပရိဒီပိတာ။**

သဒ္ဒ (နာမ) ပညတ် အမျိုးအစား (၆) ခုနှင့် ပုံစံများ

၁။ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ဝိဇ္ဇမာနပညတ်။

ပုံစံကား ။ ရူပ (ရုပ်)၊ ဝေဒနာ (ဝေဒနာ)။

၂။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အဝိဇ္ဇမာနပညတ်။

ပုံစံကား ။ ဘူမိ (မြေ)၊ ပဗ္ဗတ (တောင်)။

၃။ ပရမတ္ထအားဖြင့် ထင်ရှားရှိမှု, မရှိမှု(၂) မျိုးတွဲသော ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။

ပုံစံကား ။ ဆဋ္ဌဘိညော (ခြောက်ပါးသော အဘိညာဉ်+ ရှိသူ)

http://www.dhammadownload.com

၄။ ပရမတ္ထအားဖြင့် ထင်ရှား မရှိမှု, ရှိမှု နှစ်မျိုးတွဲသော အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်။
ပုံစံကား ။ ကုတ္ထိသဒ္ဒါ (မိန်းမ+အသံ)

၅။ ပရမတ္ထအားဖြင့် ထင်ရှားရှိမှု, ရှိမှု နှစ်မျိုးတွဲသော ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်။
ပုံစံကား ။ စက္ခုဝိညာဏ် (စက္ခုဝတ္ထုကိုမှီ၍ ဖြစ်သော+ဝိညာဏ်)။

၆။ ပရမတ္ထအားဖြင့် ထင်ရှားမရှိမှု, မရှိမှု နှစ်မျိုးတွဲသော အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။
ပုံစံကား ။ ရာဇပုတ္တော (မင်း+သား)

သာဓက ။ **ပစ္စည်းစာပိုဒ်-၄၂။**

စာပေသည် အသိဉာဏ်ဖွံ့ဖြိုးမှုအတွက် အထောက်အကူပြု

စာပေဟူသည် အများသိရှိနားလည်စေရန်အတွက် ဝေါဟာရစကားလုံးများကို နည်းမျိုးစုံဖြင့် မှတ်တမ်းတင်ထားသော သဒ္ဒပညတ် တစ်မျိုး ပင်ဖြစ်၏။ ထိုသဒ္ဒပညတ်သည် သညာ, ပညာစေတသိက်နှင့် တကွသော စိတ် စေတသိက် (နာမ်တရား) တို့အား အာရုံအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော အစွမ်း (အာရမ္မဏသတ္တိ)၊ အလွန် အားထားမှီခိုရာအဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော အစွမ်း (ဥပနိဿယသတ္တိ) တို့ဖြင့် ကျေးဇူးပြုထောက်ပံ့တတ်သော ကြောင့် စာပေသည် အသိဉာဏ်ဖွံ့ဖြိုးမှုအတွက် အထောက်အကူ (၁) မျိုးဖြစ်ပါသည်။

သာဓက ။ **ပစ္စည်းစာပိုဒ်-၂၀၊ ၄၃။**

ပညတ် (၂) မျိုးကို သိပုံဝိထိများ

(၁) အိုးဟူသော စကားသံ (၁) ခုကိုကြားသောအခါ ထိုအိုးဟူသောအသံ (ပစ္စုပ္ပန်သဒ္ဒါရုံ) ကိုအာရုံပြု၍ **သောတဝိညာဏဝိထိဖြစ်၏။**

(၂) ထို့နောက် ချုပ်ပျောက်သွားပြီးသော အိုးဟူသောအသံ (အတိတ်သဒ္ဒါရုံ) ကို ဆက်လက်အာရုံပြု၍ **တဒနုဝတ္တိကာမနောဒ္ဒါရဝိထိဖြစ်ရပြန်၏။**

သာဓက ။ **ဝစီယောသာနုသာရေန သောတာဝိညာဏဝိထိယာ။**

ဤဝိထိ (၂) မျိုးဖြင့် အသံသာမည (သဒ္ဒါရုံမျှ) ကိုသာသိသေး၏။ နာမပညတ်ကို ဘာရယ်, ညာရယ်လို့ တတ်အပ်သေချာမသိနိုင်သေးပါ။

(၃) ထို့နောက် အိုးဟူသော နာမပညတ်စကားသံကို အာရုံပြု၍ သိသော **သုဒ္ဓမနော**

http://www.dhammadownload.com

ဒွါရဝိထိ ဖြစ်ရပြန်၏။

သာဓက ။ **ပဝတ္တာနန္တရုပ္ပန္နံ မနောဒွါရဿ ဂေါစရာ။**

(၄) ထိုအိုးဟူသော နာမပညတ်ကိုအာရုံပြုသိပြီးနောက် ကြားရသော စကားသံနှင့် ပတ်သက်သည့် အိုးဒြဗ် (အတ္ထပညတ်) ကိုအာရုံပြု၍ **သုဒ္ဓမနောဒွါရဝိထိ** ဖြစ်ရ၏။ ဤသို့ဖြစ်သောအခါမှသာလျှင် (ဩော် . . . ဤစကားသံကား ဘယ်အရာဝတ္ထုကို ရည်ညွှန်းပြောနေတာဘဲ) ဟုပုံပန်း, ဒြဗ်အကြောင်းအရာဝတ္ထု အတ္ထပညတ်စုကို တတ်အပ်သေချာ မြင်ယောင်မိကာသိလာပါတော့သည်။

သာဓက ။ **အတ္ထာ ယဿာနုသာရေန ဝိညာယန္တိ၊ တတော ပရံ။**

ဆောင် * **ပစ္စုပ္ပန်သံ၊ အာရုံခံ၊ ဖြစ်ဟန်သောတဝိညာဏာ။**

* **အတိတ်သံစု၊ အာရုံပြု၊ တဒနုဝတ္တိကာ မနောဒွါရ။**

* **နာမပညတ်၊ အာရုံမှတ်၊ သိလတ်သုဒ္ဓမနောဒွါရ။**

* **အတ္ထပညတ်၊ (အနက်ဒြဗ်)၊ အာရုံမှတ်၊ ဖြစ်ထပ်သုဒ္ဓမနောဒွါရ။**

မှတ်ရန် ။ **လူ, ခွေး, မြင်း, ဆင်, နွား, ခြင်, ယင်, ကျား အစရှိသည့် အကွရာ (၁) လုံးစီသာရှိသော စကားသံများကိုကြားရာ၌လည်းဖော်ပြပြီးသော ဝိထိ ဖြစ်ပုံအတိုင်းမှတ်ပါ။ ဘုရား, တရား, သံဃာအစရှိသည့် အက္ခရာ (၂) လုံးစီရှိသော စကားသံများကိုကြားရာ၌မူ အက္ခရာ(၁)လုံးအတွက် သောတဝိညာဏဝီထိ, တဒနုဝတ္တိကာမနောဒွါရဝီထိဟူသော ဝီထိ (၂) မျိုးအပြင် နောက်အက္ခရာအတွက် ထိုဝီထိ (၂) မျိုးထပ်တိုးပါ။ အက္ခရာ (၁) လုံးတိုးတိုင်း, တိုးတိုင်း သောတဝိညာဏဝီထိ, တဒနုဝတ္တိကာမနောဒွါရဝီထိ (၂) မျိုးထပ်တိုးရုံသာထူးပြီး, ကျန်သောသုဒ္ဓမနောဒွါရဝီထိများဖြစ်ပုံကား တိုးမှုမရှိ (၂) ဝီထိ သာဟုမှတ်ပါလေ။**

(သဒ္ဒ နာမပညတ်) စကားလုံးများ ထွန်းကားလာပုံ

သဒ္ဒနာမပညတ်ကို သတ္တဝါတို့၏ သတ်မှတ်သုံးနှုန်း ပြောဆိုမှုဟူသော လောကသင်္ကေတနှင့် အံဝင်ခွင်ကျဖြစ်စေဘို့ ကမ္ဘာဦးသူရှေးလူကြီးသူမတို့က တစ်စတစ်စ တီထွင်စီစဉ်လာခဲ့မှု ကြောင့် (သဒ္ဒပညတ်) စကားလုံးများ ထွန်းကားပေါ်ပေါက်လာကြပါသည်။

သာဓက ။ **သာယံ ပညတ္တိ ဝိညေယျာ၊ လောကသင်္ကေတနိမ္မိတာ။**

http://www.dhammadownload.com

ဒီဇွန်မာနပညတ် စကားလုံးများကို စတင်တီထွင်သုံးနှုန်းခဲ့သူ

ဘုရားရှင်တို့သာ ပရမတ္ထဆိုင်ရာများကို ထုတ်ဖော်ဟောကြားတော်မူခဲ့သောကြောင့် ပရမတ်အားဖြင့် ထင်ရှားရှိသည့် ရုပ်, ဝေဒနာအစရှိသော ဝိဇ္ဇမာန (သဒ္ဒနာမ) သဘာဝပညတ် စကားလုံးများကို မြတ်စွာဗုဒ္ဓတို့က စတင်တီထွင်ကာ ပညတ်သုံးနှုန်းတော်မူခဲ့ပါသည်။

သာဓက ။ **ပရမတ္ထံ ပကာသေန္တိ၊ စတုဓာဝ တထာဂတာ။**
ယဒါ ပန ပရမတ္ထတော ဝိဇ္ဇမာနံ (ပ) ဝိဇ္ဇမာနပညတ္တိ။
သာယံ ပညတ္တိ ဝိညေယျာ၊ လောကသင်္ကေတနိမ္မိတာ။

ပစ္စည်းပိုင်း မြင်ကွင်းပြီးပြီ။

* * * * * * *

http://www.dhammadownload.com

ကမ္မဋ္ဌာန်းပိုင်း

ကမ္မဋ္ဌာန်းနှစ်မျိုး

သမထဘာဝနာ, ဝိပဿနာဘာဝနာအားဖြင့် ကမ္မဋ္ဌာန်း အကျဉ်းချုပ်နှစ်မျိုး ရှိသည်။ သာဓက ။ကမ္မဋ္ဌာန်းစာပိုဒ်-၁။

သမထ

ကာမစ္ဆန္ဒစသော ဆန့်ကျင်ဘက် နီဝရဏတရားတို့ကို ငြိမ်သက်, ငြိမ်းအေးစေတတ်သောကြောင့် သမထဟုခေါ်သည်။(ဋီ-၂၅၆)

တရားကိုယ်ကား. . . . လောကီကုသိုလ်, ကြိယာ၌ ယှဉ်သော ဧကဂ္ဂတာ စေတသိက်တည်း။ (ကာမစ္ဆန္ဒာဒယော ပစ္စနီကဓမ္မေ သမေတီတိ သမထော)

ဝိပဿနာ

ဘုံသုံးပါး၌ဖြစ်သော ရုပ်နာမ်တရားတို့ကို အနိစ္စအစရှိသော အထူးထူးသော အခြင်းအရာအားဖြင့် ရှုမြင်တတ်သောကြောင့် ဝိပဿနာ ဟုခေါ်သည်။ (ဋီ - ၂၅၆၊ ၂၆၇)

တရားကိုယ်ကား. . . . . မဟာကုသိုလ်, မဟာကြိယာ၌ ယှဉ်သော ပညာစေတသိက်တည်း။ (အနိစ္စာဒိဝသေန ဝိဝိဓေဟိ အာကာရေဟိ ဓမ္မေ ပဿတီတိ ဝိပဿနာ)

ဘာဝနာ

ကုသိုလ်တရားတို့ကို အဖန်ဖန်မွှဲဝေတတ်, တိုးပွားစေတတ်သောကြောင့် သမထနှင့် ဝိပဿနာတို့သည် ဘာဝနာမည်၏။ (ဋီ - ၁၇၆) (ဘာဝေတဗ္ဗာတိ ဘာဝနာ)

ကမ္မဋ္ဌာန်း

သမထ, ဝိပဿနာဟူသော ဘာဝနာနှစ်မျိုးကို ပွားများအားထုတ် မှု၏တည်ရာဖြစ်သောကြောင့် (ပထဝီ ကသိုဏ်းစသော အာရုံများနှင့် တေဘူမက သဒ္ဓါရ, ရုပ်နာမ်အာရုံများသည်) ကမ္မဋ္ဌာန်းမည်၏။ (ဋီ - ၂၅၆) (ကမ္မဿ ဌာနံ ကမ္မဋ္ဌာနံ)

http://www.dhammadownload.com

ဘာဝနာနှစ်မျိုး၏ ကမ္မဋ္ဌာန်း (အာရုံ) များ

သမထဘာဝနာ၏ ကမ္မဋ္ဌာန်းသည် ပထဝီကသိုဏ်းစသော ပညတ်+ပရမတ် အာရုံများ ဖြစ်ပါသည်။

ဝိပဿနာဘာဝနာ၏ ကမ္မဋ္ဌာန်းသည် ဘုံသုံးပါး၌ဖြစ်သည့် ရုပ်နာမ်ပရမတ် အာရုံများဖြစ်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်း စာပိုဒ်-၂၊ ၅၃။**

ဘာဝနာအရေးကြီးထူးခြားမှု

ဝိထိမုတ်ပိုင်းလာ ဘာဝနာအရ ကံအရာဖြစ်သောကြောင့် ပွားများအားထုတ်ကြောင်း ဖြစ်သော အပွနာအပတ္တကာမာဝစရ ကုသိုလ်ကံ စေတနာနှင့် အပွနာပတ္တရူပါဝစရ, အရူပါဝစရ ကုသိုလ်ကံစေတနာတို့ကို ယူရမည်။ (ဘာဝေတိ ကုသလဓမ္မေ အာသေဝတိ ဝဍ္ဎေတိ စောယာတိ ဘာဝနာ . . . ဟုကရဏသာဓနဝိဂ္ဂဟပြု)

ကမ္မဋ္ဌာန်းပိုင်းလာ ဘာဝနာအရ သမာဓိပညာတို့သည် ပွားစေအပ်သောအရာ ဖြစ်သော ကြောင့် ပွားများအားထုတ်အပ်သော သမထ, ဝိပဿနာ, ဘာဝနာ (၂) မျိုးကို ယူရမည်။ (ဘာဝေတဗ္ဗာတိ ဘာဝနာ . . . ဟု ကမ္မသာဓနဝိဂ္ဂဟပြု)

သာဓက ။**ဝိထိမုတ်မာပိုဒ် - ၆၃၊ ၆၄၊ ၆၇၊ ၆၈ နှင့် ကမ္မဋ္ဌာန်းစာပိုဒ် - ၇၅**။

* * * * * * *

သမထ ကမ္မဋ္ဌာန်းနည်း

သမထ ကမ္မဋ္ဌာန်းဆိုင်ရာ သိဘွယ်ရာများ

သမထကမ္မဋ္ဌာန်းအားထုတ်မှု ဆိုင်ရာအတွက် သိဘွယ်ရာအချက်အလက်များကား ကမ္မဋ္ဌာန်း (၄၀), စရိုက် (၆) ပါး, ဘာဝနာ (၃) ပါး, နိမိတ် (၃) ပါး တို့ဖြစ်ပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ် - ၂၊ ၃၊ ၄၊ ၅**။

http://www.dhammadownload.com

ကသိုဏ်း (အဂ)

ကမ္မဋ္ဌာန်းအားထုတ်သူက အလုံးစုံအကုန်အစင် တစ်ပြိုင်နက် ထင်မြင်အောင် ဆင်ခြင်, ကြည့်ရှုအပ်သော အဝန်းအဝိုင်းအာရုံကို မုချအားဖြင့် ကသိုဏ်းဟုခေါ်သည်။

ထိုအဝန်းအဝိုင်းအာရုံနှင့် အလားတူစွာ ထင်ပေါ်လာသော ပဋိဘာဂနိမိတ်ကိုလည်း သဒိသူပစာအားဖြင့် ကသိုဏ်းဟုခေါ်သည်။

ထိုပဋိဘာဂနိမိတ်ကို အာရုံပြု၍ ရအပ်သော စျာန်ကိုလည်း အဆင့်ဆင့် တင်စားသော ပရမ္မရူပစာအားဖြင့် ကသိုဏ်းဟုပင်ခေါ်သည်။ (ဋီ - ၂၅၈)

ကသိုဏ်း (၁၀) ပါး

(၁) ပထဝီကသိုဏ်း = မြေဝန်းအာရုံ၊ (၂) အာပေါကသိုဏ်း = ရေဝန်းအာရုံ၊ (၃) တေဇောကသိုဏ်း = မီးဝန်းအာရုံ၊ (၄) ဝါယောကသိုဏ်း = လေအာရုံ၊ (၅) နီလကသိုဏ်း = အညိုရောင်အာရုံ၊ (၆) ပီတကသိုဏ်း = ရွှေဝါရောင်အာရုံ၊ (၇) လောဟိတကသိုဏ်း = အနီရောင်အာရုံ၊ (၈) ဩဒါတကသိုဏ်း = အဖြူရောင်အာရုံ၊ (၉) အာကာသကသိုဏ်း = အခေါင်းပေါက်ဟင်းလင်းပြင်အာရုံ၊ (၁၀) အာလောကကသိုဏ်း = အလင်းရောင်အာရုံ . . . တို့ဖြစ်ပါသည်။

သာဓက ။ ကမ္မဋ္ဌာန်းစာပို၌- ၆။

ဆောင် ။ မြေ, ရေ, မီး,လေ၊ ညို, ရွှေ, နီ, ဖြူ၊ ပေါက်, လင်း, ဟူ၊ ဆယ်ဆူ ကသိဏာ။

ကသိုဏ်းကမ္မဋ္ဌာန်း၌ အာရမ္မဏိကနှင့် အာရုံ

ကသိုဏ်းရှုမှု၌ အာရမ္မဏိကတရားကား သညာစေတသိက်တည်း။ ယင်းသညာ၏ အာရုံကမ္မဋ္ဌာန်းကား (အငယ်ဆုံးအားဖြင့် တစ်ထွာနှင့် လက်လေးသစ်ခန့်မျှခွက်ငယ်, စကောငယ်ပမာဏ, အကျယ်ဆုံးအား ဖြင့် ကောက်စပါးနယ်ရာ တလင်းဝန်းမျှပမာဏရှိသော) မြေအဝန်းအဝိုင်းစသည်တည်း။

သာဓက ။ကမ္မဋ္ဌာန်းစာပို၌- ၁၈ ဒု. ဝါကျ။

http://www.dhammadownload.com

ကသိုဏ်းအုပ်စု (၄) မျိုး

ပထဝီစသော (၄) ပါးတို့သည် မဟာဘုတ်ကသိုဏ်းများဖြစ်သောကြောင့် ဘူတကသိုဏ်းအုပ်စု, နီလစသော (၄) ပါးတို့သည် အဆင်းကသိုဏ်းများဖြစ်သောကြောင့် ဝဏ္ဏကသိုဏ်းအုပ်စု။

အပေါက်အခေါင်းဟင်းလင်းပြင် ကောင်းကင်စသည်သည် အာကာသကသိုဏ်းအုပ်စု။

လစသည်တို့၏ အလင်းရောင်သည် အာလောကကသိုဏ်းအုပ်စု . . . အားဖြင့် သဘောတူပေါင်းလျှင် (၄) အုပ်စုရှိပါသည်။

လ-ကို ကသိုဏ်းရှု၍ ရနိုင်

ကသိုဏ်း (၁၀) ပါးတို့တွင် အာလောကကသိုဏ်းဟူသည် အလင်းရောင်အာရုံပင်ဖြစ်သောကြောင့် မြေကသိုဏ်း, ရေကသိုဏ်းတို့ကိုသာရှု၍ ရသည်မဟုတ်၊ လကိုလည်း ကသိုဏ်းရှု၍ ရနိုင်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ် - ၆**။

မှတ်ရန် ။ **ဋီကာကျော်၌လည်း စန္ဒာဒိ အာလောကော အာလောက ကသိဏန္တိဒဋ္ဌပ္ပဒံ . . . ဟု ဖွင့်ဆိုထားပါသည်**။

အသုဘ (၁၀) ပါး

(၁) ဖူးဖူးရောင်သော သူသေကောင် = ဥဒ္ဓုမာတက၊ (၂) အညိုရောင်ပေါက်လာသော သူသေကောင် = ဝိနီလက၊ (၃) ပြည်တစိုစို ယိုလာသော သူသေကောင် = ဝိပုဗ္ဗက၊ (၄) လက်ခြေခေါင်းပြတ်သော သူသေကောင် = ဝိစ္ဆိဒ္ဒက၊ (၅) တောခွေးများ ခဲစားထားအပ်သော သူသေကောင် = ဝိက္ခာယိတက၊ (၆) လက်ခြေခေါင်းကိုယ်တစ်ခြားစီ ပစ်ထားအပ်သော သူသေကောင် = ဝိက္ခိတ္တက၊ (၇) ဓါးဖြင့် အပိုင်းပိုင်းဖြတ်၍ ပစ်ထားအပ်သော သူသေကောင် = ဟတဝိက္ခိတ္တက၊ (၈) သွေးပုပ်များယိုကျနေသော သူသေကောင် = လောဟိတက၊ (၉) ပိုးလောက်များ တဖွားဖွားကျနေသော သူသေကောင် = ပုဠဝက၊ (၁၀) အရိုးစုမျှသာ ကျန်ရှိသော သူသေကောင် = အဋ္ဌိက. . . တို့ဖြစ်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ် - ၇**။

ဆောင် ။ **ရောင်, ညို, ပြည်, ပြတ်၊ ခဲအပ်, ပစ်ထား၊ ဓါးဖြတ်, ပစ်ရေး၊ သွေးယို, ပိုးစု၊ အရိုးစု၊ ဆယ်ခုအသုဘ**။

http://www.dhammadownload.com

အသုဘကို မသာဟုခေါ်ဆိုခြင်းအကြောင်း

ဥဒ္ဓုမာတကစသော အလောင်းကောင်ပုံသဏ္ဌာန် ဆယ်မျိုးတို့သည် မသာယာတွယ်မတင့်တယ်သောကြောင့် အသုဘရုပ်အလောင်းကို မသာဟုခေါ်ဆိုလေ့ရှိကြပါသည်။

အသုဘကမ္မဋ္ဌာန်း၌ အာရမ္မဏိကနှင့် အာရုံ

အသုဘရှုခြင်း၌ အာရမ္မဏိကတရားကား သညာစေတသိက်တည်း။ ယင်းသညာ၏ အာရုံကမ္မဋ္ဌာန်းကား ဥဒ္ဓုမာတကစသော သူသေကောင်ဟူသည်း။

အသုဘကို ရက်ထား၍ ရှုခြင်းအကျိုး

အနည်းဆုံးအားဖြင့် (သေပြီးနောင်မှာ၊ ဖူးရောင်လာ၍၊ လွန်စွာနံပုပ်၊ စက်ဆုပ်ဖွယ်ရာ) ဥဒ္ဓုမာတက အဖြစ်သို့ ရောက်မှသာလျှင် အသုဘရှု၍ ရနိုင်သောကြောင့် သုံးရက်ထား, ငါးရက်ထား စသည်အားဖြင့် အသုဘကိုရက်ထား၍ ချလေ့ရှိသော မြန်မာ့ထုံးစံသည် အသုဘရှုမှု ဘာဝနာကုသိုလ်ကို ပွားများရယူနိုင်ခြင်းအကျိုးရှိပါသည်။

အနုဿတိ (၁၀) ပါး

အဖန်ဖန်အောက်မေ့ အမှတ်ရအပ်သော အနုဿတိဆယ်ပါးကား (၁) ဘုရားဂုဏ်ကို အဖန်ဖန် အောက်မေ့အမှတ်ရခြင်း = ဗုဒ္ဓါနုဿတိ၊ (၂) တရားဂုဏ်ကို အဖန်ဖန် အောက်မေ့အမှတ်ရခြင်း = ဓမ္မာနုဿတိ၊ (၃) သံဃာဂုဏ်ကို အဖန်ဖန် အောက်မေ့အမှတ်ရခြင်း = သံဃာနုဿတိ၊ (၄) မိမိ စောင့်ထိန်းအပ်သော သီလ၏သန့်ရှင်းစင်ကြယ်မှုကို အဖန်ဖန် အောက်မေ့အမှတ်ရခြင်း = သီလာနုဿတိ၊ (၅) မိမိစွန့်ကြဲ လှူဒါန်းမှုကို အဖန်ဖန်အောက်မေ့ အမှတ်ရခြင်း = စာဂါနုဿတိ၊ (၆) နတ်ပြဟ္မာများကို သက်သေပြု၍ မိမိကုသိုလ်ကိုအဖန်ဖန် အောက်မေ့အမှတ်ရခြင်း = ဒေဝတာနုဿတိ၊ (၇) နိဗ္ဗာန်၏ ငြိမ်းချမ်းပုံကို အာရုံပြု၍ အဖန်ဖန် အောက်မေ့အမှတ်ရခြင်း = ဥပသမာနုဿတိ၊ (၈) သေခြင်းသဘော သံဝေနှောလျက် တွေးတော မပြတ် အဖန်ဖန် အောက်မေ့အမှတ်ရခြင်း = မရဏာနုဿတိ၊ (၉) ဆိပင်စသော သုံးဆယ့်နှစ် ကောဋ္ဌာသ အစုအဝေးကို အာရုံပြု အောက်မေ့အမှတ်ရခြင်း = ကာယဂတာသတိ၊ (၁၀) ထွက်သက်ဝင်သက် အချက်ချက်၌ စဉ်ဆက်မပြတ် အောက်မေ့အမှတ်ရခြင်း = အာနာပါနဿတိ. . . တို့ဖြစ်ပါသည်။

http://www.dhammadownload.com

သာဓက ။ ကမ္မဋ္ဌာန်းစာပိုဒ် - ၈။

ဆောင် *ဗုဒ်, ဓမ်, သံ, သီ၊ စာဂီ, ဒေဝတာ၊ သမာဥပ၊ မရဏာနုဿတိ၊ ကာယဂတာ၊ အာနာပါ၊ ဆယ်ဖြာနုဿတိ။

မှတ်ရန် ။ နိဗ္ဗာန်ကို (ဥပသမာနုဿတိဖြင့် သီးခြားယူလတ္တံ့ဖြစ်သော်လည်း) ဓမ္မသဘာဝချင်းတူသဖြင့် မဂ်ဖိုလ်တို့နှင့်အတူ ဓမ္မာနုဿတိ၌ ဓမ္မအရယူသင့်သည်ဟူ၍ဋ္ဌင်း၊ အသခ်္ခတ, အစ္စုတ စသည်အဖြစ်ဖြင့် မဂ်, ဖိုလ်တို့ထက် ထူးခြားသောကြောင့် နိဗ္ဗာန်ကို ဥပသမာနုဿတိကမ္မဋ္ဌာန်း၏အစွမ်းဖြင့်လည်း သီးသန့်ယူနိုင်သည်ဟူ၍ဋ္ဌင်းမှတ်ပါ။ (မဏိသာရမဉ္ဇူသာဋီ-ဒု ၄၈၂)

"မရဏာဿတိအရ" အမျှားနှင့်ဆိုင်, ဆင်ခြင်၍ ထင်မြင်နိုင်ဘွယ်လည်းရှိ, သံဝေဂဖြစ်ခြင်း၏အကြောင်းလည်းဖြစ်သောကြောင့် ဇီဝိတိန္ဒြေအစဉ်၏ပြတ်စဲခြင်းဟူသော ဇီဝိတိန္ဒြိယုပစ္ဆေဒမရဏာကိုသာယူအပ်၏ဟုမှတ်။

အမျှားနှင့်မဆိုင်သော ရဟန္တာတို့၏ ပရိနိဗ္ဗာန်စံခြင်း သမုစ္ဆေဒမရဏာကိုဋ္ဌင်း၊ ဆင်ခြင်၍ထင်မြင်နိုင်ခဲသောသခ်ါရတို့၏ဘင်ခဏဟူသော ခဏိကမရဏာကိုဋ္ဌင်း၊ သံဝေဂဖြစ်ဘွယ်မဟုတ်သော သစ်ပင်သေသည်, ပြဒါးသေသည် စသည့် သမ္မုတိမရဏာကိုဋ္ဌင်း မယူသင့်ဟုမှတ်ပါ။

(ဝိသုဒ္ဓိမဂ္ဂ ပ-၂၂၂)

အနုပါမှု / မပါမှု အဆုံးအဖြတ်

ဗုဒ္ဓစသည်တို့၏ဂုဏ်သည် အလွန်သိမ်မွေ့နက်နဲခက်ခဲသော ပရမတ်တရားအာရုံများဖြစ်၍ အဖန်ဖန်အထပ်ထပ်ရှုမှသာထင်မြင်နိုင်သောကြောင့် ဗုဒ္ဓါနုဿတိစသော ရှေ့(၈) ပါးဌ အနုသဒ္ဓါနှင့်ပြဆို၏။ ကာယဂတာသတိနှင့် အာနာပါနဿတိတို့တွင် ကာယဟူသည် ကြမ်းတမ်းထင်မြင်လွယ်သော ကောဋ္ဌာသပညတ်ဖြစ်ပြီး အာနာပါနဟူသည်လည်း ကြမ်းတမ်း ထင်မြင်လွယ်သော (ဝါယောဓာတ်အပေါင်း) သမူဟပညတ်ပင် ဖြစ်၍ထင်မြင်လွယ်သောကြောင့် နောက် (၂) ပါးဌ အနုသဒ္ဓါမပါဘဲ ပြဆို၏။

(တစ်နည်း) ဗုဒ္ဓါနုဿတိစသော ရှေ့ (၈) ပါးကား ဥပစာရသမာဓိ၏ အာရုံမျှသာဖြစ်သောကြောင့် အနုသဒ္ဓါနှင့်ဆိုသည်။ နောက် (၂) ပါးကား အပ္ပနာသမာဓိ၏ အာရုံဖြစ်သောကြောင့် အနုသဒ္ဓါမပါဘဲဆိုသည်။

http://www.dhammadownload.com

(တစ်နည်း) (၃၂) ကောဋ္ဌာသတို့ကို အနုလောမ, ပဋိလောမ အားဖြင့် သရဇ္ဈာယ်စီးဖြန်းအပ်သည်ဖြစ်၍ ထိုသို့စီးဖြန်းခြင်းဖြင့် အဖန်ဖန်အောက်မေ့အမှတ်ရမှု ကိစ္စပြီးစီးသောကြောင့် ကာယဂတာသတိ၌ အနုသဒ္ဒါမပါဘဲဆိုသည်။

အတိတ် / အနာဂတ် ထွက်သက်ဝင်သက်တို့ကို အာရုံမပြုရ, ပစ္စုပ္ပန်ထွက်သက်ဝင်သက်ကိုလည်း တစ်ကြိမ်သာအာရုံပြု၍ အောက်မေ့အမှတ်ရသောကြောင့် အာနာပါနဿတိ၌ အနုသဒ္ဒါမပါဘဲ ဆိုသည်။

မှတ်ရန် ။ **ဤကား သင်္ဂြိဟ်ဂဏ္ဌိဟောင်း/ဂဏ္ဌိသစ်တို့၏ အဆိုအမိန့်များကိုမှီငြမ်း၍ ဆုံးဖြတ်သည်ဟု မှတ်ပါ။**

အနုဿတိကမ္မဋ္ဌာန်း၌ အာရမ္မဏိကနှင့် အာရုံ

အနုဿတိကမ္မဋ္ဌာန်း၌ အာရမ္မဏိက တရားကားသတိစေတသိက်တည်း။ယင်းသတိ၏ အာရုံကမ္မဋ္ဌာန်းကား ဘုရားဂုဏ်တော် စသည်တို့တည်း။

တောင်ပြုံးမင်းညီနောင်ကို သတိရနေခြင်းသည် ဒေဝတာနုဿတိမဖြစ်

ဗုဒ္ဓါနုဿတိမှ ဒေဝတာနုဿတိအထိ အနုဿတိခြောက်ပါးတို့သည် ဘုရားစသော အာရုံကောင်း၌ သဒ္ဓါစရိုက်ရှိသူအား သင့်လျော်ကုန်၏ဟု ဆိုထားသောကြောင့် ဆိုးသွမ်း,သောင်းကျန်းလွန်း၍ သူတစ်ပါးလက်ချက်ဖြင့် အသေဆိုးသေခဲ့ရသော တောင်ပြုံးမင်းညီနောင်ကို အမြဲ သတိရယုံကြည်နေခြင်းသည် ဒေဝတာနုဿတိကမ္မဋ္ဌာန်း မဖြစ်ပါ။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ် (၈၊ ၁၆)။**

မှတ်ရန် ။ **ဦးကာကျော်၌လာသော ဒေဝတာနုဿတိအဖွင့်ကိုအကြောင်းပြုစိစစ်၍လည်း ဖြေနိုင်ပါသည်။**

တစ်ယောက်တည်းကို အသည်းစွဲချစ်ခြင်းသည် မေတ္တာစစ်မဟုတ်

မေတ္တာတရားသည် ပုဂ္ဂိုလ်ပိုင်းခြား ကန့်သတ်မှုမထားဘဲ သတ္တဝါပညတ်မှန်သမျှကို အာရုံပြုပွားများရသော အပွမညာစာရင်းဝင်ဖြစ်သောကြောင့် တစ်ယောက်တည်းကိုဘဲ အသည်းစွဲချစ်ခြင်းသည် မေတ္တာအစစ် မဟုတ်ပါ။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ် - ၉၊ ၃၅။**

http://www.dhammadownload.com

မှတ်ရန် ။ တွယ်တာတပ်မက်မခွဲနိုင်မခွာရက် လောဘရမ္မက်နှင့် ယှဉ်သော သံယောဇဉ် အချစ်မျိုးသာဖြစ်သည်ဟုမှတ်ပါ။

မေတ္တာပို့လျှင် မေတ္တာ၏စွမ်းအင် ရောက်နိုင်ကြောင်း

သတ္တဝါပညတ်ကို အာရုံပြုပွားများသော မေတ္တာ၏တရားကိုယ် အဒေါသစေတသိက်သည် (အဝေးသို့သွားနိုင်/ အဝေးအာရုံကိုယူနိုင် သည့်) သောဘဏစိတ်၌ မှီတွယ် (စိတ်ကိုခြယ်လှယ်) ၍ ဖြစ်သောကြောင့်၄င်း၊ စိတ်ယူအပ်သောအာရုံကိုသာယူခြင်းဟူသော ဧကာလမ္ဗဏလက္ခဏာရှိသောကြောင့်၄င်း၊ စိတ်ကောင်းနှလုံးကောင်းဖြင့် မေတ္တာပို့လျှင် မေတ္တာ၏စွမ်းအင် တကယ်ပင် ရောက်နိုင်ပါသည်။

သာဓက ။ စေတသိက်စာပိုဒ် - ၁၊ ၁၀၊ ၂၈ နှင့်ကမ္မဋ္ဌာန်းစာပိုဒ် - ၉၊ ၃၅။

အပွမညာ ကမ္မဋ္ဌာန်း၌ အာရမ္မဏိကနှင့် အာရုံ

အာရမ္မဏိကတရားများကား အစဉ်အတိုင်း အဒေါသ, ကရုဏာ, မုဒိတာ, တတြမဇ္ဈတ္တတာစေတသိက်များတည်း။

မေတ္တာအဒေါသ၏ အာရုံကမ္မဋ္ဌာန်းကား ချစ်ခင်မြတ်နိုးအပ်သော သတ္တဝါပညတ်တည်း။ ကရုဏာ၏ အာရုံကမ္မဋ္ဌာန်းကား ဒုက္ခိတသတ္တဝါပညတ်တည်း။ မုဒိတာ၏အာရုံကမ္မဋ္ဌာန်းကား သုခိတသတ္တဝါပညတ်တည်း။ တတြမဇ္ဈတ္တတာ ဥပေက္ခာ၏ အာရုံကမ္မဋ္ဌာန်းကား သုခိတ, ဒုက္ခိတသတ္တဝါပညတ်အားလုံးတည်း။

အပွမညာ (၄) ပါး

အရေအတွက်အားဖြင့်၄င်း၊ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းအားဖြင့်၄င်း၊ ပိုင်းခြားကန့်သတ်မှုမရှိသော သတ္တဝါပညတ်ကို အာရုံပြု၍ဖြစ်သော အပွမညာများကား - (၁) ပိယမနာပသတ္တဝါပညတ်ကိုအာရုံပြု၍ ကောင်းကျိုးစီးပွားကို လိုလားခြင်း, ချစ်ခင်မြတ်နိုးခြင်း = မေတ္တာ၊ (၂) ဒုက္ခိတသတ္တဝါ ပညတ်ကို အာရုံပြု၍ သနားကြင်နာခြင်း = ကရုဏာ၊ (၃) သုခိတ သတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်း = မုဒိတာ၊ (၄) မဇ္ဈတ္တသတ္တဝါပညတ်ကို အာရုံပြု၍ ချစ်ခြင်းမစွက် မုန်းဘက်မပါဘဲ သင့်တင့်အောင် လျစ်လျူရှုခြင်း = ဥပေက္ခာ . . . တို့တည်း။

သာဓက ။ ကမ္မဋ္ဌာန်းစာပိုဒ် - ၉။

http://www.dhammadownload.com

မေတ္တာ အတု/ အစစ် – စသည်များ

မေတ္တာစစ်ကား ကုသိုလ်,ကြိယာဌ်ယှဉ်သော အဒေါသတည်း။ မေတ္တာတုကား (မြတ်နိုး ဖွယ်ဂုဏ်ကိုရှုခြင်းအားဖြင့် သဘောတူသော) လောဘမူအကုသိုလ်စိတ္တုပ္ပါဒ်ဌ်ယှဉ်သော ရာဂ တည်း။ ကရုဏာအစစ်ကား ကုသိုလ်ကြိယာဌ်ယှဉ်သော ကရုဏာစေတသိက်တည်း။ ကရုဏာ အတုကား (ပျက်စီးမှုကို ရှုခြင်းအားဖြင့်သဘောတူသော) သောကဟုဆိုအပ်သော ဒေါမနဿ ဝေဒနာတည်း။ မုဒိတာအစစ်ကား ကုသိုလ်ကြိယာဌ်ယှဉ်သော မုဒိတာစေတသိက်တည်း။ မုဒိတာ အတုကား (ပြည့်စုံမှုကိုရှုခြင်း အားဖြင့် သဘောတူသော) လောဘမူသောမနဿ အကုသိုလ် စိတ္တုပ္ပါဒ်တည်း။ ဥပေက္ခာအစစ်ကား ကုသိုလ်ကြိယာဌ်ယှဉ်သော တတြမဇ္ဈတ္တတာ စေတသိက်တည်း။ ဥပေက္ခာအတုကား (ဂုဏ်နှင့်အပြစ်တို့ကို စိစစ်မှုမရှိခြင်းအားဖြင့် သဘော တူသော) လောဘမူဥပေက္ခာသဟဂုတ်, မောဟမူ ဒွေးတို့ဌ်ယှဉ်သော မောဟတည်း။

မှတ်ရန် ။ **သတ္တဝါတို့က မိမိအပေါ်ဌ် အကောင်းအဆိုးပြုမှုမျိုးတို့ကို အာရုံပြု၍ ချစ်ခြင်းမစွက်, မုန်းဘက်မပါဘဲ လျစ်လျူရှုနိုင်သော သဘောသည် ဥပေက္ခာပါရမီ၊ အကောင်း, အဆိုးပြုမှုမျိုးနှင့် မပတ်သက်သော သတ္တဝါများအပေါ်ဌ် မေတ္တာ, ကရုဏာ, မုဒိတာမဖြစ်ဘဲ လျစ်လျူရှုနိုင်သော သဘောသည် ဥပေက္ခာဖြဟ္မဝိဟာရ-ဟုမှတ်ပါ။**

ဖြဟ္မဝိဟာရ / ဖြဟ္မစိုရ်

မေတ္တာစသော အပ္ပမညာလေးပါးကို ပွားများနေထိုင်ခြင်းသည် မြင့်မြတ်သော နေထိုင် ခြင်းမျိုးဖြစ်သောကြောင့်၄င်း၊ မြင့်မြတ်သူတို့၏ ကျင့်သုံးနေထိုင်ခြင်းမျိုးဖြစ်သောကြောင့်၄င်း၊ ဖြဟ္မဝိဟာရမည်ပါသည်။ (ဋီ - ၂၆၀)

မြတ်သောကျင့်စဉ်များဖြစ်သောကြောင့် မေတ္တာစသော အပ္ပမညာလေးပါးကို ဖြဟ္မစိုရ်ဟုလည်း ခေါ်နိုင်ပါသေးသည်။ **(ဖြဟ္မစရ,ဖြဟ္မစရိယ၏သဒ္ဒတ္ထကို ရည်ညွှန်းသည်)**

ငါးရာ့နှစ်ဆယ် ရှစ်သွယ် မေတ္တာ

သတ္တေ သတ္တာ စသော အနောဓိသောမေတ္တာ ဖရဏာနည်း (၅) မျိုး၊ သဗ္ဗာက္ကတ္ထိယော စသော ဩဓိသောမေတ္တာ ဖရဏာနည်း (၇) မျိုးအားဖြင့် (၁၂) မျိုးကိုတည်၍ . . .

"အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု

http://www.dhammadownload.com

. . . " ဟူသော "နှစ် " (၄) ခုဖြင့် မြောက်လျှင် မူလ (၄၈) မျိုးဖြစ်၏။

ယင်း (၄၈) မျိုးကို ပုရတ္ထိမာယ ဒိသာယ စသော အရပ် (၁၀) မျက်နှာဖြင့် မြောက်လျှင် (၄၈၀) ဖြစ်၏။

ယင်း (၄၈၀) နှင့် မူလ (၄၈) မျိုးကို ပေါင်းလျှင် (၅၂၈) သွယ် မေတ္တာဖြစ်လာပါသည်။

ဆောင် ***နောဓိပဒ္ဓ၊ ဩဿတ္တဖြင့်၊ ဒွါဒသဟု၊ ပုဂ္ဂိုလ်စုကို၊ မြောက်နှုတ်လေးဖြာ၊ မူလ လာ၏၊ ဆယ်ဖြာရပ်မြောက်၊ မူထပ်လျှောက်သော်၊ ဖြစ်မြောက်ပေါ်လာ၊ ချစ်မေတ္တာသည်၊ ငါးရာနှစ်ဆယ့် ရှစ်သွယ်တည်း။**

နောဓိပဒ္ဓ သရုပ်

သတ္တေ သတ္တာ၊ သတ္တေ ပါဏာ၊ သတ္တေ ဘူတာ၊ သတ္တေ ပုဂ္ဂလာ၊ သတ္တေ အတ္တဘာဝ ပရိယာပန္နာ . . . ဟူသော (၅) ပါးကား မည်သူမည်ဝါ ယောက်ျားမိန်းမစသည်ဖြင့် ပိုင်းခြားကန့်သတ်ခြင်းမရှိသောကြောင့် အနောဓိသော မေတ္တာ ဖရဏာ (၅) မျိုးပေတည်း။(အနောဓိသမေတ္တာဟုမှတ်)

ဆောင် ***သတ်. ပါ. ဘူ. ပုဂ်၊အတ္တထုတ်၊သရုပ်နောဓိပြ။**

ဩဿတ္တ သရုပ်

သဗ္ဗာကုတ္တိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေ မနုဿာ၊ သဗ္ဗေဝိနိပါတိကာ. . . ဟူသော (၇) ပါးကား မိန်းမနှင့် ယောက်ျားကို တစ်ကန့်စီ၊ အရိယာနှင့် ပုထုဇဉ်ကို တစ်ကန့်စီ၊ နတ်လူနှင့် ဝိနိပါတိကကိုလည်း တစ်ကန့်စီ ပိုင်းခြားကန့်သတ်လျက် အာနုံယူရသောကြောင့်ဩဿဒိသောမေတ္တာဖရဏာ(၇)မျိုးပေတည်း(ဩဿဒိသမေတ္တာဟုမှတ်)

ဆောင် ***ကွ-ပု-ရိ-နာ၊ ဒေဝ,မနုသ်၊ ဝိနိထုတ်၊ သရုပ်ဩဓိပြ။**

အရပ် (၁၀)မျက်နှာ

ပုရတ္ထိမာယ ဒိသာယ, (အရှေ့အရပ်)၊ ပစ္ဆိမာယ ဒိသာယ, (အနောက်အရပ်)၊ ဥတ္တရာယ ဒိသာယ, (မြောက်အရပ်)၊ ဒက္ခိဏာယ ဒိသာယ, (တောင်အရပ်) ပုရတ္ထိမာယ အနုဒိသာယ, (အရှေ့တောင်ဒေါင့်အရပ်)၊ ပစ္ဆိမာယ အနုဒိသာယ, (အနောက်မြောက်ဒေါင့် အရပ်)၊ ဥတ္တရာယ အနုဒိသာယ, (အရှေ့မြောက်ဒေါင့်အရပ်)၊ ဥတ္တရာယ အနုဒိသာယ,

http://www.dhammadownload.com

(အရွှေ့မြောက်ဒေါင့်အရပ်)၊ ဒက္ခိဏာယ အနုဒိသာယ, (အနောက်တောင်ဒေါင့်အရပ်)၊ ဟေဋ္ဌိမာယ ဒိသာယ, (အောက် အရပ်)၊ ဥပရိမာယ ဒိသာယ, (အထက်အရပ်) . . . အားဖြင့် အရပ် (၁၀) မျက်နှာဖြစ်ပါသည်။

သညာ (၁) ပါး

အစာအာဟာရ၌ စက်ဆုပ်ဖွယ်ဟုထင်မှတ်လာအောင်ရှုဆင်ခြင်ခြင်း အာဟာရေ ပဋိကူလသညာကား သညာကမ္မဋ္ဌာန်း (၁) ပါးဖြစ်ပါသည်။

မှတ်ရန် ။ **အစာအာဟာရ၌ ကမ္မဋ္ဌာန်းရှုနည်းကား အစာရှာရန် သွားလာရခြင်း, ရှာဖွေရခြင်း စသည်ကို ဆင်ခြင်စဉ်းစားလျက် အစာအာဟာရ၌ စက်ဆုပ်ရွံ့ရှာဖွယ်ဟုအသိအမှတ်ပြု ဆင်ခြင်မှုတည်း။ (ဋီ-၂၆၀။)**

သညာကမ္မဋ္ဌာန်း၌ အာရမ္မဏိကနှင့် အာရုံ

သညာကမ္မဋ္ဌာန်း၌ အာရမ္မဏိကတရားကား ပဋိကူလသညာတည်း။ ယင်းသညာ၏ အာရုံကမ္မဋ္ဌာန်းကား စားသောက်အပ်သော အစာအာဟာရတည်း။

သက်သတ်လွတ်စားမှုက ပဓာနမဟုတ်

စားသောက်အပ်သော အစာအာဟာရ၌ စက်ဆုပ်ဖွယ်ဟုရှုမှတ် ဆင်ခြင်မှုပြုခြင်းသည်သာ သညာကမ္မဋ္ဌာန်းဖြစ်သောကြောင့် ကမ္မဋ္ဌာန်းပဋိပတ်ကျင့်စဉ် အာနိသင်ရှိရေးအတွက် သက်သတ်လွတ်စားမှုသည် ပဓာနမဟုတ်ပါ။ အာဟာရေပဋိကူလသညာသာ ပဓာနဖြစ်သည်။

သာဓက။ ။ **ကမ္မဋ္ဌာန်းစာပိုဒ်-၁၀။**

စတုဓာတု ဝဝတ္ထာန် (၁) ပါး

(ခန္ဓာကိုယ်၌ ပုဂ္ဂိုလ်သတ္တဝါဟူသော အမှတ်သညာကင်းပျောက်၍ ဓာတ်လေးပါး အစုအဝေးသာဟုထင်မြင်လာအောင်) ဓာတ်လေးပါးကို ပိုင်းခြားဆင်ခြင်ခြင်းသည် စတုဓာတု ဝဝတ္ထာန်ကမ္မဋ္ဌာန်း(၁)ပါးတည်း။

သဓာ, ဝိပဿနာနှစ်ဘက်ရကမ္မဋ္ဌာန်း

စတုဓာတုဝဝတ္ထာန်သည် ဥပစာရသမာဓိကို ဖြစ်စေနိုင်သောကြောင့်၄င်း၊ သမာဓိနှင့်

http://www.dhammadownload.com

ယှဉ်သောဉာဏ်ဖြင့် ဓာတ်ကြီး ၄-ပါးတို့၏ ပရမတ္ထ ဓမ္မသဘာဝလက္ခဏာကို ခွဲခြမ်းစိတ်ဖြာ၍ ရှုမှတ်လျှင် သက္ကာယဒိဋ္ဌိကင်း ပျောက်သည့် ဒိဋ္ဌိဝိသုဒ္ဓိအဆင့်သို့ ရောက်၍ မင်္ဂအပွနာသို့တိုင် ရောက် နိုင်သောကြောင့်၄င်း၊ ဝဝတ္ထာန်ကမ္မဋ္ဌာန်းသည် သမထနှင့်အနတ္တဝိပဿနာ (၂) ဘက် ကမ္မဋ္ဌာန်းဖြစ်ပါသည်။

သာဓက ။ ကမ္မဋ္ဌာန်း ၁၉၊ ၅၁၊ ၆၀ (ဒု-ဂါထာ)။

စတုဓာတု ဝဝတ္ထာန်ကမ္မဋ္ဌာန်း၌ အာရမ္မဏိကနှင့် အာရုံ

စတုဓာတု ဝဝတ္ထာန်ကမ္မဋ္ဌာန်း၌ အာရမ္မဏိကတရားကား ပိုင်းခြားတတ်သောဉာဏ် ပညာတည်း။ ယင်းဉာဏ်ပညာ၏ အာရုံကမ္မဋ္ဌာန်းကား ပထဝီ, အာပေါ, တေဇော, ဝါယော ဟူသော ဓာတ်ကြီးလေးပါးတည်း။

အာရုပ္ပလေးပါး

အာရုပ္ပစျာန်ကို ရစေနိုင်သောအာရုပ္ပကမ္မဋ္ဌာန်းများကား-(၁) အဆုံးမရှိသော ကောင်းကင်ပညတ်အာရုံ=အာကာသာနဉ္စာယတန၊ (၂) အဆုံးမရှိသော ပဌမာရုပ္ပဝိညာဏ် အာရုံ = ဝိညာဏဉ္စာယတန၊ (၃) ပဌမာရုပ္ပဝိညာဏ်၏တစိုးတစိမရှိခြင်း နတ္ထိဘောပညတ်အာရုံ = အာကိဉ္စာညာယတန၊ (၄) ရုန့်ရင်းသောသညာကားမရှိ, သိမ်မွေ့သောသညာမရှိသည်လည်း မဟုတ်, ရှိသည်သာဖြစ်သော တတိယာရုပ္ပဝိညာဏ်အာရုံ= နေဝသညာနာသညာယတန တို့တည်း။

သာဓက ။ ကမ္မဋ္ဌာန်းစာပုဒ် - ၁၂။

အာရုပ္ပကမ္မဋ္ဌာန်း၌ အာရမ္မဏိကနှင့်အာရုံ

အာရုပ္ပကမ္မဋ္ဌာန်း၌ အာရမ္မဏိကတရားကား အာကာသာနဉ္စာယတန စသော အာရုပ္ပ (၄)ပါးတို့တည်း။

ယင်းတရားတို့၏ အာရုံကမ္မဋ္ဌာန်းကား ကောင်းကင်ပညတ်စ သော (၄)ပါးတို့တည်း။

ကမ္မဋ္ဌာန်း(၄၀) ကိုဘုံအားဖြင့် ခွဲခြားခြင်း

အထက်နတ်ပြည် (၆)ထပ်၌အသုဘ, ကာယဂတာသတိ, အာဟာရေ ပဋိကူလသညာ

http://www.dhammadownload.com

အားဖြင့် ကမ္မဋ္ဌာန်း(၁၂) ပါးတို့မှ တစ်ပါးသော ကမ္မဋ္ဌာန်း (၂၈)ပါးတို့ကို ရနိုင်ပါသည်။

ရူပဗြဟ္မာဘုံ၌ ထို (၁၂)ပါးနှင့် အာနာပါနသတိအားဖြင့် ကမ္မဋ္ဌာန်း (၁၃)ပါးတို့မှ တစ်ပါးသော ကမ္မဋ္ဌာန်း (၂၇) ပါးတို့ကို ရနိုင်ပါသည်။

အရူပဗြဟ္မာဘုံတွင် အထက်ထက်ဘုံ၌ အောက်အောက် အာရုပ္ပကမ္မဋ္ဌာန်းများ မရနိုင်၍ အာရုပ္ပကမ္မဋ္ဌာန်း (၄) ပါးကိုထိုက်သလိုရနိုင် ပါသည်။

လူဘုံ၌ကား ကမ္မဋ္ဌာန်း(၄၀)လုံးကိုပင် ရနိုင်ပါသည်။

ဆောင် ***အသုဘနှင့်၊ကာယဂတာ၊သညာဒွါဒသ်၊နတ်၌မရ၊ ဗြဟ္မဗြည်မှာ၊ အာနာပါန၊ လည်းမရတည်း၊ အရူပဝယ်၊ လေးသွယ်သာရ၊ နတ်မှကြွင်းတုံ၊ ကာမဘုံဝယ်၊ အကုန် လေးဆယ်ရသတည်း။**

ကမ္မဋ္ဌာန်း(၄၀) ကို အာရုံကမ္မဋ္ဌာန်း, အာရမ္မဏိကကမ္မဋ္ဌာန်းခွဲ

ကသိဏ်း (၁၀)ပါး၊ အသုဘ (၁၀)ပါးတို့သည် အာရုံကို တရားကိုယ် ကောက်ရသောကြောင့် အာရုံကမ္မဋ္ဌာန်းတို့တည်း။ အနုဿတိ (၁၀) ပါး၊ အပွမညာ(၄)ပါး၊သညာ၊ ဝဝတ္ထာန်၊ အာရုပ္ပလေးပါးအားဖြင့် ကမ္မဋ္ဌာန်း(၂၀)တို့သည် အာရုံပြုတတ်သည့် အာရမ္မဏိကကို တရားကိုယ် ကောက်ရသောကြောင့် အာရမ္မဏိက ကမ္မဋ္ဌာန်းတို့တည်း။

ဆောင်။ ။ ***ကသိဏ်းဆယ်ဝ၊ အသုဘ၊ မှတ်ကြ အာရုံကမ္မဋ္ဌာန်း။**
နှုမဉ်,သညာ၊ ဝဝတ္ထာန၊ အာရုပ္ပ၊ အာရမ္မဏိက ကမ္မဋ္ဌာန်း။

* * * * * * *

သပ္ပါယဘေဒ မြင်ကွင်း

သပ္ပါယဘေဒ

မည်သည့်စရိုက်ရှိသူအား မည်သည့်ကမ္မဋ္ဌာန်းနှင့် လျော်ပတ်သည်ဟု စရိုက်အားလျော်သော (စရိယာနုကူလ) ကမ္မဋ္ဌာန်းကို ခွဲခြမ်းပြဆိုရာအပိုင်းကို သပ္ပါယဘေဒဟုခေါ်သည်။

ရာဂစရိုက်ကို ပယ်ရှားနိုင်သော အထူးကမ္မဋ္ဌာန်း

အသုဘ(၁၀) ပါး၊ ကာယဂတာသတိခေါ်သော ကောဋ္ဌာသအား ဖြင့် (၁၁)ပါးသော ကမ္မဋ္ဌာန်းတို့သည် ရာဂစရိုက်ဆိုးကို ပယ်ရှားနိုင်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ်- ၁၃။**

http://www.dhammadownload.com

ဒေါသစရိုက်ကို ပယ်ရှားနိုင်သော အထူးကမ္မဋ္ဌာန်း

မေတ္တာစသောအပွမညာ (၄) ပါး၊ နီလ, ပီတ, လောဟိတ, ဩဒါတဟူသော ကသိုဏ်း (၄) ပါးအားဖြင့် (၈) ပါးသော ကမ္မဋ္ဌာန်းတို့သည် ဒေါသစရိုက်ဆိုးကို ပယ်ရှားနိုင်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပို့ဒ်-၁၄**။

မောဟ, ဝိတက်စရိုက်ဆိုးတို့ကိုပယ်ရှားနိုင်သောအထူးကမ္မဋ္ဌာန်း

အာနာပါနဿတိကမ္မဋ္ဌာန်းသည် မောဟစရိုက်ဆိုးနှင့် ဝိတက်စရိုက်ဆိုးတို့ကို ပယ်ရှားနိုင်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပို့ဒ် - ၁၅**။

သဒ္ဓါစရိုက်ကို တိုးပွားစေနိုင်သော အထူးကမ္မဋ္ဌာန်း

ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိအားဖြင့် (၆)ပါးသောကမ္မဋ္ဌာန်းတို့သည် သဒ္ဓါစရိုက်ကောင်းကို တိုးပွားစေနိုင်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပို့ဒ်-၁၆**။

ပညာစရိုက်ကို တိုးပွားစေနိုင်သော အထူးကမ္မဋ္ဌာန်း

သိမ်မွေ့နက်နဲသော မရဏာနုဿတိ, ဥပသမာနုဿတိ, အာဟာ ရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်အားဖြင့် (၄) ပါးသော ကမ္မဋ္ဌာန်းတို့သည် ဉာဏ်ပညာစရိုက်ကောင်းကို တိုးပွားစေနိုင်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပို့ဒ် -၁၇**။

အမျှားဆိုင် (သဗ္ဗဋ္ဌာနိက) သာမညကမ္မဋ္ဌာန်း

ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ, အာလောက ဟူသော ကသိုဏ်း (၆)ပါး နှင့် အာရုပ္ပ(၄)ပါးအားဖြင့် (၁၀)ပါးသော ကမ္မဋ္ဌာန်းတို့သည် မည်သည့်စရိုက်ရှိသူမဆို ပုဂ္ဂိုလ်အားလုံးနှင့် သင့်လျော် (ပုဂ္ဂိုလ်မရွေး စီးဖြန်းနိုင်) သောကြောင့် (သဗ္ဗဋ္ဌာနိက) သာမည ကမ္မဋ္ဌာန်းများဖြစ်ပါသည်။

သာဓက ။ **သေသာနိ ပန သဗ္ဗာနိပိ ကမ္မဋ္ဌာနာနိ သဗ္ဗေသမ္ပိ သာ၇ိယာနိ**။

http://www.dhammadownload.com

အထူးရွေးချယ်ခြင်းသာ

စရိုက်အလိုက် အထူးကိုက်ညီလျောက်ပတ်သောကမ္မဋ္ဌာန်းကို ရွေးချယ်ခြင်းဌါသာသပွါယဘေဒကို ပြဆိုခြင်းဖြစ်ပါသည်။ စင်စစ်သော်ကား ကမ္မဋ္ဌာန်းမှန်လျှင် ရာဂ, ဒေါသစသော စရိုက်ဆိုးများကို ပယ်ရှား၍ သဒ္ဓါ, ပညာများကို တိုးပွားစေနိုင်သည်ဖြစ်သောကြောင့် မည်သည့် စရိုက်ရှိသူမဆိုကမ္မဋ္ဌာန်းအားလုံးအထိုက်အလျောက် သင့်လျော်ကြသည်သာ ဖြစ်သည်ဟု မှတ်ရပါမည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ်-၁၃၊ ၁၄၊ ၁၅**။

ကုသိုလ်စရိုက်ကောင်းကို တိုးပွါးစေနိုင်သော အထူးကမ္မဋ္ဌာန်း

သဒ္ဓါ, ပညာစရိုက်ကောင်းများ (အထူး)တိုးပွားစေနိုင်သော ကမ္မဋ္ဌာန်းများကား ဗုဒ္ဓါနုဿတိအထိ အနုဿတိ (၈) ပါး၊ သညာ, ဝဝတ္ထာန်တို့ဖြစ်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ်- ၁၆၊ ၁၇**။

အပါဒါန်နှင့် အပါဒါနိ

သေသာနိ ပန သဗ္ဗာနိပိဠ် သေသ၏အပါဒါန်ကား အသုဘ (၁၀) ပါး, အနုဿတိ (၁၀) ပါး, အပွမညာ (၄) ပါး, နိလစသောကသိုဏ်း(၄)ပါး, သညာ (၁) ပါး, ဝဝတ္ထာန် (၁) ပါး အားဖြင့် ကမ္မဋ္ဌာန်း(၃၀) ဖြစ်ပါသည်။

အပါဒါနိဖြစ်သော သေသအရုကား ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ, အာလောကဟူသော ကသိုဏ်း(၆) ပါးနှင့် အာရုပ္ပ (၄)ပါးအားဖြင့် (၁၀)ပါးသော ကမ္မဋ္ဌာန်းတို့ဖြစ်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ်-၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇**။

စရိုက်နှင့် ကသိုဏ်းဝန်းပမာဏ

မောဟအားကြီးသူသည် (ပင်ကိုယ်ကပင် အလွန်တွေဝေနေ၍ ကျဉ်းမြောင်းသော ကသိုဏ်းဝန်း၌သာ၍ပင် စိတ်ကျဉ်းကြပ်တွေဝေဘွယ်ရှိသောကြောင့်) ကောက်နယ်တလင်းဝန်းခန့်ကျယ်ပြန့်သော ကသိုဏ်းဝန်းနှင့်သာ လျောက်ပတ်ပါသည်။

ဝိတက်အားကြီးသူသည် (ပင်ကိုယ်ကပင် စိတ်ပြန့်လွင့်နေ၍ ကျယ်ပြန့်သော ကသိုဏ်း

http://www.dhammadownload.com

ဝန်းကို အာရုံပြုရလျှင် ပို၍ပင်စိတ်ပြန့်လွင့်ဘွယ် ရှိသောကြောင့်) တစ်ထွာနှင့် လက်လေးသစ်ခန့်ခွက်စကောမျှပမာဏရှိသော ကျဉ်းငယ်သောကသိုဏ်းဝန်းနှင့်သာ လျော်ကပ်တတ်ပါသည်။

သာဓက ။ **တတ္ထာပိ ကသိဏေသု ပုထုလ် မောဟစရိတဿ, ခုဒ္ဒကံ ဝိတက္ကစရိတ သေဝ။**

စွဲလန်းမှုအားကြီးသူများ ရှုသင့်သော အထူးကမ္မဋ္ဌာန်း

အသုဘ (၁၀) ပါး၊ ကာယဂတာသတိတို့သည် ရာဂစရိုက်ရှိသူအား (ရာဂနည်းပါးရန်) သင့်လျော်ကုန်၏ဟု ဆိုထားသောကြောင့် စွဲလမ်းမှုအားကြီးသူသည် အသုဘကမ္မဋ္ဌာန်းကို ဖြစ်စေ, ကာယဂတာသတိဟူသော ကောဋ္ဌာသကမ္မဋ္ဌာန်းကိုဖြစ်စေ ရှုမှတ်သင့်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပို၌ -၁၃။**

မှတ်ရန် ။ **ကာမရောဂါ၊ ကိုယ်တွင်းနာကား၊ကုရာနတ္တိ၊ဆေးမရှိဟု, ဆိုထားသော်လည်း၊ ကာမရောဂါကို ကုစား၍ရနိုင်သော အဘိဓမ္မာနည်းကိုဖြစ်စေ, တဏှာကင်းကြောင်း ကမ္မဋ္ဌာန်းကောင်းကိုဖြစ်စေ, အထက်ပါအကြောင်းပြုနှင့် ပါဠိသာဓကကို ထောက်ဆ၍ သိပါ။**

အဖြူရောင်သည် ငြိမ်းချမ်းရေးသဘောကို ဆောင်၏

အပွမညာ (၄) ပါးတို့သည်၄င်း၊ နီလ, ပီတ, လောဟိတ, ဩဒါတ, ကသိဏ်းတို့သည်၄င်း၊ ဒေါသစရိုက်ရှိသူအား (ဒေါသနည်းပါးရန်) သင့်လျော်ကုန်၏ဟု ဆိုထားသောကြောင့် အဖြူရောင် (ဩဒါတ) သည် ငြိမ်းချမ်းရေးသဘောကို ဆောင်၏ဟူသော ကမ္မာ့လောကဝေါဟာရသည် မှန်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပို၌- ၁၄။**

မှတ်ရန် ။ **ဒေါသပြေကြောင်း ကမ္မဋ္ဌာန်းကောင်းကို အထက်ဖော်ပြပါအတိုင်းမှတ်။**

စိတ်မငြိမ်သက်မှုကို ထိန်းချုပ်နည်း

အာနာပါနကမ္မဋ္ဌာန်းသည် စိတ်ကူးကြံစည်မှု ဝိတက်များသူအား သင့်လျော်သောကြောင့် ဝိတက်များပြား စိတ်လှုပ်ရှားမှု အိပ်မပျော်မှုကို အာနာပါနဿတိကမ္မဋ္ဌာန်းဖြင့် ထိန်းချုပ်၍ ငြိမ်သက်အိပ်ပျော်စေနိုင်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပို၌- ၁၅။**

http://www.dhammadownload.com

ယောဂီတို်င်းနှင့် အာနာပါနဿတိ ကမ္မဋ္ဌာန်း

အာနာပါနဿတိကမ္မဋ္ဌာန်းသည် မောဟအားကြီးသူနှင့် ဝိတက် အားကြီးသူအားသာ အထူးသင့်လျော်သောကြောင့်၄င်း၊ ပုဂ္ဂိုလ်မရွေးစီးဖြန်းနိုင်သောကမ္မဋ္ဌာန်းတို့တွင် အာနာပါန ဿတိ ကမ္မဋ္ဌာန်းမပါဝင်သောကြောင့်၄င်း, ယောဂီတိုင်းကို အာနာပါနဿတိကမ္မဋ္ဌာန်း စီးဖြန်း ခိုင်းလျှင် တရားထူးရရန် ယောဂီတိုင်းနှင့် အံဝင်ခွင်ကျမဖြစ်နိုင်ပါ။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ် -၁၄၊ ၁၈။**

ပထဝီကသိုဏ်းရှုခြင်းအကျိုး

ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ, အာလောက ဟူသော ကမ္မဋ္ဌာန်း (၆)ပါးနှင့် အာရုပ္ပ(၄)ပါးတို့သည် (မည်သည့်စရိုက်ရှိသူမဆို) ပုဂ္ဂိုလ်အားလုံးတို့နှင့် သင့်လျော် သောကြောင့် မြေကသိုဏ်းကိုရှုခြင်းကြောင့် ရာဂ, ဒေါသစသော စရိုက်ဆိုးများကို ပယ်ရှား နိုင်ပြီး၊ သဒ္ဓါ, ပညာများကို တိုးပွားစေကာရူပစျာန်များကိုသာ ရနိုင်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ် -၁၈၊ ၂၁။**

မှတ်ရန် ။ **ရေကသိုဏ်း၊ နေ(မီး)ကသိုဏ်း၊ လေကသိုဏ်း၊ ကောင်းကင် အပေါက် အာကာသကသိုဏ်းရှုခြင်း အကျိုးကိုလည်း နည်းတူမှတ်ပါ။**

ပုဂ္ဂိုလ်အလို်က် ကို်ယ်ပို်င်အထူးကမ္မဋ္ဌာန်းနှင့် အများဆို်င် သာမညကမ္မဋ္ဌာန်း

(မာယာများပြီး မာနကြီးလျက် စွဲလမ်းတပ်မက် အလိုရမ္မက်ကြီးလွန်းသော) ရာဂစရိုက် ရှိသူအတွက် အသုဘ (၁၀) ပါး, ကောဋ္ဌာသဟူသော ကိုယ်ပို်ငသီးသန့်ကမ္မဋ္ဌာန်း (၁၁)ပါးနှင့် ပထဝီ, အာပေါစသော အများဆို်ငကမ္မဋ္ဌာန်း (၁၀) ပါးတို့သင့်လျော်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ်-၁၃၊ ၁၈။**

(ကြမ်းတမ်းရက်စက် ဆိုဆုံးမခက် ဒေါသအမျက်ကြီးလွန်းသော) ဒေါသစရိုက်ရှိသူ အတွက် အပွမညာ (၄) ပါး စသော ကို်ယ်ပို်ငသီးသန့် ကမ္မဋ္ဌာန်း (၈) ပါးနှင့် ပထဝီ, အာပေါ စသော အများဆို်ငကမ္မဋ္ဌာန်း (၁၀)ပါးတို့ သင့်လျော်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ်-၁၄၊ ၁၈။**

(တွေဝေငေးမော ထို်ငးမှို်ငးဖျို်ငးအခြင်းများသော) မောဟစရိုက်ရှိသူနှင့် (အတွေးများ စကားပေါလျက် ကုသိုလ်ဘက်၌ ပျို်ငးရိသော) ဝိတက်စရိုက်ရှိသူတို့အတွက် အာနပါနဿတိ

http://www.dhammadownload.com

ဟူသော ကိုယ်ပိုင်သီးသန့် ကမ္မဋ္ဌာန်း (၁) ပါးနှင့် ပထဝီ, အာပေါ စသော အမျှားဆိုင် ကမ္မဋ္ဌာန်း (၁၀) ပါးတို့သင့်လျော်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ် -၁၅၊ ၁၈။**

(ဘုရားဆည်းကပ် တရားမြတ်နာယူ သံဃာပူဇော် ရွှင်ပျော်စွာ လျှုဒါန်းလေ့ရှိသော) သဒ္ဓါစရိုက်ရှိသူအတွက် ဗုဒ္ဓါနုဿတိစသော ကိုယ်ပိုင်ကမ္မဋ္ဌာန်း (၆)ပါးနှင့် ပထဝီ, အာပေါ စသော အမျှားဆိုင်ကမ္မဋ္ဌာန်း (၁၀) ပါးတို့ သင့်လျော်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ်- ၁၆၊ ၁၈။**

(သံသရာရေး ဆင်ခြင်တွေးလျက် ကုသိုလ်ဘက်၌ ထက်သန်မှု ရှိသော) ဗုဒ္ဓိစရိုက်ရှိသူ အတွက် မရဏာနုဿတိစသော ကိုယ်ပိုင်ကမ္မဋ္ဌာန်း (၄) ပါးနှင့် ပထဝီ, အာပေါ စသော အမျှားဆိုင်ကမ္မဋ္ဌာန်း (၁၀) ပါးတို့ သင့်လျော်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ် -၁၇၊ ၁၈။**

မှတ်ရန် ။ **ကိုယ်ပိုင်အထူးကမ္မဋ္ဌာန်းသရုပ်နှင့် အမျှားဆိုင်သာမညကမ္မဋ္ဌာန်းသရုပ်၏ သဘော်ယျမျှားကား ရှေ့၌ဖော်ပြထားခဲ့ပြီးသော အထူးကမ္မဋ္ဌာန်း, သာမညကမ္မဋ္ဌာန်းဆိုင်ရာတို့၌ ပြန်၍လေ့လာရမည်ဟုမှတ်ပါ။**

သပ္ပါယဘေဒပြီးပြီ။

* * * * * * *

ဘာဝနာဘေဒ မြင်ကွင်း

ဘာဝနာဘေဒ

ကမ္မဋ္ဌာန်းများကို ဘာဝနာ (၃)ပါးအပြားအားဖြင့် ရသင့်သည်အားလျော်စွာ ပိုင်းခြားဝေဘန်ပြရာအခန်းကို ဘာဝနာဘေဒဟုခေါ်ပါသည်။

ဘာဝနာဖြင့် ကမ္မဋ္ဌာန်းကို ဝေဘန်ခြင်း

ကမ္မဋ္ဌာန်း (၄၀) လုံး၌ (အထက်အထက်ဘာဝနာကို ပြုပေးတတ်သော) ပရိကမ္မဘာဝနာ ကို ရနိုင်ပါသည်။

ဗုဒ္ဓါနုဿတိ စသော အနုဿတိ (၈)ပါး သညာ, ဝဝတ္ထန်အားဖြင့် ကမ္မဋ္ဌာန်း (၁၀)

http://www.dhammadownload.com

ပါးတို့၌ (ပရိကမ္မဘာဝနာအပြင်) (စျာန်မဂ်ဖိုလ် အပွနာဘာဝနာ၏ အနီးအပါးဖြစ်သော) ဥပစာရဘာဝနာကိုပါ ရနိုင်ပါသည်။

ကြွင်းသော ကသိုဏ်း (၁၀)ပါး, အသုဘ (၁၀)ပါး, ကာယဂတာသတိ, အာနာပါန သတိ, အပွမညာ (၄) ပါးအားဖြင့် ကမ္မဋ္ဌာန်း(၃၀) တို့၌ (ပရိကမ္မဘာဝနာနှင့် ဥပစာရ ဘာဝနာအပြင်) (ဥပစာရဘာဝနာထက် လွန်ကဲစွဲမြဲစွာ သက်ဝင်တည်နေတတ်သော) အပွနာ ဘာဝနာကိုလည်း ရနိုင်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ်** - ၁၉၊ ၂၀။

* * * * * * *

စျာန်ဖြင့် ကမ္မဋ္ဌာန်းကို ဓဓဘာန်ခြင်း

ရူပစျာန်၏ အာရုံကမ္မဋ္ဌာန်းများ

ကသိုဏ်း(၁၀) ပါးနှင့် အာနာပါနဿတိတို့သည် ရူပစျာန် (၅) ပါးလုံး၏ အာရုံဖြစ်၍ ရူပစျာန် (၅) ပါးလုံးကိုရနိုင်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ်** - ၂၁။

အသုဘ (၁၀) ပါးနှင့် ကာယဂတာသတိတို့သည် ပထမစျာန်၏ အာရုံဖြစ်၍ ပထမစျာန်ကိုသာရနိုင်ပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ်** -၂၂။

မေတ္တာ, ကရုဏာ, မုဒိတာဟူသော ပြဟ္မဝိရိတရားတို့သည် အောက်စျာန် (၄) ပါးတို့၏ အာရုံသာဖြစ်၍ အောက်စျာန် (၄) ပါးကိုသာ ရနိုင်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ်** -၂၃။

ရူပါဝစရစျာန်၏ အာရုံ ပညတ်ကမ္မဋ္ဌာန်း (၂၆) ပါး

ကသိုဏ်းပညတ် (၁၀) ပါး, အသုဘပညတ် (၁၀) ပါး, ကောဋ္ဌာသပညတ် အာနာပါန ပညတ်, ပြဟ္မဝိဟာရ (၄) ပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ် (၄) ပါးအားဖြင့် ရူပါဝစရစျာန်၏ အာရုံဖြစ်သော ပညတ် (၂၆) ပါးဖြစ်သည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ်** - ၂၁၊ ၂၂၊ ၂၃၊ ၂၄။

http://www.dhammadownload.com

အရှုပစ္စာန်၏ အာရုံကမ္မဋ္ဌာန်း

ကောင်းကင်ပညတ်, ပဌမာရုပ္ပဝိညာဏ်, နတ္ထိဘောပညတ်, တတိယာရုပ္ပဝိညာဏ် ဟူသော အာရုပ္ပ (၄) ပါးတို့သည် အစဉ်အတိုင်း အာရုပ္ပ (၄) ပါး၏ အာရုံဖြစ်၍ အရှုပစ္စာန် (၄) ပါးကိုရနိုင်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ် - ၂၅**။

ကမ္မဋ္ဌာန်း(၄၀) ကို ပညတ် ပရမတ်ခွဲခြားခြင်း

ကသိုဏ်း (၁၀) ပါး, အသုဘ (၁၀)ပါး, ကာယဂတာသတိ၏ အာရုံဖြစ်သော ကောဋ္ဌာသ ပညတ်, အာနာပါနပညတ်, ဗြဟ္မဝိဟာရ (၄) ပါး၏ အာရုံဖြစ်သော သတ္တဝါပညတ် (၄) ပါး၊ ပဌမာရုပ္ပဝိညာဏ်၏ အာရုံဖြစ်သော အာကာသပညတ်၊ တတိယာရုပ္ပဝိညာဏ်၏ အာရုံ ဖြစ်သော နတ္ထိဘောပညတ်အားဖြင့် (၂၈) ပါးတို့သည် ပညတ်ကမ္မဋ္ဌာန်းများတည်း။

ဗုဒ္ဓါနုဿတိစသော ရှေ့အနုဿတိ (၈)ပါး၊ သညာ၊ ဝဝတ္ထာန်၊ ဒုတိယာရုပ္ပဝိညာဏ်၏ အာရုံဖြစ်သော ပဌမာရုပ္ပဝိညာဏ်၊ စတုတ္ထာ ရုပ္ပဝိညာဏ်၏ အာရုံဖြစ်သော တတိယာရုပ္ပ ဝိညာဏ်အားဖြင့် (၁၂)ပါး တို့သည် ပရမတ်အာရုံ ကမ္မဋ္ဌာန်းများတည်း။

ဆောင် ***ကသိုဏ်းဆယ်ဝ၊ အသုဘနှင့်၊ ကောဋ္ဌာသပါ၊ အာနာပါန၊ ဗြဟ္မဝိဟာ၊ ထိုလေးဖြာ၏၊ သတ္တဝါပညတ်၊ လေးရပ်ဟုပြု၊ အာရုပ္ပဝယ်၊ နှစ်သွယ်ပ,တ၊ ဌဗ္ဗိသတို့၊ မုချပညတ်၊ အာရုံမှတ်လော၊ ကြွင်းလတ်ဆယ့်နှစ်၊ ပရမတ်စစ်သည်၊ ခွဲလှစ်လေးဆယ် ကမ္မဋ္ဌာန်းတည်း။**

အပါဒါန်နှင့် အပါဒါနိ

သေသေသု ပန သမတ္တိံသ ကမ္မဋ္ဌာနေသုဠ် သေသ၏အပါဒါန်ကား ဗုဒ္ဓါနုဿတိစသော ရှေ့ပိုင်းအနုဿတိ (၈)ပါး, သညာ, ဝဝတ္ထာန် အားဖြင့် (၁၀) ပါးသော ကမ္မဋ္ဌာန်းတို့ဖြစ်ပါသည်။ အပါဒါနိဖြစ်သော သေသ၏အရကား ထို (၁၀) ပါးမှကြွင်းသော ကသိုဏ်း (၁၀)ပါး, အသုဘ (၁၀)ပါး, ကာယဂတာသတိ, အာနာပါနဿတိ, အပွမညာ (၄)ပါး, အာရုပ္ပ (၄)ပါးအားဖြင့် ကမ္မဋ္ဌာန်း (၃၀)ဖြစ်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ် - ၂၊ ၁၉၊ ၂၀**။

http://www.dhammadownload.com

မရဏာနုဿတိထက် အာနာပါနဿတိက ပို့အဆင့်မြင့်

မရဏာနုဿတိကမ္မဋ္ဌာန်းစီးဖြန်းလျှင် အပွနာဘာဝနာသို့မရောက်နိုင်ဘဲ အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်းလျှင်ကား အပွနာဘာဝနာနှင့်ပါ ပြည့်စုံသောကြောင့် မရဏာနုဿတိ ကမ္မဋ္ဌာန်းထက် အာနာပါနဿတိ ကမ္မဋ္ဌာန်းကပို၍ အဆင့်အတန်းမြင့်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ်** - ၁၉၊ ၂၀။

အသုဘရှုခြင်း (ကောဋ္ဌာသကမ္မဋ္ဌာန်း စီးဖြန်းခြင်း) အကျိုး

အသုဘကမ္မဋ္ဌာန်းကို စီးဖြန်းခြင်း (ဆံပင်, မွေးညှင်း, လက်သည်း, ခြေသည်း, သွား, အရေ, ဟူသော တစပဉ္စက စသော ကောဋ္ဌာသကမ္မဋ္ဌာန်းကိုစီးဖြန်းခြင်း) ကြောင့် ပဌမစျာန် အပွနာဘာဝနာကို ရခြင်း အကျိုးရှိနိုင်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ်** - ၂၂။

ဘုရားသွားကျောင်းတက် ကုသိုလ်ဆက်မှုအကျိုး

ဘုရားသွားကျောင်းတက် ကုသိုလ်ဆက်၍ ရတနာသုံးပါး၏ဂုဏ်ကို အဖန်ဖန် ယုံကြည် အောက်မေ့မှု အနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများခြင်းကြောင့် ကာမာဝစရသမာဓိဟု ဆိုအပ်သော (စိတ်တည်ကြည် ငြိမ်သက်မှု) ဥပစာရဘာဝနာကိုရနိုင်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ်** -၁၉၊ ၂၀။

မသာတစ်ခေါက် ကျောင်းဆယ်ခေါက်

ကျောင်းသို့သွားရုံသွားခြင်းမျှမဟုတ်ဘဲ ရတနာသုံးပါး၏ဂုဏ်ကို အဖန်ဖန်ယုံကြည် အောက်မေ့မှု အနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းလျှင် ဥပစာရဘာဝနာကိုသာရနိုင်ပြီး, စျာန်ဟူ သော အပွနာဘာဝနာကို မရနိုင်ဘဲ အသုဘကမ္မဋ္ဌာန်းကို စီးဖြန်းလျှင်ကား ပဌမစျာန် အပွနာ ဘာဝနာပါ ရနိုင်သောကြောင့် မသာတစ်ခေါက် ကျောင်းဆယ်ခေါက်ဟု ဆိုရိုးပြုရ လောက်အောင် အကျိုးအာနိသင်ချင်းကွာခြားပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ်** -၁၉၊ ၂၀၊ ၂၂။

http://www.dhammadownload.com

ကသိုဏ်းရှုရုံ, အာနာပါနမှတ်ရုံမျှဖြင့် မဂ်ဖိုလ်မရနိုင်

ကသိုဏ်း (၁၀)ပါးနှင့် အာနာပါနသတိတို့သည် ရူပဈာန် (၅)ပါး၏ အာရုံမျှသာ ဖြစ်၍ ဈာန် (၅) ပါးကိုသာရနိုင်သောကြောင့် ကသိုဏ်းရှုရုံ, အာနာပါနသတိကမ္မဋ္ဌာန်း ရှုမှတ်ပွားများရုံမျှဖြင့်မဂ်ဖိုလ် နိဗ္ဗာန်ကိုမရနိုင်ပါ။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ်** - ၂၁။

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းရုံမျှဖြင့် ဈာန်မဂ်ဖိုလ် မရနိုင်

ဗုဒ္ဓါနုဿတိအစ မရဏာနုဿတိအဆုံးရှိသော ကမ္မဋ္ဌာန်းတို့၌ အပွနာဘာဝနာ မဖြစ်နိုင်သောကြောင့် ဗုဒ္ဓါနုဿတိ (မရဏာနုဿတိ) ကမ္မဋ္ဌာန်းစီးဖြန်းရုံမျှဖြင့် ဈာန်မဂ်ဖိုလ်ကို မရနိုင်ပါ။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ်** - ၁၉။

ဗုဒ္ဓါနုဿတိ (မရဏာနုဿတိ) ကမ္မဋ္ဌာန်းစီးဖြန်းခြင်းအကျိုး

ဗုဒ္ဓါနုဿတိအစ မရဏာနုဿတိအဆုံးရှိသော ကမ္မဋ္ဌာန်း (၈)ပါး တို့၌၄င်း၊ သညာ, ဝဝတ္ထာန်ကမ္မဋ္ဌာန်းတို့၌၄င်း၊ အပွနာသမာဓိကိုမရဘဲ ဥပစာရသမာဓိကိုသာ ရနိုင်သောကြောင့် ဗုဒ္ဓါနုဿတိ (မရဏာနုဿတိ) ကမ္မဋ္ဌာန်းစီးဖြန်းလျှင် (ဘာဝနာအဆင့်ထက် ရင့်ကျက်တည်ငြိမ်သော) ပရိကမ္မသမာဓိနှင့်ကာမစ္ဆန္ဒစသော နီဝရဏကင်းကွာလျက် (စိတ်တည်ကြည်ငြိမ်သက်မှု) ဥပစာရသမာဓိကို ရနိုင်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ်** - ၁၉။

အသုဘရှုခြင်းထက် မေတ္တာပို့ခြင်းက ပို့အကျိုးကြီး

အသုဘကမ္မဋ္ဌာန်းကိုစီးဖြန်းလျှင် ရူပဝဋ္ဌမဈာန်ကိုသာရနိုင်ပြီး၊ မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းလျှင်ကား ရူပစတုတ္ထဈာန်အထိ ရရှိနိုင်သောကြောင့် အသုဘရှုခြင်းထက် မေတ္တာပို့ခြင်းက ပို၍အကျိုးကြီးကာ အဆင့်အတန်းမြင့်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ်** - ၂၂၊ ၂၃။

http://www.dhammadownload.com

မေတ္တာပို့ချင်း အကျိုး

မေတ္တာစသော ဗြဟ္မစိုရ်တရား (၃)ပါးတို့သည် အောက်ဈာန် (၄)ပါး၏ အာရုံသာ ဖြစ်သောကြောင့်မေတ္တာကမ္မဋ္ဌာန်းစီးဖြန်း၍ မေတ္တာပို့လျှင် ရူပအောက်ဈာန် (၄)ပါးကို ရနိုင်ပါသည်။

သာဓက ။ကမ္မဋ္ဌာန်းစာပိုဒ် - ၂၃။

ဈာန်ရနိုင်/မရနိုင်သော ကမ္မဋ္ဌာန်းများ

ဗုဒ္ဓါနုဿတိစသော (၈)ပါး၊ သညာ, ဝဝတ္ထာန်အားဖြင့် (၁၀) ပါးသော ကမ္မဋ္ဌာန်းတို့၌ ဥပစာရဘာဝနာသည်သာ ပြည့်စုံနိုင်သောကြောင့် အပ္ပနာသို့ မရောက်နိုင်, ဈာန်မရနိုင်ပါ။

ကြွင်းသော ကသိုဏ်း (၁၀)ပါးစသော ကမ္မဋ္ဌာန်း (၃၀) တို့၌ အပ္ပနာဘာဝနာသည်လည်း ပြည့်စုံနိုင်သောကြောင့် အပ္ပနာသို့ ရောက်နိုင်, ဈာန်ရနိုင်ပါသည်။(အပ္ပနာဝဟ ကမ္မဋ္ဌာန်း (၃၀)ဟုမှတ်ပါ)။

သာဓက ။ ကမ္မဋ္ဌာန်းစာပိုဒ် - ၁၉၊ ၂၀။

ဘာဝနာဘေဒ ပြီးပြီ။

* * * * * * *

ဂေါစရဘေဒ မြင်ကွင်း

ဂေါစရဘေဒ

ကမ္မဋ္ဌာန်းများကို အာရုံ (၃)ပါးအပြားအားဖြင့် ရသင့်သည်အားလျော်စွာ ပိုင်းခြားဝေဘန်ပြရာအခန်းကို ဂေါစရဘေဒဟု ခေါ်ပါသည်။

နိမိတ်ဖြင့် ကမ္မဋ္ဌာန်းကိုဝေဘန်ခြင်း

ပရိကမ္မ+ ဥဂ္ဂဟနိမိတ်တို့ ရနိုင်သောကမ္မဋ္ဌာန်း

ပရိကမ္မအာရုံနိမိတ်၊ ဥဂ္ဂဟအာရုံနိမိတ်တို့ကို ကမ္မဋ္ဌာန်း (၄၀)လုံး၌ပင် ထိုက်သည်အားလျော်စွာ ပရိယာယ်အားဖြင့် ရရှိနိုင်ပါသည်။

သာဓက ။ ကမ္မဋ္ဌာန်းစာပိုဒ် - ၂၆။

http://www.dhammadownload.com

ပဋိဘာဂနိမိတ်ရနိုင်သော ကမ္မဋ္ဌာန်း

ကသိုဏ်း (၁၀)ပါး၊ အသုဘ (၁၀)ပါး၊ ကောဋ္ဌာသပညတ်၊ အာနာပါနပညတ်တို့၌ သာလျှင် ပဋိဘာဂအာရုံနိမိတ်ကို ရနိုင်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ် -၂၇။**

ယထာရဟံ ပရိယာယေနဟု ဆိုရခြင်းအကြောင်း

ကသိုဏ်း(၁၀)ပါး၊ အသုဘ(၁၀)ပါး၊ ကောဋ္ဌာသပညတ်၊ အာနာပါနပညတ်အားဖြင့် (၂၂)ပါးသောကမ္မဋ္ဌာန်းတို့၌သာ ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ်တို့ကို မုချအားဖြင့် ရနိုင်ပြီး၊ ဗုဒ္ဓါနုဿတိအစရှိသော ကျန်ကမ္မဋ္ဌာန်း (၁၈)ပါးတို့၌ကား ခန့်မှန်းခြေအနေအထား ပရိယာယ်အားဖြင့်သာ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်တို့ကို ရနိုင်သောကြောင့် ယထာရဟံ ပရိယာယေနဟု ဆိုပါသည်။

ဆောင် ***ပရိကမ္မာ၊ ဥဂ္ဂဟာတို့၊ ဗုဒ္ဓါနုဿတိ၊ အစရှိသည့်၊ ပဋိဘာဂ၊ နိမိတ္တကို၊ မရပယ်ညွှန်း၊ ကမ္မဋ္ဌာန်းဝယ်၊ ပရိယာယ်သာ၊ ကြွင်းဝယ်မူချ၊ ဧကန်ရသည်၊ ခွဲကြ အာရုံလျော်စွာတည်း၊**

ပရိကမ္မနိမိတ် အဓိပ္ပါယ်နှင့် ပရိကမ္မဘာဝနာဖြစ်ပုံ

အာဒိကမ္မိကယောဂီ ပုဂ္ဂိုလ်သည်, အာရုံနိမိတ်အဖြစ်ယူအပ်သော ပထဝီကသိုဏ်းဝန်းစသော အာရုံသည် (ပရိကမ္မ၏အာရုံဖြစ်သောကြောင့်) ပရိကမ္မနိမိတ်မည်ပါသည်။

ထိုပရိကမ္မနိမိတ်မည်သော အာရုံကိုကြည့်ရှုမှန်းဆ၍ ပွားများမှုကို ပရိကမ္မဘာဝနာဖြစ်သည်ဟု ခေါ်ပါသည်။

ဆောင် ***ကမ္မဋ္ဌာန်းအစ၊ အာရုံမျှ၊ ပရိကမ္မနိမိတ်တည်း။**

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ် -၂၈။**

ဥဂ္ဂဟနိမိတ် အဓိပ္ပါယ်နှင့် ပရိကမ္မဘာဝနာဖြစ်ပုံ

(မှိတ်တုံ, ဖွင့်တုံအာရုံပြု၍ ပွားများရင်း) မျက်စိမှိတ်၍ ဆင်ခြင်သည့်အခါ မျက်စိဖြင့်

http://www.dhammadownload.com

တိုက်ရိုက် မြင်နေရသကဲ့သို့ စိတ်ထဲ၌ထင်ထင်ရှားရှား ပေါ်လာသောပထဝီ ကသိုဏ်းဝန်းစသော အာရုံသည် (စိတ်ဖြင့်ကောင်းစွာ ယူအပ်သောကြောင့်) ဥဂ္ဂဟနိမိတ် မည်ပါသည်။

ထိုဥဂ္ဂဟနိမိတ်ကို အာရုံပြုသော ပရိကမ္မဘာဝနာသည်ကား ရှေးကထက်သမာဓိရတည်ကြည်ကာ ဖြစ်ပေါ်လာပါသည်။

ဆောင် *** စိတ်ဖြင့်ယူရာ၊ အာရုံမှာ၊ မှတ်ပါဥဂ္ဂဟနိမိတ်တည်း။**

သာဓက။ **။ ကမ္မဋ္ဌာန်းစာပိုဒ် - ၂၉။**

ပရိကမ္မဘာဝနာချင်း အထူး

ပရိကမ္မနိမိတ်ကို အာရုံပြုသော ပရိကမ္မဘာဝနာသည် တည်ကြည်မှုမရှိ သမာဓိမရသေးပါ။ ဥဂ္ဂဟနိမိတ်ကို အာရုံပြုသော ပရိကမ္မဘာဝနာသည်ကား တည်ကြည်မှုရှိ သမာဓိရလာပါသည်။ ဤသို့ ထူး၏။

သာဓက **။ ကမ္မဋ္ဌာန်းစာပိုဒ် - ၂၈၊ ၂၉။**

ပဋိဘာဂနိမိတ်အဓိပ္ပါယ်နှင့် ဥပစာရဘာဝနာ ဖြစ်လာပုံ

ဝတ္ထုဖြစ်, ပရမတ်သဘောမဟုတ်ဘဲ ပညတ်မျှသာဖြစ်ပြီး၊ ဘာဝနာသညာ၏အစွမ်းကြောင့် ဥဂ္ဂဟနိမိတ်နှင့်(အာရုံပုံသဏ္ဌာန် အရွယ်အစား) အလားတူစွာစိတ်ထဲ၌ မပျောက်မပျက် ကွက်ကွက်ကွင်းကွင်း ထင်လာသော အာရုံသည် ပဋိဘာဂနိမိတ်မည်ပါသည်။

ပဋိဘာဂနိမိတ်ထင်လာသည်မှစ၍သမာဓိ၏ဘေးရန်ဖြစ်သော နီဝရဏကို ပယ်ရှားတတ်သည့် ဥပစာရဘာဝနာ ဖြစ်ပေါ်လာပါသည်။

ဆောင် *** ဥဂ္ဂဟအတူ၊ အာရုံမူ၊ မှတ်ယူပဋိဘာဂနိမိတ်တည်း။**

သာဓက **။ ကမ္မဋ္ဌာန်းစာပိုဒ် - ၃၀၊ ၃၁။**

နိမိတ် (၃) ပါးနှင့် ပရမတ်/ပညတ်

ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ်တို့သည် မြေဝန်း မြေဝိုင်း စသည်ဖြစ်သောကြောင့် ဝတ္ထုဖြစ်ထင်ရှားရှိသော အဋ္ဌကထာဝါဒရုပ်ပရမတ်များဖြစ်ကြပါသည်။ ပဋိဘာဂနိမိတ်ကား ပညတ်တရားမျှသာဖြစ်ပါသည်။

သာဓက **။ တပ္ပဋိဘာဂံ ဝတ္ထုဓမ္မဝိမုစ္စိတံ ပညတ္တိသဒ်္ဒါတံ။**

http://www.dhammadownload.com

ဥပစာရ ဘာဝနာ၏တရားကိုယ်

ဥပစာဘာဝနာဟူသည် (သမာဓိ၏ဘေးရန်) ပရိဗန္ဓမည်သော ကာမစ္ဆန္ဒစသော နီဝရဏ (၅) ပါးကို ပယ်ခွါနိုင်သည့် သမာဓိပြဋ္ဌာန်းသော ကာမာဝစရဇ်ောစိတ်ဖြစ်ပါသည်။

သာဓက ။ကမ္မဋ္ဌာန်းစာပို့ဒ် -၃၁။

ပရိဗန္ဓအရ

အဝိဇ္ဇာနီဝရဏသည် ကုသိုလ်စိတ်, စျာန်တရားတို့ကို မတားမြစ်နိုင်ဘဲ မဂ်ဖိုလ်စသည် ကိုသာတားမြစ်နိုင်သောကြောင့် စျာနင်တို့ကပယ်အပ်သော နီဝရဏတို့တွင် အဝိဇ္ဇာနီဝရဏ မပါဝင်၍ ကာမစ္ဆန္ဒ, ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စကုက္ကုစ္စ, ဝိစိကိစ္ဆာ ဟူသော နီဝရဏ (၅) ပါးကိုသာ ပရိဗန္ဓဝိပွဟီနာ၌ ပရိဗန္ဓအရ ယူရမည်။

မှတ်ရန် ။ **အဝိဇ္ဇာနီဝရဏကို စျာနင်ဖြင့်မပယ်နိုင်ဘဲ အရဟတ္တမဂ်ဖြင့်သာ ပယ်နိုင်သည်ဟု မှတ်ပါ။**

သာဓက ။ **တေသမေဝ စ မူလာနံ၊ နိရောဓေန နိရုဇ္ဈတိ။**

ဥပစာရစျာန်

ဥပစာဘာဝနာဖြစ်ပေါ်လာသည့်အခါ၌ နီဝရဏများကင်းကွာ၍ ဝိတက်စသော စျာန်အင်္ဂါ (၅) ပါးတို့သည် မိမိတို့ဆိုင်ရာကိစ္စကို ထင်ရှားစွာ ဆောင်ရွက်နေကြပြီဖြစ်သောကြောင့် ဥပစာဘာဝနာကိုပင် (အပွနာ၏ အနီးအပါး၌ဖြစ်သော) ဥပစာရစျာန်ဟုလည်း ခေါ်နိုင်ပါသေးသည်။

ဥပစာရဘာဝနာ၏အစနှင့် အဆုံး

ကာမစ္ဆန္ဒစသော နီဝရဏကို ပယ်နိုင်သော ဥပစာရဘာဝနာသည် ပဋိဘာဂနိမိတ် ထင်သည်မှ စတင်ဖြစ်ပြီး ဂေါတြဘု ဖြစ်ချိန်၌အဆုံးသို့ ရောက်ပါသည်။

သာဓက ။ကမ္မဋ္ဌာန်းစာပို့ဒ်-၃၁၊ ၃၂၊ ဝိထိစာပို့ဒ်-၂၁။

http://www.dhammadownload.com

ပဋိဘာဂနိမိတ်နှင့် အပ္ပနာဘာဝနာဖြစ်ပုံ၊ (ထင်နိုင်သူ)

ပဋိဘာဂနိမိတ်ထင်လာ၍ ဥပစာရဘာဝနာသို့ ရောက်ပြီးသောပုဂ္ဂိုလ်သည် ထိုထင်လာသော ပဋိဘာဂနိမိတ်ကိုပင်အာရုံပြုလျက် ဥပစာရသမာဓိဖြင့် ဆက်လက်အားထုတ်လျှင် ရူပါဝစရ ပဌမစျာန်ကို ရရှိကာ အပ္ပနာဘာဝနာ စတင်ဖြစ်ပေါ်လာပါသည်။ ပဋိဘာဂနိမိတ်သည် အပ္ပနာကို ဖြစ်စေနိုင်သောကြောင့် တိဟိတ်ပုဂ္ဂိုလ်သန္တာန်၌သာ ထင်နိုင်သည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ် -၃၂၊ ဝိထိစာပိုဒ်-၄၀။**

ဘာဝနာနှင့် နိမိတ်တွဲစပ်ပုံ

(ပထမစျာန်ရရန် အားထုတ်စအာဒိကမ္မိကယောဂီအတွက်) ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ်နှင့် ပရိကမ္မဘာဝနာ၊ ပဋိဘာဂနိမိတ် နှင့် ဥပစာရဘာဝနာ, အပ္ပနာဘာဝနာဟု နိမိတ် (၃) ပါးနှင့် ဘာဝနာ (၃) ပါးဖြစ်စဉ်ကို တွဲစပ်ရပါမည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ် ၂၈ မှ ၃၂ ထိ။**

(ဒုတိယစျာန်စသည်ရရန် အားထုတ်သူယောဂီတို့အတွက်) ပဋိဘာဂနိမိတ် နှင့် ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာ, အပ္ပနာဘာဝနာဟု နိမိတ် နှင့် ဘာဝနာ (၃) ပါးဖြစ်စဉ်ကို တွဲစပ်ရပါမည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ် - ၃၂၊ ၃၃။**

မှတ်ရန် ။ **ဒုတိယစျာန်စသည်ရရန်အားထုတ်သော ယောဂီသည် ဝိတက်စသော သြဠာရိကစျာန်အင်္ဂါကိုပယ်ခြင်းငှာငင်း, ဝိစာရစသော သုခုမစျာန်အင်္ဂါဖြစ်ခြင်းငှာငင်း, ရှေးက ထင်ပြီးသော ပဋိဘာဂနိမိတ်ကိုသာ (မဟာကုသိုလ်, မဟာကြိယာဉာဏသမ္ပယုတ်စိတ် တစ်ခုခုဖြင့်) အာရုံပြု၍ (ပထဝီ, ပထဝီစသည်ဖြင့်) စီးဖြန်းရသောကြောင့် ဒုတိယစျာန်စသည်ရရန် အားထုတ်သော ယောဂီအတွက် ပဋိဘာဂနိမိတ်နှင့် ဘာဝနာ (၃) ပါးကို တွဲစပ်ရသည်ဟု မှတ်ပါ။**

ဘာဝနာနှင့် သမာဓိရချိန်

ပရိကမ္မနိမိတ်ကို အာရုံပြုပွားများချိန် (ပရိကမ္မဘာဝနာအဆင့်) ၌ သမာဓိမရသေးပါ။ ဥဂ္ဂဟနိမိတ်ကို အာရုံပြုပွားများချိန် (ပရိကမ္မ ဘာဝနာ ဖြစ်ပေါ်) မှသာ ပရိကမ္မသမာဓိကို စတင်ရရှိလာပါသည်။ ပဋိဘာဂနိမိတ်ကို စတင်၍ အာရုံပြုပွားများချိန်၌ ဥပစာရသမာဓိကို

http://www.dhammadownload.com

ရရှိပါသည်။ ထို့နောက် ယင်းပဋိဘာဂနိမိတ်ကိုပင် အဖန်ဖန်ပွားများခြင်၌ အပွနာသမာဓိကို ရရှိပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပို့ဒ် - ၂၈မှ ၃၂ ထိ**။

ဝတ္ထုခေမ္မ အရ

ဝတ္ထုခေမ္မဝိမုစ္စိတံ၌ ဝတ္ထုခေမ္မအရကား အာရမ္မဏဝိဇာနန လက္ခဏာရှိသော စိတ် (၁) ပါး၊ ဖုသန စသောလက္ခဏာရှိသော စေတသိက် (၅၂) ပါး၊ ကက္ခဋစသော လက္ခဏာ ရှိသော နိပ္ဖန္နရုပ် (၁၈)ပါး၊ သန္တိလက္ခဏာရှိသော နိဗ္ဗာန် (၁) ပါးအားဖြင့် (၇၂) ပါးသော တရားတို့ ဖြစ်ပါသည်။

သာဓက ။**ဒွါသတ္တတိဝိဓာ ဝုတ္တာ၊ ဝတ္ထုခေမ္မာ သလက္ခဏာ။ သမုစ္စည်းစာပို့ဒ် (၁)**။

ရူပါဝစရဈာန် အဆင့်ဆင့်ရအောင် အားထုတ်ပုံ

ပဋိဘာဂနိမိတ်ထင်လာ၍ ဥပစာရဘာဝနာသို့ ရောက်ပြီးသော ယောဂီသည် ထိုထင်လာသော ပဋိဘာဂနိမိတ်ကိုပင် ဥပစာရသမာဓိဖြင့် အဆက်မပြတ် အထပ်ထပ်အားထုတ်လျှင် ရူပါဝစရပဌမဈာန်ကို ရရှိပါသည်။

မိမိရပြီးသော ပဌမဈာန်ကိုပင် အာဝဇ္ဇနစသော ဝသီဘော် (၅) မျိုးတို့ဖြင့် အစွမ်းသတ္တိထက်မြက်လာအောင် လေ့လာထားလျက် အသားကျအောင် အထပ်ထပ်ဝင်စား၍ ဝိတက်စသော ရုန့်ရင်းကြမ်းတမ်းသော ဈာန်အင်္ဂါများကို ပယ်ရှားခြင်းငှာနှင့် ဝိစာရစသော သိမ်မွေ့သော ဈာန် အင်္ဂါများဖြစ်ပေါ်လာခြင်းငှာ အဖန်ဖန်အထပ်ထပ်ပွားများသော ယောဂီအား ဒုတိယ ဈာန် စသည်တို့ အဆင့်ဆင့်ဖြစ်ပေါ်လာပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပို့ဒ် -၃၂၊ ၃၃**။

ဝသီဘော် (၅) ပါး

(မိမိရပြီးသောဈာန်ကို စွမ်းရည်ထက်မြက်လာအောင်ကျေပွန်စွာ လေ့လာနိုင်စွမ်းသော) ဝသီဘော်များကား . . . အာဝဇ္ဇနဝသီဘော်၊ သမာပဇ္ဇနဝသီဘော်၊ အဓိဋ္ဌာနဝသီဘော်၊ ဝုဋ္ဌာနဝသီဘော်၊ ပစ္စဝေက္ခဏာဝသီဘော်အားဖြင့် (၅) ပါးရှိပါသည်။

သာဓက ။ **အာဝဇ္ဇန သမာပဇ္ဇန အဓိဋ္ဌာန ဝုဋ္ဌာန ပစ္စဝေက္ခဏာ စေတိ ဣမာဟိ ပဉ္စဟိ ဝသိတာဟိ**။

http://www.dhammadownload.com

ဝသီဘော် (၅) ပါး၏ အဓိပ္ပါယ်

မှာတမ်း-အဓိပ္ပါယ်အကျယ်ကို ဋီကာကျော် စာမျက်နှာ (၂၆၃/၂၆၄) တို့၌ပြဆိုထားပါသည်။ ကျက်မှတ်ရန် ဆောင်ပုဒ်များကား-

၁။ ဈာန်အင်္ဂါစု၊ ဆင်ခြင်မှု၌၊ တစ်ခုဝိထိ၊ တစ်ခု၏ကြား၊ ဘဝင်မ များဘဲ၊ ဆက်သွား ဆင်ခြင်၊ စွမ်းနိုင်လျှင်သော်၊ ဝသီဘော်၊ မိန့်ခေါ် အာဝဇ္ဇန။

၂။ ဝင်စားလိုလျှင်၊ အပိုဘဝင်တို့၊ မဝင်မခြား၊ အလျင်အားဖြင့်၊ ဝင်စားနိုင်သော်၊ ဝသီဘော်၊ မိန့်ခေါ် သမာပဇ္ဇန။

၃။ ရှည်ရှည်တိုတို၊ တန့်ထားလိုလျှင်၊ ဘဝင်လွှမ်းဖိ၊ မကျတည့်အောင်၊ ဈာန်၏အစဉ်၊ ထားနိုင်လျှင်သော်၊ ဝသီဘော်၊ မိန့်ခေါ် ဓိဋ္ဌာန။

၄။ ချိန်ခါတိုရှည်၊ ရွယ်ရည်မှန်းဆ၊ ထိုခဏ၌၊ ဈာန်မှထခြင်း၊ စွမ်းနိုင်လျှင်းသော်၊ ဝသီဘော်၊ မိန့်ခေါ် ဝုဋ္ဌာန။

၅။ ပစ္စဝေက္ခဏာ၊ ဇောစောကာဖြင့်၊ ဈာန်အင်္ဂါစု၊ ဆင်ခြင်မှုစစ်၊ နည်းတူဖြစ်၍၊ အာဝဇ္ဇနာ၊ ဝသီတာမြောက်၊ အစွမ်းရောက်က၊ ပစ္စဝေက်ခေါ်၊ ဝသီဘော်လည်း၊ တစ်ပါးတည်း၊ အပြီးရောက် နေကြ။

ဝိတက်၏ကြမ်းတမ်းသောအပြစ်ရှိသည့် သြဠာရိကင်္ဂဈာန်

ဝိတက်သည် တွေးတောကြံစည်မှုများလျှင် ကာမဂုဏ်ကိုပင် ကြံစည်မိတတ်၍ ကာမစ္ဆန္ဒနီဝရဏ ရန်သူကြီးနှင့် နီးစပ်လှသောကြောင့် ကြမ်းတမ်းသောအပြစ်ရှိသည့် သြဠာရိကင်္ဂ ဖြစ်ရပါသည်။

သာဓက ။ဧစတသိက်စာပို့ခ်–၁၃။

အာဒိဝန္တအရမ္မဏများ

ဝိတက္ကာဒိကံ၌ အာဒိဖြင့်ယူရမည့် အာဒိဝန္တအရမ္မဏများကား ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတို့တည်း။

ဝိစာရာဒိ၌ အာဒိဖြင့်ယူရမည့် အာဒိဝန္တအရမ္မဏများကား -ပီတိ, သုခ, ဧကဂ္ဂတာတို့ တည်း။

သာဓက ။ဝိတက္က ဝိစာရ ပီတိ သုခဧကဂ္ဂတာ သဟိတံ ပဌမဈာန ကုသလစိတ္တံ၊ ဝိစာရ ပီတိ သုခဧကဂ္ဂတာ သဟိတံ ဒုတိယဈာန ကုသလစိတ္တံ။

http://www.dhammadownload.com

ဈာန်၌ရှိသော စိတ်, စေတသိက်ချင်းအထူး

ရပြီးသောဈာန်ကိုပင် ဝသီဘော်ဝင်စား၍ ဝိတက်စသော သြဠာရိကအင်္ဂါများကို ပယ်ခြင်းငှာနှင့် ဝိစာရစသော သုခုမအင်္ဂါများကို ဖြစ်ပေါ်ခြင်းငှာအားထုတ်သော ယောဂီအား ဒုတိယဈာန်စသော အရူပဈာန်အဆင့်ဆင့် ဖြစ်ပေါ်လာသောကြောင့် အောက် အောက်ဈာန်တို့၌ ရှိသောစိတ်, စေတသိက်တို့သည် ကြမ်းတမ်းသော သြဠာရိက သဘောရှိပြီး အထက်အထက် ဈာန်တို့၌ရှိသော စိတ်စေတသိက်တို့သည် နူးညံ့သိမ်မွေ့သော သဘောရှိပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပို့ဒ် -၃၃**။

ရူပဈာန်တို့၏ ပဟာနင်္ဂမမှနှင့် သမ္မယောဂင်္ဂမမျှား

ရူပဈာန်တို့၏ ပဟာနင်္ဂမမျှားကား ပထမဈာန်သည် နီဝရဏ (၅) ပါး၊ ဒုတိယဈာန်သည် ဝိတက်၊ တတိယဈာန်သည် ဝိစာရ၊ စတုတ္ထဈာန်သည် ပီတိ၊ ပဉ္စမဈာန်သည် သုခတို့ကို ပယ်ပါသည်။

သမ္မယောဂင်္ဂမမျှားကား ပထမဈာန်သည် ဝိတက်စသောဈာန်အင်္ဂါ (၅) ပါး၊ ဒုတိယ ဈာန်သည် ဝိစာရစသော ဈာန်အင်္ဂါ (၄) ပါး၊ တတိယဈာန်သည် ပီတိစသော ဈာန်အင်္ဂါ(၃)ပါး၊ စတုတ္ထဈာန်သည် သုခ, ဧကဂ္ဂတာ (၂) ပါး၊ ပဉ္စမဈာန်သည် ဥပေက္ခာဧကဂ္ဂတာ (၂)ပါးတို့နှင့် ယှဉ်ပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပို့ဒ်-၃၁၊ ၃၂၊ ၃၃**။

ဒွါဒိသတိအရ

ဣန္ဒြေဝံ ပထဝီကသိဏာဒိသု ဒွါဒိသတိ ကမ္မဋ္ဌာနေသု၌ ဒွါဒိသတိအရကား ကသိဏ်း (၁၀)ပါး၊ အသုဘ(၁၀)ပါး၊ ကောဋ္ဌာသပညတ်၊ အာနာပါန ပညတ်အားဖြင့်(၂၂)ပါးဖြစ် ပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပို့ဒ် -၂၇**။

အပါဒါန်နှင့် အပါဒါနိ

အဝသေသေသု၌ သေသ၏အပါဒါန်ကား ကသိဏ်း (၁၀) ပါး၊ အသုဘ (၁၀) ပါး၊ ကောဋ္ဌာသပညတ်၊ အာနာပါနပညတ်အားဖြင့် (၂၂) ပါးတို့တည်း။

အပါဒါနိဖြစ်သော သေသအရကား အပွမညာ (၄) ပါးနှင့် အာရုပ္ပ (၄) ပါးတို့တည်း။

သာဓက ။**ကမ္မဋ္ဌာန်းစာပို့ဒ် -၂၊ ၂၇၊ ၃၄**။

မေတ္တာစသော ဗြဟ္မစိုရ်တို့၏ အာရုံ

မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဟူသော အပွမညာ (၄)ပါး, ဗြဟ္မစိုရ်တရားတို့ကား သတ္တဝါပညတ်ကို အာရုံပြုပွားများရပါမည်။

သာဓက ။**အပွမညာ သတ္တပညတ္တိယံ ပဝတ္တန္တီ**။

http://www.dhammadownload.com

သစ်ပင်ကို မေတ္တာပို့၍မရ

မေတ္တာစသော အပွမညာတရားတို့သည် သတ္တဝါပညတ်ကို အာရုံပြုပွားများမှ အစစ် အမှန်ဖြစ်သောကြောင့် သတ္တဝါမဟုတ်သော သစ်ပင်ကို မေတ္တာပို့၍မရပါ။

သာဓက ။**အပွမညာ သတ္တပညတ္တိယံ ပဝတ္တန္တိ**။

အာရုပ္ပစ္ဈာန် (၄) ပါးရအောင်အားထုတ်နည်း

ရူပပဋိပက္ခမစ္ဈာန်ကို ရပြီးနောက် ပဌမာရုပ္ပစ္ဈာန်ကို ရလိုသဖြင့် အာကာသမှတစ်ပါး ကသိုဏ်း (၉) ပါးတို့တွင် တစ်ပါးပါးကို ဘာဝနာဖြင့်ပယ်ခွါ၍ ရလာထင်လာသော ကောင်းကင်ပညတ်ကို အာရုံပြုလျက် အာကာသော အနန္တော, အာကာသော အနန္တော (ကောင်းကင်ပညတ်သည် ဥပါဒ်ဘင်အားဖြင့် အဆုံးအပိုင်းအခြားမရှိ)၂ ဟုရွတ်ဆို၍ဖြစ်စေ, စိတ်ဖြင့်မှန်း၍ဖြစ်စေ, ပွားများအားထုတ်မှု ပရိကံပြုသော ယောဂီအား ပဌမာရုပ္ပစ္ဈာန် အပွနာဘာဝနာ ဖြစ်လာသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ် -၃၆**။

ဒုတိယာရုပ္ပစ္ဈာန်ကို ရလိုသဖြင့် မိမိရထားသော ပဌမာရုပ္ပ ဝိညာဏ်ကိုပင် အာရုံပြု၍ ဝိညာဏံ အနန္တံ, ဝိညာဏံ အနန္တံ (ပဌမရုပ္ပ ဝိညာဏ်သည် အဆုံးအပိုင်းအခြားမရှိ)၂ ဟုပွားများအားထုတ်မှု ပရိကံပြုသောယောဂီအား ဒုတိယာရုပ္ပစ္ဈာန် အပွနာဘာဝနာဖြစ်လာသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ် -၃၇**။

တတိယာရုပ္ပစ္ဈာန်ကို ရလိုသဖြင့် ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ်ကို အာရုံပြု၍ နတ္ထိ ကိဉ္စိ, နတ္ထိ ကိဉ္စိ (စိုးစဉ်းအနည်းငယ်မျှမရှိ)၂ ဟု ပွားများအားထုတ်မှု ပရိကံပြုသောယောဂီ အား တတိယာရုပ္ပစ္ဈာန် အပွနာဘာဝနာဖြစ်လာသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ် -၃၈**။

စတုတ္ထာရုပ္ပစ္ဈာန်ကို ရလိုသဖြင့် မိမိရထားသော တတိယာရုပ္ပ ဝိညာဏ်ကို အာရုံပြု၍ သန္တ မေတံ, ပဏီတ မေတံ (ဤတတိယာရုပ္ပ ဝိညာဏ်သည် ငြိမ်သက်ပေစွ၊ ဤတတိယာရုပ္ပ ဝိညာဏ်သည် မွန်မြတ်ပေစွ) ဟုပွားများအားထုတ်မှု ပရိကံပြုသော ယောဂီအား စတုတ္ထာရုပ္ပစ္ဈာန် အပွနာဘာဝနာဖြစ်လာသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ် -၃၉**။

http://www.dhammadownload.com

အာရုပ္ပစ္ဈာန်တို့၏ အာရုံများ (အရူပစ္ဈာန်၏ အာလမ္ဗဏ ပဘေဒဖြစ်ပုံ)

ပဌမာရုပ္ပစ္ဈာန်၏ အာရုံကား ကောင်းကင်ပညတ်တည်း။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ်-၃၆**။

ဒုတိယာရုပ္ပစ္ဈာန်၏ အာရုံကား ပဌမာရုပ္ပဝိညာဏ်တည်း။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ် -၃၇**။

တတိယာရုပ္ပစ္ဈာန်၏ အာရုံကား နတ္ထိဘောပညတ်တည်း။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ် -၃၈**။

စတုတ္ထာရုပ္ပစ္ဈာန်၏ အာရုံကား တတိယာရုပ္ပဝိညာဏ်တည်း။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ် -၃၉**။

ဆောင် ***ကောင်းကင်ခေါ်မှတ်၊ ပညတ်တစ်ဖြာ၊ ပဌမာရုပ္ပ၊ ဝိညာဏနှင့်၊ ဘာဝနတ္ထိ၊ တတိယာရုပ္ပံ၊ ဝိညာဏံ၊ လေးတန်အာရုံ စဉ်တိုင်းတည်း။**

နတ္ထိဘောပညတ်

ပဌမာရုပ္ပဝိညာဏ်၏ စိုးစဉ်းအနည်းငယ်မျှမရှိသည်၏အဖြစ် (နတ္ထိဘာဝ၊ နတ္ထိဘော) ဟူသည် ပရမတ်မဟုတ် ပညတ်မျှသာဖြစ်သောကြောင့် နတ္ထိဘောပညတ်ဟု ခေါ်ပါသည်။

အပါဒါန်နှင့် အပါဒါနိ

အဝသေသေသုစ ဒဿသု ကမ္မဋ္ဌာနေသုဋ္ဌ အဝသေသ၏ အပါဒါန်ကား ကသိုဏ်း (၁၀)ပါး၊ အသုဘ (၁၀)ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ၊ အပ္ပမညာ (၄)ပါး၊ အာရုပ္ပ (၄)ပါးအားဖြင့် ကမ္မဋ္ဌာန်း (၃၀)တို့တည်း။

အပါဒါနိဖြစ်သော အဝသေသ အရကား ဗုဒ္ဓါနုဿတိစသော ရှေ့ပိုင်းအနုဿတိ (၈)ပါး၊သညာ၊ဝဝတ္ထာန်ဟူသော ကမ္မဋ္ဌာန်း (၁၀)ပါးတည်း။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ် -၂၊ ၁၉**။

အာဒိဝန္ဓအရ

ဗုဒ္ဓဂုဏာဒိကံဋ္ဌ အာဒိသဒ္ဒါဖြင့်ယူရမည့် အာဒိဝန္ဓအရကား ဓမ္မာနုဿတိစသော ရှေ့ပိုင်းအနုဿတိ (၇)ပါးနှင့် သညာ၊ ဝဝတ္ထာန်တို့ကို ယူရမည်။

သာဓက ။ **ဗုဒ္ဓါနုဿတိအာဒိသု အဋ္ဌသု သညာဝဝတ္ထာနေသုစာတိ ဒဿသု ကမ္မဋ္ဌာ နေသု ဥပစာရဘာဝနာဝ သမ္ဘဇ္ဈတိ၊ နတ္ထိအပ္ပနာ။**

ကမ္မဋ္ဌာန်းစာပိုဒ် (၁၉)။

http://www.dhammadownload.com

အပွနာသို့မရောက်စေနိုင်သော ကမ္မဋ္ဌာန်းတို့၏ ဘာဝနာနှင့် နိမိတ်

အပွနာသို့မရောက်စေနိုင်သော ကမ္မဋ္ဌာန်းတို့၏ ဘာဝနာနှင့် နိမိတ်များကား- ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာနှင့် ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်များဖြစ်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ်- ၄၀။**

မှတ်ရန် ။ **ဤနေရာ၌ဥပစာရဘာဝနာဟူသည် သဒိသူပစာအားဖြင့်ဆိုသည်ဟုမှတ်ပါ။**

ကမ္မဋ္ဌာန်းကို နိမိတ် ဘာဝနာနှစ်မျိုးတို့ဖြင့် ဝေဘန်ခြင်း

ကသိုဏ်း(၁၀)ပါး၊ အသုဘ (၁၀)ပါး၊ ကောဋ္ဌာသပညတ်၊ အာနာပါနပညတ်အားဖြင့် (၂၂)ပါးသော ကမ္မဋ္ဌာန်းတို့၌ နိမိတ် (၃)ပါးလုံး နှင့် ဘာဝနာ(၃)ပါးလုံးကို ရနိုင်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ် - ၁၉၊ ၂၀၊ ၂၆၊ ၂၇။**

အပွမညာ (၄)ပါးနှင့် အာရုပ္ပ (၄)ပါးအားဖြင့် (၈)ပါးသော ကမ္မဋ္ဌာန်းတို့၌ ပရိကမ္မ, ဥဂ္ဂဟဟူသော နိမိတ် (၂)ပါးနှင့် ဘာဝနာ (၃)ပါး လုံးကို ရနိုင်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ် - ၁၉၊ ၂၀၊ ၂၆၊ ၂၇။**

ဝုဒ္ဓါနုဿတိစသော ရှေ့ပိုင်းအနုဿတိ (၈)ပါး၊ သညာ၊ ဝဝတ္ထာန်အားဖြင့် (၁၀)ပါးသော ကမ္မဋ္ဌာန်းတို့၌ ပရိကမ္မ, ဥဂ္ဂဟဟူသော နိမိတ် (၂)ပါးနှင့် ပရိကမ္မ, ဥပစာရဟူသော ဘာဝနာ (၂)ပါးကိုသာ ရနိုင် ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ် - ၁၉၊ ၂၆၊ ၂၇။**

အဘိညာဉ်မည်သောတရား

စျာနကိစ္စတပ်သော ပဉ္စမစျာန်ထက် အထူးအားဖြင့်သိတတ်သော အဘိညာဉ်ဟူသည်ကား ရူပါဝစရ ကုသိုလ်, ကြိယာ ပဉ္စမစျာန်ဇော နှင့်ယှဉ်သော ပညာစေတသိက်ဖြစ်ပါသည်။ ထိုပညာနှင့်ယှဉ်သော ရူပါဝ စရကုသိုလ်, ကြိယာ ပဉ္စမစျာန်ဇောစိတ်ကိုလည်း တကွဖြစ်ဖက် သဟစရဏနည်း (အဝိနာဘာဝနည်း, ဌာနျုပစာ) အားဖြင့် အဘိညာဉ် ဟုပင် ခေါ်ရပါသည်။

သာဓက ။ **ပဉ္စမဇ္ဈာနသခ်ိတံ အဘိညာကုသလဉ္စနှင့် ကြိယာဘိညာ ဝေါဌပ္ပနဉ္စ။ ပကိဏ်းစာပိုဒ် - ၅၈၊ ၅၉။ အဘိညာဝသေန ပဝတ္တမာနံ ပန ရူပါဝစရ ပဉ္စမဇ္ဈာနာ။ ကမ္မဋ္ဌာန်းစာပိုဒ် - ၄၁။**

http://www.dhammadownload.com

အဘိညာဉ်ရအောင် အားထုတ်ပုံ

စိတ်ဟည်ငြိမ်၍ အဘိညာဉ်တစ်မျိုးမျိုးကို ရလိုလျှင်-

(၁) ရှေးဦးစွာအဘိညာဉ်၏အခြေခံဖြစ်သော ရူပါဝစရ ပဉ္စမ ဈာန်ကိုဝင်စားရသည်။

(၂) ထိုဈာန်မှထပြီးနောက် အဘိညာဉ်ဆိုင်ရာ အဓိဋ္ဌာန်အပ်သည့် သူငယ်ရုပ်သွင်စသော အာရုံတစ်ခုခုကိုမှန်း၍ သတ် ဟောမိ (ဖန်ဆင်းအပ်သော ရုပ်ပေါင်းတစ်ရာဖြစ်စေ) သဟဿံ ဟောမိ (ဖန်ဆင်းအပ်သော ရုပ်ပေါင်းတစ်ထောင်ဖြစ်စေ) စသည်ဖြင့် အဖန်တလဲလဲစီးဖြန်းမှု ပရိကံပြုရပါမည်။

(၃) ပရိကံ ပြုပြီးနောက် ရူပဝစရ ပဉ္စမဈာန်ကို ထပ်မံဝင်စားရပါမည်။

(၄) ထို့နောက် ပရိကံပြုအပ်ပြီးသည့် ရူပါရုံစသော ဆိုင်ရာအာရုံတစ်ခုခုကို အာရုံပြုလျက် ဆက်လက်ပွားများအားထုတ်သောအခါ တန်ခိုးအမျိုးမျိုးဖန်ဆင်းနိုင်သည့် ကျွှဒ္ဓိဝိဓ စသော အဘိညာဉ်များ ဖြစ်ပေါ်လာပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပို့ဒ်-၄၂**။

အဘိညာဉ်ရအောင် အားထုတ်ရာ၌ ဖြစ်ထိုက်သော ဝိထိများ

အဘိညာဉ်ရအောင် အားထုတ်ရာ၌ (**ပါဒကဈာန်၊ အဓိဋ္ဌာန်နှင့်၊ တဖန်ပါဒက၊ ဖြစ်ပြီးမှ၊ ကျတုံအဘိညာ**) ဟူသည့်နှင့်အညီ

(၁) အဘိညာပါဒက ပဉ္စမဈာနဝီထိ။

သာဓက ။**အဘိညာပါဒက ပဉ္စမဈာနာ ဝုဋ္ဌာိတော**။

(၂) ပရိကမ္မဝီထိ (ခေါ်)အဓိဋ္ဌာန ကာမဇော မနောဒ္ဓါရဝီထိ။

သာဓက ။**အဓိဋ္ဌေယျာဒီက မာဝဇ္ဇေတွော ပရိကမ္မံ ကရောန္တသ**။

(၃) သမာပဇ္ဇနဝီထိ (ခေါ်) ပုန အဘိညာပါဒက ပဉ္စမဈာနဝီထိ။

သာဓက ။ **ရူပါဝစရပဉ္စမဈာနံ အဘိညာပါဒက ပဉ္စမဈာနာ ဝုဋ္ဌာိတော**။
(ဥဘယာပေက္ခ/ ကာကောလောကနနည်းအရ သာဓကပြု၏။)

(၄) အဘိညာ ပဉ္စမဈာနဝီထိ. . . အားဖြင့် (၄) ဝီထိကျမှသာ အဘိညာဉ် ကိစ္စပြီးသည်။ အဘိညာဉ်ရပါသည်။

သာဓက ။ **အဘိညာဝသေန ပဝတ္တမာနံ ပန ရူပါဝစရ ပဉ္စမဈာနံ ရူပါဒီသု အာရမ္မဏေသု ယထာရဟမပ္ပေတိ**။

http://www.dhammadownload.com

မှတ်ရန် ။ ဤ၌ ဝိသုဒ္ဓိမဂ္ဂ စသည်တို့နှင့်အညီ (၄) ဝိထိပြထားသော်လည်း အဘိညာဉ် ၅ အလေ့အလာရပြီးသူများအတွက် ပုနအဘိညာပါဒက ပဉ္စမဈာနဝီထိ မလိုဘဲ အဘိညာဉ်ကိစ္စပြီးနိုင်သည်ဟု ယူဆကာ သဋ္ဌိုတ်ကျမ်း၌(၃) ဝိထိသာပြ သည်ဟု (ပရမတ္ထဒီပနီ-၅၆၀၅)ဆို၏။

အဘိညာဉ်သရုပ်

(၁) တန်ခိုးအမျိုးမျိုးဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓ အဘိညာဉ်။

(၂) နတ်တို့၏ နားကဲ့သို့ ဝေးသောအသံ, တိုးသောအသံကိုလည်း ကြားနိုင်သော ဒိဗ္ဗသောတအဘိညာဉ်။

(၃) သူတစ်ပါးတို့၏စိတ်ကို သိနိုင်သော ပရစိတ္တဝိဇာနနာ အဘိညာဉ်။

(၄) ရှေးရှေးဘဝတို့၌ ဖြစ်ခဲ့ဖူးသမျှ အကြောင်းအရာများကို ပြန်ပြောင်း၍ အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်။

(၅) နတ်တို့၏မျက်စိကဲ့သို့ ဝေးသောအဆင်း၊ သေးငယ်သော အဆင်း ကိုလည်းမြင်နိုင်သော ဒိဗ္ဗစက္ခုအဘိညာဉ်အားဖြင့် (၅)ပါးရှိပါ သည်။

သာဓက ။ ကမ္မဋ္ဌာန်းစာပိုဒ် -၄၂။

မှတ်ရန် ။ ပဋ္ဌာန်းစသည်တို့၌ အဘိညာဉ် (၇)ပါးခွဲ၍ဟောထားသော်လည်း၊ ယထာကမ္မူပဂအဘိညာဉ်နှင့် အနာဂတံသ အဘိညာဉ်တို့ကို ဒိဗ္ဗစက္ခုနှင့် မကင်းသောကြောင့် ဒိဗ္ဗစက္ခုအဘိညာဉ်၌ ထည့်သွင်းထား၍ အဘိညာဉ်(၅)ပါး သာ ဖြစ်ရပါသည်။

ထို(၅)ပါးတွင် အာသဝက္ခယ အဘိညာဉ်ကိုထည့်စွက်လျှင် အဘိညာဉ် (၆)ပါးဖြစ်လာနိုင်သည်ဟုမှတ်။

ဆောင် *စ. သော. ဣန္ဒ. ပ၊ပုဗ္ဗ. ယ. အ. ဟု၊ သတ္တ ဘိညာ၊ ငါးဖြာဖြစ်က၊ ယနှင့်အ,ကို၊ စ၌သွင်းယူ၊ ခြောက်မူအာသဝက်၊ ထိုဝယ်စွက်၊ သုံးချက်နား လည်စေ။

http://www.dhammadownload.com

အညို့, အရွှေ့စသည် သိမ္မသဲည် အဘိညာဉ်ဇော၏အရာမဟုတ်

အဘိညာဉ်ဇောတို့သည် တစ်ကြိမ်သာစောသောကြောင့် ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် ပစ္စုပ္ပန်ရူပါရုံသာမညကိုသာ သိနိုင်သည်။

ရူပါရုံ၏ အညို့, အရွှေ့စသော အဆင်းဝိသေသကို ပိုင်းခြားသိမှုသည်ကား အဘိညာဉ်၏အရာမဟုတ်၊ မနောဒွါရဝီထိ ကာမဇော၏အရာသာဖြစ်ပါသည်။

ပရစိတ္တဝိဇာနနာ အဘိညာဉ်ဖြင့်လည်း သူတစ်ပါး၏စိတ်သာမည ကိုသာသိနိုင်သည်။ ဤသူ၏ယခုစိတ်ကား သရာဂစိတ်တည်းစသည်ဖြင့် ပိုင်းခြားသိမှုသည်ကား အဘိညာဉ်၏ အရာမဟုတ်၊ မနောဒွါရဝီထိ ကာမဇော၏ အရာသာဖြစ်ပါသည်။

သာဓက ။ **မဂ္ဂါဘိညာ သကိ မတာ။**

မှတ်ရန် ။ **ဒိဗ္ဗသောတအဘိညာဉ်စသည်ဆိုင်ရာတို့ကိုလည်း ဤနည်းအတူမှတ်ပါ။**

ကောင်းကင်ပျံနိုင်သောဈာန်နှင့် မပျံနိုင်သောဈာန်

အဘိညာဉ်ကိစ္စတပ်သောရူပါဝစရပဉ္စမဈာန်ကိုရပြီး, နည်းလမ်းတကျ အားထုတ်မှသာလျှင် ဣဒ္ဓိဝိဓစသည့် အဘိညာဉ်တို့ကို ရနိုင်သောကြောင့် တန်ခိုးအမျိုးမျိုးဖန်ဆင်းနိုင်သည့် ဣဒ္ဓိဝိဓအဘိညာဉ်ကိစ္စ တပ်သော ရူပါဝစရပဉ္စမဈာန်ကိုရမှသာလျှင် ဈာန်ပျံနိုင်ပြီး, ကြွင်းသော ဈာန်များကိုရသော်လည်း ဈာန်မပျံနိုင်ပါ။

သာဓက ။**ကမ္မဋ္ဌာန်းစာပိဒ် -၄၁၊ ၄၂**။

အကြားအမြင်ရသူတိုင်း အဘိညာဉ်ရသူ ဟုတ်/မဟုတ်

(ယခုခေတ်တွင် အကြားအမြင်ရသူများရှိသူဟုဆိုသော်လည်း) အဘိညာဉ်ဟူသည် ရူပါဝစရပဉ္စမဈာန်ကို အခြေခံပြုရသောကြောင့် ရူပါဝစရပဉ္စမဈာန်ကို ရသူဖြစ်လျှင်သာ ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ အဘိညာဉ်ရသူ ဟုတ်မှန်သော်လည်း ရူပါဝစရ ပဉ္စမဈာန်ကိုရသူ မဟုတ်ပါက ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတအဘိညာဉ်ရသူမဟုတ်နိုင်ပါ။

သာဓက ။ **(လိုရင်း) အဘိညာဝသေန ပဝတ္တမာနံ ပန ရူပါဝစရ ပဉ္စမဇ္ဈာနံ။**
(အက္ခယ်အပြည့်အစုံ) ကမ္မဋ္ဌာန်းစာပိဒ်-၄၁၊ ၄၂။

http://www.dhammadownload.com

မျက်မမြင်သည်အဘိညာဉ်ကို မရနိုင်

စက္ခုဝိညေယျဖြစ်သည့် ပရိကမ္မ (ကမ္မဋ္ဌာန်း) နိမိတ်ကို ပရိကမ္မဘာဝနာဖြင့် စတင်ကြည့်ရှုအာရုံပြု အားထုတ်ပြီးမှသာ စျာန်, အဘိညာဉ်ရကြောင်း အထက်အထက်ဘာဝနာသို့ တက်ရောက်စမြဲ ဖြစ်သောကြောင့် စက္ခုဝိညေယျဖြစ်သည့် ပရိကမ္မ(ကမ္မဋ္ဌာန်း)နိမိတ်ကို စတင်ကြည့်ရှုအာရုံပြုရန်, မံသစက္ခု ပကတိမျက်စိအမြင်မရှိသူသည် ဒိဗ္ဗစက္ခုအဘိညာဉ်ကို မရနိုင်ပါ။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ်-၁၉ ပ ဝါကျနှင့် ၂၈၊ ၂၉။**

မျက်လှည့်ဆရာ ဣဒ္ဓိဝိဓ အဘိညာဉ်ရသူမဟုတ်

အဘိညာဉ်ဟူသည် ရူပါဝစရပဋ္ဌမစျာန်ကို အခြေခံပြုရသောကြောင့် ယခုခေတ်တွင် အံ့သြဘွယ်ရာ ပြကွက်မျိုးစုံကို (လှည့်စား) ပြသနိုင်သော မျက်လှည့်ဆရာသည် ရူပါဝစရပဋ္ဌမစျာန်ကို ရသူမဖြစ်နိုင်၍ ဣဒ္ဓိဝိဓ အဘိညာဉ်ရသူမဟုတ်နိုင်ပါ။

သာဓက ။ **(လိုရင်း) အဘိညာဝသေန ပဝတ္တမာနံ ပန ရူပါဝစရ ပဋ္ဌမဇ္ဈာနံ။**
(အကျယ်အပြည့်အစုံ) ကမ္မဋ္ဌာန်းစာပိုဒ်-၄၁၊ ၄၂။

ကြိုးမဲ့တယ်လီဖုန်းသည် ဒိဗ္ဗသောတအဘိညာဉ်မဟုတ်

အဘိညာဉ်ဟူသည် ရူပါဝစရပဋ္ဌမစျာန်ဟူသော နာမ်တရားကို အခြေခံပြုရသောကြောင့် (အနာရမ္မဏ) ရုပ်တရားကို အခြေခံ၍ ဖန်တီးထားသော ကြိုးမဲ့တယ်လီဖုန်းသည် ဒိဗ္ဗသောတအဘိညာဉ်မဟုတ်ပါ။

သာဓက ။ **(လိုရင်း) အဘိညာဝသေန ပဝတ္တမာနံ ပန ရူပါဝစရ ပဋ္ဌမဇ္ဈာနံ။**
(အကျယ်အပြည့်အစုံ) ကမ္မဋ္ဌာန်းစာပိုဒ်-၄၁၊ ၄၂။

လူဝင်စားသည် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ရသူမဟုတ်

အဘိညာဉ်ဟူသည်ရူပါဝစရပဋ္ဌမစျာန်ကို အခြေခံပြုရသောကြောင့် ယခုခေတ်တွင် အရင်ဘဝဟောင်း၌ ဖြစ်ခဲ့ဖူးသော ဘဝဇာတ်ကြောင်းကို ပြန်ပြောင်းပြောနိုင်သော လူဝင်စား

http://www.dhammadownload.com

များသည် (ရှုပါဝစရ ပဉ္စမစျာန်ကို ရသူမဟုတ်ပါက) ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ရသူ မဟုတ်ပါ။ (ဇာတိဿရဉာဏ်ရသူသာတည်း)

သာဓက ။ (လိုရင်း) အဘိညာဝသေန ပဝတ္တမာနံ ပန ရူပါဝစရ ပဉ္စမဇ္ဈာနံ။ (အကျယ်အပြည့်အစုံ) ကမ္မဋ္ဌာန်းစာပို့ဒ်-၄၁၊ ၄၂။

မှတ်ရန် ။ အထက်ဖော်ပြပါ အတွေးအမြင်များကို နည်းမှီ၍ အခြားသော အတွေးအမြင်များကိုလည်း တွေးဆ ဆင်ခြင်နိုင်လောက်ပြီဟုမှတ်ပါ။

ဂေါစရဘေဒ ပြီးပြီ။

သမထကမ္မဋ္ဌာန်းနည်းဆိုင်ရာများ ပြီးပြီ။

* * * * * * *

ဝိပဿနာ ကမ္မဋ္ဌာန်းနည်း

ကြိုတင်သိထို့က်ပွယ်များ

ဝိပဿနာကမ္မဋ္ဌာန်းနည်း၌ ဝိသုဒ္ဓိ (၇) ပါး, လက္ခဏာ (၃)ပါး, အနုပဿနာ (၃) ပါး, ဝိပဿနာဉာဏ်စဉ် (၁၀)ပါး, ဝိမောက္ခ (၃) ပါး, ဝိမောက္ခမုခ (၃) ပါးအားဖြင့် အုပ်စု (၆) မျိုးကိုကြိုတင်၍ သိထားထိုက် ပါသည်။

ဝိသုဒ္ဓိဘေဒ မြင်ကွင်း

သီလဝိသုဒ္ဓိ

ကိုယ်နှုတ်စိတ်တို့၌ ဒုစရိုက်မဖြစ်ဘို့ ပါတိမောက္ခ သံဝရသီလ, ဣန္ဒြိယ သံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတသီလ ဟူသော အကျင့်ကောင်း (၄) မျိုးတို့ကို ထက်ဝန်းကျင် (လုံး၀) စင်ကြယ်အောင် စောင့်ထိန်းခြင်းသည် သီလဝိသုဒ္ဓိ ဖြစ်ပါသည်။

သာဓက ။စတုပါရိသုဒ္ဓိသီလံ သီလဝိသုဒ္ဓိနာမ။

http://www.dhammadownload.com

ပါတိမောက္ခသံဝရသီလ

ပညတ်ထားသော သိက္ခာပုဒ်သီလဟူသမျှကို **(သဒ္ဓါထက်သန်စွာဖြင့်)** ဖြည့်ကျင့်စောင့်ထိန်းခြင်းသည် =ပါတိမောက္ခ သံဝရသီလမည်၏။ (ဋီ-၂၆၈)

ဣန္ဒြိယသံဝရသီလ

အဘိဇ္ဈာ,ဒေါမနဿစသော အကုသိုလ်မဖြစ်အောင် ဣန္ဒြေ(၆)ပါးတို့ကို **(သတိတရားဖြင့်)** စောင့်စည်းခြင်းသည်= ဣန္ဒြိယသံဝရသီလ မည်၏။ (ဋီ-၂၆၉)

အာဇီဝပါရိသုဒ္ဓိသီလ

အသက်မွေးဝမ်းကြောင်း (လုံးဝ)စင်ကြယ်အောင် မိစ္ဆာဇီဝမှရှောင်ကြဉ်လျက် ပစ္စည်းလေးပါးကို တရားသဖြင့် ရှာမှီး၍ **(ဝီရိယဖြင့်)** အသက်မွေးဝမ်းကြောင်းပြုခြင်းသည် =အာဇီဝပါရိသုဒ္ဓိသီလမည်၏။ (ဋီ-၂၆၉)

ပစ္စယသန္နိဿိတသီလ

အာဇီဝပါရိသုဒ္ဓိစင်ကြယ်စွာရလာသော ပစ္စည်းကိုမှီ၍ အကျိုးရှိပုံကို **(ဉာဏ်ဖြင့်)** ဆင်ခြင် သုံးစွဲခြင်းသည် ပစ္စယသန္နိဿိတသီလမည်၏။ (ဋီ-၂၆၉)

ဆင်ခြင်ပုံ

* သင်္ကန်းနှင့် ဆွမ်း၊ ကျောင်းသခ်မ်း, ဆေး၊ ပစ္စည်းလေးဖြာ၊ သင်္ဃာဆိုင်ရာကို၊ ရောဂါကင်းစင်၊ စိတ်ကြည်လင်၍၊ စွမ်းအင်ပြည့်စွာ၊ သာသနာအတွက်၊ ကောင်းစွာရွက်ဆောင်၊ ကျင့်နိုင်အောင်ဟု၊ သုံးဆောင် မှီဝဲပါသတည်း။

ငါးပါးသီလလုံခဲ့မှု, ဝိနည်းခို်ရဲဖြစ်ခဲ့မှုဖြင့် သီလဝိသုဒ္ဓိဟူမခေါ်နိုင်သေး

ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလ, အာဇီဝပါရိသုဒ္ဓိ သီလ, ပစ္စယသန္နိဿိတ

http://www.dhammadownload.com

သီလ အားဖြင့် သီလလေးမျိုးလုံး ပြည့်စုံလုံခြုံမှုသာ သီလဝိသုဒ္ဓိဖြစ်သောကြောင့် ငါးပါးသီလ လုံရုံမျှသောလူနှင့် ပါတိမောက္ခ သံဝရသီလကိုသာ စောင့်ထိန်းသည့် ဝိနည်းဓိရိုဖြစ်ရုံမျှသော ရဟန်းတို့ကို သီလဝိသုဒ္ဓိပုဂ္ဂိုလ်ဟု မခေါ်နိုင်သေးပါ။

သာဓက ။ကမ္မဋ္ဌာန်းစာပိုဒ် -၄၉။

ကြွသာ, မစ္ဆရိယမျှားသူ သီလဝိသုဒ္ဓိမဖြစ်

(ဝိနည်းသိက္ခာပုဒ်ကိုလေးစားသည့် ဝိနည်းဓိရိုပုဂ္ဂိုလ်ပင် ဖြစ်သော်လည်း) မနာလို, သဝန်တိုသည့် ကြွသာ, မစ္ဆရိဃမျှားသူတို့သည် မနိန္ဒြေ၌ အကုသိုလ်မဖြစ်အောင် စောင့်ထိန်းရမည့် ကြွန္ဒြိယသံဝရသီလ ပျက်စီးသောကြောင့် သီလဝိသုဒ္ဓိပုဂ္ဂိုလ်မဖြစ်ပါ။

သာဓက ။ကမ္မဋ္ဌာန်းစာပိုဒ် -၄၉။

စိတ္တဝိသုဒ္ဓိ

ဥပစာရ သမာဓိ (ခေါ်) ကာမာဝစရသမာဓိဇောလောက်ဖြစ်စေ, အပ္ပနာသမာဓိ (ခေါ်) သမာဓိပြဋ္ဌာန်းသော ရူပဈာန်သို့ရောက်အောင် ဖြစ်စေ, အားထုတ်ခြင်းသည် (မိမိစိတ်ကို နိဝရဏအညစ်အကြေးမှ ကင်းဝေးစင်ကြယ်စေသောကြောင့်) စိတ္တဝိသုဒ္ဓိမည်၏။

သာဓက ။ ဥပစာရသမာဓိ အပ္ပနာသမာဓိ စေတိ ဒုဝိဓောပိ သမာဓိ စိတ္တဝိသုဒ္ဓိနာမ။

မှတ်ရန် ။ ခဏိကသမာဓိသည်လည်း စိတ္တဝိသုဒ္ဓိဖြစ်ပွားနိုင်ခြင်းကြောင့် ဝိပဿနာသက်သက်အားထုတ်သူများသည် သတိပဋ္ဌာန်ပွားများမှု ခဏိကသမာဓိဖြင့် စိတ္တဝိသုဒ္ဓိ ထူထောင်ကြပါသည်။ (ဝိသုဒ္ဓိမဂ္ဂ/ မဟာဋီကာ)။

ဒိဋ္ဌိဝိသုဒ္ဓိ

လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်အားဖြင့် နာမ်ရုပ်တို့ကို သိမ်းဆည်း ဆင်ခြင်သောဉာဏ်သည် (အတ္တအညစ်အကြေးမှ ကင်းဝေးစင်ကြယ်သောကြောင့်) ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။

သာဓက ။ ကမ္မဋ္ဌာန်းစာပိုဒ် -၅၁။

ဆောင် ။ နာမ်ရုပ်ပေါ်မှာ၊လက္ခဏာနှင့်၊ ရသာ, ပစ္စု၊ သိမ်းဆည်းမှု၊ မှတ်ရှုဒိဋ္ဌိဝိသုဒ္ဓိ။

http://www.dhammadownload.com

မှတ်ရန် ။ ဒိဋ္ဌိဝိသုဒ္ဓိသည် နာမ်ရုပ်ဟူသော သခ်ါရတရားတို့ကို ပိုင်းခြားတတ်သောကြောင့် နာမရူပဝဝတ္ထာနဉာဏ်ဟုလည်း၊ သခ်ါရပရိစ္ဆေဒဉာဏ်ဟုလည်း၊ အမည် ရနိုင်ပါသေးသည်။

ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ရန်ကျင့်နည်းချုပ်အမှာ

"ဖောက်ပြန်တတ်သော ဤခန္ဓာကိုယ်ကြီးကားရုပ်, ခံစားမှုကား ဝေဒနာ, မှတ်သားမှုကား သညာ, ပြုလုပ်အားထုတ်မှုကား သခ်ါရ, အာရုံကိုသိမှုကား စိတ်ဝိညာဏ်တည်း၊ ဤရုပ်, ဝေဒနာ, သညာ, သခ်ါရ, ဝိညာဏ်တို့မှတစ်ပါး အတ္တဟူသော တရားတစ်မျိုးမရှိတော့ချေ. . . "
ဟု သိမြင် အောင် ကျင့်ကြံအားထုတ်လျှင် သကၠာယဒိဋ္ဌိကင်းစင်၍ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်နိုင်ပါသည်။

သာဓက ။ သမုစ္စည်းစာပိုဒ် -၄၂၊ ၄၉နှင့် ကမ္မဋ္ဌာန်းစာပိုဒ်-၅၁။

မှတ်ရန် ။ သုတ္တန်ပါဠိတော်များကို လေ့လာထောက်ဆပါက အဘိဓမ္မာပါဠိတော်ကိုမှီသော သဂြိဟ်ကျမ်းအဆိုအတိုင်း နာမ်, ရုပ်အားလုံးကို လက္ခဏာစသည် အပြည့်အစုံမတင်နိုင်သော်လည်း နည်းကောင်းလမ်းမှန်ကို နာခံ၍ ဇွဲသန်သန် အားထုတ်လျှင် အထိုက်အလျောက် သိရုံမျှဖြင့် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ဖွယ်ရာရှိသည်ဟု မှတ်ပါ။

ဒိဋ္ဌိဝိသုဒ္ဓိအကျေဉ် ပဒဋ္ဌာန်ပုဒ် မပါသင့်

နာမ်ရုပ်တို့၏ ဖြစ်ကြောင်း ပဒဋ္ဌာန်ဆင်ခြင်မှုသည်လာမည့် ပစ္စယပရိဂ္ဂဟဉာဏ် (ကခ်ါဝိတရဏဝိသုဒ္ဓိ) နှင့်သာ သက်ဆိုင်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိအရာ၌ ပဒဋ္ဌာန်ပုဒ် မပါသင့်ပါ။

သာဓက ။ကမ္မဋ္ဌာန်းစာပိုဒ် -၅၁၊ ၅၂။

ဒိဋ္ဌိချင်းအထူး

ဒိဋ္ဌပါဒါနံ၌ ဒိဋ္ဌိအရ ပြင်းပြင်းထန်ထန်အစွဲသန်သည့် ဥပါဒါန် ဒိဋ္ဌိဖြစ်သောကြောင့် မိစ္ဆာဒိဋ္ဌိကိုယူရမည်။ ဒိဋ္ဌိဝိသုဒ္ဓိ၌ ဒိဋ္ဌိအရ အတ္တအညစ်အကြေးမှ ကင်းဝေးစင်ကြယ်အောင် နာမ်, ရုပ်တို့ကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်အားဖြင့် ဆင်ခြင်၍ သိမြင်ခြင်းဖြစ်သောကြောင့် သမ္မာဒိဋ္ဌိကိုယူရမည်။ ဤသို့ထူး၏။

http://www.dhammadownload.com

ကခ်ီဝိတရဏဝိသုဒ္ဓိ

နာမ်ရုပ်တို့၏အကြောင်းအရင်းကို သိမ်းဆည်းဆင်ခြင်သော ဉာဏ်သည် (အဟေတုက ဒိဋ္ဌိ, ဝိသမဟေတုကဒိဋ္ဌိဟူသော ယုံမှားမှုအညစ်အကြေးတို့မှ စင်ကြယ်သောကြောင့်) ကခ်ီဝိတရဏဝိသုဒ္ဓိမည်၏။

သာဓက ။ ကမ္မဋ္ဌာန်းစာပိုဒ် -၅၂။

မှတ်ရန် ။ **နာမ်ရုပ်တရားများသည် အကြောင်းမရှိဘဲ ဘာသိဘာသာ အလိုလိုဖြစ်ပေါ်လာသည်ဟူသော အယူအဆမှားသည် အဟေတုကဒိဋ္ဌိမည်၏။ ဗြဟ္မာ, ဗိဿနိုး, ထာဝရဘုရားစသည်တို့ ဖန်ဆင်းမှုကြောင့် ရုပ်နာမ်ခန္ဓာ ဖြစ်ပေါ်လာသည်ဟူသော အယူအဆမှားသည် ဝိသမဟေတုကဒိဋ္ဌိမည်၏။**

ကခ်ီဝိတရဏဝိသုဒ္ဓိဖြစ်ရန် ကျင့်ကြံနည်းအမှန်

အကြောင်းကိုစွဲ၍ အကျိုးဖြစ်ပုံကိုပြသည့် ပဋိစ္စသမုပ္ပါဒ်နည်း, အကြောင်း, အကျိုးနှင့် အကြောင်း၏စွမ်းအင်ကိုပြသည့် ပဋ္ဌာန်းနည်းတို့ဖြင့် ဆင်ခြင်လျှင် နာမ်, ရုပ်တို့၏အကြောင်းကို ကောင်းစွာ ထင်မြင်လွယ်ကာ ယုံမှားလွန်မြောက်၍ ကခ်ီဝိတရဏဝိသုဒ္ဓိအဆင့်သို့ ရောက်နိုင်ပါသည်။

သာဓက ။ ပစ္စည်းစာပိုဒ်-၃နှင့် ကမ္မဋ္ဌာန်းစာပိုဒ်-၅၂။

ပဋိစ္စသမုပ္ပါဒ်တရားကိုသိသူ၏ ဝိသုဒ္ဓိအဆင့်

ပဋိစ္စသမုပ္ပါဒ်တရားသဘောကို တကယ်သိမြင်သူသည် နာမ်ရုပ် တို့၏ အကြောင်းကို ပိုင်းခြားသိမြင်နိုင်ခြင်းကြောင့် ကခ်ီဝိတရဏ ဝိသုဒ္ဓိအဆင့်သို့ ရောက်နိုင်ပါသည်။

သာဓက ။ ပစ္စည်းပိုင်းစာပိုဒ် -၄ ၊ ကမ္မဋ္ဌာန်းစာပိုဒ် - ၅၂။

စူဠသောတာပန်

သောတာပန်အစစ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိုအကြွင်းမဲ့ပယ်သဖြင့် အပါယ်ဘေးမှ လွတ်မြောက်နိုင်သကဲ့သို့ ကခ်ီဝိကရဏဝိသုဒ္ဓိအဆင့်သို့ ရောက်အောင်အားထုတ်သော ယောဂီသည်လည်းဒိဋ္ဌိဝိသုဒ္ဓိဖြင့် ဒိဋ္ဌိကို၄င်း၊ ကခ်ီဝိကရဏဝိသုဒ္ဓိဖြင့် ဝိစိကိစ္ဆာကို၄င်း၊ တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်တို့ဖြင့် အခိုက်အတန့်ပယ်ထားခြင်းကြောင့် အပါယ်ဘေးမှ

http://www.dhammadownload.com

လွတ်မြောက်နိုင်သည့် စူဠသောတာပန်အဖြစ်သို့ ရောက်ပါသည်။

သာဓက ။ ကမ္မဋ္ဌာန်းစာပိုဒ် - ၅၁၊ ၅၂၊ ၆၈။

မှတ်ရန် ။ ကခ်ီဝိတရဏဝိသုဒ္ဓိကို ပစ္စယပရိဂ္ဂဟဉာဏ်ဟုဂင်း၊ ဓမ္မဋ္ဌိတိဉာဏ်ဟုဂင်း၊ ယထာဘူတဉာဏ်ဟုဂင်း၊ သမ္မာဒဿနဟုဂင်း ခေါ်နိုင်သေးသည်ဟုမှတ်။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

ဝိပဿနာရှုသဖြင့် ကိုယ်အရောင်အလင်းစသည့်တို့ ဖြစ်ပေါ်လာသည့်အခါ နှစ်သက်ကျေနပ်နေမှုသည် မဂ်ဖိုလ်ရရန်လမ်းမှန်မဟုတ် (ဝိပဿနာညစ်ညူးကြောင်း ဘေးရန်သာဖြစ်သည်။) ကိုယ်အရောင်အလင်း စသည်တို့တွင် နှစ်သက်စွဲလမ်းမှုမထားဘဲ ဝိပဿနာကို ဆက်လက်အားထုတ်မှုသည်သာ မဂ်ဖိုလ်ရကြောင်း လမ်းမှန်ဖြစ်သည်ဟု ပိုင်းခြားသိမြင်နိုင်သော ဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏။

သာဓက ။ ဩဘာသာဒိဝိပဿနုပက္ကိလေသပရိဗန္ဓပရိဂ္ဂဟဝသေန မဂ္ဂါမဂ္ဂလက္ခဏဝဝတ္ထာနံ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိနာမ။

ဝိပဿနာရှုပုံ

တေဘူမကသင်္ခါရတရားတို့၌ မမြဲ, မခိုင်မာသောအဖြစ် အနိစ္စအစစ်ဟူ၍ဂင်း, ကြောက်စရာဘေးအဖြစ် ဒုက္ခအစစ်ဟူ၍ဂင်း, အနှစ်သာရရှာမရ ကိုယ့်အလိုကျမဖြစ် အနတ္တအစစ်ဟူ၍ဂင်း, နည်းအဖုံဖုံကုန်အောင်စုံမျှ ဆင်ခြင်ရှုမှတ်ပွားများခြင်းသည် ဝိပဿနာရှုနည်း ဖြစ်သည်။

သာဓက ။ တေဘူမကသင်္ခါရေသု အတီတာဒိဘေဒဘိန္နေသု ခန္ဓာဒိနယမာရုဠှကလာပဝသေန သဩိတ္တာ အနိစ္စံ ခယဋ္ဌေန, ဒုက္ခံဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေနာတိ။

ဝိပဿနာစတင် ရှုမှတ်သင့်ရာကာလ

နာမရူပပစ္စယ ပရိဂ္ဂဟဉာဏ် ရင့်သန်၍ ကခ်ီဝိတရဏဝိသုဒ္ဓိ စခန်းသို့ ပေါက်ရောက်ပြီးသောအခါမှသာ ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို လက္ခဏာယာဉ်တင်ကာ ဝိပဿနာစတင်ရှုမှတ်ပွားများသင့်ပါသည်။

သာဓက ။တထာပရိဂ္ဂဟိတေသု သပစ္စယေသု။

http://www.dhammadownload.com

သပစ္စယေသုဥ် ပစ္စယ အရ

တထာပရိဂ္ဂဟိတေသု သပစ္စယေသုဥ် သဟိတ်နာမ်တရားများ၏ ပစ္စယအရ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ တို့နှင့် အဟိတ်နာမ်တရားများ၏ ပစ္စယအရ ယောနိသော မနသိကာရ စသောအကြောင်းတို့ကို ယူရမည်။

ရုပ်တရားများ၏ ပစ္စယအရ ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းများကို ယူရမည်။

သာဓက ။ပကိဏ်းစာပို၌-၁၆၊ ရုပ်စာပို၌-၂၉။

အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုမှတ်ရခြင်းအကြောင်း

တေဘူမကသင်္ခါရဟူသော ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည် ကုန်ခမ်းပျက်စီးတတ်သော သဘောရှိသောကြောင့် အနိစ္စဟု ရှုမှတ်ဆင်ခြင် ရပါသည်။

ကြောက်လန့်ဘွယ်အရေး ဘေးအန္တရာယ်ဟူသော သဘောရှိသောကြောင့် ဒုက္ခဟု ရှုမှတ်ဆင်ခြင်ရပါသည်။

အနုစ်သာရရှာမရ ကိုယ့်အလိုကျမဖြစ်နိုင်သော သဘောရှိသောကြောင့် အနတ္တဟု ရှုမှတ်ဆင်ခြင်ရပါသည်။

သာဓက ။တေဘူမကသင်္ခါရေသု (ပ) အနတ္တာ အသာရကဋ္ဌေနာတိ။

သဒ်တ, အသဒ်တ စစ်တမ်းထုတ်ခွဲနည်း

တရားဓမ္မတစ်ခုကို ကုန်ခမ်းပျက်စီးမှု ရှိ/မရှိ, ဆင်းရဲဒုက္ခ ဘယသဘော ရှိ/မရှိ စစ်ဆေးကြည့်သောအခါ ကုန်ခမ်းပျက်စီးမှု ရှိ, ဆင်းရဲဒုက္ခ ဘယသဘောရှိလျှင် သဒ်တ (သခါရ) တရားဟု မှတ်ရမည်။ ကုန်ခမ်းပျက်စီးမှုမရှိ, ဆင်းရဲဒုက္ခဘယသဘောမရှိလျှင် နိဗ္ဗာန် ပညတ်ဟူသော အသဒ်တတစ်ခုခုဖြစ်သည်ဟု မှတ်ရမည်။

သာဓက ။တေဘူမကသင်္ခါရေသု (ပ) အနတ္တာ အသာရကဋ္ဌေနာတိ။

ဝိပဿနာဟူသည် လောကီသာ

လောကုတ္တရာတရားသည် နိဗ္ဗာန်ကို အာရုံပြုပြီး, ဝိပဿနာ တရားသည် နိဗ္ဗာန်ကို အာရုံမပြုသောကြောင့်၄င်း, တွေ့ကြုံဆဲတေဘူမ ကသင်္ခါရတရားတို့ကိုသာ ဝိပဿနာရှုရသော

http://www.dhammadownload.com

ကြောင့်၄င်း, ဝိပဿနာသည် လောကီသာဖြစ်ပါသည်။

သာဓက ။ ပကိဏ်းစာပိုဒ် (၆၂)၊ ရုပ်စာပိုဒ် (၆၂)နှင့် တေဘူမကသခ်ါရေသု (ပ) အနတ္တာ အသာရကဋ္ဌေနာတိ။

အနိစ္စ, ဒုက္ခ, အနတ္တာတို့အရုန့်င် ယင်းတို့၏ လက္ခဏာအရုများ

အနိစ္စ, ဒုက္ခ, အနတ္တာတို့၏အရ ဝိပဿနာရှုရမည့်အရာဖြစ်သောကြောင့် တေဘူမကသခ်ါရဟူသော ခန္ဓာ (၅) ပါး၊ ရုပ်နာမ်သခ်ါတရား တို့ကိုသာယူရမည်။

အနိစ္စလက္ခဏာအရ ဖောက်ပြန်ကုန်ခမ်းပျက်စီးတတ်သော (ဝိပရိဏာမ, ခယဋ္ဌ) သဘောကို ယူရမည်။

ဒုက္ခလက္ခဏာအရ အဖြစ်အပျက်ဒဏ်ကိုခံနေရ၍ ကြောက်လန့်ဘွယ် ဘေးအန္တရာယ်ဟူသော (ဥဒယဗ္ဗယပဋိပီဠန, ဘယဋ္ဌ) သဘောကို ယူရမည်။

အနတ္တလက္ခဏာအရ အနှစ်သာရရှာမရ, ကိုယ့်အလိုကျ မဖြစ်နိုင်သော (အသာရကဋ္ဌ, အဝသဝတ္တန) သဘောကို ယူရမည်။

သာဓက ။တေဘူမကသခ်ါရေသု (ပ) အနတ္တာ အသာရကဋ္ဌေနာတိ။

ဝိပဿနာရှုခ်ိမရသော ရုပ်, နာမ်တရားများ

နိပ္ပန္နရုပ်တို့ကိုသာ သလက္ခဏရုပ်ဟူ၍၄င်း, သမ္မသနရုပ်ဟူ၍၄င်း, ဆိုထားသောကြောင့် ပရိစ္ဆေဒရုပ်, ဝိကာရရုပ်, လက္ခဏရုပ်ဟူသော အနိပ္ပန္နရုပ် (၁၀) ပါးတို့သည် ဝိပဿနာရှုခ်ိ မရသော ရုပ်တရားများ ဖြစ်ပါသည်။

တေဘူမကသခ်ါရတရားတို့ကိုသာ လက္ခဏာယာဉ်သုံးပါးဖြင့် ဝိပဿနာရှုရသောကြောင့် လောကုတ္တရာစိတ်, ယင်းစိတ်နှင့် ယှဉ်ခိုက် စေတသိက်, နိဗ္ဗာန်ဟူသောတရားတို့သည် ဝိပဿနာရှုခ်ိမရသော နာမ်တရားများဖြစ်သည်။

တေဘူမကသခ်ါရတရားတို့ကိုသာ လက္ခဏာယာဉ်သုံးပါးဖြင့် ဝိပဿနာရှုရသောကြောင့် ဥပါဒ်, ဋ္ဌိ, ဘင် ဟူသော ခဏတ္တယကင်းသော ပညတ်တရားကိုလည်း ဝိပဿနာရှုခ်ိမရပါ။

သာဓက ။ ရုပ်စာပိုဒ် (၁၁၊ ၁၇နှင့်) ကမ္မဋ္ဌာန်းစာပိုဒ် (၅၃) ပါ . . .
တေဘူမကသခ်ါရေသု (ပ) အနတ္တာ အသာရကဋ္ဌေနာတိ။

http://www.dhammadownload.com

အာဒိဝန္ဓအရေများ

အတီတာဒိဠ် အာဒိဖြင့်ယူရမည့် အာဒိဝန္ဓများကား (သမုစ္စည်း ပိုင်းဘေဒါဘာဝေန အရ ဖြစ်သော) အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, သြဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိကတို့ ဖြစ်ပါသည်။

ခန္ဓာဒိဠ် အာဒိဖြင့်ယူရမည့် အာဒိဝန္ဓများကား ဒွါရ, အာရုံ, ဝိညာဏ်, ဖဿ, ဝေဒနာ, သညာ, စေတနာ, ဓါတ်များ (၆) ပါးစိနှင့် အာယတန (၁၂) ပါး, ဓါတ် (၁၈) ပါး, ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂) ပါးတို့ ဖြစ်ပါသည်။

သမ္မသနဉာဏ်

နာမ်ရုပ်တရားတို့၌ ခန္ဓာစသောနည်းကို အာရုံပြု၍ ပေါင်းစု အကျဉ်းချုံးပြီး အနိစ္စ, ဒုက္ခ, အနတ္တဟု ကောင်းစွာ သုံးသပ်ဆင်ခြင်တတ်သောဉာဏ်ကို သမ္မသနဉာဏ်ဟုခေါ်ပါသည်။

သာဓက ။ တေဘူမကသင်္ခါရေသု (ပ) အနတ္တာ အသာရကဋ္ဌေနာတိ (ပ) သမ္မသနဉာဏေန၊ ကမ္မဋ္ဌာန်းစာပိဒ် (၅၃)။

သမ္မသနဉာဏ်ဖြင့် မရွှမှတ်မီ ပြည့်စုံရမည့် ဝိသုဒ္ဓိများ

တေဘူမကသင်္ခါရတရားတို့ကို သမ္မသနဉာဏ်ဖြင့် ရွှမှတ်ဆင်ခြင်မှုမပြုမီ သီလဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ တို့နှင့် ပြည့်စုံရပါမည်။

သာဓက ။ တတော ပရံ (ပ) အသာရကဋ္ဌေန၊ ကမ္မဋ္ဌာန်းစာပိဒ် -၅၃။

ဥဒယဗ္ဗယဉာဏ်

တေဘူမကသင်္ခါရတရားတို့ကိုပင် အကြောင်းတရားနှင့်စပ်၍ငင်း, ဥပါဒ်ခဏ ဘင်ခဏနှင့် စပ်၍ငင်း, အဖြစ်အပျက်တွေ ထင်မြင်လာအောင် သုံးသပ်ဆင်ခြင်တတ်သော ဉာဏ်ကို ဥဒယဗ္ဗယဉာဏ်ဟုခေါ်ပါသည်။

သာဓက ။ တေသ္မေဝ ပစ္စယဝသေန ခဏဝသေနေစ ဥဒယဗ္ဗယ ဉာဏေန ဥဒယဗ္ဗယံ သမနုပဿန္တသစ။

http://www.dhammadownload.com

သမ္မသန နည်းသုံးပါး

သမ္မသနဉာဏ်ဖြင့် လက္ခဏာယာဉ်သုံးပါးကို သုံးသပ်ပွားများရသောနည်းများကား- ကလာပသမ္မသနနည်း, အင်္ဂါနသမ္မသနနည်း, သန္တတိသမ္မသနနည်း, ခဏသမ္မသနနည်းတို့ ဖြစ်ပါ သည်။

သာဓက ။ ကာလာပဝသေန သဒ္ဓီပိတွာ (ပ) အင်္ဂါနဝသေန သန္တတိ ဝသေန ခဏဝသေနဝါ သမ္မသနဉာဏေန လက္ခဏာတ္တယံ သမ္မသန္တသ။

ကလာပသမ္မသနနည်းဖြင့် ရှုမှတ်ပွားများပုံ

တေဘူမကသင်္ခါရတို့၌ (အတိတ်၌ဖြစ်သောရုပ် စသည်ဖြင့် အစိတ်အစိတ်မသုံးသပ်ဘဲ) ရူပက္ခန္ဓာအားလုံး, ဝေဒနက္ခန္ဓာအားလုံးစသည်ဖြင့် ခန္ဓာတစ်ခုခုကိုပေါင်းစု အကျဉ်းချုံးပြီး, လက္ခဏာယာဉ်သုံးပါးဖြင့် သုံးသပ်ပွားများခြင်းသည် ကလာပသမ္မသနနည်းဖြင့် ရှုမှတ်ပွားများ ပုံဖြစ်ပါသည်။

သာဓက ။တေဘူမကသင်္ခါရေသု (ပ) အနတ္တာ အသာရကဋ္ဌေနာတိ။

အင်္ဂါနသမ္မသနနည်းဖြင့် ရှုမှတ်ပွားများပုံ

တေဘူမကသင်္ခါရတို့၌ အတိတ်၌ဖြစ်သောရူပက္ခန္ဓာ, ပစ္စုပ္ပန်၌ ဖြစ်သော ရူပက္ခန္ဓာ စသည်ဖြင့် ကာလခွဲခြား၍ လက္ခဏာယာဉ်သုံးပါးဖြင့် သုံးသပ်ပွားများခြင်းသည် အင်္ဂါနသမ္မသနနည်းဖြင့် ရှုမှတ်ပွားများပုံ ဖြစ်ပါသည်။

သာဓက ။ တေဘူမကသင်္ခါရေသု အတီတာဒိဘေဒဘိန္နေသု ခန္ဓာဒိနယမာရုဋ္ဌ (ပ)အင်္ဂါနဝသေန သမ္မသနဉာဏေန လက္ခဏာတ္တယံ သမ္မသန္တသ။

သန္တတိသမ္မသနနည်းဖြင့် ရှုမှတ်ပွားများပုံ

တေဘူမကသင်္ခါရတို့၌ အပူရုပ်အစဉ်, အအေးရုပ်အစဉ် စသည်ဖြင့် တစ်ဘဝတည်းမှာပင် အစဉ်အမျိုးမျိုးခွဲခြား၍ လက္ခဏာယာဉ်သုံးပါးဖြင့် သုံးသပ်ပွားများခြင်းသည် သန္တတိသမ္မသနနည်းဖြင့် ရှုမှတ် ပွားများပုံဖြစ်ပါသည်။

သာဓက ။ တေဘူမကသင်္ခါရေသု အတီတာဒိဘေဒဘိန္နေသု ခန္ဓာဒိနယမာရုဋ္ဌ (ပ) သန္တတိဝသေန သမ္မသနဉာဏေန လက္ခဏာတ္တယံ သမ္မသန္တသ။

http://www.dhammadownload.com

ခဏသမ္မသနနည်းဖြင့် ရှုမှတ်ပွားများပုံ

တေဘူမကသခ်ါရတို့၌ ရုပ်စဉ်တစ်မျိုးတည်းမှာပင် ဥပါဒ်, ဘင် ဟူသော ခဏအားဖြင့် ခွဲခြား၍ လက္ခဏာယာဉ်သုံးပါးဖြင့် သုံးသပ်ပွားများခြင်းသည် ခဏသမ္မသနနည်းဖြင့် ရှုမှတ်ပွားများပုံဖြစ်ပါသည်။

သာဓက ။ **တေဘူမကသခ်ါရေသု အတီတာဒိဘေဒဘိန္နေသု ခန္ဓာဒိနယမာရဗ္ဘ (ပ) ခဏဝသေန သမ္မသနဉာဏေန လက္ခဏတ္တယံ သမ္မသန္တသ။**

တရားရှာကိုယ်မှာတွေ့

တေဘူမကသခ်ါရ ရုပ်နာမ်ဓမ္မတို့၌ ခန္ဓာအစရှိသောနည်းကို အာရုံပြု၍ ပေါင်းစုအကျဉ်းချုံးပြီး လက္ခဏာယာဉ် (၃) ပါးဖြင့် ဝိပဿနာရှုရသောကြောင့် (ခန္ဓာကိုယ်၌ အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘော တရားများကို အထူးတွေ့မြင်သိရှိအောင် ဆင်ခြင်ရှုမှတ်မှ တရားထူးရနိုင်၍) တရားရှာကိုယ်မှာတွေ့ဟူသော စကားသည် မှန်ကန်ပါသည်။

သာဓက ။ **တေဘူမကသခ်ါရေသု အတီတာဒိဘေဒဘိန္နေသု ခန္ဓာဒိနယမာရဗ္ဘ(ပ) အနတ္တာ အသာရကဋ္ဌေနာတိ။ ကမ္မဋ္ဌာန်းစာပို၌ -၅၃။**

ဥဒယဗ္ဗယဉာဏ်ဖြစ်ပေါ်အောင် ရှုမှတ်ပွားများပုံ (၂) နည်း

(၁) အဝိဇ္ဇာ, တဏှာစသော နာမ်ရုပ်တို့၏ အကြောင်းနှင့်စပ်၍ ရှုမှတ်ပွားများခြင်း, ပစ္စယသမနုပဿနာနည်းဖြင့်ဖြစ်စေ၊ (၂) ဥပါဒ်, ဘင် ဟူသောခဏနှင့်စပ်၍ ရှုမှတ်ပွားများခြင်း, ခဏသမနုပဿနာနည်းဖြင့်ဖြစ်စေ အဖြစ်အပျက်ကို အဖန်တလဲလဲရှုသောအခါမှစ၍ ဥဒယဗ္ဗယ ဉာဏ်ဖြစ်ပေါ်လာပါသည်။

သာဓက ။ **တေသ္မေဝ ပစ္စယဝသေန ခဏဝသေနစ ဥဒယဗ္ဗယဉာဏေန ဥဒယဗ္ဗယံ သမနုပဿန္တသ စ။ ကမ္မဋ္ဌာန်းစာပို၌-၅၃။**

မှတ်ရန် ။ **ပစ္စယဝသေန၌ ပစ္စယအရ ရုပ်တရား၏အကြောင်းကား အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရတို့တည်း။ စေတသိက်နာမ်တရားတို့၏ အကြောင်းကား အဝိဇ္ဇာ, တဏှာ, ကံ, ဖဿတို့တည်း။ စိတ်နာမ်တရားတို့၏ အကြောင်းကား အဝိဇ္ဇာ, တဏှာ, ကံ, နာမရူပတည်း။ (ဋီ- ၂၇၀)**

http://www.dhammadownload.com

ဈာန်ချင်းအထူး

အဒ္ဓါနဝသေန သန္တတိဝသေန ဈာဝသေနဝါ၌ ဈာအရအတိတ်အစရှိသော ဈာကို ယူရပါမည်။ ပစ္စယဝသေန ဈာဝသေနစ၌ ဈာအရ ဥပါဒ်နှင့်ဘင်ဟူသော ဈာကိုယူရပါမည်။ ဤသို့ထူးပါသည်။

ဥဒယဗ္ဗယဉာဏ်စဉ်ဖြင့် ရှုမှတ်စဉ် တွေ့ရတတ်သော ဘေးရန်များ

ဥဒယဗ္ဗယဉာဏ်စဉ် ဖြစ်ပေါ်စ ရှေ့ပိုင်းကာလ၏၌ (၁) ဩဘာသ = ကိုယ်ရောင်ကိုယ်ဝါ၊ (၂) ပီတိ= ဝိပဿနာဉာဏ်နှင့်ယှဉ်သော နှစ်သက်မှု၊ (၃) ပဿဒ္ဓိ= ကိုယ်စိတ်နှစ်ပါးငြိမ်းအေးမှု (ပဿဒ္ဓိကိုသာ ဥပလက္ခဏာနည်း ဖြင့်မှတ်ပြသော်လည်း သောဘနသာဓာရဏာဖြစ်သော လဟုတာ, မုဒုတာ, ကမ္မညတာ, ပါဂုညတာ, ဥဇုကတာ စေတသိက်များလည်း ဖြစ်တတ်သည်သာတည်း) (၄) အဓိမောက္ခ= ကမ္မဋ္ဌာန်း အာရုံ၌ စူးစိုက်စွာသက်ဝင် ယုံကြည်ခြင်းသဒ္ဓါ၊ (၅) ပဂ္ဂဟ=ဝိပဿနာစိတ်ကို အားပေးခြီးမြောက် ထောက်ပံ့တတ်သော (အားကြိုးမာန်တက် ဝိပဿနာအားထုတ်လိုသော) ဝီရိယ၊ (၆) သုခ= မွန်မြတ်သာ စိတ္တဇရုပ်တို့ဖြင့် ထုံမွှမ်း၍ အလွန်ချမ်း မြသော သုခဝေဒနာ၊ (၇) ဉာဏ= အဖြစ်အပျက်ကို သွက်လက်လျင်မြန် အမြင်သန်သော ဝိပဿနာဉာဏ်၊ (၈) ဥပဋ္ဌာန= ကမ္မဋ္ဌာန်းအာရုံ၌ စွဲမြဲစွာ တည်သောသတိ၊ (၉) ဥပေက္ခာ= (အဖြစ်အပျက်ကို ရှုမှတ်ရန် ဗျာပါရမပြုတော့ဘဲ အသင့်အားဖြင့်ရှုနိုင်သော) တဏှာမဏ္ဍတ္တုပေက္ခာ၊ (ဖြစ်ပျက်မှုကိုဆင်ခြင်လိုသည့်အခါ ဆင်ခြင်နိုင်သည့် မနောဒ္ဓါရာဝဇ္ဇန်းနှင့်ယှဉ်သော စေတနာဟူသော) အာဝဇ္ဇနုပေက္ခာ၊ (၁၀) နိကန္တိ= အရောင်အဝါ စသည်ကိုပင် တရားထူးဟု ထင်မှတ်သာယာသည့် သိမ်မွေ့သော တဏှာအားဖြင့် ဝိပဿနာ ညစ်ညူးကြောင်းဘေးရန် (ဝိပဿနု ပက္ကိလေသ) ဆယ်မျိုးဖြစ် ပေါ်လာတတ်ပါသည်။

သာဓက ။ **ဥဒယဗ္ဗယဉာဏေန (ပ) နိကန္တိစ။**

ဆောင် ။ **အရောင်, ပီတိ၊ ပဿဒ္ဓိ, သဒ္ဓါ၊ ဝီရိယာ, သုခ၊ ဉာဏ, သတိ၊ နိကန္တိ, ဥပေက္ခာ၊ ဆယ်ဖြာဝိပသ်၊ညစ်ညူးလတ်၊ ဖြစ်တတ်ဘေးရန်များ။**

မှတ်ရန် ။ **ပရိဗန္ဓပရိဂ္ဂဟဝသေန၌ ပရိဗန္ဓအရ သြဘာသစသော ဝိပဿနုပက္ကိလေသ (၁၀) မျိုးကို ယူရမည်ဟုမှတ်။**

http://www.dhammadownload.com

ညစ်ညူးကြောင်းဖြစ်နိုင်သူများ

တေဘူမကရုပ်နာမ်ဓမ္မတို့ကို လက္ခဏာယာဉ် (၃)ပါးသို့တင်၍ သမ္မသနဉာဏ်ဖြင့် ဆင်ခြင်ရှုမှတ်သော ပုထုဇဉ်ယောဂီနှင့် တေဘူမက ရုပ်နာမ်ဓမ္မတို့၌ပင် အကြောင်း၏ အစွမ်းဖြင့်၄င်း, ဥပါဒ်ဘင်ဟူသော ခဏ၏အစွမ်းဖြင့်၄င်း, ဥဒယဗ္ဗယဉာဏ်ဖြင့် ဆင်ခြင်ရှုမှတ်သော ပုထုဇဉ်ယောဂီတို့အား ဩဘာသစသော ဝိပဿနာညစ်ညူးကြောင်း ဘေးရန်များဖြစ်ပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပို့ဒ် - ၅၃**။

ကမ္မဋ္ဌာန်း၏ အနှောက်အယှက် ဘေးရန်များ

သမထကမ္မဋ္ဌာန်း၏ အနှောက်အယှက်ဘေးရန် (ပရိဗန္ဓ)များကား ကာမစ္ဆန္ဒစသော နီဝရဏ (၅) ပါးတို့တည်း၊ **ဝိပဿနာကမ္မဋ္ဌာန်း**၏ အနှောက်အယှက်ဘေးရန် (ပရိဗန္ဓ) များကား ဩဘာသစသော (၁၀) ပါးတို့တည်း။

သာဓက ။ **ကမ္မဋ္ဌာန်းစာပို့ဒ် (၃၁)နှင့် ဩဘာသာဒိဝိပဿနူ ပက္ကိလေသပရိဗန္ဓ ပရိဂ္ဂဟဝသေန။**

ဝိပဿနာဘေးရန် အစစ်အတု

ဝိပဿနာညစ်နွမ်းကြောင်းတို့တွင် ဩဘာသစသော ရှေ့ (၉) ပါးတို့ကိုတဏှာ, မာန, ဒိဋ္ဌိဟူသော ညစ်နွမ်းကြောင်းတို့၏ တည်ရာဖြစ်သောကြောင့်သာ (ဌာနျူပစာ, ဖလူပစာ အားဖြင့်) ဝိပဿနာညစ်နွမ်းကြောင်းဘေးရန်ဟုဆိုရသည်။ ညစ်နွမ်းကြောင်းအစစ် အကုသိုလ်ဖြစ်သောကြောင့် ဆိုရသဲ့သည်မဟုတ်ပါ။

နိကန္တိမူကား ညစ်နွမ်းကြောင်းဘေးရန်အစစ်လည်းဖြစ်သည်, ညစ်နွမ်းကြောင်းတို့၏ တည်ရာလည်းဖြစ်သည်။ ထို့ကြောင့် ဩဘာသစသော ရှေ့(၉) ပါးတို့သည် ဝိပဿနာညစ်နွမ်း ကြောင်းဘေးရန်အတုဖြစ်ပြီး, နိကန္တိသည်သာ ဝိပဿနာညစ်နွမ်းကြောင်းဘေးရန်အစစ် ဖြစ်ပါသည်။

http://www.dhammadownload.com

ကိုယ်ရောင်ကိုယ်ဝါ ဖြစ်ပေါ်လာသော ယောဂီ၏ ဝိသုဒ္ဓိအဆင့်

ကိုယ်ရောင်ကိုယ်ဝါ ဩဘာသစသည်တို့ ဖြစ်ပေါ်လာသော ယောဂီ၏ဝိသုဒ္ဓိ အဆင့်ကား (မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိအဆင့်သို့ မရောက်ခင်) ကခ်ါဝိတရဏ ဝိသုဒ္ဓိအဆင့်သို့ ရောက်ပြီးသူဖြစ်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ် -၅၂၊ ၅၃။**

ဝိပဿနာနှင့် ယှဉ်ဘက်လည်းဖြစ် ဘေးရန်လည်းဖြစ်သောတရားများ

ပီတိ, ပဿဒ္ဓိ, သဒ္ဓါ, ဝီရိယ, သုခ, ဝေဒနာ, ပညိန္ဒြေ, သတိ, ဥပေက္ခာတို့သည် ဝိပဿနာစိတ်နှင့် ယှဉ်ဘက်လည်းဖြစ်, ဝိပဿနာ ကိုညစ်နွမ်းစေတတ်သော ဘေးရန်များလည်းဖြစ်ပါသည်။

သာဓက ။ **စေတသိက်ပိုင်းစာပိုဒ် (၄၀)။ ဝီထိပိုင်းစာပိုဒ်(၂၁) နှင့် ဒွေတီကာ ဝိပဿနာစိတ္တာနိ ယဲကိုဋ္ဌိ အနိစ္စာဒိလက္ခဏာရဗ္ဘ ပရိကမ္မောပစာရာနုလောမနာမေန ပဝတ္တန္တိ။**

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

ဩဘာသစသော ဝိပဿနာညစ်နွမ်းကြောင်းဘေးရန်တို့ကို သိမ်းဆည်းခြင်း, ပိုင်းခြားခြင်း၍ ယူခြင်း၏ အစွမ်းဖြင့် ဝိပဿနာလမ်းစဉ်မှန်နှင့် လမ်းစဉ်များလက္ခဏာကို ပိုင်းခြားသတ်မှတ်ဆုံးဖြတ်တတ်သောဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏။

သာဓက ။ **ဩဘာသာဒိဝိပဿနုပက္ကိလေသပရိဗန္ဓပရိဂ္ဂဟဝသေန မဂ္ဂါမဂ္ဂလက္ခဏဝဝတ္ထာနံ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ နာမ။**

ကမ္မဋ္ဌာန်းလမ်းလွဲသူနှင့် လမ်းမှန်သူ

(တဏှာ မာနဒိဋ္ဌိတို့၏တည်ရာဖြစ်၍ ဝိပဿနာစိတ်ကိုညစ်နွမ်း စေတတ်သော) ကိုယ်ရောင်ကိုယ်ဝါစသည်ကို နှစ်သက်သဘောကျနေသော ယောဂီသည် (မဂ်ဖိုလ်မရနိုင်တော့သောကြောင့်) ကမ္မဋ္ဌာန်းလမ်းလွဲ သူဖြစ်ပါသည်။

ကိုယ်ရောင်ကိုယ်ဝါစသည်ကို ဂရုမစိုက်ဘဲအားထုတ်မြဲ ဝိပဿနာကိုသာလျှင် လမ်းစဉ်

http://www.dhammadownload.com

မှန်အတိုင်း ဆက်လက်ဆင်ခြင်ရှုမှတ်သော ယောဂီသည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိအဆင့်သို့ ရောက်နိုင် (မဂ်ဖိုလ်ရနိုင်) သောကြောင့် ကမ္မဋ္ဌာန်းလမ်းမှန်သူဖြစ်ပါသည်။

သာဓက ။ **ဩဘာသာဒိဝိပဿနုပက္ကိလေသပရိဗန္ဓပရိဂ္ဂဝေသန မဂ္ဂါမဂ္ဂလက္ခဏာဝ ဝတ္ထာနံ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ နာမ. . . နှင့် ကမ္မဋ္ဌာန်းစာပိုဒ် -၅၄။**

ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ

ဝိပဿနာညစ်နွမ်းကြောင်းဘေးရန်တို့မှ လွတ်ပြီးသော ယောဂီသည် တေဘူမကသင်္ခါရ တရားတို့ကို လက္ခဏာယာဉ် (၃) ပါးသို့တင်၍ ဥဒယဗ္ဗယဉာဏ်မှစ၍ ဆက်လက်အားထုတ်သည်ရှိသော် အနုလောမ ဉာဏ်တိုင်အောင်အစဉ်အတိုင်းဖြစ်ပေါ်လာကြသော ဝိပဿနာဉာဏ် (၉) ပါးတို့သည် (မဂ်ဖိုလ်သို့ရောက်ဖွယ် စင်ကြယ်သောဉာဏ်အမြင်ဖြစ်သောကြောင့်) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ် - ၅၄။**

ပရိဗန္ဓဝိမုတ္တာအရ

တသ ပရိဗန္ဓဝိမုတ္တာသဒ္ဒ် ပရိဗန္ဓဝိမုတ္တာအရ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြင့် ဩဘာသစသည့် ပရိဗန္ဓဘေးရန်မှ လွတ်မြောက်ခဲ့သော ယောဂီပုဂ္ဂိုလ်ကို ယူရမည်။

သာဓက ။ **ဩဘာသာဒိဝိပဿနုပက္ကိလေသပရိဗန္ဓပရိဂ္ဂဝေသန မဂ္ဂါမဂ္ဂလက္ခဏာဝ ဝတ္ထာနံ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ နာမ။**

ဉာဏ်စဉ်တက်ရန် ကျင့်စဉ်မှန်

ဝိပဿနာ အလုပ်အားထုတ်သော ယောဂီအတွက် ဉာဏ်စဉ်တက်ရန် ကျင့်စဉ်မှန်ကား . . . သီလဝိသုဒ္ဓိဖြစ်အောင် ဖြည့်ကျင့်၍ စိတ်တည်ကြည်မှု သမာဓိရအောင် အားထုတ်ကာ ရုပ်နာမ်ဆိုင်ရာကို လက္ခဏာစသည်အားဖြင့်၄င်း၊ အကြောင်းအားဖြင့်၄င်း၊ ခွဲခြားသိမြင်ပြီးနောက် လက္ခဏာယာဉ် (၃) ပါးဖြင့်ဆင်ခြင် သုံးသပ်မှုပြုရမည်။ ထိုမှတဖန် ရုပ်နာမ်တို့၏ ဖြစ်ပျက်ဟန်ကို ရှုမှတ်ဆင်ခြင်ကာ ဩဘာသစသော ဝိပဿနာဘေးရန်ကို ဖယ်ခွာလျက် ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို ဆက်လက်ရှုမှတ်ပြီး လက္ခဏာယာဉ် (၃) ပါး ဖြင့်ပင် ဆင်ခြင်ရှုမှတ်ရပါမည်။

http://www.dhammadownload.com

ဆောင် ＊သီလစုံဖြည့်၊ သမာဓိထုတ်၊ ခွဲသိရုပ်နာမ်၊ သုံးသပ်ဉာဏ်ပြု၊ ဖြစ်ပျက်ရှုကာ၊ ဘေးရန်ခွါလျက်၊ ဖြစ်ပျက်ဆက်၍၊ တိလက္ခဏာတင်၊ ရှုမှတ်မြင်သော်၊ ဉာဏ်စဉ်ပြည့်ဝ ထိပ်တန်းတည်း။

သာဓက ။ ကမ္မဋ္ဌာန်းစာပိုဒ် -၄၉မှ ၅၄အထိ။

မင်္ဂလာနိဿိတ စိတ်အစဉ်ဖြစ်ပုံ

ဝိပဿနာဉာဏ်ရင့်သန်မှုကြောင့် မင်္ဂလာဖြစ်ပေါ်ခါနီး၌ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒနှင့် မနောဒ္ဝါရာဝဇ္ဇန်းစိတ် ဖြစ်ပေါ်ပြီးသည်၏ အခြားမဲ့၌ တိက္ခပုဂ္ဂိုလ်ဖြစ်လျှင် ဥပစာ, အနုလုံ, မန္ဒပုဂ္ဂိုလ်ဖြစ်လျှင် ပရိကံ, ဥပစာ, အနုလုံ. . . ဟူသော အမည်တို့ဖြင့် ဝိပဿနာဇောစိတ်နှစ်ကြိမ် သုံးကြိမ်တို့သည် လက္ခဏာယာဉ်. . . (၃) ပါးတို့တွင် တစ်ပါးပါးကိုသာ အာရုံပြုကာ ဖြစ်ပေါ်ပြီးနောက် ဆက်တိုက်အားဖြင့် ဂေါတြဘုစိတ်သည် နိဗ္ဗာန်ကိုအာရုံပြု၍ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးဖျက်ဆီးလျက်၄င်း, အရိယာအနွယ်သို့ ရောက်လျက်၄င်း, ဖြစ်လာပါသည်။

သာဓက ။ကမ္မဋ္ဌာန်းစာပိုဒ် -၅၅။

ဝိပဿနာ ဘာဝနာ၏ တရားကိုယ်

တေဘူမကသင်္ခါရ တရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုမှတ်ခိုက်၌ဖြစ်သော မဟာကုသိုလ်, မဟာကြိယာဉာဏသမ္ပယုတ်စိတ်၌ ယှဉ်သည့် ဉာဏ်ပညာကို ယူရမည်။

သာဓက ။ တတ္ထ ဟိ ဉာဏသမ္ပယုတ္တကာမာဝစရဇဝနာနမဋ္ဌနံ အညတရသ္မိံ ပရိကမ္မော ပစာရာနုလောမ ဂေါတြဘုနာမေနနှင့်ဒွေတီဏိ ဝိပဿနာစိတ္တာနိ ယံကိဉ္စိ အနိစ္စာဒိလက္ခဏာမာရဗ္ဘ ပရိကမ္မောပစာရာနုလောမနာမေန ပဝတ္တန္တိ။ ဝိထိစာပိုဒ်-၂၁။ကမ္မဋ္ဌာန်းစာပိုဒ်-၅၅။

ဝိပဿနာရှုခိုက် ဖြစ်ထိုက်သောစိတ်နှင့် အာရုံ

ဝိပဿနာရှုခိုက် ယောဂီ၏သန္တာန်၌ မဟာကုသိုလ်, မဟာကြိယာဉာဏသမ္ပယုတ် ကာမဝစရဇော (၈) ခုတို့တွင် တစ်ခုခုသော ဇောစိတ်ဖြစ်ပါသည်။

ထိုဝိပဿနာစိတ်သည် တေဘူမကသင်္ခါရ တရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တဟူသော လက္ခဏာကို အာရုံပြုပါသည်။

သာဓက ။ တတ္ထဟိ (ပ) ဂေါတြဘုနာ မေနနှင့်ဒွေတီဏိ (ပ) ပဝတ္တန္တိ။
ဝိထိစာပိုဒ်-၂၁။ကမ္မဋ္ဌာန်း-၅၅။

http://www.dhammadownload.com

ဥပစာရသမာဓိဇော

မဂ်ရခါနီး၌ဖြစ်သော မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်ဇောတို့သည် သမာဓိအားကောင်းသော ကာမဇောများသာဖြစ်သောကြောင့် ဥပစာရသမာဓိဇောဟူသော အမည်ကိုရနိုင်ပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပို့ဒ် -၅၅**။

ကမ္မဋ္ဌာန်းအကျင့် အထက်တန်းအဆင့်

အနုလောမဉာဏ်နှင့် သခ်ါရုပေက္ခာဉာဏ်စဉ်သို့ရောက်အောင် အားထုတ်နိုင်သော ယောဂီသည် (အပါယ်စသည်မှငြင်း, သခ်ါရအာရုံမှ ငြင်း, လွတ်ကင်းထမြောက်လျက် အရိယာမဂ်သို့ ရောက်နိုင်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာအဆင့်သို့ ရောက်ပြီဖြစ်သောကြောင့်) ကမ္မဋ္ဌာန်းအကျင့်တွင် အထက်တန်းအဆင့်သို့ ရောက်ရှိပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပို့ဒ် -၅၆**။

ရင့်ကျက်သော ဝိပဿနာဉာဏ်

သခ်ါရတို့၌ လျစ်လျူရှုသော သခ်ါရုပေက္ခာဉာဏ်သည်သာ ဝိပဿနာ အထွဋ်အထိပ်သို့ ရောက်နိုင်သောကြောင့် ဝိပဿနာပရိပါကအရ ရင့်ကျက်သော ဝိပဿနာဉာဏ်ဟူသည် သခ်ါရုပေက္ခာဉာဏ်သာ ဖြစ်ပါသည်။

သာဓက။ ။**ယာ သိခါပတ္တာ၊ ကမ္မဋ္ဌာန်းစာပို့ဒ် - ၅၆**။

ဝုဋ္ဌာန၏တရားကိုယ်

မဂ်တရားမှန်လျှင် သခ်ါရကိုအာရုံမပြုဘဲ နိဗ္ဗာန်ကိုသာ အာရုံပြုသည့်အတွက် သခ်ါရအာရုံနိမိတ်မှ ထမြောက်သောကြောင့်ငြင်း၊ မဂ်ကိုရလျှင် ကြာရှည်သော သံသရာဝဋ်ခန္ဓာအစဉ်မှ ထမြောက်သောကြောင့်ငြင်း၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၌ ဝုဋ္ဌာနအရ မဂ်တရားကို ယူရပါမည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပို့ဒ် -၅၇၊ ၅၈၊ ၆၈**။

ဝုဋ္ဌာနဂါမိနီ ဝိပဿနာ

ဝိပဿနာကျင့်စဉ် အထွဋ်အထိပ်သို့ရောက်သော သခ်ါရုပေက္ခာ ဉာဏ်နောက်ဆုံးအပိုင်းနှင့် အနုလောမဉာဏ်တို့ကို ဝုဋ္ဌာနဂါမိနီဝိပဿနာ ဟုခေါ်သည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပို့ဒ် - ၅၆**။

http://www.dhammadownload.com

ဂေါတြဘူစိတ်ဖြစ်ပုံ

ဂေါတြဘုစိတ်သည် နိဗ္ဗာန်ကိုအာရုံပြု၍ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးနှိပ်စက် ဖျက်ဆီးလျက်၄င်း, အရိယာအနွယ်သို့ရောက်လျက်၄င်း, ဖြစ်ပေါ်လာပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ် -၅၇**။

ဂေါတြဘူအဓိပ္ပါယ်

ပုထုဇ္ဇနဂေါတ္တမဘိဘဝန္တံ... ကိုထောက်လျှင် ပုထုဇဉ်အနွယ်ကို လွှမ်းမိုးနှိပ်စက် ဖျက် ဆီးတတ်သောကြောင့် ဂေါတြဘုမည်ပါသည်။ (ဂေါတ္တံ ဘဝတိ အဘိဘဝတီတိ ဂေါတြဘု .... ဟုဝိဂ္ဂဟပြုရ မည်။) ပုထုဇ္ဇနဂေါတ္တ (ပုထုဇဉ်အနွယ်) အရ သဏ္ဌာယဒိဋ္ဌနှင့် ဝိစိကိစ္ဆာ မကင်းသော ခန္ဓာအစဉ်ကိုယူရမည်။

အရိယဂေါတ္တမဘိသမ္ဘောန္တွစ္ဆ... ကိုထောက်လျှင် အရိယာ အနွယ်သို့ ရောက်သော ကြောင့် ဂေါတြဘုမည်၏။

(ဂေါတ္တံ ဘဝတိ အဘိသမ္ဘုဏာတီတိ ဂေါတြဘု... ဟု ဝိဂ္ဂဟ ပြုရမည်။) အရိယ ဂေါတ္တ (အရိယာအနွယ်) အရ သဏ္ဌာယဒိဋ္ဌနှင့် ဝိစိကိစ္ဆာ ကင်းသော ခန္ဓာအစဉ်ကိုယူရမည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ် -၅၇၊ ၆၈**။

ဂေါတြဘူချင်းအဆူး

ဈာန်၏ရှေ့၌ဖြစ်သော ဂေါတြဘုသည် ကသိဏ်းပဋိဘာဂနိမိတ်ကို အာရုံပြု၏။ ကာမ အနွယ်ကို လွှမ်းမိုးနှိပ်စက်ကျော်လွှား၍ မဟဂ္ဂုတ် (ဈာန်)အနွယ်ကို တိုးပွားစေတတ်၏။

သောတာပတ္တိမဂ်၏ ရှေ့၌ဖြစ်သော ဂေါတြဘုသည် နိဗ္ဗာန်ကို အာရုံပြု၏။ ပုထုဇဉ် အနွယ်ကို လွှမ်းမိုးနှိပ်စက်ကျော်လွှား၍ အရိယာအနွယ် ကို ဖြစ်ပွားစေတတ်၏။ ဤသို့ထူးသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ် -၃၂၊ ၅၇**။

မှတ်ရန် ။ **အထက်မဂ်သုံးခု၏ရှေ့၌ဖြစ်သော ဂေါတြဘုသည်နိဗ္ဗာန်ကိုပင်အာရုံပြု၏။ အောက်အောက် အရိယာအနွယ်ကို လွှမ်းမိုးကျော်လွှားလျက် အထက်အထက် အရိယာအနွယ်ကိုဖြစ်ပွားစေပြီး ဝေါဒါန်ဟူသောအမည်ကို ရနိုင်၏ဟုမှတ်။**

http://www.dhammadownload.com

အာဝဇ္ဇန်းအတူစိတ်

ဂေါတြဘူစိတ်သည် နိဗ္ဗာန်ကိုအာရုံပြုသည့်အတွက် မဂ်ရှေ့မှနေ၍ နိဗ္ဗာန်ကို ညွှန်ပြသောကြောင့် ဂေါတြဘူစိတ်ကို မဂ်ဇော, ဖိုလ်ဇော တို့၏ရှေ့သွားဖြစ်သော အာဝဇ္ဇန်းနှင့် တူသောစိတ် (၀၂) အာဝဇ္ဇန်းအတူ ဖြစ်သောစိတ်ဟု ဆိုနိုင်ပါသည်။

သာဓက ။ကမ္မဋ္ဌာန်းစာပို၌ - ၅၇၊ ၅၈၊ ၅၉။

ကာမစိတ်က နိဗ္ဗာန်ကို အာရုံပြုနိုင်သောကာလ

ဂေါတြဘူစိတ်သည် နိဗ္ဗာန်ကိုအာရုံပြုသောကြောင့် မဟာကုသိုလ်, မဟာကြိယာညာဏသမ္ပယုတ်ဟူသော ကာမစိတ်တို့သည် ဂေါတြဘူအမည်ရသောအခါ၌ နိဗ္ဗာန်ကို အာရုံပြုနိုင်ပါသည်။

သာဓက ။ တတ္ထဟိ ဉာဏသမ္ပယုတ္တ (၀) ဂေါတြဘုနာမေနနှင့် ဂေါတြဘုစိတ္တံ နိဗ္ဗာန မာလမ္မိတွာ။

လူတန်းစားခွဲခြားသော ကာမဇော၏ အမည်ခသည်

ပုထုဇဉ်နှင့် အရိယာ လူတန်းစားခွဲခြားသော ကာမဇော၏ အမည်ကား မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်ဇောဟူသော ဂေါတြဘုဖြစ်ပါသည်။

အာရုံကား နိဗ္ဗာန်ဖြစ်သည်။

လုပ်ဆောင်ချက်ကား ပုထုဇဉ်အနွယ်ကို လွှမ်းမိုးနှိပ်စက် ကျော် ဖြတ်လျက် အရိယာအနွယ်သို့ရောက်အောင် ဆောင်ရွက်ပါသည်။

သာဓက ။ တတ္ထဟိ ဉာဏသမ္ပယုတ္တ (၀) ဂေါတြဘုနာမေနနှင့် ကမ္မဋ္ဌာန်းစာပို၌- ၅၇။

ပုထုဇဉ်အနွယ်နှင့် အရိယာအနွယ်တို့၏ ခန္ဓာချင်းထူးခြားမှု

ပုထုဇဉ်အနွယ်သည် သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာမကင်းသေးသော ခန္ဓာအစဉ်ဖြစ်ပြီး, အပါယ်ဘေးမှလည်း မလွတ်မြောက်နိုင်သေးပါ။ အရိယာအနွယ်သည်ကား သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကင်းသော ခန္ဓာအစဉ်ဖြစ်ပြီး, အပါယ်ဘေးမှလည်း လွတ်မြောက်နိုင်စွမ်းရှိပါသည်။ ဤသို့ထူး၏။

သာဓက ။ဝိထိမုတ် စာပို၌-၁၄၊ ကမ္မဋ္ဌာန်းစာပို၌ -၅၇၊ ၅၈၊ ၅၉၊ ၆၈။

http://www.dhammadownload.com

အနုလောမဉာဏ်နှင့် ဂေါတြဘူတို့၏ အာရုံချင်းအထူး

မဂ္ဂဝီထိ၌ ပါဝင်သည်ချင်းတူသော ပရိကံ, ဥပစာ, အနုလုံ အမည် ရသည့် မဟာကုသိုလ်, မဟာကြိယာဉာဏသမ္ပယုတ်၌ယှဉ်သော အနုလောမဉာဏ်၏ အာရုံကား သခ်ါရဓမ္မတို့၏ အနိစ္စ အစရှိသော လောကီအာရုံဖြစ်ပါသည်။

မဟာကုသိုလ်, မဟာကြိယာဉာဏသမ္ပယုတ်ဟူသော ဂေါတြဘု၏ အာရုံကား နိဗ္ဗာန်ဟူသော လောကုတ္တရာအာရုံဖြစ်ပါသည်။ ဤသို့ထူး ၏။

သာဓက ။ **ဒွေတီဏိ ဝိပဿနာစိတ္တာနိ ယံကိဉ္စိ အနိစ္စာဒိလက္ခဏမာရဗ္ဘ ပရိကမ္မော ပစာရာနုလောမနာမေန ပဝတ္တန္တိ။ ဂေါတြဘုစိတ္တံ နိဗ္ဗာနမာလမ္ဗိတွာ။**

မှတ်ရန် ။ **အထက်ပါထူးခြားမှုနှင့် သာဓကတို့ကို ထောက်ဆလျှင် တစ်ဝီထိအတွင်း ၌ပင် အာရုံချင်းကွဲပြားနိုင်သည်ဟုမှတ်ပါ။**

အနုလောမဉာဏ်နှင့် ဂေါတြဘူတို့၏ သဘ္ဘာချင်းအထူး

ပရိကံ, ဥပစာ, အနုလုံဟူသော အနုလောမဉာဏ်သည် တေဘူမကသခ်ါရတို့၏ အနိစ္စလက္ခဏာစသော လောကီကိုအာရုံပြုသောကြောင့် တပ်မက်မှုကိလေသာအမှောင်ထုကို ပယ်ခွာနိုင်သော်လည်း နိဗ္ဗာန်ကို မမြင်နိုင်ပါ။ ဂေါတြဘုသည်ကား နိဗ္ဗာန်ကို အာရုံပြုမြင်နိုင်သော်လည်း ကိလေသာအမှောင်ထုကို မပယ်ခွါ နိုင်ပါ။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ်-၅၅၊ ၅၆၊ ၅၇။**

အရိယာဖြစ်တော့မည့် ပုထုဇဉ်၏ နောက်ဆုံးစိတ်ဖြစ်ပုံ

(အနုလောမဉာဏ် အထွဋ်အထိပ်) အနုလုံအမည်ရသော ဝိပဿနာစိတ်၏နောက်၌ ဂေါတြဘုမည်သောစိတ်သည် နိဗ္ဗာန်ကိုအာရုံပြု၍ ပုထုဇဉ်အနွယ်ကို နှိပ်စက်လွှမ်းမိုးနှိမ်ချုံးကျော်လွှားသော အနေအားဖြင့် ဖြစ်ပေါ်လာပါသည်။ (ဤကားအရိယာဖြစ်တော့မည့် ပုထုဇဉ်၏ နောက်ဆုံးစိတ်ဖြစ်ပုံတည်း။)

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ်-၅၇။**

http://www.dhammadownload.com

မင်္ဂစိတ်ဖြစ်ပေါ်လာပုံ

ဂေါတြဘုစိတ်ချုပ်ပြီးသည်နှင့် တစ်ပြိုင်နက် နိဗ္ဗာန်ကိုအာရုံပြုလျက် မင်္ဂစိတ်သည် ဒုက္ခသစ္စာကို ပိုင်းခြားသိခြင်း, သမုဒယသစ္စာကို ပယ်ခွာခြင်း, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို ဖြစ်ပေါ်လာစေခြင်းဟူသော ကိစ္စ (၄) ချက်ကို တစ်ပြိုင်နက်ပြီးစေကာ ဖြစ်ပေါ်လာပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပို့ဒ် -၅၈**။

မင်္ဂကိစ္စ (၁၆) ချက်

သောတာပတ္တိမင်္ဂစိတ်သည် ဒုက္ခသစ္စာကို ပိုင်းခြားသိခြင်း၊ သမုဒယသစ္စာကို ပယ်ခွါခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကိုဖြစ်ပေါ်လာစေခြင်းဟူသော ကိစ္စ (၄) ချက်ကို တစ်ပြိုင်နက်ပြီးစေသကဲ့သို့ သကဒါဂါမိမင်္ဂ, အနာဂါမိမင်္ဂ, အရဟတ္တမင်္ဂတို့သည်လည်း ကိစ္စ (၄) ချက်စီကို အသီးသီးတစ်ပြိုင်နက်ပြီးစေသောကြောင့် မင်္ဂကိစ္စပေါင်း (၁၆)ချက်ဖြစ်ပါ သည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပို့ဒ် -၅၈**။

မင်္ဂရမ္မဏ်းသိနိုင်ပုံ

ဒုက္ခသစ္စာကို ပိုင်းခြားသိခြင်း၊ သမုဒယသစ္စာကို ပယ်ခွာနိုင်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကို ဖြစ်ပေါ်လာစေခြင်းဟူသော ကိစ္စ (၄) ချက်ကို တစ်ပြိုင်နက်ပြီးစေနိုင်စွမ်းရှိပါက မင်္ဂစိတ် ဖြစ်ပြီ, မင်္ဂရပြီဟုမှတ်ရပါမည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပို့ဒ် -၅၈**။

ပုထုဇဉ်ဘဝမှ အရိယာဘဝသို့ ကူးပြောင်းရာကာလ

ဝုဋ္ဌာနဂါမိနီ ဝိပဿနာဖြစ်ပြီးသည်၏ အခြားမဲ့၌ ဂေါတြဘုစိတ်ဖြစ်သောအခါ ပုထုဇဉ်ဘဝမှ အရိယာဘဝသို့ ကူးပြောင်းပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပို့ဒ် -၅၈**။

http://www.dhammadownload.com

ပုထုဇဉ်ဘဝမှ အရိယာဘဝသို့ ကူးပြောင်းပုံ

ဂေါတြဘုစိတ်၏ အခြားမဲ့၌ မဂ်စိတ်သည် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းစသော ကိစ္စလေးချက်ကို တစ်ပြိုင်နက်ပြီးစေလျက် အပွနာဝဇ္ဇိသို့ သက်ဝင်ရောက်ရှိခြင်းသည် ပုထုဇဉ် ဘဝမှ အရိယာဘဝသို့ ကူးပြောင်း ပုံဖြစ်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ် -၅၈**။

ပုထုဇဉ်မှ အရိယာသို့ ကူးပြောင်းပုံ (သောတပတ္တိမဂ္ဂဝီထိ) စိတ်အစဉ်

ဉာဏ်နုံ့နွေးသော မနုဗုဂ္ဂိုလ်၌ . . . ဘ. န. ဒ. မ. ပ. ဥ. နု. ဂေါ. မဂ်. ဖ. ဖ. ဘ. ဘ. ဘ. ။

ဉာဏ်ထက်မြက်သော တိက္ခပုဂ္ဂိုလ်၌ . . . ဘ. န. ဒ. မ. ဥ. နု. ဂေါ. မဂ်. ဖ. ဖ. ဖ. ဘ. ဘ. ဘ. ။

သာဓက ။**ဝီထိစာပိုဒ်-၃၅၊ ကမ္မဋ္ဌာန်းစာပိုဒ်-၅၅၊ ၅၇၊ ၅၈၊ ၅၉**။

မဂ္ဂါနန္တရ ဖိုလ်စိတ်ဖြစ်ပုံ

မဂ်စိတ်တစ်ကြိမ်ဖြစ်ပြီးနောက် မနုဗညပုဂ္ဂိုလ်ဖြစ်လျှင် ဖိုလ်ဇောနှစ်ကြိမ်ဖြစ်၍ တိက္ခပညပုဂ္ဂိုလ်ဖြစ်လျှင် ဖိုလ်ဇောသုံးကြိမ်ဖြစ်ပြီးနောက် ဘဝင်ကျပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ် -၅၉**။

ပစ္စဝေက္ခဏာဉာဏ် ဖြစ်ပေါ်လာပုံ

မဂ်ဖိုလ်ရပြီးနောက် ဘဝင်ကျ၍ ဘဝင်ပြတ်သောအခါ၌ မဂ်ဖိုလ်နိဗ္ဗာန်ကို ဆင်ခြင်ခြင်းစသော ပစ္စဝေက္ခဏာဉာဏ်များ ဖြစ်ပေါ်လာကြသည်။

သာဓက ။**ပုန ဘဝင် ဝေါဋ္ဌိန္ဒိတွာ ပစ္စဝေက္ခဏဉာဏာနိ ပဝတ္တန္တိ**။

ပစ္စဝေက္ခဏာဉာဏ်၏တရားကိုယ်

ပစ္စဝေက္ခဏာဉာဏ်အရ မဟာကုသိုလ်, မဟာကြိယာဉာဏ သမ္မယုတ်ဇော (၈) ခုနှင့် ယှဉ်သော ဉာဏ်ကိုယူရပါမည်။

http://www.dhammadownload.com

ပစ္စဝေက္ခဏာဉာဏ် (၁၉) တန်

သောတာပန်ပုဂ္ဂိုလ်၌ (၁) သောတာပတ္တိမဂ်ကို ဆင်ခြင်သောဉာဏ်၊ (၂) သောတာပတ္တိဖိုလ်ကို ဆင်ခြင်သောဉာဏ်၊ (၃) နိဗ္ဗာန်ကိုဆင်ခြင်သောဉာဏ်၊ (၄) မဂ်ဖြင့် ပယ်အပ်ပြီးသော ဟီနကိလေသာတို့ကို ဆင်ခြင်သောဉာဏ်၊ (၅) ကြွင်းကျန်သော သေသကိလေသာတို့ကို ဆင်ခြင်သောဉာဏ်အားဖြင့် ပစ္စဝေက္ခဏာဉာဏ် (၅) တန်ဖြစ်ပါသည်။ ထို့အတူ သကဒါဂါမ်ပုဂ္ဂိုလ်, အနာဂါမ်ပုဂ္ဂိုလ်တို့၌လည်း ပစ္စဝေက္ခဏာဉာဏ် (၅) တန်စီဖြစ်ကြသည်။ ရဟန္တာ၌ကား ကြွင်းကျန်သော သေသကိလေသာ မရှိ၍ ပစ္စဝေက္ခဏာဉာဏ် (၄) တန်သာဖြစ်ပါသည်။ ပေါင်းလျှင် ပစ္စဝေက္ခဏာဉာဏ် (၁၉) တန် ဖြစ်ပါသည်။

ဆောင် * မဂ်, ဖိုလ်နှင့်နိ၊ ပယ်+ကြွင်းကိ၊ ဆင်ခြင်သိတာ သော, ဒါ, နာ။
* ကြွင်းကိမပါ၊ ဆင်ခြင်တာ၊ လေးဖြာရဟန္တာ။
* ပစ္စဝေက္ခဏာဉာဏ်၊ ဆယ့်ကိုးတန်၊ ဝေဘန်ခွဲစိတ်ဖြာ။

သာဓက ။ **ကမ္မဋ္ဌာန်းစာပို၌ - ၆၀။**

ဝိပဿနာဉာဏ်နှင့် ပစ္စဝေက္ခဏာဉာဏ်တို့၏အာရုံခြင်းအထူး

ဝိပဿနာဉာဏ်၏အာရုံ (ဝိပဿနာဉာဏဘူမိ) ကား . . . တေဘူမကသင်္ခါရ တရားတို့တည်း။ ပစ္စဝေက္ခဏာဉာဏ်၏ အာရုံ (ပစ္စဝေက္ခဏာဉာဏဘူမိ) ကား . . . မဂ်, ဖိုလ်, နိဗ္ဗာန်, ပယ်အပ်ပြီးသော ဟီနကိလေသာ, ကြွင်းကျန်သော သေသကိလေသာတို့တည်း။ ဤသို့ထူး ပါသည်။

သာဓက ။ **တတော၁ပရံ (ပ) တေဘူမကသင်္ခါရေသု (ပ)သမ္မသနဉာဏေန လက္ခဏတ္တယံ သမ္မသန္တသန္နင့် ကမ္မဋ္ဌာန်းစာပို၌-၆၀ ပထမဂါထာ။**

မဟာလူသား အရိယာများ ဆောင်ရွက်သည့် လုပ်ငန်းစဉ်

သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တို့သည် မဂ်ဖိုလ် နိဗ္ဗာန်ကို၎င်း, ပယ်ပြီးသော ကိလေသာ, ကြွင်းသောကိလေသာတို့ကို၎င်း, ပစ္စဝေက္ခဏာဆင်ခြင်မှု (၅) မျိုးစီကို ပြုကြပါသည်။

ရဟန္တာသည်ကား ကြွင်းသော ကိလေသာမရှိတော့သောကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို၎င်း, ပယ်ပြီးသော ကိလေသာကို၎င်း, ပစ္စဝေက္ခဏာ ဆင်ခြင်မှု (၄) မျိုးကိုပြုပါသည်။ ဤကားမဟာ

http://www.dhammadownload.com

လူသား အရိယာများ ဆောင်ရွက်သည့်လုပ်ငန်းစဉ်ဖြစ်ပါသည်။

သာဓက ။ကမ္မဋ္ဌာန်းစာပိုဒ် -၆၀ ပထမဂါထာ။

ကိုယ့်ကိုကိုယ်အရိယာဖြစ်မှန်းသိနိုင်

အရိယာပုဂ္ဂိုလ်သည် မိမိရရှိပြီးသည့် မဂ်ဖိုလ်နိဗ္ဗာန်နှင့် ပယ်ပြီးသော ကိလေသာ, ကြွင်း သောကိလေသာတို့ကိုဖြစ်သင့်သလို ပြန်လည်ဆင်ခြင်သည်ဟုဆိုထားသောကြောင့် ကိုယ့်ကိုကိုယ် အရိယာဖြစ်မှန်း သိနိုင်ပါသည်။

သာဓက ။ကမ္မဋ္ဌာန်းစာပိုဒ် - ၆၀ ပထမဂါထာ။

ဝိနည်းကံကို မလေးစားခြင်း၏ နစ်နာမှု

ဘုရားမိန့်မှာ ဝိနည်းဒေသနာတော်ကို မလေးစားပါက ပါတိမောက္ခသံဝရ သီလပျက်စီး၍ သီလဝိသုဒ္ဓိမဖြစ်နိုင်ပါ။ ထိုသီလဝိသုဒ္ဓိလောက်မျှ မဖြစ်ခဲ့လျှင်လည်း သီလဝိသုဒ္ဓိအစ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ အဆုံးရှိသည့် ဝိသုဒ္ဓိ (၆) ပါး အစဉ်ဖြင့်သာ ဖြစ်ပွားပေါ်ပေါက်စေနိုင်သော ဉာဏဒဿနဝိသုဒ္ဓိဟူသော မဂ်တရားကိုပါ မရနိုင်သောကြောင့် သံယာတော်များ ဆောင်ရွက်ထားတော်မူကြသည့် ဝိနည်းကံကြီးကို လေးစားလိုက်နာမှုမပြုသော ရဟန်းတို့သည် မဂ်ဖိုလ်မရနိုင်သော ဆုံးရှုံးနစ်နာမှုဖြစ်သွားပါသည်။

သာဓက ။ကမ္မဋ္ဌာန်းစာပိုဒ် -၄၉ နှင့် ၆၀ ဒုတိယဂါထာ။

ဉာဏဒဿနဝိသုဒ္ဓိ၏ တရားကိုယ်

သီလဝိသုဒ္ဓိစသော ရှေ့ပိုင်းဝိသုဒ္ဓိ (၆) ပါးအစဉ်ဖြင့် အဆင့်ဆင့်တက်၍ ရအပ်သော မဂ်ဉာဏ်သည် [သစ္စာ (၄) ပါးကို တိုက်ရိုက်သိမြင်တတ်သောကြောင့်] ဉာဏဒဿနဝိသုဒ္ဓိ မည်ပါသည်။

သာဓက ။ ဆဋ္ဌိသုဒ္ဓိကမေနေဝံ၊ ဘာဝေတဗ္ဗော စတုဋ္ဌိမော။
ဉာဏဒဿနဝိသုဒ္ဓိ၊ နာမ မဂ္ဂေါ ပဝုစ္စတိ။

မှတ်ရန် ။ ပရမတ္ထ ဒီပနီဋ္ဌကား မဂ္ဂ-သဒ္ဒါဖြင့်/မဂ်ဉာဏ်ကိုသာမက မဂ်ဉာဏ် အားလျော်စွာဖြစ်သော ဖိုလ်ဉာဏ်ကိုပါယူသင့်သည်ဟု မိန့်ဆိုထား၏။

http://www.dhammadownload.com

ဝိသုဒ္ဓိ (၇) ပါးကို လောကီ, လောကုတ္တရာအခွဲ

သီလဝိသုဒ္ဓိစသော ရှေ့ပိုင်းဝိသုဒ္ဓိ (၆) ပါးသည် လောကီသာဖြစ်ပါသည်။ ဉာဏဒဿန ဝိသုဒ္ဓိသည် မဂ်ဉာဏ်ကို အရကောက်ရသော ကြောင့် လောကုတ္တရာဖြစ်ပါသည်။

သာဓက ။ **ဆဗ္ဘိသုဒ္ဓိကမနေနံ၊ ဘာဝေတဗ္ဗော စတုဗ္ဘိဓော။**
ဉာဏဒဿနဝိသုဒ္ဓိ၊ နာမ မဂ္ဂေါ ပဝုစ္စတိ။

ဝိသုဒ္ဓိ (၇) ပါးနှင့် ဉာဏ်စဉ် (၁၀) ပါးတွဲပုံ

သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိစသန်းတို့၌ တေဘူမက သင်္ခါရတရားတို့ကို အနိစ္စစသော လက္ခဏာယာဉ် (၃) ပါးသို့တင်၍ ဆင်ခြင်ရှုမှတ်မှု မပြုရသေး သောကြောင့် သမ္မသနဉာဏ်မျှပင် မဖြစ်ပေါ်သေးပါ။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ် -၄၉၊ ၅၀၊ ၅၁၊ ၅၂**။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိစခန်း၌ကား သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် ရှေ့ပိုင်း တစ်စိတ်ဖြစ်ပေါ်ပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ် - ၅၃**။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိစခန်း၌ ဥဒယဗ္ဗယဉာဏ်နောက်ပိုင်း တစ်စိတ်, ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာ ဉာဏ်ဟူသော ဉာဏ်စဉ် (၉) ပါးတို့ဖြစ်ပွားလာကြပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ် -၅၇**။

ဉာဏဒဿနဝိသုဒ္ဓိစခန်း၌ကား နိဗ္ဗာန်ကိုသာ အာရုံပြုသဖြင့် သင်္ခါရတရားတို့၌ အနိစ္စစသော လက္ခဏာယာဉ် (၃) ပါးဖြင့် ရှုမှတ် ဆင်ခြင်မှုမပြုသောကြောင့် ဝိပဿနာဉာဏ် မလိုတော့ပါ။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ် - ၅၇၊ ၆၀ ဒုတိယဂါထာ**။

ဆောင် * **သီ, စိတ်, ဒိဋ္ဌ, ကင်၊ ဤလေးအင်၊ ဉာဏ်စဉ်မဆိုင်သင့်**။

* **မဂ္ဂါမဂ္ဂ၊ စခန်းကျလျှင်၊ သမ္မသန၊ ဉာဏ်အစနှင့်၊ ဥဒယဗ္ဗယ်၊ ရှေ့ပိုင်းဉာဏ်၊ အမှန်ပါသဖြင့်**။

* **ပဋိပဒ၊ စခန်းကျသော်၊ ဥဒယလို့ဆိုင်း၊ နောက်အပိုင်းမှ၊ စ၍နုလုံ၊ တိုင်အောင်ခြုံ၊ ဉာဏ်ကုန်ကိုးပါးဆင့်**။

http://www.dhammadownload.com

ဉာဏ်စဉ် (၁၆) ပါး

ဒိဋ္ဌိဝိသုဒ္ဓိ- နာမရူပပရိဂ္ဂဟဉာဏ်, ကင်္ခါဝိတရဏဝိသုဒ္ဓိ- ပစ္စယပရိဂ္ဂဟဉာဏ်ဟူသော (ဝိပဿနာဉာဏ်၏ ပရိကံ, ဥပစာ)အခြေခံဉာဏ် ၂-ပါး၊ ဉဒယဗ္ဗယ စသော ဝိပဿနာရှုဉာဏ် (၁၀) ပါး၊ ဂေါတြဘု ဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်ဟူသော ဝိပဿနာ၏ အကျိုးဉာဏ် (၄) ပါး အားဖြင့်ဉာဏ်စဉ် (၁၆) ပါးဖြစ်ပါသည်။

မှတ်ရန် ။ **ကမ္မဋ္ဌာန်းစာပို၌-၅၁မှ ၅၉အထိ သင်္ဂဟပါဠိများ၏ အနှစ်ချုပ်ကို ထောက်ဆ၍ ဉာဏ်စဉ် (၁၆) ပါးကိုဖော်ပြခြင်းဖြစ်ပါသည်။**

သီလမစင်ကြယ်လျှင် အရိယာမဖြစ်

သီလဝိသုဒ္ဓိစသော ရှေ့ပိုင်းဝိသုဒ္ဓိ (၆) ပါးကို အစဉ်ကျကျ အားထုတ်၍ ပြည့်စုံမှသာလျှင် ဉာဏဒဿနဝိသုဒ္ဓိမည်သော မဂ်ကိုရနိုင် သောကြောင့် သီလဝိသုဒ္ဓိပုဂ္ဂိုလ်မဟုတ်လျှင် (သီလမစင်ကြယ်လျှင်) အရိယာပုဂ္ဂိုလ်မဖြစ်နိုင်ပါ။

သာဓက ။ **ကမ္မဋ္ဌာန်းစာပို၌-၆၀ ဒုတိယဂါထာ။**

ဘယဉာဏ်သည် ကြောက်လန့်မှုမဟုတ်

ကြောက်တတ်သောသဘောထားကား. . . . ဒေါသဇောသာဖြစ်ပြီး, ဝိပဿနာဘယဉာဏ်သည်ကား မဟာကုသိုလ်စိတ်၌ယှဉ်သော ဉာဏ်ပညာဖြစ်သောကြောင့် ဘယဉာဏ်နှင့် ထိုဘယဉာဏ်စဉ်ဖြစ်သော ယောဂီပုဂ္ဂိုလ်သည် (တောဘူမကသင်္ခါရတရားတို့ကို ကြောက်စရာကောင်းသည်ဟု ရှုမှတ်ဆင်ခြင်သော်လည်း) ကြောက်လန့်မှုစိတ်မျိုးမဟုတ်ပါ။ ကြောက်လန့်မှုသဘောမရှိပါ။ (သံဝေဂဉာဏ်မျိုးသာ ဖြစ်ပါသည်။)

သာဓက ။ **ဒေါသော ဂ္ဂဿာ မစ္ဆရိယံ ကုက္ကုစ္စဉ္စာတိ ဒ္ဵိသု ပဋိယသမ္ပယုတ္တစိတ္တေသုနှင့် ဒ္ဵေ တီဏိ ဝိပဿနာစိတ္တာနိ ယံကိဉ္စိ အနိစ္စာဒိလက္ခဏ မာရဗ္ဘ ပရိကမ္မော ပစာရာနုလောမနာမေန ပဝတ္တန္တိ။**

သင်္ခါရုပေက္ခာဉာဏ်သည် ရုပ်နာမ်ကို အာရုံပြု/မပြု

သင်္ခါရုပေက္ခာဉာဏ်သည် သင်္ခါရတရားတို့၌ လျစ်လျူရှုသည်ဟု ဆိုသော်လည်း ဝိပဿနာဉာဏ်ဟူသမျှ ရုပ်နာမ်ဓမ္မသင်္ခါရကိုပင် အာရုံပြုသောကြောင့် (ရုပ်နာမ်တို့၌ နှစ်ခြိုက်ခြင်းလည်းမရှိ, ကြောက်လန့်ဘွယ်ဟူ၍လည်း ဂရုမစိုက်သော သဘောမျိုးဖြင့်သာ လျစ်လျူရှုကာ)

http://www.dhammadownload.com

ရုပ်နာမ်တို့ကိုပင် အနိစ္စစသော လက္ခဏာယာဉ် (၃) ပါးသို့တင်လျက် အာရုံပြုဆင်ခြင် ရှုမှတ်မှု ရှိပါသည်။

သာဓက ။ ဒွေ တီဏိ ဝိပဿနာစိတ္တာနိ ယံကိဉ္စိ အနိစ္စာဒိလက္ခဏာမာရဗ္ဘ ပရိကမ္မော ပစာရာနုလောမနာမေန ပဝတ္တန္တိ။

ဝိသုဒ္ဓိ (၇) ပါးကို အပိုင်း (၃) ပိုင်းခွဲခြားပုံ

သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိတို့သည် ဝိပဿနာရှုမှတ်ရန် ရုပ်နာမ်ကို မပိုင်းခြားမီ အခြေခံအားဖြင့် ပြည့်စုံရမည်ဖြစ်သောကြောင့် ခြေထောက် နှင့်တူသဖြင့် **မူလဝိသုဒ္ဓိ** (၂) ပါးဖြစ်၏။

ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဝိသုဒ္ဓိတို့သည် ရုပ်နာမ်ကိုပိုင်းခြားခြင်း, ရုပ်နာမ်တို့၏ အကြောင်းကို ပိုင်းခြားခြင်း, သမ္မသနဉာဏ်စသည်ဖြင့် ရှုမှတ်ခြင်း . . . ဟူသော ဝိပဿနာရှုမှတ်ရာ၌ အမာခံပြုထိုက်သမျှ ကိစ္စအားဖြင့် ပြည့်စုံရ မည်ဖြစ်သောကြောင့် ကိုယ်ထည်နှင့်တူသဖြင့် **သရီရဝိသုဒ္ဓိ** (၄) ပါးဖြစ်၏။

ဉာဏဒဿနဝိသုဒ္ဓိသည် နိဗ္ဗာန်ကိုအာရုံပြုသည့်စိတ် အထွဋ် အထိပ်သို့ရောက်ကာ ဂေါတြဘု, မဂ်, ဖိုလ်, ပစ္စဝေက္ခဏာဉာဏ်တို့နှင့် သက်ဆိုင်သောကြောင့် ဦးခေါင်းပိုင်းနှင့်တူသဖြင့် **သီသဝိသုဒ္ဓိ** ဖြစ်၏။

မှတ်ရန် ။ ကမ္မဋ္ဌာန်းစာပိုဒ် (၄၉) မှ (၆၀) အထိ။ သင်္ဃဟပါဠိအဓိပ္ပါယ်တို့ကို မှီငြမ်းကာအနှစ်ချုပ်အားဖြင့် အပိုင်း (၃) ပိုင်းခွဲသည်ဟုမှတ်။

ဝိသုဒ္ဓိဘေဒဆိုင်ရာ ပြီးပြီ။

* * * * * * *

http://www.dhammadownload.com

ဝိမောက္ခသောဒ္ဓ မြေခင်းကွင်း

ဝိမောက္ခမုခ--ဟူသည် ဝုဋ္ဌာနဂါမိနီဝိပဿနာ၏အမည်

ဝိမောက္ခမုခ-ဟူသောအမည်သည် (မဂ်, ဖိုလ်ဟူသော ဝိမောက္ခ၏ဝင်ကြောင်းတံခါး ဖြစ်သော) ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အမည်ဖြစ်ပါသည်။

သာဓက ။ကမ္မဋ္ဌာန်းစာပို၌ -၆၄။

အနိစ္စာနုပဿနာ၏ အနိမိတ္တ ဝိမောက္ခမုခ အမည်ရခြင်းအကြောင်း

အနိစ္စာနုပဿနာဉာဏ်ဟူသော ဝုဋ္ဌာနဂါမိနီဝိပဿနာသည် (ရုပ်နာမ်တစ်ခုခုကို အနိစ္စဟုရှုလျှင် နိစ္စဟုဖောက်ပြန်စွာ ထင်မှတ်တတ်သည့် သညာ, စိတ္တ, ဒိဋ္ဌိဟူသော) ဝိပလ္လာသနိမိတ်ကို စွန့်လွှတ်နိုင်သော ကြောင့် အနိမိတ္တာနုပဿနာဝိမောက္ခမုခဖြစ်ပါသည်။

သာဓက ။ကမ္မဋ္ဌာန်းစာပို၌ -၆၂။

အနိစ္စဟု ဝိပဿနာရှုခြင်း၏ ဒိဋ္ဌဓမ္မအကျိုး

အနိစ္စဟုဝိပဿနာရှုခြင်းကြောင့် ရုပ်နာမ်ဓမ္မသခါရတို့ကို တစ်လုံးတစ်ခဲတည်း ပုံပန်း သဏ္ဌာန် အမြဲတည်နေဟန်အားဖြင့် ထင်မှားမှုကို ပယ်ခွာစွန့်လွှတ်နိုင်သည်။

သာဓက ။ကမ္မဋ္ဌာန်းစာပို၌ -၆၂။

ဒုက္ခာနုပဿနာ၏ အပ္ပဏိဟိတဝိမောက္ခမုခ အမည်ရခြင်းအကြောင်း

ဒုက္ခာနုပဿနာဉာဏ်ဟူသော ဝုဋ္ဌာနဂါမိနီဝိပဿနာသည် (ရုပ်နာမ်တစ်ခုခုကို ဒုက္ခဟုရှုလျှင် ရုပ်နာမ်သခါရ၌ တပ်မက်တောင့်တတတ်သည့်) တဏှာပဏိဓိကို စွန့်လွှတ် နိုင်သောကြောင့် အပ္ပဏိဟိတာနု ပဿနာ ဝိမောက္ခမုခဖြစ်ပါသည်။

သာဓက ။ကမ္မဋ္ဌာန်းစာပို၌ -၆၃။

http://www.dhammadownload.com

ဒုက္ခဟု ဝိပဿနာရှုခြင်း၏ ဒိဋ္ဌဓမ္မအကျိုး

ဒုက္ခဟုဝိပဿနာရှုခြင်းကြောင့် လိုချင်တပ်မက်နှစ်သက်မှု တဏှာကို စွန့်လွှတ်ပယ်ခွာနိုင်ပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ် -၆၃**။

အနတ္တာနုပဿနာ၏ သုညတဝိမောက္ခမုခ အမည်ရှိခြင်းအကြောင်း

အနတ္တာနုပဿနာညာဏ်ဟူသော ဝုဋ္ဌာနဂါမိနီဝိပဿနာသည် (ရုပ်နာမ်တစ်ခုခုကို အနတ္တဟုရှုလျှင်) အတ္တဟု စွဲလမ်းချက်ကို စွန့်လွှတ်နိုင်သောကြောင့် သုညတာနုပဿနာဝိမောက္ခမုခဖြစ်ပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ် -၆၁**။

အနတ္တဟု ဝိပဿနာရှုခြင်း၏ ဒိဋ္ဌဓမ္မအကျိုး

အနတ္တဟုဝိပဿနာရှုခြင်းကြောင့် အတ္တရှိသည် (ရုပ်နာမ်ဓမ္မ သခ်ါရတို့ကို ကိုယ့်အလိုကျ ဖြစ်စေနိုင်သည်) ဟုထင်မှတ်စွဲလမ်းမှုကို စွန့်လွှတ်ပယ်ခွာနိုင်ပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ် -၆၁**။

ဝိပဿနာနှင့်စပ်၍ မဂ်၏ဝိမောက္ခအမည် (၃) မျိုးရပုံ

ဝုဋ္ဌာနဂါမိနီဝိပဿနာသည် အနတ္တဟုရှုသဖြင့် သုညတ ဝိမောက္ခမုခအမည်ရခဲ့လျှင် မဂ်သည်လည်း သုညတဝိမောက္ခမည်၏။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ်-၆၄**။

ဝုဋ္ဌာနဂါမိနီဝိပဿနာသည် အနိစ္စဟုရှုသဖြင့် အနိမိတ္တဝိမောက္ခ မုခအမည်ရခဲ့လျှင် မဂ်သည်လည်း အနိမိတ္တဝိမောက္ခမည်၏။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ်-၆၅**။

ဝုဋ္ဌာနဂါမိနီဝိပဿနာသည် ဒုက္ခဟုရှုသဖြင့် အပ္ပဏိဟိတဝိ မောက္ခမုခအမည်ရခဲ့လျှင် မဂ်သည်လည်း အပ္ပဏိဟိတဝိမောက္ခမည်၏။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ်-၆၆**။

http://www.dhammadownload.com

မဂ်နှင့်စပ်၍ ဖိုလ်၏ ဝိမောက္ခ အမည် (၃) မျိုးရပုံ

မဂ်သည် သုညတဝိမောက္ခအမည်ရလျှင် ဖိုလ်သည်လည်း သုညတဝိမောက္ခမည်၏။
မဂ်သည် အနိမိတ္တဝိမောက္ခအမည်ရလျှင် ဖိုလ်သည်လည်း အနိမိတ္တဝိမောက္ခမည်၏။
မဂ်သည် အပ္ပဏိဟိတဝိမောက္ခ အမည်ရလျှင် ဖိုလ်သည်လည်း အပ္ပဏိဟိတ ဝိမောက္ခမည်၏။

သာဓက ။တထာ ဖလဋ္ဌ မဂ္ဂါဂမနဝသေန မဂ္ဂဝီထိယံ။

ဖလသမာပတ္တိဝီထိ၌ ဖိုလ်၏အမည် (၃) မျိုးရပုံ

ဖလသမာပတ်ဝင်စားလိုလျှင် ဝိပဿနာကို နှလုံးသွင်းရှုမှတ်ရသေးသောကြောင့် ဖိုလ်၏ရှေ့အနီးကပ် ဝိပဿနာက သုညတဝိမောက္ခ မုခဖြစ်လျှင် ဖိုလ်သည်လည်း သုညတဝိမောက္ခမည်၏။

ဝိပဿနာက အနိမိတ္တဝိမောက္ခမုခဖြစ်လျှင် ဖိုလ်သည်လည်းအနိမိတ္တဝိမောက္ခမည်၏။

ဝိပဿနာက အပ္ပဏိဟိတဝိမောက္ခမုခဖြစ်လျှင် ဖိုလ်သည်လည်း အပ္ပဏိဟိတ ဝိမောက္ခမည်၏။

သာဓက ။ဖလသမာပတ္တိဝီထိယံ (ပ) ပဝုစ္စတိ။ ကမ္မဋ္ဌာန်းစာပို၌ -၆၇။

ဝိမောက္ခအမည်ရခြင်း၏ အခြေခံအကြောင်းစွမ်းအင်အချုပ်

မဂ္ဂဝီထိ၌ ဝိပဿနာ, မဂ်, ဖိုလ် .... ဟုစိတ်အစဉ် ဖြစ်သောကြောင့် မဂ်သည် ဝိပဿနာဂမန (မဂ်၏ဖြစ်ပေါ်လာကြောင်း ဝိပဿနာ), အာရမ္မဏ (နိဗ္ဗာန်အာရုံ), သရဏ (မိမိဂုဏ်ပင်ကိုယ် သဘော) တို့၏အစွမ်းဖြင့် သုညတဝိမောက္ခစသော အမည် (၃) မျိုးကို ရပါသည်။

မဂ္ဂဝီထိ၌ဖိုလ်သည် မဂ္ဂါဂမန (ဖိုလ်၏ဖြစ်ပေါ်လာကြောင်း မဂ်), အာရမ္မဏ, သရဏ တို့၏အစွမ်းဖြင့် သုညတဝိမောက္ခစသော အမည် (၃) မျိုးကိုရပါသည်။

ဖလသမာပတ္တိဝီထိ၌ကား ဖိုလ်သည် ဝိပဿနာဂမန, အာရမ္မဏ, သရဏတို့၏ အစွမ်းဖြင့် သုညတဝိမောက္ခစသော အမည် (၃) မျိုးကို ရပါသည်။

သာဓက ။ မဂ္ဂေါ ဝိပဿနာဂမနဝသေန တီဏိ နာမာနိ လဘတိ၊ တထာ ဖလဋ္ဌ မဂ္ဂါဂမနဝသေန မဂ္ဂဝီထိယံနှင့် ကမ္မဋ္ဌာန်းစာပို၌-၆၇။

http://www.dhammadownload.com

ဖလသမာပတ္တိဝိထိဌ် ပို့လ်ကို့မင်္ဂ်၏ အစွမ်းဖြင့် အမည်မပေးခြင်းအကြောင်း

ဖလသမာပတ်ဝင်စားရာအခါ၌ မင်္ဂိစိတ်ထပ်မံဖြစ်ပေါ်လာခြင်း မရှိသည့်အတွက်မင်္ဂ သည်ဖို့လ်၏အကြောင်းမဖြစ်သင့်သောကြောင့် အရင်းခံအကြောင်းဖြစ်သော မဂ္ဂင်္ဂမနှစ်၏အစွမ်း ဖြင့် ဖို့လ်ကိုသုညတဝိမောက္ခစသော အမည်မပေးရဘဲ, ဖို့လ်ဝင်စားကာနီးရှုမှတ်ဆင်ခြင်သော (ဖို့လ်၏ဖြစ်ပေါ်လာကြောင်း) ဝိပဿနာဂမနှစ်၏ အစွမ်းဖြင့်သာလျှင် အမည်ပေးရပါသည်။

သာဓက ။ဝိထိစာပို့ဒ် -၃၅၊ ကမ္မဋ္ဌာန်းစာပို့ဒ် -၆၇။

အာရုံနှင့် စပ်၍ မင်္ဂဖို့လ်တို့၏ ဝိမောက္ခအမည်ရပုံ

မင်္ဂဖို့လ်တို့၏အာရုံဖြစ်သော နိဗ္ဗာန်သည် သုညတ, အနိမိတ္တ, အပ္ပဏိဟိတဟု အခြင်း အရာ အာကာရကိုစွဲမှတ်၍ (၃) မည်ရသော ကြောင့် မင်္ဂဖို့လ်တို့သည် နိဗ္ဗာန်အာရုံ၏ အစွမ်းဖြင့် သုညတ ဝိမောက္ခစ သော အမည် (၃) မျိုးကို တစ်ပြိုင်နက်ရနိုင်ကြသည်။

သာဓက ။ ရူပ်စာပို့ဒ်(၆၄) နှင့် အာရမ္မဏဝသေန ပန သရသဝသေန စ နာမတ္တယံ သဗ္ဗတ္ထ သဗ္ဗေသမွိ သမမေဝ စ။

မိမိကိစ္စ သရသနှင့် စပ်၍ မင်္ဂဖို့လ်တို့၏ ဝိမောက္ခအမည်ရပုံ

မင်္ဂဖို့လ်တို့သည် ရာဂစသော ကိလေသာတို့မှ ကင်းသောကြောင့် ၄င်း၊ သခ်ါရနိမိတ်မှ ကင်းသောကြောင့်၄င်း၊ ရာဂစသောတောင့်တမှု ကိလေသာတို့မှ ကင်းသောကြောင့်၄င်း၊ မင်္ဂဖို့လ်တို့သည် (မိမိဂုဏ် ပင်ကိုယ်သဘော) မိမိကိစ္စ သရသ၏အစွမ်းဖြင့် သုညတဝိမောက္ခ စသော အမည် (၃) မျိုးကို တစ်ပြိုင်နက်ရနိုင်ကြသည်။

သာဓက ။ ရူပ်စာပို့ဒ်-၆၄နှင့် အာရမ္မဏဝသေန ပန သရသဝသေန စ နာမတ္တယံ သဗ္ဗတ္ထ သဗ္ဗေသမွိ သမမေဝ စ။

မဂ္ဂဝိထိ ပို့လ်နှင့် ဖလသမာပတ္တိဝိထိ ပို့လ်တို့၏ အထူး

မဂ္ဂဝိထိ၌ပါသော ဖို့လ်သည် မဂ္ဂင်္ဂမန၏အစွမ်းဖြင့် သုညတဝိမောက္ခစသော အမည် (၃) မျိုးကိုရသည်။ ဖလသမာပတ္တဝိထိ၌ပါသောဖို့လ်ကား ဝိပဿနာဂမန၏အစွမ်းဖြင့် သုညတ ဝိမောက္ခစသော အမည် (၃) မျိုးကို ရသည်။ ဤသို့ထူး၏။

သာဓက ။တထာ ဖလဋ္ဌ မဂ္ဂင်္ဂမနဝသေန မဂ္ဂဝိထိယံနှင့်ကမ္မဋ္ဌာန်းစာပို့ဒ်-၆၇။

http://www.dhammadownload.com

ဝိပဿနာနှင့် စပ်၍ အမည်ရပုံနှင့် အာရမ္မဏ၊ သရသတို့နှင့် စပ်၍ အမည်ရပုံချင်း အထူး

ဝုဋ္ဌာနဂါမိနီဝိပဿနာကား အနိစ္စ, ဒုက္ခ, အနတ္တဟု တစ်ပြိုင်နက်မရှုနိုင်ဘဲ တစ်မျိုးစီသာ ရှုနိုင်သောကြောင့် ဝိပဿနာနှင့်စပ်၍ ဝိပဿနာဂမန၏အစွမ်းဖြင့် မဂ်ဖိုလ်တစ်မျိုးလျှင် သုညတဝိမောက္ခ စသော အမည် (၃) မျိုးတို့တွင် အမည်တစ်မျိုးစီသာရနိုင်၏။

အာရမ္မဏ၊ သရသတို့နှင့်စပ်၍ အမည်ရရာ၌ကား အမည် (၃) မျိုးလုံးကိုပင် တစ်ပြိုင်နက်ရနိုင်၏။ ဤသို့ထူးသည်။

သာဓက ။ကမ္မဋ္ဌာန်းစာပိုဒ်-၆၄၊ ၆၅၊ ၆၆၊ ၆၇။

ဝိပဿနာဂမနချင်း အထူး

မဂ္ဂေါ ဝိပဿနာဂမနဝသေန၌ပါသော ဝိပဿနာဂမနဟူသည်ကား မဂ္ဂဝီထိဆိုင်ရာဖြစ်သောကြောင့် မဂ်၏ဖြစ်ပေါ်လာကြောင်း ဖြစ်သော ဝိပဿနာတည်း။

ဖလမုပ္ပဇ္ဇမာနမ္ပိ ဝိပဿနာဂမနဝသေနေဝ၌ပါသော ဝိပဿနာဂမနဟူသည်ကား ဖလသမာပတ္တိဝီထိဆိုင်ရာဖြစ်သောကြောင့် ဖိုလ်၏ဖြစ်ပေါ်လာကြောင်းဖြစ်သော ဝိပဿနာတည်း။ ဤသို့ထူးသည်။

သာဓက ။ ကမ္မဋ္ဌာန်းစာပိုဒ်-၆၆ ၌ပါသော မဂ္ဂဝီထိယံနှင့်ကမ္မဋ္ဌာန်းစာပိုဒ်-၆၇ ၌ပါသော ဖလသမာပတ္တိဝီထိယံ။

ဉာဏ်စဉ်အလိုက် ဝိပဿနာရှုမှတ်ပုံချင်းအထူး

သမ္မသနဉာဏ်စသော ရှေးရှေးဉာဏ်စဉ်အခိုက်တို့၌ အနိစ္စဟု ၄င်း, ဒုက္ခဟု၄င်း, အနတ္တဟု၄င်း, လက္ခဏာယာဉ် (၃) ပါးလုံးကို အမျိုးမျိုး ပြောင်းလွဲအာရုံပြု၍ ဝိပဿနာရှုမှတ်ရသည်။ သခ်ါရုပေက္ခာဉာဏ်, အနုလောမဉာဏ်ဟူသော ဝုဋ္ဌာနဂါမိနီဝိပဿနာအဆင့်၌ကား အနိစ္စဟု ဖြစ်စေ, ဒုက္ခဟုဖြစ်စေ, အနတ္တဟုဖြစ်စေ, လက္ခဏာယာဉ် (၃) ပါးတို့တွင် တစ်ခုခုကိုသာ အာရုံပြု၍ ဝိပဿနာရှုမှတ်နိုင်သည်။ ဤသို့ထူး၏။

သာဓက ။ ကမ္မဋ္ဌာန်းစာပိုဒ်-၅၄၊ ၅၅၊ ၅၆၊ ၆၄၊ ၆၅၊ ၆၆။

မှတ်ရန် ။ (ဝုဋ္ဌာနဂါမိနီဝိပဿနာအဆင့် သို့ရောက်လျှင်ပညိန္ဒြေထက်သူသည် အနတ္တဟု, သဒ္ဓိန္ဒြေထက်သူသည် အနိစ္စဟု, သမာဓိန္ဒြေ ထက်သူသည်

http://www.dhammadownload.com

ဒုက္ခဟု ရှုမှတ်လျက် ရှိတတ်သည့်အတွက်) ဝုဋ္ဌာနဂါမိနီဝိပဿနာသည် အနိစ္စ, ဒုက္ခ, အနတ္တဟု (၃) ပါးလုံးကို တစ်ပြိုင်နက်မရှုနိုင်သောကြောင့် သုတ္တိုတ်ပါဠိ၌ တသ္မာယဒိ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ အနတ္တ တောဝိပဿတိ သုညတော ဝိမောက္ခောနာမ ဟောတိ မဂ္ဂေါ . . . စသည်ဖြင့် ပရိကပ္ပ ဇောတက ယဒိသဒ္ဒါ ကိုထည့်၍ဆိုထားသည်ဟုမှတ်။

ပဋိသမ္ဘိဒါမဂ္ဂ-၂၄၈၊ ၂၆၂။ ဝိသုဒ္ဓိမဂ္ဂ-ဒု-၂၉၆။

ဝီထိ, ပုဂ္ဂိုလ်အားလုံးတို့၌ တူညီသောအမည်ရမှုမျှား

(ဝိပဿနာဂမန, မဂ္ဂါဂမနတို့၏ အစွမ်းအားဖြင့် သုညတ ဝိမောက္ခစသော အမည် (၃) မျိုးကိုရမှုသည် ဝီထိအလိုက်, ပုဂ္ဂိုလ်အလိုက်တစ်မျိုးစီသာ ရထိုက်၍အမည်ရပုံချင်းထူးခြားမှုရှိသော်လည်း) အာရမ္မဏ, သရဏတို့၏အစွမ်းအားဖြင့် သုညတဝိမောက္ခစသော အမည် (၃) မျိုး ကိုရမှုသည်ကား ပုဂ္ဂိုလ်အားလုံးတို့၌ မဂ္ဂဝီထိအခိုက်၌ဖြစ်စေ, ဖလသမာပတ္တိဝီထိ အခိုက်၌ဖြစ်စေ, အမည်ရမှု ကွဲပြားထူးခြားမှုမရှိဘဲ အမည် (၃) မျိုးလုံးကို ထပ်တူညီမျှတစ်ပြိုင်နက်ပင် ရနိုင်ပါသည်။

သာဓက ။ **အာရမ္မဏဝသေန ပန သရဏဝသေန စ နာမတ္တယံ သုတ္တတ္တ သတ္ထေသမ္မိ သမမေဝ စ**။

ဝိမောက္ခဘေဒဆိုင်ရာပြီးပြီ။

* * * * * * *

http://www.dhammadownload.com

ပုဂ္ဂလဘေဒ မြင်ကွင်း

ပုဂ္ဂလဘေဒ၏ ပြဆို့မှုသဘော

အရိယာပုဂ္ဂိုလ် အမျိုးအစားအားလျော်စွာ ပယ်ရှားသော ကိလေသာနှင့် လားရောက် ရာဂတိတို့ကို ပြဆိုခြင်းသည် ပုဂ္ဂလဘေဒ၏သဘောဖြစ်ပါသည်။

သောတာပန်၏ ဂုဏ်ရည်

ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အကြွင်းမဲ့ပယ်ခြင်း, ကြွင်းကျန်သော ကိလေသာတို့၏ အပါယ် ကျစေနိုင်သော သတ္တိကိုပယ်ခြင်း, ကာမဘုံ၌ (၇) ဘဝထက်ပိုပြီး ပဋိသန္ဓေမနေတော့ခြင်းသည် သောတာပန်၏ ဂုဏ်ရည်ဖြစ်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပို၌-၆၈။**

မှတ်ရန် ။ **သာသနာတော်အတွင်း အကျင့်ကောင်းနှင့် ပြည့်စုံသော ကလျာဏပုထုဇဉ် တို့ကို သောတာပတ္တိမဂ္ဂဉာန် ပုဂ္ဂိုလ်၌ သွင်းယူအပ်သည်ဟု ပါရာဇိကဏ် အဋ္ဌကထာ ပ- ၂၀၈ ၌ ဖွင့်ဆိုထားသည်။**

ဘုံစဉ်စံ သောတာပန်ရှိနိုင်

အလွန်ဆုံး (၇) ဘဝမျှသာ ပဋိသန္ဓေနေသော (သတ္တက္ခတ္တုပရမ) သောတာပန်ဟူသည် ကာမဘုံကို ရည်ရွယ်ခြင်းသာဖြစ်၍, ဗြဟ္မာ့ဘုံတို့၌ ကား (၇) ဘဝထက်ပို၍ ပဋိသန္ဓေ နေကြသေးသောကြောင့် တာဝတိံသာနတ်ပြည်၌ တည်ရှိ၍ ရှုပ, အရူပဗြဟ္မာ့ဘုံတို့၌ ဘုံစဉ်စံဖြစ် နေကြသည့် သောတာပန်အရိယာများရှိနိုင်ပါသည်။

မှတ်ရန် ။ **ဖော်ပြပါစကားကို စဉ်းစားကြည့်လျှင် (၇) နှစ်သမီးက သောတာပန် ဖြစ်ခဲ့သော ဘုရားလက်ထက်တော်က ဝိသာခါသည် ယခုအထိပြဟ္မာ့ပြည်၌ ဘုံစဉ်စံစားနေသည်ဆိုပါက သဘာဝကျဖြစ်နိုင်သည်ဟုမှတ်။**

သောတာပန်၏ အကုသိုလ်ပယ်ပုံမျှား

သောတာပန်သည် ဒိဋ္ဌဂတသမ္ပယုတ်စိတ် (၄) ခု, ဝိစိကိစ္ဆာ သဟဂုတ်စိတ် (၁) ခု တို့ကို ကုန်စင်အောင်ပယ်ပါသည်။ ဒိဋ္ဌဂတဝိပ္ပယုတ် စိတ်(၄)ခု၊ ဒေါသမူစိတ်(၂)ပါးတို့ကိုကား

http://www.dhammadownload.com

အပါယ်သို့ရောက်စေနိုင်သည့် သတ္တိလောက်ကိုသာ (တနုကရအားဖြင့်) ပယ်ပါသည်။ ဥဒ္ဓစ္စသဟဂုတ် စိတ်ကိုကား အပါယ်ကျစေနိုင်စွမ်းမရှိသောကြောင့် လုံးဝမပယ်သေးပါ။

သာဓက ။ **ဇတ္ထာကုသလကမ္မမုဒ္ဓစ္စရဟိတံ အပါယဘူမိယံ ပဋိသန္ဓိ ဇနေတိနှင့် ကမ္မဋ္ဌာန်းစာပို၌-၆၈။**

သောတာပန်အစစ် အပါယ်ဥမဖြစ်ကြောင်း

သောတာပန်ပုဂ္ဂိုလ်အစစ်သည် (အယူမှားမှု) ဒိဋ္ဌိနှင့် (ယုံမှားမှု) ဝိစိကိစ္ဆာကို ကုန်စင်အောင်ပယ်ခြင်း, ကျန်သော အကုသိုလ်တို့၏ အပါယ်ကျစေနိုင်စွမ်းသတ္တိကို ပယ်ပြီးဖြစ်ခြင်းကြောင့် အပါယ်ရောက်ကြောင်း တရားများကို မပြုတော့ပါ။ သောတာပန်သေပြီးနောက် အပါယ် (၄) ဘုံသို့ ပဋိသန္ဓေအစွမ်းဖြင့် မရောက်နိုင်တော့ပါ။

သာဓက ။**ကမ္မဋ္ဌာန်းစာပို၌-၆၈။**

ပုထုဇဉ်နှင့် သောတာပန်တို့၏ အဝိဇ္ဇာ, တဏှာချင်း ထူးခြားမှု

ပုထုဇဉ်သည် ကိလေသာအကုသိုလ်တို့၏ အပါယ်ကျစေနိုင်စွမ်း သတ္တိကို မပယ်နိုင်သေးသောကြောင့် ပုထုဇဉ်၏ သန္တာန်၌ဖြစ်သော အဝိဇ္ဇာ, တဏှာဝဋ်မြစ်တို့သည် အပါယ်သို့ရောက်စေနိုင်စွမ်းရှိပါသည်။

သောတာပန်သည် ဒိဋ္ဌိဝိစိကိစ္ဆာမှ ကြွင်းကျန်သော ကိလေသာအကုသိုလ်တို့၏ အပါယ်ကျစေနိုင်စွမ်းသတ္တိကို ပယ်ပြီးဖြစ်ခြင်းကြောင့် သောတာပန်၏ သန္တာန်၌ဖြစ်သော အဝိဇ္ဇာ, တဏှာ ဝဋ်မြစ်တို့သည် အပါယ်သို့ရောက်စေနိုင်စွမ်းမရှိပါ။ ဤသို့ထူး၏။

သာဓက ။**ကမ္မဋ္ဌာန်းစာပို၌-၆၈။**

သောတာပန်ပယ်သော အာသဝေါနှင့် ဥပါဒါန်များ

သောတာပန်သည် (အယူမှားမှု) ဒိဋ္ဌိနှင့် (ယုံမှားမှု) ဝိစိကိစ္ဆာကို ပယ်ပြီးဖြစ်သောကြောင့် ဒိဋ္ဌိကို တရားကိုယ်ကောက်ရသည့် ဒိဋ္ဌာသဝကိုဌင်း၊ ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် တို့ကိုဌင်း ပယ်ပါသည်။

သာဓက ။ **သီလဗ္ဗတပရာမာသော ဣဒံသစ္စာဘိနိဝေသော အတ္တဝါဒုပါဒါဒါစ တထာပဝတ္တံ ဒိဋ္ဌိကတမေဝ ပဝုစ္စတိနှင့် ကမ္မဋ္ဌာန်းစာပို၌-၆၈။**

http://www.dhammadownload.com

သောတာပန်ပယ်သော အနုသယနှင့် ကိလေသာများ

သောတာပန်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာများကို ပယ်ပြီးဖြစ်သောကြောင့် ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယတို့ကိုဂင်း, ဒိဋ္ဌိကိလေသာ, ဝိစိကိစ္ဆာ ကိလေသာတို့ကိုဂင်း ပယ်ပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ် - ၆၈။**

ဝိသုဒ္ဓိ (သိက္ခာ) ဖြင့် ကိလေသာပယ်ပုံများ

သီလဝိသုဒ္ဓိ (သီလသိက္ခာ) ဖြင့် ကာယက်, ဝစီက် လွန်ကျူးမှု ဝိတိက္ကမကိလေသာတရားကိုပယ်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ်-၄၉။**

စိတ္တဝိသုဒ္ဓိ (သမာဓိသိက္ခာ) ဖြင့် သိသိသာသာထကြွလှုပ်ရှား၍ မနောက်လွန်ကျူးမှု ပရိယုဋ္ဌာနကိလေသာတရားကို ပယ်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ်-၅၀။**

ဒိဋ္ဌိဝိသုဒ္ဓိစသည့် ဝိပဿနာမဂ် (ပညာသိက္ခာ) ဖြင့် ခန္ဓာကိုယ်ကို တွယ်တာခြင်းကြောင့် မဂ်ဖြင့်မပယ်ရသေးသမျှ အကြောင်းတိုက်ဆိုင်သောအခါ အဖန်ဖန်အထပ်ထပ် ဖြစ်တတ်သော အနုသယကိလေသာဓါတ်ကိုပယ်ပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ်-၅၁ စသည်များ။**

မှတ်ရန် ။ **မဂ်က ကိလေသာကိုပယ်သည်ဟုဆိုရာ၌ ချုပ်ပြီးဖြစ်သောကြောင့် အတိတ်ကိလေသာကိုမပယ်နိုင်၊ မဖြစ်သေးသောကြောင့် အနာဂတ်ကိလေသာကိုလည်း မပယ်နိုင်၊ ကိလေသာ ဥပါဒ်ဆဲ၌ မဂ်စိတ်-မဥပါဒ်နိုင်သောကြောင့် ပစ္စုပ္ပန်ကိလေသာကိုလည်း မပယ်နိုင်၊ (ဥပါဒ်, ဌီ, ဘင် အထင်အရှား မဟုတ်သောကြောင့်) ပစ္စုပ္ပန်, အတိတ်, အနာဂတ် သုံးမျိုးလုံးမဟုတ်, ဘာမျှမရှိသည့် အဘာဝပညတ်လည်း မဟုတ်သည့် ဘူမိလဒ္ဓပ္ပန္နေ ခေါ် အနုသယကိလေသာဓာတ်ကိုသာပယ်သည်ဟုမှတ်ပါ။** (ဝိသုဒ္ဓိမဂ်-ဒု ၃၂၇၊ ၃၂၈-စသည်)

ဘူမိ - ကိလေသာ၏ဖြစ်တည်ရာ လောကီခန္ဓာငါးပါး။

ဘူမိလဒ္ဓ - လောကီခန္ဓာဟူသောဖြစ်တည်ရာကို ရနေသည့် ကိလေသာ။

http://www.dhammadownload.com

ဥပဓိ - မင်္ဂဖြင့် မပယ်ရသေးသမျှ (အကြောင်းတိုက်ဆိုင်က အကြိမ်ကြိမ်အဖန်ဖန် ဖြစ်ပေါ်လာတတ်သည့်) အနုသယဓာတ်အနေအားဖြင့် တည်ရှိခြင်း။

ဘူမိလဒ္ဓုပဓိ - လောကီဓန္ဓာဟူသော ဖြစ်တည်ရာကိုရလျက်အကြိမ်ကြိမ်အဖန်ဖန်ဖြစ်ပေါ်တတ်သော အနုသယဓာတ်။

သောတာပန် အရက်မသောက်

သောတာပန်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိုအကြွင်းမဲ့ပယ်ပြီး ကျန်သော အကုသိုလ်တို့၏ အပါယ်ရောက်စေနိုင်စွမ်းသတ္တိကိုလည်းပယ်ပြီး ဖြစ်သောကြောင့်၄င်း, ဒုစရိုက်မှ ရှောင်ကြဉ်မှု ဝိရတီသည် အရိယာတို့၏ စိတ်ဓာတ်၌ အမြဲတမ်းတပြိုင်နက် ဖြစ်သောကြောင့်၄င်း, သောတာပန်သည် သုရာမေရယဂ်ကို ကျူးလွန်မှုမပြု, အရက်မသောက်တော့ပါ။

သာဓက ။ ဝိရတိယော ပန တိဿာပိ လောကုတ္တရစိတ္တေသု သဗ္ဗထာပိ နိယတာ ဧကတောဝ လဗ္ဘန္တိ၊ စေတသိက် စာပိုဒ်-၂၉ နှင့် ကမ္မဋ္ဌာန်းစာပိုဒ် - ၆၈။

မှတ်ရန် ။ အရက်နှင့် ရေကိုရောပြီး သောတာပန်ကို တိုက်လျှင် ရေသာဝင်၍ အရက်မဝင်, (အရက်၏စွမ်းအင်ပျက်ပြယ်သည်) ဟူသော စကားသည်လည်း အထက်ပါအကြောင်းပြနှင့် သာဓကတို့ကိုထောက်ဆ၍ သဘာဝကျသည်ဟုမှတ်။

နဲ တေ ဘဝံ အဋ္ဌမကာဒိယန္တိဉ္စ် ယူရမည့်သံယာ

သောတာပန်သည် ကာမဘုံ၌ အလွန်ဆုံး (၇) ဘဝသာဖြစ် တော့သောကြောင့် - နဲ တေ ဘဝံ အဋ္ဌမကာဒိယန္တိ၊ ဣဒမိဝ သံယေ ရတနံ ပဏီတံ ဟူသော ရတနသုတ်ပါဠိ၌ ယူထိုက်သော သံဃာကား သတ္တက္ခတ္တုပရမ သောတာပန်သံဃာသာ ဖြစ်ပါသည်။

သာဓက ။ သတ္တက္ခတ္တုပရမော သောတာပန္နော နာမ ဟောတိ။

မှတ်ရန် ။ တေ - ထိုသူတော်ကောင်းတို့သည်၊ ဘဝံ-လူနတ်ကာမ (၈) ခု မြောက် ဘဝကို၊ နဲ အာဒိယန္တိ - ထပ်၍တမူမယူကြတော့ကုန်-ဟုအနက်ကိုမှတ်။

http://www.dhammadownload.com

ဒိဋ္ဌနှင့် ဝိစိကိစ္ဆာကို အကြွင်းမဲ့ပယ်ခွာနိုင်ခြင်းအကြောင်း

သောတာပန်လောင်းလျာတို့သည် ဒိဋ္ဌဝိသုဒ္ဓိ, ကင်္ခါဝိတရဏ ဝိသုဒ္ဓိအဆင့်ကပင် ဒိဋ္ဌနှင့် ဝိစိကိစ္ဆာတို့ကို တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်တို့ဖြင့် ပယ်ခွါ၍ ရုပ်နာမ်ခန္ဓာ သံသရာ၏ အကြောင်းကို ကောင်းမွန်စွာ သိခဲ့သောကြောင့် ရှေ့ပိုင်းဝိသုဒ္ဓိ (၆) ပါးကို အစဉ်အတိုင်းအား ထုတ်ပြီး နောက်ဖြစ်ပေါ်လာသည့် သောတာပတ္တိမဂ်ဇာဉ် ဒိဋ္ဌနှင့် ဝိစိကိစ္ဆာကို သမုစ္ဆေဒ ပဟာန်အားဖြင့် အကြွင်းမဲ့ပယ်ခွာနိုင်ခြင်းဖြစ်သည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပို၌-၅၁၊ ၅၂နှင့် ၆၀ ဒုတိယဂါထာ။**

သောတာပန်၌ ကျွဿာ မစ္ဆရိယ မဖြစ်နိုင်

ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်, ဒေါသမူဒွေး, ဥဒ္ဓစ္စသဟဂုတ်စိတ်များ ဖြစ်ခွင့်ရှိသေးသော်လည်း, ယင်းအကုသိုလ်၏ အပါယ်ကျစေနိုင်လောက်သော စွမ်းအားသတ္တိကို ပယ်ရှားချိုးဖျက်ပြီးဖြစ်သည့်အတွက် အကုသိုလ် အကြမ်းစားများမဖြစ်နိုင်တော့သောကြောင့်၎င်း, မနိန္ဒြေ၌ ကျွဿာမစ္ဆရိယ ပယ်ရှား အကုသိုလ်မဖြစ်ပွားအောင် စောင့်ထိန်းရမည့် ကျန္ဒြိယသံဝရသီလသည် မဂ်ဉာဏ်မဖြစ်ခင် ကြိုတင်ပြည့်စုံရမည့် သီလဝိသုဒ္ဓိတွင် ပါဝင်သောကြောင့်၎င်း, သောတာပန်ပုဂ္ဂိုလ်၏ သန္တာန်၌ မနာလို, သဝန်တိုမှု ကျွဿာ, မစ္ဆရိယများမဖြစ်နိုင်တော့ပါ။

သာဓက ။ **ဒိဋ္ဌဝိစိကိစ္ဆာပဟာနေန ပဟီနာပါယဂမနောနှင့်ကမ္မဋ္ဌာန်းစာပို၌-၆၀ ပထမဂါထာ။**

သောတာပန်မဖြစ်ခင်က မကောင်းမှုများ အပါယ်မချနိုင်ကြောင်း

သောတာပန်မဖြစ်ခင်က ပြုခဲ့မိပြီးသော မကောင်းမှုများရှိကြ သော်လည်း ထိုမကောင်းမှုများသည် အဝိဇ္ဇာနုသယ (မောဟ) ခြံရံလျက်, တဏှာနုသယ (လောဘ) လည်း အရင်းခံမူရှိမှသာ အပါယ်ပဋိသန္ဓေချနိုင်ပြီး သောတာပန်သန္တာန်၌ အဝိဇ္ဇာ, တဏှာတို့ကား အပါယ်၌ဖြစ်စေနိုင်စွမ်းသတ္တိမရှိတော့သောကြောင့် သောတာပန်မဖြစ်ခင်က ပြုခဲ့မိပြီးသော မကောင်းမှုများသည် အပါယ်သို့မချနိုင်တော့ပါ။

သာဓက ။ **အဝိဇ္ဇာနုသယပရိက္ခိတ္တေန တဏှာနုသယမူလကေန သင်္ခါရေန(ပ) ဘဝန္တရပဋိသန္ဓာနဝသေန ပဋိသန္ဓိသင်္ခါတံ မာနသံ ဥပပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေနှင့် ပဟီနာပါယဂမနော (ပ) သောတာပန္နော နာမ ဟောတိ။**

http://www.dhammadownload.com

သကဒါဂါမ်၏ ဂုဏ်ရည်

ရာဂ, ဒေါသ, မောဟတို့ကို နည်းပါးသွားအောင် ပြုခြင်းကြောင့် ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် တစ်ကြိမ်သာ လာရောက်ခြင်းတို့သည် သကဒါဂါမ်၏ဂုဏ်ရည်ဖြစ်ပါသည်။

ဆံဓက ။ကမ္မဋ္ဌာန်းစာပို့ဒ်-၆၉။

သကဒါဂါမ်ပယ်သော မောဟအမျိုးအစား

သကဒါဂါမ်အနေဖြင့် (နောက်ထပ်သီးသန့် မည်သည့်ကိလေသာကိုမျှ အကြွင်းမဲ့ မပယ်သော်လည်း) နည်းပါးအောင်ပြုမှု (တနုကရ) အားဖြင့် ပယ်သော ကိလေသာတို့ကို ပြဆိုရာ၌ ရာဂ, ဒေါသ, မောဟ့တို့ကို တွဲ၍ ဆိုထားသောကြောင့်၎င်း, ဒိဋ္ဌဂတသမ္မယုတ် (၄) ခုနှင့် ဝိစိကိစ္ဆာ သဟဂုတ် စိတ်တို့၌ယှဉ်သော မောဟကို သောတာပတ္တိမဂ်ကပင် အကြွင်းမဲ့ ပယ်ပြီး ဖြစ်သောကြောင့်၎င်း, ဥဒ္ဓစ္စသဟဂုတ်စိတ်၌ယှဉ်သောမောဟသည် အပါယ်သို့ရောက်စေနိုင်စွမ်း သတ္တိမရှိသည့်အတွက် အောက်မဂ် (၃) ခုတို့ဖြင့် လုံးဝမပယ်သေးသောကြောင့်၎င်း, သကဒါဂါမ်သည် ရာဂ, ဒေါသ တို့နှင့်တကွဖြစ်သည့် ဒိဋ္ဌဂတဝိပ္ပယုတ် (၄) ခုနှင့် ဒေါသမူဒွေးတို့၌ယှဉ်သော မောဟကိုသာ တနုကရအားဖြင့် ပယ်ပါသည်။

သာဓက ။ ကမ္မဋ္ဌာန်းစာပို့ဒ်-၆၈၊ ၆၉။

မှတ်ရန် ။ သာဓကအပြည့်အစုံဆိုလျှင် စေတသိက်စာပို့ဒ်-၂၀၊ ၂၂၊ ဝိထိမုတ်စာပို့ဒ်-၆၉၊ ကမ္မဋ္ဌာန်းစာပို့ဒ် - ၇၀ တို့ကိုထောက်ဆရမည်ဟုမှတ်။

ကာမဂုဏ်ခံစားမှုရှိသေးသော အရိယာများ

သောတာပန်, သကဒါဂါမ်တို့သည် ကာမရာဂကို မပယ်ခွာနိုင်သေးသောကြောင့် ကာမဂုဏ်ခံစားမှု ရှိသေးသောအရိယာများသာဖြစ် ပါသည်။

သာဓက ။ ကမ္မဋ္ဌာန်းစာပို့ဒ် ၆၈၊ ၆၉။

မှတ်ရန် ။ သကဒါဂါမ်သည် ရာဂကိုအကြွင်းမဲ့မပယ်နိုင်သေးသော်လည်း တနုကတရအားဖြင့် ပယ်သောကြောင့် မေထုန်ကာမဂုဏ်ကိုမခံစား၊ တစ်ခြားကာမဂုဏ်ကိုသာ နည်းနည်းပါးပါး ခံစားသည်ဟုမှတ်သင့်၏။ မေထုန်ကာမဂုဏ်ကို ခံစားသေးသည်ဟုဆိုသော မဟာသီဝထေရ်၏ အယူအဆကို မဟာအဋ္ဌ ကထာ၌ ပယ်သည်ဟု ပရမတ္ထဒီပနီ-၅၉၃၌ဆို၏။

http://www.dhammadownload.com

အနာဂါမ်၏ ဂုဏ်ရည်

ကာမရာဂနှင့် ဗျာပါဒတို့ကို အကြွင်းမဲ့ပယ်ခြင်းကြောင့် ကာမဘုံသို့ပဋိသန္ဓေအားဖြင့် မလာရောက်ခြင်းတို့သည် အနာဂါမ်၏ဂုဏ်ရည်ဖြစ်ပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ် ၇၀**။

အနာဂါမ်ပယ်သော အာသဝေါနှင့် ဥပါဒါန်စသည်များ

အနာဂါမ်သည် ကာမရာဂနှင့် ဗျာပါဒတို့ကို အကြွင်းမဲ့ပယ်ခြင်းကြောင့်၊ ကာမာသဝကိုလည်း, ဗျာပါဒဂန္ထကိုလည်း, ကာမုပါဒါန်ကိုလည်း, ကာမဋ္ဌ နွှနီဝရဏ, ဗျာပါဒနီဝရဏတို့ကိုလည်း, ကာမရာဂါနုသယ, ပဋိဃာနုသယတို့ကိုလည်း, ကာမရာဂသံယောဇဉ်, ပဋိဃသံယောဇဉ်တို့ကိုလည်း, ဒေါသကိလေသာကိုလည်း ပယ်ပါသည်။

သာဓက ။**သမုစ္စည်းစာပိုဒ်-၁၃၊ ကမ္မဋ္ဌာန်းစာပိုဒ်-၇၀**။

အနာဂါမ်ပယ်သော အကုသိုလ်စိတ်

ကာမရာဂ (ကာမဂုဏ်၌ နှစ်ခြိုက်တပ်မက်သည့် လောဘ) နှင့် ဆက်စပ်သော ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် (၄) ခု၊ ဒေါသမူဒွေးတို့ကို အနာဂါမ် ပယ်ပါသည်။

သာဓက ။**ကာမရာဂဗျာပါဒါနမနဝသေသပဟာနေန အနာဂါမီနာမဟောတိ**။

ကာမဘဝ်သို့ပဋိသန္ဓေမနေရသော ဘုံဌာန

အနာဂါမ်သည် ရူပရာဂ, အရူပရာဂကို မပယ်နိုင်သေးဘဲ ကာမရာဂကိုသာ ပယ်ခွာနိုင်သောကြောင့် အနာဂန္ဒာကာမဘဝ်သို့ပဋိသန္ဓေမနေလာသော ဘုံဌာနကား ကာမဘုံသာ ဖြစ်ပါသည်။

သာဓက ။**ကာမရာဂဗျာပါဒါနမနဝသေသပဟာနေန**။

http://www.dhammadownload.com

ရဟန္တာ၏ ဂုဏ်ရည်

အောက်မဂ်တို့က မပယ်နိုင်၍ ကြွင်းကျန်နေသည့် ကိလေသာ မှန်သမျှကို အကြွင်းမဲ့ပယ်နိုင်ခြင်း, ကိလေသာအာသဝေါကင်းရှင်းသဖြင့် လောကဥစ္ဆေတ်ဆုံးအလျှခံ ပုဂ္ဂိုလ်ဖြစ်ခြင်းတို့သည် ရဟန္တာ၏ဂုဏ်ရည် ဖြစ်ပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပို့ဒ်-၇၁**။

ရဟန္တာပယ်သော အကုသိုလ်စိတ်

ရဟန္တာသည် ရူပရာဂ, အရူပရာဂနှင့် သက်ဆိုင်သည့် ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် (၄) ခုနှင့် ဥဒ္ဓစ္စသဟဂုတ်စိတ် (၁) ခုတို့ကို အကြွင်းအကျန်မရှိအောင်ပယ်ပါသည်။

သာဓက ။**ပုဂ္ဂလဘေဒပါဠိများ**။

ရဟန္တာပယ်သော ကိလေသာ, အာသဝေါ စသည်များ

ရဟန္တာသည် အောက်မဂ်တို့ကမပယ်နိုင်၍ ကြွင်းကျန်နေသည့် ကိလေသာတို့ကို အကြွင်းမဲ့ပယ်နိုင်ခြင်းကြောင့် အောက်မဂ်တို့က မပယ်နိုင်သော ရူပရာဂ, အရူပရာဂဟူသော လောဘ, ဒိဋ္ဌဂတဝိပ္ပယုတ် ဥဒ္ဓစ္စသဟဂုတ်၌ယှဉ်သော မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ, **ကိလေသာ** တို့ကိုဌင်း, ဘဝါသဝ, အဝိဇ္ဇာသဝဟူသော **အာသဝေါ** တို့ကိုဌင်း, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, အဝိဇ္ဇာ, **နီဝရဏ** တို့ကိုဌင်း, မာန, ဘဝရာဂ, အဝိဇ္ဇာ, **အနုသယ**တို့ကိုဌင်း, သံယောဇဉ်တို့တွင် ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ, **သံယောဇဉ်** တို့ကိုဌင်း, အကြွင်းမရှိအောင် ပယ်နိုင်ပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပို့ဒ်-၇၁**။

ကာမဂုဏ်ခံစားမှု မရှိတော့သော အရိယာများ

အနာဂါမိမဂ်သည် ကာမရာဂနှင့် ပဋိယတို့ကို အကြွင်းမဲ့ပယ်ပြီး ဖြစ်သောကြောင့်ဌင်း, အရဟတ္တမဂ်သည် ကိလေသာမှန်သမျှကို အကြွင်းမဲ့ပယ်နိုင်သောကြောင့်ဌင်း, အနာဂါမ်ရဟန္တာတို့သည် အိမ်ထောင်သားမွေးခြင်းမပြု, ကာမဂုဏ် ခံစားမှုလည်းမရှိ, စိတ်ဆိုးပူပန်ညစ်နွမ်းမှုနှင့် ထိတ်လန့်ကြောက်ရွံ့မှုများလည်း မရှိတော့သော အရိယာများဖြစ်သည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပို့ဒ်-၇၀၊ ၇၁**။

ပုဂ္ဂလဘေဒဆိုင်ရာ ပြီးပြီ။

* * * * * * *

http://www.dhammadownload.com

သမာပတ်ဆောဒ မြင်ကွင်း

သမာပတ်အကြား

သမာပတ်သည် စျာနသမာပတ်, ဖလသမာပတ်, နိရောဓသမာပတ်အားဖြင့် (၃) မျိုးရှိပါသည်။

သာဓက ။ **ကမ္မဋ္ဌာန်းစာပိုဒ်-၇၂နှင့် နိရောဓသမာပတ္တိ သမာပဇ္ဇန်(ပ) မဟဂ္ဂတ သမာပတ္တိ သမာပဇ္ဇိတ္တာ၊ ကမ္မဋ္ဌာန်းစာပိုဒ်-၇၃။**

စျာနသမာပတ်ဝင်စားပုံ

မိမိရည်မှန်းသည့်ကာလတိုင်အောင် ပဌမစျာန်စသော မဟဂ္ဂုတ်စျာန်စိတ်များ အလိုရှိသလောက် များစွာဖြစ်နေစေမှုကို စျာနသမာပတ် ဝင်စားသည်ဟုခေါ်သည်။

သာဓက ။ **ဝိထိစာပိုဒ်-၃၈နှင့် နိရောဓသမာပတ္တိ သမာပဇ္ဇန်(ပ) မဟဂ္ဂတသမာပတ္တိ သမာပဇ္ဇိတ္တာ၊ ကမ္မဋ္ဌာန်းစာပိုဒ်-၇၃။**

ဖလသမာပတ်ဝင်စားပုံ

ဖလသမာပတ်ဝင်စားလိုလျှင် ဥဒယဗ္ဗယဉာဏ်စဉ်မှစ၍ နည်းလမ်းတကျ ဝိပဿနာ ပြန်ရှုပြီး၊ ဉာဏ်ရင့်ကျက်လာသောအခါ မိမိ ရည်မှန်းသည့် ကာလတိုင်အောင် အလိုရှိသလောက် သက်ဆိုင်ရာဖိုလ်စိတ်များ ဖြစ်နေစေမှုကို ဖလသမာပတ်ဝင်စားသည်ဟု ခေါ်သည်။

သာဓက ။**ဝိထိစာပိုဒ်-၃၈နှင့် ကမ္မဋ္ဌာန်းစာပိုဒ်-၆၇၊ ၇၂။**

ဖလသမာပတ်ဝင်စားနိုင်သူများ

မိမိဆိုင်ရာဖလသမာပတ်ကိုသာ ဝင်စားနိုင်သောကြောင့် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဟူသော ဖလဌာန် အရိယာပုဂ္ဂိုလ် (၄) ယောက်တို့သည်သာ ဖလသမာပတ်ကို ဝင်စားနိုင်ပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပိုဒ် -၇၂။**

http://www.dhammadownload.com

မိမိဆိုင်ရာ ဖိုလ်ကိုသာ ဝင်စားနိုင်

မိမိဆိုင်ရာဖလသမာပတ်ကိုသာ ဝင်စားနိုင်သောကြောင့် အောက်အောက်ဖလဌာန် ပုဂ္ဂိုလ်တို့သည် (အဆင့်မြင့်ဖိုလ်ကို မရသေးသောကြောင့်) အထက် အထက် ဖလသမာပတ် တို့ကိုငင်း၊ အထက် အထက် ဖလဌာန်ပုဂ္ဂိုလ်တို့သည် (အဆင့်နိမ့်ဖိုလ်က ချုပ်ပြီးဖြစ်သောကြောင့်) အောက်အောက် ဖလသမာပတ်တို့ကိုငင်း (အပိုအလိုအနေအားဖြင့်) မဝင်စားနိုင်ပါ။ သောတာပန်သည် သောတာပတ္တိဖိုလ်ကိုသာ ဝင်စားခြင်း . . . စသည်အားဖြင့် မိမိဆိုင်ရာ ဖိုလ်ကိုသာ ဝင်စားနိုင်ပါသည်။

သာဓက ။ကမ္မဋ္ဌာန်းစာပို၌-၇၂။

သဗ္ဗေသမ္မိ-အရ

ပုထုဇဉ်တို့သည် ဖိုလ်ကိုမရ၍ ဖလသမာပတ်ကို မဝင်စားနိုင် သောကြောင့်ငင်း၊ မဂ္ဂဋ္ဌာန် အရိယာပုဂ္ဂိုလ် (၄) ယောက်တို့သည် ဥပါဒ်, ဋ္ဌိ, ဘင်ဟူသော ခဏငယ် (၃) ချက် စိတ္တက္ခဏ (၁) ချက်မျှသာ ဖြစ်တည်မှုကြာ၍ ဖလသမာပတ်ကို မဝင်စားနိုင်သောကြောင့် ငင်း၊ သဗ္ဗေသမ္မိဟု သာမညဆိုသော်လည်း မိမိဆိုင်ရာဖိုလ်ကိုသာ ဝင်စားရသော ဖလသမာပတ္တိ ဝီထိဆိုင်ရာ၌ပါသည့် သဗ္ဗေသမ္မိအရ ဖလဌာန်အရိယာပုဂ္ဂိုလ် (၄) ယောက်တို့ကိုသာ (သာဝသေသ သဗ္ဗအနေအားဖြင့်) ယူရပါမည်။

နိရောဓသမာပတ်ကို ဝင်စားနိုင်သူ

ဈာန်သမာပတ် (၈) ပါးကိုရပြီးသည့် ကာမဘုံ, ရူပဘုံ၌ရှိသော အနာဂါမ်, ရဟန္တာ များသာ နိရောဓသမာပတ်ကို ဝင်စားနိုင်ပါသည်။

သာဓက ။ **နိရောဓသမာပတ္တိသမာပဇ္ဇနံ ပန အနာဂါမိနဉ္စေဝ အရဟန္တာနဉ္စ လဗ္ဘတိ။**

မှတ်ရန် ။ **စတုက္ကနည်းအားဖြင့် ရူပဈာန်-၄ပါး၊ အရူပဈာန်-၄ပါးအားဖြင့် (၈) ပါးသောဈာန်တို့ကို ဈာန်သမာပတ်ဟုခေါ်သည်။**

အနာဂါမ်, ရဟန္တာတို့သာ ဝင်စားနိုင်ခြင်းအကြောင်း

အနာဂါမ်, ရဟန္တာတို့သည်သာ သမာဓိ၏ဘေးရန်ဖြစ်သော ကာမရာဂ, ကိလေသာ တို့ကို အကြွင်းမဲ့ပယ်ပြီးဖြစ်သောကြောင့် (သမာဓိ အားကောင်းသော ဈာန်ရသူသာ ဝင်စား

http://www.dhammadownload.com

နိုင်သည့်) နိရောဓသမာပတ်ကို အနာဂါမ်, ရဟန္တာတို့သာ ဝင်စားနိုင်ခြင်းဖြစ်သည်။
သာဓက ။ကမ္မဋ္ဌာန်းစာပိုဒ်-၃၁၊ ၃၂၊ ၃၀၊ ၇၁၊ ၇၃။

စျာန်သမာပတ်ရ အနာဂါမ်, ရဟန္တာသာ ဝင်စားနိုင်ခြင်းအကြောင်း

နိရောဓသမာပတ် ဝင်စားမည်ဆိုလျှင် ဦးစွာကြိုတင်၍ ပထမစျာန်စသော မဟဂ္ဂုတ် စျာန်သမာပတ်ကို အစဉ်အတိုင်းဝင်စားရသောကြောင့် စျာန်သမာပတ်ကို ရပြီးသော အနာဂါမ်, ရဟန္တာတို့သာ နိရောဓသမာပတ်ကို ဝင်စားနိုင်ခြင်းဖြစ်သည်။
သာဓက ။ တတ္ထ ယထာက္ကမံ ပဌမာဒ္ဈာနာဒိမဟဂ္ဂတသမာပတ္တိ သမာပဇ္ဇိတွာ (ပ) နိရောဓသမာပန္နောနာမ ဟောတိ။

နိရောဓသမာပတ်၏ အဓိပ္ပါယ်

စိတ်, စေတသိက်, စိတ္တဇရုပ်များမဖြစ်ဘဲ (ဘုံအားလျော်စွာ ပိုင်းခြားထားသည့်အတိုင်း) ချုပ်ငြိမ်းခြင်းသို့ ရောက်နေမှုကို နိရောဓသမာပတ်ဝင်စားသည်ဟု ခေါ်ပါသည်။
သာဓက ။ တဿ ဒ္ဝိန္နံ အပွနာဇဝနာနံ ပရတော ဝေါစ္ဆိဇ္ဇတိ စိတ္တသန္ထတိ၊ တတော နိရောဓသမာပန္နော နာမ ဟောတိ ။

နိရောဓသမာပတ်သည် အဘာဝပညတ်

နိရောဓသမာပတ်ဟူသည် စိတ်, စေတသိက်, စိတ္တဇရုပ်များ အခိုက်အတန့်ချုပ်ပျောက်ခြင်းသာဖြစ်သောကြောင့် လောကီ, လောကုတ္တရာ ပရမတ္ထတရား (၂) မျိုးလုံးမဟုတ်။ အဘာဝပညတ်မျှသာဖြစ်ပါသည်။

နိရောဓ သမာပတ်ဝင်စားနေစဉ် မသေနိုင်

နိရောဓသမာပတ်ဝင်စားနေစဉ် စိတ်, စေတသိက်, စိတ္တဇရုပ်ဖြစ်မှု ပြတ်စဲနေသဖြင့် စုတိစိတ်မဖြစ်နိုင်သောကြောင့် မသေနိုင်ပါ။
သာဓက ။ တဿ ဒ္ဝိန္နံ အပွနာဇဝနာနံ ပရတော ဝေါစ္ဆိဇ္ဇတိ စိတ္တသန္ထတိ၊ တတော နိရောဓသမာပန္နော နာမ ဟောတိ။

http://www.dhammadownload.com

နိဗ္ဗာဝေသမာပတ် ဝင်စားပုံအစီအစဉ်

နိဗ္ဗာဝသမာပတ် ဝင်စားလိုသူသည် ပဌမစျာန်စသော မဟဂ္ဂုတ်သမာပတ်ကို အာကိဉ္စညာယတနစျာန်တိုင်အောင် အစဉ်အတိုင်းဝင်စားရသည်။ ယင်းဝင်စားသည့်စျာန်မှ ထတိုင်း ထတိုင်းစျာန်၌ပါသော သခါရတရားတို့ကို ဝိပဿနာရှုပြီး၊ ဆိုင်ရာစျာန်ကို ဆက်လက်ဝင်စားရပြန်သည်။ အာကိဉ္စညာယတနစျာန်မှထပြီးသောအခါ အဓိဋ္ဌာန်ခြင်းစသော ပုဗ္ဗကိစ္စ (၄) ပါးကိုပြုပြီးလျှင် နေဝသညာနာသညာယတန စျာန်ဇော (၂) ကြိမ်ဖြစ်၍ စိတ်, စေတသိက်, စိတ္တဇရုပ်တို့၏ ချုပ်ငြိမ်းမှု နိဗ္ဗာဝသို့ရောက်သွားမှုသည် နိဗ္ဗာဝသမာပတ် ဝင်စားသည်မည်၏။

သာဓက ။ကမ္မဋ္ဌာန်းစာပို၌-၇၃။

ပုထုဇဉ်နှင့် သောတာပန်, သကဒါဂါမ်တို့ မဝင်စားနိုင်ခြင်းအကြောင်း

ပုထုဇဉ်တို့သည် မည်သည့်မဂ်ကိုမျှ မရဘူးသောကြောင့်၄င်း၊ သောတာပန် သကဒါဂါမ်တို့သည် ကာမရာဂကို မပယ်နိုင်သေးသည့်အတွက် သမာဓိအားနည်းသောကြောင့်၄င်း၊ (သမာဓိအားကောင်းသည့် စျာန်ရအရိယာများသာ ဝင်စားနိုင်သည့်) နိဗ္ဗာဝသမာပတ်ကို မဝင်စားနိုင်ပါ။

သာဓက ။ကမ္မဋ္ဌာန်းစာပို၌-၃၁၊ ၃၂၊ ၆၈၊ ၆၉၊ ၇၃။

အရူပဗြဟ္မာများ မဝင်စားနိုင်ခြင်းအကြောင်း

နိဗ္ဗာဝသမာပတ် ဝင်စားမည်ဆိုလျှင် ဦးစွာကြိုတင်၍ ပထမစျာန်စသော မဟဂ္ဂုတ်စျာန်သမာပတ်ကို အစဉ်အတိုင်းဝင်စား ရမည်ဖြစ်သဖြင့် အရူပဗြဟ္မာအနာဂါမ်ရဟန္တာတို့သည် အစဉ် အတိုင်းဝင်စားရန် ပဌမစျာန်စသည့် ရူပစျာန်များမရှိသောကြောင့် နိဗ္ဗာဝသမာပတ်ကို မဝင်စားနိုင်ပါ။

သာဓက ။ တတ္ထ ယထာက္ကမံ ပဌမဇ္ဈာနာဒိမဟဂ္ဂတသမာပတ္တိ သမာပဇ္ဇိတွာ (ပ) နိဗ္ဗာဝသမာပန္နောနာမ ဟောတိနှင့် အာရုပ္ပဋ္ဌာပိ ပဋ္ဌမေ။

နိဗ္ဗာဝသမာပတ် ဝင်စားခါးနီး နောက်ဆုံးဖြစ်စိတ်

နိဗ္ဗာဝသမာပတ်ဝင်စားခါနီး၌ အနာဂါမ်အား နေဝသညာနာသညာယတန ကုသိုလ်

http://www.dhammadownload.com

အပွနာဇောစိတ်, ရဟန္တာအား နေဝသညာနာသညာယတန ကြိယာအပွနာဇောစိတ် နောက်ဆုံးဖြစ်ခဲ့ပါသည်။

သာဓက ။ **နေဝသညာနာသညာယတနံ သမာပဇ္ဇတိ၊ တဿ ဒွိန္နံ အပွနာဇဝနာနံ ပရတော ဝေါစ္ဆိဇ္ဇတိ စိတ္တသန္တတိ၊ တတော နိရောဓသမာ ပန္နော နာမ ဟောတိနှင့် ဝိထိစာပိဒ်-၄၃၊ ၄၄။**

နိရောဓသမာပတ်မှ ထသောအခါ စိတ်ဖြစ်ပုံ

နိရောဓသမာပတ်မှထသောအခါ အနာဂါမ်အား အနာဂါမိဖိုလ်ဇောသည်၄င်း, ရဟန္တာအား အရဟတ္တဖိုလ်ဇောသည်၄င်း (၁) ကြိမ်ဖြစ်၍ ဘဝင်ကျပါသည်။ ဘဝင်ကျပြီးနောက်၌ မိမိဖိုလ်ကိုပြန်၍ ဆင်ခြင်သည့် ပစ္စဝေက္ခဏာ ဝီထိစိတ်ဖြစ်ပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပိဒ်-၇၄**။

နိရောဓသမာပတ်မှ ထသောအခါ ဦးစွာဖြစ်သော စိတ်

နိရောဓသမာပတ်မှထသောအခါ အနာဂါမ်အား အနာဂါမိဖိုလ်ဇောစိတ်, ရဟန္တာအား အရဟတ္တဖိုလ်ဇောစိတ်တို့ဦးစွာ ဖြစ်ပေါ်လာပါသည်။

သာဓက ။ **ဝုဋ္ဌာနကာလေ ပန အနာဂါမိနော အနာဂါမိဖလစိတ္တံ အရဟတော အရဟတ္တဖလစိတ္တံ ဧကဝါရမေဝ ပဝတ္တိတ္ထ။**

သေသူနှင့် နိရောဓသမာပတ် ဝင်စားသူအထူး

သေသူ၏သန္တာန်၌ ဥတုဇရုပ်များသာ ကြွင်းကျန်ရစ်ပြီး, ကမ္မဇစသော ကျန်ရုပ် (၃) မျိုးတို့မဖြစ်တော့ပါ။ နိရောဓသမာပတ်ဝင်စားသူ၏ သန္တာန်၌ကား ကမ္မဇ, ဥတုဇ, အာဟာရဇဟူသော ရုပ် (၃) မျိုးသာဖြစ်ပြီး စိတ္တဇရုပ်များ (ပိုင်းခြားကာလအခိုက်အတန့်မျှ) မဖြစ်ပါ။

သာဓက ။ **ရူပ်စာပိဒ်-၅၆ နှင့် တဿ ဒွိန္နံအပွနာဇဝနာနံ ပရတော ဝေါစ္ဆိဇ္ဇတိ စိတ္တသန္တတိ၊ တတော နိရောဓသမာပန္နော နာမ ဟောတိ။**

http://www.dhammadownload.com

ဖလသမာပတ်နှင့် နိရောဓသမာပတ်အထူး

ဖလသမာပတ်သည် ဖိုလ်စိတ်အစဉ် လိုချင်သလောက် အဆက်မပြတ် ဖြစ်ပေါ်နေခြင်း မျိုးဖြစ်ပြီး, ဖလဌာန်ပုဂ္ဂိုလ် (၄) ယောက်လုံး မိမိတို့ ဆိုင်ရာ ဖိုလ်ကိုဝင်စားနိုင်သည်။

နိရောဓသမာပတ်သည်ကား စိတ်, စေတသိက်, စိတ္တဇရုပ်များ (ပိုင်းခြားကာလ အခိုက်အတန့်မျှ) မဖြစ်ပဲ, စိတ်အစဉ်ပြတ်စဲနေပြီး, ဈာန်ရ အနာဂါမိဖလဌာန် အရဟတ္တဖလဌာန် ပုဂ္ဂိုလ် (၂) ယောက်တို့သာ ဝင်စားနိုင်သည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပို၌-၆၇၊ ၇၂၊ ၇၃**။

ဈာန (ဖလ) သမာပတ်မှ ထခြင်းအဓိပ္ပါယ်

မိမိပိုင်းခြားရည်မှန်းထားသည့် အချိန်ကာလပြည့်သောအခါ ဈာန် (ဖိုလ်) စိတ်အစဉ်ရပ်၍ ဘဝင်စိတ်ဖြစ်ပေါ်လာခြင်းကို ဈာန(ဖလ)သမာပတ်မှ ထခြင်းဟု ခေါ်သည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပို၌-၇၄ ကိုမှီး**။

မရှုမပွား အငြိမ်းထားဝါဒသည် အမှား

တေဘူမကသခ်ါရတရားတို့၌ အနိစ္စ, ဒုက္ခ, အနတ္တဟု သုံးသပ်ဆင်ခြင်ရှုမှတ်ပွားများမှသာလျှင် ဝိပဿနာဉာဏ်စဉ်များဖြစ်ပွား နိုင်သောကြောင့်၄င်း၊ ဈာန်, မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသော ပဋိပတ်၏အရသာ များကို ရရှိလိုပါက ဘာဝနာတရားကို ရှုမှတ်ပွားများရမည်ဟု တိုက်တွန်းမှုပြုထားသောကြောင့်၄င်း၊ မရှုမပွားအငြိမ်းထားဟူသော ဝါဒသည် ဈာန်, မဂ်, ဖိုလ်, နိဗ္ဗာန်ရရန် ဝါဒမှန်မဟုတ်ပါ။ (စိတ် စိတ်အတိုင်းထားလျှင် တရားထူးမရနိုင်ပါ။)

သာဓက ။**ကမ္မဋ္ဌာန်းစာပို၌-၅၅၊ ၇၅**။

ပဋိပတ်၏အရသာ

သမထဘာဝနာ အားထုတ်မှု၏အကျိုးအာနိသင် ပဋိပတ်အရသာကား သမာဓိရမ္မဏ်မှ မဟဂ္ဂုတ်, ဈာန်, အဘိညာဉ်, ချမ်းသာတို့ဖြစ်ပါ သည်။

သာဓက ။**ကမ္မဋ္ဌာန်း ဘာဝနာဘေဒပါဠိများနှင့် စာပို၌-၄၁**။

ဝိပဿနာဘာဝနာအားထုတ်မှု၏ အကျိုးအာနိသင် ပဋိပတ် အရသာကား မဂ်, ဖိုလ်, နိဗ္ဗာန်, ချမ်းသာများဖြစ်ပါသည်။

သာဓက ။**ကမ္မဋ္ဌာန်းစာပို၌-၅၅၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀**။

သမာပတ္တိဘေဒဆိုင်ရာ ပြီးပြီ။

ကမ္မဋ္ဌာန်းပိုင်းဆိုင်ရာ မြင်ကွင်း ပြီးပြီ။

* * * * * * *

http://www.dhammadownload.com

သဂြိုဟ်သမိုင်း မြင်ကွင်း

အဘိယာစကပုဂ္ဂိုလ်

အဘိဓမ္မာအနှံစ်ချုပ် သဂြိုဟ်ကျမ်းပြုရန် တောင်းပန်သူကား ဆွေမျိုးဂုဏ်, အကျင့်စာရိတ္တဂုဏ်နှင့်ပြည့်စုံပြီး သဒ္ဓါတရားအလွန်ကြီးမားသော မောင်နမ္မ (မောင်မြတ်ပြည့်) အမည်ရှိသည့် ဒါယကာဖြစ်သည်။

တောင်းပန်ခြင်းအကြောင်း

အဘိဓမ္မာအရာ၌ အခက်အခဲကြုံနေကြသည့် ရဟန်းရှင်လူတို့အတွက် လွယ်ကူစွာသိစေလိုသောကြောင့် အဘိဓမ္မာအနှစ်ချုပ် သဂြိုဟ်ကျမ်းပြုရန် တောင်းပန်ခဲ့သည်။

ကျမ်းပြုဌာနနှင့် ဂန္ထကာရကာ

သီဟိုဠ်ကျွန်း အနုရာဓမြို့တော်တွင် ထင်ရှားကျော်ကြားသော မူလသောမကျောင်းတိုက်ကြီး၌ အနုရုဒ္ဓါမထေရ်မြတ်က အဘိဓမ္မာအနှစ်ချုပ် သဂြိုဟ်ကျမ်းကို စီရင်ရေးသားတော်မူခဲ့သည်။

ကျမ်းပြုသူ၏ အာသီသပတ္ထနာ

"အဘိဓမ္မာအနှစ်ချုပ် သဂြိုဟ်ကျမ်းပြုဌာန မူလသောမကျောင်းတိုက်ကြီးကို နှစ်ပေါင်းများစွာ တင့်တင့်တယ်တယ် စည်ကားတိုးတက်အောင် ပညာတတ်သူတော်ကောင်းအစဉ်အဆက်များက အမှတ်တရ စောင်ရှောက်ကြပါစေသတည်း"ဟု ကျမ်းပြုပုဂ္ဂိုလ် အနုရုဒ္ဓါမထေရ်မြတ်က အာသီသပတ္ထနာပြုခဲ့ပါသည်။

သာဓက ။ နိဂုံးဂါထာများနှင့် နိဂုံးစုဏ္ဏိယ။

အဘိဓမ္မာမြင်ကွင်း အလုံးစုံ ပြီးပြီ။

http://www.dhammadownload.com

ဖြင့်ဆင်ချက်

မျက်နှာ	ကြောင်းရေ	စာမှား/စာကျန်	စာမှန်
၂	၁၀	ပမာဏ	ပဏာမ
၃	၁၁	ကြိယာတိပွန္	ကြိယာတိပန္
၁၈	၂၁	လောဘမူစိတ်, ဒေါသမူစိတ်	လောဘမူစိတ်, မောဟမူစိတ်
၁၁၆	၃	လေးဖြာနှစ်ပါး	လေးဖြစ်နှစ်ပါး
၁၇၆	၁၇	စိတ္တက္ခဏ (၂)ချက်လွန် မဟန္တာရုံဖြစ်ခြင်း	မဟန္တာရုံဖြစ်ခြင်း
၁၈၁	၁၂	(မင်, ဖိုလ်, နိဗ္ဗာန်)	ဈာန (မင်, ဖိုလ်, နိဗ္ဗာန်)
၁၈၁	၁၅	မှတ်ရန်။ ။ ကြွင်းကိလေသာ	မှတ်ရန်။ ။ မင်, ဖိုလ်, နိဗ္ဗာန် ဆိုင်ရာ၌ ဇော (၇)ကြိမ် စောရမည်။ ကြွင်းကိလေသာ
၁၉၂	၁၂	တိဟိတ်ပုဂ္ဂိုလ်	တိဟိတ်ပုထုဇဉ်၏
၂၄၁	၁	တူညီသောအကျိုးဝိပါကိကိုသာ ပေး၏	တူညီသောအကျိုးဝိပါက်ကိုသာ ဖြစ်သင့်သည် အားလျော်စွာ ပေး၏
၂၄၁	၃	စိတ်ဈာပိုဒ်-၃၄၊ ဝီထိစာပိုဒ်-၈၈	စိတ်စာပိုဒ်-၃၄၊ ဝီထိစာပိုဒ်- ၃၅ ဝီထိမုတ်စာပိုဒ်-၈၈
၂၄၈	၁၃	ထင်လာသောဇာဂရဏ ဖြစ်သောကြောင့်	ထင်လာသောအာရုံဖြစ်သောကြောင့် ၎င်း, မရဏာသန္နဇော်သည် ပန္နဗ္ဗဝတ္ထိဖြစ်၍ (၅)ကြိမ်မျှသာစောသဖြင့် သတ္တမဇော်ဆိုင်ရာ ဥပပဇ္ဇ'ဝေဒနီယကံမမြောက်သောကြောင့် ၎င်း
၂၄၈	၁၅	အနန္တရ မုပ္ပဇ္ဇမာနဘဝေ (ပ)	ဝီထိစာပိုဒ်-၃၂နှင့် အနန္တရ မုပ္ပဇ္ဇမာနဘဝေ (ပ)
၂၄၉	၂၆	(မှတ်ရန်ကျန်)	မှတ်ရန်။ ။ မနောဒွါရ မရဏာသန္နဝီထိပုံစံကား ပဋ္ဌာန်းရှိ ဆိုင်ရာ၏ အတိတဘဝင်ကိုဖြုတ်၍ (ပ. စ. သံ. ဏ. ဝ)တို့ကို မနောဒွါရာဝဇ္ဇန်းနှင့် လဲလှယ်ထုံသာ ထုံးသည်ဟုမှတ်။
၂၁၅	၉	ဤကား အမှုပဋ္ဌာဟများ	ဤကား ပုထုဇဉ် အရှုပဋ္ဌာဟများ
၂၁၅	၂၁	ဤကား ရှုပဋ္ဌာဟများ	ဤကား ပုထုဇဉ်ရှုပဋ္ဌာဟများ
၂၅၆	၃	ဤကား ကာမဘိဟိတ်ပုဂ္ဂိုလ်များ	ဤကား ပုထုဇဉ် ကာမဘိဟိတ်ပုဂ္ဂိုလ်များ
၂၈၁	၁၀	အဝိနိဗ္ဘောဂရုပ်	သဒ္ဒရုပ်၊ လဟုတာဒိတ္တယရုပ် (၃)ခု အဝိနိဗ္ဘောဂရုပ်
၂၈၁	၁၁	(၉)ပါးသော	(၁၃)ပါးသော
၂၈၁	၁၂	ရုပ်စာပိုဒ် ၃၈-၄၁	ရုပ်စာပိုဒ် ၃၈-၃၉-၄၀-၄၁
၂၉၃	၁၀	သုဒ္ဓဋ္ဌကာ၊ ကလာပ်ပ္ပာ၊ ကာယာဝိညတ်ပြု	သုဒ္ဓဋ္ဌကာ၊ ကလာပ်ပ္ပာ၊ ကာယာ, လဟု ခဲ့ထည်ပြု